www.burmeseclassic.com

# ဓနုတိုင်းရင်းသားမဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက

# ဘဒ္ဒန္တတေဇနိယ ကုံလုံကျောင်းဆရာတော်



BURMESE CLASSIC .com

## ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ ကုံလုံကျောင်းဆရာတော်ဘုရားကြီး၏

# ဩဝါဒကထာ

လေးဆူဓါတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရိပ်ကိုခိုလှုံလျှက် ရန်ကုန်မြို့တွင် "မေနတိုင်းရင်းသားမွှာရုံ" ကို ရဟန်းရှင်လူ ဒါယကာ၊ ဒါယိကာမ အပေါင်းက စုပေါင်း၍ အများကောင်းမှု ဆောက်လုပ်လှူဒါန်းခြင်းသည် ထူးမြတ်သော ကုသိုလ်ကောင်းမှု ဖြစ်ပေသည်။ ကုသိုလ်ကောင်းမှု ပြုလုပ်ရာတွင် မကောင်းမှု အကုသိုလ် အလျဉ်းမပါဝင်ဘဲ ကောင်းမှုကုသိုလ်သက်သက်ကိုသာ ရရှိအောင် အစွမ်းကုန်ကြိုးစား၍ ကြိုးပမ်းဆောင်ရွက်ကြရန် လိုပေသည်။ ဖြစ်ထွန်းပေါ်ပေါက်လာသော မေနတိုင်းရင်းသား မွှာရုံကို အခြေပြု၍ အမျိုးဘာသာ သာသနာနှင့် နိုင်ငံအကျိုးကို တစိုက်မတ်မတ်ဆောင်ရွက်ကြရန်နှင့် အရှည်သဖြင့် တည်တံ့နိုင်မြဲအောင် ပြုပြင်စောင့်ရှောက်ထိန်းသိမ်းရန် လိုအပ်ပေသည်။

ဘဒ္ဒန္တ တေဇနိယ<br>
နိုင်ငံတော်ဩဝါဒစရိယ<br>
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်

(ဓနုတိုင်းရင်းသား)

www.burmeseclassic.com

www.burmeseclassic.com

**အဖွင့်ကဗျာ**

မောင်လင်းယုန်(ရှမ်းပြည်)၊ ဝေးနေ၊ တောင်တွင်းမောင်သင်းကျော်၊ ကျော်ဝင်းမောင်(ကျောက်မဲ)၊ မောင်သန်းကို(သလ္လာမြေ)၊ မနွယ်(ကလော)၊ ဓနုမင်း(ဘော်ဆိုင်း)၊ ရွှေတိုင်လွင်

**ရသကဗျာ**

အရှင်ပညောဘာသ(နောင်ချို)၊ ဘဝလှေငယ်၊
သဲစုစံ(ပြည်တက္ကသိုလ်)၊
မောင်ချိုးဖြူ(သီပေါ)၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊
ရွှေယဉ်နု၊ မင်းနိုင်လေး(လမ်းမတော်)၊ အင်တောဦးဖင်း၊
မောင်နွယ်မင်း(မုပ္ပလင်)၊ ဖြိုးသီတာ၊ ဝေမိုးလွင်(ကျောက်မဲ)၊
လွင်အုံး(ကောင်းဘို)၊ နေမျိုး(ကောင်းဘို)

**ကာတွန်း**

မောင်မောင်ညွှက်၊ အောင်အောင်ထွေး၊ မောင်တင်ယု၊ သူရိန်၊
ပေါက်ကျိုင်း၊ အောင်သန်း၊ ချွန်တွန်း(ဟသ်ာတ)၊
မှုံ့အိန်ဂျယ်၊ ပီများဥ

BURMESE CLASSIC

**ဂုဏ်ထူးဆောင်ဆရာတော်များ**


| | |
|---|---|
| ဓနုဆရာတော် | ၂၉ |
| မိုးမိတ်ဆရာတော် | ၃၅ |
| ညောင်ရွှေသာသနာ့အာဇာနည် | ၄၁ |
| ညောင်ရွှေဆရာတော် | ၄၇ |


**ဒေသဆောင်းပါး**


**အောင်ကြည်ညွန့်**
တောင်ရိုးဓနုကျေးလက်ကဗျာ ၆၄
**မကြွယ်ကြွယ်**
မြန်မာနှင့်ဓနု ၆၆
**အေးချမ်းအိမ်**
ဓနုတိုင်းရင်းသားတို့၏ သဒ္ဒါတရား ၆၉
**ခင်ရှင်စော**
ဓနုတို့နွဲပျော် တာတက်ပွဲတော် ၇၂
**မောင်မြတ်မွန်(ဆူးလေ)**
ဓနုတို့ဒေသ အဆင်းလှသည့်ပင်းတယသို့
တစ်ခေါက်ရောက်ခဲ့ရာဝယ် ၇၅
**မေလတ်ဟန်**
ဓနုမြေမှငယ်ဘဝ ၁၁၄
**ချိုမြနွယ်**
ဓနုသွေးနှောသူပါ ၁၁၈
**စိုးညွန့်**
ကျွန်တော်နှင့်တောင်ကြီးအသင်း(ရန်ကုန်) ၁၃၈
**မြင့်မြင့်ထွေး(ရွာင်)**
ဓနုအိုးစယ်နှင့်ဓနုမော် ၁၄၂
**ဂျိုကာ(ပကုံရ)**
တပေါင်းပွဲကို လှည်းနဲ့ဆို ၁၄၄
**မြမဉ္ဇူဝေ(ကျုံမငေး)**
ဓနုတိုင်းရင်းသားများအတွက်
ဂုဏ်တက်စရာဖြစ်ခဲ့ရသော
သဘာဝကပေးသည့်ရှေးဟောင်းအမွေအနှစ်များ ၁၉၉
**ဒေါက်တာမိုးမြင့်ထူး**
စင်တင်စုံတွဲရိုးရာအကဖြစ်ပေါ်လာပုံနှင့်
ဓနုတို့၏ ပထမဆုံးသောဝတ်စုံ ၂၀၈
**သက်နိုင်(ပြင်ဦးလွင်)**
ကျွန်တော်သိသော ဓနုတိုင်းရင်းသားများ ၂၁၂
**ပန်းမြိုင်လယ်မိန်းဝင်း**
ချစ်ရေးတောင်းလှသည့်နေ့ကိုအကြောင်း ၂၁၆




www.burmeseclassic.com

www.burmeseclassic.com


**သုတဆောင်းပါး**

**စိုးညွန့်**
ခနော်ဂိုးသက်ရှည်ဘွားသက်ရှည် ၅၃

**ရဲဘော်ကျော်ဆန်း**
ရှေးဦးတော်လှန်ရေးသူရဲကောင်း ၇၈
ဝန်သိုစော်ဘွားဦးအောင်မြတ်

**ကံညွန့်လှိုင်**
ခနော်တိုင်းရင်းသားရိုးရာစကားပုံများ ၁၂၀

**မြမြစန်း**
တစ်ရောင်ထဲချယ်ခဲ့ပါသည် ၁၂၅

**ရေနံမြေမောင်မောင်ကြည်**
တို့ရင်ထဲက အမိဌာန် ၁၈၂

**အောင်ကြိုင်**
နှလုံးတုန်ရင်ခုန်ရသော ၁၄၆
ကြက်သားဆယ်ပိဿာနှင့်
အာလူးခြောက်ပိဿာ

**မောင်သိန်းလွင်(အင်္ဂလိပ်စာ)**
ထိပ်သီးဆယ်နိုင်ငံ ၂၂၁

**ဘာသာရေးဆောင်းပါး**

**ရွှေတိုင်လွင်**
သာမညဖလတရားတော်နှင့် ၃၂
အဇာတသတ်၏ သံဝေဂ

**မနွယ်(ကလော)**
ခနော်မြေမှ ၃၇
အံ့ဖွယ်ထင်ရှားရှေးဟောင်းဘုရားများ

**လှုပ်ရှားမှုမှတ်တမ်း**

**ဦးအောင်ကြိုင်**
ခနော်တိုင်းရင်းသားမိသားစုအသင်း ၅၀
(ရန်ကုန်)စတင်ဖွဲ့စည်းခြင်း

**ခိုင်လေညှင်း**
ခနော်လူငယ်များ၏ ဆောင်ရွက်ချက်များ ၁၀၁

**ရွှေယဉ်နု**
ဒေသဖွံ့ဖြိုးကူမှုအဖွဲ့ ခနော်မြေမှာအကျိုးပြုခဲ့သော ၁၀၂
ခရီးစဉ်မှတ်တမ်း

**စိုးညွန့်**
ကျွန်တော်နှင့်ခနော်တိုင်းရင်းသား ၁၆၄
မိသားစုအသင်း(ရန်ကုန်)

**ကိုရှမ်းကြီး**
ခနော်လူငယ်မောင်မယ်များ လှုပ်ရှားမှုမှတ်တမ်း ၁၆၉


BURMESE CLASSIC



# CONTENTS

www.burmeseclassic.com

www.burmeseclassic.com


**ရသဝတ္ထု**

**စိုးဃဉ်ထွန်း**
အပြန်လမ်းငယ်ကျွမ်းကိုလွမ်းမိတယ် ၈၄
**မောင်သင်းထုံ(ကျောက်မဲ)**
ကြယ်တွေကိုချစ်ဖို့ ၉၁
ကောင်းကင်ကြီးကိုပိုင်စရာမလိုပါ
**ညွန့်ညွန့်(ကလော)**
တို့ခနုမြေ ၁၀၅
**မိုးနှင်းဆီ**
တုန့်နှိုင်းမမှီ ၁၀၉
**ထိုက်သစ်**
စိပ်ပုတီးလေးရာဇဝင် ၁၂၈
**ကျော်လွင်(နောင်ချို)**
ခါ .. ခါရွှေးမဟုတ်ပါ ၁၃၄
**မှုံ့သုမှန်**
လောကအလွန်မှာတွေ့ရန်မလွယ် ၁၄၉
**နှန်းမေဝ**
အလွမ်းမပြေတဲ့ ခနုမြေ ၁၇၂
**ဟန်သီဇင်**
မမေ့နိုင်သောခနုမြေမှအမှတ်တရ ၁၇၅
**ဇင်ကိုသက်**
ရေမွှေးမှောက်ကျတဲ့ မွှေ့ယာ ၁၇၈
**မြနောင်ညို**
သတိရအောက်မေ့ခြင်းတစ်စုံတစ်ရာ ၁၈၀
**နောင်ချိုချစ်ပိုင်း**
စိမ်းလဲ့ညို၏ ဒုတိယစာမျက်နှာ ၁၈၄
**ခင်မမလင်း(ကလော)**
ထာဝရလမင်းလေး ၁၈၉
**အုန်းကျော်(အ•ထ•မြ ငြိမ်း)**
ဘယ်ပန်းချီရေးလို့မမှီနိုင် ၁၉၆
တက္ကသိုလ်ကျောင်းသားဘဝ

**သတင်းလွှာ**

**ကျော်နီ**
မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည် ၂၂၇
**မေသန်း**
ညီနောင်တိုင်းရင်းသားများတွေ့ဆုံပွဲ ၂၂၈
**ကံညွန့်လှိုင်(တောင်ကြီး)**
ဗီယက်နမ်အနုပညာပွဲတော်သို့ ၂၂၉
တက်ရောက်ခဲ့ကြသည့်
ရှမ်းပြည်နယ်အဖွဲ့အားဂုဏ်ပြုကြိုဆို
**အတွင်းရေးမှူး(၁)**
မဟာပဋ္ဌာန်းပူဇော်ပွဲနှင့် အောင်ပန်းခနုမိနိုင်ငယ်များ ၂၃၀

**ဂုဏ်ပြုမှတ်တမ်း**

**အတွင်းရေးမှူး(၁)**
နိုင်ငံတော်သမ္မတ၏ ၁၅၇
ပညာသင်ဆုရရှိသော မိနီမငယ်
**ညိုပြာလွင်**
မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါတယ် ၁၅၉
ခနုမငယ်
**စိုးညွန့် (MEIS)** ၁၆၁
ပင်းတယအကြောင်း(Eng)

**ဝတ္ထုတို**

**စုံထောက်မောင်ရဲ**
ဘုံပျောက်နတ် ၄၅

**တစ်မျက်နှာဝတ္ထု**

**ဘသက်ဆွေ**
အကျိုးဆောင် ၂၀၇
ရှေ့နေ
ဆိုသည်မှာ


---


မျက်နှာဖုံးပန်းချီနှင့် - ပန်းချီမင်းထက်နိုင်
အတွင်းသရုပ်ဖော်ပန်းချီ
အတွင်းဒီဇိုင်း - ကိုဝင်းထွင့်
ပုံနှိပ်တိုက် - **Yangon** ဆွေသဟာပုံနှိပ်တိုက်
ကြော်ငြာတာဝန်ခံ - ကိုရှမ်းကြီး
ဖြန့်ချိရေး - ခနုမှော်ရုံ၊
ကြားတောရ...
ဗဟန်းမြို့နယ်။




www.burmeseclassic.com

# ဥယျာဉ်



ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)ကို ၁၉၈၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ရာ အသင်းသက်တမ်း(၃၃)နှစ်ပြည့်ရောက်ခဲ့ပြီ ဖြစ်ပါသည်။ (၃၃)နှစ်တာကာလအတွင်း အသင်း၏ရည်ရွယ်ချက်များပါ "အသင်းသားများ၏ ဗလငါးတန်ပြည့်စုံရေးကြိုးပမ်းဆောင်ရွက်ရန်" အချက်ကို ထိုက်သည့်အားလျော်စွာ ဖြည့်ဆည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်ဖြည့်ဆည်းရန်လည်း အသင်းအမှုဆောင်များက တစ်စိုက်မတ်မတ် ကြိုးစားလျှက်ရှိပါသည်။

ဓနုတိုင်းရင်းသားများနှင့် အသင်းဝင်မိသားစုဝင်များ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ သာရေးနာရေးကိစ္စများသာကမ ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ ဓနုတိုင်းရင်းသားသံဃာတော်အရှင်မြတ်များ၏ ပရိယတ္တိကိစ္စရပ်များ၊ ပြည်တွင်းပြည်ပ စာဝါလိုက်သံဃာတော်များကို စွမ်းအားရှိသမျှ နဝကမ္မလှူဒါန်းခြင်း၊ ဝေယျာဝစ္စများပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကြားတောရလမ်းတွင် "ဓနုတိုင်းရင်းသားဓမ္မာရုံ" သုံးထပ်ဆောင်အဆောက်အဦတစ်လုံးကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၊ ရာဇဂြိုဟ်မြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်း တိုးချဲ့အဆောက်အဦ၌ အခန်းတစ်ခန်းတန်ဖိုး (US$ 2600)ကို လှူဒါန်းခဲ့ပါသည်။ သုံးထပ်ဆောင်ဓမ္မာရုံ ဆောက်လုပ် လှူဒါန်းခြင်း(၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရွှေပြားသက်န်း ရွှေပြား(၇)ပြားကိုလည်း ကပ်လှူပူဇော်ခဲ့ပါသည်။

ဓနုတိုင်းရင်းသား ယဉ်ကျေးမှုဓလေ့ထုံးစံ၊ စာပေရေးရာအနုပညာ အတီးအကများကို တင်ဆက်ခြင်း၊ ရှမ်းပြည်နယ်မှ ရန်ကုန်ရှိ ညီနောင်အသင်းများနှင့်ပူးပေါင်း၍ လူမှုရေးကိစ္စရပ်များဆောင်ရွက်ခြင်း၊ အခြေအနေအချိန်အခါအလိုက် ပြက္ခဒိန်၊ ပို့စကတ်များထုတ်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ယခင်က စာအုပ်၊ မဂ္ဂဇင်းထုတ်ဝေခဲ့ဖူးခြင်းမရှိပါ။ ယခုမူ အခါသင့်အခွင့်သာသဖြင့် အသင်းသူအသင်းသား၊ စာပေဝါသနာရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ပထမအကြိမ်ထုတ်ဝေနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ကွက်လပ်တစ်ခုကို ဖြည့်စွက်နိုင်ခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါသည်။ ပထမအကြိမ်ထုတ်ဝေခြင်းဖြစ်သဖြင့် လိုအပ်ချက်၊ အားနည်းချက်အမှားအယွင်း အနည်းအများ ပါရှိကောင်းပါရှိနိုင်ပါသည်။ နားလည်ခွင့်လွှတ်ပါရန် မေတ္တာရပ်ခံပန်ကြားပါသည်။

မဂ္ဂဇင်းစာအုပ်ဖြစ်မြောက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်ကူညီကြသည့် စာပေပညာရှင်များ၊ အနုပညာပန်းချီပညာရှင်များ၊ ကျွမ်းကျင်ရာကဏ္ဍအလိုက် စိတ်စေတနာအပြည့်ဖြင့် ကူညီကြသော ကြော်ငြာအလှူရှင်များ၊ စာတည်းအဖွဲ့ဝင်များ၊ ပုံနှိပ်ထုတ်ဝေပညာရှင်များနှင့် ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များအားလုံးကိုလည်း ကျေးဇူးအထူးပင်တင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

စိုးညွန့်(ဥက္ကဋ္ဌ)

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



# မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ

| | | | |
|---|---|---|---|
| ၁။ | ဥက္ကဋ္ဌ | - | ဦးအောင်ကြိုင် |
| ၂။ | ဒု-ဥက္ကဋ္ဌ | - | ဦးစိုးမြင့် |
| ၃။ | အတွင်းရေးမှူး | - | ဦးကံညွန့် |
| ၄။ | အဖွဲ့ဝင် | - | Dr စိုးညွန့်၊ ဦးကာစီ၊ ဦးမြင့်အောင်၊ ဦးခင်မောင်ညို၊ ဦးကိုအင်း၊ Dr မောင်မောင်မြင့်၊ ဦးကျော်လွင် ဒေါ်ဌေးဌေးနွယ်၊ ဒေါ်ညွန့်ညွန့် |
| ၅။ | စာတည်းမှူး | - | ဦးကံညွန့် |
| ၆။ | တာဝန်ခံစာတည်း | - | မနွယ်(ကလော) |
| ၇။ | စာတည်းအဖွဲ့ဝင်များ | - | နောင်ချိုကျော်လွင်၊ ညွန့်ညွန့်(ကလော) |
| ၈။ | စီစဉ်သူ | - | ဦးကိုအင်း |



www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်တထောင် ဦးတေဇနိယ



မင်္ဂလာဝါသို ဦးတေဇနိယ



သိမ်ကုန်းဦးသုနန္ဒ

# နာယက ဆရာတော်များ



ရတနာသိပ္ပံ



ရေကူးကျွှာအေး
ဦးကောလာသ




မွေးလုကျွှာအေး
ဦးဇောတိပါလ




မွေ့ဂူအေး
ဦးသီလာစ

www.burmeseclassic.com

www.burmeseclassic.com



# နာယကဆရာတော်များ



ဘဒ္ဒန္တ သုရိယ(ဥက္ကံ)



ရာဇဂြိုလ်မှာကျောင်းထိုင် ဦးကုဒ္ဒိမာ



သီရိလင်္ကာသို့ ပညာသင်သွား ဦးပါမောက္ခ



ဦးသုရိစာ

www.burmeseclassic.com

www.burmeseclassic.com



# မနေတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်) နာယကနှင့်အမှုဆောင်များ



ဒေါ်တင်ရီ(နာယက)



ဦးမင်းသွင်(နာယက)



ဦးမျိုးမြင့်(နာယက)



ဦးစိုးညွန့်
(ဥက္ကဋ္ဌ)



ဦးအောင်ကြိုင်
(ဒု-ဥက္ကဋ္ဌ)



ဦးချစ်တိုး
(ပြန်ကြားရေးမှူး)



ဦးချစ်စိန်
(စာရင်းစစ်)



ဦးစိုးမြင့်
(အတွင်းရေးမှူး)



ဦးကံညွန့်
(အတွင်းရေးမှူး-၁)



ဦးသန်းလွင်
(အတွင်းရေးမှူး-၂)



Dr စိုးညွန့်
(ဘဏ္ဍာရေးမှူး)



ဦးကိုအင်း

www.burmeseclassic.com

www.burmeseclassic.com



## ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)
## အမှုဆောင်များ



ဦးလှရွှေ (စည်းရုံးရေးမှူး)



ဦးခင်မောင်ညို (စည်းရုံးရေးမှူး)



ဦးကာစီ (စည်းရုံးရေးမှူး)



ဦးခင်မောင်ထူး (စည်းရုံးရေးမှူး)



ဦးညာလတ်ဝင်း (စည်းရုံးရေးမှူး)



ဦးလင်းပြည့်ထွန်း (စည်းရုံးရေးမှူး)



ဒေါ်သိန်းနု
(အဖွဲ့ဝင်)



ဒေါ်စိုးစိုးမေ
(စည်းရုံးရေးမှူး)



ဒေါ်ငွေငွေနွယ်
(စည်းရုံးရေးမှူး)



ဒေါ်မြိုင်မြိုင်ဌေး
(အဖွဲ့ဝင်)

www.burmeseclassic.com

www.burmeseclassic.com



# စာတည်းအဖွဲ့၏ အမှာစာ

အမှာစာဆိုသည်မှာ အမှာစကားကို ဆိုလိုပါသည်။

စာအုပ်တစ်အုပ်၏ အတွင်း၌ပါဝင်သောအချက်အလက်များ(အားလုံး)ကို မဆိုလိုပါ။ ထိုထိုသောအချက်အလက်၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို့သည် မဂ္ဂဇင်း၏ ရုပ်ပုံလွှာကို တစိတ်တစ်ဒေသအားဖြင့် ဖော်ညွှန်းသည်။

ဥပမာ သတင်းစာသည် ခေါင်းကြီးပိုင်းရေးသားသည်။

ထိုအရေးအသားသည် သတင်းစာတစ်ခုလုံးနှင့်သက်ဆိုင်သည့် ထိုနေ့ထုတ်သတင်းစာကို ခြုံငုံရေးသားခြင်းဖြစ်သည်။ ယခု မနေ့တိုင်းရင်းသားမဂ္ဂဇင်းကို ထုတ်ဝေလိုက်ပါပြီ။ ရန်ကုန်တွင် တည်ထောင်ခဲ့သော မနေအသင်း အစအဦးဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်အချို့၏ သမိုင်းစာမျက်နှာသစ်ကို ဖွင့်လိုက်ခြင်းသာ ဖြစ်သည်။ ဤသို့မျှ စာပေဖြင့် မှတ်တမ်းမတင်ခဲ့လျှင်ဖြင့် နောင်တွင် ပပျောက်ကုန်ကြမည် ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် မနေတိုင်းရင်းသားတို့၏ စီးပွား/လူမှုရေး ရေရှည်တည်တံ့မည့် အောင်မြင်တိုးတက်မည့်အရေး၊ မနေတိုင်းရင်းသားတို့၏ အောင်မြင်ကျော်ကြားမည့်အရေးအရာများအားလုံးအရေးကို ရှေ့ရှုသ၍ ယခုကဲ့သို့ မနေတိုင်းရင်းသားမဂ္ဂဇင်းကို ထုတ်ဝေလိုက်ခြင်းသာ ဖြစ်သည်။

ဤသို့ ထုတ်ဝေလိုက်ရခြင်းဖြင့် ရှိသမျှအင်အားဖြင့် ကြိုးစားလုပ်ဆောင်ခဲ့ခြင်းသာဖြစ်သည်။ ထိုသို့ထုတ်ဝေလိုက်ခြင်းဖြင့် မနေတိုင်းရင်းသားစာရေးဆရာများ၏ ဝါကျအရေးအသား ကျစ်လစ်ပီပြင်မှု၊ ကဗျာ၊ ကာတွန်း စသည်တို့ကိုလည်း မျက်မှောက်ခေတ်ထွက်ရှိသည့်မဂ္ဂဇင်းများနှင့်အညီ အစွမ်းကုန် ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ အားနည်းချက်၊ အားသာချက် ရှိကောင်းရှိပါမည်။ အမှားများပါကလည်း ခွင့်လွှတ်ပေးနိုင်ကြရန်နှင့် မဂ္ဂဇင်းအပေါ်ဝေဖန်အကြံပြု၊ သုံးသပ်မှုကို မနေတိုင်းရင်းသားမဂ္ဂဇင်းက လက်ခံကြိုဆိုနေမည်ဖြစ်ကြောင်း စာဖတ်ပရိသတ်များအား ပန်ကြားအပ်ပါသည်။

စာတည်းအဖွဲ့

မနေတိုင်းရင်းသားမဂ္ဂဇင်း၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



# သီရိလင်္ကာနိုင်ငံသို့ပညာတော်သင် အရှင်ပါမောက္ခ(နောင်ချို)အား ပူဇော်ပွဲ



ရွှေတိဂုံစေတီတော်မြတ်အရှေ့ဘက်ခြေတော်ရင်း တိုင်းသံဃာနာယက ရုံးဝင်းအတွင်းရှိ ဓနုတိုင်းရင်းသားဓမ္မာရုံတွင် သီရိလင်္ကာနိုင်ငံသို့ မဟာဓမ္မာစရိယ (M.A Final) ကျမ်းပြုပညာတော်သင်ရန် ကြွရောက်မည့် အရှင်ပါမောက္ခ ရဟန်းတော်မြတ်အား ပူဇော်ပွဲကျင်းပကြပါသည်။

(၁၀း၃၀)နာရီတွင် အရှင်ပါမောက္ခအား ပူဇော်ပွဲအခမ်းအနားကျင်းပပါသည်။ ရှေးဦးစွာ 'နမောတဿ'သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပေးပါသည်။ ထို့နောက် တွဲဘက်အတွင်းရေးမှူး ဦးကံညွန့်က အရှင်ပါမောက္ခ၏ ထေရုပတ္တိကို ဖတ်ကြားပါသည်။

**ဖွားရာဇာတိနှင့် မွေးသက္ကရာဇ်**

အရှင်ပါမောက္ခသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ် ဘန့်ဘွေးရွာ ခမည်းတော် ဦးမြင့်ဆွေ+မယ်တော် ဒေါ်ဝင်းမာတို့မှ (၂၁-၄-၁၉၈၀) ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

**ရှင်သာမဏေဘဝ**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ ဘန့်ဘွေးရွာ၊ ဘန်ဘွေးကျောင်းဆရာတော်ထံတွင် ဥပဇ္ဈယ်ပြု ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဒုတိယအကြိမ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကရင်ပရိယတ္တိကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ဥပသမ္ပဒမင်္ဂလာ**

၂၀၀၂ ခု၊ ဧပြီလ ၁၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ကရင်ပရိယတ္တိကျောင်း ခဏ္ဍသိမ်၌ ကရင်ပရိယတ္တိကျောင်းဆရာတော်ကို ဥပဇ္ဈယ်ပြု ရဟန်းအဖြစ်ရောက်ရှိခဲ့ပါသည်။ ဘွဲ့အမည်မှာ 'အရှင်ပါမောက္ခ'ဖြစ်ပါသည်။

ကျေးဇူးရှင်ပညာသင်ကြားသော ဆရာတော်များမှာ-

(၁) ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်မှ ဘန့်ဘွေးဆရာတော်။

(၂) မအူပင်မြို့၊ ကိုးလမ်းကျောင်း၊ မဟာသတိပဋ္ဌာန်ဆရာတော်။

(၃) အင်းစိန်ရွာမဆရာတော် လေးအိမ်စုအရှင်ဝိစိတ္တသာရ။

(၄) နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ

(က) ပါမောက္ခချုပ်ဆရာတော် (စီမံ) အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကုမာရဆရာတော်။

(ခ) ဒုတိယပါမောက္ခချုပ် ဆရာတော်(သင်ကြား) ဘဒ္ဒန္တဇောတိက ဆရာတော်တို့အထံတွင် ပညာများဆည်းပူးခဲ့ပါသည်။

**သင်ကြားဆည်းပူးသော ပညာရပ်များ**

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် သာသနာ့တက္ကသိုလဓမ္မာစရိယတန်းတွင်

(၁) ဝိနယပိဋကတ်

(၂) သုတန္တပိဋကတ်

(၃) အဘိဓမ္မာပိဋကတ်

(၄) ပိဋကတ်ဆိုင်ရာ ပါဠိစာ

(၅) ပိဋကတ်ဆိုင်ရာ မြန်မာစာ

(၆) ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာ

(၇) ဗုဒ္ဓဒေသနာ ပြန့်ပွားရေးပညာတို့ကို (၄)နှစ်၊ (၄)ဆင့် အောင်မြင်ပြီး သာသနာ့တက္ကသိုလဓမ္မာစရိယ (B.A Buddhism)ဘွဲ့ကို ဆက်ကပ်ခြင်းခံခဲ့ရပါသည်။

နောက်တစ်ဖန် ဆက်လက်၍ သာသနာ့ တက္ကသိုလမဟာဓမ္မာစရိယဘွဲ့ (M.A Buddhism))ကို (၂)နှစ် တက်ရောက်ခဲ့ပြီး မဟာဓမ္မာစရိယ(M.A Buddhism)ဘွဲ့နှင့် သာသနာ့တက္ကသိုလဓမ္မပါဂူ(Ph.D)ဘွဲ့ရရှိရန်အတွက် သီရိလင်္ကာသို့ ၁ နှစ် ၆လ ကြာသွားရောက်ပညာဆည်းပူးရန် (၁၁-၁-၂၀၁၃)နေ့တွင်ကြွရောက်မည်ဖြစ်ကြောင်းလျှောက်ထားဖတ်ကြားပါသည်။

ထို့နောက် ငါးပါးသီလတရားတော်များ အတူတကွ နာယူကြပြီးနောက် ဓနုတိုင်းရင်းသားမိသားစုအသင်းနှင့် အသင်းအမှုဆောင်များက အရှင်ပါမောက္ခအရှင်မြတ်အား သီရိလင်္ကာနိုင်ငံတော်သို့ သွားရောက်ပညာဆည်းပူးရန်အတွက် အလှူတော်ငွေ (၃၂၄၀၀၀ိ/-)ကို ကပ်လှူပူဇော် ရေစက်ချ အမျှပေးဝေကြပါသည်။

နီသွေးလှိုင်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ပန်ကြားလွှာ . . .

(၁)
ပန်းချီဆရာ၊ သျှမ်းပြည်လာ
ဘယ်ပန်းချီကား ဆွဲခဲ့လဲ။
ကဗျာဆရာ၊ သျှမ်းပြည်လာ
ဘာကဗျာများ စပ်ခဲ့လဲ။
ဂီတရာ၊ သျှမ်းပြည်လာ
ဘာတေးသံများ သီခဲ့လဲ။
စာရေးဆရာ၊ သျှမ်းပြည်လာ
ဘာဝတ္ထုများ ရေးခဲ့လဲ။
ရုပ်ရှင်ဆရာ၊ သျှမ်းပြည်လာ
ဘာဇာတ်လမ်းများ ရိုက်ခဲ့လဲ။
(၂)
ပန်းချီကားတွင်၊ ငါရှုမြင်သည်
လွင်လွင်နီထွေး၊ ပါးစုန့်လေးနှင့်
ထွေးပိုက်ဖွယ်ရာ၊ မောသူဇာနှင့်
ပွင့်လွှာချယ်ရီကိုသာတည်း။
ကဗျာတွင်လည်း ထိုနည်းအတူ
မောပျိုဖြူနှင့်၊ သင်းကြူမွှေးသော
ထင်းရှူးတောနှင့်၊ သာမောပေစွ
သဘာဝဟု၊ ချီးပမဆုံး
စကားလုံးနှင့် သီကုံးနှုန်းဖွဲ့ခဲ့သည်ချည်း။
ဂီတတေးရှင်၊ သူ့တေးတွင်လည်း
ချိုလွင်မြသော၊ မောင်းသံနှော၍
ရွှင်ရွှင်ပျသော၊ စည်သံနှော၍
မောသျှမ်းတို့မြေ၊ ဒေလီယာပန်း
ချယ်ရီပန်းနှင့်၊ ပန်းပေါင်းစုံစွာ
ရဂုံသာနှင့်၊ ထွတ်ချာတုမဲ့
သျှမ်းဧကရီကို၊ မျှော်ရည်မှန်းဟန်
လွမ်းတေးသံသည်၊ ကြိမ်ဖန်များစွာ
ကြားရပါသည်၊ နားမှာမဆုံတော့ပြီတည်း။

စာရေးဆရာ၊ သူရေးပါသော
စာပေစာတန်း၊ ဝတ္ထုဆန်းတွင်
သျှမ်းပျိုဖြူနှင့်၊ ချစ်လမ်းပွင့်လည်း
လွင့်ရပြန်ပါ၊ ဆိုးကြမ္မာဟု
ဇာတ်နာဇာတ်သွေး၊ ဆယ်အုပ်ရေးလည်း
အသွေးအဆင်၊ မပြုပြင်တည့်
အသွင်မပြောင်း၊ ဇာတ်ကွက်ဟောင်းနှင့်
မျက်စိညောင်းရုံသက်သက်တည်း။

ရုပ်ရှင်ဆရာ၊ ဆိုသည်မှာလည်း
သာယာရှုမော၊ ထင်းရှူးတောတွင်း
ချစ်ဇာတ်ခင်းပုံ၊ ရိုက်မကုန်တည်း
ရင်ခုန်လှိုက်ဖိုက်၊ ဇာတ်ကွက်လည်းဖန်
အနောက်ဟန်နှင့် လည်ဆံဖွားဖွား
မြင်းများကိုစိုင်း၊ တဒိုင်းဒိုင်းနှင့်
သေနတ်ပစ်ကြ၊ လူမိုက်ကြီးတို့
ခိုမှီးနေသော၊ ရဂုံတောဟု
အတောမသတ်၊ ဒလစပ်တည့်
သည်ဇာတ်ကွက်သာ၊ ရိုက်ပြလာသည်
မဲပြာပုဆိုး ဖြစ်ပြီတည်း။

(၃)
အနုပညာသည်၊ ပြည်သူ့အတွက်
ပြည်သူ့တွက်တာ၊ အနုပညာဟု
ထပ်ကာဟစ်ဆို၊ ဖန်တီးလိုသော
အိုအနုပညာရှင်များတို့။

ကိုလိုနီသဘက်၊ သူနှိပ်စက်၍
မြေရှင်ပဒေသရာဇ်၊ လည်မျိုညှစ်၍
နှစ်သထက်နှစ်၊ လူပင်ဖြစ်လည်း
စနစ်မမှန်၊ ခေတ်ဇာဒဏ်ကြောင့်
ရှမ်းကန်လှုပ်ရှား၊ နှစ်ရှည်လျားခဲ့
အစားမဝ၊ ခါးမလှနှင့်
ဝနှင့်ပဒေါင် ပလောင်၊ ယင်းကြား
အင်းသား၊တောင်ရိုး၊ ပအိုင်းနှင့်သျှမ်း
တောင်ပေါ်ပန်းတို့၊ နွမ်းသည့်ဘဝ
ထုတ်ဖော်ပြရန်၊ ထိုမှတဆင့်
ခေတ်သစ်ဖွင့်ရေး၊ ပညာပေးရန်
သွေးစည်းညီညာ၊ လက်တွဲလာရန်
ရိုးရာယဉ်ကျေးမှု၊ ဖော်ထုတ်ပြုရန်
လူမှုစီးပွားရေး၊ မြှင့်တင်ပေးရန်
ဆန္ဒဦးတည်၊ သင့်စွမ်းရည်ဖြင့်
စီမံဖန်တီးသင့်ပေပြီ။

အိုအနုပညာရှင်၊ စာပေရှင်တို့
ကရင် ကယား မြန်မာများနှင့်
သွေးသားချင်းချင်း၊ သျှမ်း ချင်း
ကချင်
ချစ်ခင်ရင်းနှီး
သွေးစည်းဖို့ရေး၊ ချင့်မျှော်တွေး၍
လူမှုရေးဘဝ၊ မြှင့်တင်ကြဖို့
ယဉ်ကျေးမှုအဆင့်၊ တက်တိုးမြှင့်ဖို့
စီးပွားရေးအခြေ၊ ဖွံ့ဖြိုးစေဖို့
နိုင်ငံရေးအသိ၊ တူအောင်ညှိဖို့
ရသည့်ခွင့်ရေး၊ ညီအောင်ပေးဖို့
ရေးသိခြယ်မှုန်း၊ သင့်ပြီတကား။ ။

မောင်လင်းယုန်(သျှမ်းပြည်)

www.burmeseclassic.com

www.burmeseclassic.com



# ချစ်သောဓနုမြေ


သဘာဝရဲ့
စုဖွဲ့အလှ အေးမြစိမ်းလန်း
တောင်တန်းတွေကြား ဝင့်ကြွားမရှိ
ချိုဘိအပြုံး မျက်လုံးလေးတွေ
ဖော်ရွေပွင့်လင်း စိတ်ရင်းအမှန်
အသံဝဲဝဲ လိုက်လှဲပျူငှာ
ဓနုရွာ၌ ပျော်ပိုက်ကြည်နူး
ထူးမြတ်ဘဝ ပိုင်ဆိုင်ခဲ့ရ။

လိမ္မော်ရနံ့
လန်းဆတ်ပျံ့သင်း အေးစိမ့်နှင်းစက်
ချမ်းလျက်နေပျော် တောင်ပေါ်ရှုခင်း
မြင်ကွင်းရောင်စုံ ရင်ခုန်ငေးမော
သောကလွင့်ပါး ချိုစကားတွေ
အခါးရည်ပွဲ ဆီဆမ်းပဲပုတ်
တိုဟူးသုတ်မွှေး နွေးထွေးပိုင်းဖွဲ့
မီးလှည့်ပွဲကြို အိုးစည်ပုံမောင်း
ငြိမ့်ငြိမ့်ညောင်းညံ့ ခုန်ပျံ့သိုင်းက
ချမ်းသောညများ ပျော်ခဲ့ရာ။

ဘာသာတရား
အလေးထားမှု ဓနုဓလေ့
သိမ်မွေ့ယဉ်ကျေး လှူရေးမပြတ်
ဝိပဿနာသဒ္ဒါထက်သန်
ကျင့်ကြံအားထုတ် ဥပုသ်သီလ
ဒါနစုပေါင်း စိတ်ကောင်းစိတ်မြတ်
ရိုးဂုဏ်ထပ်ဆင့် ဘဝတင့်တယ်
မပြယ်အလှ ထာဝရမြဲ
ရင်ထဲမြတ်နိုး ရိုးရာမပျက်
တွဲလက်ညီညာ လာလေသွားစို့
သွေးချင်းတို့မြေ မှိုင်းညို့တောလမ်း
ထင်းရှူးတန်းလေး
အပန်းပြေပြေ နှင်းဝေဝေအောက်
တစ်ခေါက်ကျွန်တော်ပြန်လာပြီ။

ဝေနေ

(ရပ်စောက်မြို့နယ် ပင်းတယမြို့ကြားရှိ ကောင်းဘိုရွာလေးသို့ အမှတ်တရ)



www.burmeseclassic.com

www.burmeseclassic.com

# ရုပ်ဘဝ၏ အဆွေခင်ပွန်းများ

ရွှံ့အိုင်မှာ လူး
ရှင်ပျော်မြူးသည်
'ကျွဲရှုး' မဆိုသာတကား။

ပြာပုံမှာ လူး
ရှင်ပျော်မြူးသည်
'ခွေးရူး' မဆိုသာတကား။

မစင်မှာလူး
ရှင်ပျော်မြူးသည်
'လောက်ရှုး' မဆိုသာတကား။

ငွေပုံမှာ လူး
ရှင်ပျော်မြူးသည်
'လူရူး' ဆိုကြပါမည်လော။ ။



တောင်တွင်းမောင်သင်းကျော်

www.burmeseclassic.com

www.burmeseclassic.com



# သာစွရွာနေ မောတို့ပြည်



သာစွရွာနေ မောပြည်လော ..မောပြည်လော
ဟုတ်တည်း မိတ်ရင်း ..မိတ်ရင်း
ဟုတ်တည်း ဖော်ချင်း ..ဖော်ချင်း
ဟုတ်တည်း ဆွေသင်း ..ဆွေသင်း
မောပြည်ရွာန သာစွလေ ..သာစွလေ။

မောပြည်တစ်ခွင် ရှုတိုင်းပင်
ဘဝင်အေးမြဖွယ် ..အေးမြဖွယ်။

တောင်စဉ်တောတန်း ရံပတ်ဝန်း
စိတ်ချမ်းမြေ့ကြည်နူးတယ် ..ကြည်နူးတယ်။

မြေ့လိမ်မြွေကောက် လမ်းတွေဖောက်
ကောက်ကွေ့နိမ့်လျှောသွယ် ..နိမ့်လျှောသွယ်။

ရေတံခွန်စိမ့်စမ်း စီးဖြာသွန်း
စိတ်ဝမ်း ကြည်အေးတယ် ..ကြည်အေးတယ်။

သာယာဆန်းတင့် ပန်းစုံပွင့်
ရှုချင့်သာမောဖွယ် ..သာမောဖွယ်။

ယကွင်းအိုးစည် မောင်းသံဟီ
မောပြည်ချိုတေးကြွယ် ..ချိုတေးကြွယ်။

ခါးသိုင်းကာဟန် မြူးသွက်မြန်
အားမာန်ဝင့်ကြွားတယ် ..ဝင့်ကြွားတယ်။

တိုးနယား ကိန္နရာတို့ရိုးရာ
စဉ်လာ ကနည်းကြွယ် ..ကနည်းကြွယ်။

သယ်ဇာတ ပေါကြွယ်ဝ
သာစွ တို့မောနယ် ..တို့မောနယ်။

လက်ဖက်,လိမ္မော်,နာနတ်လျှော်
သစ်တောစုံလှတယ် ..စုံလှတယ်။

တို့မောပြည်သူ စိတ်ထားဖြူ
ပျူငှာဖော်ရွေတယ် ..ဖော်ရွေတယ်။
သဟာဆွေအား အမှာချွေပါး

မာစေသား ..လာစေသား ..လာစေသား။

ကျော်ဝင်းမောင်(ကျောက်မဲ)

www.burmeseclassic.com



# သက်ဆုံးတိုင်ရည် မြဲနိုင်တည်

တာဝန်စေပို့ တစ်မြို့နှင့်တစ်ရွာ
သွားလာခရီး မနီးဒေသမှာ
နေထိုင်ခဲ့ကြာ ကိုယ့်မှာဝန်ထမ်း
မောမြေမြင့်ဝယ် ဇာတိနယ်
ခင်တွယ်ရှင်လန်းပါလို့လေး။

တောင်ပြာတောတန်း ပတ်ဝန်းဆီးကာရံ
မြူခြေခြုံသိုင်း ရွှတိုင်းလွမ်းစေဖန်
စိမ့်စမ်းရေတံခွန် စီးသွန်ပြေးလွှား
စွဲငြိအာရုံ ခြယ်မှုန်းပုံ
ရောင်စုံပန်းချီကားငယ်နှင့်လေး။

တို့မြန်ပြည်ဖွား ဆွေသားမွေ့လျော်နေ
အေးချမ်းသာသော ကမ္ဘောဇနယ်မြေ
စိမ်းလန်းစိုပြေ နေကြာဝါဝင်း
သီးနှံထွက်ကုန် ပြည့်ဖူလုံ
မျိုးစုံစိုက်ခင်းငယ်နှင့်လေး။

ညီနောင်သားချင်း ရင်းနှီးပေါင်းစည်းစုံ
တောင်ပေါ်မြေပြန့် အနှံ့တူတွေ့ဆုံ
ဆရာစံဂျူန် ခိုလှုံရာဒေသ
နယ်ချဲ့ရန်ကို တွန်းလှန်ဖြို
"ခနု""နောင်ချို" မြို့လှငယ်နှင့်လေး။

အေးမြသာသော တောင်တောနှင့်ဝန်းကျင်
တော်လှန်အင်အား ထင်ရှားမှတ်တမ်းတွင်
ရိုးသားပျော်ရွှင် ခင်မင်ဖလှေ့ထုံး
မမုန်းယှဉ်တူ လက်တွဲကူ
သူ့ငါကိုယ်စီ ချစ်ကြသည်နှင့်လေး။



ပျက်သုဉ်းသွေမခွာ မေတ္တာပြိုင်မြဲရှည်
သက်ဆုံးရှည်ကြာ သစ္စာခိုင်စွဲတည်။

မောင်သန်းကို(သလ္လာမြေ)

www.burmeseclassic.com

www.burmeseclassic.com



# ကုသိုလ်လည်းရ ဝမ်းလည်းဝ

ကုန်းမြင့်တောင်ယာ စိုက်ခင်းပြင်
လေ့ခါးထစ်ပုံသွင်
လေနှင်ရာ ဟိုသည်ယိမ်း
စပါးပင်တွေ မြရောင်စိမ်း။

ယာစောင့်တဲလေး ခြေတံတို
တောင်စောင်းရိပ်မှာခို
နေညိုရင် မီးရောင်လဲ့
ရေနွေးကြမ်းနဲ့ ဝိုင်းကာဖွဲ့။

တောင်ယာလုပ်သား စကားသံ
အားနဲ့မာန်နဲ့သောသောညံ
သီးနှံအောင် အထွက်ကောင်း
ရည်မှန်းချက်နဲ့ပေါင်း။

နှစ်ထောင်းအားရ ပျော်ရွှင်စရာ
အာလူး,မြေပဲ,ငရုတ်,မုန်လာ
စားနပ်ရိက္ခာပေါကြွယ်လျှမ်း
ဖွဲ့,လှံ့လနဲ့ဝီရိယစွမ်း။

စိတ်ဝမ်းချမ်းမြေ့ကုသိုလ်ယူ
တစ်မူးရလို့ တစ်ပဲလှူ
ဓနုတောင်သူ ရိုးရာဓလေ့
သန့်ရှင်းဖြူစင်မွန်မြတ်ပေ့။

မနွယ်(ကလော)



www.burmeseclassic.com

www.burmeseclassic.com



## အဘိုးအဂုန်တာရာသို့ . . .



ငါတို့အောင်ပန်း
သာမိုင်းခမ်းမှာ
ငြိမ်းချမ်းရေးသမား
စံထားစရာ ဒဂုန်တာရာ
ကဗျာသမား စာသမားအို
လေးစားကြည်ညို ဖဘိုးအို။

ထင်းရှူးရိပ်တော
တောင်ကြောမယ်နို
ဖအိုဗိမ္ပာန်
ဂျူးဖြူပုံသန်း
ငြိမ်းချမ်းရေးအတွက်
တစ်ခက်စပါးနှံ
ကိုက်ချီပျံတက်
ကလောင်လက်ယှက်
ထိပ်ရွက်ဦးချီ ဖဘိုးဆီသို့ . . ။

**မေနမင်း(ဘော်ဆိုင်း)**

www.burmeseclassic.com

www.burmeseclassic.com



## သာစွဌာနေ ကလောမြေ

တောတောင်ဝဥ္စာ အံ့မှိုင်းစွာဖြင့်
ဝေ့ကာဝိုက်လီ တောင်ခြေဆီမှ
ရစ်သီတက်လှမ်း တောင်တက်လမ်းကား
ရှင်လန်းအေးမြ ရှုမဝတည့်။

တောင်ခြေမှသည် တောင်ထိပ်ဆီသို့
မျှော်ရည်ကာလှမ်း တောင်စခန်းကား
ကြမ်းတမ်းဝေ့ဝိုက် မမောဟိုက်ဘဲ
ရင်၌မွေ့လျော် လှမ်းလင့်ခေါ်သည်
ရှင်ပျော်ပေလှ ကလောလှတည့်။

ပန်းလှချယ်ရီ စီရရီနှင့်
စုံညီပွင့်လန်း လွန်တင့်ဆန်းသည်
မြတ်ပန်းတို့ဝေ မောဌာနေဝယ်
ထုံပေလှစွာ မြတ်ဓမ္မာနှင့်
ညီညာရှိုင်းပင်း ဖိတ်ခေါ်ရင်းနှင့်
သွေးချင်းများကား နိုးကြားနေကြ
သာပေစွဟု တင့်လှပေရာ
ဓနုဌာနေ ကလောမြေတည်း။ ။

ရွှေတိုင်လွင်




www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းရိုးသားသည့်

# ကမ္ဘောဇ တိပိဋကဓရ ဓနု ဆရာတော်



လူတစ်ယောက်၏တန်ဖိုးသည် သူအသက်ရှင်နေစဉ် ဘာတွေလုပ်ခဲ့သလဲဆိုတာကိုပဲကြည့်၍ သိနိုင်သည်။

ပန်းမော်တင်အောင်

လူတိုင်း လူတိုင်း သမိုင်းကိုယ်စီရှိကြသည်။ သမိုင်းဆိုသည်မှာ အကောင်းရောအဆိုးပါ ဒွန်တွဲပြီး ဖြတ်ကျော်လာခဲ့ကြရသူများ ဖြစ်သည်။

မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ၊ ဖြတ်သန်းခဲ့ရာဘဝတစ်လျှောက် ပန်းခင်းလမ်းကို လျှောက်လှမ်းခဲ့ရသလို တစ်ရံတစ်ဆစ် ဆူးအရစ်ရစ်ခင်းသော လမ်းကို လျှောက်လှမ်းပြီးမှ ကျော်ဖြတ်ခဲ့ကြရသည်။ ဤကား လောကနိယာမ။ လောကသဘာဝမှ္မပင် ဖြစ်လေသည်။

သူ့လိုခေါင်းဆောင်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ တောင်ရှည်အုပ်စု၊ တောင်းခမ်းကျေးရွာ၌ လုံကာဆယ်တောင်ပြည့်ဆရာတော်တစ်ပါးရှိသည်။

ဆရာတော်သည် တိုင်းပြည်နှင့်ဘာသာသာသနာရေး ကြိုတင်တွေးဆကာ ရှေးသူတော်ကောင်းကြီးများ ထုံးကိုမှီကာ "ဝိနယာဒိနိဂ္ဂဟ မူလစာတော်ပြန်ကြီး"ကို ဆရာဒကာ လက်တွဲညီညွတ်စွာ ကြိုးစားဆောင်ရွက်ခဲ့သည်။

ကြိုးစားဆောင်ရွက်ခဲ့သည့်အလျှောက် နှစ် ၅၀ ကျော်သည့်အထိ အောင်အောင်မြင်မြင် ဖြတ်သန်းနောက်ရှိလာခဲ့ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီး၏ ဘ၀တစ်လျှောက် လူမျိုးဘာသာသာသနာအတွက် ခက်ခဲကြမ်းတမ်း ဘ၀လမ်းကို မည်ကဲ့သို့ ဖြတ်သန်းခဲ့ရသည်များကို ၁၃၅၅ ခုနှစ်တွင်ထုတ်ဝေသော ဝိနယာဒိနုဂ္ဂဟ မူလစာတော်ပြန်ပွဲ နှစ် ၅၀ ပြည့်အထိမ်းအမှတ် ရွှေရတုစာစောင်ကို ဖတ်ရှုနိုင်ပါသည်။

**ကြိုးစားမှု၏ရလဒ်**

မြန်မာစကားပုံ၌ ''ရေမြင့်မှ ကြာတင့်သည်''ဟူသော စကားရှိ၏။ ဆိုလိုရင်းကား သဒ္ဓမ္မသုံးဖြာ သာသနာတော်၌ ပရိယတ္တိဟူသောရေမြင့်မှ ပဋိပတ္တိဟူသော ကြာပွင့်ကြီး မြင့်တက်လာမည်ဟူသော အဓိပ္ပာယ်ပင်ဖြစ်၏။ စင်စစ် ပရိယတ္တိ သင်အံပို့ချမှု မြင့်တက်ခြင်းသည် ပဋိဝေဓသာသနာအတွက် အကျိုးကျေးဇူးကြီးမြတ်လှသည့် အဓိပ္ပာယ်ပင်ဖြစ်သည်။ လိုရင်းကိုဆိုရပါမူ ပရိယတ္တိမြင့်မှ ပဋိပတ္တိမြင့်မားမည်ဟု ဆိုလိုရင်းဖြစ်သည်။ ထို့ကြောင့် ကျေးဇူးတော်ရှင် လုံကာဆယ်တောင်ပြည့်ဆရာတော်ဘုရားကြီးသည် ဝိနယာဒိနုဂ္ဂဟ မူလစာတော်ပြန်ပွဲကြီးကို ဦးစီးဦးဆောင်ပြုကာ ကျင်းပဆောင်ရွက်ခဲ့သည်။

ထိုသို့ ကြိုးစားဆောင်ရွက်ခဲ့မှု၏ ရလဒ်သည် ဘာသာသာသနာနှင့် တိုင်းပြည်လူမျိုးအတွက် တန်ဖိုးမဖြတ်နိုင်သော အာဇာနည်ပုဂ္ဂိုလ်ပေါ်ထွက်ခဲ့ပြီဖြစ်သည်။ ယင်း အာဇာနည်ပုဂ္ဂိုလ်သည် အခြားမဟုတ် ရှမ်းပြည်နယ် နောင်ချိုမြို့နယ်ဇာတိဖွား ကမ္ဘောဇ တိပိဋကဓရ(ခနဲ)ဆရာတော် ဘဒ္ဒန္တဝီရိယာနန္ဒ ဆရာတော်ပင် ဖြစ်သည်။

ဘာသာသာသနာနှင့်
တိုင်းပြည်လူမျိုးအတွက်
တန်ဖိုးမဖြတ်နိုင်သော
အာဇာနည်ပုဂ္ဂိုလ်
ပေါ်ထွက်ခဲ့ပြီဖြစ်သည်။
ယင်းအာဇာနည်ပုဂ္ဂိုလ်သည်
အခြားမဟုတ်
ရှမ်းပြည်နယ်
နောင်ချိုမြို့နယ်ဇာတိဖွား
ကမ္ဘောဇ တိပိဋကဓရ
(ခနဲ)ဆရာတော်
ဘဒ္ဒန္တဝီရိယာနန္ဒဆရာတော်ပင်
ဖြစ်သည်
...

**အာဇာနည်ဆိုသည်မှာ**

စင်စစ် တိပိဋကဓရ စာမေးပွဲကြီးသည် လူသားတစ်ဦး၏ အာဂုံဆောင်နိုင်သည်စွမ်းရည်နှင့် စာမေးပွဲစစ်ဆေးမှုကာလ အရှည်ကြာဆုံးစာမေးပွဲကြီးဖြစ်သည်။ သာမန်ပုဂ္ဂိုလ်တို့ ဝင်ရောက်ဖြေဆိုဖို့ မဆိုထားနှင့်။ စိတ်ကူးပင် မယဉ်ဝံ့ချေ။

မြတ်စွာဗုဒ္ဓဟောဖော်ညွှန်ပြ ဆိုဆုံးမခဲ့သည့် ပိဋကတ်သုံးပုံတည်းဟူသော ဓမ္မများကို သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ စွမ်းအားတို့ဖြင့် အပတ်တကုတ် ကြိုးစားကျက်မှတ်ပြီးသဘောအဓိပ္ပာယ်တို့ကို အဋ္ဌကထာဋီကာအနုဋီကာယောဇနာ စသည့် အဖွင့်ကျမ်းများကို နှံ့စပ်အောင် လေ့လာကြည့်ရှုမှတ်သားရသည်။

တစ်ရက်၊ တစ်လ၊ တစ်နှစ်တည်းဖြင့် ကြိုးစား၍မရနိုင်။ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် မှန်မှန် ကြိုးစားနိုင်ပါမှ အောင်မြင်မှုပန်းတိုင်သို့ ရောက်ကြရသည်။ သာမန် ဖွဲလုံ့လ၊ ဝီရိယဖြင့် မရနိုင်၊ အင်မတန်မှ ခက်ခဲနက်နဲ ပင်ပန်းသော စာမေးပွဲကြီးဖြစ်သည်။

ထိုသို့ ခက်ခဲသော စာမေးပွဲကြီးကို ရှားရှားပါးပါး တိုင်းရင်းသားလူမျိုးများစွာထဲမှ ကမ္ဘောဇ(ခနဲ)ဆရာတော်သည် ''တိပိဋကဓရ''ဘွဲ့တံဆိပ်တော် အောင်ပန်းအား ဆွတ်လှမ်းယူတော်မူနိုင်ခဲ့၏။

ဤနေရာ၌ အာဇာနည်ပုဂ္ဂိုလ်နှင့် ပတ်သက်၍ အခါတစ်ပါး မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာမထေရ် လျှောက်ထားသဖြင့် မြတ်စွာဘုရားက–

**ဒုလ္လဘော ပုရိသ ဇညော၊**
**နသော သဗ္ဗတ္ထ ဇာယတိ။**
**ယတ္ထသော ဇာယတိ ဓီရော၊**
**တံကုလံ သုခ မေဓတိ။**

ဟူသော အာဇာနည်ဂါထာကို မိန့်တော်မူ၏။ အဓိပ္ပာယ်ကား–

www.burmeseclassic.com

www.burmeseclassic.com



လူယောက်ျားအာဇာနည်ကို ရခဲ၏။ သူသည် နေရာတိုင်း၊ ဒေသတိုင်း၌ ဖြစ်သည်မဟုတ်၊ သူသည် အာဇာနည်ပုဂ္ဂိုလ်သည် အကြင်နေရာဒေသ လူမျိုး၌ ဖြစ်ထွန်းပေါ်ပေါက်ငြားအံ့။ ထိုဒေသ ထိုလူမျိုးသည် ကြီးပွားချမ်းသာခြင်းကို ရနိုင်၏ဟူ၍ အဓိပ္ပာယ်ရသည်။

**တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ အရှင်ဝီရိယာနန္ဒ၏ အတ္ထုပ္ပတ္တိအကျဉ်း**

တိပိဋကဓရဘွဲ့တံဆိပ်တော်ရ အရှင်ဝီရိယာနန္ဒသည် ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ တောင်ရှည်အုပ်စု၊ တောင်းခမ်းရွာ ခမည်းတော် ဦးဘကျော် + မယ်တော် ဒေါ်တင်ကြည်တို့ မှ ၁၃၃၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့တွင်ဖွားမြင်သော သားကောင်းရတနာဖြစ်ပါသည်။

တိပိဋကဓရဘွဲ့တံဆိပ်တော်ရ အရှင်ဝီရိယာနန္ဒသည် နောင်ချိုမြို့နယ်၊ တောင်းခမ်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒဓောတိကို ဥပဇ္ဈာယ်ပြု၍ ဦးဘကျော်+ဒေါ်တင်ကြည်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

အရှင်ဝီရိယာနန္ဒသည် ၁၃၅၁ ခုနှစ်၊ ကဆုန်လဆုတ် ၆ ရက်၊ အင်္ဂါနေ့တွင် ရန်ကုန်မြို့၊ ကျိုက္ကဆံရွှေကျင်တိုက်သစ်ကျောင်းဆရာတော် အရှင်ခေမိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ ရပ်ကွက်၊ အမှတ် (၆ရရ)နေ ဦးအုန်းမောင်+ဒေါ်အေးကြည်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် နောင်ချိုမြို့၊ တောင်းခမ်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒဓောတိ၊ မိုးကုတ်မြို့၊ ပတ်မအထက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဂန္ဓသာရ၊ အမရပူရမြို့မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် အရှင်စန္ဒောဘာသ၊ တောင်တွင်းကြီးမြို့၊ ဆပ်သွားဘုံကျော်ကျောင်းတိုက်ဘဒ္ဒန္တဝိလာသ၊ ရန်ကုန်ကျိုက္ကဆံကျောင်းတိုက်ဆရာတော်၊ နာဂလိုဏ်ဂူဆရာတော်၊ ဒွိပိဋကဓရဘဒ္ဒန္တဇာဂရာဘိဝံသ၊ တိပိဋကဓရ(ပြည်)ဆရာတော်၊ တိပိဋကဓရမင်းကွန်းဆရာတော်၊ ဗန်းမော်ဆရာတော်ဘဒ္ဒန္တ ကုမာရာဘိဝံသ၊ တိပိဋကဓရ(ရေစကြို)ဆရာတော် စသောဆရာများထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပါသည်။

ဆရာတော် အရှင်ဝီရိယာနန္ဒသည် သာသနဓဇမ္မာစရိယဘွဲ့၊ တိပိဋကစာမေးပွဲ၌ တိပိဋကဓရဘွဲ့တို့ကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။ တိပိဋကဓရဘွဲ့တံဆိပ်တော်ရအရှင် ဝီရိယာနန္ဒသည် ယခုအခါ ရန်ကုန်မြို့၊ ဒဂုံစကားဝါလမ်း၊ တိပိဋကမင်းကွန်းကျောင်းတိုက်တွင် သာသနာ့တာဝန်များကိုထမ်းဆောင်ကာ သီတင်းသုံးလျက်ရှိပါသည်။

မှတ်မှတ်ရရ စာရေးသူ နောင်ချိုမြို့တွင် နေထိုင်ခဲ့စဉ်က ဖြစ်သည်။ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်နေ့ ဖြစ်သည်။ နောင်ချိုမြို့နယ်လုံးဆိုင်ရာ အ.ထ.က အ.လ.က ကျောင်းများမှ ကျောင်းသူ ကျောင်းသားလေးများ၏ စာစီစာကုံးပြိုင်ပွဲတွင် ဆုပေးပွဲနှင့်ယှဉ်ကာ ကျင်းပသည့်ပွဲ။

ထိုနှစ်မှာပင် ထူးထူးခြားခြား ဖြစ်သွားလေရော့သလားဟု ဆိုရမလိုပင်။ တစ်မြို့နယ်ထဲတွင် စာပေဟောပြောပွဲကို လေးနေရာခွဲကာ ကျင်းပနိုင်ခဲ့သည်။

နံပါတ်(၁)နေရာက–ဆမ္ဗဆယ်ကျေးရွာ

နံပါတ်(၂)နေရာက–ဘန့်ဘွေးကျေးရွာ

နံပါတ်(၃)နေရာက–တောင်းခမ်းကျေးရွာ

နံပါတ်(၄)နေရာက–နောင်ချိုမြို့နယ်၊ မြို့နယ်ခန်းမ။

နံပါတ်(၃)နေရာမြောက် စာပေဟောပြောပွဲကျင်းပနိုင်ဖို့ ကမ္ဘောဇတိပိဋကဓရဆရာတော်ကို သွားရောက်ဖူးမြော်သြဝါဒခံယူ လျှောက်ထားကြည့်တော့ ဆရာတော်က နေ့တိုင်းရင်းသား ပီပီ ပွင့်ပွင့်လင်းလင်းပင် မိန့်ကြားလေသည်။

"ဒကာကြီးတို့ကို ဘုန်းဘုန်းပြောမယ်၊ ဘုန်းဘုန်းတို့ တိုင်းရင်းသားများဟာ ဘုန်းဘုန်းအမြင်နဲ့ ပြောရရင် အရက်ဆိုင်တွေမှာပဲ မြင်နေရတယ်၊ ဒကာကြီးတို့ စာပေဟောပြောပွဲလုပ်ဖို့ဆိုတာ အင်မတန်မှ ခက်ခဲလိမ့်မယ်လို့ ထင်တယ်၊ ဘာပြုလို့လဲဆိုတော့ ဒီဒေသမှာ တစ်ခါမှမလုပ်ဖူးလေတော့ စာပေနှင့်ပတ်သက်ပြီး ပရိသတ်ရှိလိမ့်မယ် မထင်ဘူး၊ ဒါပေမဲ့ ကြိုးစားရင် အောင်မြင်လိမ့်မယ်လို့ ဘုန်းဘုန်း ယုံကြည်ပါတယ်၊ လိုအပ်တဲ့အကူအညီကိုလည်း ပေးပါ့မယ်။

ထိုနှစ်၊ ထိုဒေသ၊ ထိုရက်၊ ထိုအချိန်တွင် ဆရာတော်ကျေးဇူးကြောင့် စာပေဟောပြောပွဲ အောင်အောင်မြင်မြင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့လေသည်။

ဤကား ပွင့်လင်းရိုးသား ဓနုတိုင်းရင်းသားအာဇာနည် ကမ္ဘောဇ တိပိဋကဓရ(ဓနု)ဆရာတော်၏ မိမိလူမျိုး၊ မိမိဒေသ၏ ရင်းမြစ်အကြောင်းကို ဖော်ထုတ်ကာ ကြိုးစားအားထုတ်မှု၏ရလဒ်ဟုပင် ဆိုရပေမည်။

စာရေးသူ၏စိတ်အစဉ်ဝယ် ရှမ်းတို့ဌာနေ ဓနုမြေကို ပြန်မရောက်ဖြစ်သော်လည်း တစ်ချိန်က စာပေဟောပြောပွဲ ကျင်းပခဲ့သည့် နေ့ရက်များကို မနေ့တစ်နေ့ကကဲ့သို့ မြင်ယောင်နေမိတော့သည်။

မောင်ငြိမ်းချမ်း(ရောစို)

www.burmeseclassic.com

www.burmeseclassic.com



# သာမညဖလတရားတော်နှင့် အဇာတသတ်၏ ဿံဝေဂ

ရွှေတိုင်လွင်



ပန်းချီ မင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com





တန်ဆောင်မုန်းလသည် မြန်မာနှစ် တစ်ဆယ့်နှစ်လရာသီဝယ် မိုးလကုန်ဆုံးလျက် ဆောင်းလရာသီသို့ ကူးပြောင်းစကာလ၊ ရာသီခွင်မှာ ဗြိစ္ဆာရာသီ၊ ဥတုမှာကား ဟေမန္တဆောင်းဥတု အကြိုကာလ၊ မြောက်လေအေးတို့က ဥတုရာသီကိုကြိုဆိုကာ စိမ့်အေးသော လေနုအေးတို့က ကြိုဆိုနေပါတော့သည်။ ထိုကာလတွင် ကြတ္တိကာနက္ခတ်ထွန်းလင်းလက်လျက်၊ ကြတ္တိကာသဘင်ကို ရှေးပေါရာဏအခါကတည်းက ဆင်နွှဲခဲ့ပုံအား ဥမ္မာဒန္တီပျို့က ပြဆိုထားပါသည်။

ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်လရာသီဘွဲ့နှင့် မိုးဘွဲ့သဖြန်လေးဆစ်ထဲမှ တန်ဆောင်မုန်းလ၏ သဖြန်လေးဆစ် တစ်စိတ်တစ်ဒေသကလည်း ဤသို့ ဆိုထားပါလေသည်။ "ကောင်းကင်လယ်၊ ထက်ဝေယံဘုံဦး၊ တိမ်ရောင်စွန်းတယ်၊ ထွန်းထိန်လို့မြူး" ဟူ၍ တန်ဆောင်မုန်းကို ဖွဲ့ဆိုထားခြင်းအားထောက်ရှုခြင်းအားဖြင့် ရှေးရှေးသောကာလများကတည်းက ကြတ္တိကာနက္ခတ်နှင့်အပြိုင် နက္ခတ်သဘင်ပွဲများကို ကြက်ပျံမကျ စီရင်ကျင်းပပုံကို ဥမ္မာဒန္တီပျို့ထဲမှ လေ့လာတွေ့ရှိရပါလေသည်။

ရာသီပန်းအားဖြင့် ခဝဲပန်းများ ပွင့်သောကာလဖြစ်ပေသည်။ ထိုကာလ ညချမ်းအခါဝယ် အဇ္ဈာကောင်းကင်ပြင်တစ်ခွင်လုံး မိုးရိပ်မိုးသားများစင်ကင်းစင်ကာ သီတဂူလမင်းကြီးကလည်း အလျံပဝင်းလက်ကြည်လင်စွာနဲ့ နက္ခတ်တာရာများ အစုံလင်တို့က ခြံရံလျက် အလွန်ပင်ကြည်နူးနှစ်လိုဖွယ်ကာလဖြစ်ပါပေသည်။ ထိုတန်ဆောင်မုန်းလပြည့်နေ့ညသည် တခြားသော လပြည့်နေ့ညများထက် ကျက်သရေပိုမိုတင့်တယ်လျက် ရှိနေပါပေ၏ဟု စာဖတ်ပရိသတ်တို့ နှစ်လိုဖွယ်ခံစားမိကြရပါပေမည်။

ဩကာသကောင်းကင်ကြီးတစ်ခုလုံးဝယ် ဆောင်းဝင်စအခြေအနေတွင် လက်ကျန်မိုးရိပ်နှင့် နှင်းငွေ့နီဒါန်းတို့ကား ရောယှက်လျက်ရှိပါလေသည်။ သာယာကြည်နူးဖွယ်အသွင်ကို ဆောင်လျက်ရှိပါသည်။ တန်ဆောင်မုန်းလပြည့်နေ့အား အဇာတသတ်မင်းကြီးက တင်စားထားသည်မှာ ရမဏီယာဝတ=မွေ့လျော်ဖွယ်ကောင်းသောည၊ အဘိရူပါဝတ=အလွန်လှပဆန်းပြားသောည၊ ဒဿနီယာဝတ=ရှုဖွယ်ကောင်းသောည၊ ပါသာဒိကာဝတ=ကြည်လင်ရွှန်းပသောည၊ လက္ခညာဝတ=မေ့မရသောညပါတကားဟု ငါးပါးသောကောင်းချီးဖြင့် ချီးကျူးတင်စားထားပါလေသည်။

လပြည့်ညသည် ညဥ့်နက်လေ တိတ်ဆိတ်လေ၊ ထိုသောအခါဝယ် အဇာတသတ်မင်းကြီးသည် မိမိ၏ ပြုခဲ့သော အကြောင်းတရားတို့အား ပြန်လည်စဥ်းစားဆင်ခြင်တော်မူနေစဉ် ညဥ့်နက်လေ အိပ်မရဖြစ်လေ၊ စိတ်အစဥ်မှာ ချောက်ချားမှုများဖြင့် ဖြစ်နေလေတော့သည်။ ထိုသို့ ဖြစ်နေခြင်းအား မည်သူက ဖြေဆည်းပေးနိုင်မည်နည်းဟု သမားတော်ကြီး ဇီဝကကို မေးမြန်းခဲ့လေသည်။ ဗုဒ္ဓဘုရားမှတပါး မည်သူမျှ မစွမ်းဆောင်နိုင်ဟု ပြန်လည်ဖြေကြားခဲ့ရာ အဇာတသတ်မင်းကြီးက ညတွင်းချင်း ဘုရားကိုဖူးမျှော်ခွင့်သင့်မည်လော၊ ယခုပင်သွားလိုသည်၊ ဘယ်နေရာမှာ ဗုဒ္ဓဂေါတမမြတ်စွာဘုရား သီတင်းသုံးပါသနည်း။ အလောကဇောတိုက်ကာ မိမိ၏ ကြောက်မက်ဖွယ် အိပ်မက်ဆိုးများကို ဖယ်ရှားလိုမှု၊ ဘုရားကို ပူဇော်လိုစိတ်တို့ တဖွားဖွား ဖြစ်ပေါ်နေသောညမှာလည်း ဤတန်ဆောင်မုန်းလပြည့်နေ့ညပင်ဖြစ်ပေသည်။

အဇာတသတ်မင်းကြီး၏ ကျေနပ်နှစ်သိမ့်မှုကို ရစိမ့်သောငှာ သမားတော်ကြီးဇီဝကမှ သူလှူဒါန်းထားသည့် သရက်ဥယျာဉ်တော်အတွင်း သီတင်းသုံးတော်မူလျက်ရှိပေသည့် ဘုရားရှင်ထံ သွားရောက်ဖူးမြော်ပူဇော်နိုင်ရန် စီမံဆောင်ရွက်ပါလေတော့သည်။ ဘုရားရှင်ထံသို့ ဖူးမြော်ကြည်ညိုရန်သွားသော ကာလအချိန်မှာ တန်ဆောင်မုန်းလပြည့်နေ့ ညသန်းခေါင်ယံကာလဖြစ်လေသည်။ ညချမ်းဖြစ်သည့်အတွက် ရာဇဂြိုလ်မြို့ကြီး၏ မြို့ပြင်သို့ထွက်လိုက်သည်နှင့် စာဆိုရှိသည့်အတိုင်း "တောင်ငါးလုံး ဝိတ်ဖုံးကာခံ ရာဇဂြိုလ်"ဆိုသကဲ့သို့ တောရိပ်၊ တောင်ရိပ်၊ အမှောင်ရိပ်တို့က ပိန်းပိတ်လျက် ကြိုနေပါလေသည်။ ရာဇဂြိုလ်မြို့ကြီး၏ အရှေ့တံခါးဝမှ ထွက်လိုက်သည်နှင့် စာရေးသူခံစားမိပါ၏။ စိတ်ချမ်းသာလွှမ်းမောဖွယ်၊ တမ်းတဖွယ်၊ နှစ်လိုဖွယ်ည၏ အလှတစ်ပါးလို့ ဆိုရပါလေမည်။

www.burmeseclassic.com

www.burmeseclassic.com






တိုလပြည့်နေ့ညဝယ် ဗုဒ္ဓဂေါတမ မြတ်စွာဘုရားထံ နန်းတွင်းမှ အဆောင်ကိုင်၊ ပန်းကိုင်၊ ဆီမီးကိုင်တို့ဖြင့် စစ်သည်ဗိုလ်ပါစုံလင်စွာဖြင့် လိုက်ပါသူအားလုံးက လက်နက်အစား မီးရှူးတိုင်များကို ထွန်းညှိကိုင်ဆောင်ကာ သွားကြရပါလေသည်။ မီးရှူးတိုင်ကို ရှေးခေတ် ပေါ်ရာဏအခေါ်အားဖြင့် ''တန်ဆောင်''ဟူ၍ ခေါ်ဝေါ်ကြပေသည်။ တိုင်ထိပ်ဖျားမှာ ထွန်းညှိရသဖြင့် ''တန်ဆောင်တိုင်''ဟူ၍ ခေါ်ဝေါ်ကြပါသည်။ ဘုရားရှင်ကို ဖူးမြော်ရန်သွားသည့်ခရီးတွင် ''တန်ဆောင်တိုင်''များ၏ အလင်းစွမ်းအင်ကို အမှီပြုကာ သွားရောက်ကြခြင်းကြောင့် လမ်းများကို မြင်ကြရပါလေသည်။ ဤသည်ကို နှလုံးမူကာ နောက်လူတို့သည် တန်ဆောင်တိုင်ပွဲ၊ မီးအလင်းရောင်ပွဲကို ပူဇော်ကျင်းပနေခြင်း ဖြစ်ပါပေသည်။

အဇာတသတ်မင်းကြီးသည် မိမိပြုခဲ့သော ကံအကြောင်းများကြောင့် စိတ်မှာ ဦးတည်ရာမရ တုန်လှုပ်ချောက်ချားမှုများစွာဖြင့် အိပ်မပျော်နိုင်ဖြစ်နေရာမှ ဘုရားထံ ကြည်ညိုပူဇော်ရန်သွားရောက်စဉ်မှာပင် မိမိ၏တုန်လှုပ်ချောက်ချားစိုးထိတ်မှုတို့ တစ်စိတ်တစ်ဒေသ ပြေလျော့နေခဲ့သည်။ စိတ်ထဲမှာလည်း ငါ့ကို ဘုရားက ဖူးတွေ့ခွင့်မှ ပြုပါ့မလားဟူ၍ အတွေးစိတ်တို့က ရောက်နေပါလေသည်။ ဘုရား သီတင်းသုံးရာ သရက်ဥယျာဉ် ကျောင်းပေါက်ဝကိုရောက်သည်နှင့် သံဃာတွေရဲ့အလယ်မှာ ဗုဒ္ဓဘဂဝါသည် တင့်တယ်လှစွာ သီတင်းသုံးနေသည်ကို မြင်တွေ့လိုက်ရသော အဇာတသတ်မင်းကြီးမှာ အလွန်မှ ကြည်ညိုစိတ်များနိုးကြွလာပါလေတော့သည်။ ထိုအချိန်၌ သူထင်ထားသည့်အတိုင်း မဟုတ်ပါဘဲ ဗုဒ္ဓဘုရားရှင်က ''အကာတော်ရေမြွေရှင် ဝင်လှည့်ပါ၊ နေထိုင်ရာထိုင်ခင်း သင့်လျော်ရာနေရာ၌ နေထိုင်ပါ'' စသည်ဖြင့် နေရာပေးခြင်း၊ ဖိတ်ခေါ်မှုကို ကြားတွေ့ရသောအခါ ကြက်သီးမွေးညှင်းထလောက်အောင် အဇာတသတ်မင်းကြီး ကြည်ညိုစိတ်များ တဖွားဖွားဖြစ်ခဲ့သည်ဟု အဋ္ဌကထာဆရာများက ဆိုထားသည့်စာပေများကိုလည်း လေ့လာတွေ့ရှိရပါလေသည်။

ထိုတန်ဆောင်မုန်းလပြည့်နေ့ဝယ် ဘုရားဂေါတမသည် အဇာတသတ်မင်းကြီးကို အကြောင်းပြု၍ ညသန်းခေါင်ယံ ''သာမညဖလ''သုတ္တန်ကို ဟောကြားတော်မူခဲ့ခြင်းကြောင့် ''သာမညဖလအခါတော်နေ့''ဟု သတ်မှတ်၍ ယနေ့တိုင်ပူဇော်နေခြင်းဖြစ်ပါပေသည်။ သာမညဖလသုတ်တော်၏ အဓိကမှာ အခြေခံသီလနှင့်ပြည့်စုံခြင်း (၅)မျိုးအပြင် သတိ၊ ဆင်ခြင်တုံတရားနှင့် ရောင့်ရဲခြင်းတို့အား အရင်းတည်၍ အားထုတ်ပွားများပါလျှင် နီဝရဏတည်းဟူသော တားဆီးပိတ်ပင်ခြင်းကင်းကာ ဈာန်တရား၊ ဝိဇ္ဇာ(၈)ပါး၊ မဂ်ဖိုလ်ရနိုင်သည်အထိ ဤသုတ္တန်က အတိအလင်းညွှန်ပြထားခြင်းကို အဇာတသတ်မင်းကြီး နာကြားခဲ့ရပြီး ရင်ထဲမှ အပူသောကတို့ ကင်းဝေးငြိမ်းအေးသောကာလမှာ ဤတန်ဆောင်မုန်းလ ညသန်းခေါင်ဈာလပင် ဖြစ်ပါပေတော့သည်။


အဇာတသတ်မင်းကြီးကို သာမညဖလသုတ္တန် ဟောဖော်ညွှန်ပြဆုံးမသော ဤတန်ဆောင်မုန်းလပြည့်နေ့ညဝယ် ဘုရားထံသို့ ဆီမီးတိုင်များဖြင့် အဇာတသတ်နှင့် မှူးမတ်ဗိုလ်ပါအပေါင်းတို့ လာရောက်ကြည်ညိုခြင်းအား အစွဲပြု၍ တန်ဆောင်တိုင်မီးထွန်းပွဲတော်ဖြစ်ပေါ်လာပုံ၊ တန်ဆောင်မုန်းလပြည့်နေ့ သာမညဖလအခါတော်နေ့အား ရေးသား ပူဇော်တင်ပြလိုက်ရပါတော့သတည်း။

ရွှေတိုင်လွင်(ဦးစန်းလွင်)

www.burmeseclassic.com

www.burmeseclassic.com





အဂ္ဂမဟာပဏ္ဍိတ တံဆိပ်တော်ရ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးမိတ်မြို့ ရွှေကျောင်းပရိယတ္တိစာသင်တိုက်

# ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ ၏

## ထေရုပ္ပတ္တိအကျဉ်းချုပ်

(သက်တော် ၇၅ နှစ်၊ သိက္ခာတော် ၅၃ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် 'ဘဒ္ဒန္တဓမ္မာနန္ဒ'သည် မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်အနောက်ပိုင်း၊ ဂေါင်းဦးဘာရပ်၊ ခမည်းတော်ဦးဖုန်း၊ မယ်တော်ဒေါ်အိမ်တို့မှ သက္ကရာဇ် ၁၂၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက် စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂ နှစ်သားအရွယ်သို့ ရောက်သောအခါ လေးမြို့ဂိုဏ်းချုပ်၊ ပန်းမလယ်ပြင်ကျောင်း ဆရာတော် ဘဒ္ဒန္တကုမာရ(အဂ္ဂမဟာပဏ္ဍိတ)ထံတော်၌ ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့၍ သက်တော် ၂၂ နှစ်(၁၂၉၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်နေ့)တွင် မိုးမိတ်မြို့၊ ရွှေကြာပင်ကျောင်း ခဏ္ဍသိမ်တော်၌ မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက် (မိုးမိတ်၊ မိုးလှိုင်း)နှစ်မြို့ဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တခေမိန္ဒ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြုလျက် မိုးမိတ်မြို့၊ မြောက်ပိုင်းရပ်၊ ငွေတိုက်အမတ်ကြီး ဦးကျုန်-ဒေါ်ကျော့ သားသမီးတစ်စု၊ ကုန်သည်ကြီး ဦးထွန်းမြတ်-ဒေါ်အုံးကြင်မိသားစုနှင့် ဦးလုသောင်း-ဒေါ်သန်းသန်းမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၀ နှစ်သားအရွယ်မှစ၍ လေးမြို့ဂိုဏ်းချုပ်၊ ပန်းမလယ်ပြင်ကျောင်းဆရာတော် ဘဒ္ဒန္တကုမာရ(အဂ္ဂမဟာပဏ္ဍိတ)ထံ၌ အခြေခံပညာများကို သင်ယူခဲ့ပါသည်။ ၁၅ နှစ်သားအရွယ်သို့ရောက်သောအခါ ကျောင်းမှထွက်၍ မိုးကုတ်မြို့၊ ရှမ်းတောရပ်၊ ဦးအောင်ကြီး-ဒေါ်ရှင်တို့၏ နေအိမ်၌နေလျက် ဆရာကြီးဦးဘမောင်ထံ၌ သဒ္ဒါ,သင်္ဂြိုဟ်

www.burmeseclassic.com

www.burmeseclassic.com



စသော ပိဋကတ်အခြေခံကျမ်းများနှင့်တကွ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ၇ နှစ်တိုင်တိုင် သင်ကြားဆည်းပူးခဲ့ပါသည်။

ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် မိုးကုတ်မြို့ ပန်းမလယ်ပြင်ကျောင်းဆရာတော် ဘဒ္ဒန္တကုမာရ(အဂ္ဂမဟာပဏ္ဍိတ)၊ မုံရွာမြို့ အနောက်လယ်တီကျောင်းတိုက်စာချဆရာတော်များ၊ အမရပူရမြို့ တူးမောင်းတိုက်စာချဆရာတော်များနှင့် မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းဆရာတော် ဘဒ္ဒန္တခေမိန္ဒ(အဂ္ဂမဟာပဏ္ဍိတ)တို့ထံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ နေ့ဝါညဝါကျမ်းစာများကို ပါရဂူမြောက် တတ်မြောက်လိမ္မာအောင် ကောင်းစွာသင်ကြားဆည်းပူးတော်မူခဲ့ပါသည်။ ယင်းသို့ စာပေပရိယတ္တိများကို သင်ကြားဆည်းပူးတော်မူရင်း စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရာ အစိုးရပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် မုံရွာမြို့ ဝိနည်းငယ်လေးစောင်စာမေးပွဲများကို ရဟန်းငယ်ဘဝဖြင့် အောင်မြင်တော်မူခဲ့ပါသည်။

**စာပေကျမ်းဂန် ပို့ချသင်ကြားရေးသားပြုစုတော်မူခြင်း**

ဆရာတော် 'ဘဒ္ဒန္တဓမ္မာနန္ဒ'သည် ရဟန်းသိက္ခာ ၇ ဝါအရတွင် မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက်သို့ ကြွရောက်ကာ ဆရာတော်ဘုရားကြီးအမိန့်တော်အရ စာသင်သံဃာတော်များအား သဒ္ဒါ၊ သင်္ဂြိုဟ်စသည့် ပိဋကတ်အခြေခံကျမ်းစာများနှင့်တကွ ပါဠိ၊ အဋ္ဌကထာကျမ်းများပါ အားသွန်ခွန်စိုက် ပို့ချသင်ကြားပေးတော်မူခဲ့ရာ ဓမ္မာစရိယအထောက်အပံ့ဆွမ်းဆန်တော်များကို အလှူခံရရှိတော်မူခဲ့ပါသည်။

ထို့ပြင် မိုးမိတ်မြို့ စော်ဘွားကြီး စဝ်ခွန်ချိုနှင့် အမတ်ကြီးများ၊ မြို့နယ်သံဃာတော်များ၏ 'မိုးမိတ်၊ မိုးလိုင်း၊ နှစ်မြို့ ဂဏဝါစကဘာရနိတ္ထာရက''ဟူသော ဘွဲ့ဖြင့် ချီးမြှောက်ပူဇော်ခြင်းကိုလည်း ခံယူရရှိတော်မူခဲ့ပါသည်။

ယင်းသို့ စာပေများကို ပို့ချနေစဉ် ၁၃၂၂ ခုနှစ်တွင် နယ်ချုပ်ကြီး ဝဏ္ဏကျော်ထင် ကျောင်းဒါယကာကြီး ဦးစောမိန်း အမှူးပြုသော မြို့သူမြို့သား ကျောင်းဒါယကာ၊ ဒါယိကာမများက ပင့်လျှောက်လာကြသဖြင့် မိုးမိတ်မြို့ရွှေကျောင်းကို လက်ခံကာ ''ရွှေကျောင်းပရိယတ္တိစာသင်တိုက်''ဟူသော အမည်ဖြင့် စာသင်တိုက်တည်ထောင်ဖွင့်လှစ်ကာ ကိုယ်တော်တိုင် ကြီးမှူးအုပ်ချုပ်တော်မူလျက် စာသင်ရဟန်းသာမဏေတို့အား ပါဠိ၊ အဋ္ဌကထာ၊ နေ့ဝါညဝါ ကျမ်းစာများကို နေ့စဉ် ပို့ချသင်ကြားပေးခြင်းဖြင့် အစိုးရဓမ္မာစရိယစာချတန်းနှင့် ပထမပြန် ငယ်–လတ်–ကြီး–တန်း အောင်သံဃာတော်ပေါင်းများစွာ ပေါ်ထွန်းစေခဲ့ပါသည်။ ယခုအခါ တပည့်ရင်း ဓမ္မာစရိယစာချဆရာတော် ၅ ပါးနှင့် တိုင်းရင်းသားပေါင်းစုံ စာသင်သံဃာ(၁၅၀)ကျော်တို့ဖြင့် အထူးစည်ကား တိုးတက်လျက်ရှိနေပါသည်။

ရွှေကျောင်းပရိယတ္တိစာသင်တိုက်ကြီးကို တာဝန်ယူအုပ်ချုပ်တော်မူ၍ တပည့်သံဃာတော်များအား စာပေကျမ်းဂန်များကို ပို့ချပေးတော်မူစဉ် ဖော်ပြလတ္တံ့ပါ ကျမ်းဂန်များကိုလည်း ရေးသားပြုစုတော်မူခဲ့ပါသည်။

၁။ အစုံငါးဖြာတရားတော်

၂။ ဆဆက္ကသုတ္တန် ဟောစဉ်တရားတော်

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သာသနာတော်အတွက် ကြောင့်ကြမဲ့နေတော်မမူဘဲ သာသနာ့တာဝန်အသီးသီးတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တာဝန်ယူထမ်းဆောင်တော်မူခဲ့ပါသည်။

၁။ ဆဋ္ဌသင်္ဂါယနာ ပဋိဂ္ဂါဟကဘ

၂။ မိုးမိတ်၊ မိုးလိုင်း နှစ်မြို့ဂိုဏ်းချုပ်ဆရာတော်

၃။ မိုးမိတ်မြို့ သာသနမာမကအသင်းနာယက

၄။ မိုးမိတ်မြို့ ဉာဏ်တော်အတောင် ၇၀ ရှိ ဆုတောင်းပြည့်စေတီတော်ကြီးဂေါပကအဖွဲ့နာယက(၎င်းစေတီတော်ကိုလည်း အသစ်တဖန် ပြန်လည်မွမ်းမံတော်မူသည်)

၅။ ရွှေမြင်တင်ဘုရားဂေါပကအဖွဲ့ နာယက

၆။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာအစည်းအဝေးကြီး၏(၆၆ ပါးကိုယ်စားလှယ်အဖွဲ့ဝင်)မှုလသံဃာ့ဝန်ဆောင်

၇။ ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးမှ ရွေးချယ်တော်မူသည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်

၈။ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးကြီးတွင် နိုင်ငံတော်သြဝါဒါစရိယ။

**ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံတော်မူခြင်း**

ဤသို့လျှင် သာသနာအကျိုးကို သည်ပိုးဆောင်ရွက်တော်မူခဲ့သည့် ပိဋကတ္တယဆောင၊ဂန္ထဓုရာဝဟ၊ မဟာထေရ၊ ပရိယတ္တိဝိသာဒ၊ လဒ္ဓိပေသလ၊ သိက္ခာကာမဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒသည် ၁၃၄၇ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူပါသည်။

စိုးညွန့်

www.burmeseclassic.com

www.burmeseclassic.com





# မနုမြေမှ အံ့ဖွယ်ထင်ရှား ရှေးဟောင်းတန်ခိုးကြီးဘုရားများ

မနွယ်(ကလော)

အရှေ့ရိုးမ ရှမ်းကုန်းမြင့်ကြီးပေါ်ရှိ ရှမ်းပြည်နယ်တောင်ပိုင်းတွင် မြို့နယ်တစ်မြို့နယ်အဖြစ် ပါဝင်သော ကလောမြို့ကို မန္တလေးတိုင်းဒေသကြီး၏ နယ်နိမိတ်အဆုံး၊ ရှမ်းပြည်နယ်၏အစအဝင်ဝ၌ ပထမဆုံးခရီးဦးကြိုဆိုနေသည်ကို တွေ့ရှိနိုင်ပါသည်။ ကလောမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေပေါင်း (၄၃၁၅)ပေ၌ တည်ရှိ၏။

ကလောမြို့၏ မြို့နယ်မှတ်တမ်းများအရ ရှမ်းပြည်နယ် တောင်ပိုင်း၏ မြို့နယ်များတွင် ဧရိယာအကျယ်အဝန်းဆုံးဟူ၍ မှတ်သားဖတ်ရှုရဖူး၏။ မနုတိုင်းရင်းသားတို့ကျက်စားရာ ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ ဘော်ဆိုင်း စသည်ဖြင့် (၄)မြို့ ပါဝင်ဖွဲ့စည်းထားပါသည်။

မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ချင်း ထိစပ်နေသည်ဖြစ်၍ ဗမာ၊ ရှမ်း၊ ပလောင်၊ ပအိုဝ့်၊ တောင်ရိုး၊ မနုတိုင်းရင်းသားမျိုးနွယ်စုတို့နှင့်အတူ နီးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို စိတ်ဝင်စားဖွယ် တွေ့ရှိနိုင်၏။

တိုင်းရင်းသားအများစုတို့မှာ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ဆည်းကပ်သူများဖြစ်ကာ သာသနာတော်သည် မီးရှူးတန်ဆောင်အဖြစ် ထွန်းပြောင်ဝင်းပနေသည့် အရပ်ဒေသဟု ဆိုရပေမည်။ ဘာသာ၊ သာသနာရေးကို အထူးဦးစားပေးသည်ဖြစ်၍ အလှူဒါနပြုကြသူတိုင်း သဒ္ဒါထက်သန်မှုကို "တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား"ဟူ၍ ဟစ်ကြွေးကျူးရင့်နေသော ရိုးရာဆောင်ပုဒ်မှာ တစ်သက်တာ မရိုးနိုင်အောင် ရှိနေပေသည်။

ရှမ်းကုန်းမြင့်ဒေသသည် သာသနာတည်မည့်ဒေသအဖြစ် ရှေးနှစ်ပေါင်းများစွာ(သီရိဓမ္မာသောကမင်းကြီးလက်ထက်)နှင့် ရှေးနှစ်ပေါင်း(၁၀၀၀)ကာလ သမိုင်းဝင်သာသနာပြုမင်းမြတ် အနော်ရထာလက်ထက်မှစ၍ သတ်မှတ်ချက်ရှိခဲ့သည်ဟု ပေစာ၊ ပုရပိုက် အထောက်အထားများနှင့်တကွ တည်ထားကိုးကွယ်ခဲ့သည့် တန်ခိုးကြီးဘုရားများ ပုထိုးတော်၊ စေတီတော်၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ မျက်မှောက်ထင်ရှားဖူးတွေ့နေရခြင်းဖြင့် သက်သေခံလျက်ရှိပေသည်။

ကလောမြို့ဆိုလျှင် မြန်မာပြည်တစ်နံတစ်လျားသာမက နိုင်ငံခြားညှိသည် ကမ္ဘာလှည့်ခရီးသည်တို့၏ လောက၌ပါ စိတ်ဝင်တစားရှိနေကြကာ ရေပန်းစားနေ၏။

ကလောမြို့သည် အစဉ်သဖြင့် အေးမြချမ်းမြေ့သာယာမှုရှိနေသော ရာသီဥတု အမြဲစိမ်းလန်းသော သစ်တောသစ်ပင်၊ ပန်းမန်၊ ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှအပများနှင့် သာယာရှုမော မြို့ကလောဟု တင်စားတတ်ကြသလို ထင်းရှူးမြို့တော်၊ မောမြေဦး၊ စိန်ပန်းပြာမြေ၊ ချယ်ရီရိပ် စသည်ဖြင့် တင်စားချက်အမျိုးမျိုးဖြင့် ထင်ပေါ်နေ၏။

ဒေသခံ စာပေသမားတစ်ဦးဖြစ်

www.burmeseclassic.com



သော စာရေးသူမှာ မွေးရပ်မြေ၏ ထူးခြားဂုဏ်များကို အချိန်ရတိုင်း၊ အခွင့်သာတိုင်း စူးစမ်းလေ့လာရှာဖွေစုစည်းကာ အကြောင်းရင်းခံ သမိုင်းနောက်ခံများ ဆောင်းပါးတစ်ပုဒ်ချင်းရေး၍ စာပေဖတ်ပရိသတ်များကို ကြိုးပမ်းကာ တင်ပြရပါသည်။

**ကလောပေါ်ထင်အမည်တွင်**

ကလောမြို့၏ အခြားမြို့များနှင့် မတူ တမူထူးခြားချက်မှာ မြို့တည်နေပုံအနေအထားပင် ဖြစ်ပါသည်။ ထိုသို့ထူးခြားချက်မှ ဝိသေသလက္ခဏာအရ မြို့၏အမည် "ကလော"ဟူ၍ ဖြစ်လာရခြင်းကို မြန်မာ့စွယ်စုံကျမ်းအတွဲ(၁) ၌ မြို့၏ဝန်းကျင် ရပ်ရှစ်ခွင်တို့၌ တောင်ကုန်းမြင့်၊ တောင်တန်းရှည်၊ တောင်စွယ်၊ တောင်နှာမောင်း အသွယ်သွယ်များပတ်ကာ ဝိုင်းရံနေသည်ဖြစ်ရာ ဇလုံ၏ ပုံသဏ္ဍာန်နှယ် တူပါသည်။ "ကလောက်" ဆိုသည်မှာ ပလောင်ဘာသာစကား ဖြစ်ပြီး "ဇလုံ"ဟု အဓိပ္ပာယ်ရသဖြင့် ခေါ်ဝေါ်ခဲ့၏။ ကာလရွေ့လျားလေသော် ကလောက်မှကလောဟူ၍ အသံထွက်အတိုင်း အမည်တွင်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြပါရှိပေသည်။

မြို့နယ်မှတ်တမ်းတွင်လည်း ထိုအတိုင်းပင် ပါရှိခဲ့ပြီး ရှမ်းလူမျိုးများအနေဖြင့် ရှေးခေတ်က တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသတို့ ကုန်စည်ကူးသန်းဆက်သွယ်ရာတွင် ကုန်တင်နွားလှည်းများ စခန်းချရပ်နားရာ ထိုအရပ်ကို စန်းသာ၊ ရှမ်းဘာသာဖြင့် "ကယ်လော့"ဟူ၍ ခေါ်ဝေါ်ခဲ့ရာမှ ကာလကြာမြင့်သော် "ကလော"ဟုပင် အမည်တွင်နေသည်ဆို၏။

ကလောမြို့နယ် မြေတစ်ခွင်တွင် အဆိုပါ ယေဘုယျထူးခြားချက်များအပြင် ပုဂံခေတ်ယဉ်ကျေးမှု အနုပညာလက်ရာများဖြင့် တန်ဆာဆင်သည့် ဘုရားပုထိုး၊ စေတီတော်၊ ရုပ်ပွားဆင်းတုတော်များ တန့်ဖိုးကြီးလျက်ရှိရာ ထိုအဓိက ထူးခြားချက်များအား အံ့ဖွယ် ထူးတွေ့ ကလောမြေ"ဟူ၍ တင်စားချက်တစ်ခု ဖြည့်စွက်ရပါသည်။

**အံ့ဖွယ်စုံလင် ကလောနယ်တစ်ခွင်**

တောင်ခိုးတွေဝေ၊ မြူခြေတွေဆိုင်း၊ ပြာမှိုင်းလျက်ရှိနေသော ကလောမြို့နယ်ဝန်းကျင်တစ်ဝိုက်တို့တွင် အနော်ရထာမင်းကြီးနှင့် ပုဂံမင်းအဆက်ဆက်တို့၏ ကောင်းမှုတော်ဘုရားပုထိုးစေတီတော် ရုပ်ပွားတော်မြတ်များ ကိန်းဝပ်စံပယ်သီတင်းသုံးနေတော်မူသည့် တောင်ကုန်းမြင့် ကျောက်ဂူလိုဏ်ခေါင်းဥမင်တို့တွင် အထင်ကရ သဘာဝလိုဏ်ဂူတော်(၃)ခု ကြာမျိုးငါးမည်နှင့် ပန်းတင့်သည့် ရေအိုင်ကြီး(၄)အိုင်၊ ပန်း(၅)ပန်းဟူသော ရှမ်းပြည်နယ်တွင် 'ပန်း'အမည်ပါ ဘုရား(၉)ဆူ (ပန်းကိုးပန်း)ဟူ၍ရှိရာ ကလောမြို့နယ်အတွင်းမှာပင် ပန်း(၅)ပန်း ပါဝင်နေသည်။ ရွှေ(၅)ရွှေ၊ 'ရွှေ'အမည်ပါ ဘုရားစေတီများလည်း တည်ရှိနေရာ ပုဂံမင်းဆက်များနှင့် ဆက်နွယ်မှုရှိနေပြီး 'ကလော'ဟူသော ဝေါဟာရထက် ပို၍ ရှေးဦးကျသည်ဟု ကြားဖူးနားဝအပြင် မှတ်တမ်းကိုပါက ဖတ်မှတ်ရပါသည်။

၁။ ကလော ရွှေဥမင်သဘာဝလိုဏ်ဂူ ဘုရား

၂။ မြင်းမထိလိုဏ်ဂူ ဥဏ္ဏာလုံမွေးရှင်တော်ဘုရား

၃။ ကလောမြို့နယ် အောင်ပန်းမြို့ သူရဲကျေးရွာတွင် သူရဲဥမင်ဂူ ဟူ၍ (၃)နေရာ (၃)ဌာနတို့၌ ဥမင်ဘုရားများ တည်ရှိနေသည်။

**အင်း(၄)အင်း၊ ကန်(၄)ကန်**

၁။ အင်းမြင့်သိမ်ကန်
ကလောမြို့အရှေ့ဘက်(၂)မိုင် အင်းမြင့်ရွာ။

၂။ မြက်ရဲအင်း
(ယခုအခါ၌ ရေခန်းသွားပြီဖြစ်သည်။) ကလောမြို့ မြက်ရဲအင်းရပ်ကွက်ဟု အမည်တွင်လျက်ရှိ၏။

၃။ အင်းပက်လက်ကန်
ရွှေဥမင်ဘုရား အနောက်ဘက် တောင်ဘက်။

၄။ ပင်ဇီအင်း
ရေအေးကန်၊ မြို့လူထုသောက်သုံးရေပြန့်ဝေဆဲ ကလောမြို့ အနောက်ဘက်။

**ပန်း(၅)ပန်း**

ပန်းအမည်ပါဘုရားများ–

၁။ ပန်းခါစေတီတော်
ကလောမြို့၊ နန်းသဲရပ်။

၂။ ပန်းဖာဘုရား
ကလောတောင်ဘက် မြင်းတိုက်ဘူတာမရောက်မီ ကိုးနဝင်းစေတီခေါ်၊ ဘုရားကိုးဆူ။

၃။ ပန်းလုံးစေတီတော်
မြင်းမထိကျေးရွာ၏ အနောက်ဘက်။

၄။ အောင်ပန်းစေတီ
ကလောမြို့နယ်၊ အောင်ပန်းမြို့ရှိ လွှယ်မယ်တောင်ပေါ်။

၅။ ပန်းဖယ်စေတီ
ကလောမြို့နယ်
နန်းတိုင်းကျေးရွာ

**ရွှေ(၅)ရွှေ**

ရွှေအမည်ပါ စေတီဘုရားငါးဆူ။

၁။ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား
အမှတ်(၉)ရပ်ကွက်၊ နှစ်စဉ်

www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်မုန်းလဆန်း(၂)ရက်နေ့ ပွဲတော်ကျင်းပ။

၂။ ရွှေလင်းလွန်းစေတီ
ကလောမြို့၊ မြို့မ ပရိယတ္တိစာသင်တိုက်အတွင်း၊ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော်(၁၀) ရက်တွင် ပွဲတော်ကျင်းပ။

၃။ ရွှေကံသာစေတီ
ကလောရဲစခန်းမြောက်ဘက်။

၄။ ရွှေစာရီစေတီ
အင်းပြင်ကျေးရွာ ခြံသော့နှစ်ကောင်တောင်။

၅။ ရွှေမင်းဖုန်းစေတီ
ရွှေမင်းဖုန်း၊ ပလောင်တောင် တပေါင်းလပြည့်နေ့တိုင်း ပွဲကျင်းပ။ 'ရွှေညီနောင်ဘုရားများ' ဟုလည်း ခေါ်တွင်ပါသည်။

ဖော်ပြပါ ဘုရားစေတီများနှင့် ရေတွင်းရေကန်များသည် ကလောမြို့ တူ၍ မဖြစ်တည်မီ နှစ်ပေါင်းများစွာ ကတည်းက ရှိနှင့်နေပြီးဖြစ်ပါသည်။ ကလောမြို့တွင် ရှေးဟောင်းဘုရားများ၊ ကျေးရွာများ၏ နောက်ခံသမိုင်းသည် ပုဂံခေတ်နှင့် ဆက်နွယ်မှုရှိနေ၏။

ဟံသာဝတီ ဦးဘရင်ရေးသည့် အနော်ရထာစာအုပ်တွင် ကောဇာနှစ် ၃၁၆ ခုနှစ်တွင် အနော်ရထာမင်းစော သည် ညောင်ရွှေအင်းတိန်အရပ်မောရိ သဘုရားကိုတည်ခဲ့ပြီးနောက် နေပြည် တော် ပုဂံသို့အပြန်တွင် သီရိဓမ္မာသောက မင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် စေတီတော်များရှိရာအရပ်သို့ ရောက်ရှိ တော်မူသည်ဟူ၍ ဖော်ပြပါသည်။

သာသနာနှစ် ၂၁၈ ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်ရှိတော်မူသော မျိုးတိုင်းပါဋ္ဌလိပုတ်ပြည့်ရှင် သီရိဓမ္မာ သောကမင်းကြီးသည် မြတ်ဗုဒ္ဓဘုရား ၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေး ထောင်ကို ကြည်ညိုတော်မူသည့် အထိမ်းအမှတ်အဖြစ် ရေတွင်းပေါင်း (၈၄၀၀၀)၊ ရေကန်ပေါင်း (၈၄၀၀၀)၊ ကျောင်းဇရပ်ပေါင်း (၈၄၀၀၀)၊ ဘုရား စေတီတော်ပေါင်း (၈၄၀၀၀)တို့ကို ဆောက်လုပ်လှူဒါန်းတော်မူရာ သာသ နာနှစ် ၂၃၅ ခုနှစ်တွင် မဟာမောဂ္ဂလိ ပုတ္တတိဿမထေရ် အမှူးပြု၍ ကိုး တိုင်းကိုးဌာနတို့သို့ ရဟန်းတော်များ စေလွှတ်ကာ သာသနာပြုစေတော်မူ ခဲ့သည်။

သာသနာတည်မည့်အရပ် (၉) ဌာနတို့တွင် မြန်မာပြည်ပါဝင်သည်ဖြစ် ၍ ရှင်သောဏနှင့် ရှင်ဥတ္တရမတို့ ရောက် ရှိလာရာ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)အား ရည်စူး၍ စေတီတော်၊ ပုထိုးတော် ပေါင်း (၈၄၀၀၀)တို့ အပါအဝင်ဖြစ်သော ဘုရားပုထိုး စေတီတော်ပေါင်းများ တည် ဆောက်လှူဒါန်း ကိုးကွယ် သာသနာ ပြုခဲ့ပေသည်။

သို့ဖြစ်၍ သီရိဓမ္မာသောကမင်း ကြီးသည် အနော်ရထာဘုရင် မပေါ် ပေါက်မီ ဘီစီ(၃၀၇)၊ မြန်မာနှစ်(၁၁၇၄) ခုနှစ်ခန့်က မြန်မာနိုင်ငံနေရာဒေသ အသီးသီးတွင် စေတီ၊ ပုထိုး၊ သာသနိက အဆောက်အအုံများ တည်ခဲ့ကြောင်း မှတ်တမ်းအရ သိရှိရပါသည်။

ပုဂံပြည့်ရှင် ဘုရင်မင်းမြတ်သည် ရှမ်းပြည်နယ်ဒေသရှိ သီရိဓမ္မာသောက မင်းကြီး စေတီတည်ရာအရပ်များသို့ ရောက်ရှိခဲ့သည်မှာလည်း ထင်ရှားပေါ် လွင်နေသည်။

ရှေးလူကြီးမင်းတို့၏ ပါးစပ်ရာဇ ဝင်များနှင့် မြင်းမထိလိုဏ်ဂူဘုရား ပေစာသမိုင်း၊ ကလောရွှေဥမင်လိုဏ်ဂူ စာပေပုရပိုက်တို့မှ မှတ်တမ်းသည် ထပ်တူ ဖြစ်နေခဲ့သည်။

မှန်နန်းရာဇဝင်(စာ–၂၃၆)၌ ဖော် ပြထားသည့် မှတ်တမ်းအရလည်း ကလောမြို့နယ် ဖြစ်တည်မည့်နေရာ အနီးဝန်းကျင် အရပ်ဒေသများရှိ 'မြင်း'အမည်ပါ ကျေးရွာများ၏ ဖြစ်စဉ် အရ သည့်ပြုထားပုံကို မှတ်သား အတည်ပြုနိုင်ပေသည်။

တစ်ရံရောအခါ လက်ထုပ်အရပ် ရှိ ချိုင့်ကြီးအတွင်းမှ အင်အားကြီးမား သော မြင်းကြီးလေးကောင် ထွက်လာ ပြီး လူအများ၏ စိုက်ခင်းများ၊ ကောက် ပဲသီးနှံများကို ဝင်ရောက်စားသောက် ပစ်ကြောင်း။ ခြောက်လှန့်၍လည်းမရ၊ ဖမ်း၍လည်းမနိုင်၊ ပိုင်ရှင်လည်းမပေါ် သဖြင့် အနော်ရထာမင်းကြီး၏ နား တော်ပေါက်ရာ မင်းကြီးက ကျန်စစ် သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးသာ သူရဲကောင်း(၄)ဦးတို့ အား စေလွှတ်ရာ သူရဲကောင်းတို့သည် မြင်းများကို ခြံရံလုပ်ပြီး ရေသို့ကျစေ ကာ ခုန်အပ်တက်စီးပြီး ဖမ်းယူနိုင်ခဲ့၏။ ထို့နောက် မြင်းများကို လေ့ကျင့်ပြီး ပုဂံနေပြည်တော်သို့ ဆောင်ယူကြသည်။

မြင်းထွက်လာသော နေရာကို မြင်းတွင်းရွာ၊ ယခုတိုင် ကလောမြို့နယ် နှင့် ပင်လောင်းနယ်ကို နယ်ခြားသတ် မှတ်သည့် ဘီလူးချောင်းအနီး ကလော နယ်အတွင်းရှိသော ရွာဖြစ်၏။

မြင်းများကို ဝိုင်းဝန်းဖမ်းဆီး သည့်နေရာ မြင်းဝန်းရွာ၊ ကာလရွေ့၍ အသံထွက်ပြောင်းကာ "အင်းဝန်း"ဖြစ် နေပြီး မြင်းမထိရွာနှင့် (၁)မိုင်ကျော်ခန့် အကွာတွင် တည်ရှိသည့်မြင်းများကို ဖမ်းယူနိုင်ခဲ့ပြီး ခရီးဆက်ရာတွင် ကျန် စစ်သားသည် မြင်းကိုစီးလျက်သားနှင့် မြင်းမားမတ်စောက်သည့် တောင်ကြီး ကို ခုန်ကျော်ရာ တောင်နှင့် မြင်းခြေ မထိဘဲ တောင်ကို ကျော်လွှန်၍ တစ် ဖက်သို့ကျရောက်ရာ ထိုတောင်ကို 'မြင်း မထိ'တောင်ဟု ယနေ့တိုင်အမည်တွင် ၏။ တောင်ခြေမှ ထိပ်ဖျားအထိ အမြင့် ပေပေါင်း(၁၀၇၅)ပေမြင့်၏။ ဗိုလ်မှူးကြီး

www.burmeseclassic.com

www.burmeseclassic.com



လှအောင် ဦးဆောင်သော မြန်မာခြေလျင်တောင်တက်အဖွဲ့မှ တက်ရောက်ခဲ့သည့် အထင်ကရတောင်မြင့်ကြီးဖြစ်သည်။ ထိုတောင်ကို အစွဲပြု၍ မြင်းမထိကျေးရွာဟူသော စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းတွင်ကျယ်သည့် ရွာကြီးဖြစ်သည်။ မြင်းမထိရွာသည် မြင်းမထိ၊ ဈေးကုန်းရွာ၊ သလဲပြားရွာ၊ တောင်ရွာ၊ အပေါ်ရွာဟူ၍ ရွာ(၄)ရွာကြီး ဧရိယာကျယ်ဝန်းစွာ ဖွဲ့စည်းနေပါသည်။

ထို့နောက် ကျန်စစ်သားသည် မြင်းခြေကျသည့်နေရာနှင့် အတန်ငယ်ကွာလှမ်းသော တောင်ကုန်းတစ်ခုတွင် ခေတ္တနားကာ မြင်းအား စားကျက်လွှတ်ကျောင်းသည့်နေရာကို မြင်းလုန်တော်၊ စားကျက်အနီး ရေတွင်းကို မြင်းလုန်တွင်းဟု ခေါ်တွင်၏။

ထိုမှ မြောက်ဘက်သို့ ဆက်လက်ထွက်ခွာခဲ့ရာ မြင်းများက ကခုန်မြူးတူးသည့်အရပ်ကို 'မြင်းကရွာ' ဟု ယနေ့တိုင် အမည်တွင်၏။ မြင်းကရွာသည် ကလောမြို့ အရှေ့မြောက် ယွန်းယွန်း (၂)မိုင်ခွဲအကွာ၌ တည်ရှိပါသည်။

ကျန်စစ်သားနှင့် သူ့ရဲကောင်းတို့သည် မြင်းကအရပ်မှ ခရီးနှင်ခဲ့ကြရာ ကလော၏ အနောက်တောင်ဘက် (၄) မိုင်အကွာအရောက်တွင် မြင်းများဒုန်းစိုင်းပြေးကြသည်ဖြစ်၍ ထိုနေရာ တောင်ကုန်းအရပ်ကို 'မြင်းစိုင်းကုန်း' ရွာဟူ၍ ခေါ်ဝေါ်ခဲ့ရာ ယနေ့တိုင် ဖြစ်ပါသည်။ မြင်းများသည် ဒုန်းစိုင်းပြေးနေရာမှ နောက်ကြောင်းပြန်လှည့်ပြီး အနော်ရထာမင်းကြီးတည်ထားခဲ့သော ကလောမြို့နယ်ရှိ ဘုရားများရှိရာ အရပ်သို့ ဦးတိုက်ကြရာ ထိုနေရာကို "မြင်းတိုက်" ကျေးရွာဟု (သာစည်–ကလောနယ်ခြား) ဟု ခေါ်တွင်၍ ၎င်းနေရာရှိ ဘူတာကို အချို့က 'ကလောအလွန်တစ်ဘူတာ' ဟု ခေါ်ကြသည်။

'မြင်း'အမည်ပါ အရပ်များအားလုံးအနက် မြင်းကအနီးရှိ မြင့်မားသောတောင်တန်းကြီးမှာ အိုးတစ်လုံး၏ စည်မျက်နှာပြင်နှယ် ဖြစ်နေ၍ 'အိုးစည်တောင်'ဟု ခေါ်သည်။ ထိုတောင်ကို 'ကဆုန်တောင်'ဟုလည်း ခေါ်ပြီး ကဆုန်တောင်ဘုရားစေတီနှင့် လျောင်းတော်မူ ရုပ်ပွားတော်မြတ်ကိုလည်း ဖူးတွေ့နိုင်ပါသည်။

မြင်းမထိတောင်မှာ ဖော်ပြပြီးသကဲ့သို့ မြင့်မားမတ်စောက်၍ ဝိသေသထူးသလို မြင်းမထိရွာအနီးရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားများလည်း ထင်ရှားရှိပြီး မြင်းမထိရွာနှင့် တစ်မိုင်အကွာရှိ ပန်း(၅)ပန်းတွင် အပါအဝင်ဖြစ်သော ပန်းလုံးဘုရား တည်ရှိသည်။ (သီးခြားဆောင်းပါးဖြင့် ဖော်ပြပါမည်)

**မြင်းမထိသဘာဝလိုဏ်ဂူ ဥဏ္ဏလုံမွေးရှင်တော်ဘုရား**

သီရိမင်္ဂလာသောကမင်းကြီးကောင်းမှုတော်ဖြစ်သော ဥဏ္ဏလုံမွေးရှင်တော်မြတ် ကိန်းဝပ်စံပယ်ရာ မြင်းမထိလိုဏ်ဂူတော်သည် အံ့သြချီးကျူးအောက်သည့် ထူးခြားသော ဝိသေသများဖြင့် တန်ဆာဆင်လျက် ဖူးတွေ့နိုင်ပါသည်။

ဥမင်လိုဏ်ခေါင်းတစ်လျှောက် ကျောက်စက်ပန်းဆွဲများရှိပြီး ကျောက်စက်ရေများ ဂူအမိုးမှ တစ်စက်စက် ကျနေပေရာ ဂူအတွင်း၌ အေးစိမ့်နေတော့သည်။ ထိုရေများသည် ခြေကျင်းဝတ်ထိ နစ်နေတတ်၏။ လိုဏ်ဂူအတွင်းသို့ ရှေးယခင်ကပင် ရေများဝင်နေ၍ 'ရေဝင်ဂူ'လည်း ခေါ်တွင်သည် ထိုဝင်သော ရေများမှာ ဂူထဲရှိ ထူးပေါက်တစ်ခုထဲသို့ စီးဝင်ငုပ်လျှိုးပျောက်ကွယ်သွား၏။ လိုဏ်ဂူ၏အရှည်မှာ (၁၀၂၈) ပေရှိ၍ တစ်ဖက်တစ်ချက်တွင် လိုဏ်ဂူပေါက်များရှိ၏။

လိုဏ်ဂူတွင်း၌ သီရိမင်္ဂလာသောကမင်းကြီး၏ ကောင်းမှုတော် ဥဏ္ဏလုံမွေးရှင်စေတီတော်မှာ နှစ်ပေါင်း(၂၃၀၀)ခန့် ကြာမြင့်ပြီဖြစ်သော်လည်း အခြားသော ရှေးဟောင်းစေတီတော်၊ ရုပ်ပွားတော်များမှာ အနော်ရထာမင်းနှင့် ပုဂံမင်းအဆက်ဆက်တို့၏ ကောင်းမှုတော်ဖြစ်ပြီး နှစ်ပေါင်း(၁၀၀၀)ခန့် ကြာမြင့်ခဲ့ပြီဟု စာပေပုရပိုက်မှတ်တမ်းအရ သိရှိရခြင်းဖြစ်သည်။ ပေစာ ပုရပိုက်မှာ မြင်းမထိဘုန်းတော်ကြီးကျောင်း၌ သိမ်းဆည်းထားသည်ဟု သိရ၏။

၁၉၉၆ ခုနှစ်တွင် ကလောမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခု မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)မှ ဦးဆောင်ပြုပြင်မွမ်းမံခဲ့ရာ လိုဏ်ဂူတော်အတွင်းသွားလမ်းများခင်းခြင်း၊ ရေဝပ်သည့်နေရာများ၌ သံလှေကားများ တပ်ဆင်ခြင်း၊ ရုပ်ပွားတော်မြတ်များ၊ စေတီတော်များ ရွှေသင်္ကန်းကပ်လှူခြင်း၊ လျှပ်စစ်မီးများ သွယ်ယူဖော်ခြင်း စသည်တို့ ဆောင်ရွက်၏။ ထို့ကြောင့်ပင် မြန်မာနိုင်ငံတန်တလျားမှ ဘုရားဖူးဧည့်သည်တော်များ၊ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များဖြင့် မပြတ်စည်ကားလျက်ရှိနေပါသည်။

မြင်းမထိ လိုဏ်ဂူတော်နည်းတူ သီရိမင်္ဂလာသောကမင်းကြီး၏ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)၏ အထိမ်းအမှတ် စေတီတော်များ နေရာအနှံ့တည်ရှိရာတွင် ကလောမြို့ရှိ သဘာဝလိုဏ်ဂူတော် ရွှေဥမင်ဘုရားသည်လည်း အပါအဝင်ဖြစ်ရာ ပုဂံခေတ်ယဉ်ကျေးမှု အနုပညာလက်ရာများဖြင့် ထုံမွမ်းတန်ဆာဆင်အပ်သော ရှေးဟောင်း ဘုရားစေတီ၊ ရုပ်ပွားတော်များကို အံ့ချီးဖွယ်ရာနိုင်ရင်ခုန်ကြည်နူး ဖူးတွေ့နိုင်ပါသည်။

မနွယ်(ကလော)

www.burmeseclassic.com

www.burmeseclassic.com





# ညောင်ရွှေမှ သာသနာ့အာဇာနည်

ဝင်းမင်း(ရှေးဟောင်းပုဂံမြေ)

"ကိုယ်တည်းတစ်ယောက် ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ် အားမထုတ်ဘူး၊
ဗုဒ္ဓမြတ်စွာ သာသနာ၏
ရှေးခါဘိုးဘ လက်ထက်ကလျှင်
ရသည့်တန်ဖိုး ထပ်မညှိုးဖို့
အားကြိုးမာန်တက် ငါဆောင်ရွက်သည်
ဆက်လက်တည်တံ့ပါစေသော်"

မဟာဂန္ဓာရုံဆရာတော်
အဂ္ဂမဟာပဏ္ဍိတ

လက်ကမ်းစာစောင်ဟုပင်ဆိုရမည်။ အမှတ်မထင် ဓနုတိုင်းရင်းသားသူငယ်ချင်း စာရေးဆရာတစ်ဦးက "တိပိဋက ဓရ တိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက၊ ပိဋကတ်နှစ်ပုံခွဲအောင် သာသနာ့အာဇာနည် အရှင်ခေမာဝံသာဘိဝံသ၏ ထေရုပ္ပတ္တိလက်ကမ်းစာစောင်ကို ပေးလာ၏။

ယင်းလက်ကမ်းစာစောင်၏ ကျောဘက်တွင် အထက်ပါ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ဘုရား ရေးဖွဲ့ခဲ့သည့် ကဗျာလေးကို ဖော်ပြထား၏။

"သာသနာ"ဟူသော စကားလုံးဝေါဟာရ၏ အဓိပ္ပာယ်လေးသည် အင်မတန်မှ လေးနက်သော၊ တန်ဖိုးရှိသော၊ တန်ဖိုးမဖြတ်နိုင်သော စကားဖြစ်၏။

သာသနာဆိုသည်မှာ အဆုံးအမ၊ ထိုအဆုံးအမသည် မည်သူ၏ အဆုံးအမနည်းဟု မေးလာခဲ့သော် မြတ်ဗုဒ္ဓ၏ အဆုံးအမပင်ဖြစ်သည်ဟု ဆိုရပေမည်။

လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်ဖြစ်တော်မူသော ဂေါတမဗုဒ္ဓသည် ဖြည့်ကျင့်ရမည့် ပါရမီတော်တို့ကို အဆေ်ာမျှ

www.burmeseclassic.com



ကာလပတ်လုံး ဖြည့်ကျင့်တော်မူပြီးနောက် အလုံးစုံကို သိမြင်တော်မူသည့် သဗ္ဗညုတဉာဏ်တော်ပိုင်ရှင် ဗုဒ္ဓအဖြစ်သို့ ရောက်ရှိတော်မူခဲ့၏။

ရောက်ရှိခဲ့ပြီးနောက် သတ္တဝါဝေနေယျတို့အပေါ်၌ "တိဏ္ဏောတာရေယံ" ငါကူးမြောက်သလို ကူးမြောက်စေရမည်။ "မုတ္တော မောစေယံ" ငါ လွတ်မြောက်သလို လွတ်မြောက်စေရမည်။ "ဗုဒ္ဓေါဗောစေယံ" ငါသိသလို သိစေရ မည်ဟု မဟာကရုဏာတော် မေတ္တာစာတ်ဖြင့် ၄၅ ဝါတိုင်အောင် မနားမနေ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဆုံးမတော်မူခဲ့၏။ ပရိနိဗ္ဗာန်စံလွန်တော်မူသောအခါ၌လည်း ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့်ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ကုန်သော တရားတော်များကို မြတ်ဗုဒ္ဓက သူ၏ကိုယ်စား လူ၊ နတ်၊ ဗြဟ္မာတို့အတွက် ဆရာတစ်ဆူပမာထားရှိတော်မူခဲ့၏။

ထိုသို့ ထားရှိတော်မူခဲ့သည့် မြတ်ဗုဒ္ဓ အဆုံးအမဩဝါဒဖြစ်သော ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ကုန် သောဓမ္မများကို တပည့်သံဃာအဆက်ဆက် လက်ဆင့် ကမ်း သယ်ဆောင်ကြိုးစားလာခဲ့သည်မှာ ယနေ့ဆိုလျှင် သာသနာနှစ် ..........နှစ်သို့တိုင် ရောက်ရှိခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံဖြစ်ပြီး ပရိယတ္တိသင်ယူပို့ချမှုအပိုင်းတွင် အားအကောင်းဆုံး နိုင်ငံတစ်ခုဖြစ်သည်ကို မည်သူမျှ မငြင်းနိုင်ပေ။

မိမိတို့နိုင်ငံတွင် ပရိယတ္တိနှင့်ပတ်သက်၍ လေ့လာဆန်းစစ်ကြည့်မည်ဆိုလျှင် သေချာကျနစွာသင်ယူပြီး စနစ်တကျမေးကာ ရေးဖြေနေသော စာမေးပွဲများကို တွေ့ရမည်ဖြစ်သည်။

ထိုစာမေးပွဲများအနက် နိုင်ငံတော်အစိုးရအဆက်ဆက်မှ ကျင်းပပေးခဲ့သည့် တိပိဋကဓရ၊ တိပိဋကကောဝိဒ စာမေးပွဲကြီးသည် မြန်မာသာမက ကမ္ဘာကပါ အသိအမှတ်ပြု လေးစားရသော စာမေးပွဲကြီးဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသဖာတိဖွား သာသနာ့အာဇာနည်ဆရာတော် အရှင်ခေမာဝံသာဘိဝံသသည် ယင်းစာမေးပွဲကြီးတွင် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သည့် သာသနာ့အာဇာနည်တစ်ပါးဖြစ်သည်ကို (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ) တွင် ထုတ်ဝေသော ဓနုတိုင်းရင်းသားမဂ္ဂဇင်းတွင် ဆရာတော်၏ ထေရုပ္ပတ္တိကို ဖော်ကျူးဂါရဝပြုဂုဏ်ပြုရေးသားလိုက်ရပေသည်။




www.burmeseclassic.com



# ဒွိပိဋကဓရ, ဒွိပိဋကကောဝိဒ, မူလအာဘိဓမ္မိက (ပိဋက နှစ်ပုံခွဲဆောင်)

# သာသနာ့အာဇာနည် "အရှင်ခေမာဝံသာဘိဝံသ" ၏

## ထေရုပ္ပတ္တိစာစောင်



အရှင်ခေမာဝံသာဘိဝံသလောင်းလျာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့နယ်၊ ရေနီရွာ ခမည်းတော် ဦးထွန်းသာ+မယ်တော်ဒေါ်လှဖင်တို့မှ ၁၃၂၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၁၁)ရက်၊ တနင်္လာနေ့ ၁၀-၁၀-၁၉၆၆ ခုနှစ်တွင် ဖွားမြင်တော်မူခဲ့ပါသည်။

အရှင်ခေမာဝံသာဘိဝံသ,သည် ၁၃၃၉ ခုနှစ်၊ အသက်(၁၁)နှစ်အရွယ်တွင် ရွှေနီကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဘဒ္ဒန္တကေသဝသီရိမဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

အရှင်ခေမာဝံသာဘိဝံသ,သည် ၁၃၄၅ ခုနှစ်၊ တပို့တွဲလဆန်း(၄)ရက်၊ ကြာသပတေးနေ့တွင် ညောင်ရွှေမြို့၊ ကန်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇမဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တေရသမ ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ ဘဒ္ဒန္တ ဝိမလာဘိဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်၊ မယ်တော်တို့နှင့် အစ်ကိုအစ်မများ ဖြစ်ကြသော ဒေါ်တင်မြိုင်၊ ဒေါ်သိန်းရင်၊ ဦးညွန့်ရွှေ ဦးမြမောင်၊ ဒေါ်ဝင်းကြည်၊ ဦးဖေမြင့်+ဒေါ်မြသန်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရွှေနီကျောင်း ခဏ္ဍသိမ်တော်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပင်းတယမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနဟိတ စာမေးပွဲရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲများတွင် အခြေခံတန်းအားလုံး မပျက်မကွက်ဝင်ရောက်အောင်မြင်တော်မူခဲ့ပြီး ဓမ္မာစရိယတန်းကျမ်းရင်းသုံးကျမ်း အောင်မြင်တော်မူသဖြင့် "ဦးခေမာဝံသာဘိဝံသ ဝိနယာဒိနုဂ္ဂဟ ဓမ္မာစရိယ"၊ ဂုဏ်ထူးတန်း ဝိနယပိဋက ဝိနည်း(၅)ကျမ်း အောင်မြင်တော်မူသဖြင့် "ဝိနယာဒိနုဂ္ဂဟဝိနယဓရ,ဝိနယကောဝိဒ"၊ ရန်ကုန်မြို့နိကာယ်သာသနာတော်ထွန်းကားရေးအသင်း နိကာယုဇ္ဇောတက ဓမ္မတ္ထဝိသာရဒဝိနဓရ(မင်းကွန်းဆရာတော်အထူးဆု)၊ နိကာယုဇ္ဇောတကဒီဃဘာဏက(သပိတ်အိုင်ဆရာတော်အထူးဆု)၊ မိုးကုတ်မြို့နိကာယဝုဍ္ဎိသမိတိ ဝိနယဓရ ဝိနယကောဝိဒ၊ နိုင်ငံတော်အစိုးရ သာသနဓဇဓမ္မာစရိယ ဘွဲ့တော်များ ရရှိခဲ့ပါသည်။

တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတွင်

၁။ ဝိနည်းရှေ့ပိုင်း(၂)ကျမ်း အာဂုံပြန်ဆို အောင်မြင်တော်မူသဖြင့် ဥဘတောဝိဘင်္ဂဓရဘွဲ့။

၂။ ဝိနည်းရှေ့ပိုင်း(၂)ကျမ်း ရေးဖြေ အောင်မြင်တော်မူသဖြင့် ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့။

၃။ ဝိနည်းနောက်ပိုင်း(၃)ကျမ်း အာဂုံပြန်ဆိုအောင်မြင်တော်မူသဖြင့် ဝိနယကောဝိဒဘွဲ့တံဆိပ်တော်၊ ဝိနယကောဝိဒ အောင်လက်မှတ်၊ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်(၁)လက် အမှတ်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်

၄။ ဝိနည်းနောက်ပိုင်း(၃)ကျမ်း အာဂုံပြန်ဆိုအောင်မြင်တော်မူသဖြင့် ဒီဃဘာဏကဘွဲ့တံဆိပ်တော်၊ ဒီဃဘာဏက အောင်လက်မှတ်၊ အရိုးဝါကနက္ကဒဏ် ထီးဖြူတော်(၁)လက် အမှတ်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် ကုန်း၊ ရေ အထက်တန်းခရီးသွားလက်မှတ်တို့ကို အလှူခံရရှိတော်မူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





၅။ သုတ္တန္တပိဋကသုတ်(၃)ကျမ်း အာဂုံပြန်ဆိုအောင်မြင်တော်မူသဖြင့် ဒီဃဘာဏကဘွဲ့တံဆိပ်တော်၊ ဒီဃဘာဏက အောင်လက်မှတ်၊ အရိုးနီကနက္ကဒဏ်ထီးဖြူတော်(၂)လက် အမှတ်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်။

၆။ သုတ်(၃)ကျမ်း ရေး၊ ဖြေအောင်မြင်တော်မူသဖြင့် ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်၊ ဒီဃနိကာယကောဝိဒ အောင်လက်မှတ်၊ အရိုးဝါကနက္ကဒဏ် ထီးဖြူတော်(၂)လက် အမှတ်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံ ရရှိတော်မူခဲ့ပါသည်။

၇။ ၁၃၇၂ ခုနှစ်၊ (၆၃)ကြိမ်မြောက် တိပိဋက ရွေးချယ်ပွဲတွင် အဘိဓမ္မာ ရှေ့ပိုင်း(၅)ကျမ်းအာဂုံပြန်ဆိုအောင်မြင်သဖြင့် "မူလအာဘိဓမ္မိကဘွဲ့"တံဆိပ်တော်ကို အလှူခံရရှိတော်မူပါသည်။

၈။ ၁၃၇၁ ခုနှစ်၊ (၇၅)ကြိမ်မြောက် ဝိနယာဒိနုဂ္ဂစာမေးပွဲ ဂုဏ်ထူးတန်းတွင် သုတ္တန္တပိဋကသုတ်(၃)ကျမ်းကို အောင်မြင်တော်မူသဖြင့် "ဝိနယာဒိနုဂ္ဂဟာဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒ၊ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူပါသည်။

ကျေးဇူးရှင်ဆရာတော်များမှာ ...

ပင်းတယမြို့၊ ရွှေနီကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဘဒ္ဒန္တကေသဝ သီရိမဟာထေရ်မြတ်နှင့် စာချဆရာတော်များ၊ ပင်းတယမြို့၊ ဇောတိကာရုံကျောင်းဆရာတော် ဘဒ္ဒန္တပညာသာရ၊ ညောင်ရွှေမြို့၊ ကန်ကြီးပရိယတ္တိစာသင်တိုက် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တေရသမ ရွှေကျင်နိကာယဓိပတိ ဉက္ကဋ္ဌ ဘဒ္ဒန္တဝိမလာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမေဓာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ၊ ဆွမ်းစားကျောင်းဆရာတော် ဘဒ္ဒန္တကေလာသစသော စာချဆရာတော်များ၊ ရန်ကုန်မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ပဓာနမဟာ နာယက ဘဒ္ဒန္တကောဏ္ဍည၊ တိပိဋကဓရဓမ္မ ဘဏ္ဍာဂါရိက ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ စစ်ကိုင်းမင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေတိဋ္ဌိကနိကာယကျောင်းတိုက် တိပိဋကဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီးနှင့် စီမံအုပ်ချုပ်မှုနာယကများ၊ ညောင်ရွှေမြို့နယ်အင်းလေးဒေသ၊ မိုင်းသောက်ကျောက်နီတောရစာသင်တိုက် ဘဒ္ဒန္တစန္ဒောဘာသ(ဓမ္မာစရိယ–M.A) အစရှိသော အရှင်မြတ်တို့သည် အရှင်ခေမာဝံသာဘိဝံသ၏ စာပေခရီးဝယ် အားပေးချီးမြှောက်ထောက်ပံ့တော်မူခဲ့ကြပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသဇာတိဖွား သာသနာ့အာဇာနည်ဆရာတော် အရှင်ခေမာဝံသာဘိဝံသသည် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သည့် သာသနာ့အာဇာနည်တစ်ပါးဖြစ်သည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ဝေခဲ့သော ဓမ္မတိုင်းရင်းသားမဂ္ဂဇင်းတွင် ဆရာတော်၏ ထေရုပ္ပတ္တိကို ဖော်ကျူးဂါရဝပြု ဂုဏ်ပြုရေးသားလိုက်ရပေသည်။

ဝင်းမင်း(ရွှေးယောင်းပုဂံမြေ)

www.burmeseclassic.com

www.burmeseclassic.com



# ဘုံပျောက်နတ်



ကျွန်မာရေးနဲ့ပတ်သက်ပြီး ဆောင်ပုဒ်ကလေးတစ်ခုရှိပါတယ်။ အဲဒါကတော့ "ရောဂါဖြစ်မှ ကုသခြင်းထက် ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ခြင်းက ပိုမို၍ထိရောက်ပါသည်"လို့ ဆိုပါတယ်။ ထို့အတူပါပဲ လူနဲ့ လူပတ်ဝန်းကျင်မှာ ကြုံတွေ့ခံစားနေရတဲ့ အရေးအရာအားလုံးတွင် ဖြစ်ပျက်ပြီးမှ နောင်တရလို့ ပြန်လည်ပြုပြင်ဖန်တီးရတာထက် မဖြစ်မပျက်အောင် ကြိုတင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြုမူနေထိုင်တာက ပိုမို၍ အရေးပါအရာရောက်ပါတယ်။ ဒါကြောင့် မိမိနဲ့ ပတ်ဝန်းကျင်မှာ ဖြစ်ပျက်ကြုံတွေ့နေရတဲ့ အရေးအရာအားလုံးကို အသိတရားရှိရှိနဲ့ သတိထားဆင်ခြင်နိုင်ဖို့ "ဘုံပျောက်နတ်" ဆိုတဲ့ ပဟေဠိနဲ့ အဖြေညှိကြည့်ရအောင်ပါ . . .

ရှေးတစ်ခုသောအချိန်ကာလက ဖြစ်ပါ၏။ ထိုအချိန်ထိုကာလက သာယာဝပြောသောရွာကြီးတစ်ရွာ ရှိခဲ့ဖူး၏။ ထိုရွာကြီး၏ အဝင်လမ်းနံဘေး၌ အခက်အလက်အဖူးအပွင့်တို့ဖြင့် ဝေဆာလျက်ရှိသော ယင်းတိုက်ပင်ကြီးတစ်ပင်ရှိ၏။ ထိုယင်းတိုက်ပင်ကြီးတွင် ရုက္ခစိုးနတ်ကြီးတစ်ပါးမှာ သူ၏ ဘုံဗိမာန်အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ တစ်ဦးတည်းစိုးစံနေထိုင်လျက်ရှိသည်။

ယုံကြည်ကိုးကွယ်ကြသော ရွာသူရွာသားများက ရုက္ခစိုးကြီးအတွက် ယင်းတိုက်ပင်ကြီး၏ ပင်စည်၌ နတ်ကွန်းတစ်ခု ဆောက်လုပ်ပေး၏။ ထိုနတ်ကွန်းတွင် ပန်း၊ ဆီမီး၊ ရေချမ်းစသည်ဖြင့် ရုက္ခစိုးကြီးအား ရည်မှန်း၍ ပူဇော်ပသကြ၏။ ယင်းတိုက်ပင်ဆိုသည်ကား သစ်မာမျိုးစာရင်းဝင်ဖြစ်၍ ခိုင်ခန့်ခြင်း၊ နှစ်တာရှည်ခြင်းတို့ဖြင့် ပြည့်စုံသော နှစ်ရှည်အပင်မျိုးဖြစ်၏။

ယင်းတိုက်ပင်ကြီး၏ စည်ပင်ဝေဆာမှုကြောင့် ကျေးငှက်များကလည်း အသိုက်ပြု၍ ခိုနားနေထိုင်ကြ၏။ ဤသို့ဖြင့် နှစ်လရာသီ အလီလီပြောင်းခဲ့သော်လည်း ရုက္ခစိုးကြီးနှင့် ကျေးငှက်သာရကာတို့က ယင်းတိုက်ပင်ကြီးတွင် နေထိုင်မှီခိုမြဲ ရှိနေပါ၏။ တစ်နေ့ ကျေးငှက်တစ်ကောင်သည် မိမိအစာအတွက် ညောင်သီးကို ကိုက်ချီ၍ ယင်းတိုက်ပင်ပေါ်သို့ ရောက်ရှိလာ၏။ ကျေးငှက်က ကိုက်ချီလာသော ညောင်သီးကို ယင်းတိုက်ပင်အထက်တွင် စားသောက်လေ၏။ ဤသို့စားသောက်စဉ် ညောင်သီးအတွင်းမှ ညောင်စေ့အချို့သည် အောက်သို့ ပြုတ်ကျကုန်၏။ ပြုတ်ကျခဲ့သော ညောင်စေ့များမှာ မြေပြင်ပေါ်သို့မကျဘဲ ယင်းတိုက်ပင်ကြီး၏ ခွ(ဂွ)ကြားသို့ ရောက်ကုန်၏။

နွေ၊ မိုး၊ ဆောင်း ဥတုရာသီများက လှည့်ပြောင်းလျက်ရှိပါ၏။ ယင်းတိုက်ပင်ခွ(ဂွ)ကြားရှိ ညောင်စေ့များကလည်း ဥတုရာသီမှီ၍ ညောင်ပင်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ပြောင်းလဲလာ၏။ ထိုအခါ ရုက္ခစိုးကြီးက သစ်ပင်ငယ်ကလေးပဲဟု မသိကျိုးကျွံပြုနေ၏။ ရေ မြေ လေ နှင့် အလင်းရောင်တို့၏ သဘာဝစွမ်းအားကြောင့် ယင်းတိုက်ပင်ခွ(ဂွ)ကြားမှ ညောင်ပင်ငယ်သည် တဖြည်းဖြည်းကြီးထွားလာ၏။ အချိန်ကြာလာသည်နှင့်အမျှ ထိုညောင်ပင်သည် ညောင်ပင်ကြီးအဆင့်သို့ စတင်ကူးပြောင်းနေ၏။ ထိုအချိန်တွင် ရုက္ခစိုးငယ်တစ်ပါးရောက်လာပြီး ..

''အရှင်ရုက္ခစိုးကြီး ခင်ဗျား .. အရှင်၏ ဘုံဗိမာန်ဖြစ်သော ယင်းတိုက်ပင်၏ ခွ(ဂွ)ကြားတွင် ပေါက်ရောက်နေသည့် ညောင်ပင်တွင် အကျွန်ုပ်အား ဗိမာန်ငယ်တစ်ခုအဖြစ် နေခွင့်ပြုတော်မူပါ''

ဟု လျှောက်ထားတောင်းခံ၏။ ဒီတော့ ရုက္ခစိုးကြီးက ယင်းတိုက်ပင်(ခွ)ဂွကြားသို့ မျှော်ကြည့်၏။ ခွ(ဂွ)ကြားတွင် ပေါက်ရောက်နေသော ညောင်ပင်မှာ ရုက္ခစိုးငယ်အတွက် ဗိမာန်တစ်ခုအဖြစ် နေထိုင်နိုင်သော အခြေကို မြင်၏။ သို့အတွက် ရုက္ခစိုးကြီးက –

''ကောင်းပြီလေ .. အသင်နေလိုက ဤညောင်ပင်တွင် ဘုံဗိမာန်အဖြစ်နေပါလော့''

ဟု သဘောတူခွင့်ပြုလိုက်၏။ ဤသို့ဖြင့် ရုက္ခစိုးကြီးက ယင်းတိုက်ပင်ဗိမာန်တွင်လည်းကောင်း၊ ရုက္ခစိုးငယ်က ညောင်ပင်ဗိမာန်တို့တွင် အသီးသီးနေထိုင်ခဲ့ကြလေ၏။ ညောင်ပင်တို့မည်သည် အပင်ပေါက်လွယ် ရှင်သန်လွယ် သလောက် ကြီးထွားမှုကလည်း မြန်၏။ ထိုမျှသာမက ယင်းတိုက်ပင်(ခွ)ဂွကြားရှိ ညောင်ပင်၏ သစ်မြင်များကလည်း ယင်းတိုက်ပင်၏ အကိုင်းအခက်နှင့် ပင်စည်တို့ကို တွယ်ကပ်၍ မြေနှင့်ရေရှိရာသို့ ထိုးဆင်းနေ၏။ အချိန်ကာလကြာမြင့်သည်နှင့်အမျှ ညောင်ပင်၏ သစ်မြစ်များက မြေသို့တိုးဝင်သွားပြီး ယင်းတိုက်ပင်၏အဓိကကျသောပင်စည်ကိုလည်း ညောင်မြစ်များက ဝါးမြိုသည့်အဆင့်သို့ ရောက်ရှိသွား၏။ နောက်ဆုံးတွင် ယင်းတိုက်ပင်က ပျောက်ကွယ်၍ ညောင်ပင်က အရောင်ထင်လင်းလာ၏။ ဒါတင်မက ထည်ဝါခန့်ညား၍ မာကြောလှပါသည်ဆိုသော ယင်းတိုက်ပင်ကြီးမှာ ညောင်ပင်ကြီး၏ ဝါးမြိုမှုကြောင့် သစ်ခြောက်ပင်ကြီးဘဝသို့ ရောက်လျက် ရိုးတံကျဲကျဖြင့် သေကြေပျက်စီးဆုံးရှုံးခဲ့ရလေ၏။

ယင်းတိုက်ပင်ခြောက်ကြီးမှာ မိုးရေလေဒဏ်ဖြင့် အကိုင်းများကျိုးကျလျက် ပျောက်ကွယ်သွား၍ ရုက္ခစိုးကြီး၏ ဘုံဗိမာန်လည်း နေစရာမရှိဖြစ်နေတော့၏။ ဒီတော့ ယင်းတိုက်ပင် ရုက္ခစိုးကြီးက–

''အသင် ညောင်ပင်စောင့် နတ်ရုက္ခစိုး၊ သင်၏ညောင်ပင် ဝါးမြိုမှုကြောင့် ကျွန်ုပ်၏ဘုံဗိမာန်ကား ပျက်စီးဆုံးရှုံးခဲ့ရချေပြီ။ သင်နေထိုင်ရာ ဤညောင်ပင်ကား ကျွန်ုပ်၏ ဘုံဗိမာန်တွင် ပေါက်ရောက်ခဲ့ခြင်းဖြစ်၍ ကျွန်ုပ်နှင့်သာ သက်ဆိုင်၏။ ဒါကြောင့် သင်သည် ဤညောင်ပင်မှ တခြားတစ်နေရာသို့ ပြောင်းရွှေ့ပေတော့''

ဟု တောင်းဆိုသမှုပြု၏။ ရုက္ခစိုးကြီး၏စကားကို ညောင်ပင်စောင့် နတ်ရုက္ခစိုးငယ်က–

''အရှင် .. ရုက္ခစိုးကြီး ခင်ဗျား၊ အသင်ဟာ အိမ်ရှင်ကောင်းတစ်ဦးပီသပါ၏။ ဤညောင်ပင် ငယ်နုစဉ်ဘဝကတည်းက ယခုအထိ ကျွန်ုပ်နေထိုင်ခဲ့ပါ၏။ ကျွန်ုပ်လည်း ကြီးရင့်လာသလို ကျွန်ုပ်၏ ဘုံဗိမာန်ဖြစ်သော ညောင်ပင်ကြီးဟာလည်း ခန့်ညားထည်ဝါလာပါ၏။ ယခုအခါ အသင်၏ ယင်းတိုက်ပင်ကြီးသည် သဘာဝတရားအရ ပျက်စီးဆုံးရှုံးသွားခဲ့ပြီဖြစ်၍ အသင်သာလျှင် တခြားတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ပါလော့ အသင်ရုက္ခစိုးမင်း''

ဟူ၍ မခန့်လေးစားဖြင့် တုံ့ပြန်ပြောဆိုလေ၏။

ညောင်ပင်စောင့် နတ်ရုက္ခစိုးငယ်၏စကားကို ခံပြင်းသောလေသံဖြင့် ယင်းတိုက်ပင်ရုက္ခစိုးနတ်ကြီးက–

''အသင်ဟာ ကျွန်ုပ်ကူညီပေးခဲ့သော ကျေးဇူးတရားကို ထောက်လို့ ဤညောင်ပင်ကြီးမှ တခြားတစ်နေရာသို့ ထွက်ခွာပေးပါလော့''

ဟု စိတ်ဆိုးမာန်ဆိုးဖြင့် ပြောဆိုလေ၏။ ဒီတော့ ညောင်ပင်စောင့် နတ်ရုက္ခစိုးငယ်က မထေမဲ့မြင်သော ရယ်သံများဖြင့် ..

''အသင် ရုက္ခစိုးကြီး၊ ကျွန်ုပ်နေထိုင်ရာ ဗိမာန်ကား ညောင်ပင်သာဖြစ်ပါ၏။ အသင်နေထိုင်ရာ ယင်းတိုက်ပင်မဟုတ်ပါ။ ဒါကြောင့် အသင်သာလျှင် တခြားတစ်နေရာသို့ ပြောင်းရွှေ့သင့်သည်မဟုတ်ပါလော''


ဟု တွင်တွင်ကြီး မောင်းထုတ်လေ၏။ ဤသို့ဖြင့် ယင်းတိုက်ပင်စောင့်နတ်ရုက္ခစိုးကြီးက မကျေနပ်၍ သူတို့၏ အငြင်းပွားမှုကို ဖြေရှင်းဆုံးဖြတ်ပေးရန် ထိုရွာရှိ သီလ၊ သမာဓိ၊ ပညာတို့ဖြင့် ပြည့်စုံသော ရွာသူကြီးထံသို့ အဆုံးအဖြတ်ခံယူရန် နှစ်ဦးသဘောတူသွားရောက်ကြလေ၏။

စာဖတ်ပရိသတ်အပေါင်းတို့ သင်သည် ရုက္ခစိုးနှစ်ဦး၏ အငြင်းပွားမှုကို ဖြေရှင်းဆုံးဖြတ်ပေးရမည့် သိက္ခာသုံးပါးနှင့်ပြည့်စုံသော ရွာလူကြီးဖြစ်ခဲ့ပါလျှင် မည်ကဲ့သို့ အဆုံးအဖြတ်ပေးမည်နည်း။ တိကျမှန်ကန်သောအဖြေကို စာမျက်နှာတစ်နေရာတွင် ရှာဖွေကြည့်စေချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





## အဂ္ဂမဟာပဏ္ဍိတ တံဆိပ်တော်ရ
## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်
# ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ ၏
## ထေရုပ္ပတ္တိအကျဉ်းချုပ်

(သက်တော် ၇၄ နှစ်၊ သိက္ခာတော် ၅၅ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် 'ဘဒ္ဒန္တဝိမလာဘိဝံသ'သည် ပဲခူးတိုင်း၊ သာယာဝတီမြို့နယ်၊ မာလကာကုန်းကျေးရွာ၊ ခမည်းတော် ဦးဘိုးအောင်၊ မယ်တော်ဒေါ်စိန်ပွင့်တို့မှ သက္ကရာဇ် ၁၂၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။ ခမည်းတော် မယ်တော်တို့၌ သားသမီး ၅ ယောက်ထွန်းကားခဲ့ရာ ဆရာတော်မှာ ဒုတိယမြောက်ဖြစ်၍အမည်တော်အားဖြင့် မောင်လုရှိန် ဟု ထင်ရှားခဲ့ပါသည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၈ ခုနှစ်သို့ရောက်သော အခါ ရန်ကုန်မြို့၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ကံသာ ကျောင်းဆရာတော် အရှင်တေဇောမဟာထေရ်မြတ်ထံတော်၌ ခမည်းတော်မယ်တော်များနှင့် ဦးရိုးတော် ဦးနက်ကြီး၊ ဒေါ်ဖံတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ဥပဇ္ဈာယ်ဆရာတော်က 'ရှင်ဝိမလ'ဟု ဘွဲ့ အမည်တော်ကို ချီးမြှင့်ပေးအပ်တော်မူခဲ့ရာ ယနေ့တိုင် ထို အမည်ဖြင့် ထင်ရှားတော်မူလျက် ရှိပါသည်။

သက္ကရာဇ် ၁၂၉၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ နံနက် ၉ နာရီ မိနစ် ၃၀ အချိန်တွင် ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၊ သမုတ် ပြီးစ ခဏ္ဍသိမ်တော်ကြီး၌ ရေတွင်းကုန်းကျောင်းဆရာတော် ဘုရားကြီး 'ဘဒ္ဒန္တသုရိန္ဒ' မဟာထေရ်အရှင်မြတ်ကြီးကို ဥပဇ္ဈာယ်ပြုလျက် ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဦးရိုးတော် ဦးနက်ကြီး၊ ဒေါ်ဖံတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ပထမဆုံးရောက်တော်မူခဲ့ပါ သည်။ ထို့နောက် မန္တလေးမြို့၊ အရှေ့ဝိသုဒ္ဓါရုံတိုက်ခဏ္ဍသိမ်

www.burmeseclassic.com

www.burmeseclassic.com



တော်၌ အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် မန္တလေးမြို့၊ အရှေ့ပြင်၊ မဟာဓေယျဘုံရပ်၊ ဦးညွန့်-ဒေါ်တင် သားသမီးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဒုတိယအကြိမ် ညောင်ရွှေမြို့၊ သဒ္ဓမ္မဇောတိကသိမ်တော်ကြီး၌ အဘိဓဇမဟာရဋ္ဌဂုရုစံကင်းဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြုလျက် ညောင်ရွှေမြို့မ မြို့လယ်ရပ်ဘုရားအစ်မကြီး မိခင်ဒေါ်နီကို အမှူးထား၍ ဦးထွန်းအေး၊ ဒေါ်မြရီတို့၏ ပစ္စယာနုဂ္ဂဟဖြင့် တတိယအကြိမ် သိက္ခာထပ်မင်္ဂလာဆင်ယင်တော်မူခဲ့ပါသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ရှင်အဖြစ်သို့ ရောက်တော်မူပြီးနောက် မိမိအား ရှင်ငယ်အဖြစ်မှ ကန်ကြီး ပရိယတ္တိစာသင်တိုက်နာယကဆရာတော်ဖြစ်လာသည်အထိ ပစ္စယဓမ္မတို့ဖြင့် ချီးမြှင့်မစ လမ်းညွှန်ပြ၍ အစဉ်စောင့်ရှောက်တော်မူလာသော မန္တလေးမြို့၊ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၊ ရမည်းသင်းကျောင်းမှ ကျေးဇူးရှင်ဆရာတော် ဘဒ္ဒန္တဉာဏဝံသနှင့်အတူ ရန်ကုန်မြို့၊ ကျောင်းတော်ရာရွှေကျင်တိုက်မှ မန္တလေးမြို့အရှေ့ပြင်၊ အနောက်ပြင်၊ မဟာဝိသုဒ္ဓါရာမတိုက်သို့ ပညာသင်ကြားရန်လိုက်ပါခဲ့ပြီး ရမည်းသင်းကျောင်းဆရာတော်နှင့် နာနာဂန္တကာရကအရှင်နိမ္မလတို့ထံတော်၌ ပိဋကတ်အခြေခံကျမ်းစာတို့ကို စနစ်တကျအခြေရအောင် ကောင်းစွာသင်ယူခဲ့ပါသည်။ ထို့နောက် ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇယ(အဂ္ဂမဟာပဏ္ဍိတ)၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တပညာ(အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော် ဘဒ္ဒန္တသုန္ဒရ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ ဆရာတော်ဘဒ္ဒန္တမာဃိန္ဒ၊ မန္တလေးအနောက်ပြင်၊ မိုးကောင်းတိုက် နာနာဂန္တကာရက ညောင်ရမ်းဆရာတော်ဘုရားကြီး(အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု)စသော ပိဋကတ်အကျော်ဆရာတော်များထံ၌ ပါဠိတော် အဋ္ဌကထာဋီကာ နေ့ဝါညဝါကျမ်းစာများကို ပါရဂူမြောက် တတ်မြောက်လိမ္မာအောင် သင်ကြားဆည်းပူး အထူးအားထုတ်တော်မူခဲ့ပါသည်။

ယင်းသို့ စာပေပရိယတ္တိများကို သင်ကြားဆည်းပူးတော်မူရင်း စာမေးပွဲများကို ဝင်ရောက်ဖြေဆိုတော်မူခဲ့ရာ ဖော်ပြပါအတိုင်း အောင်ပန်းဆင်နိုင်တော်မူခဲ့ပါသည်။

(၁) ၁၂၉၁ ခုနှစ်၊ သက်တော် ၁၇ နှစ်တွင် အစိုးရပထမငယ်တန်း

(၂) ၁၂၉၂ ခုနှစ်၊ သက်တော် ၁၈ နှစ်တွင် အစိုးရပထမလတ်တန်း

(၃) ၁၂၉၄ ခုနှစ်၊ ရဟန်းသိက္ခာ ၂ ဝါတွင် အစိုးရပထမကြီးတန်း

(၄) ၁၂၉၈ ခုနှစ်၊ ရဟန်းသိက္ခာ ၆ ဝါတွင် သကျသီဟစာသင်တန်း(တစ်နှစ်တည်းဖြင့် နှစ်ချင်းပေါက် အောင်မြင်သည်)

(၅) ၁၃၀၂ ခုနှစ်၊ ရဟန်းသိက္ခာ ၉ ဝါတွင် သကျသီဟစာချတန်း၊ (အမှတ်အများဆုံး တစ်နံပါတ်ရ အောင်မြင်သည်။ "ဘဒ္ဒန္တဝိမလာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဘွဲ့တံဆိပ်ကို အလှူခံရရှိသည်။

(၆) ၁၃၀၃ ခုနှစ်၊ ရဟန်းသိက္ခာ ၁၀ ဝါတွင် အစိုးရစာချတန်း၊ (ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးလေးကျမ်းတို့ကို တစ်ဆက်တည်းအောင်မြင်သည်။ ၁၃၀၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်နေ့တွင် ရန်ကုန်မြို့၊ မြို့တော်ခန်းမကြီး၌ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်သည်ကို အလှူခံရရှိတော်မူခဲ့ပါသည်။)

၁၃၀၈ ခုနှစ်တွင် မန္တလေးမြို့အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်ဝါဆိုကျောင်း၌ သီတင်းသုံးကာ တပည့်ရဟန်းသာမဏေများကို စာပေပို့ချသင်ကြားပေးရင်း သာသန္တရကောဝိဒ၊ နာနာဂန္တကာရက၊ အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော်ဘုရားကြီးထံတော်၌ ဘာသန္တရသက္ကတဘာသာကိုလည်း ဆည်းပူးလေ့လာသင်ကြားတော်မူခဲ့ပါသည်။

### စာပေကျမ်းဂန် ပို့ချသင်ကြားတော်မူခြင်း

ဆရာတော် 'ဘဒ္ဒန္တဝိမလာဘိဝံသ'သည် ပိဋကတ်စာပေများကို သင်ကြားဆည်းပူးတော်မူပြီးနောက် ၁၃၀၃ ခုနှစ်တွင် ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ အင်းလျားရွာ၌ 'သာသနပဇ္ဇောတကာရုံ'ဟူသော နာမည်ဖြင့် စာသင်တိုက်တစ်တိုက် တည်ထောင်ဖွင့်လှစ်ကာ ရှမ်း၊ ပအိုဝ်၊ အင်းသား၊ ကယား၊ ဓနုကရင်စသော တိုင်းရင်းသားလူမျိုးစု စာသင်သံဃာ(၄၀)ကျော်တို့အား စာပေပို့ချသင်ကြားပေးတော်မူခဲ့ပါသည်။ ယင်းသို့ ပို့ချသင်ကြားစဉ် ၁၃၀၅ ခုနှစ်တွင် ညောင်ရွှေစော်ဘွားကြီးအမှူးပြုသော မြို့သူမြို့သားများ၏ ပင့်လျှောက်မှုဖြင့် ညောင်ရွှေမြို့မ၊ ရန်ကုန်ကျောင်းကြီး၊ သာသနောဒယစာသင်တိုက်ဖွင့်လှစ်ရာသို့ ကြွရောက်၍ ဝိနည်းသာသနာပြန့်ပွားရေးအတွက် ကင်္ခါဝိတရဏီကျမ်းကြီးကို ကျယ်ဝန်းစွာဝါတွင်းသုံးလတာဝန်ယူ ပို့ချပေးတော်မူခဲ့ပါသည်။

ထို့နောက် ဆရာတော်သည် ၁၃၀၉ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ သောကြာနေ့ နံနက် ၉ နာရီ မိနစ် ၄၀ တွင်

www.burmeseclassic.com

www.burmeseclassic.com



ညောင်ရွှေစော်ဘွားကြီးအမှူးပြုသော ကျောင်းဒါယကာ၊ ဒါယိကာမအပေါင်းတို့၏ ကျောင်းအပ်နှံလှူဒါန်းမှုကို ညောင်ရွှေမြို့ဂိုဏ်းအုပ်ဂိုဏ်းချုပ်ဆရာတော် သံဃာတော်တို့ရှေ့မှောက်၌ အလှူခံတော်မူ၍ ရဟန်းသိက္ခာ ၁၈ ဝါအရ ၁၃၀၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်(၄–၁–၄၈) မြန်မာ့လွတ်လပ်ရေးနေ့မြတ်တွင် ''ကန်ကြီးကျောင်း''ဟူသော မူလအမည်တွင်တိုက်ဟူသော အမည်တစ်လုံးတိုးကာ သာသနာ့မှတ်တိုင် စိုက်ထူခဲ့ပါသည်။ ယင်းသို့စိုက်ထူပြီးနောက် စာသင်သားသံဃာ နှစ်ကျိပ်တစ်ပါးမျှဖြင့် စတင်ပျိုးထောင်ပြီး ဦးစီးပဓာန နာယကဆရာတော်အဖြစ် ကြီးကြပ်စီမံအုပ်ချုပ်၍ ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးခဲ့ရာ တစ်နှစ်ထက်တစ်နှစ်တိုး၍ စာသင်သံဃာ ၂၀၀ ကျော်ထိ ရှိလာခဲ့ပါသည်။

၁၃၁၀ ခုနှစ်မှ ၁၃၄၇ ခုနှစ်ထိ ကန်ကြီးပရိယတ္တိစာသင်တိုက်မှ အစိုးရဓမ္မာစရိယစာမေးပွဲတွင် (၃၂)ပါး၊ ပထမပြန် (ငယ်–လတ်–ကြီး)စာမေးပွဲတွင် (၇၄၄)ပါး၊ ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာမေးပွဲတွင် (၃၆၆၃)ပါး အောင်မြင်စေခဲ့သဖြင့် ၃၈ နှစ်အတွင်း (၄၄၃၇)ပါးအထိ အောင်ပန်းရပုဂ္ဂိုလ်များပေါ်ထွက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

### စာသင်တိုက်ခွဲများ

ဖော်ပြလတ္တံ့ပါ စာသင်တိုက်ကြီးများသည် ဆရာတော်၏ သာသနာပြုလုပ်ငန်းသက်တမ်းတလျှောက်တွင် ဝမ်းမြောက်ကျေနပ်ဖွယ်အကောင်းဆုံးအောင်မြင်သော သာသနာပြုမှတ်တိုင်ကြီးများဖြစ်ပါသည်။

၁။ စာသင်သံဃာ ၂၀၀ တို့ဖြင့် ပရိယတ္တိပညာများကို ပို့ချသင်ကြားပေးလျက်ရှိသော ရှမ်းပြည်နယ်၊ အရှေ့ပိုင်း၊ ကျိုင်းတုံမြို့၊ ဓမ္မောဒယစာသင်တိုက်။

၂။ စာသင်သံဃာ ၁၀၀ ကျော်တို့ဖြင့် ပရိယတ္တိပညာများကို ပို့ချသင်ကြားပေးလျက်ရှိသော ရှမ်းပြည်နယ်၊ တောင်ပိုင်း၊ ပင်လုံမြို့၊ ပိဋကတ်ဘာသာပြန်ကျောင်းတိုက်။

၃။ စာသင်သံဃာ ၁၀၀ ကျော်တို့ဖြင့် ပရိယတ္တိပညာများကို နေ့ညဉ့်မပြတ်ပို့ချသင်ကြားပေးလျက်ရှိသော ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ရွှေတောင်ပရိယတ္တိစာသင်တိုက်။

၄။ ထိုမှတပါး စာသင်သံဃာ ၁၀၀ ဝန်းကျင်ဖြင့် ပရိယတ္တိပညာများကို ပို့ချသင်ကြားပေးလျက်ရှိသော ပင်းဒယမြို့နယ်၊ ပွေးလှမြို့နယ်များမှ ဇောတိကာရုံစာသင်တိုက်၊ စေတီကြီး၊ မဟာရန်အောင်၊ မြို့အေး၊ ကျောက်တော၊ မီးလောင်၊ ချပ်ချက်ကျောင်း စာသင်တိုက်လေးများ။ ရွာငံမြို့နယ် အုတ်တွင်းကျောင်းတိုက်၊ တောင်ကြီးမြို့နယ် ဇလဲကျောင်းတိုက်၊ ညောင်ရွှေမြို့နယ် သံလွန်းကျောင်းတိုက်၊ ဆီဆိုင်မြို့နယ် လယ်မွန်ရွာ၊ ဓမ္မပီရဋ္ဌိကျောင်းတိုက်၊ လွိုင်ကော်မြို့၊ ဒေါ်ညှဉ့်ကျောင်းတိုက်၊ ကွန်ဟိန်းမြို့၊ နားဆေကျောင်းတိုက်၊ တာချီလိတ်မြို့ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၊ မိုင်းပြင်းမြို့နယ် သာသနပါလကျောင်းကြီးကျောင်းတိုက်။

ဖော်ပြပါ ကျောင်းတိုက်များသည် တိုင်းရင်းသားလူမျိုးစုစာသင်သံဃာတော်တို့အား ပရိယတ္တိသာသနာ့အသိဉာဏ်များရရှိစေရန် ဆင့်ပွားပို့ချပေးကြသော စာသင်တိုက်ကလေးများဖြစ်ကြပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတွင် ရှမ်းပြည်နယ်၊ ပါဠိဝိသောဓကအဖွဲ့၏ အကျိုးတော်ဆောင်အဖြစ်ဖြင့် မိလိန္ဒပဉှာပါဠိတော်ကို အင်္ဂလိပ်မူ၊ ယိုးဒယားမူတို့နှင့် တိုက်ဆိုင်ပြီး သုတ်သင်ပြင်ဆင်ပေးတော်မူခဲ့ပါသည်။

တဖန် ပါဠိပဋိဝိသောဓကအဖွဲ့ဝင်အနေဖြင့် ရန်ကုန်မြို့၊ သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူ၍ စူဠဝါပါဠိတော်ကို ထပ်မံသုတ်သင်ပြင်ဆင်ပေးတော်မူခဲ့ပါသည်။

(ရှမ်း၊ ကယား)ပြည်နယ်လုံးဆိုင်ရာ ညောင်ရွှေမြို့၊ ဝိနယာဒိနုဂ္ဂဟစာမေးပွဲတွင် ၁၃၀၃ ခုနှစ်မှစ၍ ပုစ္ဆာထုတ်ပုစ္ဆာစစ်ဆရာတော်အဖြစ် ယနေ့ထိ ဆောင်ရွက်တော်မူလျက်ရှိပါသည်။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး ဒုတိယအကြိမ်တွင်မူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်အဖြစ် တိုးမြှင့်ဆောင်ရွက်တော်မူလျက်ရှိပါသည်။

### ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူရခြင်း

ဤသို့ဆိုလျှင် သာသနာတော်အကျိုးကို သည်ပိုးဆောင်ရွက်တော်မူခဲ့သည့် ပိဋကတ္တယဆေက၊ ဂန္ထမုရာဝဟ၊ မဟာထေရ၊ ပရိယတ္တိဝိသာရဒ၊ လဒ္ဓိပေသလ၊ သိက္ခာကာမစသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော်ဘဒ္ဒန္တဝိမလာဘိဝံသသည် ၁၃၄၇ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူပါသည်။

စိုးညွန့်

www.burmeseclassic.com

www.burmeseclassic.com



# ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)

## စတင်ဖွဲ့စည်းခြင်း . . .

ဦးအောင်ကြိုင်(ဒုက္ကဌ)

ရှမ်းပြည်တောင်ပိုင်း ရွာငံမြို့နယ်၊ မြင်းကျွန်းရွာဇာတိ ဦးစိုးမြင့်နှင့် ပင်းတယမြို့နယ်၊ ရေဖြူကျောက်တောရွာဇာတိ ဦးအောင်ကြိုင်တို့ နှစ်ဦးက ရန်ကုန်မြို့ရှိ တက္ကသိုလ်ကောလိပ်များတွင် ပညာသင်ကြားနေကြသော ကျောင်းသူ၊ ကျောင်းသားများကို ဦးဆောင်စုစည်း၍ ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)ကို ၁၉၇၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။

အသင်း၏ ဖွဲ့စည်းပုံစည်းမျဉ်းကိုလည်း ကျွန်တော်တို့ကိုယ်တိုင် ရေးဆွဲခဲ့ပါသည်။ မူလရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံစည်းမျဉ်းကိုလည်း အမှတ်တရတင်ပြအပ်ပါသည် . . .



ဦးစိုးမြင့်(B.A)



ဦးအောင်ကြိုင်(L.L.B)

ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)
ဖွဲ့စည်းပုံစည်းမျဉ်း

### ၁။ အသင်း၏အမည်

ဤအသင်း၏အမည်ကို ဓနုတိုင်းရင်းသားမိသားစုအသင်း (ရန်ကုန်မြို့)ဟု ခေါ်တွင်စေရမည်။ ဓနုတိုင်းရင်းသားဟူသည် မှာ ဓနုလူမျိုးစုနှင့် ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံအားဖြင့် ဆက်နွယ်နေသောတိုင်းရင်းသားများကို ရည်ညွှန်းသည်။

### ၂။ အသင်း၏တည်နေရာ

ဤအသင်း၏ တည်နေရာမှာ ရန်ကုန်မြို့တွင်သာဖြစ်စေရမည်။

### ၃။ အသင်း၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များ

(က) ဓနုအမျိုးသားယဉ်ကျေးမှုနှင့်ဓလေ့ထုံးစံများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရန်။

(ခ) ရန်ကုန်မြို့ရောက် ဓနုမိသားစုများနှင့် ဓနုကျောင်းသူကျောင်းသားများတို့၏ သာရေးနာရေးကိစ္စတို့တွင် အစွမ်းကုန်ကူညီစောင့်ရှောက်ရန်။

(ဂ) ရန်ကုန်မြို့ရောက် ဓနုမိသားစုများနှင့် ဓနုကျောင်းသူကျောင်းသားများအချင်းချင်း ခင်မင်ရင်းနှီးရေးကို ဆောင်ရွက်ရန်။

(ဃ) အသင်းဝင်များ၏ ဗလငါးတန်ပြည့်စုံရေးအတွက် အစွမ်းကုန်ဆောင်ရွက်အားပေးချီးမြှင့်ရန်။

(င) ဓနုအမျိုးသားများနှင့်ပတ်သက်သည့်ကိစ္စများ သာရေးနာရေးကိစ္စများနှင့် ပညာရေးကိစ္စများကို ဝိုင်းဝန်းဆောင်ရွက်ရန်။

(စ) ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများ၏ သာရေးနာရေးကိစ္စများနှင့် ပညာရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်ရန်။

### ၄။ အသင်းဝင်ဖြစ်ခြင်း

ရန်ကုန်မြို့၌ လာရောက်နေထိုင်ကြသော ဓနုတိုင်းရင်းသားအားလုံး ပါဝင်နိုင်ခွင့်ရှိသည်။

### ၅။ အသင်းဝင်အဖြစ်လက်ခံခြင်း

အသင်းဝင်ဖြစ်လိုသူသည် အသင်းကထုတ်ဝေသော အသင်း ဝင်ပုံစံတွင် လိုအပ်သည့်အကြောင်းအရာများကို ကိုယ်တိုင် ဖြည့်စွက်လက်မှတ်ထိုးပြီး အသင်းသားနှစ်ဦး၏ ထောက်ခံချက်ဖြင့် အသင်းဝင်ကြေးပါ ထည့်ပါတည်း အမှုဆောင်အဖွဲ့သို့တင်သွင်းရမည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ **အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးငွေများထည့်ဝင်ခြင်း**

(က)အသင်းဝင်ကြေးအတွက် သုံးကျပ်(၃/)ထည့်ဝင်ရမည်။

(ခ) နှစ်စဉ်ကြေးအတွက် ဆယ့်နှစ်ကျပ်(၁၂/)ထည့်ဝင်ရမည်။

(ဂ) နှစ်စဉ်ကြေးကို သုံးရစ်၊ နှစ်ရစ် သို့မဟုတ် တစ်ကြိမ်တည်းနှင့်အပြည့်ထည့်ဝင်နိုင်သည်။

၇။ **အသင်းဝင်အဖြစ်မှရပ်စဲခြင်းနှင့် ပြန်လည်ဝင်ခွင့်ပေးခြင်း၊ နှုတ်ထွက်ခြင်း**

အမှတ်စဉ်(၇)တွင် အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)တို့ပါဝင်ပါသည်။

၈။ အသင်းဝင်များ၏ အခွင့်အရေး

အမှတ်စဉ်(၈)တွင် အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)တို့ပါဝင်ပါသည်။

၉။ အသင်းလုပ်ငန်းများကို စီမံဆောင်ရွက်ခြင်း

အမှတ်စဉ်(၉)တွင် အပိုဒ်ခွဲ(က)နှင့်(ခ)ပါရှိပါသည်။

**နာယကများ**

(၁) ဦးဘမောင်

အငြိမ်းစားညွှန်ကြားရေးမှူး၊ သံရုံးများဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

(၂) ဒေါက်တာစောမြမေ

ဒုတိယညွှန်ကြားရေးမှူး၊ ကျန်းမာရေးဦးစီးဌာန။

(၃) ဦးဘသန်းဟက်

ပါမောက္ခ၊ ဘူမိဗေဒဌာန ဝ/သ၊ ရန်ကုန်။

အမှတ်စဉ်(၉)တွင် ပိုဒ်ခွဲ(ဂ)(ဃ)(င)နှင့်(စ)ထပ်မံပါရှိပါသည်။

**အမှုဆောင်အဖွဲ့**

| | | |
|---|---|---|
| ဥက္ကဋ္ဌ | – | ၁ ယောက် |
| ဒု ဥက္ကဋ္ဌ | – | ၂ ယောက် |
| အတွင်းရေးမှူး | – | ၁ ယောက် |
| တွဲဘက်အတွင်းရေးမှူး | – | ၁ ယောက် |
| ဘဏ္ဍာရေးမှူး | – | ၁ ယောက် |
| စာရင်းစစ် | – | ၁ ယောက် |
| ပြန်ကြားရေးမှူး | – | ၁ ယောက် |
| တွဲဘက်ပြန်ကြားရေးမှူး | – | ~~၁ ယောက်~~ |
| အမှုဆောင်များ | – | ၈ ယောက် |
| စုစုပေါင်း | – | ၁၇ ယောက်ဖြင့် ဖွဲ့စည်းရမည်။ |

၁၀။ ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများ

ပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)(င)(စ) တို့ ပါရှိပါသည်။

၁၁။ ဒုဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများ

ပိုဒ်ခွဲ(က)(ခ)ပါရှိပါသည်။

၁၂။ အတွင်းရေးမှူး၏ တာဝန်ဝတ္တရားများ

ပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)(င)(စ) တို့ပါရှိပါသည်။

၁၃။ တွဲဘက်အတွင်းရေးမှူး၏ တာဝန်ဝတ္တရားများ

အပိုဒ်ခွဲ(က)နှင့်(ခ) ပါရှိပါသည်။

၁၄။ ဘဏ္ဍာရေးမှူး၏ တာဝန်ဝတ္တရားများ

အပိုဒ်ခွဲ(က)(ခ)(ဂ)တို့ပါရှိပါသည်။

၁၅။ စာရင်းစစ်၏ တာဝန်ဝတ္တရားများ

၁၆။ ပြန်ကြားရေးမှူး၏ တာဝန်ဝတ္တရားများ

၁၇။ တွဲဘက်ပြန်ကြားရေးမှူး၏ တာဝန်ဝတ္တရားများ

၁၈။ အစည်းအဝေးများ

**အစည်းအဝေးများတွင်**

(၁) အလုပ်အမှုဆောင်အစည်းအဝေး

(၂) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

(၃) အရေးပေါ်အစည်းအဝေးဖြင့် ပြည့်စုံစွာရေးဆွဲထားပါသည်။

ဖွဲ့စည်းပုံ၏ အချို့သော အချက်အလက်များ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးစသည်တို့၏ တာဝန်ဝတ္တရားများကို ချန်လုပ်ထားရခြင်းမှာ မဂ္ဂဇင်း၏ စာမျက်နှာများကို ငဲ့ကွက်သောကြောင့် ဖြစ်ပါသည်။

အသင်း၏ ဖွဲ့စည်းပုံကို ပြည့်စုံစွာသိလိုပါလျှင် အသင်း၏တည်နေရာ ရွှေတိဂုံဘုရားအရှေ့မုခ် ကြားတောရလမ်းနှင့် ရေတာရှည်လမ်းထောင့်ရှိ ဓနုတိုင်းရင်းသားဓမ္မာရုံတာဝန်ခံထံတွင် တောင်းယူဖတ်ရှုနိုင်ပါသည်။

အသင်းစတင်ဖွဲ့စည်းခဲ့သည့် နာယကများကို ဖော်ပြပြီးဖြစ်၍ အမှုဆောင်အဖွဲ့ကို ဆက်လက်ဖော်ပြပါမည်။

| | | |
|---|---|---|
| ဥက္ကဋ္ဌ | – | ဦးစိုးမြင့်(ရွာငံ) |
| ဥက္ကဋ္ဌ(၁) | – | ဦးသန်းဦး(နောင်ချို) |
| ဥက္ကဋ္ဌ(၂) | – | ဦးတင်မြင့်(အောင်ပန်း) |
| အတွင်းရေးမှူး | – | ဦးအုန်းကျော်(ရွာငံရေချိုး) |
| တွဲဘက်အတွင်းရေးမှူး | – | ဦးအောင်စိုး(ပင်းတယ) |
| ဘဏ္ဍာရေးမှူး | – | ဒေါ်သန်းညို(ကောင်းဘို) |
| စာရင်းစစ် | – | ဦးချစ်စိန်(ပွေးလှ) |
| ပြန်ကြားရေးမှူး | – | ဦးညိုလွင်(အောင်ပန်း) |
| တွဲဘက်ပြန်ကြားရေးမှူး | – | ဦးတင်ဟိန်း(အောင်ပန်း) |
| အမှုဆောင်များ | – | ဦးအောင်ကြိုင်(လက်ရှိ ဒု ဥက္ကဋ္ဌ) |
| | – | ဦးစိုးမြင့်(ပင်းတယ) |
| | – | ဦးကျော်လေး(ကောင်းပန်း) |

www.burmeseclassic.com

www.burmeseclassic.com



– ဦးညာဏ်ဝင်း(ဟဲဟိုး)

– ဒေါ်ခင်မေလှ(ပင်းတယ)

ဓနုအသင်းစတင်ဖွဲ့စည်းချိန်မှ ယနေ့ချိန်ထိ ကာလကြာရှည်ခဲ့ပြီး မှတ်တမ်းမှတ်ရာများမရှိ၊ ရှိသမျှ ရေးသားတင်ပြရခြင်းဖြစ်ပါ၍ အားနည်းချက်များတွေ့ရှိပါက သည်းခံခွင့်လွှတ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ဓနုတိုင်းရင်းသားမိသားစုအသင်း စတင်ဖွဲ့စည်းသည့် ၁၉၇၂ ခုနှစ်အချိန်က အသင်းဥက္ကဋ္ဌဦးစိုးမြင့် လုပ်သားကောလိပ်တွင် ဒုတိယတက်နေသည်။

ထို့ကြောင့် လုပ်သားကောလိပ် မောင်မယ်သစ်လွင် ကြိုဆိုပွဲတွင် ဓနုအသင်းအိုးစည်ဝိုင်း၊ ဓားသိုင်း၊ တုတ်သိုင်းကကွက်များဖြင့် တင်ဆက်ဖျော်ဖြေရန် တာဝန်ယူခဲ့သည်။

ကျွန်တော်က အိုးစည်၊ ဦးချစ်စိန်က လင်ကွင်း၊ ကျောင်းသားများက မောင်းနှင့် ဝါးလက်ခုပ်များတီးပြီး တန်းစီ၍ ထွက်လာခဲ့တဲ့အချိန်မှာတော့ ဟောခန်းအပြည့်အားပေးကြည့်ရှုနေကြသည့် ပရိသတ်များ၏ လက်ခုပ်သြဘာသံများကတော့ နားကွဲမတတ် ခံစားရပါသည်။

ကျွန်တော့်တစ်သက် မေ့ပျောက်၍ မရနိုင်တော့ပါ။ ဤဖျော်ဖြေမှုသည် ဓနုတိုင်းရင်းသားမိသားစုအသင်း၏ ပထမဆုံး ရန်ကုန်မြို့ကြီးတွင် လူတောတိုးခြင်းဖြစ်ပါသည်။ "လူတောတိုး" အသုံးအနှုန်းမှာ ဓနုစကားဖြစ်ပါသည်။ မြန်မာ့အသုံးအနှုန်း ဆိုလျှင် လူအများထဲ ဝင်ဆံ့သည်ဟူ၍ ဖြစ်ပါသည်။

ယခုဆောင်းပါးရေးနေချိန်နှင့် အသင်းစတင်ခဲ့သည့်အချိန် ဆိုပါလျှင် နှစ်ပေါင်း(၄၄)နှစ်ထဲ ရောက်နေပြီဖြစ်၍ မှတ်တမ်းမှတ်ရာများကိုလည်း အနည်းငယ်သာကျန်ပါတော့သည်။ ၁၉၇၉ ခုနှစ် ဓနုတိုင်းရင်းသားမိတ်ဆုံစားပွဲနှင့် သစ်လွင်ကြိုဆိုပွဲဓာတ်ပုံလေးတင်ပြလိုက်ပါသည်။

ဦးအောင်ကြိုင်(ဒုဥက္ကဋ္ဌ)



ဝဲမှယာ - ကျွန်တော်ဥက္ကဋ္ဌတာဝန်ယူစဉ်ပုံ၊ ကျွန်တော်၏ဇနီးဒေါက်တာဒေါ်စိန်တင်(ပါမောက္ခဌာနမှူး-ငြိမ်း)၊ ဒေါက်တာဒေါ်ခင်လေးကြည်-ပါမောက္ခဌာနမှူး(မော်လမြိုင်တက္ကသိုလ်)၊ ဒေါ်ပို့ပို့ (ကထိက-ရန်ကုန်နည်းပညာတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com



# စိုးညွန့် (MEIS)
# ၈ နှစ် ဘိုးသက်ရှည် ဘွားသက်ရှည်များ



**၁။ ဘဒ္ဒန္တဖယန္တရာဇဗြိုဟ်ဆရာတော်ကြီး**–အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ။ **မွေးနေ့**–၁၂၆၈ ခု၊ နယုန်လဆန်း ၇ ရက်၊ အင်္ဂါနေ့။ **ဘဝ နတ်ထံပျံလွန်တော်မူသောနေ့**–၁၃၇၃ ခု၊ ကဆုန်လဆန်း ၁၃ ရက်၊ သက်တော် ၁၀၅ နှစ်၊ ဝါတော် ၈၅ ဝါ။ **မွေးဖွားရာဇာတိ**–ရွှာင်မြို့။ **ခမည်းတော်**–ဦးဖိုးတုတ်။ **မယ်တော်**–ဒေါ်ကျုံ။

**၂။ ဘဒ္ဒန္တတေဇနိယ**–ကုံလုံဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ။ **မွေးနေ့**–၁၂၆၉ ခု၊ နှောင်း တန်ခူးလဆန်း ၄ ရက်၊ စနေနေ့(၄–၄–၁၉၀၈)။ **ဘဝနတ်ထံပျံလွန်တော်မူသောနေ့**–၂၀၀၂ ခုနှစ်၊ သက်တော် ၉၄ နှစ်၊ ဝါတော် ၇၄ ဝါ။ **မွေးဖွားရာ ဇာတိ**–တမဲကျေးရွာ၊ ပင်းတယမြို့။ **ခမည်းတော်**–ဦးထူး။ **မယ်တော်**–ဒေါ်ထွေးမိ။

အုံးဩကုန်နိုင်ဘွယ် ကံမယုံခြင်းနေ့

**၃။** အဖဘုရားတကာကြီး ဦးခင်နှင့် အမိဘုရားဒါယိကာမကြီး ဒေါ်ရွှေတို့၏သား ၁ ဦးနှင့် သမီး ၆ ဦး ဟဲဟိုးမြို့အပိုင် ကျောက်ထပ်ရွာဇာတိ။

၁။ ဒေါ်ဒေါ်ခင်
(၁၀၁)နှစ် သက်ရှိထင်ရှား

၂။ ဒေါ်ခင်ကြည်
(၉၆)နှစ် သက်ရှိထင်ရှား

၃။ ဒေါ်ခင်မြမြ
(၉၃)နှစ် သက်ရှိထင်ရှား

၄။ ဦးခင်မောင်သိန်း
(၉၁)နှစ် သက်ရှိထင်ရှား

၅။ ဒေါ်ခင်လှလှ
(၈၈)နှစ် သက်ရှိထင်ရှား

၆။ ဒေါ်ခင်သောင်းရီ
(၈၆)နှစ် သက်ရှိထင်ရှား

၇။ ဒေါ်ခင်ထွေးကြည်
(၈၃)နှစ် သက်ရှိထင်ရှား

မောင်နှမအရင်းအခြာ(၇)ဦးစလုံး ဥပုတ်သီလစောင့်ထိန်း တရားဘာဝနာ အားထုတ်လျက် ကျန်းကျန်းမာမာ၊ ပျော်ပျော်ရွှင်ရွှင်ဖြင့် လက်ကျန်ဘဝသက်တမ်းကို ဖြတ်သန်းနေကြသည်မှာ အံ့ဩဖွယ်ရာကောင်းလှပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အို. . .ပညာတတ်တို့

သမိုင်းဆရာ၊ တောင်ကြီးလာ
သျှမ်းစာ,စကား တတ်ရဲ့လား။

သုတေသီဆရာ၊ ဗန်းမော်လာ
ကချင်စာ,စကား တတ်ရဲ့လား။

ယဉ်ကျေးမှုဆရာ၊ ဖလမ်းလာ
ချင်းစာ,စကား တတ်ရဲ့လား။

လူမှုရေးဆရာ၊ ဘားအံလာ
ကရင်စာ,စကား တတ်ရဲ့လား။

ဘာသာဗေဒဆရာ၊ လွိုင်ကော်လာ
ကယားစာ,စကား တတ်ရဲ့လား။

အများစုမှာ၊ မတတ်ရှာကြ
ကြားမှာ စကားပြန်၊ တဆင့်ခံ၍
ရှာကြံလေ့လာနေရဆဲ။

လူမျိုးခြားတို့၊ ရေးသားသမှု
လူမျိုးစု၏၊ လူမှုရေးရာ
စာတန်းလွှာကို၊ မကြာခဏ
အားထားရ၏၊ ထိုမှတဆင့်
အနက်ဖွင့်၍၊ ဖြစ်သင့်ရာသည်
ဖြစ်တန်သည်ဟု၊ ဆိုမြည်ကောက်ချက်ပေးရဆဲ။

ငါတို့ပြည်တွင်၊ ဝေးမြေရပ်ခြား
တိုင်းတစ်ပါး၏၊ စကားနှင့်စာ
ထိုအရာတွင်၊ ပါရဂူမြောက်
တတ်မြောက်ကျွမ်းကျင်၊ ပညာရှင်တို့
စုံလင်ပေါကြွယ်နေသော်လည်း ..

တစ်မြေတည်းဖွား၊ သားချင်းများ၏
စကားနှင့်စာ၊ တတ်သူပါဟု
ပညာရှင်များ၊ ထိုအကြားဝယ်
ရှားလှပါဘိ၊ ရှားပါဘိ။

အို ..ပညာတတ်တို့
အနာဂတ်ရေး၊ စေ့စေ့တွေး၍
အလေးအနက်၊ ဆင်ခြင်ချက်ဖြင့်
ရှက်ဖွယ်ကောင်းကြောင်း သိလောက်ပြီ။

ပြည်ထောင်စုဟု၊ တည်ထောင်ပြုခဲ့
ဆယ်စုနှစ်လီ ကျော်ခဲ့ပြီ။

ချစ်ကြည်ကြစို့၊ သွေးစည်းစို့ဟု
ဒို့များခါခါ ဟစ်ခဲ့သည်။

သို့ပါသော်ငြား၊ ညီနောင်ကြားတွင်
အတားအဆီး၊ နံရံကြီးသို့
ခိုင်ဖြိုးလှစွာ၊ ရှိနေပါ၏
ဘာသာစကား ခက်အခဲ။

တစ်ယောက်စကား၊ တစ်ယောက်နားတွင်
ကွဲပြားပီပြင်၊ မကြားလျှင်မူ
အထင်အတွေး၊ အရေးအရာ
အဖြာဖြာကို၊ ဘယ်မှာတပ်အပ်သိမည်လဲ။

တစ်ဦးဘဝ၊ တစ်ဦးကလျှင်
ကျွန်သေချာ သိဖို့ရာ ...

တစ်ဦးအရှိ တစ်ဦးသိ၍
သွေးညှိညီညာနိုင်ဖို့ရာ ...

ရင်းရင်းနှီးနှီး၊ စုရုံးစည်း၍
နှီးနှောဖလှယ်နိုင်ဖို့ရာ ...

ယဉ်ကျေးမှုဓလေ့၊ ရှိသရွေ့ကို
စေ့ငုသေချာ သိဖို့ရာ ...

အပြန်အလှန်၊ ခြေနေမှန်ကို
ဝေဖန်ပိုင်းခြားနိုင်ဖို့ရာ ...

www.burmeseclassic.com

www.burmeseclassic.com



ဘဝခက်ခဲ၊ တွင်းနက်ထဲမှ
လက်တွဲလွတ်မြောက်နိုင်ဖို့ရာ ...

ပါးစပ်ဖြဲဟ၊ ဟစ်ရုံမျှဖြင့်
ကိစ္စမပြီးနိုင်ကြပါ။

အို .. ပညာတတ်တို့
အနာဂတ်ရေး၊ ကိုယ့်သွေးကိုယ့်သား
ညီနောင်များ၏၊ စကားနှင့်စာ
ဖွံ့ဖြိုးလာအောင်၊ ပညာရှင်များ
အရေးထား၍ ကြိုးစားထမ်းဆောင်သင့်ကြပြီ။

ကိုယ့်သွေးကိုယ့်သား၊ ညီနောင်များ၏
စကားနှင့်စာ၊ တတ်ကျွမ်းပါရန်
ချိန်ခါရောက်ခဲ့ပြီးလေပြီ။

စကားသာရှိ၊ စာမရှိသော
ဒို့၏သွေးသား၊ လူမျိုးများစွာ
ရှိနေပါ၏၊ စာပေအသီးသီး
ဖန်တီးပေးရန်၊ ကြိုးပမ်းရန်လည်း
ချိန်တန်ခါသင့်နေလေပြီ။

လူမှုစီးပွားရေး၊ နိုင်ငံရေးတို့
တပြေးညီညာ၊ တိုးတက်လာရန်
အခြေခံပညာရေး ပျိုးထောင်ပေး။

လူမျိုးစုနေ၊ ဒေသမြေတွင်
အခြေခံပညာ၊ ကိုယ်ပိုင်စာနှင့်
သင်လာနိုင်မှ၊ ဖွံ့ဖြိုးကြမည်
ဘဝသစ်ထွက် ရှန်းကန်ရေး။

သားချင်းမျိုးစု၊ ယဉ်ကျေးမှုကို
ပြုစုလိုလျှင် ...


သားချင်းမျိုးစု၊ လူမှုရေးရာ
အဖြာဖြာကို၊ လေ့လာလိုလျှင် ...

သားချင်းမျိုးစု၊ ကြီးပွားမှုတွက်
ပြုစုလိုလျှင် ...

ပညာရှင်များ၊ စဉ်းစားပါလေ
တစ်မြေတည်းဖွား၊ ညီနောင်များ၏
စကားနှင့်စာ၊ သက်ဆိုင်ရာကို
လေ့လာတတ်မြောက်သင့်ပါပြီ။

လေ့လာတတ်သိ၊ ပိုင်နိုင်မိမှ
ထိထိရောက်ရောက်၊ အကျိုးမြောက်လိမ့်
နောက်ကျန်ခဲ့သား၊ ခြေလှမ်းများကို
အားသစ်မာန်သစ်၊ စွမ်းအင်သစ်နှင့်
တစ်ခေတ်ဖွင့်မည်၊ စိတ်မှာရည်၍
လှမ်းချီပါလေ့ ချီပါလော့။

မောင်လင်းယုန်(သျှမ်းပြည်)



www.burmeseclassic.com

www.burmeseclassic.com






ကာတွန်း
✫ပီများ:ဥ
2015

www.burmeseclassic.com

www.burmeseclassic.com





ဓနုစိုးညွန့်

# ဓနုတိုင်းရင်းသားဓမ္မာရုံ

ရှမ်းပြည်နယ်အနောက်ပိုင်းတောင်ပေါ်မြေလတ်ဒေသ တစ်ကြောတွင် စုစုစည်းစည်း နေထိုင်လျက်ရှိကြသော ဓနုတိုင်းရင်းသားများအနက် အချို့သည် ကျန်းမာရေး၊ ပညာရေး၊ စာပေရေးရာအနုပညာ၊ စီးပွားရေးနှင့် နိုင်ငံတော်တာဝန်များဖြင့် ဇာတိချက်ကြွေမွေးရပ်မြေကို စွန့်ခွာ၍ ရန်ကုန်မြို့သို့ ပြောင်းရွှေ့အခြေချနေထိုင်လျက်ရှိကြပါသည်။ ရန်ကုန်ရောက် ဓနုတိုင်းရင်းသားတို့၏ သာရေးနာရေး၊ လူမှုရေးနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရန် အဆောက်အဦတစ်ခု မရှိမဖြစ်လိုအပ်ပါသည်။ ဗုဒ္ဓဘာသာဝင်လူမျိုးဖြစ်သည့် အားလျော်စွာ သွားလာမှုလွယ်ကူအဆင်ပြေ၍ တန်ခိုးကြီးသောဘုရားအနီး ဓမ္မာရုံတစ်(ဆောင်)လုံး ဆောက်လုပ်လှူဒါန်းခြင်းဖြင့် အမျိုးဘာသာသာသနာနှင့် နိုင်ငံ၏အကျိုးကို တပိုင်တနိုင်တိုးတက်ဆောင်ရွက်ခွင့်ရရှိမည် ဖြစ်ပါသည်။

ရည်ရွယ်ချက်

(က) အဆောက်အဦတစ်ခု နေရာအတည်တကျ ခိုင်ခိုင်မာမာရှိနေခြင်းကြောင့် ရန်ကုန်ရောက် ဓနုတိုင်းရင်းသားမိသားစုတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်ထိန်းသိမ်းတိုးတက်အောင် ဆောင်ရွက်ခွင့်ရခြင်း။

(ခ) ဗုဒ္ဓဘာသာဝင်များဖြစ်၍ ဗုဒ္ဓမြတ်စွာသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆိုင်ရာ ကိစ္စရပ်များ အခမ်းအနားများကို စည်းစည်းလုံးလုံး ညီညီညာညာ စုပေါင်းဆောင်ရွက်နိုင်ခြင်း။

(ဂ) ဓနုတိုင်းရင်းသားမိသားစုဝင်များ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးရေးဟူသော ဗလငါးတန်မဏ္ဍိုင်ငါးရပ် တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်ခြင်း။

(ဃ) ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘုရားဖူးနှင့် နိုင်ငံတာဝန်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာစဉ် ယာယီအားဖြင့် စိတ်ချမ်းသာကိုယ်ချမ်းသာစွာ တည်းခိုနေထိုင်ခွင့်ရရှိခြင်း။

www.burmeseclassic.com

www.burmeseclassic.com





(င) မနုတိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေး ဘက်စုံတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ အကျိုးကို တစ်ဖက်တစ်လမ်းမှ တတပ်တအားပါဝင်နိုင်ခြင်း။

(စ) အမိနိုင်ငံအတွင်းရှိ တိုင်းရင်းသားပေါင်းစုံနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံ၍ အမျိုးဘာသာသာသနာ၏အကျိုးကို ပူးပေါင်းဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်မြှင့်တင်ခြင်း စသည့် ကောင်းမြတ်သော နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

**အဆောက်အဦဆောက်လုပ်ရန် လုပ်ငန်းအစ**

မနုတိုင်းရင်းသားမိသားစုအသင်း (ရန်ကုန်)ကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနအသင်းအဖွဲ့များ ကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးအဖွဲ့၏ (၈-၂-၁၉၈၂)နေ့စွဲပါ ခွင့်ပြုချက်အ မှတ် ၃၂/၈၂ ဖြင့် ၁၉၈၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ရန်ကုန်ရောက် မနုတိုင်းရင်းသားမိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် သာရေးနာရေး ကိစ္စရပ်များကို စုပေါင်း၍ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် အေးချမ်းစွာ တပိုင်တနိုင် ဆောင်ရွက်ခဲ့ကြပါသည်။

၂၀၀၁ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပသော ဒုတိယအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတော်ရန် အသင်းသားများထံမှ အလှူငွေများနှိုးဆော်ကောက်ခံခဲ့စဉ် အသင်းသားဦးရှမောင်က အသင်းကိစ္စများ၊ မနုတိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့်သာရေး နာရေး ကိစ္စများ ယခုထက်ပိုမို၍ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် စနစ်တကျ တိုးတက်ဆောင်ရွက်နိုင်ရန် ဓမ္မာရုံကဲ့သို့သော အဆောက်အဦတစ်ခုလိုအပ်ကြောင်း၊ ဆောက်လုပ်မည်ဆိုပါက စေတနာ၊ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုသည့် အလှူရှင်များလည်း ရှိနေကြောင်း၊ အသင်းအနေဖြင့် အဆောက်အဦတစ်ခုဆောက်လုပ်ရန် ဖြစ်မြောက်အောင် ကြိုးပမ်းသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။ ဆောက်လုပ်ပါက ၎င်းအနေဖြင့် အစွမ်းကုန် တာဝန်ယူကူညီမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**အဆောက်အဦဆောက်လုပ်ရန်ကိစ္စ စတင်ညှိနှိုင်းဆွေးနွေးခြင်း**

မနုတိုင်းရင်းသားမိသားစုအသင်း (ရန်ကုန်)၏ လစဉ်အစည်းအဝေးတွင် ဓမ္မာရုံဆောက်လုပ်လှူဒါန်းရန် ကိစ္စရပ်အား ညှိနှိုင်းဆွေးနွေးကြပြီးနောက် အဆောက်အဦတစ်ခု တည်ဆောက်ရန် မြေနေရာရရှိမှုသည် အဓိကကျသဖြင့် မြေနေရာရရှိရေးကို ပထမကြိုးစားသင့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း အများသဘောဆုံးဖြတ်၍ မြေနေရာရရှိရေးကိစ္စ ပဏာမကြိုးပမ်းခဲ့ကြပါသည်။

မြေနေရာရရှိရန် ဥက္ကဋ္ဌနှင့်အတူ အမှုဆောင်ဦးအောင်ဝင်းနှင့် ဒေါ်ဥမ္မာတို့က သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးကျော်လွင်(နှစ်ဖက်လှ) ထံမှ အကြံဉာဏ်များတောင်းခံ၍ ၁၁-၁၀-၂၀၀၁ နေ့စွဲဖြင့် ရန်ကုန်တိုင်း သံဃာနာယကအဖွဲ့(သုဓမ္မာ)သို့ ဓမ္မာရုံ ဆောက်လုပ်လှူဒါန်းနိုင်ရန် သင့်တော်သော မြေကွက်တစ်နေရာ ချီးမြှင့်ပေးသနားပါရန် ကျိုးကြောင်းရှင်းလင်းဖော်ပြ၍ ဦးတိုက်လျှောက်ထားခဲ့ပါသည်။ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ (၁၅)ရက် ကြာသပတေးနေ့တွင် ကျင်းပသော ရန်ကုန်တိုင်း သံဃာ့နာယကအဖွဲ့ ဆရာတော်များ စုံညီအစည်းအဝေးက ယင်းအဖွဲ့မှထုတ်ပြန်ထားသော "ခွင့်ပြုဓမ္မာရုံများ စည်းမျဉ်းစည်းကမ်း"နှင့် အညီ လိုက်နာပါက တိုင်း သံဃာ့နာယကရုံးဝင်းအတွင်း ကြားတောရလမ်းနှင့် ရေတာရှည်လမ်းထောင့်မြေကွက်ကို ခွင့်ပြုမည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ကလည်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ စည်းမျဉ်းအပိုဒ်(ဂဂ-ဃ) "ကုန်းတော်နှင့်ဝတ္ထုကံမြေအတွင်းရှိ ကုသိုလ်တော်များနှင့်သက်ဆိုင်သော ကုသိုလ်ရှင်များလိုက်နာရန် စည်းကမ်း"သတ်မှတ်ချက်ဖြင့် ဓမ္မာရုံဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

**ဓမ္မာရုံဆောက်လုပ်ရန်**
**လုပ်ငန်းကိစ္စစတင်ဆွေးနွေးခြင်း**

ရန်ကုန်တိုင်း သံဃာ့နာယကအဖွဲ့မှ ဗဟန်းမြို့နယ်၊ မြို့မရပ်ကြားတောရလမ်းနှင့် ရေတာရှည်လမ်းထောင့်မြေကွက်ကို ခွင့်ပြုကြောင်းဆုံးဖြတ်ချက်ရရှိလျှင်ရရှိခြင်း အသင်း၏နာယကများထံ အခြေအနေကိုတင်ပြ၍ ဩဝါဒ ခံယူခဲ့ပါသည်။ ၆-၁-၂၀၀၂ နေ့တွင် ကျင်းပပြုလုပ်သော အထူးအစည်းအဝေးသို့ အမှုဆောင်အပါအဝင် စိတ်ပါဝင်စားသည့်အသင်းသားများကို ဖိတ်ကြားထားသော အသင်းသား(၁၁)ဦး စုစုပေါင်း(၂၁)ဦး တက်ရောက်ခဲ့ကြပါသည်။ ယင်းအစည်းအဝေးကြီးမှ (၃)ထပ်ဆောင်ဓမ္မာရုံတစ်လုံး ဆောက်လုပ်လှူဒါန်းရန်နှင့် အောက်ပါအဖွဲ့များအား ဖွဲ့စည်းရန် တညီတညွတ်တည်းသဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

(၁) ဩဝါဒစရိယသံဃာ့အဖွဲ့
(၂) နာယကအဖွဲ့
(၃) ဓမ္မာရုံဖြစ်မြောက်ရေးအဖွဲ့ နှင့်လုပ်ငန်းအဖွဲ့များ



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့များဖွဲ့စည်းပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါသည်။ ဓမ္မာရုံ၏ အမည်ကိုလည်း ''ဓနုတိုင်းရင်းသားဓမ္မာရုံ''ဟု အများသဘောတူ ရွေးချယ်သတ်မှတ်ခဲ့ပါသည်။

ဓမ္မာရုံတည်ဆောက်ရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးရန် တစ်လတစ်ကြိမ် လစဉ် ပုံမှန်အစည်းအဝေးများ ကျင်းပခဲ့ပါသည်။ သုံးထပ်ဆောင်ဓမ္မာရုံ ဆောက်လုပ်ရန်အတွက် အဆိုပြုအဆောက်အဦပုံကြမ်းရေးဆွဲခြင်း၊ ဩဝါဒစရိယဆရာတော်များထံမှ ဩဝါဒခံယူခြင်း၊ သင်းလုံးကျွတ် အစည်းအဝေး၌ အခြေအနေအရပ်ရပ်ကို တင်ပြဆွေးနွေး အကြံဉာဏ်ရယူခြင်း၊ နာယကကြီးများထံမှ အကြံဉာဏ်နှင့် လမ်းညွှန်မှုများခံယူခြင်းများကို ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ၆-၂-၂၀၀၂ နေ့တွင် သုံးထပ်ဆောင်ဓမ္မာရုံ ဆောက်လုပ်ရန် အေရှဝေါကုမ္ပဏီလီမိတက်အား ကန်ထရိုက်ပေးလုပ်ငန်းအပ်နှံရန် သဘောတူခဲ့ပါသည်။

ဆောက်လုပ်ခွင့်ရရှိရေးကိုလည်း တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၁၃-၂-၂၀၀၃ ရက် တနင်္လာနေ့ နံနက်တွင် ရန်ကုန်တိုင်း သံဃာ့နာယကဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် တိုင်းသံဃာ့နာယက ဥပဌ္ဌမ္ဘကအဖွဲ့ဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ရန်ကုန်အနောက်ပိုင်းခရိုင်) ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်၊ ရွှေတိဂုံဘုရားဂေါပကအဖွဲ့ အဖွဲ့ဝင်ဦးကြီးမြင့် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး၊ ဗဟန်းမြို့နယ် သာသနာရေးဦးစီးဌာနမှူး၊ ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့၏ တူညီသောသမ္မာဆန္ဒဖြင့် ရွှေတိဂုံစေတီတော်သာသနာ့နယ်မြေဖြစ်သော ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ကြားတောရလမ်း သံဃာ့နာယကရုံး(သုဓမ္မာ)တည်ရာဝင်းအတွင်းရှိ မြေကွက်ရေိယာ၌ ''ဓနုတိုင်းရင်းသားဓမ္မာရုံ''ကို ဆောက်လုပ် ခွင့်ပြုခဲ့ပါသည်။

ဆောက်လုပ်ခွင့်ရသည့် ၁၃-၂-၂၀၀၃ နေ့တွင်ပင် ရန်ကုန်တိုင်း သံဃာနာယကဥပဌ္ဌမ္ဘကအဖွဲ့သို့ ချက်လက်မှတ်အမှတ် ၅၀၁၅၅၂ ဖြင့် ဓမ္မာရုံဖြစ်မြောက်ရေးအဖွဲ့က ငွေပဒေသာပင် ကျပ်သိန်း(၆၀)ကို စိုက်ထူလှူဒါန်းခဲ့ပါသည်။

၉-၃-၂၀၀၃ နေ့နံနက်တွင် တိုင်းသံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရာဇဗြိုဟ်ကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဇယန္တနှင့် ဓနုတိုင်းရင်းသား သံဃာတော်(၇)ပါးတို့က မြေသန့်ကမ္မဝါရွတ်ဖတ်ပြီး ဦးစီးဦးဆောင်၍ ပနက်တင်မင်္ဂလာကို ဓမ္မာရုံဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြပါသည်။

၁၈-၃-၂၀၀၃ နေ့တွင် ရန်ကုန်တိုင်း၊ သံဃာ့နာယကရုံးဝင်းအတွင်း ဓနုတိုင်းရင်းသားဓမ္မာရုံ ဆောက်လုပ်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ ၂၄-၇-၉၇ နေ့ ရန်ကုန်တိုင်း သံဃာ့နာယကအဖွဲ့ ဆရာတော်များ စုံညီ(၇/၉၇)လပတ်ပုံမှန် အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း လိုက်နာမည်ဖြစ်ကြောင်း တိုင်းသံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်တို့၏ရှေ့မှောက်၌ ဓနုတိုင်းရင်းသားဓမ္မာရုံဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌ(၃)ဦး၊ အတွင်းရေးမှူး ဘဏ္ဍာရေးမှူးနှင့် အဖွဲ့ဝင်(၁)ဦးတို့က ဝန်ခံကတိပြု လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၃၀-၃-၂၀၀၃ နေ့နံနက်တွင် သတ်မှတ်ခွင့်ပြုနေရာ၌ မင်္ဂလာအခါပေး ဆရာဦးကံဝင်းက ဘုရားတရား သံဃာရတနာမြတ်သုံးပါးတို့အား ပူဇော်ကန်တော့လျက် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို အသင်းနာယက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝမ်းပမ်းတသာ ညီညီညွတ်ညွတ် ဆောင်ရွက်ခဲ့ကြပါသည်။

သင်္ကြန်မတိုင်မီ သို့မဟုတ် သင်္ကြန်အပြီး အဆောက်အဦကို စတင်ဆောက်လုပ်နိုင်ရေး ကြိုးပမ်းခဲ့သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်မည့် အေရှဝေါကုမ္ပဏီလီမိတက်သည် နိုင်ငံတော်အတွက် အရေးတကြီး ဆောင်ရွက်ရမည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးရန် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်၍ မိမိတို့ဓမ္မာရုံတည်ဆောက်ရေး လုပ်ငန်းများကို လက်ခံဆောင်ရွက်ပေးနိုင်ခြင်းမရှိတော့ကြောင်း အကြောင်းကြားလာ၍ အဆောက်အဦဆောက်လုပ်ရန်အတွက် လုပ်ငန်းရှင်အသစ်တစ်ဦးကို ထပ်မံ ရှာဖွေခဲ့ရပါသည်။

ငှင်းအပြင် အဆောက်အဦ

www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ရေးအတွက် တိုင်း သံဃာ့နာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်အား အစီအစဉ်များကို လျှောက်ထားဩဝါဒခံခဲ့ရာ အကျိုးတော်ဆောင်ဆရာတော်က ဥပဏ္ဍမ္မကအဖွဲ့သို့ ပဒေသာပင်စိုက်ထူလှူဒါန်းခဲ့သော ချက်လက်မှတ်မှာ စာရင်း၌ ငွေလက်ကျန်အလုံအလောက်ရှိပါလျက် ဘဏ်လုပ်ငန်းအခြေအနေ အခက်အခဲတစ်ရပ်ကြောင့် စာရင်းပြောင်းထုတ်ယူမရသေးကြောင်း မိန့်ကြားခဲ့ပါသည်။ မိမိတို့အဖွဲ့က အကျိုးအကြောင်းသိလျှင်သိခြင်း အာရှဓနဘဏ်သို့ ၂၂-၇-၂၀၀၃ နေ့တွင် ငွေထုတ်ယူခွင့်ရရှိရန် အကြောင်းကြားညှိနှိုင်းဆောင်ရွက်ခဲ့ရာ ၂၄-၇-၂၀၀၃ နေ့တွင် ချက်လက်မှတ်အမှတ် ၅၀၁၅၅၂ အား ပယ်ဖျက်၍ ငွေသားကျပ်သိန်း(၆၀)အား ဥပဏ္ဍမ္မကအဖွဲ့သို့ ပေးလှူနိုင်ခဲ့ပါသည်။

**ဓမ္မာရုံအဆောက်အဦ စတင်တည်ဆောက်ခြင်း**

ဤသို့ဖြင့် ၂၀၀၁ ခုနှစ်၊ ဇူလိုင်လမှ စတင်လှုပ်ရှားခဲ့သော ဓမ္မာရုံဆောက်လုပ်လှူဒါန်းရေးလုပ်ငန်းသည် မမျှော်လင့်သောအခက်အခဲများကြောင့် (၃)နှစ်တာကာလကြာမြင့်သည့်တိုင် အဆောက်အဦအခြေမတည်နိုင် ဖြစ်ခဲ့ရပါသည်။ အခက်အခဲများ တွေ့ကြုံရသော်လည်း ဩဝါဒစရိယသံဃာတော် သက်တော်ရှည် ရာဇဂြိုဟ်ဆရာတော်ကြီး၏ "စိတ်ရှည်သည်းခံ နည်းလမ်းမှန်ဖြင့် ဖွဲ့သန်လုံ့လကြိုးပမ်းရန်" ဩဝါဒကို အရင်းပြု၍ အဖွဲ့ဝင်များအားလုံး မလျှော့သောအားမာန်ဖွဲ့တို့ဖြင့် တစိုက်မတ်မတ် ကြိုးပမ်းခဲ့ကြသဖြင့် ၁၆-၇-၂၀၀၃ နေ့တွင် အဆောက်အဦဆောက်လုပ်မှုလုပ်ငန်းကို လုပ်ငန်းရှင် ဦးမင်းနေလွင်(ရန်ကုန်မြို့)နှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးလုပ်ငန်းအပ်နှံနိုင်ခဲ့ပါသည်။ ၂၄-၇-၂၀၀၃ နေ့တွင် မြေတူးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပါသည်။

လုပ်ငန်းစတင်ဆောင်ရွက်ချိန်တွင် လိုအပ်သော ငွေကြေးနှင့်ပစ္စည်းများအတွက် အလှူရှင်များထံမှ ကတိပြုအလှူငွေများ ရရှိထားပြီးဖြစ်ရာ လိုအပ်သလို တောင်းခံပေးချေရေးဆောင်ရွက်ခဲ့ပါသည်။ အမှုဆောင်များ ကောက်ခံရရှိသော အလှူငွေကျပ်သိန်း(၉၀)ကျော်ဖြစ်၍ အသုံးစရိတ်မှာ မြေနေရာအတွက် ပဒေသာပင်စိုက်ထူငွေကျပ်သိန်း(၆၀)အပါအဝင် ကြော်ငြာခနှင့် အခြားကုန်ကျစရိတ်စုစုပေါင်းကျပ်ငွေ(၆၄)သိန်းကျော် ဖြစ်ပါသည်။ လုပ်ငန်းရှင်(၆)ဦးထံမှ ကတိပြုအလှူငွေကျပ်သိန်း(၃၀၀) လက်ခံရရှိသကဲ့သို့ ဆောက်လုပ်ရေးပစ္စည်းများဖြစ်သော ဘိလပ်မြေအိတ်(၃၀၀၀)ကို ထူးကုမ္ပဏီကလည်းကောင်း၊ အမိုးသွပ် လိုအပ်သမျှကို ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကလည်းကောင်း၊ အရွယ်စုံသံချောင်းတန်(၃၀)ကို မိုမင်တန်ကုမ္ပဏီကလည်းကောင်း၊ အထပ်သားအချပ်(၃၀၀)ကို ဂျိုးသိန်းဆေးလိပ်ခုံ၊ ဝင်းနိုင်ဝင်းကုမ္ပဏီတို့ကလည်းကောင်း၊ သစ်တန်(၂၅)တန်ကို မိဘမေတ္တာသစ်စက်ကလည်းကောင်း၊ အခင်းအတွက် ပျဉ်းကတိုးပါကေး လိုအပ်သော အရေအတွက် အပြည့်အဝကို M/S Wood World Co. ကလည်းကောင်း လှူဒါန်းထားရာ လိုအပ်သောအချိန်တွင် သုံးစွဲရန် လက်ဝယ်အဆင်သင့်ရှိပြီ ဖြစ်ပါသည်။ မိဘမေတ္တာသစ်စက်က လျှပ်စစ်မီးမီတာနှင့် တယ်လီဖုန်းအတွက် ကုန်ကျငွေကို လှူဒါန်းရန် အဆိုပြုခဲ့ပါသည်။

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ပထမထပ်ကြမ်းခင်းအင်္ဂတေလောင်းပြီးဖြစ်၍ ဒုတိယအထပ်အတွက် သံတိုင်များထောင်ပြီးဖြစ်ရာ စာချုပ်စည်းကမ်းအရ ဒုတိယအရစ် ကျသင့်ငွေ ပေးချေခဲ့ပါသည်။ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ ဘဏ္ဍာ ရေးမှူး လက်ဝယ်လက်ခံရရှိသော အလှူငွေပေါင်းမှာ ကျပ်(၁၁၃)သိန်းခန့် အတိုးရငွေပေါင်း ကျပ်(၁၃)သိန်းခွဲခန့် ဖြစ်၍ အသုံးစရိတ်မှာ ၆၄၃၀၀၀ိ/- ဖြစ်ပါသည်။ အဆောက်အဦဆောက်လုပ်ပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်း ဖြစ်ပါသည်။

ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေး ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် အခါးရည်ပိုင်းများတွင် ဓမ္မာရုံဆောက်လုပ်ပြီးစီးမှု၊ တိုးတက်မှုအခြေအနေ၊ အလှူငွေကောက်ခံရရှိမှုနှင့် အသုံးစရိတ်များကို ရှင်းလင်းပြောကြား၍ အလှူငွေများစွမ်းအားရှိသမျှ ပါဝင်လှူဒါန်းကြရန် နှိုးဆော်တိုက်တွန်းခဲ့ရာ

၂၀၀၄ ခုနှစ်

ဇန်နဝါရီလ-၁,၇၂၈,၈၀၀ိ/-

ဖေဖော်ဝါရီလ-၉၂၉,၀၀၀ိ/-

မတ်လ-၃၈,၉၆,၉၀၀ိ/-

လက်ခံ ရရှိခဲ့ပါသည်။ အမှုဆောင်များအနေဖြင့် စည်းရုံးနှိုးဆော်၍ အလှူငွေများ ကောက်ခံလျက်ပင်ရှိရာ ထပ်မံရရှိအပ်နှံမည့် အလှူငွေများလည်း ရှိနေပါသေးသည်။ ၂၀၀၄ ခု၊ မတ်လအတွင်း ကောက်ခံရငွေမှ ငွေရပြေစာစာအုပ် ရိုက်နှိပ်ခ ၆၃၆၀၀ိ/- ကုန်ကျခဲ့ပါသည်။

တယ်လီဖုန်းနှင့် လျှပ်စစ်မီးမီတာများရရှိပြီးဖြစ်၍ ၂၀၀၄ ခုနှစ်၊ ဧပြီလ(၃၀)ရက်နေ့တွင် (၃)ထပ်ဆောင်ကျောင်းကို အပြီးသတ်ဆောက်လုပ်ပြီးခဲ့ရာ ကုန်ကျငွေစုစုပေါင်းမှာ ကျပ်သိန်းပေါင်း(၁၀၈၀)ဖြစ်ပါသည်။ ဓမ္မာရုံတွင် အပေါ်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးထပ်ရှိ ဘုရားခန်းတွင် ကိန်းဝပ်စံပျော်လျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မှာ ပင်းတယမြို့၊ နေလဘုန်းတော်ကြီး ကျောင်း(အလယ်ဂူ)မှ ပင့်ဆောင်ခဲ့ သောရုပ်ပွားတော်ဖြစ်ပါသည်။

ဓမ္မာရုံ ပထမထပ်ရှိ ဗုဒ္ဓရုပ်ပွားတော်၏ ဒါယကာ/ဒါယိကာမမှာ နာယကကြီး ဦးအောင်ဆန်းနှင့် ဒေါ်ခင်သီတာမိသားစုတို့ ဖြစ်ကြပါသည်။

"ဓနုတိုင်းရင်းသားဓမ္မာရုံ"ရေစက်ချလှူဒါန်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားအတွက် တိုင်းသံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်ဆရာတော်နှင့် သြဝါဒစရိယာဆရာတော်များထံမှ သြဝါဒခံယူ၍ ၂၀၀၄ ဧပြီလအတွင်းကို ယာယီအားဖြင့် သတ်မှတ်ပြီး ဖွင့်ပွဲအတွက် လုပ်ငန်းအဖွဲ့ငယ်များ ဖွဲ့စည်းကာ အစီအစဉ်များ ရေးဆွဲချမှတ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း အစိုးရအဖွဲ့ဝင် တာဝန်ရှိပုဂ္ဂိုလ်များမှာ နိုင်ငံတော်အတွက် အရေးကြီးသော လုပ်ငန်းဆောင်တာကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်နေရသဖြင့် အချိန်မပေးနိုင်သောကြောင့် ဖွင့်ပွဲအခမ်းအနားကို ၁၉-၁၂-၂၀၀၄ ရက်နေ့မှသာ ကျင်းပနိုင်ခဲ့ပါသည်။

အမျိုးဘာသာသာသနာအကျိုး နိုင်ငံအကျိုးကို တနေ့တခြား တိုးတက်ပြန့်ပွားစည်ကားရန် ဆောင်ရွက်နိုင်သည့် လယ်ယာမြေကောင်းသဖွယ်ဖြစ်သော "ဓနုတိုင်းရင်းသားဓမ္မာရုံ" ကြီးသည် တူညီသောစေတနာ၊ တူညီသောသဒ္ဒါတရား၊ တူညီသောဆန္ဒ၊ တူညီသောစိတ်ထားများဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီ လက်တွဲကြိုးပမ်းဆောင်ရွက်ခဲ့သောရလဒ်များအဖြစ် မျက်ဝါးထင်ထင် တွေ့မြင်လာရပြီဖြစ်ရာ ဓနုတိုင်းရင်းသားများအတွက် ဂုဏ်ယူဖွယ်ရာဖြစ်၍ ဖရာဏာပီတိ ဂွမ်းဆီထိမျှ ဝမ်းမြောက်နမော် သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်ကြပြီဖြစ်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဓနုတိုင်းရင်းသားဓမ္မာရုံ**
**သြဝါဒစရိယဆရာတော်များ**

၁။ ဘဒ္ဒန္တတေဇနိယ
နိုင်ငံတော်သြဝါဒစရိယ
အဘိဒဇ အဂ္ဂမဟာ သဒ္ဒမ္မဇောတိက၊ ကုံလုံကျောင်းတိုက်၊
ပင်းတယမြို့။

၂။ ဘဒ္ဒန္တဇယန္တ
သက်တော်ရှည်ဆရာတော်ကြီး
အဂ္ဂမဟာသဒ္ဒမ္မဇောတိကဓဇ
ရာဇဂြိုဟ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်းသာ)မြို့နယ်
၇၀၁၇၆၄

၃။ ဦးတေဇနိယ
ပရိယတ္တိကျောင်း
မိုလ်တစ်ထောင်မြို့နယ်
၂၉၁၉၈၃

၄။ ဦးကေလာသ
သံဃာတက္ကသိုလ်၊ ရေကူး
ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်
၆၆၃၄၆၉


၅။ ဦးတေဇနိယ
မင်္ဂလာဝါဆိုကျောင်း
ပုဇွန်တောင်မြို့နယ်
၂၀၁၁၄၀

၆။ ဦးသုနန္ဒ
အောင်ရတနာကျောင်း
(သိမ်ကုန်းကျောင်းတိုက်)
သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွှန့်
မြို့နယ်
၃၈၁၂၁၀

၇။ ဦးဇောတိပါလ
ပွေးလှကမ္ဘာအေးကျောင်း
မြောက်ဥက္ကလာပမြို့နယ်
၆၅၁၉၀၀

၈။ ဦးသီလစာရ
ဇမ္ဗူအေးကျောင်း၊ ဗဟိုလမ်း
စမ်းချောင်းမြို့နယ်
၅၃၉၈၈၂

မနုစိုးညွန့်



www.burmeseclassic.com



# တောင်ရိုးဓနုကျေးလက်ကဗျာ

အောင်ကြည်ညွန့်(တက္ကသိုလ်)

ဤကဗျာနှစ်ပုဒ်ကိုပေးသော ဆရာကြီးဦးသန်းထွတ်(ပါမောက္ခ(ငြိမ်း)ပညာရေးတက္ကသိုလ်)ကို ကျေးဇူးတင်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော် ‥တိတိကျကျဆိုရပါမူ ၁၉၇၀ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်ရွှေရတုသဘင်တွင် တောင်ရိုးဓနုကျေးလက်တေးသံများအမည်ဖြင့် ကဗျာစာအုပ်တစ်အုပ်ထွက်ပေါ်လာပါသည်။ တက္ကသိုလ်ကောလိပ်သို့ ရောက်ရှိနေကြသော တောင်ရိုးဓနုကျောင်းသူ/သားများက ရှာဖွေစုဆောင်းထုတ်ဝေလိုက်သော ကဗျာစာအုပ်ဖြစ်ပါသည်။ ထိုအချိန်က တောင်ရိုးဓနုလူငယ်များ၏ ကြိုးပမ်းမှုကြောင့် တိုင်းရင်းသား တောင်ရိုးဓနုများ၏ ကျေးလက်ကဗျာစာစဉ်လေးတစ်ခု သီးပွင့်လာခဲ့သည့်အတွက် ဝမ်းမြောက်ရပါသည်။

တောင်ရိုးဓနုကျေးလက်တေးကဗျာများကို အစဉ်အဆက် နှုတ်ဖြင့် ရွတ်ဆိုထိန်းသိမ်းခဲ့ကြသည်။ အများစုက စာမတတ်ကြသဖြင့် စာပေဖြင့် မှတ်တမ်းတင်ခြင်း၌ အားနည်းခဲ့ရသည်။ ဓနုတိုင်းရင်းသားတို့ စကားပြောဟန်ကို ကြည့်လျှင် ရှေးခေတ်ပုဂံကျောက်စာ စကားပြောဟန်မျိုးဖြစ်ကြောင်း တွေ့ရသည်။

ကျေးလက်ကဗျာများကို လေ့လာရာတွင် တူညီသော အချက်တစ်ခုရှိပေသည်။ ထိုအချက်မှာ အခြားမဟုတ်ပါ။ ရိုးသားခြင်းပင်ဖြစ်ပေသည်။

ဓနုလူငယ်များ နယ်ချဲ့၏ ဆိုးမွေကို ဝေဖန်ကြရာ၌–

"ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ အလွန်အလုပ်လုပ်ရပါတယ်။ တစ်အိမ်သားလုံး ကလေးပါမကျန်လုပ်မှ တစ်ဝမ်းတစ်ခါးလှသူများပါ။ တစ်ဖက်က နယ်ချဲ့ပဒေသရာဇ်ရဲ့ ဖိနှိပ်မှုက ရှိသေးတယ်။ လောင်းကစားဝိုင်းတွေကလည်း တရားဝင်။ သူတို့ပြောသလို ဆင်းရဲမှာဖြစ်တယ်။ ဘာကြောင့် ဆင်းရဲသလဲဆိုတာလည်း ရှင်းပါတယ်။ သူတို့ကြောင့်ပါပဲ" လို့ ကောက်ချက်ချကြပါသည်။ ဓနုလူငယ်များတွင် မှန်ကန်သော အသိအမြင်ရှိပေသည်။ တိုင်းရင်းသားအားလုံး ချစ်ကြည်ရေးအမြင်ပင်ဖြစ်သည်။

ဓနုကျေးလက်ကဗျာနှစ်ပုဒ်ကို တင်ပြပါသည်။

**"တောင်ပို့လုလင်"**

တောင်ပို့လုလင်
ဟင်းချိုပင်
တစ်ပင်တစ်ရွက်
ခူးလို့ချက်
အိုးပဲ့နချက်
ခွက်ပဲ့နခူး
တို့လင်မယား စားလေသက်ဖူး။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပို့လေးမှာ လုလင်ဟုခေါ်သော ဟင်းချိုပင်တွေ ပေါက်နေပါသည်။ တစ်ပင်တစ်ရွက်ခူးချက်ပါသည်။ အိုးငယ်နှင့်ချက်ပါသည်။ ခွက်ငယ်နှင့်ခူးပါသည်။ သူတို့လင်မယား စားလောက်ပါဘူးဟု အမိပွာယ်ရပါသည်။

**"မောင်မလုပ်နဲ"**

ကျား – စပါးထောင်းကူ
လူလိုဝူးလော ..လိုဝူးခေါ်
မ – မောင်းမထောင်းနဲ
ခါးညောင်းတတ်လယ်
မယ်ထောင်းမယ်
စပါးပလာလဲ
မောင်ပလာနဲ
ခါးနာတတ်လယ်
မယ်ပလာမယ်။
လက်ဝါးနဲ
သွေးဥတတ်လယ်။
ထမန်းစားလဲ
မောင်မစားနဲ
အံယားတတ်လယ်
မယ်စားမယ်။

စပါးထောင်းနေသော ချစ်သူမယ်ကို စပါးထောင်းကူဖို့လိုသေးသလားဟု ချစ်သူမောင်ဖြစ်သူက မေးသည်။ ဤသို့ မေးစရာမလိုဟု ချစ်သူမယ်က ယူဆသည်။ ဒီလိုမေးတတ်သော ချစ်သူမောင်ကို

မောင်မထောင်းပါနဲ့၊ ခါးညောင်းနေပါ့မယ်။
စပါးပြာရင်လည်း မောင်မပြာပါနဲ့။
ခါးနာနေပါဦးမယ်။
လက်ဝါးနုမှာ သွေးခြေဥနေပါဦးမယ်။
နှမပဲ ပြာပါတော့မယ်။
ထမင်းစားလည်း မောင်မစားပါနဲ့
ပါးစပ်ယားတတ်တယ်။
ကျမပဲ စားပါ့မယ်

ဟု ချစ်သူမယ်က ပြောပုံကို သောသောလေးရေးထားသည်။

ကျွန်တော်တို့ တိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ယခုကဲ့သို့ သက်ဆိုင်ရာ တိုင်းရင်းသားလူငယ်များက ကြိုးပမ်းဖော်ထုတ်နိုင်ခြင်းသည် ကောင်းမြတ်သောလုပ်ငန်းတစ်ရပ်ဖြစ်ပေသည်။ ရှေ့ကိုလည်း ဆက်

"

တိုင်းရင်းသားတွေဟာ
အလွန်အလုပ်,လုပ်ရပါတယ်။
တစ်အိမ်သားလုံး ကလေးပါမကျန်လုပ်မှ
တစ်ဝမ်းတစ်ခါးလှသူများပါ။
တစ်ဖက်က နယ်ချဲ့ပဒေသရာဇ်ရဲ့
ဖိနှိပ်မှုက ရှိသေးတယ်။
လောင်းကစားဝိုင်းတွေကလည်း
တရားဝင်။
သူတို့ပြောသလို ဆင်းရဲမှာဖြစ်တယ်။
ဘာကြောင့်
ဆင်းရဲသလဲဆိုတာလည်း
ရှင်းပါတယ်။
သူတို့ကြောင့်ပါပဲ . . .

"

လက်၍ တိုင်းရင်းသားပြည်သူများကြားသို့ တိုးဝင်လေ့လာ ရှာမှီးလျက် တိုင်းရင်းသားယဉ်ကျေးမှုများကို ဖော်ထုတ်နိုင်ပါစေဟု ဆုတောင်းပါသည်။

အောင်ကြည်[illegible]

www.burmeseclassic.com

www.burmeseclassic.com



# မကြွယ်ကြွယ်

## မြန်မာနှင့်ခနေ

ကျွန်မတို့ဖခင်က
သံတစ်ချောင်းတစ်လေလိုအပ်လျှင်
သံတိုမယ်နလေးတစ်ချောင်းလောက်
မတွေ့မိဘူးလားဟု မေးတတ်၏။
မယ်နသည် ပေါ်ရာထားကားဟု
ထင်ပါသည်။ ခနတို့သည်
ပေါ်ရာထားစကားအချို့
သုံးဆဲဟူ၍…



ကျွန်မတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးရှိသည်ဟု သိရပါသည်။ ပြည်နယ်ကြီး ၇ ခုနှင့် တိုင်းဒေသကြီး ၇ ခုရှိရာတွင် အဆိုပါဒေသတို့၌ ၁၃၅ မျိုးသောလူမျိုးတို့နေထိုင်ကြပါသည်။

မြန်မာနိုင်ငံတွင် နေထိုင်ကြကုန်သော ၁၃၅ မျိုးသော တိုင်းရင်းသားတို့သည် မွန်ဂိုကုန်းမြင့်ဒေသဘက်ဆီမှ ရေကြည်ရာမြက်နုရာများကိုကို ရှာဖွေရင်း ယနေ့ခေတ်မြန်မာနိုင်ငံဟုခေါ်သော နေရာကြီးတွင် ကိုယ့်စိတ်ကြိုက် ကျရာနေရာတို့၌ အခြေချနေခဲ့ကြသည်ဟု ထင်မိပါသည်။ တစ်နည်းအားဖြင့်ပြောရသော် ပုဒ္ဓဘာသာဝင်တို့၏ ခံယူချက်အတိုင်းဆိုရပါက ငါမိတို့၏ ရှေးရှေး

က ဤမြေဤနေရာတို့တွင် ကောင်းမှု မျိုးစေ့ချခဲ့ကြသည့်အတွက် ဤရပ်ဤဌာနတွင် အခြေချကြီးပွားကြရ၏ဟူ၍ တွေးမိပါသည်။

အဆိုပါလူမျိုးတို့သည် မွန်ခမာအုပ်စု၊ တိဘက်မြန်မာအုပ်စု၊ ထိုင်းတရုတ်အုပ်စုတို့ဖြစ်သည်ဟု စာအုပ်တွေတွင် ဖတ်ခဲ့ဖူးပါသည်။ ကျွန်မတို့ခေတ် စာသင်ကျောင်းနေစဉ်က ကျောင်းမှာ သင်ပေးခဲ့သည်မှာ မွန်ကိုမျိုးနွယ်၊ တစ်နည်းအားဖြင့် မောင်းဂွတ်လူမျိုးမှ ဆင်းသက်လာသောလူမျိုးဟု သင်ခဲ့ရပါသည်။ တိဘက်မြန်မာလူမျိုးဟုလည်း မှတ်ခဲ့ရပါသေးသည်။ နှစ်ပေါင်းများစွာက သင်ခဲ့ရသည့်အတွက် မေ့လျော့ပြီးအမှားရေးမိလျှင်လည်း မှားနိုင်မည်ဟု ကျွန်မထင်ပါသည်။ မှားခဲ့ပါက ကျွန်မ၏ ၈၀ ကျော်အသက်ကြောင့်ဟုတွေးပြီး ခွင့်လွှတ်ပါဟူ၍ တောင်းပန်ပါသည်။

ထိုလူမျိုးတို့သည် မိမိတို့စတင်ထွက်ခွာခဲ့စဉ်က တစ်မျိုးတည်းသာဖြစ်လိမ့်မည်။ ဘာသာစကားသည်လည်း တစ်မျိုးတည်းပင်ဖြစ်မည်ဟူ၍ ကျွန်မလက်ခံထားမိပါသည်။ သို့သော် ယနေ့အခါတွင် ဤ ၁၃၅ မျိုးသောလူတို့သည် မိမိကံဇာတ်ဆရာထားရာမှာနေရင်းက ခရီးကွာဝေးမှု၊ သွားလာရေးခရီးလမ်းခက်ခဲမှု စသော အကြောင်းအထွေထွေကြောင့် တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်စုနှင့်တစ်စု အတွေ့နည်းပြီး မူရင်းစကားတွေပါ ကွာသွားလေသလားဟူ၍ ထင်မိပါသည်။

ဘုရားရှင်လက်ထက်တော်က မာဂဓဘာသာသုံးစွဲခဲ့ကြ၏။ ယနေ့ပါဠိဟုခေါ်သောစကား ဖြစ်မည်ထင်ပါသည်။ ထိုစကားတွင် မိခင်ကို မာတာဟူ၍ ခေါ်ကြ၏။ ကျွန်မတို့နိုင်ငံတွင် အချို့သောအရပ်တို့၌ မိခင်ကို အမဟူ၍ ခေါ်ကြပြီး ဘွားအေကို အမေဟု ခေါ်သူတွေပင် ရှိပါသည်။ အချို့သော ပညာရှိကြီးများပြောသည့်စကားတွင် ရှေးခေတ်က အမျိုးသားများက အသက်ကြီးပြီး အမျိုးသမီးက အသက်ငယ်၏။ ယောက်ျားပဋ္ဌင်း၊ မိန်းမ ပုခက်တွင်းဟူသောစကားအရ အသက်ငယ်သောမိခင်က မိမိရင်သွေးကို အထိန်းမတတ်သေးသော အရွယ်တွင် သူ့တွင်လည်း မောင်ညီမတွေရှိတတ်ပေရာ ကလေးသားဦးလေးက မိခင်ကို သူ၏ အဒေါ်၊ ဦးလေးလို့ ခေါ်သလို အဖဟူ၍ ခေါ်တာဖြစ်နိုင်၏ဟူ၍ မှတ်သားခဲ့ဖူးပါသည်။

သို့သော် ထိုမာတာနှင့်ဆင်သော စကားပင် အင်္ဂလိပ်လို မိခင်ကို မားသား Mother ဟု ခေါ်နေပေရာ ထိုစကားကရော မာတာက ဆင်းသက်လေသလားဟူ၍ တွေးစရာဖြစ်ပါသည်။ မြန်မာနိုင်ငံနေ အိန္ဒိယလူမျိုးတွေက သူတို့၏ မိခင်ကို အမားဟု ခေါ်ကြလေရာ ထိုစကားသည် မိခင်ကို အမဟုခေါ်တာမျိုးနှင့် ဆင်နေပြန်ပါသည်။ ဥရောပနိုင်ငံအများတွင်လည်း မားမား၊ မာသားနှင့်ဆင်သော စကားလုံးဖြင့် မိခင်ကို ခေါ်ကြသည်ဟု ကြားဖူးပါသည်။ မာမီသည်လည်း မိခင်ပဲဖြစ်လေရာ လူမျိုးအတော်များများတွင် မိခင်အခေါ်တူသောအသံတို့ကား မာတာကတဆင့်လေလားဟူ၍ တွေးမိပါသည်။

စာရေးဆရာမ မနွယ်(ကလော)က သူ့ဆီကတဆင့် ဓနုအမျိုးသားသမိုင်းစာအုပ်ဖတ်ရန်ပေးလိုက်သဖြင့် ကျွန်မဖတ်လိုက်သောအခါ သူ၏စာအုပ်တွင် ဓနုစကားအချို့ကို ဖတ်လိုက်ရ၏။ ကျွန်မတို့ ဗမာစကားနှင့်တူတာတွေ့ရ၏။ အချို့သောဓနုစကားလုံးတို့သည် ဘဝနှင့်ဆိုင်နေသည်ကို တွေ့ရပါသည်။ ကျွန်မသဘောကျလှပါ၏။

နမူနာပြရမည်ဆိုလျှင် ကတော်ကရာဟူသော ဓနုစကား၏အဓိပ္ပာယ်မှာ ကပျက်ကချော်၊ သို့မဟုတ် မဟုတ်တရုတ်ဟူ၍ မြန်မာလိုဖြစ်ပါသည်။ ကျွန်မတို့ငယ်စဉ်က အိမ်နီးချင်းအဘွားကြီးတစ်ဦးက ဤအဓိပ္ပာယ်ရှိသောစကားကို ကတောက်ကရက်မပြောနှင့်ဟု ပြောတတ်ရာ ကတော်ကရာနှင့် နီးစပ်လှပါသည်။

ကဲ ‥ ဆိုသောစကားသည် လွန်နှင့်တွဲပြီး လွန်ကဲဟူ၍သုံးတာမျိုးရှိပါသည်။ ဓနုစကားတွင် ကဲသည် သူတစ်ပါးထက်ပို၍ကြိုးစားကြောင်း အကောင်းတက်ချီးမွမ်းသည့်ဘက် ရောက်နေတာကို တွေ့ရပါသည်။ ကပျက်ကချော်ကို အလွဲလွဲအမှားမှားဟု ဓနုစကားက ဆိုပါသည်။ မြန်မာစကားအဓိပ္ပာယ်ကမူ ကပျက်ကချော်ဆိုသည်မှာ အလေးအနက်မရှိ၊ ပေါ့ပျက်ပျက်၊ အလုပ်လုပ်တာမသေသပ်၊ စည်းကမ်းမရှိဟူသောဘက် အဓိပ္ပာယ်ထွက်ပါသည်။

ခင်အိုးဟူသော ဓနုစကားမှာ မြန်မာလို ဒယ်အိုးဟူ၍ အဓိပ္ပာယ်ဖြစ်ပါသည်။ ဒယ်အိုးများ သံနှင့်မလုပ်ခင်က မြေအိုးပြန့်ကိုပင် ကြော်သောအခါ အသုံးပြုပါသည်။ သူ့ကို အိုးကင်းဟု ခေါ်ရာ စာနှင့်သာ 'က'သံပါပါသော်လည်း စကားသံနှင့်ပြောလျှင် အိုးခင်းဟူ၍ ဖြစ်သွားတတ်သောကြောင့် ဓနုစကားနှင့် မြန်မာစကားသည် နီးစပ်သည်ဟု ဆိုရပါလိမ့်မည်။

ကျွန်မတို့အရပ်တွင် ထမင်းဟင်းချက်သောအခါ ပူသောအိုးများကိုကိုင်ရန် အဝတ်စကို အသုံးပြုရပါသည်။ ထိုအဝတ်စကို ကျွန်မတို့အရပ်သုံးက လက်နှီးဟူ၍ သုံး၏။ ယောဆောဘက်ကဟု ထင်ပါသည်။ ထိုမှမိတ်ဆွေတွေက သူတို့အရပ်တွင် ကျွန်မတို့၏လက်နှီးကို ပူကယ်ဟုခေါ်ကြောင်း ပြောပါသည်။ သူပြောတာမှန်၏။ ပူတာကို မွေးစရင် ကယ်၍ ပူကယ်ဟုသုံးတာပါလားဟု

www.burmeseclassic.com



တွေးရပါသည်။ သို့သော် သဲတောဝမ်းတွင်းအရပ်သို့ ကျွန်မရောက်သွားသောအခါ ထိုပူကယ်ကို လက်ခုပ်ဟူ၍ ခေါ်သတည်း။ ဒါလည်း မှန်ပါသည်။ သူ့ကိုမှ ခုခံမထားပါက ထမင်းအိုးဟင်းအိုးပူများကို ချက်ပြုတ်သူတို့ ကိုင်နိုင်မည်မဟုတ်ပါ။ ဤအခေါ်တို့သည် ဘဝနှင့်နီးစပ်သောအခေါ်ဟု တွေးမိပါသည်။

ကြွေရည်သုတ်ထွေးခံတွေမပေါ်မီက ကျွန်မတို့ ဘိုးဘွားများ စဥ့်သုတ်ထွေးခံများ အသုံးပြုကြပါသည်။ သူတို့က ထိုဟာကို ထွေးအင်ဟု ခေါ်ပါသည်။ မျက်နှာဝကျယ်သောခွက်ကို အင်တုံဟုခေါ်ပေရာ ထွေးခံကလည်း မျက်နှာဝကျယ်သောကြောင့် ထွေးအင်ဟု ခေါ်လေသလားဟု တွေးမိပါသည်။ ဓနုစကားက ထွေးအိုးဟု ခေါ်သည်မှာ ရှေးအခါက အိုးပုံစံခွက်ဖြင့် ထွေး၍လားဟု စဥ်းစားမိပါသည်။

ပေါ့ပေါ့ကို ‥ မြန်မြန်သွက်သွက်ဟူ၍ ဓနုက ပြော၏။ မြန်မာတွေကလည်း ပေါ့ပေါ့ပါးပါး၊ သွက်သွက်လက်လက်လုပ်စမ်းဟု အလုပ်အရေးကြီးလာသောအခါ နှိုင်းတတ်ပါသည်။ မြန်မာနှင့်တူပါသည်။ ကျွန်မတို့ဖခင်က သံတစ်ချောင်းတစ်လေလိုအပ်လျှင် သံတိုမယ်နလေးတစ်ချောင်းလောက် မတွေ့မိဘူးလားဟု မေးတတ်၏။ မယ်နသည် ပေါ်ရာဏစကားဟု ထင်ပါသည်။ ဓနုတို့သည် ပေါ်ရာဏစကားအချို့သုံးဆဲဟူ၍ ကောက်ချက်ချနိုင်ပါသည်။

နမိနမျောကို နှာမြောသည်ဟူ၍ သုံး၏။ စာဆိုရှင် အရှင်မဟာရဋ္ဌသာရ၏ စာတစ်ပိုဒ်တွင် သဘာဝအလှတွေများလှ၍ ထာဝရမကြည့်နိုင်ထားရစ်ခဲ့ရသော သဘာဝအတွက် နမိနမြောလွမ်းဖွယ်ပေါ၏ဟူ၍ စာရေးခဲ့ဖူးပါသည်။ ဓနု၏ နမော်နမဲ့သည်လည်း မြန်မာကဲ့သို့ပင် ရှာခိုင်းတာသေသေချာချာမရှာ၊ သိမ်းစရာရှိတာမသိမ်း၊ ဒါမျိုးကို နမော်နမဲ့ဟုပင် သုံးတတ်ပါသည်။



ဖွတ်သည်၊ စိတ်ဆာသည်၊ မျက်စိဆာသည်၊ မကာတရာတွင် ယနေ့သူတွေ တရာမသုံးတော့၊ မကာတော့ဟုသာ သုံးသည်များရှိသည်။ လက်ဘက်ကမ်းသည်မှာ ရှေးအခါက အောက်အရပ်ဒေသတွင် သုံးခဲ့ကြ၏။ ယနေ့ကာလ ဖိတ်စာခေတ်ဖြစ်နေ၍ လက်ဘက်ကမ်းတာမရှိတော့ပါ။ ဝါကိုလည်း အသုံးရှိခဲ့သကဲ့သို့ ဝေ့တာလည်း သုံးခဲ့ဖူးပါသည်။ ဝဲကတော့ ရခိုင်တွေ ယနေ့ထိသုံးတုန်းဖြစ်ပါသည်။ လုပ်တိုင်းကို ရှေးကသုံးခဲ့သော်လည်း ယခုသုံးတာမတွေ့ရတော့ပါ။

မြန်မာတွေကလည်း စိတ်ထားမကောင်းသူကို နှလုံးမကောင်းဟု ပြောတတ်ရာ ဓနု၏ အသည်းထားမကောင်း၊ အချင်းဆိုးကြီးဟူသော အသုံးတွေနှင့် တူပါသည်။

မြန်မာနိုင်ငံမှာဖွား၊ မြန်မာနိုင်ငံမှာ ကြီးခဲ့သော်လည်း ကျွန်မသည် ၁၃၅ မျိုးသော တိုင်းရင်းသားတွေ၏ စကားတွေမသင်ခဲ့မိပါ။ ရောက်ဖို့ဝေး၍ ကြုံဆုံဖို့လည်း ခဲယဉ်းလှသည်။ သုံးထမ်းပိုးကျမှ အရွှသင်ဟူဘိသို့ ယခုဆံဖြူသွားကျိုးအရွယ်ကျမှ ဤစကားတွေမသင်မိလေခြင်းဟု နောင်တရနေမိပါသည်။ ယနေ့မျိုးဆက်သစ်တို့ ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်ရေးအတွက် ခေတ်သုံးပညာရပ်အဖုံဖုံကို သင်ယူနေသကဲ့သို့ တိုင်းရင်းသားတို့ ၏ ဘာသာစကားတို့ကိုလည်း တစ်မျိုးမဟုတ်တစ်မျိုး သင်ယူနိုင်ရန် အားထုတ်ကြပါဟု တိုက်တွန်းပါသည်။

ဓနုသမိုင်းစာအုပ်ဖြစ်အောင် ပြုစုခဲ့သည့် ဆရာနေစိုးအောင်(တောင်ကြီး)အား ကျေးဇူးတင်ဂုဏ်ပြုပါ၏ဟူ၍ လေးစားစွာရေးရပါသည်။

မကြွယ်ကြွယ်

www.burmeseclassic.com

www.burmeseclassic.com



# ဓနုတိုင်းရင်းသားတို့ရဲ့ သဒ္ဒါတရား

အေးချမ်းအိမ်





ဓနုတိုင်းရင်းသားဓမ္မာရုံတည်ဆောက်သောကာလမှာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်တွင် ၁၀ နှစ်တင်းတင်းပြည့်မြောက်ခဲ့သောနှစ်ဖြစ်သည့်အားလျော်စွာ အမှတ်တရဖြစ်စေရန် အမှုဆောင်များက တိုင်ပင်ဆွေးနွေးကြပါသည်။

ဤအခါသမယတွင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ငါးနှစ်တစ်ကြိမ်မှသာ လုံးတော်ပြည့်ရွှေပြည့်ရွှေပြားသင်္ကန်းများကို ဆက်ကပ်ပူဇော်နိုင်ခွင့်ရရှိသောကြောင့် ရွှေပြားသင်္ကန်းများ ကပ်လှူပူဇော်ကြရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ထို့ကြောင့် ဓနုတိုင်းရင်းသားဓမ္မာရုံ(ရန်ကုန်) ၁၀ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဓနုတိုင်းရင်းသားဓမ္မာရုံအလှူရှင်များက ရွှေပြားနှစ်ပြား၊ ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)အသင်းသူအသင်းသားများက ရွှေပြားသုံးပြား၊ စုစုပေါင်း ရွှေပြားငါးပြားကို ရွှေသင်္ကန်းကပ်လှူပူဇော်ကြမည်ဖြစ်ပါသည်။

**ရွှေတိဂုံစေတီတော်မြတ်ပေါ်သို့**
**ပန်းရထားမှ**
**တဖြည်းဖြည်းချင်း**
**ပို့ဆောင်နေသည်မှာ**
**အောက်မှကြည့်နေရင်း**
**ကြည်ညိုသဒ္ဓါပွားများမိပါသည်။**
**ရွှေတိဂုံစေတီတော်ကို**
**ရှိခိုးကန်တော့နေကြသည့်**
**မြင်ကွင်းမှာလည်း**
**ကြည်နူးပသာဒပီတိဖြာ၍**
**ကြက်သီးမွေးညင်းများ**
**ထမိပါတော့သည်…**

ဥက္ကဋ္ဌအမှူးပြုသော ဓနုတိုင်းရင်းသားအမှုဆောင်များက ၂၈-၁၁-၂၀၁၄ နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကရုံးခန်းတွင် ရွှေပြားတစ်ပြားလျှင် တစ်ကျပ်သားရှိသော ရွှေပြားငါးပြား(တစ်ပြားလျှင် ၆ သိန်းတန်၊ ငါးပြားအတွက် သိန်း ၃၀ ကျပ်)ကို သွားရောက်လှူဒါန်းပါသည်။ ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးခဲ့ပါသည်။

ဓမ္မာရုံတွင် ထိုရွှေပြားများကို အကြည်ညိုခံရန်အတွက် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်တွင် ရွှေတိဂုံစေတီတော်မြတ် ဂေါပကရုံးခန်းမှ ကမ္ပည်းထိုးပြီးသော ရွှေပြားများကို ဓနုအိုးစည်များတီးမှုတ်၍ သွားရောက်ပင့်ဆောင်ကြပါသည်။ ပင့်ဆောင်ရာတွင်လည်း ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ျာရစ်လှည့်လည်၍ ဓနုတိုင်းရင်းသားတို့ထုံးစံအတိုင်း အပူဇော်ခံခဲ့ကြပါသည်။

ထို့နောက် ဓနုဓမ္မာရုံ အပူဇော်ခံစင်မြင့်တွင် အများကြည်ညိုပူဇော်နိုင်ရန် ပြသထားပါသည်။ ရွှေပြားအမှတ်စဉ်များမှာ …

(၁) ၁၃၁၆၈
(၂) ၁၃၁၆၉
(၃) ၁၃၁၇၀
(၄) ၁၃၁၇၁
(၅) ၁၃၁၇၂
တို့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော်မြတ်တွင် ကပ်လှူပူဇော်မည့် ရွှေပြားများကို အများပြည်သူနှင့် အသင်းသူအသင်းသားများမှ ကြည်ညိုသဒ္ဓါပွားနိုင်ရန် ၂၀၁၄ ခု၊ ဒီဇင်ဘာလ ၁၉ ရက်မှ ၂၂ ရက်အထိ အပူဇော်ခံထားခဲ့ပါသည်။

လေးရက်တိုင်တိုင် ပူဇော်ခံထားရှိခဲ့ရာ အများပြည်သူများ၊ အသင်းသူအသင်းသားများ၊ စာရေးဆရာများမှ လာရောက်ပူဇော် ကြည်ညိုသဒ္ဓါပွားများကြပါသည်။

ဒီဇင်ဘာလ ၂၁ ရက်၊ တနင်္ဂနွေနေ့တွင် ပင့်သံဃာကိုးပါးအား ပင့်ဖိတ်၍ ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းပူဇော်ကြပြီးနောက် ဆရာတော်များက လှူဒါန်းရသော အကျိုးကျေးဇူးများကို တရားရေအေးတိုက်ကျွေးပြီး ကွယ်လွန်သွားကြကုန်ပြီဖြစ်သော အသင်းနာယကများ၊ အသင်းအမှုဆောင်များ၊ အသင်းသူအသင်းသားများအားလည်းကောင်း၊ ဆက်လက်လုပ်ကိုင်ဆောင်ရွက်နေကြသော နာယကများ၊ အမှုဆောင်များ၊ အသင်းသူအသင်းသားများအားလည်းကောင်း၊ အများပြည်သူများနှင့် ကြားကြားသမျှပုဂ္ဂိုလ်မှန်သမျှတို့အား အမျှအတန်းပေးဝေကြရာ အားလုံးက သာဓုအနုမောဒနာခေါ်ဆိုခဲ့ကြပါသည်။

ကြွရောက်လာသော ဧည့်ပရိသတ်များအား ထင်းရှူးရိပ်တေးသံသွင်းမှ ဦးကိုအင်း၏မိသားစုတို့က ကြာဆံဟင်းခါးဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပါသည်။

ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ထည့်ဝင်လှူဒါန်းထားသော အလှူငွေများမှာ ရွှေပြားနှစ်ပြား ထပ်မံလှူဒါန်းရန် ငွေများ ပြည့်မီနေပါသည်။ ရွှေပြားငါးပြားအား ၂၂ ရက်နေ့ နေ့လယ် ၁ နာရီတွင် ရွှေတိဂုံစေတီတော်ဂေါပကရုံးခန်းသို့ ဓနုအိုးစည်ဗုံမောင်း၊ တံခွန်ကုက္ကားများဖြင့် ပို့ဆောင်ခဲ့ကြပြီးဖြစ်ပါသည်။ ထပ်မံ၍လည်း ရွှေပြားနှစ်ပြားအတွက် လှူဒါန်းရာ မှတ်တမ်းများကို ပေးအပ်လှူဒါန်းခဲ့ပါသည်။



ဓနုတိုင်းရင်းသားမိသားစုအလှူ



ဓနုတိုင်းရင်းသားမိသားစု ရွှေသင်္ကန်းအလှူ



မလှူတန်းမီလာရောက်ဖူးမျှော်နေစဉ်



ရွှေသင်္ကန်းဆပ်ကပ်ရန်အတွက်

ရွှေတိဂုံစေတီတော်ဂေါပကရုံးခန်းသို့ ပို့ဆောင်ခဲ့သော ရွှေပြားငါးပြားကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ နံနက် ၇ နာရီခွဲ ကပ်လှူရမည်ဖြစ်ပါသည်။ ထပ်မံ၍ လှူဒါန်းခဲ့သော ရွှေပြားနှစ်ပြားကိုတော့ မတ်လလောက်ရောက်သောအခါမှ ပူဇော်ရမည်ဟု သိရပါသည်။ ရက်ချိန်းကိုတော့ ဂေါပကရုံးမှ အကြောင်းကြားမည်ဖြစ်ကြောင်း ပြောပါသည်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ရွှေတိဂုံစေတီတော်၏ စနေထောင့်တွင် အမှုဆောင်များ၊ အသင်းသားများ၊ ဖိတ်ကြားထားသော စာရေးဆရာများအားလုံးတို့သည် နံနက် ၇ နာရီခွဲတွင် ထီးတော်တင်လှူမည့် ပန်းရထားရှိရာ တန်ဆောင်းအတွင်း စုရုံးရောက်ရှိနေကြပါသည်။ ဂေါပကရုံးတွင် ရွှေပြားငါးပြားကို သွားရောက်ထုတ်ယူချိန် ပန်းရထားရှိရာ တန်ဆောင်းအတွင်း ခေတ္တစောင့်ဆိုင်းနေကြရပါသည်။

၉ နာရီခွဲခန့်တွင် ရွှေပြားများကို အမှုဆောင်များကိုယ်တိုင် ပန်းရထားပေါ်သို့တင်ဆောင်ပြီး ဥက္ကဋ္ဌနှင့်တကွ အမှုဆောင်များမှ စက်ခလုတ်နှိပ်၍ ရွှေတိဂုံစေတီတော်မြတ်ပေါ်သို့ ပန်းရထားမှ တဖြည်းဖြည်းချင်း ပို့ဆောင်နေသည်မှာ အောက်မှကြည့်နေရင်း ကြည်ညိုသဒ္ဓါပွားများမိပါသည်။ ရွှေတိဂုံစေတီတော်ကို ရှိခိုးကန်တော့နေကြသည့်မြင်ကွင်းမှာလည်း ကြည်နူးပသာဒပီတိဖြာ၍ ကြက်သီးမွေးညင်းများ ထမိပါတော့သည်။

ဓနုတိုင်းရင်းသားအမှုဆောင်ဥက္ကဋ္ဌအပါအဝင် ၁၀ ယောက်က ရွှေတိဂုံစေတီတော်မြတ်ကြီးပေါ်သို့ ဗုဒ္ဓဟူးထောင့်မှနေ၍ တက်ရောက်ရပါသည်။ ပထမပစ္စယံတွင် တာဝန်ရှိသူများက စစ်ဆေးပြီးမှ စေတီပေါ် တက်ခွင့်ရပါသည်။ ထိုပစ္စယံ၏ အရှေ့ဘက်တွင် ပတ္တမြားမျက်ရှင်ရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ အရှေ့ဘက်မုခ်၌

www.burmeseclassic.com

www.burmeseclassic.com



**စေတီတော်ပေါ်ရှိ "စခဗဝ"အင်းတော်ကြီးအားလည်း ပူဇော်ခဲ့ကြပါသည်။ ထို့နောက် ပတ္တမြားမျက်ရှင်ရုပ်ပွားတော်မြတ်ကို ဝင်ရောက်ဖူးမြော်ကြပြီး ဓနုတိုင်းရင်းသားအားလုံးကိုလည်းကောင်း၊ သတ္တဝါဝေနေယျအားလုံးကိုလည်းကောင်း သာဓုအနုမောဒနာခေါ်တော်မူကြရန် . . .**

ရှိခိုးပူဇော်ဖူးမြော်ကြပါသည်။

ထို့နောက် စေတီတော်အား ဝါးငြမ်းများဆင်ထားသည့် အတွင်းဘက်ဝါးလှေကားပေါ်သို့ တက်ရောက်ကြပါသည်။ ဝါးငြမ်းလှေကားမှာ စေတီတော်လုံးပတ်အား တက်ရောက်ရန် ပြေပြေကလေးပြုလုပ်ထားပြီး ကြောင်လိမ်အသွင်ပြုလုပ်ထားပါသည်။ ရောဂါအခံမရှိတဲ့ အသက်ကြီးသူများလည်း တက်ရောက်နိုင်ရန် စီစဥ်ထားရှိပါသည်။

ထိုသို့ ရွှေတိဂုံစေတီတော်ပေါ်သို့ တက်ရောက်၍ ရွှေသင်္ကန်းကပ်လှူပူဇော်မည်ဆိုပါလျှင် ပန်းရထားတပ်ဆင်ထားသည့် တန်ဆောင်းတွင်း၌ အသက် ၇၀ နှင့်အထက်ပုဂ္ဂိုလ်များအား ဆေးစစ်ခြင်းခံယူကြရပါသည်။ ဆေးအောင်မြင်သူများမှသာ စေတီတော်ပေါ်သို့ တက်ရောက်၍ ကိုယ်တိုင်ကိုယ်ကျ ပူဇော်ခွင့်ရှိပါသည်။ ဆေးအောင်မြင်သူများမှာ အသက်ကြီးသူများ ဖြစ်နေပါကလည်း ၎င်းပုဂ္ဂိုလ်အားထိန်းထားနိုင်ရန်အတွက် လူငယ်တစ်ဦးအား ကူညီရန် တာဝန်ပေးအပ်ထားပါသည်။ ထိုလူငယ်က အတူလိုက်ပါထိန်းသိမ်းပေးရမည်ဖြစ်ပါသည်။ ထိုနေရာတွင် ပုဆိုးများဝတ်ဆင်လာသူဖြစ်ပါကလည်း ရှမ်းဘောင်းဘီကို ဝတ်ဆင်လဲလှယ်ရပါသည်။

တဖြည်းဖြည်းနှင့် ဝါးကြောင်လိမ်လှေကားအတိုင်း ဘုရားကိုပတ်၍ တက်ရောက်ရပါသည်။ စေတီတော်၏ငှက်ပျောဖူးအောက်ပိုင်းတွင် ရွှေပြားများအားရောင်တော်ဖွင့်နေသည့် စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ပေးထားသောလူငယ်များကို တွေ့ရပါသည်။ ရှမ်းပြည်အခေါ် နွားပုတီးသီးများကို ရေစိမ်၍ အမြှုပ်ထစေရန်မွှေပြီး သမအောင်ပြုလုပ်ထားသည်။

လူငယ်များက နူးညံ့သောဘရုတ်ဖြင့် ထိုအရည်များကိုဆွတ်၍ မူလကပ်ထားသော ရွှေပြားသင်္ကန်းမှ အညစ်အကြေးများကို တိုက်ချွတ်ဆေးကြောပြီး အဝတ်ဖြင့် သန့်ရှင်းအောင် ပွတ်တိုက်လျက် ရောင်တော်ဖွင့်ကြပါသည်။

ဆက်လက်၍ ငှက်ပျောဖူးအထက်ပိုင်းသို့ တက်ရောက်ခဲ့သည်။ လှေကားဆုံးသွားသဖြင့် ထီးတော်အထိကို ဝါးများဖြင့် ကန့်လန့်ယှက်သွယ်ထားပါသည်။ ထိုအပေါ်သို့ ထပ်မံတက်ရပါသည်။ ဝါးအဆုံးမှနေ၍ မတ်တပ်ရပ်လိုက်လျှင် ထီးတော်မှ ခေါင်းလောင်းများကို လှမ်းကိုင်လျှင် မိနေပြီဖြစ်ပါသည်။ အဘဘိုးဘိုးအောင်လှူဒါန်းထားခဲ့သော ခေါင်းလောင်းတော်အားလည်း မြင်တွေ့ခဲ့ရပါသည်။

ရွှေပြားသင်္ကန်းများကို အထက်ပိုင်းငှက်ပျောဖူးတွင်ကပ်လှူရန် အကွက်များ ချမှတ်ပေးထားပါသည်။ ရွှေပြားငါးပြားကို ကပ်လှူပူဇော်ရန် အကွက်အမှတ်များမှာ ...

| ရွှေပြားအမှတ်စဉ် | အကွက်အမှတ် |
|---|---|
| ၁၃၁၆၈ | ၂၂/၁၇ |
| ၁၃၁၆၉ | ၃၂/၁၅ |
| ၁၃၁၇၀ | ၁၈/၂ |
| ၁၃၁၇၁ | ၂၁/၁၉ |
| ၁၃၁၇၂ | ၂၁/၂၆ |

စသည့်အကွက်များတွင် ကပ်လှူပူဇော်ကြရပါသည်။ ကပ်လှူသည့်အခါတွင် ရွှေပြားတော်မြတ်အား မှုလီများဖြင့် တပ်ဆင်ပူဇော်ကြရပါသည်။ ထိုသို့တပ်ဆင်ပူဇော်ရာတွင် အခက်အခဲမရှိစေရန် ဂေါပကအဖွဲ့မှ ထီးတော်နှင့်ကနုတ်ပန်းများကို ပြုပြင်ရန် တာဝန်ပေးထားသည့် ဦးသံချောင်းနှင့်အဖွဲ့က ကူညီဆောင်ရွက်ပေးနေကြပါသည်။

ရွှေပြားသင်္ကန်းတော်အား ဆက်ကပ်လှူဒါန်းပူဇော်ပြီး ပြန်လည်ဆင်းလာကြပါသည်။ ကပ်လှူပြီးစီးကြောင်းကို ရင်ပြင်တော်ပေါ်တွင် စောင့်နေကြသော ဓနုအမျိုးသမီးများအဖွဲ့နှင့် စာရေးဆရာအဖွဲ့တို့အား ပြန်မဆင်းမီ လက်ပြနှုတ်ဆက်လိုက်ပါသည်။ ရင်ပြင်တော်မှအဖွဲ့များကလည်း တွေ့မြင်ကြောင်း လက်ပြနှုတ်ဆက်ကြပါသည်။

စေတီတော်ပေါ်ရှိ "စခဗဝ"အင်းတော်ကြီးအားလည်း ပူဇော်ခဲ့ကြပါသည်။ ထို့နောက် ဖြည်းဖြည်းမှန်မှန် ဆင်းလာကြပြီး ပတ္တမြားမျက်ရှင်ရုပ်ပွားတော်မြတ်ကို ဝင်ရောက်ဖူးမြော်ကြပြီး ဓနုတိုင်းရင်းသားအားလုံးကိုလည်းကောင်း၊ သတ္တဝါဝေနေယျအားလုံးကိုလည်းကောင်း သာဓုအနုမောဒနာခေါ်တော်မူကြရန် အမျှအတမ်းပေးဝေကြပါသည်။

ထို့နောက် ရင်ပြင်တော်ပေါ်တွင် စောင့်နေသူများထံသို့ ပြန်လာကြပြီး ၎င်းတို့အား အမျှပေးဝေကြပါသည်။ ထို့နောက် ဓနုဓမ္မာရုံရှိရာသို့ ပြန်လာခဲ့ကြပါသည်။ ထိုနေ့က ဓနုဓမ္မာရုံတွင် ရွှေပြားသင်္ကန်းကပ်အဖွဲ့များနှင့် ဧည့်သည်တော်များကို ရိုးရာထမင်းဟင်းများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြပါလေတော့သတည်း။

အောင်မျိုးအိမ်

www.burmeseclassic.com

www.burmeseclassic.com



ခင်ရှင်စော

# ဓနုတို့နဲ့ပျော်

## တာတက်ပွဲတော်

မြန်မာနိုင်ငံ၏ မြေပြန့်ဒေသဖြစ်သော ဧရာဝတီတိုင်းမှာနေထိုင်သည့် ကျွန်မနှင့် ဓနုတို့မြေကား ဝေးကွာလှမ်းလျက် အဆက်အစပ်မရှိခဲ့ကြောင်းကို ကြားသိနားလည်ခဲ့ဖူးပါသည်။ ထိုအကြောင်း၏ကောင်းမှုရှင်မှာ ရန်ကုန်မြို့နေ အစ်ကိုဝမ်းကွဲတော်သူတစ်ယောက်ကြောင့် ဖြစ်၏။ သူသည် ကလောမြို့သို့ သွားရောက်၍ စက်မှုလက်မှုသိပ္ပံ(G.T.I)ဝယ် ပညာသင်ကြားနေခဲ့ပါသည်။ တစ်ခုသော ကျောင်းပိတ်ရက်ရှည်တွင် ကျွန်မတို့မြို့သို့ အလည်လာရာမှာ ဒေသစိမ်းဖြစ်သော ရှမ်းပြည်နယ်မှ အတွေ့အကြုံသစ်တို့အား ဖောက်သည်ချသွားခြင်းဖြစ်သည်။ ယင်းတို့အနက်မှ ကျွန်မ၏စိတ်တွင် မှတ်မှတ်ထင်ထင်ကျန်ခဲ့သည်မှာ ငါးရက်တစ်ဈေးဖြစ်သောအောင်ပန်းဈေး၏စည်ကားပုံနှင့် ဓနုတို့၏ တာတက်ပွဲအကြောင်းဖြစ်၏။ သူပြောပြခဲ့သော ရှမ်းထမင်းချဉ်နှင့် သားရေပွကြော်မှာလည်း ကျွန်မအတွက် မစားရဝခမန်းဖြစ်ခဲ့ရပါသည်။

ဆိုရပါလျှင် ငယ်စဉ်ကတည်းက ဓနုတို့အကြောင်းကို ကျွန်မရင်ထဲအသင့်အတင့်စွဲမြဲထားခဲ့မိလေ၏။ အခါ အခွင့်သင့်လေသောအခါ စာအုပ်စာပေတို့မှ တစ်ဆင့် လေ့လာဖတ်ရှုခြင်းအားဖြင့် ဓနုတို့၏ တာတက်ပွဲအကြောင်းကို လေ့လာမိပါသည်။ ဤသို့ဖြင့် တစ်ဆက်တစ်စပ်တည်းပင်ဓနုလူမျိုးတို့အကြောင်းလည်း ကျွဲကူးရေပါ ဖြစ်ခဲ့လေ၏။ ဓနုလူမျိုးတို့ အများဆုံးနေထိုင်ရာ ဒေသများသည် ရှေးယခင်က မြန်မာနှင့်ရှမ်းတို့ တွေ့ဆုံ၍ ကုန်ကူးသန်းရောင်းဝယ်ဖလှယ်ရာဒေသတို့ဖြစ်၏။ သို့ဖြစ်၍ ရှမ်းနှင့်မြန်မာနှစ်ဦးတို့မှ ဆင်းသက်ဆက်နွယ်လာကြသူများဟု ယူဆကြရပေမည်။ ဓနုတို့သည် ရှမ်းပြည်သို့ မြေပြန့်မှ တက်လာကြသူများဟုလည်း ဆိုကြသည်။ ရုပ်ရည်အားဖြင့်လည်း ယောက်ျား၊ မိန်းမ အများစုတို့သည် မြန်မာတို့၏ ရုပ်ရည်နှင့်အထူးပင်ဆင်လှပေ၏။

ဓနုတို့သည် ရုပ်ရည်သာမက စကားအပြောအဆို၊ အသုံးအနှုန်းတို့တွင်လည်း မြန်မာတို့နှင့်အနည်းငယ်ကွဲလွဲသည်မှအပ ရာခိုင်နှုန်းများများကိုက်ညီနေပါသည်။ ပမာပြရသော် မျိုးရိုးစဉ်ဆက်တို့အား မြန်မာတို့က ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင် ဟု သုံးနှုန်းကြ၍ ဓနုတို့မှာ ဘ၊ ဘိုး၊ ဘေး၊ အဘွေး၊ အဘိ ဟူ၍ သုံးနှုန်းကြောင်း တွေ့ရ၏။ ၎င်းပြင် ဓနုတို့သည် ဝတ်စားဆင်ယင်မှု ရိုးရှင်းသည့်နှယ် ပြောဆိုဆက်ဆံကြရာတွင်လည်း ဟန်ဆောင်မှုကင်း၍ ပွင့်ပွင့်လင်းလင်း ရိုးသားမှုအရင်းခံကာ ဆက်ဆံလေ့ရှိကြသည်။ သမိုင်းစဉ်တစ်လျှောက် ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုလျှင် သီပေါမင်းပါတော်မူပြီးနောက် မြင်စိုင်းမင်းသားမှ နီးစပ်ရာတိုင်းရင်းသားတို့အား စုစည်း၍ ပုန်ကန်ခဲ့ပါသည်။ ထိုကဲ့သို့ နယ်ချဲ့တို့အား တော်လှန်ရာတွင် ဓနုအမျိုးသား''ဗိုလ်ကူး'' နှင့် ရှမ်းတိုင်းရင်းသား ''ဗိုလ်နီ''တို့ ပါဝင်ခဲ့ကြောင်း သိရှိရလေ၏။ နယ်ချဲ့အင်္ဂလိပ်သာမက ဖက်စစ်ဂျပန်တို့အား သူ့ကျွန်မခံတွန်းလှန်သော တိုက်ပွဲများတွင် ဓနုတို့သည် အစဉ်အလာကောင်းစွာ ပါဝင်ခဲ့ကြပါသည်။

လူမျိုးအသီးသီးတို့၏ ဘာသာစကားတိုင်းတွင် စကားပုံနှင့် ဥပမာစကားများ၊ စကားထာများကို တွေ့နိုင်ပါသည်။ ဓနုတို့၏စကားပုံ၊ စကားထာများသည် နှစ်သက်ဖွယ်ရာ သူတို့လူမျိုး၏ ဓလေ့စရိုက်၊ လူမှုဝန်းကျင်တို့ကို ထင်ဟပ်စေလေ၏။ ရိုးသားမြင့်မြတ်သော စိတ်ထားကောင်းရှိနေကြောင်းကိုလည်း အဆိုပါ စကားပုံ၊ စကားထာများမှ လှစ်ပြလျက်ရှိပါသည်။ စကားပုံ၊ စကားထာ အများအပြားအနက်မှ ကျွန်မနှစ်သက်မိသော စကားပုံလေးမှာ ''တွေ့မကောက်၊ ပျောက်မရှာ''ဟူသော စကားပုံလေးပါ။ ''တွေ့မကောက်''ဆိုသည်မှာ မည်မျှပင် အဖိုးတန်သော ပစ္စည်းဖြစ်ပါစေ။ မိမိပစ္စည်းမဟုတ်သဖြင့် လမ်း၌ တွေ့ခဲ့ပင်လျှင် ကောက်ယူလေ့ ကောက်ယူထမရှိကြောင်း ဆိုလိုပါသည်။ ''ပျောက်မရှာဟူသော စကားအဓိပ္ပာယ်မှာလည်း ဓနုလူမျိုးတို့သည် မိမိပစ္စည်းတစ်ခု၊ မည်မျှပင် အဖိုးတန်ပါစေ ပျောက်သွားခဲ့လျှင် မေးစမ်းယိုးစွပ် ပြန်လည်ရှာဖွေခြင်းမပြုတော့ဘဲ ကံအကြောင်းတရားကိုသာ ပုံချ၍ စိတ်နှလုံးအေးချမ်းအောင် နေတတ်ကြကြောင်းကို ဆိုလို၏။ ဤသည်တို့မှာ ရိုးရှင်းသောစာရိတ္တတို့၏ ပြယုဂ်များသာ ဖြစ်ကြပါသည်။

ဓနုတို့တွင် ကိုယ်ပိုင်အနုပညာနှင့် ဂီတတို့လည်း ရှိလေ၏။ ကိုယ်ပိုင်သီချင်း၊ ကိုယ်ပိုင်တူရိယာတို့ဖြင့် တသီးတခြား ရှိကြပါသည်။ အမြင့်နှစ်ပေနှင့် သုံးပေကြား၊ အချင်း တစ်ပေနှင့် နှစ်ပေကြားရှိ သစ်သားထွင်း၍ သားရေကျက်ထားသော အိုးစည်၊ ခရွယ်စုံ၊ မောင်းတစ်စုံ ဝါးလက်ခုပ်လေးငါးခုနှင့် အချင်းတစ်ပေရှိ ကြေးလင်းကွင်းတစ်ခု

www.burmeseclassic.com

ပေါင်းစပ်လိုက်လျှင် ဓနုအိုးစည်ဝိုင်း ဖြစ်သွားပါပြီ။ ယင်းအိုးစည်ဝိုင်းနှင့်တွဲဖက်၍ ယောက်ျား၊ မိန်းမကြီးငယ်မဟူ စုပေါင်းလက်ချိုးကကြရသော "လက်ချိုး"အကနှင့် ဓားသိုင်း၊ တုတ်သိုင်း၊ လက်သိုင်း စသည့် ကကွက်တို့ဖြင့် ကကြရသော "သိုင်းကွက်အက"ဟူ၍ အဓိက ကနည်းနှစ်မျိုးရှိပါသည်။

သိုင်းကွက်အကထဲမှ စပါးရိတ်သိမ်းချိန်၊ တောင်ယာစပါးပုတ်ခါချိန်တွင် ကလေ့ရှိသော ယာပုတ်ပွဲတော်အက၊ ပွဲစံစယ်ဆိုင်းအက၊ လောင်လစ်ဆိုင်းအကနှင့် တန်ခူးလတာနှစ်သစ်ကူးတာတက်ပွဲ ကျင်းပချိန် ကလေ့ရှိသော တာတက်ပွဲအကဟူ၍ အမျိုးမျိုးခွဲခြားထားပါသည်။ ဓနုတို့၏ တာတက်ပွဲတော်ဆိုသည်မှာ မိမိတို့ ပတ်ဝန်းကျင်ရှိ ဘုရား၊ ပုထိုး စေတီတော်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ လူမျိုးအသီးသီးတို့ စုပေါင်းလှူဒါန်းကြခြင်းပင် ဖြစ်သည်။ တာတက်ပွဲဟုခေါ်ဆိုကြသဖြင့် သင်္ကြန်ရေပက်ကြခြင်းမဟုတ်ပါ။ ရိုးရာနှစ်သစ်ကူးပွဲတော်တစ်ခုသာ ဖြစ်ပါသည်။

တာတက်ပွဲရက်ကို တန်ခူးလနှစ်ဟောင်းကုန်ရက် အတာသင်္ကြန်အတက်နေ့မှစ၍ ကဆုန်လပြည့်နေ့အထိ သတ်မှတ်ထား၏။ တောင်ပေါ်စေတီဘုရား(သို့) ရွာဘုန်းကြီးကျောင်းဝင်းအတွင်း ဈေးဆိုင်များခင်း၍ တစ်ရွာနှင့်တစ်ရွာ "လက်စားချို"၊ "လက်စားဆပ်"စနစ်ဖြင့် ရှေးအစဉ်အလာမပျက် ရွာစဉ်ဆက်၍ လှည့်လည်ပြုလုပ်ကြခြင်းဖြစ်သည်။ တာတက်ပွဲကို ပွဲချက်အစအဖြစ် သင်္ကြန်အတက်နေ့တွင် ရွာခံဓနုတိုင်းရင်းသားများသည် ရွာရှိစေတီဘုရားနှင့် ရဟန်းသံဃာတော်တို့အား ကျောင်းဝယ် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်အရသာ အဖြာဖြာတို့ကို ဆက်ကပ်လှူဒါန်းပါသည်။ နံနက်ရှစ်နာရီ၊ ကိုးနာရီလောက်မှစ၍ အနီးအနား ကျေးရွာများမှ ဖိတ်ကြားထားသည့် တိုင်းရင်းသား ပရိသတ်အပေါင်းတို့သည် တံခွန်ကုက္ကား၊ လှူဖွယ်ပစ္စည်းများ ကန်တော့ပွဲများကို ကိုင်ဆောင်၍ ကျောင်းသို့ စုပေါင်းလာခဲ့ကြ၏။ ယင်းကဲ့သို့ လာခဲ့ကြရာတွင် အိုးစည်ဝိုင်းနှင့်အတူ အကအခုန်များဖြင့် ပျော်ပျော်ပါးပါးလာကြသည်။

ဤသို့ဖြင့် ဖိတ်ကြားထားသော ရွာများစုံသည်နှင့် ဘုရားပွဲ ကျင်းပရာ ဘုရားကို ဗဟိုပြု၍ လက်ယာရစ် တစ်ပတ်ပတ်လျက် သူ့အဖွဲ့၊ ကိုယ့်အဖွဲ့၊ သူ့ဝိုင်း၊ ကိုယ့်ဝိုင်း၊ ကိုယ်အုပ်စုနှင့်ကိုယ် အပြိုင်အဆိုင် တီးမှုတ်ကခုန်ကြပါသည်။ ထို့နောက် ကျောင်းပေါ်သို့ တက်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များကို ကန်တော့ကြလေ၏။ ထိုထိုသော ပရိသတ်အပေါင်းတို့ကို အကျွေးအမွေးတို့ဖြင့် ဧည့်ခံကြပါသည်။ ၎င်းနောက်တွင် စုပေါင်းရောက်ရှိနေသော ရွာအဖွဲ့ဝင်များအားလုံး ပွဲဝင်ကြရပါသည်။ ပွဲဝင်ကြသည်ဆိုခြင်းမှာ ရွာအားလုံးစုပေါင်း၍ ဘုရားကို ဒုတိယအကြိမ် လက်ယာရစ်သုံးပတ်ပတ်ကြခြင်းဖြစ်သည်။ ထိုသို့လှည့်ပတ်ရာတွင် အမျိုးသားတို့က ရှေ့မှ ဘုရားလှူရန် ထီးဖြူတန်ဆောင်း ပြဿဒ်ထမ်း၍ အမျိုးသမီးတို့က လှူဖွယ်ဖြစ်သော သင်္ကန်း၊ ဝတ္ထုငွေကန်တော့ပွဲနှင့် လှူဖွယ်ပစ္စည်းတို့အား ကိုင်ဆောင်၍ နောက်မှ လိုက်ကြ၏။ ယင်းတို့နောက်မှ ဓနုလူပျိုလူရွယ်တို့၏ အိုးစည်ဝိုင်းနှင့် တာတက်ပွဲအကအဖွဲ့ဝင်များက တီးမှုတ်ကခုန်၍ ပျော်ရွှင်စွာလိုက်ပါသွားကြပါသည်။

ဤသို့ဖြင့် ဘုရားကို လက်ယာရစ်သုံးပတ်ပတ်၍ ပွဲဝင်ကြပြီးသော် ကျောင်းပေါ်တက်၍ ဘုန်းတော်ကြီးအား လှူဖွယ်တို့ဖြင့် ပူဇော်ကန်တော့ပြီး အတူတကွတရားနာကြပါသည်။ တရားနာပြီးလျှင် ပွဲဝင်သည့်ကိစ္စပြီးသွားလေ၏။ ထို့နောက်မှ ပွဲတက်ပွဲ ဆက်လက်ကျင်းပပါသည်။ ပွဲတက်ပွဲဆိုသည်မှာ ပွဲသိမ်းသည့်သဘော ဖြစ်၏။ ပွဲတက်ပွဲစတင်ချိန်မှာ ဓနုလူပျိုအပျိုများ ရွာပေါင်းစုံမှ ဓနုအိုးစည်အဖွဲ့သားများသည် သံချပ်၊ စာချိုးအမျိုးမျိုး ရွတ်ဆိုကြပါသည်။ ဘုရားကို နောက်ဆုံးအကြိမ် တစ်ပတ်လှည့်၍ လက်ကိုမြှောက်၊ ခြေကိုကြွ ခန္ဓာကိုယ်ကိုယ်သိမ်းကာ ရှေ့တိုးနောက်ဆုတ် ကခုန်ပျော်ရွှင်ကြလေ့ရှိပါသည်။

ပွဲတက်ပွဲ ပြုလုပ်ချိန်တွင် လူပျိုက အပျိုအား ချိတ်၍ အပျိုက လူပျိုအား စောင်း၍ အောက်ပါ စာချိုးအမျိုးမျိုးကို ဆိုလေ့ရှိကြသည်။

"ထင်းရှူးပင်ငုတ်၊ အရင်းထားလို့ အဖျားခုတ်၊ အငုတ်ထင်းရှူး ဆနူလေလော"

(မောင်ကကြိုက်၊ လိုက်လို့လည်ရင်၊ ရဂူးလော၊ ရဂူးလော)

"ကြက်ဥနှံ့သာဆီပုထိုးလို့၊ အိုးထဲမှာကြာရင်၊ ကြက်ဥကွဲ မစိုး၊ ကွဲမစိုး"

(မောင်ကကြိုက်၊ လိုက်လို့လည်ရင်၊ မယ်မွေ့လှ၊ မယ်တို့ဖ၊ ဆဲဂူးလေး၊ ဆဲဂူးလေး) စသည်တို့ဖြစ်သည်။

ဤ တာတက်ပွဲသိမ်းသည့်နေ့မှာပင် အချို့သော ဓနုလူမျိုးကာလသားတို့သည် မိမိတို့နှစ်သက်နေသည့် ဓနုအပျိုမိန်းကလေးရှိရာ ရွာအိမ်အထိ လိုက်ပါသွား၍ ချစ်ခွင့်တောင်းတတ်ကြသည်။ အချို့မှာ ဖွဲကောင်းကောင်းနှင့် ရက်ရှည်ညောင်းအောင် နေတတ်ကြ၏။ ဓနုပျိုဖြူတို့ကလည်း မိမိအိမ်ထိလိုက်ပါ ချစ်ရေးဆိုလာသူ ကိုယ့်လူပျိုအမျိုးသားကောင်းကို ချစ်ခြင်း မချစ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း အသာထား၊ လောလောဆယ် အားဖြင့် အစားအသောက်၊ အကျွေး အမွေးတို့ဖြင့် ကောင်းမွန်စွာ ဧည့်ခံ လေ့ရှိကြပါသည်။ တစ်နှစ်တစ်ကြိမ် တည်းနှင့် ချစ်ရေးဆိုချစ်ခွင့်တောင်း၍ မရသေးလျှင် နောက်တစ်နှစ် နောက် တစ်ကြိမ် တာတက်ပွဲကျင်းပချိန်အထိ ဖွဲ့နှပဲကြီးစွာ စောင့်မျှော်၍ ချစ်ခွင့်ပန် သော လူပျိုများလည်း ရှိတတ်ကြလေ ၏။ ဓနုတိုင်းရင်းသားတို့၏ ချစ်စရာ ကောင်းလှသော ဓလေ့စရိုက်တစ်ခုပင် ဖြစ်သည်။

ၚင်းပြင် ဓနုယောကျ်ားပျိုတစ် ယောက်ကို ချစ်ခင်စိတ်ဖြင့် အမှန်းတင် သော ဓနုရိုးရာ စာချိုးလေးတစ်ခုမှာ–

"နတ်ထိပ်ကကျူး၊
ရှိဖူးတဲ့ မောင့် အပြင်၊
ရှစ်မြို့ကိုးခွင်
ရှစ်ကိုးခွင်၊ မောင့်အပြင်မရှိ
တစ်ပြည်ထောင်၊
တစ်ယောက်ပေါက်တယ်
ထွန်းမြောက်ပါဘိ"

သူမ ချစ်ခင်ရသူအား တစ်မိုး အောက်တွင် တစ်ယောက်ဆိုရမလောက် ပင် ရိုးရိုးရှင်းရှင်းအမှန်းတင်ထားသည် မှာ ပြောင်မြောက်လှပါသည်။ တစ်ဖန် လူပျိုနှင့်အပျို အတိုင်အဖောက်စာချိုး လေးတစ်ခုကိုလည်း တင်ပြချင်ပါသေး သည်။

လူပျိုမှ–

"ချစ်ပါဗျ၊ ကြိုက်ပါ"

အပျိုမှ–

"ချစ်ပါ့မယ် နေပါဦး၊ ကြိုက်ပါ့ မယ် နေပါဦး


သံပုဆိန်ရေချလို့ သံပွလာ ကြိုက် ပါ့မယ်

ကိုရနိုး မေတ္တာတုံး၊ ညောင်ပွင့် စေစောင့်ဦး" ဟု အချက်ကျကျ တုန့် ပြန်ပါသည်။ အဆိုပါစာချိုးတို့အား ရှေး နှစ်ပေါင်းများစွာမှ ဓနုအပျို၊ လူပျိုတို့ သည် လက်တန်းရွတ်ဆိုခဲ့သော စာချိုး တို့ဖြစ်ပါသည်။ လက်တန်းဟုဆိုရသော် လည်း အသံစာစာ၊ ကာရန်လှလှ၊ ချက် ကျလက်ကျ ဆိုလိုရင်းအဓိပ္ပာယ်ကို အထင်းသားပေါ်လွင်အောင်တခဲထုပ္ပတ္တိ ဉာဏ်ဖြင့် ဖွဲ့ဆိုတတ်သော ဓနုပျိုဖြူ တို့၏ကဗျာဉာဏ်ကို ကျွန်မ မချီးကျူးဘဲ မနေနိုင်တော့ပေ။ ဓနုအမျိုးသားတို့၏ စာပေ၊ ယဉ်ကျေးမှုအဆင့်အတန်းကား သိမ်သိမ်ငယ်ငယ် မဟုတ်။ အခိုင်အမာ အစဉ်အလာကြီးခဲ့ပါပေသည်။ သို့မို့ ကြောင့်လည်း မိမိနိုင်ငံတွင်းရှိ တစ်မြေ တည်းနေ၊ တစ်ရေတည်းသောက် ဆွေ မျိုးညီကိုမောင်နှမဖြစ်သော ဓနုတိုင်း ရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံနှင့် စာပေ၊ ဂီတ၊ ယဉ်ကျေးမှုအစခပ်သိမ်း တို့အား ကျွန်မတစ်ယောက် ချစ်ခင် လေးစား ဂုဏ်ယူမဆုံးဖြစ်နေရပါတော့ သည်။

**ခင်ရွှင်စော**

PHOTO NEWS

မွှာရုံဖွင့်ပွဲ အမှတ်တရ



ဓနုကိုယ်ပိုင်အုပ်ချုပ်ရေးနေ့ အမှတ်တရ







မွှာရုံဖွင့်ပွဲအထိမ်းအမှတ် ဖဲကြိုးဖြတ်အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



# ဓနုတို့ဒေသ အဆင်းလှသည့် ပင်းတယသို့ တစ်ခေါက်ရောက်ခဲ့ရာဝယ်. . .

မောင်မြတ်မွန်(ဆူးလေ)




မြန်မာစာပေချစ်မြတ်နိုးသူများအသင်း(ဗဟို)၏ 'မြန်မာစာဖွံ့ဖြိုး၊ တို့သယ်ပိုး' ဆောင်ပုဒ်နှင့်အညီ မြန်မာစာပေဖွံ့ဖြိုးမှုကို အထောက်အကူပြုရန် 'စာတမ်းဖတ်ပွဲ' များနှင့် ဟောပြောပွဲအစီအစဉ်များအရ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးအေးချို(မဟာဝိဇ္ဇာ)၏ 'မြန်မာစာပေ' မှ 'ငါ' အသုံးအနှုန်းများစာတမ်းနှင့် မြန်မာစာဌာနတွဲဖက်ပါမောက္ခ(ငြိမ်း) ဒေါ်စိုးမြင့်(စိုး-မြန်မာစာ)၏ မြန်မာဒေသိယစကားများ စာတမ်းဖတ်ပွဲကို စာပေဗိမာန်ခန်းမတွင် ၂၆-၉-၂၀၁၅ ရက်၊ စနေနေ့မွန်းလွဲပိုင်းတွင် ကျင်းပခဲ့သည်။ ထိုစာတမ်းဖတ်ပွဲသို့ စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ရာတွင် ဓနုတိုင်းရင်းသားဓမ္မာရုံက မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းဝင်များကိုပါ ဖွေ့ရသည့်အခါ ဝမ်းသာအားရ နှုတ်ဆက်ကြပါသည်။ စာတမ်းဖတ်ပွဲမစမီတွင် မြန်မာစာပေပြန့်ပွားရေးအသင်းဝင်တစ်ဦးဖြစ်သူ ဓနုတိုင်းရင်းသားဓမ္မာရုံအတွင်းရေးမှူး ဦးကံညွန့်(ကံညွန့်လှိုင်)က ရန်ကုန်မြို့၊ ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)မှ ကလောင်စုံပါဝင်သော ''ဓနုတိုင်းရင်း သားမဂ္ဂဇင်း''အတွက် စာမူတောင်းခံစာကို ပေးလာပါသည်။ စာမူတောင်းခံစာဖတ်ရှုပြီးနောက်မှာ ဓနုတို့ဒေသ ပင်းတယသို့ ရွှေဥမင်ဘုရားဖူးရောက်ခဲ့သော ခရီးစဉ်ကို ပြန်ပြောင်းသတိရမိတော့သည်။ ဓနုတိုင်းရင်းသား၊ တောင်ရိုးတိုင်းရင်း သားများနှင့်ပတ်သက်၍လည်း စေ့စေ့စုံစုံ ခြုံငုံသိရှိလို၍ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၅)ပါ သုတေသနပြုရေးသားချက်များကို ဖတ်ရှုမှတ်သားရသည့်အတွက် တိုင်းရင်းသားတို့၏ မျိုးနွယ်၊ ဝတ်စားဆင်ယင်မှု ဒေသအလိုက် ကိုးကွယ်ယုံကြည်မှုအဖုံဖုံကို စွယ်စုံကျမ်းပါ ရေးသားချက်အတိုင်း လက်ဆင့်ကမ်းတင်ပြရင်း ရွှေဥမင်ဘုရား

www.burmeseclassic.com

www.burmeseclassic.com







ဖူးခရီးစဉ်ကိုပါ ဆက်စပ်၍ရေးသားတင်ပြလိုက်ရပေသည်။

**စွယ်စုံကျမ်းက ဖော်ပြတဲ့ ဓနုတိုင်းရင်းသားများ**

'မြန်မာသတ္တ၊ မွန်လေးဝနှင့် ရှမ်းက သုံးဆယ်၊ ခြောက်ဆယ်ကုလား၊ လူမျိုးတစ်ရာ့တစ်ပါး' ဟု လက်သွယ်ကာ အမှတ်အသားပြုထားသည့်အတိုင်း လူမျိုးတစ်ရာ့တစ်ပါးတွင် မြန်မာခုနစ်မျိုး၊ မွန်လေးမျိုး၊ ရှမ်းမျိုးသုံးဆယ်နှင့်၊ ကုလားဖြူ ကုလားနက်က ခြောက်ဆယ် ရှိသည်ဟု ဆိုသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ် စုပေါင်း ၁၃၅ မျိုးသည် မြန်မာ+မွန် ရှမ်းမျိုးနွယ်စုတွင်ပါဝင်သော တိုင်းရင်းသားမျိုးနွယ်စုငယ်များကို စုပေါင်းထားခြင်း ဖြစ်ပေသည်။ ဓနုတိုင်းရင်းသားများနှင့်ပတ်သက်၍ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၅)၊ စာ–၃၅၁ တွင် သုတေသနပြုရေးသားဖော်ပြထားသည်မှာ 'ဓနုလူမျိုးတို့သည် တိဗက်–မြန်မာအစုဝင်' မြန်မာအုပ်စုတွင် ပါဝင်သော လူမျိုးတစ်မျိုးဖြစ်သည်။ ရှမ်းပြည်နယ်နှင့် မြန်မာပြည်မကြီး အကြား၌ နေထိုင်ကြ၏။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်တွင်လည်းကောင်း၊ ကျောက်နီတွင်းဒေသတွင်လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ မိုင်းလုံ၊ လောက်ဆောက်အနောက်ပိုင်းတို့၌ လည်းကောင်း အများဆုံးတွေ့ရသည်။ မြေလတ်ဒေသ၌လည်း ဓနုလူမျိုးများ အန့်အပြားနေထိုင်ကြသည်။ အထူးသဖြင့် ပင်းတယ၊ ပွေးလှ၊ ရွာငံ၊ မော ..တို့တွင် အများဆုံးဖြစ်သည်။ လူဦးရေမှာ (၁၉၅၄ ခုနှစ်က) ၆၀၀၀ ကျော်မျှသာ ဖြစ်၏။ ဓနုလူမျိုးများကို ယင်းတို့ပြောဆိုသော စကားအလိုက် "ရှမ်းစကားပြောသူများကို ရှမ်းဓနု" ဟူ၍ လည်းကောင်း၊ မြန်မာစကားကို ပြောသူများအား "မြန်မာဓနု" ဟူ၍ လည်းကောင်း ခွဲခြားခေါ်ဝေါ်၏။ ယင်းတို့ပြောသော မြန်မာစကားများမှာမူ အသံ'ဝဲ'၏။ အဝတ်အစားဝတ်ရာတွင်လည်း ရှမ်းတို့နှင့် နီးစပ်သူများက ရှမ်းအဝတ်အစားကို ဝတ်ဆင်၍ မြန်မာတို့နှင့်နီးစပ်သူများမှာ မြန်မာကဲ့သို့ပင် ဝတ်ဆင်သည်။ များသောအားဖြင့် ရှမ်းတို့ကဲ့သို့ ခေါင်းတွင် အဝတ်ပတ်လေ့ရှိ၏။ ဗုဒ္ဓအယူဝါဒကို ဆည်းကပ်ကိုးကွယ်ကြသည်။

ဓနုလူမျိုးတို့၏ ဇာစ်မြစ်မှာ ဝိဝါဒကွဲပြားလျက်ရှိ၏။ မစ္စတာအက်(ဖ)အိပ်(ချ်)ဂျိုင်း ဆိုသူက ဓနုတို့သည် ဟံသာဝတီတောင်ဘက်မှ လာရောက်နေထိုင်ကြသော မြန်မာအုပ်စုတစ်စုမှ ပေါက်ဖွားလာကြသူများဟု ယူဆ၏။ မစ္စတာစီအီးဗရောင်းဆိုသူကမူ ဓနုတို့သည် ကရင်တောင်သူလူမျိုးများမှ ဆင်းသက်လာသည်ဟု ယူဆလေသည်။ အချို့နေရာများ၌ ရှမ်းမျိုး ၃၀ တွင် ဓနုလူမျိုးသည်လည်း အပါအဝင်ဖြစ်သည်ဟု ဆိုကြ၏။ သို့သော် ဓနုလူမျိုးအများစုသည် ရှမ်းစကားကို မပြောကြသဖြင့် ယင်းယူဆချက်မှာ မမှန်နိုင်ဟု မစ္စတာဂျေဂျီစကော့က ဆို၏။ ဓနုလူမျိုးအများဆုံးနေထိုင်ရာ ဒေသများသည် ရှေးအခါက ရှမ်းနှင့်မြန်မာတို့ တွေ့ဆုံ၍ ကုန်ရောင်းကုန်ဝယ်ပြုကြရာ နေရာများဖြစ်၏။ ထို့ကြောင့် ဓနုတို့သည် ရှမ်းနှင့်မြန်မာနှစ်ဦးတို့မှနွယ်၍ ဆင်းသက်လာသောသူများဖြစ်သည်ဟု ယူဆရ၏' ဟု သုတေသနပြု၍ မှတ်တမ်းပြုရေးထားလေသည်။

**ဓနုတို့ဒေသ အဆင်းအလှသည် ပင်းတယသို့ ရောက်ခဲ့စဉ်က . . .**

၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလက ဖြစ်ပါသည်။ ရှမ်းပြည်၊ တောင်ကြီး၊ ရွှေညောင်၊ ညောင်ရွှေနှင့် အင်းလေးတို့ကို ဘုရားဖူးခရီးစဉ်ဖြင့် သွားရောက်ရင်း ဓနုတို့ဒေသ အဆင်း

www.burmeseclassic.com

www.burmeseclassic.com




လှသည့် ပင်းတယသို့ ရွှေဥမင်ဘုရားဖူးခရီးစဉ်ဖြင့် ရောက်ရှိခဲ့ရခြင်းဖြစ်လေသည်။ ရွှေညောင်နှင့် ညောင်ရွှေလမ်းဆုံတွင်ရှိသော တည်းခိုအိမ်မှ နံနက်စောစောတွင် ဂျစ်ကားဖြင့် ပင်းတယမြို့သို့ ဦးတည်ထွက်ခွာလာခဲ့သည်။

တောင်ပတ်လည်ဝိုင်းနေသော မောမြေအလှကား အရပ်လေးမျက်နှာ ဘယ်ကိုပဲကြည့်ကြည့် ကြည်နူးဖွယ်အတိဖြစ်သည်။ အမိုးသာပါ၍ ဘေးကာမပါသော ဂျစ်ကားအားယာဉ်မောင်းသူက ဘေးအန္တရာယ်ကင်းအောင် ဖြည်းဖြည်းမှန်မှန်မောင်းပေးသောကြောင့်လည်း ပတ်ဝန်းကျင်ရှုမျှော်ခင်းများကို မြင်ကွင်းကျယ်ပန်းချီကားအလား ထိတွေ့ခံစားရသည်။ ယင်းတယမြို့သို့ ဦးတည်သွားသည့်လမ်းသို့ ရောက်သောအခါ မြင်ကွင်းသည် တစ်မျိုးတစ်ဖုံပြောင်းလဲသွားသည်။ ဘေးဘယ်ညာတွင် မြေနီနီစိုက်ခင်းများကို မျက်စိတဆုံးတွေ့မြင်ရသည်။ တောင်တန်းပေါ်မှ မြေပြန့်ဖြစ်သောကြောင့် ကားလမ်းမျာလည်း အကွေ့အကောက်နည်းပါးသွား၍ ပိုမိုခရီးတွင်လာသည်။ ပင်းတယမြို့နားနီးလာလေ ပင်းတယမြို့၏ မြေပြင်အမှတ်အသား Landmark ဖြစ်သော သက်တမ်းရှည်ညောင်ပင်ကြီးများကို အုပ်အုပ်ဆိုင်းဆိုင်းဖြင့် ထီးရွက်ကြီးများ ဖြန့်မိုးထားသည့်အလားနှလုံးအေးချမ်းဖွယ်ရာ တွေ့မြင်ရသည်။

**သမိုင်းလှသည့် ဓနုတို့ဒေသ ပင်းတယ**

ပင့်ကူရမှ ပင်းတယဖြစ်လာသည့်အပြင် ကမ္ဘာလှည့်ခရီးသွားများစိတ်ဝင်စားသော Tourist attraction လည်းဖြစ်သည်။ ရွှေဥမင်လိုဏ်ဂူ၏ သမိုင်းကြောင်း၊ ဒွေးမယ်နော်နှင့် ပုန်းတလုတ်ကန်ဇာတ်လမ်းတို့အရ ဓနုတို့ဒေသ၊ အဆင်းလှသည့် ပင်းတယ၏သမိုင်းကြောင်းသည် ရှည်လျားနိုင်ခဲ့



လှပေသည်။ တိဗက်-မြန်မာအစုဝင် မြန်မာအုပ်စုတွင်ပါဝင်သော ဓနုလူမျိုးတို့သည် အဆင်းလှ သည့် ပင်းတယဒေသတွင် အခြေချနေထိုင်လာခဲ့သည်မှာ ကာလရှည်လျားလှပေပြီ။ ဓနုတို့ဒေသ ပင်းတယ၏ သက်တမ်းရင့်ကျက်မှုကို ရွှေဥမင်လိုဏ်ဂူအတွင်းရှိ ကျောက်ခက်၊ ကျောက်ပန်းတို့ကလည်းကောင်း၊ သက်တမ်းရင့် ညောင်ပင်ကြီးများကလည်းကောင်း၊ ဘူမိသက်သေအဖြစ် ထင်ရှားတည်ရှိနေပေသည်။

ဓနုလူမျိုးတို့၏ သမိုင်းကြောင်းအရ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဖြစ်ရပ်များတွင် တက်ကြွစွာပါဝင်ခဲ့သည်ကို တွေ့ရှိရသည်။ တိုင်းရင်းသားခေါင်းဆောင်များနှင့် အမျိုးသားခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းတို့၏ ပြင်းပြသော ပြည်ထောင်စုစိတ်ဓာတ်ကြောင့် နယ်ချဲ့ဗြိတိသျှကိုယ်စားလှယ်ရှေ့မှောက်တွင် ချုပ်ဆိုနိုင်ခဲ့သော လွတ်လပ်ရေးအစ ပင်လုံစာချုပ်က ဟု ဆိုစမှတ်ပြုထားသည့် ပြည်ထောင်စု၏တံခွန်ဖြစ်သော 'ပင်လုံစာချုပ်'တွင် တိုင်းရင်းသားကိုယ်စားလှယ်အဖြစ် ဓနုလူမျိုး ဦးခွန်စောက ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြင့် ဓနုလူမျိုးတို့၏ ဂုဏ်သိက္ခာကို သမိုင်းတွင်ရစ်စေခဲ့ပေသည်။

မျက်မှောက်ကာလတွင်မူ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရလဒ်အရ "ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ" ဖြစ်တည်၍ နေပေပြီ။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးချယ်တင်မြောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အတွင်း ကြိုးပမ်းအားထုတ်ပေးမှုများကြောင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးကဏ္ဍများတွင် ထိုက်သင့်သလောက် တိုးတက်ဖွံ့ဖြိုးလာသည် သစ်တောပြုန်းတီးခြင်း၊ ချောင်းမြောင်းများတိမ်ကောလာခြင်း စသည့် 'သဘာဝဂေဟစနစ်' ကို မပျက်စီးရလေအောင် ထိန်းသိမ်းစောင့်ရှောက်ပါမှသာ အဆင်းလှသည့် ပင်းတယအပါအဝင် ဓနုတို့ဒေသ သည် အစဉ်စိမ်းလန်းသန့်ရှင်းသာယာနေနိုင်မည် ဖြစ်ပေသည်။

မေတ္တာမွန်ဖြင့်
မောင်မြတ်မွန်(ဆူးလေ)

ကျမ်းကိုး-

၁။ မြန်မာ့စွယ်စုံကျမ်း အတွဲ(၅) မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း(စာပေဗိမာန်)
၂။ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၏ ဟောပြောခြင်းပြချက်၊ ကြေးမုံသတင်းစာအထူးကဏ္ဍအချပ်ပို(စာ-၄)
၃။ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ရွှေဥမင်ဘုရားဖူးမြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com





# ရှေးဟောင်းကျော်ဆန္ဒ

ရှေးဦးတော်လှန်ရေးသူရဲကောင်း
ဝန်းသိုစော်ဘွား

# ဦးအောင်မြတ်

ဝန်းချီ မင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာသက္ကရာဇ် ၁၂၄၇ ခု၊ သီပေါမင်း ပါတော်မူသောအခါ ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်မှာ ဝန်းသိုမြို့၌ပင်ရှိနေခဲ့လေသည်။ အထောက်တော်များ စေလွှတ်စုံစမ်းခြင်းဖြင့် သီပေါဘုရင် ပါတော်မူကြောင်း ကြားသိသောအခါ အခြေအနေအရပ်ရပ်ကို သတိကြီးစွာဖြင့် စောင့်ဆိုင်းနားထောင်နေခဲ့သည်။

ယင်းအချိန်တွင် ကင်းဝန်မင်းကြီးသည် သီပေါဘုရင် ပါတော်မူရာနောက်သို့လိုက်ပါသွားခြင်းမပြုဘဲနေရစ်ခဲ့သဖြင့် အင်္ဂလိပ်တို့ အထူးယုံကြည်အားကိုးရသော မင်းတိုင်ပင်အမတ်ကြီးသဖွယ် ဖြစ်နေပေသည်။ ကင်းဝန်မင်းကြီးသည် ဝန်းသိုစော်ဘွားထံသို့ စာရေးအကြောင်းကြားခဲ့သည်။ စာပါအကြောင်းအရာမှာ ဦးအောင်မြတ်အား အင်္ဂလိပ်ထံ သစ္စာတော်ခံရန် အကြံပြုထားသောစာပင်ဖြစ်သည်။ ယင်းသို့ အင်္ဂလိပ်မင်း၏သစ္စာတော်ကို ကျိုးနွံစွာခံယူလျှက် လက်ရှိစော်ဘွားအရိုက်အရာကိုပင် ဆက်လက်ခံယူခွင့်ပြုမည်ဖြစ်ကြောင်းလည်း ဖော်ပြထားလေသည်။ ယင်းအပြင် ဝန်းသိုစော်ဘွားကြီးအား မန္တလေး၊ နေပြည်တော်သို့လည်း လာရောက်ရန် ဖိတ်ခေါ်ထားလေသည်။

ဝန်းသိုစော်ဘွားကြီး၏ ပြန်စာမှာမူကား မိမိသည် တစ်ပါးကျွန်အဖြစ်နှင့် မနေလိုကြောင်း၊ မိမိအရှင်သခင်ကို ကြက်ငှက်သဖွယ် ပရိယာယ်ဖြင့်ဖမ်းဆီးခေါ်ဆောင်သွားသော အင်္ဂလိပ်မင်း၏ ကိုယ်စားလှယ်များကိုလည်း အရိုသေပေးရန် ဝန်လေးလှကြောင်း စသည်စသည်တို့ ဖြစ်ပေသည်။ ဝန်းသိုစော်ဘွားကြီးသည် ယင်းသို့ ကင်းဝန်မင်းကြီးထံ ပြန်ကြားပြီးသည်နှင့် ဝန်းသိုမြို့ကိုလည်း အခိုင်အမာစီရင်လေတော့သည်။ ကတုတ်ကကျင်းများ တူးခြင်း၊ ရှေ့ကင်း၊ နောက်ကင်း၊ ဝပ်ကင်းစသည့် ကင်းအထပ်ထပ်ချထားခြင်းဖြင့် မိမိပိုင်ဝန်းသိုမြို့ကို ခံတပ်သဖွယ် ကြိုတင်၍ စီမံထားလေသည်။ သို့သော် အင်္ဂလိပ်မင်းတို့သည် ကင်းဝန်မင်းကြီး၏ အကြံပေးချက်အရ ဝန်းသိုမြို့ကို တိုက်ခိုက်ခြင်းမပြုသေးဘဲ အတန်ကြာကြာစောင့်ဆိုင်းနေခဲ့ပါသည်။

ကင်းဝန်မင်းကြီးနှင့် ဝန်းသိုစော်ဘွားကြီးတို့သည် သားအဖတမျှ ရင်းနှီးချစ်ခင်ကြသည်ဖြစ်ပေရာ ကင်းဝန်မင်းကြီးသည် ဝန်းသိုစော်ဘွားကြီးအား မိမိအနေဖြင့် နားချလျှင် မောင်အောင်မြတ်သည် နာခံကောင်းသည်ဟု တစ်ထစ်ချယုံကြည်ဟန်တူပေသည်။

ဤသို့ဖြင့် ဝန်းသိုစော်ဘွားကြီးသည် မြို့ပတ်လည်ကို ကျွန်းလုံးကြီးများဖြင့် အကာအကွယ်ပြုကာ ခိုင်ခံ့တောင့်တင်းသည်ထက် ခိုင်ခံ့တောင့်တင်းအောင် စီမံပြုလုပ်ထားသည်။ စော်ဘွားကြီးကိုယ်တိုင်လည်း သစ်အရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်နေခဲ့သည်။ သို့သော်လည်း အင်္ဂလိပ်မင်းအား အခွန်ဘဏ္ဍာပေးဆောင်ခြင်းကိုကားမပြုလုပ်ခဲ့ပေ။ ယင်းအချိန်အတွင်း၌ပင် အင်္ဂလိပ်အစိုးရသည် ဝန်းသိုစော်ဘွားကြီးထံသို့ ကိုယ်စားလှယ်များ စေလွှတ်ကာစည်းရုံးခဲ့ပေသေးသည်။ ဝန်းသိုစော်ဘွားကြီးကမူ အညံ့မခံရန် မဆိုထားဘိ နယ်ချဲ့၏ ကိုယ်စားလှယ်များနှင့်ပင် လက်ခံတွေ့ဆုံဆွေးနွေးခြင်း မပြုခဲ့ပေ။

ယင်းအချိန်၌ပင် ချောင်းခွမင်းသား၏ အရေးတော်ပုံသည်လည်း အထွတ်အထိပ်သို့ ရောက်ရှိလာလေသည်။ ချောင်းခွမင်းသားမှာ မက္ခရာမင်းသား၏အလယ်နန်းမဆောင်ကြင်ဖက် ခင်ခင်လေးမှဖွားမြင်သော ထိပ်တင်ရန်ပိုင်မင်းသားပင် ဖြစ်လေသည်။ မက္ခရာ

၁၈၈၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ မြန်မာသက္ကရာဇ် ၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်၊ အင်္ဂါနေ့တွင် မြန်မာဘုရင် သီပေါမင်း ပါတော်မူသည်။ မြန်မာ့ထီးနန်းပျောက်သည်နှင့်တစ်ပြိုင်နက် မြန်မာတို့သည်လည်း နယ်ချဲ့၏ကျွန်သဘောက်ဘဝသို့ မရှုလှကျရောက်ခဲ့ရတော့သည်။ သူ့ကျွန်ဖြစ်ရပြီးနောက် တစ်နှစ်လွန်မြောက်သောအခါ အနိုင်မခံအရှုံးမပေး၊ အညံ့ခံ ဒူးမထောက်ခဲ့သော မျိုးချစ်တော်လှန်ရေးသမားကြီးကား ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်ပင် ဖြစ်သည်။

၁၈၈၆ ခုနှစ်၊ ဒီဇင်ဘာလတွင် အင်္ဂလိပ်မင်းသည်စစ်တပ်များစေလွှတ်၍ ဝန်းသိုမြို့ကို တိုက်ခိုက်လေသည်။ ဝန်းသိုစော်ဘွားဦးအောင်မြတ်ကလည်း ခွက်ချည်းကျန် အလံမလှဲစတမ်း ရှုပ်ချွံချွံ ပြန်လည်ခုခံသည်။ သို့သော်လည်း အင်အားချင်းမမျှတသဖြင့် ၁၈၈၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဝန်းသိုမြို့မှဆုတ်ခွာခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားတွင် ထိပ်တင်ရန်ပိုင်၊ ထိပ်ထား ရန်နိုင် ဘွဲ့ချီသော သားတော်နှစ်ပါး ရှိသည်။ သီပေါမင်း ပါတော်မူပြီးနောက် မျိုးချစ်ဗိုလ်မှူး၊ အမတ် စသည်တို့သည် ထိပ်တင်ရန်ပိုင်မင်းသားအား နန်းပြန် တင်ရန် သဘောချင်းကိုက်ညီကြသော ကြောင့် နယ်ချဲ့အင်္ဂလိပ်ကို ရရာဓား ဆွဲကာ တော်လှန်ခဲ့ကြသည်။ ယင်းသို့ တော်လှန်ရာတွင် မကွေးရာနယ်အတွင်းရှိ စဥ့်ကူးမြို့နယ်ပိုင် ချောင်းခွရွာ၌ အခြေခံ စခန်းဖွင့်ထားသဖြင့် ချောင်းခွမင်းသား ဟု ထင်ရှားကျော်ကြားလာခဲ့ခြင်း ဖြစ် ပေသည်။

သို့ရာတွင် ချောင်းခွမင်းသား ထိပ် တင်ရန်ပိုင်သည် လက်နက်အင်အား၊ လူအင်အားမမျှသဖြင့် အရေးနိမ့်ခဲ့ရပေ သည်။ ယင်းသို့ အရေးတော်မကျဖြစ် နေစဥ် မိုးကောင်းမြို့တွင် မြို့ဝန်အဖြစ် အမှုထမ်းနေသော ဝန်သိုစော်ဘွား ဟောင်းဦးရွှေသား(ဝန်သိုစော်ဘွား ဦး အောင်မြတ်၏ဖခင်)ထံသို့ ခိုလှုံ၍ အကူ အညီတောင်းခံခဲ့လေသည်။ ယင်း ကြောင့် အမျိုးချစ်သော ဦးရွှေသားက လည်း ချောင်းခွမင်းသားအား အကူ အညီ ရက်ရက်ရောရောပေးခဲ့လေသည်။

ထို့ကြောင့် ချောင်းခွမင်းသားသည် ဦးရွှေသားအကူအညီဖြင့် ဘေးရန်ကင်း စွာ တရုတ်ပြည်ယူနန်နယ်ဘက်သို့ တိမ်း ရှောင်သွားခဲ့လေသည်။ ယင်းသို့ အရေး အခင်းပေါ်ပေါက်ပြီး နောက်ပိုင်းတွင် အင်္ဂလိပ်အစိုးရမင်းသည် ချောင်းခွ မင်းသားလွတ်မြောက်ရေးကို အားသွန် ခွန်စိုက်အကူအညီပေးခဲ့သော ဦးရွှေ သားအား ဖမ်းဆီးရန် အမိန့်ထုတ်ပြန် လေတော့သည်။ ထိုအတောအတွင်း ၌ပင် နယ်ချဲ့လက်ပါးစေတချို့က ဦးရွှေ သားနှင့် ဦးအောင်မြတ်တို့သားအဖနှစ် ယောက်၏ မကောင်းသတင်းများကို အင်္ဂလိပ်အစိုးရထံသို့ သတင်းပေးပို့



နေခြင်းဖြင့် မြေနိမ့်ရာလှံစိုက်ဆိုသလို ကြုံတွေ့ခဲ့ရလေသည်။

ထို့ကြောင့် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်သည် ဖခင်ဖြစ်သူ ဦး ရွှေသားအား ဖမ်းဆီးကြလျှင် မိမိအား လည်း ဖမ်းဆီးကြလိမ့်မည်ဟု ကြိုတင် တွက်ဆထားသည့်အပြင် မိမိကိုယ်တိုင် လည်း အဖမ်းမခံ၊ မိမိ၏ဖခင်ကိုလည်း အင်္ဂလိပ်တို့လက်မှ ဖြစ်သည့်နည်းဖြင့် ကယ်တင်မည်ဟု သံမဏိဆုံးဖြတ်ချက် ကို အခိုင်အမာချထားခဲ့လေသည်။ ထို့ကြောင့် ဖခင်ရှိရာ မိုးကောင်းမြို့သို့ သွားကာ အင်္ဂလိပ်အစိုးရထံ အညံ့မခံ ဒူးမထောက်ရေးကို ဖခင်ဖြစ်သူနှင့် ညှိ နှိုင်းတိုင်ပင်သည်။ ထိုသို့ ညှိနှိုင်းမှုကို အခြေခံ၍ သားအဖနှစ်ယောက်သည် သဘောချင်း ကိုက်ညီသဖြင့် အင်္ဂလိပ် အစိုးရကို ပြောင်ပြောင်တင်းတင်း တော်လှန်ကြလေတော့သည်။

ထိုစဥ်က အင်္ဂလိပ်အစိုးရသည် ဝန်းသိုစော်ဘွားကြီးအား ကင်းဝန်မင်း ကြီးထံမှတစ်ဆင့် ငြိမ်းချမ်းရေးကမ်း လှမ်းဆဲပင်ရှိသေးသည်။ အသာတကြည် သစ္စာခံလာပါက ဝမ်းမြောက်ဝမ်းသာ လက်ခံမည်ဟူ၍လည်း တံခါးဖွင့်ပေး ထားဆဲအချိန်ပင် ဖြစ်သည်။ ဤနည်း ဖြင့် မည်သို့မျှအကြောင်းမထူးသောအခါ ကင်းဝန်မင်းကြီးကိုယ်တိုင် ဝန်းသိုမြို့ သို့လိုက်လာကာ ဦးအောင်မြတ်အား နား ချလေသည်။ အသာတကြည် လက်နက် ချအညံ့ခံလျှင် မူလရာထူးဖြစ်သော စော်ဘွားရာထူးကိုပင် ဆက်လက်ပေး သနားမည်ဖြစ်ကြောင်း စသည့် အခွင့် အရေးများကို အသုံးပြု၍ ကမ်းလှမ်းခဲ့ လေသည်။

သို့ရာတွင် ဝန်းသိုစော်ဘွားကြီး ကမူ မိမိအနေဖြင့် ကင်းဝန်မင်းကြီး အား အစ်ကိုလို၊ ဖခင်လို ရှိသေကိုင်း ရှိုင်းချစ်ခင်သော်လည်း အင်္ဂလိပ်လက် အောက်တွင် ကျွန်ခံရန် ဝန်လေးလှ ကြောင်း၊ ရရာလက်နက်နှင့်ပင် တော် လှန်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အညံ့ခံရေးကို လက်ခံဆွေးနွေးမည် မဟုတ်ကြောင်း၊ ထို့အပြင် မိမိအနေ နှင့် သေသော်မှသေစေ၊ သေသည့်တိုင် အောင် နယ်ချဲ့၏ရန်ကို တွန်းလှန်ဖြို ဖျက်သွားမည်ဖြစ်ကြောင်း ပြန်ကြားခဲ့ လေသည်။

ဝန်းသိုစော်ဘွားကြီး၏ ပြတ်သား သော ဆုံးဖြတ်ချက်ကြောင့် ကင်းဝန် မင်းကြီးသည် လက်လျှော့ကာ နေပြည် တော်သို့ပြန်သွားလေတော့သည်။ ယင်း သို့ ကင်းဝန်မင်းကြီးမှတစ်ဆင့် ငြိမ်း ချမ်းရေးကို ကမ်းလှမ်း၍ မရသောအခါ အင်္ဂလိပ်အစိုးရမင်း၏ ကိုယ်စားလှယ် တို့သည်ဝန်းသိုစော်ဘွားဦးအောင်မြတ် ၏ ငယ်ဆရာဖြစ်သော ဝန်းသိုဆရာ တော်ဦးဂုဏထံချဉ်းကပ်ကာ စေ့စပ်စေ

www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ဖန် ကြိုးပမ်းကြပြန်သည်။ သို့သော် ဝန်းသိုစော်ဘွား၏ သံမဏိစိတ်ဓာတ်ကြောင့် အင်္ဂလိပ်တို့၏ ကြိုးပမ်းချက်မှာ အချည်းအနှီးပင် ဖြစ်ခဲ့ရလေသည်။

ဝန်းသိုစော်ဘွား၏ တော်လှန်ရေးတပ်သားများနှင့် အင်္ဂလိပ်မင်း၏ တပ်သားများသည် မှန်ကင်းတောင်ခြေတွင် ပထမဦးဆုံးအကြိမ် တိုက်ပွဲဖြစ်လေသည်။ ထိုသို့ မှန်ကင်းတောင်ခြေတွင် တိုက်ပွဲဖြစ်ပွားရခြင်းမှာ အင်္ဂလိပ်တို့က ချွန်းတောင်းမြို့အုပ်နှင့် အခွန်ဝန်ဦးစံဆိုသူတို့အား ကိုယ်စားလှယ်အဖြစ်နှင့် ဝန်းသိုမြို့သို့စေလွှတ်ကာ ဦးအောင်မြတ်နှင့် ဆွေးနွေးစေသည်။ ဦးအောင်မြတ်က မှန်ကင်းတောင်တွင် ဆွေးနွေးမည်။ သို့သော် ဆွေးနွေးမည့်ကိုယ်စားလှယ်အဖွဲ့သည် လက်နက်ကိုင်ဆောင်၍မလာရ။ နှစ်ဘက်ခေါင်ချင်းဆွေးနွေးမည်ဟု ပြန်ကြားလိုက်လေသည်။

ဦးအောင်မြတ်၏ဖခင် မိုးကောင်းမြို့ဝန်က အင်္ဂလိပ်တို့သည်ပရိယာယ်များသူများဖြစ်၍ ယုံကြည်ရန်မသင့်ကြောင်း သားဖြစ်သူ ဝန်းသိုစော်ဘွားအား သတိပေးထားပြီးဖြစ်ရာ ဝန်းသိုစော်ဘွားကြီးသည် ဖခင်သတိပေးထားသော စကားအတိုင်း ကင်းပုန်းများစီမံကာ ချိန်းဆိုထားသည့် နေရာတွင် သတိကြီးစွာဖြင့် စောင့်ဆိုင်းနေသည်။ ဦးရွှေသား ကြိုတင်နိမိတ်ဖတ်ထားသည့်အတိုင်းပင် အင်္ဂလိပ်အစိုးရ၏ ကိုယ်စားလှယ်များက စစ်တပ်များ ခြံရံ၍ ချီတက်လာကြသည်။

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် (၅)နှစ်အကြာတွင် ဖြစ်သည်။ ယင်းတိုက်ပွဲတွင် အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးကျကာ အင်္ဂလိပ်တပ်များ ကစဥ့်ကလျား ဆုတ်ခွာသွားခဲ့ရသည်။ ယင်းအောင်ပွဲသတင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

နယ်ချဲ့အင်္ဂလိပ်တပ်များသည် စစ်အင်အား (၂၀၀၀)ခန့်၊ ပစ္စည်းအပြည့်အစုံနှင့်ချီတက်လာပြီး ရွှေဘိုစစ်ကြောင်းနှင့်ပေါင်းကာ ဝန်းသိုမြို့အား သိမ်းဆည်းရန် ဗိုလ်မှူးယောက်က အုပ်ချုပ်ချီတက်လာကြောင်းကို ကြားသိရသောအခါ ဝန်းသိုစော်ဘွားကြီး၏ တပ်သားများသည် ဝန်းသိုမြို့တွင်းမှ ကြွကြွခံလျှင် မြို့သူမြို့သားများ အထိနာမည်ကို စိုးရိမ်သဖြင့် ဝန်းသိုနှင့် ထီးချိုင့်နယ်မြေဒေသများကို တပ်ဖြန့်၍ ထွက်ခွာသွားခဲ့ကြသည်။ ထိုအခါ အင်္ဂလိပ်တပ်များသည် ရန်သူများ စွန့်ခွာသွားသော နယ်မြေကို အလွယ်တကူပင် တက်ရောက်သိမ်းပိုက်ကြသည်။

ဤတွင် ဝန်းသိုစော်ဘွားကြီးသည် မိမိ၏ တော်လှန်ရေးတပ်သားများနှင့် ညှိနှိုင်းတိုင်ပင်ကာ အင်္ဂလိပ်တပ်များ အလုံးအရင်းနှင့် တပ်စွဲထားသောမြို့များကို ဝင်ရောက်တိုက်ခိုက်ခြင်း မပြုသေးဘဲ ယင်းမြို့၏ ပတ်ပတ်လည်မှ ရန်သူကင်းစခန်းများကို အမှည့်ခြွေခြွေရန် ဆုံးဖြတ်လိုက်လေတော့သည်။ ဤနည်းဖြင့် တိုက်ခိုက်ရာ ပထမဦးဆုံး စတိုက်သော တိုက်ပွဲများမှာ ပေကုန်းရွာနှင့် ဥက္ကံရွာတိုက်ပွဲများပင် ဖြစ်ပေသည်။ ယင်းတိုက်ပွဲတွင် အင်္ဂလိပ်များ အရေးနိမ့်ပြီး အကျအဆုံးများစွာနှင့် ကစဥ့်ကလျား ထွက်ပြေးကြရလေသည်။ တိုက်ပွဲတွင် အင်္ဂလိပ်တပ်မှ ဗိုလ်ကြီးကာပ်ချင်ဆိုသူ ကျဆုံးလေသည်။ ကျဆုံးသွားသော အင်္ဂလိပ်စစ်ဗိုလ်၏ ရုပ်ကလာပ်ကို ရွာမဦး ဂူသွင်းထားသည်ကို ယနေ့တိုင် တွေ့မြင်နိုင်ပေသည်။

ထို့နောက် ကျိုင်းခွင်တောင်မှ မိုးကောင်းမြို့ဝန်ဦးရွှေသားနှင့် ဝန်းသိုစော်ဘွားကြီး၏ လူအင်အား ၆၀၀ ခန့်ပါသော တော်လှန်ရေးတပ်သားများနှင့် အင်္ဂလိပ်တို့ တိုက်ပွဲဖြစ်ပွားပြန်ရာ ထိုတိုက်ပွဲတွင် ကုလားစစ်သားအများအပြားနှင့် အင်္ဂလိပ်စစ်သား ၃ ဦး ကျဆုံးသည်။ သို့သော် ရန်သူနှင့်အင်အား မမျှသောကြောင့် ဆုတ်ခွာပေးလိုက်ရသည်။ ယင်းအခွင့်အရေးကောင်းကို လက်လွှတ်မခံဘဲ အင်္ဂလိပ်တပ်များသည် ဝန်းသိုမြို့သို့ ဆက်လက်သိမ်းပိုက်လိုက်လေသည်။

မည်သို့ပင်ဖြစ်စေ အင်္ဂလိပ်တပ်များသည် အသစ်သစ်သော တပ်ကူ

**ဝန်းသိုစော်ဘွား၏ တော်လှန်ရေးတပ်သားများနှင့် အင်္ဂလိပ်မင်း၏ တပ်သားများသည် မှန်ကင်းတောင်ခြေတွင် ပထမဦးဆုံးအကြိမ် တိုက်ပွဲဖြစ်လေသည်။ ထိုသို့ မှန်ကင်းတောင်ခြေတွင် တိုက်ပွဲဖြစ်ပွားရခြင်းမှာ . . .**

www.burmeseclassic.com

www.burmeseclassic.com



တပ်ထောက်များနှင့် လူလဲ၍ တိုက်ခိုက်နိုင်သော်လည်း ဝန်းသိုစော်ဘွားကြီး၏ တော်လှန်ရေးတပ်သားများမှာမူကား တပ်ကူတပ်ထောက်ကင်းမဲ့ကာ ရှိရင်းစွဲ မီးကျိုးမောင်းပျက် လက်နက်များနှင့်သာလျှင် အဖန်တလဲလဲ တိုက်ခိုက်နေရသည်ဖြစ်ရာ တော်လှန်ရေးတပ်သားများမှာ ခြေကုန်လက်ပန်းကျပြီး ဆက်လက်တိုက်ပွဲဝင်ရန် လုံးဝမဖြစ်နိုင်သော အခြေအနေဆိုးသို့ ဆိုက်ရောက်သွားကာ တပ်လုံးပြုတ်သွားရလေတော့သည်။

အချို့သော မှတ်တမ်းများတွင်မူ ကောလင်းတိုက်ပွဲပြီးဆုံးသည့်နောက်ပိုင်းတွင် ဝန်းသိုစော်ဘွားကြီး၏ တပ်သားများနှင့် အင်္ဂလိပ်တပ်သားများတို့သည် အကြိမ်ကြိမ်အလီလီ တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု ဆိုလေသည်။

ဝန်းသိုစော်ဘွားကြီးနှင့် အင်္ဂလိပ်ကိုစ၍တော်လှန်စဉ်ကပင် ပါဝင်ခဲ့သော မျိုးချစ်သူရဲကောင်းများတွင် ဗိုလ်လယ်နှင့် ဗိုလ်ကိုးတို့လည်း ပါဝင်ပေသည်။ ဗိုလ်လယ်မှာ တာသုံးတောတိုက်ပွဲတွင် ကျဆုံးကာ ဗိုလ်ကိုးမှာမူ ကျိုင်းခွင်တိုက်ပွဲတွင် တိုင်းပြည်အတွက် အသက်ကို စတေးသွားခဲ့လေသည်။ ဗိုလ်လယ်သည် ချင်းတွင်းမြစ်ရိုးသားဖြစ်၍ တော်လှန်ရေးသမား ဗိုလ်လယ်ဟု ထင်ရှားသူဖြစ်ပေသည်။ ချင်းတွင်းမြစ်ရိုးတစ်လျှောက် အင်္ဂလိပ်တို့ကိုတော်လှန်ခဲ့ရာ အရေးမလှသဖြင့် ဝန်းသိုစော်ဘွားကြီးထံသို့ ခိုလှုံလာသူ ဖြစ်ပေသည်။

၁၈၈၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သော အထက်မြန်မာနိုင်ငံ ငြိမ်ဝပ်ပိပြားရေးအစီရင်ခံစာတွင် ၁၈၈၆ ခုနှစ်ကုန်ဆုံးလုနီးအထိ ဥပဒေမဲ့ဆိုးသွမ်းနေသောလူဆိုးများနှင့် တိုက်ပွဲဖြစ်ပွားရာတွင် တိုက်ပွဲပေါင်း ၁၈၀ ခန့် ဖြစ်ပွားခဲ့သည်ဟူ၍လည်းကောင်း၊ ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှ ၁၈၈၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ဗြိတိသျှတပ်များမှ စစ်ဗိုလ်ဦးရေ ၁၁ ဦး၊ တပ်သားဦးရေ ၈၀ ခန့် ကျဆုံးသည်ဟူ၍လည်းကောင်း၊ ရာသီဥတုဒဏ်၊ လမ်းပန်းအဆက်အသွယ်ခက်ခဲမှု၊ တိုက်ပွဲတွင်း၌ဒဏ်ရာအနာတရရရှိခြင်း၊ ဖျားနာခြင်း စသည်တို့ကြောင့် စစ်မှုဆက်လက်မထမ်းဆောင်နိုင်သော ဗိုလ်၊ အကြပ်၊ တပ်သားဦးရေ ၃၀၅၃ ယောက်ရှိသည်ဟူ၍လည်းကောင်း ဖော်ပြထားသည်။

ယင်းအစီရင်ခံစာသည် ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်တို့ တော်လှန်ပုန်ကန်စဉ်က နယ်ချဲ့အင်္ဂလိပ်အစိုးရ အတည်ပြုလက်ခံထားသော အစီရင်ခံစာဖြစ်သည်။ ၁၈၈၅–၈၆ ခုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့တို့ အုပ်ချုပ်ရေး ဤမျှပျက်ပြားပြီး ဤမျှအထိနာသည်ကို ထောက်ချင့်သောအားဖြင့် ဝန်းသိုစော်ဘွားကြီး၏ တော်လှန်ရေးလုပ်ငန်းများ မည်မျှအောင်မြင်သည်ကို ကျွန်ုပ်တို့ အလွယ်တကူပင် မှန်းဆနိုင်လောက်မည် ဖြစ်ပေသည်။ တစ်ဆက်တည်းမှာပင် သူပုန်များနှင့် တိုက်ပွဲပေါင်း ၁၈၀ ခန့် ထုတ်ဖော်ဝန်ခံထားပေရာ ယင်းတိုက်ပွဲများအနက် ဝန်းသိုစော်ဘွားကြီးနှင့် တိုက်ခိုက်သော တိုက်ပွဲများက များပြားသော အရေအတွက်နှင့် ပါဝင်နေမည်မှာလည်း သံသယပင်ဖြစ်နိုင်စရာရှိမည်မထင်ပါပေ။

ဤသို့လျှင် ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်သည် နယ်ချဲ့အင်္ဂလိပ်တို့ကို ရရာလက်နက်၊ စုဆောင်းမိသမျှအင်အားများနှင့် တော်လှန်ခဲ့သည်။ ဆိုးသွမ်းနေသော လူဆိုးဓားပြများကိုလည်း ယဉ်ကျေးအောင် ဆုံးမသိမ်းသွင်းခဲ့သည်။ သို့သော် စော်ဘွားကြီး၏ တော်လှန်ရေးမှာ စိတ်ဓာတ်ရေးရာအရသာ



www.burmeseclassic.com

www.burmeseclassic.com





**ဝန်းသိုစော်ဘွားကြီးသည် အင်္ဂလိပ်လက်အောက်သို့ အသာတကြည် ခိုလှုံခဲ့ပါမူ မြန်မာဘုရင်လက်ထက်က အခြေအနေထက်ပင် အဆပေါင်းများစွာ သာလွန်သော စည်းစိမ်ချမ်းသာကို ရရှိနိုင်သော်လည်း ကိုယ်ကျိုးစွန့်ကာ နယ်ချဲ့ကို ဒူးမထောက်ခဲ့၊ အညံ့မခံခဲ့ပေ**

**. . .**

လျှင်အောင်ပွဲခံနိုင်ခဲ့ပြီး လူသူလက်နက် အင်အားတွင် အမြဲတစေအရှုံးနှင့်ပင် ရင်ဆိုင်ခဲ့ရပေသည်။ ယင်းသို့သော အကြောင်းများကြောင့်လည်း နောက်ဆုံး အဓိကခြေကုပ်စခန်းဖြစ်သော ဝန်းသို မြို့ကို လက်လွှတ်ဆုံးရှုံးခဲ့ရခြင်းဖြစ်ပေ သည်။ သွေးခွဲစည်းရုံးရာတွင် ပြောင် မြောက်လှသော အင်္ဂလိပ်တို့သည် သက်နက်ချအညံ့ခံလာသောသူပုန်များ ကို အပြစ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေး ခြင်း၊ ဆုလာဘ်ရာထူးများဖြင့် ချီး မြှောက်သူကောင်းပြုခြင်း စသည်တို့ကို ပြုလုပ်ကာ ဝန်းသိုစော်ဘွားကြီး၏ တော် လှန်ရေးမီးတောက်ကို ငြိမ်းသတ်နိုင်ခဲ့ သေသည်။

ဤနည်းဖြင့်ပင် ဝန်းသိုစော်ဘွား ကြီး၏ တပ်သားများမှာ ရှင်နည်းရာ အင်္ဂလူထွက်ဆိုသည့်စကားပမာ လုံး ပါးပါးလာခဲ့တော့သည်။ မြင်းအစီး ၅၀ နှင့် နောက်လိုက် ၁၀၀ ကျော်မျှသာ ကျန်ရစ်ပေတော့သည်။ ဤမျှလောက် သောအင်အားသာ ကျန်တော့သည့်တိုင် စော်ဘွားကြီးသည် နယ်ချဲ့အင်္ဂလိပ်ကို ဒူးထောက်ခြင်းမပြု၊ တော်လှန်ဆဲ၊ ခုခံဆဲ၊ ထောင်ထားခြားနားဆဲပင် ရှိ သေးသည်။ နောက်ဆုံး မဖြစ်နိုင်တော့ သည့်အခြေအနေဆိုးနှင့် ရင်ဆိုင်ရတော့ မှပင် တရုတ်ပြည်သို့ ခိုဝင်တိမ်းရှောင် ရန် ဆုံးဖြတ်ချက်ချလိုက်ရလေတော့ သည်။

ယင်းအချိန်တွင် စော်ဘွားကြီး သည် တစ်ဖက်မှ စပါးပေး,ပေး၍လည်း ကောင်း၊ အခြားတစ်ဖက်မှလည်း မိမိ တတ်သိလိမ္မာပြီးဖြစ်သော တိုင်းရင်း ဆေးပညာဖြင့် အသက်မွေးဝမ်းကြောင်း ပြု၍လည်းကောင်း နေထိုင်ရင်း မိုင်းလ မြို့၌ ၁၉ နှစ်၊ စန်းတာမြို့၌ ၁၃ နှစ် မျှသော အချိန်ကာလများကို အမိနိုင်ငံ ကို လွမ်းဆွတ်တသလျက်ဖြင့်ပင် အချိန် များ ကုန်လွန်ခဲ့ရပေသည်။

ယင်းနှစ်များကုန်လွန်ခဲ့ပြီးနောက် ညောင်ရွှေစော်ဘွားကြီး ဆာစော မောင်သည် ဝန်းသိုစော်ဘွားကြီးအား အသက်လည်းကြီးပြီ အင်္ဂလိပ်များ အနှောင့်အယှက်မပေးရန်လည်း တာဝန် ယူပါသည်ဟု ကတိပြု၍ အတန်တန် ခေါ်ယူလေသောကြောင့် ၁၂၈၅ ခုနှစ် တွင် ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ် သည် မဟာဒေဝီနှင့် သားတော်၊ သမီး တော်တို့ကိုပါ ခေါ်ယူပြီး အမိမြန်မာ နိုင်ငံသို့ ပြန်ခဲ့ပေသည်။ ထိုစဉ်က ဝန်း သိုစော်ဘွားကြီး၏ အသက်မှာ ၆၃ နှစ် မျှပင် ရှိနေလေပြီ ဖြစ်သည်။ ထိုစဉ်က ဝန်းသိုစော်ဘွားကြီးသည် အင်္ဂလိပ်



လက်အောက်သို့ အသာတကြည် ခိုလှုံ ခဲ့ပါမူ မြန်မာဘုရင်လက်ထက်က အခြေ အနေထက်ပင် အဆပေါင်းများစွာသာ လွန်သော စည်းစိမ်ချမ်းသာကို ရရှိနိုင် သော်လည်း ကိုယ်ကျိုးစွန့်ကာ နယ်ချဲ့ကို ဒူးမထောက်ခဲ့၊ အညံ့မခံခဲ့ပေ။ ကြီးမား ပြင်းပြသော ဇာတိသွေး၊ ဇာတိမာန်ဖြင့် နယ်ချဲ့ကို တွန်းလှန်ခဲ့ပေသည်။

ဝန်းသိုစော်ဘွားကြီးသည် မြန်မာ တို့ ကျွန်ဘဝမှ လွတ်မြောက်ခဲ့သည်ကို ကြည်နူးဝမ်းမြောက်စွာဖြင့် မြင်တွေ့ သွားရရှာသည်။ မြန်မာအစိုးရက ချီး မြှင့်သော (သတိုးသီရိသုဓမ္မမဟာသရေ စည်သူ)ဘွဲ့တံဆိပ်ကိုလည်း ခံယူသွားခဲ့ ပေသည်။


ယင်းကြောင့်မြန်မာမျိုးချစ်ပုဂ္ဂိုလ် ကြီး ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ် အားလေးစားနေရမည်ဖြစ်သည့်အပြင် ရှေးဦးတော်လှန်ရေးသူရဲကောင်းအဖြစ် ဖြင့်လည်း လေးစားဂုဏ်ပြုရမည် ဖြစ် ပေသည်။

ရဲဘော်ကျော်ဆန်း

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



မီး ရာသီကုန်ဆုံးပြီး၊ ရာသီဥတု၏ လှပသာယာချိန်ဖြစ်သည်။ ဗြိစ္ဆာရာသီ၊ ကြတ္တိကာနက္ခတ်၊ ကျီးတာယာထွန်းတောက်၍ ရာသီရုပ်မှာ ကင်းမလက်မဲ၊ ရာသီပန်းက ခဝဲပွင့်နှင့် ပွဲတော်က ကထိန်ပွဲတော် ဖြစ်သည်။

မချမ်းလွန်း၊ မအေးလွန်းသေးသည့် ဆောင်းဦးကာလဖြစ်၍ အပူရှိန်သျှော့ပါးသည်ဟု ပြောလို့ရပြီး နေလို့ထိုင်လို့ ကောင်းမွန်သည်။ အထူးသဖြင့် ခရီးသွားလို့ကောင်းသည်ဟုလည်း ပြောရမည် ဖြစ်သည်။ မြို့ရွာနယ်ပယ်စုံဒေသတို့တွင်လည်း ထိုလရာသီအချိန်တွင် ကထိန်အလှူပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ တိုင်းရင်းသားတို့၏ ဌာနေများတွင်ပါ အရပ်ဒေသအလိုက် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ပူးတွဲကျင်းပကြသည်။ အဘိုးအဘွားတို့က တန်ဆောင်တိုင်ပွဲသည် ဒေဝတာရာများကို ပူဇော်ပသသည့် ပွဲတော်ဖြစ်သည်ဟုလည်း ပြောဖူးကြသည်။

ရန်ကုန်မြို့တွင် တန်ဆောင်တိုင်မီးထွန်းပွဲကို စည်ကားသိုက်မြိုက်ကြက်ပျံမကျ ကျင်းပသည့်နေရာအပိုင်များက လမ်းမတော်၊ လသာ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းတို့တွင် ဖြစ်သည်။

မမေ့နိုင်သောတစ်နှစ်၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်က ရန်ကုန်တွင်ဆင်နွှဲရသည်တော့မဟုတ်ပါ။ ဝေးလံသည့်အရပ်ဒေသ တစ်ခါမှ စိတ်မကူးခဲ့ဖူးသောနေရာတွင် ဖြစ်သည်။ ထိုကဲ့သို့ဖြစ်လာရသည်က–

"ဟဲ့ ... အထွန်း၊ ငါ .. ဒီနှစ်တန်ဆောင်တိုင်မှာ နင်တို့နဲ့ မလည်ရတော့ဘူး ..."

"ဟင် ... ဘာ .. ဘာဖြစ်လို့လဲ၊ ခင်အုန်းမရယ် ..."

ကျွန်တော့်အခေါ် ခင်အုန်းမ၊ သူ့အမည်ရင်းက ခင်အုန်းမြင့်ဖြစ်သည်။ မြူနီစပါယ်ကျောင်းတွင် စတုတ္ထတန်းတွင် အတူကျောင်းတက်ခဲ့သော ငယ်သူငယ်ချင်း။ အဲဒီကမှ ဘွဲ့ရကြသည်အထိ တက္ကသိုလ်မှာ အတူသွားအတူပြန်အတွဲမပျက် သံယောဇဉ်တွေက ချည်နှောင်တိုးခဲ့ကြသည်။ ၁၉၀၀ ဟူသောဂဏန်းသင်္ချာအရေအတွက်များပြားပြီးသောကယုက်ဝန်းသည့် ချစ်ခြင်းနှင့်ရလိုမှုလောဘဖက်မောဟစွက်သည့်အချစ်မျိုး မဟုတ်ပါဘဲ ၅၂၈ သွယ်ဟုသင်္ချာဂဏန်းအရေအတွက် နည်းပါးသော်လည်း ဖြူစင်သန့်ရှင်း၍ ချည်နှောင်နိုင်မြဲခြင်းရှိသည့် တအူတုန်ဆင်းမောင်နှမအရင်းလို ချစ်ခြင်းမျိုးနှင့်ဖြစ်သည်။

"ဟဲ့ ... အထွန်းရဲ့၊ ဘာမှဖြစ်လို့မဟုတ်ပါဘူး၊ တို့သားအမိက ကလောကိုပြန်ဖို့ ..."

"ဟာ ... အဲ .. အဲဒါ ဖြစ်တာပေါ့ဟ၊ နင်ကလည်း နေပါဦး ...၊ နင်တို့က အပြီးပြန်မှာလား ..."

"အေး ... အပြီးပြန်မှာလေ"

"ဟုတ်တယ် .. အမေ့ရုံးက နယ်ပြောင်းမိန့်မှာ ... ကလောကိုကျလို့"

"ဟင် ..."

ခင်အုန်းမရဲ့အမေက ပြန်/ဆက်ဦးစီးဌာနတွင် ဒု-ဦးစီးမှူး ဖြစ်သည်။ ခင်အုန်းမနှင့် သူ့အမေ ဒေါ်မြမေစိန်တို့က ကလောမြို့ဇာတိများ ဖြစ်သည်။

ဒေါ်မြမေစိန်က ခင်အုန်းမ၏အဖေကွယ်လွန်ပြီးသည့်နောက်တွင် သမီးဖြစ်သူ ခင်အုန်းမြင့်(ခင်အုန်းမ)နှင့် နှစ်ယောက်၏ ဘဝရှေ့ရေးအတွက် ဌာနဆိုင်ရာတွင် ဝင်ရောက်အလုပ်လုပ်ခြင်းဖြစ်သည်။ ခင်အုန်းမြင့်၏ ဖခင်၊ ဒေါ်မြမေစိန်၏ ခင်ပွန်းကိုယ်တိုင်ကလည်း ဌာနတစ်ခုမှ ဝန်ထမ်းဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းဘဝက ဌာန၏အလုပ်ရှိရာ(ဌာနခွဲ)ကို တာဝန်ချလျှင်သွားရောက်၍ တာဝန်ထမ်းဆောင်ရမည်ပင် ဖြစ်သည်။ ဒါကြောင့်လည်း ပြည်နယ်တောင်တန်း အရပ်ဒေသများမှ တိုင်းရင်းသားညီနောင် မောင်နှမတို့နှင့် အဆက်အစပ်မပြတ် ကူးလူးဆက်ဆံရင်းနှီးနေကြရခြင်း ဖြစ်သည်။

ခင်အုန်းမက မိခင်နှင့်ရင်အုပ်မကွာနေရသူဖြစ်ခြင်းကြောင့် ဌာန၏တာဝန်နှင့် ရန်ကုန်ကို ရောက်လာ၍ကျွန်တော်နှင့် တွေ့ကြုံခင်မင်ရင်းနှီးခဲ့ရသည်။ ယခုရာထူးတစ်ဆင့်တိုးနှင့် မွေးရပ်မြေကို ပြန်လည်တာဝန်ထမ်းဆောင်ရသဖြင့် ကြည်မြွှင်ပြုံးစွာဖြင့် ဌာနတူဝန်ထမ်းများကိုလည်း နှုတ်ဆက်၍ရပ်ကွက်လမ်းထဲတွင်ပါလိုက်၍ နှုတ်ဆက်နေသည်။ ခင်အုန်းမကလည်း လမ်းထဲမှ သူငယ်ချင်းများဖြစ်သည့် မြင့်ကြိုင်(စိန်မြင့်ကြိုင်မင်္ဂလာဆိုင်း)၊ ခင်ထွေးရီ(ဒလခင်ထွေးရီ–အဆိုကျော်)၊ အောင်လွင်(ကျောင်းဆရာ)၊ တင်မင်း(ကွဲကိုင်)သန်းအေးတို့ တစ်လမ်းထဲနေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်နီးချင်းများက တစ်ပိုင်း၊ ကျောင်းနေဘက်များဖြစ်သည့် ကျွန်တော်အပါအဝင် ခင်မိုးရီ၊ လေးလေးမြင့်၊ တင်ဦး၊ ညိုမောင်၊ အောင်သန်းတို့ကိုပါ နှုတ်ဆက်သည်။ အားလုံး စိတ်မကောင်းဖြစ်ကြသည်။

"အထွန်း ..နင့်ကို အမေက ညနေကျရင် အိမ်ကို ခဏလာခဲ့ဖို့ ပြောခိုင်းတယ် ..."

ခင်အုန်းမရော၊ သူ့အမေနှင့်ပါ ကျွန်တော်တို့မိသားစုအလိုက် ရင်းနှီးနေကြသည်။ အားလုံးကို နှုတ်ဆက်ရင်း ဒေါ်မြမေစိန်က ကျွန်တော်တို့အိမ်တွင် ရောက်ရှိနေပြီး ခင်အုန်းမက ကျွန်တော်နှင့်အတူ သူငယ်ချင်းများကို လိုက်၍ နှုတ်ဆက်နေသည်။

"အထွန်း ...၊ ငါပြောတာကြားတယ်မို့လား ...နင် ဘာဖြစ်နေတာလဲ ..."

ကျွန်တော့်ရဲ့ ငူငူငိုင်ငိုင်အနေအထားကိုကြည့်ပြီး ခင်အုန်းမက ပြောလိုက်ခြင်းဖြစ်သည်။

"အော် ...အေး ...အေးပါဟာ ..."

ရပ်ကွက်ထဲမှာပင် လမ်းအစေ့မဝင်နိုင်ဘဲ နီးစပ်ရာများကိုသာ နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ အပြန်တွင် ကျွန်တော်က ခင်အုန်းမကို အိမ်အထိလိုက်မပို့တော့ဘဲ သူ့ဟာသူ ပြန်ခိုင်းလိုက်သည်။

"ဟဲ့ ...ငွေထွန်း၊ မင်းကို မမြမေစိန်က ညနေကို သူ့အိမ်လာခဲ့ဖို့ ပြောခဲ့တယ် ..."

"ဟုတ်ကဲ့ ..အမေ ခင်အုန်းမကလည်း မှာခဲ့သေးတယ်"

"အေး ...အေး ...ပြီးရော"

အမေ့ကို နောက်ထပ် ဘာမှ မပြောတော့ဘဲ ရေမိုးချိုးလိုက်သည်။ ပြီးမှ ညစာစား၍ အမေ့ကို ခင်အုန်းမတို့အိမ်ဘက်ကိုခဏဟုဆိုကာ ထွက်လာခဲ့သည်။

"သား ...အထွန်း၊ လာ ..လာ ထမင်းစားခဲ့လား၊ မမခင်ကို ထမင်းစားအမီလွှတ်လိုက်ပါလို့ ပြောခဲ့တာ"

ကျွန်တော်က ထမင်းစားလာခဲ့ကြောင်းပြောရင်း အိမ်ပေါ်ကို လှမ်းတက်ပြီး ဒေါ်လေးမြမေစိန် (ကျွန်တော်အခေါ်)နားတွင် ဝင်ထိုင်လိုက်သည်။ ခင်အုန်းမက နောက်ဖေးမီးဖိုဘက်မှ တက်လာရင်း။

"ဟယ် ...အထွန်း၊ ခဏနော်၊ ငါ ...ထမင်းအိုးတွေ ပြန်နွှေးနေတာပြီးရင် ...ထမင်းစားမယ်"

"စားမှာမဟုတ်တော့ဘူး ...သမီးရေ ...၊ အိမ်က စားလာခဲ့ပြီတဲ့ ..."

"ဟင် ...နင်ကလေ ..ငါ မပြောချင်ဘူး .."

ကျွန်တော်က ခင်အုန်းမကို ဘာမှ ပြန်မပြောမိပေ။ ခင်အုန်းမကသာ ကျွန်တော့်မျက်နှာပြင်၏ အဖြစ်အပျက်ကို စိတ်တွက်တွက်နေသည်။ ခဏနေပြီးမှ မီးဖိုခန်းထဲကို ဝင်သွားသည်။ ဒေါ်လေးမြမေစိန်(ဒေါ်မြမေစိန်)က–

"အထွန်း ..သား ..ဒေါ်လေးအခုပြောမှာ သားရဲ့အိမ်မှာလည်း ပြောပြီးပြီ ..တခြားမဟုတ်ပါဘူး၊ ဒေါ်လေးတို့သားအမိကို ကလောထိအောင် လိုက်ပို့ပေးဖို့ ပြောမလို့ပါ"

"ဗျာ ...ဟို ...ဒေါ်လေး ..အိမ်မှာပြောခဲ့တော့ ..."

"အေး ..သားအမေရော ..အားလုံးက သဘောတူပါတယ်၊ အခု ဒေါ်လေးက ထပ်ပြောတာပါ .."

"ဟုတ် ..ဟုတ်ကဲ့ပါ၊ ဟို ..ကျွန်တော် ..ရုံးမှာ မနက်ကို ခွင့်တင်လိုက်ပါ့မယ် ..."

"အေးပါကွယ် ..သာဓု ..သာဓု ...သာဓုပါ"

"ဟေး ..အဲဒါမှ ငါ့သူငယ်ချင်း"

မီးဖိုခန်းအပေါက်ဝ၏ အကွယ်မှ နားထောင်နေသော ခင်အုန်းမက ကျွန်တော်နှင့် ဒေါ်လေးမြမေစိန်တို့ ပြောစကားဆုံးသည်တွင် ဝမ်းသာအားရထွက်လာသည်။

+ + +

တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေသော ရထားကြီးက လူတို့သွားချင်သောခရီးကို ရောက်တော့မည်ဟု ပြောလာသလို တစ်လမ်းလုံး အသံပေးလာသည်။ ဒေါ်လေးမြမေစိန်က ရထားကြီးဘူတာ တစ်ဘူတာရပ်ပြီး ပြန်ထွက်သည့်အချိန်မှ ခုံကို နောက်ကြောမှီ၍ လက်ထဲမှ စိပ်ပုတီးကို စိပ်ရင်း မျက်လုံးမှိတ်လိုက်သည်။

"ဟဲ့ ...အထွန်း၊ တို့ ကလောမှာ ...နောက် နှစ်ရက် သုံးရက်ဆိုရင် တန်ဆောင်တိုင်မီးထွန်းပွဲပဲဟ ...သိလား ..."

"ငါ မသိဘူးလေဟာ ...၊ တို့ ရန်ကုန်မှာလည်း တန်ဆောင်တိုင်ပွဲက စည်ပါတယ်နော် ..."

"ဟင် ...ဘာလဲ၊ ရန်ကုန်က နင့်ရည်းစားနဲ့ မီးထွန်းပွဲမလည်ရဘဲ ငါတို့သားအမိကို လိုက်ပို့ရလို့ စကားကို အငေါ်တူးပြောနေတာလား ..."

ခင်အုန်းမက ပြုံး၍ မျက်စောင်းထိုးပြီး ခါတ်ဘူးထဲမှ ရေနွေးကြမ်းကို ဖန်ခွက်ထဲထည့်၍ လှမ်းပေးရင်း။

"ငါတို့ ...ကလောတန်ဆောင်တိုင်မီးထွန်းပွဲနဲ့မှမတူအောင် ထူးခြားတယ် ..ဟ"

"အေးပါ ...၊ ပြောလည်းပြောပြ၊ အဲဒီ ...နင်ပြောတဲ့ မီးတိုင်ဆော့ ..အဲ ..အဲ ...မီးဆော့တိုင်ကို ရော ..မချောချောလေးတွေ ...ခနော့ ..ပလောင်မလှလှလေးတွေရော ...လာလား ..."

www.burmeseclassic.com

www.burmeseclassic.com





"ဟဲ့ ‥ ကလောရဲ့ဘေးဝန်းကျင်က ရှိသမျှရွာတွေ နေရာတွေက လူကြီးလူငယ်တွေ … အကုန်လာတယ် ‥"

"အဟဲ ‥ အဲဒါဆိုရင် ‥ အဲဒီထဲက ချောချောလှလှဖြူဖြူလေးတစ်ယောက်ကို ‥ နင် … ငါ့အတွက် ယောင်းမတော်လိုက်ပါ ‥ ဟာ …"

"အဟတ် … အဟား ‥ နင့်လို အသားမည်းမည်းကြီးကို …"

ကျွန်တော့်ရဲ့ မဲ့ပြုံးပြုံးဖြစ်သွားသောမျက်နှာကိုကြည့်၍ ခင်အုန်းမက အသံထွက်အောင် ရယ်လိုက်သည်။

ရန်ကုန်မြို့ပတ်ရထားမဟုတ်သဖြင့် သမ်းကြောရှည်တစ်ချောက် ဂျုံး ကျုံ ဂျုံး ဂျုံးဆိုသော အသံနှင့် နီးလိုက်ဝေး၍ကျန်ခဲ့သည့် မြင်ကွင်းများနှင့် ခင်အုန်းမပြောပြသော ကလောတန်ဆောင်တိုင်အကြောင်းမှာ။

"ငါတို့ ကလောတန်ဆောင်တိုင်ပွဲက ‥ ထူးခြားတဲ့ လူငယ်ပွဲ …၊ ပွဲတော်ရက် မရောက်ခင် ဆယ့်ငါးရက်အရက်နှစ်ဆယ်လောက်ကပဲ … ကိုယ့်ရပ်ကွက်နဲ့ ကိုယ့်ငွေကြေးစုကြပြီး သူငယ်ချင်း ယောကျ်ားလေးတွေ စုပြီး သည့်တဲ့ ပိုက်ဆံကို ယောကျ်ားအစုပေါ့၊ ပြီးတော့ မိန်းကလေးတွေကလည်း အချင်းချင်း ငွေစုကြ ကောက်ကြတယ်လေ ‥"

"အဲဒီ … စုကြတဲ့ငွေက ဘာလုပ်ကြတာလဲ"

"ယောကျ်ားလေးတွေက စုလို့ရတဲ့ငွေနဲ့ ဝါးဖိုးဝါးကြီးကြီးနှစ်လုံး၊ အချင်းအသေးလေးတွေရယ် …သွပ်နန်းကြိုးခွေ၊ မီးရှူးမီးပန်းတွေ ဝယ်ကြတယ်၊ ထင်းရှူးသားလည်း ခုတ်ယူပြီး ချကြတယ်"

ခင်အုန်းမပြောပြသည်က ဝါးဘိုးအိုး မီးရှူးမီးပန်းနှင့် မီးဆော့တိုင်အကြောင်း အာရုံပြုလိုက်သဖြင့် ပတ်ဝန်းကျင်၏နီးလိုက်ဝေးကျန်ခဲ့သော မြင်ပအလှများကို တခဏ မေ့သွားရမိသည်။

"အဲဒီ … မီးဆော့တိုင်ရဲ့အရှည်က ပေနှစ်ဆယ်ကျော်နဲ့ ပေသုံးဆယ်ကျော်ရှိတယ် …၊ ဝါးဘိုးဝါးကို အချင်ဝါးလေးတွေနဲ့ ဟိုဘက် အဖျားတစ်ယောက် …၊ ဒီဘက်အဖျားက တစ်ယောက် ထမ်းလို့ရအောင် ချည်ရတယ်၊ သုံးပေလောက်ခွာပြီး ဆယ်ချောင်းလောက်ချည်ရတယ်၊ မီးဆော့တိုင်ကို မြေကြီးထဲစိုက်ဖို့ နှစ်တောင်ကျော်ကျော် ချန်ထားတယ်၊ မီးဆော့တိုင်မှာ ထင်းရှူးသားအချောင်းလေးတွေကို ကြည့်လို့ရအောင် ချည်ရတယ်၊ အဲဒီ ထင်းရှူးချောင်းလေးတွေမှာ မီးရှူးမီးပန်းတွေဆင်တာပေါ့ …၊ တစ်ရပ်ကွက်ကို

ကျွန်တော့်အတွက်
တစ်သက်မမေ့နိုင်စရာဖြစ်သလို၊
ထိုတစ်ကြိမ်ထဲပဲ
ကြုံရမည်ဟု မထင်ခဲ့ပါ။
ဒါပေမဲ့ ကလော၏
တန်ဆောင်တိုင်နှင့်
မီးဆော့တိုင်ပြိုင်ပွဲကိုလည်း
တစ်ကြိမ်တစ်ခါနှင့်
ငယ်သူငယ်ချင်းမောင်နမလို
နလုံးသားအပြုံနှင့်
ချစ်ရသူကိုလည်း
…

www.burmeseclassic.com

www.burmeseclassic.com



မီးဆော့တိုင်တစ်တိုင်က နှစ်တိုင်အထိ လုပ်ကြတယ် ...''

''အင်း ...''

''မီးဆော့တိုင်နှစ်တိုင်လုပ်ရင် တစ်တိုင်က ... အဖိတ်နေ့ညမှာ အထင်ကရဘုန်းတော်ကြီးကျောင်းဝင်းထဲမှာ မီးထွန်းပြီး အလှူပြိုင်ကြတယ် ..၊ ပြိုင်လို့ အလှဆုံးအရွေးခံရရင် ဆုရတာပေါ့ဟာ ..''

ခင်အုန်းမပြောပြသည်ကို စိတ်ဝင်တစားနားထောင်ပြီး အံ့ဩမိသည်။ ကလောကိုပင် ချက်ချင်းရောက်ချင်သွားမိသည်။

''မီးဆော့တိုင်က .. တစ်တိုင်စီ အပြိုင်ထွန်းပြီး ... နှစ်တိုင်လုပ်တဲ့လူတွေက ကျန်တဲ့တိုင်ကို ဘာလုပ်လဲ''

''အေး ... ကျန်တဲ့တစ်တိုင်ကို ကုန်းမြင့်ပေါ်မှာ လပြည့်နေ့ညကြတော့ တစ်ခါပြိုင်ထွန်းကြတာပဲပေါ့ ...''

စကားပြောရင်း စားရင်းသောက်ရင်းနှင့် ရထားကြီးရဲ့ ပို့ဆောင်ပေးမှုကြောင့် ကလောမြို့ကို ကျွန်တော်ရောက်ခဲ့သည်။ ရထားဘူတာတွင် လာကြိုသူများ၊ လိုက်ပို့သူများ၊ သွားကြမည့်သူများနှင့် ရောက်လာသူများနှင့်ပါ စည်ကားနေသည်။ ခေါ်ကြပြောကြသည့် အသံဝဲဝဲကလေးများ၊ အားပါးတရ ရယ်မောနှုတ်ဆက်သံများနှင့် တခဏ ဆူဆူညံညံအသံများ။

''ဟဲ့ .. သမီး၊ ဟိုမှာ .. ဟိုမှာ ဖအို .. အထွန်း .. သား .. ဒီဘက်ရွှေးရွှေး ... ဟိုမှာလာကြိုနေတယ်''

အသက်ကြီးကြီး လူကြီးတစ်ယောက်နှင့် ကျွန်တော်တို့နှင့်ရွယ်တူ မိန်းကလေးနှစ်ယောက်တို့က အနားကို ရောက်လာပြီး–


''အေးပ .. ဖိုးဒီက အလုပ်ကဲပြီး ကျန်ခဲ့ပ ..၊ ယူစရာတွေ ပေးပ ...''

''ဖအို ... ဒီကို အလုပ်မကဲပါနဲ့လေး၊ အသက်လဲကြီးပ .. ဖအိုရယ်''

ဒေါ်လေးမြမေစိန်က လာကြိုသော လူကြီး၏လက်ကိုကိုင်ပြီး မိန်းကလေးနှစ်ယောက်ကိုလည်း ပခုံးပုတ်ပြီး ခင်အုန်းမနှင့် အထုပ်အပိုးကို ကိုင်လိုက်သည်။

''သား ... အထွန်း၊ ဒါက ဒေါ်လေးရဲ့ဦးကြီးပဲ၊ ဒီမှာတော့ ဖအိုလို့ပဲခေါ်တယ် ...၊ ဦးလော်အာတဲ့ ...''

''ဟုတ်ကဲ့ ...''



ခင်အုန်းမနှင့် ပစ္စည်းများ စုကိုင်နေသော မိန်းကလေးနှစ်ယောက်က ကျွန်တော့်ရဲ့အနေအထားကို ခင်အုန်းမနှင့် ချိန်တွယ်အကြည့်ဖြင့် ကြည့်လိုက်သည်။ နောင်အခါမှသိရသည်မှာ ထိုမိန်းကလေးနှစ်ယောက်သည် အခါလူမျိုးဟု ခင်အုန်းမက ပြောခြင်းဖြစ်သည်။ ဝင်းတစ်ခြံ၏အိမ်ကြီးရှေ့ကို ရောက်လာသူ ကလေးငယ်များ၊ အမျိုးသမီး(အဘွား)ကြီးများထွက်လာကြ၊ ဖအို(အဘိုးကြီး)များက တောင်ယာ(စိုက်ခင်း)ထဲကို သွားနေကြသည်ဟု ခင်အုန်းမကို အခါမိန်းကလေးနှစ်ယောက်က ပြောပြနေသည်။ ကျွန်တော့်ကိုလည်း မကြာမကြာ ကြည့်၍ သူတို့နှစ်ယောက် ခေါင်းချင်းဆိုင်၍ ပြောကြသည်။ နားမလည်၍ ဘာတွေပြောနေမှန်းမသိပါ။

''သား .. အထွန်း .. သူတို့ဟာသူတို့ ပြောတာပါ ..''

''ဟုတ်ကဲ့ပါ ... ဒေါ်လေး''

+++

ရထားစီးလာရသမျှ ညောင်းညာနေမှုကို ကျောဆန့်၍ အနားယူလိုက်သည်။ တော်တော်ကြာမှ ခင်အုန်းမက ထမင်းစားရန် လာခေါ်သည်။ အိမ်ကြီးက သစ်ကောင်းများနှင့် ခိုင်ခန့်စွာတည်ဆောက်ထားပြီး အိပ်ခန်းများ ဖွဲ့မထားပါ။ ခေါင်းရင်းဘုရားခန်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



အကျယ်ကြီးပင်ဖြစ်သည်။ ထမင်းစားသောက်ပြီး အဖန်ရည်(အကြမ်း)ဝိုင်းတွင်ထိုင်ကြပြီး ကြက်သွန်ဖြူထောင်းကြော်၊ လက်ဖက်စိမ်၊ မက်မန်းသီး၊ နေကြာစေ့လှော်များနှင့် ငြိမ့်ခံ၍စားကြသောက်ကြသည်။

"ဟဲ့ . . အထွန်း၊ နင့်ကို ထူးဆန်းနေကြတယ်"

"ငါ သိပါတယ်၊ ပြောတဲ့စကားကို နားမလည်ပေမဲ့ . . . အမူအရာတွေက ငါ့အကြောင်းပြောနေမှန်း သိသာတယ်"

"မနက်ဖြန်တစ်ရက်နားပြီး တန်ဆောင်မုန်းအဖိတ်နေ့ပဲ . .၊ ရထားပေါ်မှာပြောတဲ့ မီးဆော့တိုင်ပြိုင်ပွဲကြည့်ရမယ် . . ."

"အေး . . . ငါလည်း နင်ပြောထဲက စိတ်ဝင်စားပြီး ကြည့်ချင်နေတာ"

"တို့သွားကြည့်ရင် လူများမယ်၊ အခါကောင်မလေးတွေကလည်း ဒီပွဲကိုလာတာ . ."

အားလုံးက မြန်မာလိုပြောကြသည်ကများ စကားအဆုံးသတ်တို့ပဲ အနည်းငယ် ကွာခြားသည်၊ ကျွန်တော့်ကိုလည်း ခင်မင်ကြပြီး နောင်ကိုလည်း လာလည်ရန် ပြောကြသည်။ ဦးလော်အာက ကလောမြို့၏ တချို့ရွာများတွင်

ကျောင်းဆရာ နည်းပါးကြောင်းပြောပြီး ကျောင်းဆရာလုပ်ပါလား၊ ခင်အုန်းမကို ကျောင်းဆရာမလုပ်နိုင်းမည်ဖြစ်ကြောင်းတို့ကို ပြောပြသည်။ ယနေ့က တန်ဆောင်မုန်းလ အဖိတ်နေ့၊ နံနက်ပိုင်းကပင် လူငယ်လူရွယ်၊ ယောကျ်ားလေး၊ မိန်းကလေးများ စုစုဝေးဝေးနှင့် အသံများစည်နေသည်။

"ဟဲ့ . . . အထွန်း၊ ခပ်စောစော သွားမယ်၊ ဘုန်းကြီးကျောင်းလည်း လိုက်ပို့ဦးမယ် . . ."

"အေးပါ . . . ငါတောင် ကြည့်ရင်း ပျော်နေမိတယ်"

"ဒီမှာနေပါလား ဟ . . အခါ တစ်ယောက်ပြောပေးမယ်လေ . . ."

"နေ . . နေ . . ပါဟာ . . . ဒီက အလုပ်တွေ ငါမလုပ်နိုင်ဘူးဟ . . ."

အဘဦးလော်အာက မီးဆော့တိုင်ပြိုင်ပွဲတွင် ဆုပေးဒိုင်ပါသဖြင့် လူငယ်တစ်စုက လာခေါ်သွားသည်။ ကျွန်တော်နှင့် ခင်အုန်းမေ၊ အခါမလေးနှစ်ယောက်တို့က ဒေါ်လေးမြမေစိန် ဦးဆောင်ပြီး ခေါ်ရာကို လိုက်ပါလာခဲ့သည်။ ဘုန်းကြီးကျောင်းဝင်းက ကျယ်ပြန့်ပြီး သစ်ပင်မျိုးစုံနှင့် သာယာစိုပြေလှသည်။ ကျောင်း၏တစ်ဖက်တွင် ကွက်လပ်ကြီး။ ထိုကွက်လပ်တွင် မီး

ဆော့တိုင်ပြိုင်ကြမည်ဟု သိလိုက်ရသည်။ အဘဦးလော်အာက လူကြီးများနှင့်ထိုင်နေပြီး ဆရာတော်က ကုလားထိုင်ပေါ်တွင် သီတင်းသုံး၍ ဘုရားရှိခိုးကြပြီး ဆရာတော်ကိုပါ ဦးတိုက်လိုက်ကြသည်။

ဆရာတော်နှင့် ဒေါ်လေးမြမေစိန်က စကားပြော၍ ခင်အုန်းမကိုပါ ခေါ်ပြီး မေးစမ်းသည်။ ခဏနေပြီး ကျောင်းပေါ်မှဆင်း၍ မီးဆော့တိုင်ထူမည့်နေရာကို သွားကြရာ ဒေါ်လေးမြမေစိန်က ကျောင်းပေါ်တွင်နေခဲ့ပြီး ကျွန်တော်တို့လေးယောက်ပဲလာခဲ့ကြသည်။

"အထွန်း . . . ခဏနေရင် ပွဲစတော့မယ်"

"အေး . . . ဟိုက အိုးစည်ဝိုင်းတွေ . . . ဒိုးပတ်ဝိုင်းတွေက များလှချေလား"

"သူတို့က ပြိုင်ပွဲအတွက် တီးပေးကြမှာ . . ."

ရပ်ကွက်ထဲမှ အပျိုလူပျိုများက သစ်သစ်လွင်လွင် လှပစွာဝတ်ဆင်၍ ရောက်လာကြသည်။ မိန်းကလေးများ တန်းစီလိုက်ကြသည်။ အိုးစည်၊ ဒိုးပတ်ဝိုင်းများ အတီးအမှုတ်ရပ်လိုက်ကြသည်။ ယောကျ်ားလေးများက မီးဆော့တိုင်နားတွင် နေရာယူတန်းစီ၍ မီးဆော့တိုင်ကိုထမ်းယူရန် အသင့်ပြင်ထားကြသည်။ တစ်ယောက်က အသံကျယ်နှင့်အော်လိုက်သည်။

"ဘအိုကြီးလှ . . ရေ အားလုံးစုံပြီ"

"အေး . . . အေး . . မိန်းကလေးတွေက ရှေ့ကထွက်ကြ၊ နောက်က မီးဆော့တိုင်နဲ့ အတီးအမှုတ်အဖွဲ့တွေ လိုက်ကြပေါ့ . . ."

တီးသံမှုတ်သံကသာမြည်ဟိန်း၍ မိန်းကလေးများကလည်း အိမြှေးရှ လျှောက်လှမ်းကြပြီး နောက်မှ မီးဆော့

**အခါမလေးပြောလိုက်နှင့်**
**မီးဆော့တိုင်ပြိုင်ပွဲ စတင်ကြောင်းကို ကြေညာလိုက်သည်။**
**တောင်ကုန်းလေးပေါ်တွင် ကခုန်သူများ၊ အော်ဟစ်သံများ**
**မီးရှူးမီးပန်းရောင်စုံများနှင့် ဝန်းကျင်တစ်ခုလုံးလှပနေလေသည်။**
**အတော်ပင်ညဉ့်နက်၍**
**အခါမလေးတို့က . . .**

www.burmeseclassic.com

www.burmeseclassic.com



တိုင်ထမ်းကြသူများနှင့် ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းများက အစုအဖွဲ့နှင့် လိုက်ကြသည်။ ရှမ်းအိုးစည်အက၊ ဓားသိုင်းအကများ၊ လက်သိုင်းအလှအကများနှင့် ပျော်ရွှင်စရာစည်ကားစွာ လှည့်ပြီး ကလောဈေးကြီးကို ပတ်မည်ဟု သိလိုက်ရသည်။ ကျွန်တော်တို့က နောက်မှ လိုက်ကြည့်ကြသည်။ ဘေးမှလျှောက်လာသူများက–

"ဈေးကိုပတ်ပြီးရင် ..မီးစံတော့မှာ ..."

"အေး ...တောင်အောက်ကို ဆင်းကြပြီ ..လာ ...လာကြကွ"

အမှောင်သန်းလာ၍ မိန်းကလေးများက ဖယောင်းတိုင်ထွန်းညှိသူနှင့် ရောင်စုံမီးပုံးလေးများကိုလည်း ထွန်းလိုက်ကြသည်။ မီးရောင်များ လင်းလက်သွားသည်။ အပြုံးမျက်နှာလှလှလေးများက မီးရောင်စုံများနှင့် ပနာရလှသည်။ ကျွန်တော်က မီးစံသည်ဆိုခြင်းကိုသိချင်၍ ခင်အုန်းမကိုမေးရာ သူက တစ်ဖန် အခါမလေးနှစ်ယောက်ကို မေးကြည့်နေသည်။

"ဟိုမှာလေ ...မီးတွေစံကုန်ပြီကော ..."

အခါမလေးပြောလိုက်နှင့် မီးဆော့တိုင်ပြိုင်ပွဲ စတင်ကြောင်းကို ကြေညာလိုက်သည်။ တောင်ကုန်းလေးပေါ်တွင် ကခုန်သူများ၊ အော်ဟစ်သံများ၊ မီးရှူးမီးပန်းရောင်စုံများနှင့် ဝန်းကျင်တစ်ခုလုံးလှပနေလေသည်။ အတော်ပင် ညဥ့်နက်၍ အခါမလေးတို့က ပြန်ချင်သည်ဟုပြောသဖြင့် ကျွန်တော်လည်း ခြေညောင်း၊ ဖက်တောင့်နေပြီဖြစ်၍ ခင်အုန်းမကိုပြောရာ ဘုန်းကြီးကျောင်းကို ပြန်လာကြပြီး ဆရာတော်နှင့် လူကြီးတွေနှင့်ပါ စကားပြောနေသော ဒေါ်လေးမြမေစိန်ကိုခေါ်ပြီး ပြန်လာခဲ့ကြသည်။

ကလောတန်ဆောင်တိုင်ပွဲနှင့် မီးဆော့တိုင်ပြိုင်ပွဲကို ကျွန်တော့်အတွက် တစ်သက်မမေ့နိုင်စရာဖြစ်သလို၊ ထိုတစ်ကြိမ်ထဲပဲ ကြုံရမည်ဟု မထင်ခဲ့ပါ။ ဒါပေမဲ့ ကလော၏ တန်ဆောင်တိုင်နှင့် မီးဆော့တိုင်ပြိုင်ပွဲကိုလည်း တစ်ကြိမ်တစ်ခါနှင့် ငယ်သူငယ်ချင်းမောင်နှမလို နှလုံးသားအဖြူနှင့် ချစ်ရသူကိုလည်း ထာဝရခွဲခွာခဲ့ရသည်။ အပြန်လမ်းတွင် ရထားစီးခရီးသည်တစ်ဦး၏ ရေဒီယိုလား၊ ကက်ဆက်ကလားပင်မသိပါ။ ဖွင့်လိုက်သောသီချင်းက "ကလောအလွန် တစ်ဘူတာ"ဆိုသည့် သီချင်းဖြစ်သည်။ ထိုသီချင်းကို ရေးဖွဲ့သူက တက္ကသိုလ်တင်ထွဋ်ဖြစ်ပြီး သီဆိုသူက မောင်ကြည်တိုးဖြစ်သည်။ ကျွန်တော် က ကလောမလွန်ဘဲ ကလောမြို့ကပင် ငယ်ကျွမ်းကို လွမ်းရစ်ခွဲခွာ ထားခဲ့ရသည်။

"မောငမြေ ××× မောငမြေ ×××ကလော အခြေအရောက်သွားလို့ တစ်ခေါက်နားစို့ ကိုယ့်မှာခရီးသည် တရွေ့ရွေ့ရစ်ကာ ××× တတွေးတွေးသစ်လာ ×× ချစ်စရာရထားလေးနဲ့ ခင်မင်စရာကွယ် ...ဟိုတစ်ကွေ့ ဒီတစ်ကွေ့မမေ့နိုင်စရာရယ် ××× ဖူးငုံသစ်စ ×× ချယ်ရီတွေနဲ့ရယ် ×× တောင်တန်းကလေးတွေစီသွယ် ×× မှောင်လမ်းကလေးတွေဆီမယ် ××× သပြေညောင်တစ်ထောက်နားမှ ××× ရွှေညောင်အရောက်သွားမယ် ...သွားမယ် ...ခရီးသည် ××× ခရီးသည် ×××"

သီချင်းကို နားထောင်ရင်း လွမ်းမောခဲ့ရပြီး ဘဝ၏ခရီးသည်အဖြစ် တစ်ခေါက်သာရောက်ခဲ့သည့် ကလောနှင့် ငယ်ပေါင်းကို အစဥ်အမြဲသတိရနေမိပါတော့သည်။

စိုးယဉ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



# မောင်သင်းထုံ (ကျောက်မဲ)

## ကြယ်ပေါ်တွေကိုချစ်မို့
## ကောင်းကင်ကြီးကို ပိုင်စရာမလိုပါ



ပန်းချီ မင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ရွာမှာ ခင်မြက ယဉ်မေ့ကို မီးဖွားပေးမှာဆိုတော့ လွန်းဖေက သဘောမတူချင်ဘူး။ ယဉ်မေဆိုတာက လွန်းဖေရဲ့နှမအရင်းပါ။ ဒီတော့ တစ်ခုခုဖြစ်မှာစိုးတယ်။ ကလေးမီးဖွားတုန်း လူကြီးဖြစ်ဖြစ်၊ ကလေးဖြစ်ဖြစ် တစ်ခုခုသာဖြစ်ကြည့်ပါလား။ အဲဒါတစ်သက်လုံးကို ပြောလို့ပြီးကြမှာ မဟုတ်တော့ဘူး။ နဂိုကမှ လွန်းဖေနှင့် ခင်မြကို သူ့အမျိုးတွေက သဘောမတူရတဲ့အထဲ ဖြစ်ကြည့်ပါလား။ အဲဒါ လွန်းဖေနဲ့ ခင်မြအဖြစ်က ကိန္နရာချောင်းခြား ဝေးကြရမည့်ကိန်းပါ။

ခင်မြတို့ရွာက မြို့နယ်အစွန်က ပင်ထိန်ရွာကလေးပါ။ ပင်ထိန်ရွာရဲ့သဘာဝကိုက မြို့နဲ့ဝေးလှတယ်။ ရွာကနေ မြို့ဘက်အထွက်လမ်းက တောက်လျှောက် အတက်တွေချည်း တင်းကြမ်းပါ။ ကိုယ့်မြို့နယ်နဲ့စာရင် ဟိုဘက်မြို့နယ်ကမှ မြစ်ကိုဖြတ်လိုက်တာနဲ့ ရောက်နိုင်သေးရဲ့။ ဒါပေမဲ့ ခက်တာက ဒုဋ္ဌဝတီမြစ်ကြီးဆိုတာ တုပ်ဆီးတိုးနေတဲ့ခေါင်သူကြီးလိုပါပဲ။ ရှေ့ကနေ မားမားမတ်မတ်ကြီးနဲ့ ကာဆီးနေတာကဆိုးလှတယ်။

တခြားမြို့နယ်တွေတုန်းကတော့ မသိပါ။ ဒုဋ္ဌဝတီမြစ်ရေစီးက ညင်သာချင် ညင်သာမယ်။ မြစ်ပြင်ဖျက်ကျယ်ချင် ကျယ်မယ်။ ကူးရဖြတ်ရလွယ်ကောင်းလွယ်မှာဖြစ်ပေမဲ့လို့ ဒီရွာပင်ထိန်အနီးရောက်လာတော့ ဒုဋ္ဌဝတီမြစ်က ကျဉ်းလာတယ်။ ဘေးတစ်ဖက်တစ်ချက်တွေမှာ ကျောက်နံရံတွေချည်းရှိတာမို့ မြစ်ကြောင်းကကျဉ်းတော့ ရေစီးလား သန်တာပေါ့။ ဒါကြောင့်မို့ ဟိုဘက်မြို့နယ်က ရွာတွေနဲ့ ဒီဘက်မြို့နယ်ကရွာတွေဆိုတာ နီးလိုလျက်နဲ့ဝေးနေကြရတာပါ။ ဒီတော့ ပင်ထိန်ရွာလေးရဲ့အခြေအနေဟာ လမ်းပန်းဆက်သွယ်ရေးနဲ့ပတ်သက်လာရင် အခက်တွေ့ကြရတာချည်းပါပဲ။

"ငွေကြေးတတ်နိုင်လို့ ဟုတ်ပါဘူး၊ ရွာက ...အမျိုးသမီးတွေရဲ့အခက်အခဲကို ကူညီချင်လို့ပါ၊ တို့ရွာနဲ့အနီးတဝိုက်မှာဆိုရင် ...ဒီလိုပဲ မီးမဖွားနိုင်လို့ ပျက်စီးရတာတွေ ...၊ ကလေးအဖတ်မတင်တာတွေ ရှိကြတယ်လေ၊ အဲဒါကြောင့်မို့ ဒီသင်တန်းကို မဖြစ်မနေတက်နေတာပါ"

မြို့ပေါ်ကဆေးရုံမှာ အရန်သားဖွားဆရာမသင်တန်း တက်ကြတုန်းက ဟိုလိတ်က ခင်ဥရယ်၊ ဘော်လှိုင်ရှေးက ရွှေဆာရယ်၊ အင်းယားက အဲရွှေရယ်ကို ခင်မြက ပြောပြတော့ သူတို့တွေဆိုတာ စုတ်သတ် အံ့သြကြပါတယ်။ သူတို့ပြောချင်တာ ဒါလောက်ခေတ်မီ တိုးတက်နေတဲ့အချိန်မှာ ဒီအဖြစ်ဆိုးမျိုးတွေက တကယ်ကော ရှိသေးရဲ့လားလို့ မေးကြတယ်။

"ခင်မြတို့ရွာမှာ ... အရင်က ဆေးဝါးဆိုရင် ရွာကလက်ဖြစ်ဆေးတွေပဲ သုံးကြတာ၊ နေထိုင်မကောင်းရင် အဖိုးအဖွားတွေကို ပြမယ်၊ ကလေးနေမကောင်းရင် ရွာဦးဘုန်းကြီးကျောင်းက ဆရာတော်ဆီ သွားပြကြမယ်၊ အင်္ဂလိပ်ဆေးဝါးဘာညာတွေသုံးကြတာမှ မကြာသေးတာ ...၊ ရွာလယ်ခေါင်မှာ ကုန်စုံဆိုင်ဖွင့်တော့မှ ပါတာစီတမော၊ ဘိုင်အိုဂျက်စစ်တွေ တင်ရောင်းတာတွေ့ရတာ၊ ဒါပေမဲ့ ... ရွာကလူတွေက ရုတ်တရက် မသုံးရဲကြသေးပါဘူး၊ အဘိုးအဘွားတွေကတော့ ဒီအင်္ဂလိပ် ဆေးတွေထက် လျှာပွတ်ဆေး၊ စမုံနက်လျက်ဆား၊ အခိုးပွင့်ဆေးတွေသာ လက်ကိုင်ထားသုံးကြတယ်၊ ဒီလိုမျိုး ...ကလေးမီးဖွားတဲ့ အလုပ်ကြတော့ ပိုတောင်မှဆိုးသေးရဲ့၊ ရှေးရိုးစွဲတွေဆိုတော့ ဒီသားဖွားရတဲ့ ကိစ္စ ...မြို့ပေါ်သွားရမှာကို သေမလောက် ရှက်ကြ၊ ကြောက်ကြတာကလား ...၊ ဒီတော့ ...ရွာမှာရှိတဲ့ အရပ်လက်သယ်နဲ့ပဲ ပြီးကြတာများတယ်၊ သားဦးကလေးတို့၊ မီးဖွားရခက်တဲ့မိန်းမတို့ကြတော့ အုပ်စုသားဖွားဆရာမကိုပဲ ပင့်ကြရတယ်၊ ဒါတောင် မဖြစ်မနေ တကယ်ကို အခက်အခဲကြုံမှရယ်ပါ။

ပင်ထိန်ရွာက တစ်ဦးတည်းသော အရပ်လက်သည်ကြီးကတော့ ဒေါ်စိန်မှုန်ဖြစ်ပါတယ်။ ရွာမှာရှိတဲ့ကလေးအားလုံး ဒီအဒေါ်ကြီးနဲ့ မွေးခဲ့ကြတာချည်းပါ။ ဒေါ်စိန်မှုန်အသက်က ခြောက်ဆယ်ကျော်ရော့မယ်။ သူ့ကြည့်ရတာ ဒီအလုပ်လုပ်နေတယ်ဆိုပေမဲ့ စေတနာတွေ၊ ဝါသနာတွေကြောင့်ရယ်တော့ ဟုတ်ပါဘူး။ သူ့အမေကလည်း အရပ်လက်သည်လုပ်ခဲ့တော့ သူ့အမေဆုံးတဲ့အခါ သူက ဆက်ခံတာပါပဲ။ ပြီးတော့ ဒေါ်စိန်မှုန်မှာက တခြားသူတွေလို လယ်တွေ၊ ယာတွေဆိုတာကလည်း မရှိတော့ မီးဖွားတဲ့လူတွေပေးကြတဲ့ ပဲကလေး၊ ဆန်ကလေးနဲ့ ကန်တော့ကြတော့ ဒါလေးနဲ့စားနေရတာနဲ့ပဲ ရှိတဲ့အလုပ်ကို ဆက်လုပ်ပြီးနေတဲ့သဘော

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ နောက်တစ်ခုက အစောက ပြောသလိုပါပဲ။ အိမ်ထောင်ပြုတယ်၊ သားမွေးကြတယ်ဆိုတာ မရှောင်လွှဲနိုင်တဲ့ ဓမ္မတာတွေပေမဲ့ ကိုယ်တွေ့ကြုံလာတော့ အင်မတန်အရှက်အကြောက်ကြီးကြတာကလား။ ဒီတော့ တော်တော့်ဟာ ဒေါ်စိန်မှုန်နဲ့တင်ပြီးလိုက်ကြတာက များတယ်။ သိတဲ့အတိုင်းပဲလေ။ ဒေါ်စိန်မှုန်တို့တုန်းက စနစ်တကျသင်ခဲ့ရတာမှမရှိတာ။ ဒီတော့လား၊ ဖိတ်တာစင်တာတွေ ရှိနေတော့တာပေါ့။

ခင်မြသိတတ်တဲ့အရွယ် ရောက်မှတို ဒေါ်စိန်မှုန်ကြီးလက်ထဲမှာ ဆုံးရှုံးခဲ့ရတဲ့ မိခင်တွေ၊ ကလေးတွေ ရှိနေကြတာပဲ။ တချို့က မီးဖွားချိန်လွန်တာတို့ ဘာတို့ကျရင် တစ်သက်မဟုတ်ဘူး။ နှစ်သက်တောင် ဆုံးရှုံးရတော့ ရင်နာစရာကောင်းပြီလား ကလေးကောက်ရုံ၊ အချင်းဖြတ်ရုံသာတတ်တဲ့ ဒေါ်စိန်မှုန်အတွက်ကတော့ ခြေဖွားတာတို့၊ အချင်းလွှယ်သိုင်းတို့၊ ကလေးကန့်လန့်ဖြစ်နေတာတို့ကြတော့ ဘယ်ကလာ နားလည်နိုင်ပါ့မလဲ။ တစ်ခါ မီးဖွားပြီးမှ အချင်းကပ်နေတဲ့အခါ သွေးလွန်ပြီးမှ ကလေးရောမိခင်တွေပါ ရေတိမ်နစ်ခဲ့ကြရတာလည်း ရှိတာပဲ။

ငယ်ကတည်းက ခင်မြစိတ်က နူးညံ့ချင်တယ်။ ဒီလို မီးဖွားရတဲ့အလုပ်တွေမှာ မိန်းမကြီးတွေလုပ်နေကြတာကို ကူညီချင်တယ်။ မြင်ဖူးချင်လို့ သူတအဖြစ် ချောင်းကြည့်၊ ဝင်ကြည့်မိတော့ ဘာလို့မှန်းမသိပါဘူး။ မီးနေခန်းထဲက မိန်းမကြီးတွေက ဟဲ့ ကောင်မလေး မဝင်ရဘူးလေ သွားဆိုပြီး မောင်းထုတ်တာတောင် ခံခဲ့ရဖူးတယ်။

အသက်ရလို့ အပျိုဖြစ်လာပြန်တော့ တစ်ခါ ခင်မြကို ဒီလိုပဲ မီးနေခန်းတွေ ဘာတွေထဲဝင်ကြည့် ပြန်ရောပဲ။ မီးနေခန်းထဲ ဝင်ကြတဲ့သူတွေက အမယ်ကြီးအိုတွေ၊ အဘွားကြီးအိုတွေ၊ အိမ်ထောင်သည်မိန်းမကလေး ခုနစ်ယောက်၊ ရှစ်ယောက်အမေတွေပါ။ ဒီအထဲက ခင်မြက ဖွတ်ဝင်ပြီးကြည့်တော့ 'ဟဲ့ . . . အပျိုလေးတန်မဲ့ မဝင်ရဘူးဟဲ့၊ မပြုရဘူးဟဲ့'' နဲ့ ခါးခါးသီးသီးကို ငြင်းဆန်ကြတာပါ၊ ဘာဖြစ်လို့များ ခင်မြတို့လိုအပျိုတွေကို မီးနေခန်းထဲ မဝင်စေချင်ကြရတာလဲ၊ ခင်မြတော့ စဉ်းစားလို့ကို မရခဲ့ပါဘူး။

နောက်တော့ ခင်မြတစ်ယောက် ပြုံးမိတယ်။ အခုလို အရန်သားဖွားဆရာမသင်တန်း တက်ဖြစ်တော့မှပဲ မိန်းမကြီးတွေရဲ့ စိုးရိမ်ပူပန်မှု၊ သူတို့ရဲ့စေတနာ၊ နောက် အရှည်တွေးတတ်မှုတွေကို အခုမှပဲ နားလည်ကျေးဇူးတင်ရပါတော့တယ်။ ယောကျ်ားဖောင်စီး၊ မိန်းမမီးနေတဲ့။ ဆိုရိုးစကားရှိတယ်မှတ်လား။ မီးနေရတဲ့ သားဖွားမိခင်တွေရဲ့ ကာယိယဒုက္ခတွေကို မိန်းမပျိုလေးတွေကို ပေးပြီး မမြင်စေချင်၊ မတွေ့စေချင်ကြပါဘူး။ အော် . . အပျိုဘဝကတည်းက ဒီဒုက္ခတွေ တွေ့ပြီးကြောက်လို့ အိမ်ထောင်သားမွေးမလုပ်ပြန်ရင်လည်း မျိုးကန်းပြီးမှ အမြုံမလို့နှိမ်ကြမှာလည်း စိုးရပါသေးတယ်။ ရှေးရှေးကတည်းကိုက မိခင်တို့ဆိုတာ ကိုယ့်အသက်ကိုတောင်မှပဓာနမထား ကိုယ့်ရဲ့ရင်သွေးလေး လောကမြေပေါ်ခြေချခွင့်ရအောင် အသက်စွန့်ကာ မွေးဖွားပေးခဲ့ကြတဲ့ မိခင်တွေရဲ့ကျေးဇူးဟာ နှိုင်းလို့မရအောင်ကို ကြီးမားလှပါလား။ ဒါတွေကို ခင်မြ မြင်နေသိနေပါတယ်။ ခင်မြအလှည့်ကျရင် စိတ်ချပါ။ မိခင်ကောင်းတစ်ယောက် ဖြစ်စေရပါမည်။ ခင်မြရဲ့ ဟောဒီလက်ဟာ ပုခက်လွှဲနှသောလက်၊ သားကို ရင်မှာထွေးပွေ့သောလက်ပဲ ဖြစ်စေရပါ့မယ်။ လောကအကျိုးကို မသယ်ပိုးဘဲ ရှောင်လွှဲသွားမည့်လူတစ်ယောက်တော့ မဖြစ်စေရပါဘူး။

ရွာမှာတော့ ယဉ်မေ့အစ်ကို လွှမ်းဖေနဲ့ ခင်မြတို့က ငယ်ပေါင်းကျောင်းနေဖက်တွေဖြစ်ကြတဲ့အပြင် ချစ်သူတွေလည်း ဖြစ်ကြပါတယ်။ ယဉ်မေက ခင်မြတို့ထက် နှစ်နှစ်လား၊ သုံးနှစ်လား ငယ်ပါတယ်။ သူ့အစ်ကိုလွှမ်းဖေနဲ့ ခင်မြကို လုံးဝသဘောမတူပါ။ ရွာမှာ ခင်မြတို့က ဆင်းရဲတယ်။ လယ်မရှိ၊ ယာမရှိတော့ ပေါင်းသင်းမြက်နှုတ်၊ စာရင်းငှားအလုပ်လုပ်ရင်း ကြုံရာကျဘမ်း သင့်သလိုနေကြရတဲ့သူတွေပါ။ သူ့အဖေက ခင်မြငယ်ငယ်လေးထဲက ကွယ်လွန်ခဲ့တယ်။ ခင်မြတို့မှာ အမေတစ်ခု သမီးတစ်ခုရယ်ပါ။ ဒီအထိကို ယဉ်မေက ခွင့်လွှတ်နိုင်ပါသေးတယ်။ ခင်မြတို့အမေက သူ့ယောကျ်ားဆုံးတော့ နောက်အိမ်ထောင်ဆက်တွေ များခဲ့တယ်။ မတော် ခင်မြက သူ့အမေရဲ့စိတ်ဓာတ်မျိုးရနေရင်ကော။ ယဉ်မေကတော့ သူ့အစ်ကို လူရိုးလူအေးကြီး၊ စိတ်ရင်းစေတနာကောင်းသူကြီးကို ဘယ်လိုနည်းနဲ့မှ စိတ်မညစ်စေချင်ပါ။ ဒီတော့ ခင်မြကိုဘယ်လိုမှကို ယောင်းမအနေနဲ့ မတော်နိုင်၊ မခေါ်နိုင်။

ရွာလူကြီးတွေက ခင်မြကို အရန်သားဖွားသင်တန်းတက်ဖို့ ရွေးတာကိုလည်း ရွာက တချို့လူတွေက မကျေနပ်ကြ။ ခင်မြဆိုတာ အတန်းပညာလည်း သိပ်မတတ်။ ဆိုးတာက ခင်မြရဲ့ရုပ်ရည်ပါ။ ဘယ်လိုမှကို ဆရာမရဲ့ဂုဏ်မရှိ၊ အသားကမဲမဲ၊ မျက်လုံးတွေကပြူးပြူး၊ ပိန်ကပ်ကပ် ခန္ဓာကိုယ်နဲ့ဆိုတော့ အသက်အစိတ်လောက်ရှိနေပေမဲ့ ခန္ဓာကိုယ်က မဖွံ့ထွား၊ ဆရာမရယ်လို့ ရွာနီးချုပ်စပ်က လာပင့်ကြဖို့တောင် သူ့ပုံက ယုံချင်စရာမရှိ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ငါးချဉ်မှိုကိုယ်ချဉ်ရခြင်း မဟုတ်ပါ။ ယဉ်မေ့အစ်ကို လွန်းဖေတို့များကြတော့ အသားကဖြူဖြူ၊ ဥပမိရုပ်ကကောင်းကောင်း တောသားလို့သာပြောတာ ရုပ်ကဖြောင့်တော့ လွင်မိုးရုပ်နဲ့မို့ ယဉ်မေကတော့ သူ့အစ်ကိုကို နှမျောလှပါတယ်။

ကဲ ဒါဖြင့် ရွာကလူတွေ၊ ခင်မြကို မရွေးရင် ဘယ်သူ့ကိုရွေးကြမလဲ။ ဘယ်သူ့သမီးကို လွှတ်ချင်ကြသလဲ ပြောလို့ ရွာလူကြီးက ပြန်မေးရတယ်။ ဒီတစ်ပတ် သင်တန်းတက်ဖို့ အုပ်စုခွဲတန်းက တစ်ယောက်လားရတာ။ ဒါတောင် ရွာတွေ အများကြီးထဲက ပင်ထိန်ရွာဆိုတာ အဝေးဆုံး၊ အခေါင်ဆုံးမို့ ဦးစားပေးတာရယ်၊ ကိုယ့်ရွာက မသွားရင်လား၊ တခြားရွာတွေက သင်တန်းတက်ချင်တဲ့လူတွေမှ တပုံကြီးရယ်၊ ရွာဘယ်အပိုင်းထဲက၊ ဘယ်သူ့သမီး။ ဘယ်ဝါ့သမီးကို လွှတ်မှာလဲလို့ ရွေးကြ ဆွေးနွေးကြတော့ ခက်တာက အရွယ်ရှိပြန်တော့ ဒီအလုပ်ကို ဝါသနာမပါကြ။ ကြောက်လို့ဆိုလား။ တချို့ကြတော့ ကိုယ့်အိမ်အလုပ်တွေ အပျက်မခံချင်တာရယ်၊ ငွေကြေး၊ အချိန် အကုန်အကျမခံချင်တာလည်း ပါမှာပါ။ ဒီလိုနဲ့ နောက်ဆုံးမတော့ ဆရာမရုပ်မရှိတဲ့ ခင်မြကိုပဲ လူကြီးတွေက ဆရာမသင်တန်းတက်ဖို့ လွှတ်လိုက်ကြရပါတော့တယ်။

မုဆိုးမကြီးရဲ့သမီး ခင်မြတို့က ဆင်းရဲတော့ သင်တန်းစရိတ်ကို ရွာက တချို့နဲ့ အုပ်စုက တချို့ ထည့်တယ်။ ခင်မြရဲ့အမေ စာရင်းငှားခရတာလေးလည်း ပါတာပေါ့။ ဘာပဲဖြစ်ဖြစ် ခင်မြတစ်ယောက်တော့ ဒီရွာကျေးဇူးကြောင့် သားဖွားဆရာမတစ်ယောက် ဖြစ်ခဲ့ရပါပြီ။ အခု အဲဒါ ယဉ်မေ့ကိုယ်ဝန်ကို ခင်မြကိုယ်တိုင်က မီးဖွားပေးဖို့ကြုံလာတော့ ခင်မြလား၊ ရင်ခုန်တာပေါ့။ နဂိုကမှ သူ့အစ်ကိုကို သဘောမတူရတဲ့အထဲ အခု မီးဖွားပေးလိုက်လို့ တစ်ခုခုသာဖြစ်ကြည့်ပါလား။ မိုးထိကို မီးတက်လောင်မည့် ကိန်းရယ်။ ချစ်သူနှစ်ယောက်ဆိုတာကလည်း မေတ္တာစစ်တွေ ဘာညာဘေးဖယ်ထား လွဲဖို့ကများနေတာကြောင့် ခင်မြတစ်ယောက် စိတ်လှုပ်ရှားမည်ဆိုလည်း လှုပ်ရှားချင်စရာကြီးပါ။

နွားရိုင်းသွင်းချိန် တစ်ညနေ။ ဝါးကျည်တောက်တွေကို ကျောပိုးပြီး ခင်မြရေခပ်ထွက်တော့ ရေပင်က ရေချိုးပြန်လာပုံရတဲ့ လွန်းဖေနဲ့လမ်းခုလတ်မှာ ဆုံကြတယ်။

"နင့်ကို ယုံပါတယ် ..ဟ ခင်မြရ၊ ငါ မယုံတာက ကံကြမ္မာကိုပါ၊ နင့်အမြင်ပဲလေ၊ ငါက ...တစ်အိမ်လုံးနဲ့ တစ်ယောက်ဖြစ်နေရတဲ့အထဲ၊ မဖြစ်ပါဘူးဟာ ...၊ ဆေးရုံကိုသာ သွားပလေ့

အပျိုဘဝကတည်းက
ဒီဒုက္ခတွေတွေ့ပြီး
ကြောက်လို့
အိမ်ထောင်သားမွေး
မလုပ်ပြန်ရင်လည်း
မျိုးကန်းပြီးမှ
အမြုံမလို့နှိမ်ကြမှာလည်း
စိုးရပါသေးတယ်။
ရှေးရှေးကတည်းကိုက
မိခင်တို့ဆိုတာ
ကိုယ့်အသက်ကိုတောင်မှ
ပဓာနမထား
ကိုယ့်ရဲ့ရင်သွေးလေး
လောကမြေပေါ်
ခြေချခွင့်ရအောင်
အသက်စွန့်ကာ
မွေးဖွားပေးခဲ့ကြတဲ့



www.burmeseclassic.com

ဆေး ဒါမှမဟုတ် ...အရပ်လက်သည် ဒေါ်စိန်မှုန်ကြီး အရှိသားဟာကို''

လွန်းဖေက စိုးရိမ်လို့သာ စိုးရိမ်နေတာပါ။ ခင်မြကလည်း ခေသူမဟုတ်ပါဘူး။ ရွာနီးချုပ်စပ်ကလေးတွေမှ မွေးပေးခဲ့တာ နည်းရော့လား။ အယောက်နှစ်ဆယ်တောင်ကျော်ပါပြီ။ မြို့ကသင်တန်းမှာ ပထမ ထိပ်ဆုံးအဆင့်က အောင်ခဲ့တယ်။ ခင်မြက သူ့အလုပ်မှာ ဝါရင့်ဆရာမကြီးတစ်ယောက်လို ကျွမ်းကျင်နေတော့ ဆေးရုံမှာဆို ဆရာဝန်မတွေကတောင် ချီးကျူးကြသေးတာရော။ ပြီးတော့ ဟောဒီ သားဖွားတဲ့အလုပ်က ဟိုး ငယ်ငယ်ကတည်းက ခင်မြ စိတ်ဝင်စားခဲ့တာကြီးရော၊ ဒီသတင်းတွေကြားရတော့ ရွာလူကြီးတွေကတောင် ကျုပ်တို့လား၊ လူရွေးမမှားပါဘူးနော်။ လူရွေးမမှားပါဘူးနဲ့ ပြောနေကြပါတယ်။

''ပွေးမ ...အဲလေ ရောင်လို့ ခင်မြဟာ ..ဟုတ်သေးပေါင် ဆရာမဟုတ်တယ် ...ဆရာမ''

''ဆရာမလေး ...ဘယ်ရွာက မီးဖွားပြန်လာသတုံး၊ ဘာလေး တဲ့ တုံးတော့''

ခင်မြကို ရွာနီးချုပ်စပ်ကလူတွေပဲ အဲဒီလိုခေါ်တော့ ခင်မြက ရီချင်တယ်။ ခေါ်ချင်သလိုခေါ်ပါ။ ငယ်နာမည် ခေါ်ခေါ် ခင်မြပဲခေါ်ခေါ် ဆရာမလို့ခေါ်မှဟုတ်ပေါင်၊ သွေးမကြီးပါဘူး။ တစ်ရပ်ထဲသားတွေဥစ္စာ နော။ ရွာနီးချင်းတွေက ဆရာမလို့ ခေါ်ကြတော့ ခုလား။ ရွာက လူတွေကတောင် လိုက်ခေါ်နေကြပါပြီ 'ဆရာမ ခင်မြ'တဲ့။

ခင်မြလား။ ဘာမှဟိတ်ဟန်ထုတ်စရာမလိုပေါင်။ အရပ်လက်သည် ဒေါ်စိန်မှုန်ကြီး မနိုင်ရင်လည်း ဝင်ကူညီလိုက်တာပဲ။ နောက်ပြီး ရွာက ကိုယ်ဝန်ဆောင်သည်တွေ၊ သားသည်မိခင်တွေ၊ ကျန်းမာရေးအသိရှိကြဖို့ ကြုံရင်ပြောပြရတယ်။ သားဦးမွေးမှာမို့ အတွေ့အကြုံမရှိတာနဲ့ ဘာညာ တွေးပြီး ကြောက်နေစရာလား မလိုပေါင်။ ကိုယ့်ရင်သွေး၊ ကိုယ့်သားသမီးကို ချစ်စိတ်၊ လိုချင်စိတ်နဲ့သာမွေး။ ဘယ်တော့မှ မခက်ဘူးရယ်။ ကလေးထွားရင် မွေးရမှာကြောက်လို့၊ ခက်လို့ ဆိုပြီး ရှောင်ကျဉ်တာထက် ကလေးရော အမေပါ အာဟာရဖြစ်စေတဲ့အစာတွေစားမှ မွေးရဖွားရ လွယ်မှာလို့ ပြောပြရတယ်။ ကိုယ်ဝန်ရှိခါစ အနေအထိုင်ဆင်ခြင်ရန်တွေ၊ ဗိုက်ထဲက,ကလေး မထိခိုက်အောင် နေရမည့်ပုံတွေကို ခင်မြကတော့ စာတွေ့ရော၊ လက်တွေ့ပါ အသိတွေနဲ့ ယှဉ်ပြီးမှ ပြောပြရတယ်။ တစ်ခုကောင်းတာက ရွာက ကိုယ်ဝန်သည်တွေအတွက်က ကိုယ့်ရွာ၊ ကိုယ့်ဆရာမဖြစ်နေကြတော့ အားမနာ၊ ပါးမနာ မရှက်မကြောက်ပြုစုလို့ရတော့ ကောင်းတာပေါ့။

ရွာမှာက တောသူတောင်သားတွေမို့ နေ့တိုင်း အသားငါးမစားရလည်း ပူစရာမလိုပါ။ ရွာမှာရှိတဲ့ လတ်ဆတ်တဲ့မုန့်ညင်း၊ မုန်လာတွေကမှ လူကိုကျန်းမာစေတာ။ ကန်စွန်းဥ၊ ဖရုံသီး၊ ကျောက်ဖရုံသီးတွေက ဗီတာ မင်တွေပါ။ ထန်းလျက်စားတာနဲ့ အ ကြောထဲက ဂလူးကိုစ့်အရေသွင်းတာ အတူတူပဲ။ ကြက်ဥလိုအာဟာရက မြေပဲဆံစားလည်းရတာပဲလို့ ပြောတော့ ''ဟယ် ...ဟုတ်ရဲ့လားဟယ်''လို့ ခင်မြ ပြောပြတာ အံ့သြကြတယ်။ ခင်မြတော့လား။ ကိုယ့်ဝါသနာပါတဲ့ အလုပ်လုပ်နေရတာပဲဟာ မောပေါင်။

ပင်တီးရွာက ဦးကြည်မောင်ဆိုတဲ့ လူကြီး နှလုံးရောဂါရနေတာကြီးကို အားရှိအောင်ဆိုပြီး ကြက်ဥတွေစားနေတာမျိုးကြတော့ တားရပြန်တယ်။ ကြက်ဥမှာပါတဲ့ ဓာတ်တွေက နှလုံးကို ဖုံးပြီး ဒုက္ခပေးတတ်တာကို ပြောပြရတယ်။ ကလေးမီးဖွားပြီးကာစ မိခင်တစ်ယောက်ကတော့ မတည့်တာတွေ ရှောင်ရင်းက ထမင်းကို သကြားနဲ့ ဖြူးစားနေတာတွေ့တော့ တားရပြန်တယ်။ သွေးသားနုတဲ့အချိန် သကြားစားရင် သွားတွေပိုးစားမှာကိုတော့ စာတွေ့ထဲကမဟုတ်ဘဲ သက်ကြီးစကား သက်ငယ်ကြားတာကို ပြန်ဖောက်သည် ချပြရတာပါ။ ရွာထဲက လူတချို့တွေကတော့ ခြင်ထောင်ထက် တခြား အလှအပအဝတ်အစားတွေကိုပဲ ဦးစားပေးနေကြလို့ ငှက်ဖျားဖြစ်ကြရတာကို ခင်မြတော့ သဘောမကျပါဘူး။ တချို့ သားသည်မိခင်တွေ တစ်နေကုန် နေပူထဲ၊ တောင်ယာထဲ အလုပ်လုပ်လာခဲ့ကြပြီး အိမ်ရောက်တော့ ကိုယ့်ကလေးနို့ဆာနေချေရဲ့ဆိုပြီး ချက်ချင်းကောက်တိုက်တာမျိုးကြတော့ မသန့်ရှင်းတဲ့နို့သီးခေါင်းကနေတစ်ဆင့်မှ နုနယ်တဲ့ ကလေးပေါက်စနတွေရဲ့ အာခံတွင်းမှာ မှက်ခရုလို အနာဖြစ်တတ်တာ ပြောပြတာကို နားထောင်ကြတယ်။ အတူတူပဲ။ ကလေးငယ်တွေကို မငိုရင်ပြီးရော၊ နေရင်ပြီးရောဆိုပြီး ဖွန်းတို့ဘီးတို့ပေးထားရင်လည်း အဲဒါတွေကို ကိုက်ရင် မှက်ခရုစွဲတတ်တာမို့ ကြောက်စရာကြီးပါ။

ယဉ်မေက ခင်မြနှင့်မတည့်လို့ မယုံကြည်တာနဲ့ သူ့ဗိုက်ကို အရပ်လက်သည် ဒေါ်စိန်မှုန်ကြီးနဲ့အပ်ထားတယ်ဆိုပေမဲ့ ခင်မြကတော့လား။ လမ်းကြုံနေရင် ဝင်ကြည့်လိုက်တာပါပဲ။ ကလေးအနေအထား၊ အပတ်စဉ်ကြီးထွားမှုအစ အာဟာရကိုလည်း မေးရတယ်။ ခင်မြက တကယ် စေတနာထားတာတွေ့ရတော့ စိတ်ခက်ထန်တဲ့ ယဉ်မေတောင် စိတ်ပြောင်းလာတယ်။ ဖြစ်ချင်တော့ ယဉ်မေက မွေးမည့်

www.burmeseclassic.com





အချိန်ထက် စောမွေးတော့ သူ့ဗိုက်အပ်ထားတဲ့ဒေါ်စိန်မှုန်ကြီးဆိုတာ တခြားရွာ ညဥ့်အိပ်မီးသွားဖွားပေးတာနဲ့ ကြုံတော့ ကဲ ခင်မြကပဲ မီးဖွားပေးရတော့တာပေါ့။ ညကြီးသန်းခေါင် ယဉ်မေ့ယောက်ျားက အမောတကောပြေးလာပြီး "ခင်မြ ... ခင်မြ လုပ်ပါဦးဟာ" ကူပါဦးဆိုတာနဲ့ ခေါင်းတောင်မှမဖြီး၊ အဝတ်အစားတောင်မှ မလဲတော့ဘဲ ဆေးအိတ်ကောက်ကိုင်လိုက်ခဲ့ရပါတယ်။

သားဖွားမိခင်တွေဟာ ကိုယ့်အသက်ကို ဝမ်းဆွဲဆရာမရဲ့လက်ထဲ ယုံကြည်စွာ အပ်နှံပြီးမှ မီးဖွားကြရတာမို့ ဆရာမတွေအနေနဲ့ကလည်း တည်ငြိမ်တဲ့စိတ်ထားနဲ့ အောင်မြင်စွာ မီးဖွားပေးနိုင်ဖို့က စိတ်ဓာတ်ခွန်အားတွေ ရှိကြရမှာပါ။

မြို့နယ်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုဥက္ကဋ္ဌဒေါ်အေးအေးတွေးတို့အဖွဲ့ ခင်မြတို့ပင် ထိန်ရွာကို ညအိပ်လာကြတုန်းကမှာ ကြားခဲ့တဲ့စကားတွေကို မမေ့ပါ။ တချို့ မိခင်လောင်းတွေဆိုတာ မွေးဖွားခါနီးတောင်မှ ပေါ်မလာတတ်ကြတဲ့ သူတို့လင်သားတွေကို စိတ်ဆိုးတတ်ကြတယ်။ အဲဒီအခါမှာ ခင်မြတို့လိုဆရာမတွေက သူအလုပ်ရှိနေလို့နေမှာပါ။ တချို့ယောက်ျားတွေ အငယ်အနှောင်းထားကြတာနဲ့စာရင် အရက်သောက်တာကမှ တော်သေးတာပေါ့။ ခုခေတ် ရောဂါဆန်းတွေကလည်း ပေါတော့ ကိုယ့်အိမ်သားမှာ အေအိုင်ဒီအက်စ်ရောဂါတွေ ကူးတတ်ကြောင်း၊ ဒီလိုပါပဲ တတ်သလောက် မှတ်သလောက်တွေ ပြောပြောပြီးမှ မိခင်လောင်းကို အားပေးရတာပေါ့။ တကယ်တော့ ခင်မြကိုယ်တိုင်က အပျိုကြီးပေမဲ့ ကိုယ့်ဝန်းကျင်က အိမ်ထောင်သည်တွေရဲ့ဘဝလည်း တစေ့တစောင်း လေ့လာထားရတာပေါ့။

မိခင်ဝမ်းကြာတိုက်ထဲက ထွက်လာတဲ့ နီနီထွေးထွေးကလေးပေါက်စနလေးကို ခင်မြက ခြေနှစ်ချောင်းကနေကိုင်၊ ဇောက်ထိုးဆွဲ၊ ပြီးမှ တင်ပါးလေးကို ဆတ်ခနဲ၊ ဆတ်ခနဲ ရိုက်ပုတ်ပေးလိုက်တယ်။ အဲဒီတော့မှ ကလေးက အသက်ဝင်လာပြီး ရုတ်တရက် "အူဝဲ ... အူဝဲ"နဲ့ ငိုတော့တယ်။ ကလေးအဖေက မီးနေခန်းအပြင်ကနေ ယောက်ျားလေးမှန်းသိလိုက်တဲ့အခါမှာ အိမ်ရှေ့တလင်းပြင်ထဲမှာ ဂျွမ်းသုံးလေးပတ်လောက်ထိုးကာ အပျော်ကြီး ပျော်နေပါပြီ။ ကလေးအဖေနဲ့အတူ၊ ပျော်နေတဲ့သူကတော့ လွန်းဖေပါ။

အပျိုဖော်ဝင်ခါစ မီးနေခန်းထဲကို ခင်မြတို့တွေ ချောင်းမြောင်းကြည့်တာကို လူကြီးသူမတွေက မြင်ရင် ဆူတာငေါက်တာ ခံခဲ့ရဖူးပါတယ်။ မီးနေသည်တစ်ယောက်ရဲ့ ကြီးမားလှတဲ့ဒုက္ခတွေမြင်ပြီးမှ နောင် ဒီကလေးမတွေကြီးလာရင် လင်ယူသားမွေးမလုပ်ကြတော့မှာ စိုးကြတယ်။ ဒါဖြင့် ဘယ်လိုနည်းနဲ့ မျိုးဆက်တွေ ပွားလာမှာတဲ့လဲ။ ဒီပုံအတိုင်းဆို မိဘတွေရဲ့ ကြီးမားလှတဲ့မေတ္တာကို ဘယ်လိုလုပ် နားလည်ကြပါတော့မလဲ။ ပင်ထိန်ရွာသူ ခင်မြကတော့ သူကိုယ်တိုင် သားဖွားဆရာမတစ်ယောက်ဖြစ်ခဲ့ပေမယ်လို့ တစ်နေ့လွန်းဖေနဲ့ အိမ်ထောင်ရက်သားကျရင် သားသမီးတွေ မွေးလိုက်ချင်ပါသေးတယ်။ မိဘတွေရဲ့ မေတ္တာ၊ စေတနာ၊ ဂရုဏာ၊ ဘယ်လောက်ကြီးတယ်ဆိုတာ သူတို့တွေ သိစေချင်စမ်းလှပါတယ်။

**မောင်သင်းထုံ(ကျောက်ဆ**

www.burmeseclassic.com

www.burmeseclassic.com



# သောကဘေးမှ ကင်းဝေးအောင်

ဘိုးဘွားပိုင်တဲ့ လယ်ယာမြေ
သားမြေးတွေတွက် ထားခဲ့ပေ။

ဝယ်ယူခါနေ ဘာသာခြား
ရောင်းသူရွာသား မစဉ်းစား။

ဘုန်းဘုန်းဘုရား တားဆီးလာ
ရပ်သူရွာသား မလိုက်နာ။

ဘိုးဘွားမြေယာ ကုန်၍သွား
ပွဲစားလုပ်ကာ ဝေမျှစား။

ရွာသားလုပ်ရပ် မဆင်ခြင်
ဘာသာပျောက်ဖို့ပြင်။

ဘာသာပျောက်ရင် အမျိုးပျောက်
လူမျိုးခြားတွေ ရွာထဲရောက်။

ရောက်လာသောခါ ပို့ကညာ
မိစ္ဆာဖျက်ဆီးမှာ။

တို့ရွာတည်ထား စေတီဘုရား
ဖြိုလားဖျက်လား သူစော်ကား။

ငတေလိုလူစားလုပ်ရပ်တွေ
မျိုးချစ်မှန်သမျှ ရှောင်ကြလေ။

စုတေကာလေ ကွယ်လွန်သွား
ဘိုးဘွားတွေမှ မသနား။

ဘိုးဘွားမြေများ ရောင်းဝယ်ရာ
အများသူငါ ရှောင်ကြပါ။

အဲဒါမှသာ တို့ရွာလေး
သောကဘေးမှကင်းမယ်လေး။

**အရှင်ပညောဘာသ(နောင်ချို)**



www.burmeseclassic.com

www.burmeseclassic.com



## ဖိတ်ခေါ်ပါသည် နောင်ချိုဆီ

ရထားနဲ့လာရင်နော်
ဂုတ်ထိပ်ပေါ်ကအလှ
ဟိုး . . . အဝေးမှ အဆုံးထိပင်
မှုန်ပြာပြာတောင်စဉ်တန်းက
ရှုမငြီးစေရ . .။


ကားလေးနဲ့မောင်းလို့လာ
ကွေ့ကာပတ်ကာ တက်အဆင်းနဲ့
ရင်သပ်ရှုမောရင်း
လေ့ကားလိုလှတဲ့ 'ဂုတ်တွင်း'က
လန်းဆန်းစေရ . .။

တို့တွေရဲ့မောဠာနီ
ကမ္ဘောဇပြည်ဂုဏ်ကျော်
ပိဋကတ်တော်သုံးပုံ အာဂုံဆောင်တဲ့
တောင်းခမ်းတောင်ရှည်က ထွက်ပေါ်
ဘွဲ့တော်မှာ ဝီရိယာနန္ဒ။

ရိုးသားတဲ့ဓလေ့နဲ့ပျော်
ရာသီပေါ်စိုက်ခင်း
လုပ်ကိုင်ရင်း ရှင်သန်ကာ
တောင်ယာမြေ အလှတွေက
ထူးခြားလို့လှ။

လှမ်းခဲ့ပေါ့ ချစ်မိတ်ဆွေ
စကားတွေခပ်ဝဲဝဲပြော
စိတ်သဘောဖြူစင်စွာနဲ့
တို့ဌာနီနောင်ချိုက
ဖိတ်ခေါ်မယ်ဗျ။ ။

ဘဝလှေငယ်





## တုန္နိုင်းမဲ့မေတ္တာ

မေမေ . . .
မြင့်မိုရ်တောင်ဟာ
မေ့မေတ္တာနဲ့ နှိုင်းယှဉ်ကြည့်ရင်
နှမ်းစေ့လောက်ပါ။

သမုဒ္ဒရာရေဟာ
မေ့မေတ္တာနဲ့ နှိုင်းယှဉ်ကြည့်ရင်
မဖြစ်စလောက်ရွာတဲ့
မိုးတစ်ပေါက်ပါ။

တောတောင်သစ်ပင်တွေဟာ
မေ့မေတ္တာနဲ့ နှိုင်းယှဉ်ကြည့်ရင်
မြက်တစ်ပင် . . သစ်တစ်ခက်ပါ။

မေမေ . . .
ဒီကမ္ဘာမှာ မေမေမပါရင်
ပျော်ရွှင်စရာ မပြည့်စုံ
အတောင်စုံလျက် . . ပျံဖို့ခက်တယ်။

သဲစုစံ(ပြည်တက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com



## ငါးရက်တစ်ခါ မနေတို့ရွာဈေး

သွေးချင်းတို့ရဲ့ မနေရွာ
တီဗွီရှိ စီဒီရှိ နေ့စဉ်ဈေးမရှိ
ထိုအခါ လိုတာဝယ်ခြမ်းရေး
ငါးရက်တစ်ခါ
မနေတို့ရွာဈေး။

ဟိုယခင် ခြေလျင်လျှောက်
တောင်အောက်နှင့်တောင်ပေါ်။
အဆင်းခက် အတက်ကြမ်း
တောင်တက်လမ်းချော်။

ယခုသော် ထော်လာဂျီရွာအရောက်။
တောက်လျှောက်သွား မဝေးကွာ
မနေဈေးအလာ မပင်ပန်းတော့
ရွာစဉ်လမ်းပေါက်။

မနေဈေးနေ့ ဝယ်ရောင်းစည်။
တိုင်းရင်းသားစုံညီလျက်
အသီးအရွက် အထွက်ကောင်းလို့
အရောင်းသွက်သည်။

မနေရိုးရာ ဟင်းထုပ်
တို့ဖူးသုပ်၊ ရှမ်းခေါက်ဆွဲ အမြဲစားလျက်ပြန်
ပွဲလက်ကျန်မရှိ။

ထိုသမျှ အထွေထွေ
ပဲပုပ်၊ ဆန်ဆီဆားတွေနဲ့
ခွပ်သီး၊ ဂျင်း၊ ကြွေမုန့်ခြောက်စုံစီနဖာ
ထိုရာတွေစုံပါဘိ။

ဝယ်သမျှကုန်စည်တွေ
ပြည့်ပြီလေဆိုတော့
ထော်လာဂျီ တဂျောင်းဂျောင်းနဲ့
နေ့ရွာဆီ နေမစောင်းမီ
ကောင်းပြန်ပြီပေါ့။



ခင်ဖုန်းကြည်(မိုင်းပွန်)



## ရှမ်းပြည်နယ်ရဲ့ အလှတရား

အင်းလေးကန်သာ ရှုမငြီး
ကမ္ဘာကျော်လို့ နာမည်ကြီး။

လှေလေးစီးလို့ ခြေနဲ့လှော်
အံ့ဩဖွယ်ရာ ရွှင်ပျော်ပျော်။

ကန်ရေပေါ်က အိမ်လေးတွေ
အိမ်တိုင်ခြေတံခပ်ရှည်ရှည်။

သူ့ဌာနေနဲ့ သူ့သဘာဝ
အင်းသူအင်းသား စိတ်ထားလှ။

ပင်လယ်တမျှ ကန်ရေထူး
ဖောင်တော်ဦးဆို ဘုရားဖူး။

ထူးထူးခြားခြား ရေပေါ်မှာ
ဘုရားလှည့်ပွဲ ပူဇော်တာ။

ရိုးရာလှေနဲ့ စက်လှေများ
ကြက်ပျံမကျ လွန်စည်ကား။

ရှမ်းအိုးစည်များ ဗေထုံညံ
ဓားတုတ်သိုင်းနဲ့ မောင်းထုသံ။

ကိန္နရီဟန်အကများ
ကိန္နရာဟန်အကများ
မြင်တွေ့သူတိုင်း အံ့ဩသွား။

တောင်ပိုင်းကိုလား မြောက်ပိုင်းလား
ကြည့်လေရာရာ တောင်ပြာတန်း
ရှမ်းပြည်နယ်ရဲ့ အလှဆန်း။

ဖြိုးသီတာ

www.burmeseclassic.com

www.burmeseclassic.com



## မတူညီသော အပြုံးများ



လီယိုနာဒိုနှင့်
ပီကာဆိုဟာ ကာလခြင်းမတူခဲ့။
အကယ်၍သာ
မိုနာလီဇာကို ပီကာဆိုတွေ့ခဲ့လျှင်
ကမ္ဘာတစ်ခွင်လုံး ကျော်မဆုံးတဲ့
သူ့အပြုံးဟာ ဘာဖြစ်လာမလဲ
သေချာတာတော့
တူမှာမဟုတ်ဘူး။
မတူတာဟာ
လောကကြောင့်လား
ပယောဂအမှောင့်လား
ဒေါမနဿကြောင့်လား
ကာလကြောင့်လား
သဘာဝကြောင့်လား
ကညာအလှကြောင့်လား။
မတူတာဟာ
ဘာမှမဟုတ် ရုပ်ကြောင့်ပါ။
ရုပ်ဆိုတာ
သင်္ခါရပြုယုခ်တစ်ခု
ပြောင်းလဲမှုတွေစု။
လီယိုနာဒို၊ ပီကာဆိုမှမဟုတ်
မိုနာလီဇာ၊ ပျိုကညာမှမဟုတ်
သောင်းဟန်၊ ရွှေစိုးဟန်
စိုးစန္ဒာထွန်း၊ မျိုးသန္တာထွန်း
အဖိုးတန်စရာထင်တဲ့
အမျိုးမမှန်တဲ့ တစ်ခုစီမှာ
မတူညီသောအပြုံးများ
အဆုံးထိမြင်အောင်ရှု
တစ်ခုတည်းအမှန်
တစ်ခုတည်းကျန်
အဲဒါ မြတ်နိဗ္ဗာန်။ ။

နေမျိုး(ကောင်းဘို)



## အားမာန်တင်းကြမယ်

နေဝန်းနီသစ်ဆန်းက
ပက်ဖြန်းရောင်ခြည်ဝါ
ချိန်ခါမနက်ခင်းဝယ်
ရွာအလယ်မြေနီလမ်း
နီညိုညို့ဝတ်သင်္ကန်းရယ်နှင့်
ထေရ်အရှင်မြတ်ရဟန်းတို့
စီတန်းလို့ကြွလာ။

လှူဒါန်းကြဆွမ်းဟင်းလျာ
ရွှင်လန်းကယ်မျက်နှာနှင့်
မြတ်သံဃာ ရည်မှန်း
စေတနာပြဋ္ဌာန်းလို့
လူတို့ရွာ အခွင့်လမ်းကိုတဲ့
စွမ်းသမျှ အနှစ်ရှာ။

လျှောက်လှမ်းကြသံသရာမှာ
အမတာရည်ရွှေး
တို့ကြမ္မာကံထူးလို့
ကြုံဖူးကြမြတ်သာသနာ
ဝေနေယျာလူအများ။

အစွန့်ရှည်စွာ သာသနာလင်းစေဖို့
ဝန်ကျရာ မလစ်ဟင်းရအောင်
စွမ်းဆောင်ကာ သင်ယူကြ
တိပိဋကဘွဲ့ထူးကိုစဉ်
ရအောင်ပင်ယူထား။

အင်တော်ဦးဇင်း

www.burmeseclassic.com



# ဓနုလူငယ်များ၏ ဆောင်ရွက်ချက်များ

ခိုင်လေညှင်း(အောင်ပန်း)

၂၀၁၄ ခုနှစ်၊ ဇွန် ၂၇ ရက်၊ ဝါဆိုလပြည့်နေ့တွင် ဓနုတိုင်းရင်းသား မိသားစုအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကိုအကြောင်းပြု၍ ဓနု လူငယ်မောင်မယ်များ အသင်းဝင်နိုင်ရန် စတင်ခဲ့သည်။ စိတ်ပါဝင်စားသူ လူငယ်ပေါင်း ၆၀ ယောက် စာရင်းပေးသွင်းခဲ့ ပါသည်။ သို့သော် ၂၀၁၄ ဇူလိုင်လတွင် စတင်နိုင်ခဲ့ခြင်းမရှိဘဲ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၁ ရက်မှစတင်၍ ပထမအကြိမ် ဓနုလူငယ်တွေ့ဆုံမှုအစည်းအဝေးကို ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးကို လူငယ်မောင်မယ်(၄၁)ယောက် တက် ရောက်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် ဓနုဓမ္မာရုံဥက္ကဋ္ဌနှင့် လူငယ်များတွေ့ဆုံ ခြင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင် များက လူငယ်များအဖွဲ့ဝင်ကြရန် အကြံ ပြုပြောဆိုခြင်း၊ ၂၀၁၆ ခုနှစ်၊ ပြည် ထောင်စုနေ့တွင်ထုတ်ဝေမည်ဖြစ်သော ဓနုတိုင်းရင်းသားမိသားစုအသင်း (ရန်ကုန်)မဂ္ဂဇင်းထုတ်ဝေရန် ကော်မတီ မှ ဆွေးနွေးတင်ပြခြင်း၊ လူငယ်များမှ အကြံပြုချက်တင်ပြကြပြီးဒုတိယအကြိမ် လူငယ်အစည်းအဝေးကို ပြုလုပ်ရန် ရက်သတ်မှတ်နိုင်ခဲ့ကြသည်။ ပထမ အကြိမ်အစည်းအဝေးမှ ဆုံးဖြတ်ချက် အရ တစ်လတစ်ကြိမ် တတိယပတ် တနင်္ဂနွေနေ့ကို ဓနုလူငယ်အစည်းအဝေး ပြုလုပ်ရန် သတ်မှတ်ခဲ့သည်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် တွင် ဒုတိယအကြိမ် ဓနုလူငယ်မောင် မယ်အစည်းအဝေးကို ဓမ္မာရုံကော်မတီ ဝင်များနှင့် လူငယ်(၅၉)ယောက်တက် ရောက်ခဲ့သည်။ ဒုတိယအကြိမ်အစည်း အဝေးတွင် ဓနုမဂ္ဂဇင်းအတွက် စာမူ များပေးခြင်း၊ ဓနုအက္ခရာစာလုံးများကို ရှင်းလင်းတင်ပြခြင်း၊ လူငယ်တစ်ဦးစီမှ လူငယများပါဝင်ရေးအကြံပြုချက်များတင် ပြခြင်း၊ လူငယ်များတင်ပြလာသော အချက်အကလ်များကို ဓနုအသင်းအမှု ဆောင်များက ပြန်လည်ဆွေးနွေးခြင်း။ ထိုအစည်းအဝေးမှ လူငယ်ယာယီကော် မတီတွင်ပါဝင်နိုင်သော လူငယ် ၁၉ ယောက်ကို အဆိုပြုရွေးချယ်ခဲ့သည်။ ဒုတိယအကြိမ်တွေ့ဆုံပွဲတွင် ဓနုရိုးရာ ဂျူးဖူးဟင်းထုပ်၊ ဆန်လုံးဆီကြော်၊ တို့ ဟူးခေါက်များဖြင့် လူငယ်များစုစုဝေး ဝေးနေ့လယ်စာအဖြစ် စားသုံးပြီး ဒုတိယ အကြိမ်အစည်းအဝေးကို ရုတ်သိမ်းခဲ့ သည်။

၂၆-၇-၂၀၁၅(တနင်္ဂနွေနေ့)တွင် ဓမ္မာရုံကော်မတီဝင်အစည်းအဝေးတွင် တက်ရောက်လာသော လူငယ်(၈)ဦးဖြင့် ဓနုလူငယ်များ စည်းရုံးပါဝင်ရေးကို ဆွေးနွေးကြပါသည်။ ထိုမှတဆင့် လူမှု ရေးအဖွဲ့ခွဲများဖွဲ့စည်းပြီး လူငယ်များ ပါဝင်လုပ်ဆောင်နိုင်သော အခန်းကဏ္ဍ များကို ဆက်လက်လုပ်ဆောင်ကြမည် ဖြစ်ပါသည်။ လူမှုရေးလုပ်ငန်းများ၊ အသင်း၏တိုးတက်ရာတိုးတက်ကြောင်း လုပ်ငန်းများ၊ စာပေလူမျိုး ယဥ်ကျေးမှု များ ကျယ်ပြန့်ထွန်းကားလာစေမည့် လုပ်ငန်းများကို ရန်ကုန်ရောက်ဓနု လူငယ်များအနေဖြင့် တတ်စွမ်းသမျှ ပါဝင်ကြိုးစားကြမည်ဖြစ်ပါသည်။

ခိုင်လေညှင်း(အောင်ပန်း)

**လူမှုရေးလုပ်ငန်းများ၊**
**အသင်း၏တိုးတက်ရာတိုးတက်ကြောင်း၊**
**စာပေလူမျိုးယဉ်ကျေးမှုများ ကျယ်ပြန့်ထွန်းကားလာစေရန်**
**ရန်ကုန်ရောက်ဓနုလူငယ်များအနေဖြင့်**
**တတ်စွမ်းသမျှ . . .**

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၄ မှ ၁၉၈၄ ခုနှစ်များဆီက တက္ကသိုလ်ကောလိပ်ပေါင်းစုမှ 'အ'သုံးလုံးအဖွဲ့ဝင်ဟောင်း(တစ်ချိန်က ကျောင်းသားကျောင်းသူဟောင်း)များသည် ယခုအခါတွင် ပြန်လည်စုစည်းကြပြီး လူမှုအကျိုးပြုလုပ်ငန်းများကို တစ်ကျော့ပြန်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ 'စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့' အမည်ဖြင့် လူမှုအကျိုးပြုလုပ်ငန်းစဉ်များ ကွင်းဆင်းကူညီဖော်ဆောင်လျက်ရှိပေပြီ။

သို့ဖြစ်၍ ၂၀၁၅ ခုနှစ်၏ ဖေဖော်ဝါရီလအတွင်းက ရှမ်းပြည်တောင်ပိုင်း ဓနုကျေးရွာများသို့ လူမှုအကျိုးပြုခရီးစဉ် သွားရောက်ခဲ့ဖြစ်ပုံကို ဖော်ပြလိုပါသည်။

အဆိုပါအဖွဲ့ကြီးတွင် ဥက္ကဋ္ဌဦးမျိုးသန့်(တွဲဖက်ပါမောက္ခ-ငြိမ်း) မြန်မာစာဌာန၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်(တက္ကသိုလ်)၊ အတွင်းရေးမှူးတို့နှင့် အတူ ဆေးကုသရေးအဖွဲ့တွင် အငြိမ်းစားဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်မေစု၊ သားဖွားမီးယပ်ပါရဂူဆရာဝန်မကြီးနှစ်ဦး၊ အထွေထွေရောဂါကု ဆရာဝန်ကြီးများ၊ သူနာပြုအကူများ၊ ဥပဒေပညာရှင်၊ စာပေပညာရှင်များ၊ အခြေခံပညာအထက်တန်းအဆင့် အောင်ချက်မြင့်မားရေးအထောက်အကူပြု သင်ကြားပြသဆွေးနွေးပေးမည့် ဘာသာရပ်သင်ကြားသူ ဆရာ ဆရာမများ ဝိုင်းဝန်းကူညီ ပံ့ပိုးစောင့်ရှောက်မည့် အဖွဲ့ဝင်များ စုစုပေါင်း(၃၀)ကျော် စေတနာလုပ်အားရှင်များ တပျော်တပါး ပါဝင်ဆောင်ရွက်ကြပါသည်။

ဓနုမြေသို့ အကျိုးပြုရန် ခရီးအစီအစဉ်ကို (၆-၂-၁၅)နေ့ ညနေ ၅ နာရီက စတင်သည်ဟု ဆိုရပါမည်။ ကြိုတင်စည်းဝေး ဆွေးနွေးထားသည့်အတိုင်း စေတနာလုပ်အားရှင်များက သွားပြန်ခရီးစရိတ် ပေးသွင်းထားပြီး လက်မှတ်များ စီစဉ်ပေးထားသည်။ အောင်မင်္ဂလာအဝေးပြေး ကားဝင်းမှ ရွှေလွန်းပျံယာဉ်ကြီးဖြင့် စတင်ထွက်ခွာခဲ့သည်။ (၇-၂-၂၀၁၅)နေ့ နံနက် ဝေလီဝေလင်းအချိန်မှာ အောင်ပန်းမြို့ဂိတ်သို့ရောက်ပါသည်။ ရွှေလွန်းပျံကားပေါ်မှဆင်းကြကာ ချထားပေးသော ခေတ္တနားသည့်ကားဂိတ်တွင် ချမ်းခိုက်တုန်ကာ ကြိုထောက်လာမည့် သူတို့ကို နိုင်ငံလင့်နေကြသည်။

များမကြာမီပင် အကျိုးပြုသွားရောက်မည့် ဓနုဒေသမြောက် ရွှေပုထိုးရွာမှ အုပ်ချုပ်ရေးမှူး(ဓနုတိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ရေးရဒေသခံ)နှင့် လူငယ်အဖွဲ့ဝင်များသည် ပင်းတယမြို့မှတဆင့် အောင်ပန်းကားဂိတ်သို့ အကြို

# ရွှေယဉ်နု

## ဒေသဖွံ့ဖြိုးကူမှုအဖွဲ့ မနုမြေမှာအကျိုးပြုခဲ့သော ခရီးစဉ်မှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com




ထောက်လာကြပါသည်။

ကြိုဆိုသည့်ယာဉ်နှစ်စီးဖြင့်လိုက်ပါလာခဲ့ကြပြီး နံနက်လင်းစအချိန်၌ ပင်းတယမြို့ဈေးအနီးရှိ ဆိုင်တစ်ဆိုင်တွင် ခေတ္တအပန်းဖြေ နံနက်စောစာ သုံးဆောင်ကြရပါသည်။

ဒေသခံတို့က ပင်းတယမှလုပ်အားပေးမည့်ရွာသို့ မထွက်ခွာမီ ပင်းတယ ရွှေဥမင်လိုဏ်ဘုရားကြီးသို့ ဖူးမြင်နိုင်ရန်ပို့ဆောင်ပေးသဖြင့် သပ္ပါယ်ကြည်ညိုဖွယ်ဆိုက်ဖူးမြော်ခွင့်ရသည်ကြောင့် ကျေးဇူးအထူးတင်မိရပါသည်။

ဘုရားဖူးအပြီးတွင် မြောက် ရွှေပုထိုးရွာသို့အရောက် ခရီးဆက်ခဲ့ကြသည်။ နေ့လယ်ခင်းပိုင်း မွန်းလွဲချိန်မှာ မြောက်ရွှေပုထိုးရွာကြီး၏ ဦးစီးပဓာနနာယကဆရာတော်ကြီး သတင်းသုံးရာ ဈေးဟောင်းလက်ရာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ကြပါသည်။

ကျောင်းကြီးရှေ့မှစတင်ကာ လှေကားထစ်များဆီထိ တောက်လျှောက် တိုင်းရင်းသားရွာခံများ ကျောင်းသူကလေးများက ချယ်ရီပန်းခက်ကလေးများဖြင့် ကမ်းလှမ်းကာ ဖော်ရွေသောအပြုံးများနှင့် ကြိုဆိုနေကြသဖြင့် ...သာအတိ ပီတိအဟုန် လွှမ်းခြုံသွားကြရ၏။ ကျောင်းကြီးပေါ်အရောက်တွင် ဆရာတော်မှ ဩဝါဒအမြွက်ကြား ကြိုဆိုသည်။




အဖွဲ့ဝင် ဆရာဝန်မကြီးများ၊ ဆရာမများအဖွဲ့ကို ရွာခံ ဒေါ်လှဖြူ၏ အိမ်အပေါ်ထပ်တွင် တည်းခိုနေရာချထားပေးပါသည်။ အမျိုးသားဆရာကြီးများကို ကျောင်းကြီးနံဘေး လက်ဝဲဘက်စားဖိုဆောင်ကြီး၏ အဆင့်မြင့်နေရာတွင် တည်းခိုရန်အတွက် နေရာချထားပေးကြပါသည်။ (၇-၂-၂၀၁၅) ညနေမှာပင် ဒေသဖွံ့ဖြိုးမှုအကျိုးပြုအဖွဲ့ဝင်များနှင့်(ဆေးကုသရေးနှင့်ပညာသင်ကြားရေးအဖွဲ့)ရွာအုပ်ချုပ်ရေးမှူးတာဝန်ရှိသူတို့ စည်းဝေးတိုင်ပင် လုပ်ငန်းစတင် အကောင်အထည်ဖော်ကြရသည်။ ဆရာတော်ကြီး၏ ကျောင်းအောက်ထပ်၌ ယာယီဆေးခန်းအဖြစ် စီစဉ်ပြင်ဆင်သည်။ လူနာမှတ်ပုံတင်ရန်၊ ဆရာဝန်ပြရန်၊ လူနာစမ်းသပ်ခန်း၊ အမျိုးသမီးလူနာ(သားဖွား-မီးယပ်) စမ်းသပ်ခန်း၊ ဆေးပေးခန်းများစီစဉ်သည်။

(၈-၂-၁၅)နှင့် (၉-၂-၁၅)နေ့နှစ်ရက်တိတိ နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီကျော်(လူနာကုန်သည်အထိ) မြောက်-ရွှေပုထိုးမှသာမက အနီးပတ်ဝန်းကျင်ရွာများမှပါ(ကြိုတင်ကြေညာထားသဖြင့်)နေ့တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးလူနာများ တစ်နေ့ ၅၀၀ ကျော် လာရောက်ပြသ ဆေးကုသခံယူခဲ့ကြသည်။ ဆေးဝါးများကိုလည်း အခမဲ့ပေးခြင်းသာ ဖြစ်ပါသည်။

စာရေးသူမှာကား ပညာရေးဌာနမှ အငြိမ်းစားဖြစ်သည်။ ပညာ သင်ကြားရေးအဖွဲ့တွင် ပါဝင်ပြီး (၈-၂-၁၅)နှင့် (၉-၂-၁၅)နေ့များ၌ မြောက်ရွှေပုထိုးရွာနှင့် တဆက်တည်း မိုင်းအင်ရွာမှ အ.ထ.က ကျောင်းကြီးတွင် အခြေခံပညာ အထက်တန်းတက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အဓိကထားရန် ဘာသာရပ်အသီးသီးတွင် လက်ရှိကျောင်းမှ ဘာသာရပ်အသီးသီးပြ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် သင်ကြားတတ်မြောက်ပြီး အခြေအနေ၊ လိုအပ်သည့်အပိုင်းကို အားဖြည့်သင်ကြား၊ ဆွေးနွေး၊ ပံ့ပိုးအားပေးကူညီမှု လိုအပ်ချက်ကို ဆောင်ရွက်ပေးကြရပါသည်။



(၉-၂-၁၅)နေ့နံနက်ပိုင်း စာသင်ချိန်တွင် တက္ကသိုလ်ဝင်တန်း၏စာသင်ခန်းနှစ်ခန်း၌ အင်္ဂလိပ်စာ၊ ဓာတုဗေဒတို့ စာရေးသူနှင့်ဆရာမကြီးဒေါ်နွဲ့မူစိန်တို့ အလှည့်ကျ သင်ကြားဆွေးနွေးပြီး ညနေပိုင်း စာသင်ချိန်တွင်လည်း အ

www.burmeseclassic.com

www.burmeseclassic.com





ခြားဘာသာရပ်များကို ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့မှ ကျောင်းချိန်အပြည့် အလုပ်ကျ တာဝန်ယူသင်ကြားပေး ကြပါသည်။

ထို့နောက် ညနေပိုင်းစာသင်ချိန်၌ မိုင်းအင် အ.ထ.က ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မာချိုနှင့် အလယ်တန်းမှ ဆရာဆရာမများ၏ ဆန္ဒ၊ လိုအပ်ချက်အရ အလယ်တန်း(ဆဋ္ဌမတန်းမှ အဋ္ဌမတန်းထိ)ကျောင်းသားကျောင်းသူလေးများ၊ စာပေ ဗဟုသုတနှင့် ဟောပြောပွဲရသကိုလည်း ခံစားနားလည်ရစေရန်၊ ဗိုလ်ချုပ်အောင်ဆန်းနှစ်ရာပြည့်မွေးနေ့အကြိုရက်လည်း ဖြစ်သဖြင့် ကျောင်းခန်းမ၌ ဟောပြောပွဲကျင်းပပြုလုပ်ဖြစ်ခဲ့သည်။

"ဗိုလ်ချုပ်မွေးနေ့ရာပြည့်အထိမ်းအမှတ်" ဟောပြောပွဲတွင် စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီမှုအဖွဲ့(ဥက္ကဋ္ဌ)ဦးမျိုးသန့်၊ ဆရာ ဦးအောင်ကြည်(တက္ကသိုလ်)၊ ဆရာမဖွန်ဖြူ(ပညာရေး)နှင့် ဆရာမ ရွှေယဉ်နုတို့က ဗိုလ်ချုပ်၏ကလေးဘဝ၊ စာပေ၊ စည်းကမ်း၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ ဓနုတိုင်းရင်းသား ကျောင်းသားကျောင်းသူကလေးများကို ဟောပြောခွင့်ရရှိခဲ့သည်။

(၁၀-၂-၁၅)နေ့နံနက်ပိုင်းမှာ ပင်းတယမြို့နယ်၊ မြောက်ရွှေပုထိုး ဓနုရွာမှ ရပ်စောက်မြို့နယ်၊ ကောင်းဘို့အမည်ရှိ ဓနုရွာသို့ ထိုအဖွဲ့ကြီး ဆေးပစ္စည်းများနှင့် ဆေးကုသပေးမည့် ပညာရှင်များ၊ စာပေဗဟုသုတ လှူဒါန်းမည့် ပစ္စည်းများနှင့် ပညာသင်ကြားပေးမည့်အဖွဲ့ဝင်များ အထောက်အကူပြုအဖွဲ့ဝင်များကို မော်တော်ယာဉ်ကြီးနှစ်စီးဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ရေးဌာနေမှအဖွဲ့မှ ပို့ဆောင်ပေးကြပါသည်။

ရွေးနည်းတူစွာပင် ကောင်းဘို့ရွာတွင် ကြိုတင်စီစဉ်ထားသည့်အဆောက်အဦးနေရာ၌ ယာယီဆေးခန်းကြီး ပြင်ဆင်ဖွင့်လှစ်သည်။ တစ်နေကုန်အောင် ဘေးပတ်ဝန်းကျင် တောင်ပေါ်ရွာငယ်များမှ လာရောက်ကြသည့်လူနာများကို စမ်းသပ်ပေးကြ၊ ဆေးဝါးဒါနပြုလှူဒါန်းဆောင်ရွက်ကြသည်။

စာရေးသူအပါအဝင် ပညာသင်ကြားရေးအဖွဲ့တွင်လည်း ဆရာဦးမျိုးသန့်(မြန်မာစာ)၊ ထိုက်(ရူပဗေဒ)၊ ဆရာမ ဒေါ်နွဲ့မူစိန်(ဓာတုဗေဒ)၊ ဒေါ်ခင်အေးသွင်(ဘောဂဗေဒ)တို့ကို ကောင်းဘို့အ.ထ.ကကျောင်းအုပ်ကြီးနှင့် စီစဉ်တိုင်ပင်ကာ ဘာသာရပ်ဆွေးနွေးသင်ကြားမှုများ ပြုလုပ်ခဲ့ကြသည်။ ကျောင်းရှိ ဒေသခံ ဆရာ/ဆရာမများ သင်ကြားပေးပြီး နာယူမှတ်စုကာ လိုအပ်ချက်အပိုင်းများကို ခြုံစုံမိစေရန် ဆက်စပ်တွေးခေါ် ဖြေဆိုနိုင်စေရန် ကူညီပံ့ပိုး ဆွေးနွေးခဲ့ကြသည်။

(၈-၂-၁၅)ညပိုင်းတွင် မြောက်-ရွှေပုထိုးကျောင်းကြီးပေါ်၌လည်း ဘက်စုံပညာပေးဟောပြောပွဲအဖြစ် စာတတ်မြောက်ရေးနှင့် ဒေသခံဖွံ့ဖြိုးမှုကူညီရေးအဖွဲ့မှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်မကြီးတစ်ဦးနှင့် စာရေးသူတို့က ရပ်ရွာအကျိုးပြု ဘက်စုံဟောပြောခဲ့ကြပြီး စာအုပ်စာစောင်များ၊ စားစရာများနှင့် အဝတ်အထည်များကို လှူဒါန်းမှုပြုလုပ်ခဲ့ကြပါသည်။

(၁၁-၂-၁၅)နေ့ နံနက်ပိုင်းမှာ မြောက်-ရွှေပုထိုးရွာ၌ နံနက်စာစာ သုံးဆောင်ကြပြီး ဓနုတိုင်းရင်းသား တာဝန်ရှိသူတို့က မော်တော်ယာဉ်ကြီးနှစ်စီးဖြင့် ပင်းတယမြို့နယ်ကို ကျော်ဖြတ်သန်းကာ အောင်ပန်းမြို့သို့အရောက် အပြန်ခရီးစဉ်ကို ညှိဝတ်ကျေပွန်စွာ ပြန်လည်ပို့ဆောင်ပေးပြီးမှ နှုတ်ဆက်ခွဲခွာ၊ ညနေပိုင်းအရောက်မှာ ရန်ကုန်သို့ အဝေးပြေးယာဉ်ကြီးဖြင့် ပြန်လည် လိုက်ပါလာခဲ့ရပါတော့သည်။

ဉာတကာနဋ္ဌ သင်္ဂဟော-သာဓု ခေါ်စေသော်ဟု ...။ ။

ရွှေယဉ်နု



www.burmeseclassic.com

www.burmeseclassic.com





# ညွန့်ညွန့် (ကလော)
# တို့ ဝနမြေ

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ‥ အမိန့်ရှိပါရှင်၊ ကျွန်မ ညွန့်ညွန့်ပါ"

"အဲ ‥ ညွန့်ညွန့် ‥ မမ ‥ မနွယ်ပါ၊ ကလောကလေ"

"ဟယ် ‥ မမ၊ ဘယ်ကနေ ဆက်နေတာလဲ။ ညွန့် ဖုန်းနံပါတ် ဘယ်ကရတာလဲဟင်"

"မမနွယ် ရန်ကုန်ကပဲ ဆက်နေတာ၊ ဓနုဓမ္မာရုံက အတွင်းရေးမှူး ကိုကံညွန့်ဆီက ရတာ။ ဝမ်းသာလိုက်တာ ညီမရယ် ‥ ညွန့်ကို ပြောစရာတွေ အများကြီးရှိတယ်"

"ဟုတ်ပါပြီ ‥၊ (၃၁)လမ်းမှာရှိတဲ့ ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းတိုက်ကို စာမူလာပို့တဲ့ ကိုကံညွန့်က ဖုန်းနံပါတ်ပေး လိုက်တာကိုး။ ညွန့်က ကျောင်းအုပ်က သက်ပြည့်ပင်စင် ယူပြီး အခု ‥ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းတိုက်မှာ ရုံးအဖွဲ့မှူး လုပ်နေတယ်လေ"

မမနွယ်ဖုန်းဆက်တာကနေ စတာပါပဲ။ မမနွယ်ဆိုတာ ကလောမြို့၊ အ.ထ.က(၁)မှာ ကျောင်းအတူတက်ခဲ့ရတဲ့ မမပေါ့။ မမနွယ်တို့က အတန်းကြီးပါတယ်။ မမက နဝမတန်းမှာ ညွန့်က ဆဋ္ဌမတန်းမှာ။ အတူတွဲလုပ်ရတာကတော့ ကျောင်းမှာကျင်းပတဲ့ပွဲတိုင်း၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သီတင်းကျွတ် ဆရာကန်တော့ပွဲ၊ ကလေးများနေ့ အတန်းလိုက်ပျော်ပွဲရွှင်ပွဲ၊ တန်ဆောင်တိုင်ပွဲ၊ စာဆိုတော်နေ့အခမ်းအနား၊ ရှမ်းပြည်နယ်အောင်ပွဲရအားကစားသမားများ ကြိုဆိုပွဲ စသည် ‥ စသည်ပေါ့။ ပွဲတိုင်း ‥ ပွဲတိုင်း ကျောင်းစာရေးကြီး ဦးသန့်ဇင်နဲ့မမနွယ်တို့အတန်းက ကိုကြီးဝင်းလှိုင်တို့က အတီးမှာ တာဝန်ယူ၊ မမနွယ်က အဆို၊ ပေါ ‥ ညွန့်က အက၊ အတွဲကိုညီနေတာ။ ကိုကြီးဝင်းလှိုင်က ဘာတီးရမလဲ အစုံရတယ်။ မမနွယ်ကလည်း သီချင်းကြီး၊ ရတုရကန်၊ ခေတ်ပေါ် ဘာလာလာ ဆိုနိုင်တယ်။ ဒီလိုပဲ ညွန့်ကလည်း မင်းသားလို ကရမလား၊ မင်းသမီးလို ကရမလား၊ အိုးစည်၊ ဒိုးပတ်၊ ယိမ်းအက၊ တပင်တိုင်အက စသဖြင့် စွယ်စုံရမင်းသမီးပေါ့။ ဒီတော့ ကျောင်းမှာ ပေထိဆိုရင် ညွန့်တို့အဖွဲ့ပဲလေ။ ဒါကြောင့် ညွန့်အမည်ကိုတောင် ပါလေရာ 'ငှက်ထော်မ'တဲ့။

**ဓနုတိုင်းရင်းသားလူမျိုးစုဟာ အခုမျက်မှောက်ခေတ်မှာပေါ်လာတဲ့ လူမျိုးစုကြီး(၃)စုအနက်က တိဗက်မြန်မာအုပ်စုကြီးထဲမှာ ဓနုတိုင်းရင်းသားဆိုတာပါလာတဲ့အကြောင်းကို သမိုင်းအထောက်အထားမှာ တွေ့ရသလို…**

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အတွဲညီလာရာက အချိန်တန်လို့ ပညာတွေ စုံတော့ ‥အဲ ‥အလုပ်တွေလည်းရ၊ ကြင်ယာတွေလည်း ရကုန်ကြတာပေါ့နော်။ မမနွယ်က မြို့နယ်သမဝါယမဦးစီးမှာ၊ ညွှန့်က တောင်ကြီး ဆရာအတတ်သင်ကောလိပ်ဆင်းပြီး ကလောမြို့အလယ်တန်းကျောင်းမှာ ဆရာမလုပ်ရင်း တိုင်းပြည့်တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။

၁၉၇၅ ခုနှစ်မှာ ခင်ပွန်းသည်တာဝန်ကျရာ ရန်ကုန်မြို့ကို ပြောင်းရွှေ့လာရလို့ ကျောက်တံတားမြို့နယ်၊ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းမှာ တာဝန်ထမ်းဆောင်ရပါတယ်။ ၁၉၈၃ မှာ ဒီကျောင်းမှာပဲ ကျောင်းအုပ်တာဝန်နဲ့ ဆက်လက်တာဝန်ယူခဲ့တာ သက်ပြည့် ၂၀၀၉ ခုနှစ်ထိပေါ့။ အခုတော့ သက်ပြည့်ပင်စင်ခံစားရင်း စာမူလေးတွေ၊ ဆောင်းပါးလေးတွေ ရေးနေပါတယ်။

အခုလို ညွှန့်အကြောင်း ပြောပြနေတာက ရန်ကုန်မှာ အနေကြာပေမဲ့ ညွှန့်ဟာ ကလောသူ ဓနုမလေးဖြစ်တဲ့ အကြောင်း သိစေချင်လို့ပါ။ ဒါကို သိနေတဲ့ ညွှန့်အရင် ရန်ကုန်ရောက်နေတဲ့ မမနွယ်က ဖုန်းနံပါတ်လည်း သိရော အခု ဖုန်းဆက်ပြီလေ။ အဓိက,ကတော့ ဓနုတိုင်းရင်းသား မိသားစုအသင်းဝင်ဖို့လေ။ ဟဲ ‥ဟဲ ‥ဘာရမလဲ ‥ဒီက လည်း ငိုချင်နေတာနဲ့ အတော်ပဲ ‥လက်တို့လိုက်တာနဲ့ တစ်ခါတည်း ငိုတော့တာပဲ။

ဒီလိုနဲ့ ကျွန်မညွှန့်ညွှန့် ဓနုတိုင်းရင်းသားမိသားစု အသင်းဝင်၊ ဓနုတိုင်းရင်းသူလေး ဖြစ်သွားခဲ့ပါပြီ။ အဲဒီအခါမှ အသင်းထဲမှာ ပါဝင်နေတဲ့ အသင်းဝင်များရဲ့ သုံးပုံတစ်ပုံဟာ ကျွန်မနဲ့ ခင်မင်းရင်းနှီးခဲ့ဖူးတဲ့သူတွေ ဖြစ်နေပါတယ်။ နာယကကြီးများကအစ မောင်နှမတွေလိုနေလာတဲ့ တောင်ကြီးသား၊ ကသားသားတွေ ဖြစ်နေကြပါတယ်။ အသင်းဝင်တွေထဲမှာလည်း ကလောတုန်းက စာသင်ပေးခဲ့တဲ့ တပည့်တွေ၊ ရန်ကုန်မှာစာသင်ပေးခဲ့တဲ့ တပည့်တွေလည်း တွေ့ရပါတယ်။

အလျဉ်းသင့်တုန်း ကျွန်မတို့ ဓနုတိုင်းရင်းသားလူမျိုးစုရဲ့အကြောင်းကို ကျွန်မဖတ်ရှုလေ့လာမိသလောက် ပြောပြပါရစေ။

ကျွန်မတို့ ဓနုတိုင်းရင်းသားလူမျိုးစုဟာ အခုမျက်မှောက်ခေတ်မှာပေါ်လာတဲ့ လူမျိုးစုကြီး(၃)စုအနက်က တိဗက်မြန်မာအုပ်စုကြီးထဲမှာ ဓနုတိုင်းရင်းသားဆိုတာပါလာတဲ့အကြောင်းကို သမိုင်းအထောက်အထားမှာ တွေ့ရသလို ၁၁၃၂ ခုနှစ်၊ နိဗ္ဗင်ဘာလမှာ ထုတ်ဝေခဲ့တဲ့ ဆရာတော်ဘောသလ္လ(မြို့ကြီးတောရ)ရေးသားထားတဲ့ သမိုင်းကပြောသော ဓနု၊ ဓနုကပြောသောသမိုင်းစာအုပ်မှာ အထောက်အထားတွေ အခိုင်အမာနဲ့ ရေးသားတင်ပြထားတာကို တွေ့ရပါတယ်။

မြန်မာပြည်နေရာအနှံ့ နေထိုင်ပေမဲ့ လူမျိုးစု အများဆုံးနေထိုင်ကြတာကတော့ မန္တလေးတိုင်း၊ မေမြို့၊ ရှမ်းပြည်နယ်ရှိ မိုင်းလုံ၊ ရပ်စောက်၊ ပင်းတယ၊ ပွေးလှ၊ ရွာငံဒေသတွေ ဖြစ်ကြပါတယ်။ မြို့ကြီးများဖြစ်တဲ့ တောင်ကြီး၊ အောင်ပန်း၊ ဟဲဟိုးနဲ့ ကလောမြို့များမှာလည်း နေထိုင်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

> **ဓနုတိုင်းရင်းသားလူမျိုးတို့မှာ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ရိုးရာဝတ်စုံ၊ ရိုးရာသီချင်း၊ ရိုးရာအက၊ ရိုးရာတူရိယာတို့ ရှိကြပါတယ်။ မြို့ရွာအလိုက်ထင်ပေါ်ကျော်ကြားတဲ့ ဘုရားစေတီနဲ့ ဆရာတော်များ၊ သဘာဝလိုဏ်ဂူများ၊ သဘာဝရှုခင်းများ . . .**

ဒါ့အပြင် မိုးကုတ်၊ မိုးမိတ်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ ပင်မှီ၊ ဘော်နင်း၊ သာမိုင်းခမ်း၊ လုံးပိုး၊ တီကျစ်၊ ပင်လောင်းနဲ့ ပေါင်းလောင်းမြစ်ရိုးတစ်လျှောက်မှာ နေထိုင်ကြတာကိုလည်း တွေ့ရပါတယ်။

ဓနုတိုင်းရင်းသား လူမျိုးစုများဟာ မိမိလူမျိုးစုအတွက်သာမက နိုင်ငံတော်အတွက်လည်း သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြတာလည်း လေ့လာမှတ်သားရပါတယ်။ မြန်မာ့မျိုးချစ်ခေါင်းဆောင်များနဲ့အတူ အခြားတိုင်းရင်းသားမျိုးနွယ်စုများနှင့်အတူ စည်းလုံးညီညွတ်စွာနဲ့ လွတ်လပ်ရေးကို အရယူခဲ့ကြပါတယ်။

နယ်ချဲ့ကို တော်လှန်ခဲ့ရာမှာ ရှာင်နယ်မှ အမာခံတပ်သားများကို စုစည်းပြီး ကျောက်မောင်းကြီးကိုတီးကာ နယ်ချဲ့တို့ကို ရဲရဲဝံ့ဝံ့တွန်းလှန်ခဲ့သူတွေထဲမှာ ဓနုအမျိုးသားအမျိုးသမီးတွေဖြစ်တဲ့ ဦးရန်ပြို၊ ဗိုလ်နိုင်၊ ဗိုလ်ကျူးနဲ့ သုတမာရီတို့ ပါဝင်ခဲ့ကြပါတယ်။ ဒါ့အပြင် ပင်းတယမြို့နယ်က ဦးချစ်ပင်နဲ့ ဦးတူတို့လည်း ပါခဲ့ပါသေးတယ်။

၁၉၄၅ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ မြို့ကြီးတိုက်ပွဲ၊ ၈ ရက်နေ့ ခံတောတိုက်ပွဲ၊ ၂၂ ရက်နေ့ ရှာင်တိုက်ပွဲ၊ ၂၅ ရက်နေ့ မြင်းကျဒိုးတိုက်ပွဲ၊ ၂၆ ရက်နေ့ အလယ်ချောင်တိုက်ပွဲ၊ မေလ ၁ ရက်နေ့ ပွေးကြီးတိုက်ပွဲ၊ ၄ ရက်နေ့ တောကျယ်တိုက်ပွဲ၊ ၈ ရက်နေ့ ဝါးရွက်တိုက်ပွဲ၊ ၁၂ ရက်နေ့ ပင်းတယတိုက်ပွဲစတဲ့ လွတ်လပ်ရေးအတွက် ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲတွေမှာ မြန်မာ့တပ်မတော်နဲ့အတူ ဒေသခံဓနု၊ တောင်ရိုး၊ ရှမ်း၊ ပအို့ဝ်စတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ အောင်မြင်စွာတွန်းလှန်တိုက်ခိုက်ခဲ့ကြပါတယ်။

ကျွန်မ တင်ပြချင်တာက ဓနုတိုင်းရင်းသားလူမျိုးစုဟာ ရှေးယခင်ကစလို့ ယနေ့အထိထင်ပေါ်ခဲ့တဲ့ လူမျိုးစုဖြစ်တယ်ဆိုတဲ့အကြောင်း ပြောပြချင်တာပါ။ ဓနုတိုင်းရင်းသားလူမျိုးတို့မှာ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ရိုးရာဝတ်စုံ၊ ရိုးရာသီချင်း၊ ရိုးရာအက၊ ရိုးရာတူရိယာတို့ ရှိကြပါတယ်။ မြို့ရွာအလိုက် ထင်ပေါ်ကျော်ကြားတဲ့ ဘုရားစေတီနဲ့ ဆရာတော်များ၊ သဘာဝလိုဏ်ဂူများ၊ သဘာဝရှုခင်းများ ရှိကြပါတယ်။

နှစ်စဉ်နှစ်တိုင်း ရာသီအလိုက်ကျင်းပတဲ့ ဘုရားပွဲများရှိပါတယ်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ လေ့လာသူများနဲ့ အမြဲစည်ကားလျက်ရှိပါတယ်။ ဓနုတိုင်းရင်းသားလူမျိုးစုများရဲ့ အသီးသီးသော စာပေဝါသနာရှင်များ၊ သမိုင်းပညာရှင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လူကြီးမင်းတို့၏ ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် ယခုဆိုရင် ဓနုတိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေကို ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဓနုတိုင်းရင်းသားများ၏ လူမျိုးစုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင်လည်း ဆောင်ရွက်ရမည်မှာ ဓနုတိုင်းရင်းသားအားလုံး၏ တာဝန်ပင်မဟုတ်ပါလားရှင်။

ကျွန်မအနေနဲ့လည်း ရန်ကုန်မြို့၊ ဓနုတိုင်းရင်းသားမိသားစုအသင်းဝင်တစ်ယောက်ဖြစ်တာမို့ အသင်းရဲ့လှုပ်ရှားဆောင်ရွက်မှုအားလုံးမှာ ကိုယ်စွမ်းရှိသလောက် ကျရာနေရာက တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

အဆိုအကဝါသနာပါတဲ့ ဓနုတိုင်းရင်းသူတစ်ယောက်ဖြစ်လို့ အဆိုတော်ဘိုဖြူသီဆိုထားတဲ့ "ချစ်စရာ ဓနုမြေ" ထဲက မရိုးမအီနိုင်တဲ့ သီချင်းစာသားလေးကို ဖော်ပြပါရင်း ဓနုတိုင်းရင်းသားမိသားစုများကို ဂုဏ်ပြုလိုက်ပါတယ်ရှင်–

"ရှာင်သူမ အပျိုကြီး ××××××× ရည်စားထားတော့ စပ်ဖြိုးဖြိုး"

"စပ်ဖြိုးဖြိုးပေါ့ ×××× စပ်ဖြိုးဖြိုး"

"ပင်းတယသူမ ××× ဝတုတ်တုတ် ×××× ယောက်ျားယူဖို့ ဟန်ရေးလုပ်"

"မုန်လာထုပ် ×××× မုန်လာထုပ်"

"တစ်နှစ်လာလည်း ×××× ပော တိုင်းတိုင်း"

"နေနှစ်လာလည်း ×××× ပောတိုင်းတိုင်း"

"ဓနုမနှယ် ×××× အပျိုဟိုင်း"

"အပျိုဟိုင်းပေါ့ ×××× အပျိုဟိုင်း"

ညွှန့်ညွှန့်(ကလော)

www.burmeseclassic.com

www.burmeseclassic.com





မိုးနှင်းဆီ

တုနှိုင်းမမှီ

www.burmeseclassic.com

www.burmeseclassic.com



မနက်အာရုံတက် ဒေါ်တင်မေ တစ်ယောက် ဈေးရောင်းမထွက်ခင် ချက်ပြုတ်လုပ်ကိုင်ပြီး ညက ကျန်တဲ့ ထမင်းကြမ်းနှင့်ငပိချက်ကို ဝမ်းပြည့်အောင်ဖြည့်လိုက်သည်။ သားသမီးသုံးယောက်မွေးထားပေမယ့် သမီးနှစ်ယောက်ကလည်း စီးပွားရေးအဆင်မပြေ၊ ကလေးတွေအများကြီးရှိတော့ ငွေကြေးကျပ်တည်းစွာ ရုန်းကန်လုပ်စားနေကြရသည်။

အိမ်ချင်းကပ်လျက် သားငယ်ဖြစ်တဲ့ သန်းဇော်မှာ လက်သမားဆရာဆိုတော့ သူ့မိသားစုတွေ စားဝတ်နေရေးချောင်လည်ခဲ့ကြသည်။ သားက မိဘနှင့် ထမင်းအိုး အတူအချက်စားသော်လည်း ချွေးမဖြစ်သူကတော့ ယောက္ခမအပေါ်ကို စေတနာမပါဘဲငြိုငြင်ခဲ့သည်။

ချွေးမက ဒေါ်တင်မေရှေ့မှာမျက်နှာက တစ်မျိုး နောက်ကွယ်ရောက်ရင် ယောက္ခမတွေကို သူကျွေးထားရတယ်လို့ ရပ်ကွက်ထဲ အတင်းပြောလိုက်နဲ့။ သားအလုပ်က အမြဲတမ်းအဆင်မပြေတော့ မိဘဖြစ်ပြီး ပိုက်ဆံလည်းမပေးနိုင်၊ ထမင်းတစ်နပ်စားရတာလည်း လည်ချောင်းထဲ မျိုမကျခဲ့ပါ။

ယောက်ျားဖြစ်သူ ဦးသောင်းကလည်း ခြေထောက်မကောင်းတော့ အလုပ်ထွက်မလုပ်နိုင်တာကြာလှပြီ။ ဝမ်းရေးအတွက် ဒေါ်တင်မေ ဘယ်သားသမီးကိုမှ ဒုက္ခမပေးချင်တာကြောင့် လုပ်ကိုင်စားဖို့ သူများဆီ အတိုးနဲ့ငွေချေးပြီး မုန့်လုပ်ရောင်းခဲ့သည်။

အသက်ခြောက်ဆယ်ငါးနှစ်ကျော်လာပေမယ့် ဘဝမှ အပူအပင်များစွာ၊ ဆင်းရဲပင်ပန်းမှုတွေနဲ့ လောကဓံတရားကို ခါးစည်းခံခဲ့ပြီးတာကြာပြီ။ ဒီကြားထဲ သမီးကြီးတို့လင်မယားက တခြားမြို့ကိုသွားပြီး စီးပွားရှာချင်တယ်လို့ ပြောလာတော့။

"ကလေးတွေကို အမေ့ဆီ ခဏလောက်ခေါ်ထားပေးပါလား ... သမီးစားစရိတ်ကို လတိုင်းမှန်မှန်ပို့လိုက်မယ်၊ ဟိုမှာလုပ်ငန်းအခြေချလို့ အိမ်ဆောက်ပြီးသွားရင် အမေလည်း လာနေပေါ့"

"အေးပါ ... သမီးတို့ အဆင်ပြေဖို့ပဲ အရေးကြီးတယ်၊ အမေနှင့်ကလေးအတွက်ကို စိတ်မပူနဲ့"

ထမင်းအိုးက ကြီးလာတာကြောင့် ဒေါ်တင်မေတစ်ယောက်တည်း ဝင်ငွေနဲ့ စားဝတ်နေရေး ရပ်တည်လို့မရတော့ ရပ်ကွက်ထဲအသိဆိုင်မှ အကြွေးတွေ များခဲ့ပြီ၊ တစ်မြို့တစ်ရွာကို အလုပ်ကြောင့် ပြောင်းနေတဲ့ သမီးကြီးတို့ လင်မယား ပိုက်ဆံပို့မယ်ပြောပြီး နှစ်လရှိသွားသော်လည်း ငွေမပို့ခဲ့ပါ။

ဒေါ်တင်မေ သမီးဖြစ်သူကို ဘာမှမပြောပေမဲ့ သားငယ်သန်းဇော်ကတော့–

"အစ်မ ... သူ့သားသမီးတွေကို လာမခေါ်သေးဘူးလား၊ အမေ ဘယ်အချိန်ထိ ရှာကျွေးနေမှာလဲ"

"တစ်စိမ်းမှမဟုတ်တာ .. အမေ့မြေးတွေ ကျွေးထားရတာပဲ၊ သူတို့ အလုပ်အဆင်ပြေမှ ကလေးတွေကို ခေါ်နိုင်မှာပေါ့၊ ပြောမနေတော့နဲ့"

"မောင်နှမတွေထဲမှာ မိဘကို ဒုက္ခပေးတာဆိုလို့ အစ်မတစ်ယောက်ပဲ ရှိတယ်"

သမီးမွေးထားတဲ့ ကလေးတွေ ဒေါ်တင်မေလုပ်ကိုင်ကျွေးနေတာကို သားငယ်သန်းဇော်က သူ့အစ်မကို အပြစ်တင်ပြောဆိုခဲ့သည်။ အတိုးပေးစရာတွေရှိတာကြောင့် မနက်ကျရင် ဈေးထဲမှာ ရွှေရင်အေး လုပ်ရောင်းပြီး ညနေစောင်းရောက်တော့ အိမ်ရှေ့မှာ အမိုးထိုးကာ အကြော်ရောင်းခဲ့သည်။

နေဝင်မိုးချုပ် ဒေါ်တင်မေ ဈေးရောင်းရတာ ပင်ပန်းတဲ့ကြား အိမ်ပြန်ရောက်တော့ မြေးအဘိုးတွေ တစ်ယောက်နဲ့တစ်ယောက် မတည့်ကြဘဲ စကားများ ဆူညံသံတွေကြောင့် စိတ်ညစ်ရတာတစ်မျိုး၊ အငယ်ဆုံးမြေးနိုင်ဝင်းကို နေ့တိုင်း မုန့်ဖိုးအပြင် သူလိုချင်တာကို အတင်းပူဆာတတ်တော့ အဆင်မပြေတဲ့ကြား ဒေါ်တင်မေ ဝယ်ပေးခဲ့သည်။ သမီးကြီး လစဉ် ပိုက်ဆံ

**လူ့လောကဌ် သားသမီးအမျိုးမျိုး ရှိပါသော်လည်း တချို့သောသားသမီးတို့သည် မိဘကျေးဇူးကို လုံးဝမသိတတ်သူများလည်း ရှိကြပေလိမ့်မည် . . .**

www.burmeseclassic.com

www.burmeseclassic.com





မှန်မှန်ပို့မပေးဘဲ အပိုဝင်ငွေမရှိတာကြောင့် မြေးသုံးယောက်ကို တာဝန်ယူရတဲ့ စားစရိတ်ကြီးပေမဲ့ ကျွေးမွေးထားခဲ့သည်။

+++

လတွေကြာတော့ ငွေကြေးစုမိကြတဲ့ သမီးကြီးတို့လင်မယား ကိုယ့်မြို့မှာ ပြန်လာကြပြီး အရင်သတ်ကယ်အိမ်ကို ဖျက်ကာ တိုက်ဆောက်နေခဲ့သည်။ စီးပွားရေးအဆင်ပြေတဲ့သမီးကြီးဆီမှာ ဒေါ်တင်မေတို့လင်မယားနှစ်ယောက် တစ်လှည့် ပြန်မှီခိုပြီး အေးအေးဆေးဆေးနေသွားရန် ဆုံးဖြတ်ခဲ့သည်။

သို့သော်လည်း တကယ်တမ်းလက်တွေ့ဘဝမှာ ကိုယ်ဖြစ်ချင်သည့်ဆန္ဒနှင့် တစ်ထပ်တည်းကျဖို့ဆိုတာခက်ခဲလွန်းလှသည်။ သမီးကြီးအိမ်မှာလိုက်နေတယ်ဆိုပေမယ့် အခန့်သားထိုင်မနေဘဲ မိုးလင်းလာရင် ချက်ပြုတ်ပြီး တစ်အိမ်လုံး အဝတ်တွေကို လျှော်ဖွပ်လုပ်ကိုင်ပေးခဲ့သည်။

ဆောက်လုပ်ရေးကန်ထရိုက်လုပ်နေတဲ့ သမက်ဖြစ်သူက ဝင်ငွေကောင်းတာကြောင့် သမီးကြီးနှင့် မြေးတွေကလည်း ပိုက်ဆံကို နှမြောရမှန်းမသိသုံးနေခဲ့ကြသည်။ မိဘတွေကို သမီးကြီးက ကျွေးထားသော်လည်း တခြားလိုအပ်တဲ့ အသုံးစရိတ်ကိုတော့ မပေးနိုင်ပါ။

ဒေါ်တင်မေ ဈေးရောင်းတုန်းက စုဆောင်းထားတဲ့ပိုက်ဆံအနည်းငယ်ရှိတာကြောင့် ဘယ်သားသမီးကို လက်ဖြန့်မတောင်းခဲ့။ ယောက်ျားဖြစ်သူကလည်း သမက်နှင့်အဆင်ပြေအောင်နေဘဲ နေရာတကာ ဝင်ပြောတာကြောင့် ပြဿနာတွေဖြစ်ပြီး စကားတွေ များခဲ့ကြသည်။

"အမေတို့ ... ကိုယ့်အိမ်မှာပဲ ပြန်နေကြပါလား။ သမီးလည်း အဆင်ပြေသလို ပိုက်ဆံကိုကန်တော့ပါ့မယ်၊ အဖေက လူကြီးဖြစ်ပြီး အိမ်သားတွေနဲ့ တည့်အောင်မှမနေတာ၊ အချိန်ကြာရင် သမီးယောက်ျားလည်း အဖေ့ကြောင့် စိတ်ရှုပ်လာလိမ့်မယ်"

သမီးကြီးပြောဆိုနေတဲ့စကားများကို ဒေါ်တင်မေအလေးအနက်ထားပြီး နားထောင်ကာ အခြေအနေကိုကောင်းကောင်းကြီး သဘောပေါက်ခဲ့ပြီ၊ မိဘတွေအတွက်နှင့် သမီးကြီးတို့လင်မယား စိတ်ညစ်မှာကိုတော့ ဒေါ်တင်မေ ဘယ်လိုမှအဖြစ်မခံနိုင်ဘူး။

လူ့လောက၌ သားသမီးအမျိုးမျိုးရှိပါသော်လည်း တချို့သောသားသမီးတို့သည် မိဘကျေးဇူးကို လုံးဝမသိတတ်သူများလည်း ရှိကြပေလိမ့်မည်။ ဒေါ်တင်မေ သားသမီးမြေးတွေကို မငြိုမငြင်ရှာဖွေကျွေးမွေးသော်လည်း မိဘတွေကို လိုလေသေးမရှိအောင် ကျွေးမွေးစောင့်ရှောက်ဖို့တာကတော့ ခက်ခဲပင်ပန်းကြတဲ့ကိစ္စတစ်ခုပဲလား။

ဒေါ်တင်မေတို့လင်မယားဘဝက အေးအေးငြိမ်းငြိမ်းနေရပေမဲ့ ကံဇာတာမပါဘူးလို့ ပြောရတော့ရမှာပဲ။ လောကဓံတရားနှင့် ကြုံရဖန်များလာတဲ့ ဒေါ်တင်မေ ခံနိုင်ရည်ရှိခဲ့ပြီ။

ဒေါ်တင်မေ သူ့ခွန်သူ့အားနှင့် လုပ်ကိုင်နေသေးသောကြောင့် မသေခင်တော့ ဘဝရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားရဦးမယ်။ အသက်ကြီးပေမဲ့ သွားနိုင်လာနိုင်တာကြောင့် သော့ခတ်ထားတဲ့ အိမ်ဟောင်းလေးမှာပဲ လင်မယားနှစ်ယောက်ပြန်နေကြပြီး ဒေါ်တင်မေ ဈေးရောင်း လုပ်ကိုင်ခဲ့သည်။

မိဘအပေါ်မှာ သိတတ်နားလည်မှုရှိတဲ့ သားငယ် သန်းဇော်ကတော့ 'သားတို့တစ်လှည့် တာဝန်ယူပါမယ်၊ အမေတို့ ဘာမှမပူပါနဲ့'လို့ ပြောခဲ့သည်။ သားဖြစ်သူကတော့ ကိုယ့်မိဘတွေမို့



အိမ်မှာခေါ်ထားချင်သော်လည်း ချွေးမက အကြောင်းအမျိုးမျိုးပြောခဲ့သည်။

"ကိုဇော့်အလုပ်က ပိုက်ဆံနည်းနည်းပဲဝင်တော့ အိမ်စရိတ်တွေနှင့် တစ်လကို အလျှင်မီအောင် ချွေတာပြီး စားနေရတာ ... အမေ့မှာ သားသမီးဆိုလို့ ကိုဇော်တစ်ယောက်တည်းရှိတာလား၊ အစ်မကြီးတို့ကလည်း ပိုက်ဆံရှိရဲ့သားနဲ့ ကိုယ့်မိဘတွေကို ပြန်ကြည့်ဖို့ကောင်းတာပေါ့"

"မိဘတွေကို ကျွေးထားတာလောက်တော့ ငါတို့လည်း တတ်နိုင်ပါတယ် မြိုင်ရာ ...၊ အစ်မကြီးကို တွက်ကပ်ပြောမနေပါနဲ့"

"အရင်တုန်း အဆင်ပြေချိန်က အမေတို့ကို ကျွေးထားတာပဲမဟုတ်လား၊ ပိုလျှံတုန်းက မြိုင် ဘယ်နှစ်ခါပြောဖူးလို့လဲ၊ နောက်ပြီး ... ကိုဇော့်အမေက ဆေးလိပ်အမြဲသောက်နေတော့ တော်ကြာ ကလေးတွေ ရောဂါရနေမှဖြင့်"

သားငယ်နှင့် ချွေးမတို့ ပြောဆိုနေကြသည့်စကားတွေကို ဒေါ်တင်မေ

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရတော့ စိတ်ထဲမကောင်းဖြစ်မိသွားသည်။ ဘယ်ချွေးမက ယောက္ခမနှင့် တစ်အိမ်ထဲမှာ အတူနေပြီး ပြုစုစောင့်ရှောက်ဖို့ ဆန္ဒမရှိတော့ ကလေးအကြောင်းပြကာ ယောက်ျားနားဝင်အောင် လှည့်ပတ်ပြောခဲ့သည်။

"လောလောဆယ် ... မြိုင်တို့မှာ အဆင်မပြေသေးတော့ မိဘတွေရဲ့ စားဝတ်နေရေးမပူရအောင် အစ်မကြီးကပဲ လုပ်ကိုင်ပေးဖို့ကို ပြောလိုက်ပေါ့၊ သူတို့လည်း အမေတို့ကို ပစ်မထားလောက်ပါဘူး"

နောက်ဆုံးတော့ ဇနီးစကား နားယောင်တဲ့သားငယ်ကလည်း သူ့ အစ်မဆီသွားပြီး မိဘတွေကို တာဝန်ယူစောင့်ရှောက်ဦးလို့ ပြောခဲ့သည်။ သူစိမ်းလည်းမဟုတ်ဘဲ ကိုယ့်မိဘကိုကျွေးမွေးရတာ ကိုယ့်ကုသိုလ်ဟု သားသမီးတွေရဲ့စိတ်ထဲ တစ်ယောက်မှ စဉ်းစားမယ့်လူမရှိပါလား။

ပိုက်ဆံရှိတဲ့ သမီးကြီးကလည်း မိဘတွေကို ပေးကမ်းကျွေးရတာကို သားသမီးတွေအတွက်တော့ ဝန်ထုပ်ဝန်ပိုးတစ်ခုလို ဖြစ်နေတာလားမသိ။ ယခုလည်း အကြောင်းအမျိုးမျိုးပြောလာတဲ့စကားကြောင့် ဒေါ်တင်မေရင်ထဲ စိတ်မကောင်းဖြစ်မိသည်။

"သမီးတို့လည်း လတိုင်း ငွေအကုန်အကျတွေများနေလို့ အမေတို့ကို ပြန်ကြည့်နိုင်သေးမှာမဟုတ်တော့ မောင်လေးနဲ့အတူသွားနေပါလား"

"သားဆီမှာလည်း မနေချင်ပါဘူးကွယ်၊ အမေ့မှာ စုဆောင်းထားတဲ့ ပိုက်ဆံရှိတော့ တစ်ဝမ်းတစ်ခါးအတွက် ဘာပူစရာလိုလဲ၊ ဈေးပြန်ရောင်းလို့ရတာပဲ၊ သမီးတို့ဘာသာ အဆင်ပြေအောင်နေပါ"

မိဘကို ထောက်ပံ့သည့်ငွေက သားသမီးအနေနဲ့ သူတို့စီးပွားရေးတွေ ထိခိုက်နစ်နာသွားလောက်တဲ့ကိစ္စလည်းမဟုတ်။ နေရေးအတွက်ကို မပူပင်ရသော်လည်း နေ့စဉ် စားသောက်စရိတ်တို့အတွက်တော့ ဝင်ငွေမရှိဘဲ ရပ်တည်ဖို့ဆိုတာ မလွယ်ကူဘူး။

ဒေါ်တင်မေအနေနဲ့ ဈေးရောင်းတဲ့အလုပ်က ခက်ခဲပင်ပန်းလှသည်လည်းမဟုတ်။ ကိုယ့်ဘာသာ ရှာဖွေစားသောက်ရမယ့်ကံက ရှိနေပြန်တော့ ဘယ်သားသမီးကိုမှ အားမကိုးဘူးလို့ ဆုံးဖြတ်ထားခဲ့သည်။

သားငယ်သန်းဇော်ကတော့ သူ့ အစ်မကို မိဘတွေပြန်မကြည့်ကောင်းလားဆိုပြီး အပြစ်စကားပြောနေတာကြောင့် ဒေါ်တင်မေ သားနှင့်သမီးကြားဖျန်ဖြေဝင်ပြောလိုက်သည်။

"အစ်မယောက်ျား ... ဝင်ငွေကောင်းနေတာကို မိဘကို ကန်တော့ရတဲ့ပိုက်ဆံလောက်နဲ့ မွဲမသွားပါဘူး၊ အမေပဲ အစ်မသားသမီးတွေ ဈေးရောင်းပြီး လုပ်ကိုင်ရှာကျွေးထားတာကို သိတတ်ရင်ကောင်းမယ်"

"နင် ... ဘာမှမသိဘဲ မပြောနဲ့၊ လုပ်ငန်းက ငွေရပေမယ့် ပြန်ကုန်သွားတာများနေတယ်၊ လက်ထဲ ပိုက်ဆံအမြဲမရှိတော့ အမေတို့ကို ဘယ်လိုလုပ်ပေးနိုင်မှာလဲ၊ မိဘတွေက သားသမီးအပေါ်ကို စောင့်ရှောက်ရှာဖွေကျွေးထားတဲ့ ကျေးဇူးတရား အစ်မနားလည်တယ်"

"တစိမ်းနဲ့ တခြားလူတွေ အစ်မအိမ်မှာ ဝင်ထွက်စားသောက်နေတာကျတော့ ကုန်တယ်လို့မပြောဘဲ အဖေနှင့်အမေ့ကို လိုအပ်တဲ့ အသုံးစရိတ်ပေးရတာများ ဘာလို့ ညည်းညူပြောနေတာလဲ"

"အမေမွေးထားတဲ့ သားသမီးတွေက ငါတစ်ယောက်တည်းမှ မဟုတ်တာ၊ မိဘတွေကို နင်လည်း တစ်လှည့်ခေါ်ထားလို့ရတာပဲ"

"ကျွန်တော့်မှာ အစ်မလို ပိုက်ဆံရှိခဲ့ရင် အဖေနဲ့အမေ့ကို အေးအေးဆေးဆေး ကျွေးထားနိုင်တာပေါ့၊ အလုပ်အမြဲမရှိတော့ ကိုယ့်မိသားစုတောင် ကျပ်တည်းနေတာကြာပြီ"

ဒေါ်တင်မေကတော့ သူတို့လင်မယားအတွက်နဲ့ သားသမီးတွေ စိတ်ညစ်ပြီး တစ်ယောက်တစ်ခွန်း စကားများနေတာကို မလိုလားပါ။

"သားငယ်မှာလည်း ကလေးတွေများတော့ ရုန်းကန်လုပ်ကိုင်နေရတာကို အမေသိတာပေါ့၊ ဒီလိုပဲ သမီးကြီးဘက်ကကြည့်ရင် အခက်အခဲဖြစ်နေချိန်မှာ ဘယ်အပိုဝင်ငွေရှိမလဲ။ မောင်နှမတွေ တစ်ယောက်နဲ့တစ်ယောက် အပြစ်တင်မနေတော့နဲ့"

မိဘအပေါ်မှာ သားသမီးတွေ ဘယ်လောက်ပဲ နားလည်သိတတ်မှုမရှိရင်လည်း နားလည်ခွင့်လွှတ်ပေးနိုင်ခဲ့သည်။ ဒေါ်တင်မေ ကိုယ့်သားသမီး အဆင်ပြေနေရင် ဝမ်းသာနေပေမယ့် သူတို့ဆီက ရရှိမယ့်အကျိုးကျေးဇူးကိုတော့ မမျှော်လင့်ခဲ့ပါဘူး။

သမီးကြီးက မိဘကို ပြန်မကြည့်ပေမယ့် သားငယ်ကတော့ အရင်လို စိတ်မျိုးမဟုတ်လို့ တစ်ခါတလေ ... အလုပ်အဆင်ပြေတဲ့အခါ သားဖြစ်သူက ဒေါ်တင်မေကို သုံးဖို့ ပိုက်ဆံပေးပေမယ့် မယူရက်ပါ။

"သားသမီးတွေဆီက ပိုက်ဆံကို မလိုချင်ပါဘူးကွယ်၊ ဖြစ်နိုင်ရင် အမေကတောင် ပြန်ပေးချင်တာ"

"အဖေကလည်း အလုပ်မလုပ်နိုင်တော့ အမေတစ်ယောက်တည်း ဝင်ငွေနဲ့ လောက်ပါ့မလား"

"အမေတို့အတွက် စိတ်မပူပါနဲ့ နောင် လိုအပ်ရင် သားကို ပြောမှာပေါ့"

ဒေါ်တင်မေကတော့ ဘယ်

www.burmeseclassic.com

www.burmeseclassic.com

လောက်ပဲ ဆင်းရဲကျပ်တည်းနေပါစေ။ သားသမီးတွေ အပူသောကမပေးသလို မိဘကို ပြုစုလုပ်ကျွေးဦးလို့ တစ်ခွန်းမှ မပြောခဲ့ဘူး။

ဈေးရောင်းတဲ့အလုပ်က ဒေါ်တင်မေအတွက် မပင်ပန်းပေမယ့် ကြာလာတော့ ကျန်းမာရေးမကောင်း ဖြစ်လာခဲ့သည်။ ရောဂါဆိုတာလည်း ခုတစ်မျိုး တော်ကြာတစ်မျိုး။ နေထိုင်မကောင်း ဖြစ်လိုက်၊ ပြန်သက်သာလိုက် အသက်ကလည်း ခုနစ်ဆယ်နီးပေမယ့် ရုန်းကန်ရတုန်းပါ။

သားသမီး ကံမကောင်းတဲ့ ဒေါ်တင်မေဘဝမှာ တစ်ယောက်တည်း အထီးကျန်စွာနေရမယ့်အကြောင်းကံ ပါလာပြန်တော့။ လေဖြတ်နေတဲ့ ယောက်ျားဖြစ်သူက ဆေးကုပေမဲ့ နောက်ဆုံးတော့ သူ့ကိုထားပြီး လောကကြီးထဲ ထွက်ခွာသွားခဲ့သည်။

ဒေါ်တင်မေ ကိုယ့်ကျန်းမာရေး အခြေအနေကြောင့် အရင်လိုဈေးထွက်မရောင်းနိုင်တော့ သားသမီးအိမ် လိုက်နေပြီး ဒုက္ခမပေးချင်ဘူး။ သမီးကြီးကလည်း မိခင်ကို သူတို့နှင့်အတူ လာနေဖို့ တစ်ခွန်းမှမပြော။

သားဆီနေချင်ပေမယ့် ချွေးမက ကြာလာရင် ယောက္ခမကို မကြည်ဖြူမှာစိုးလို့ ဆွေမျိုးတွေရှိတဲ့ တောမှာသွားနေဖို့ ဆုံးဖြတ်ခဲ့သည်။ သားသမီးတွေကလည်း သူတို့မိသားစုအရေးကိစ္စပဲ ခေါင်းစားပြီး မိခင်ကိုတော့ ပြုစုလုပ်ကိုင်ပေးဖို့ တစ်ယောက်မှ သတိမရခဲ့ပါ။

ရေစုန်ကိုလိုက်နေကြသော်လည်း ရေဆန်ကိုဆန်တက်ဖို့ ကြိုးစားချင်သူ များပါးလှသည်။ ဒေါ်တင်မေ အိုမင်းရွဲ့ဘဝရဲ့နောက်ဆုံးချိန် သားသမီးတွေအနားမှာ ပြုစုမယ့်လူမရှိဘဲ ဆုံးသွားခဲ့ရသည်။

\+ + +

ဝဋ်ဆိုတာ ‥ လည်တတ်သောသဘောရှိသည်။ မမြင့် ငွေကြေးအဆင်မပြေပေမယ့် မိဘတွေက မုန့်လုပ်ရောင်းပြီး ဆင်းရဲစွာနေရတာကို သိရဲ့သားနဲ့ ပြန်မကြည့်တဲ့အပြစ်ကြောင့် နောင်တစ်ချိန် ကံတူအကျိုးပေးအတိုင်း ဖြစ်လာခဲ့သည်။

လုပ်ငန်း အရင်လိုမလုပ်ကိုင်ရတော့ စီးပွားရေးလည်း အဆင်မပြေတဲ့ကြား သားသမီးတွေ ပိုက်ဆံအသုံးအစွဲကြီးတာကြောင့် စိတ်ညစ်ခဲ့သည်။ သမီးကြီးဖြစ်သူကလည်း ပိုက်ဆံရှိတဲ့လူနဲ့ ယူသွားပေမယ့် မိဘကိုတော့ပြန်မကြည့်ခဲ့ပါ။

ယောက်ျားဖြစ်သူ အလုပ်နားထားရတာကြောင့် ဝင်ငွေမရှိတော့ စားဝတ်နေရေးအတွက် အကြွေးတွေတင်လာခဲ့သည်။ သမီးကြီးကလည်း မိဘတွေကျပ်တည်းနေတာကိုသိရဲ့သားနဲ့ ပိုက်ဆံသွားချေးခဲ့ရင် ‘သမီးယောက်ျားငွေဆိုတော့ အမေ အတိုးပေးမှရမယ်နော်’’တဲ့။

သား နိုင်ဝင်း အလုပ်လုပ်ပေမဲ့ ရတဲ့ပိုက်ဆံကို မိဘကိုပြန်မပေးဘဲ အကုန်သုံးဖြုန်းပြီး အပေါင်းအသင်းတွေနဲ့ လည်ပတ်နေခဲ့သည်။ တစ်ချိန်က မိဘတို့အပေါ်သားသမီးဝတ္တရားကျေပွန်ခြင်းမရှိဘဲ လျစ်လျူရှုခဲ့တော့ ကိုယ်မွေးတဲ့သားသမီးတွေကလည်း ကိုယ့်အပေါ် ထပ်တူညီစွာ မသိတတ်တာ မဆန်းပါဘူး။

ဒေါ်မြင့် သားသမီးတွေရှိပေမယ့် ဘယ်သူကမှ မလုပ်ကျွေး မပြုစုခဲ့တာ သံသရာဝဋ်တစ်ပတ်လည်တယ်လို့ပဲပြောရမှာပေါ့။ ကိုယ့်သားသမီးတွေရဲ့ကိစ္စတွေနဲ့ အချိန်ကုန်နေပြီး မိဘကိုတော့ ဂရုတစိုက် မပြုစုမလုပ်ကျွေးခဲ့တာတွေ ဒေါ်မြင့် နောင်တရလို့ မဆုံးနိုင်။

စီးပွားရေး အဆင်မပြေတော့ ဝင်ငွေမရှိတဲ့ကြား ယောက်ျားဖြစ်သူ ကျန်းမာရေးမကောင်းတာကြောင့် ကုန်ကျစရိတ်တွေ များလာခဲ့သည်။ ဒေါ်မြင့်တို့လင်မယား သူများကို ပေးစရာအကြွေးတွေ ပိုများလာပြီး အိမ်ကိုရောင်းပစ်ဖို့ ဆုံးဖြတ်လိုက်သည်။

ပိုက်ဆံရှိပြီး ပြေလည်တဲ့သမီးကြီးကိုရောင်းရင် ကိုယ့်သားသမီးဆိုတော့ အိမ်မှာပေးနေလောက်တယ်လို့ ထင်ခဲ့မိသည်။ ဒေါ်မြင့် စိတ်ကူးထားတာတွေ ဖြစ်မလာဘဲ–

“သမီး အိမ်ကို ဝယ်နိုင်ပါတယ်၊ ဒါပေမဲ့ ‥‥ အမေတို့ တခြားမှာ ငှားနေကြပေါ့၊ ရောင်းပြီးတဲ့ အိမ်မှာ အမေတို့ နေလို့မရဘူး’’လို့ ပြောခဲ့သည်။

သမီးစကားတွေကြောင့် ဒေါ်မြင့် ရင်ထဲမှာ ဆို့နင့်နေအောင် ခံစားလိုက်ရပြီး ကျလာတဲ့မျက်ရည်တွေ ထိန်းထားခဲ့သည်။ ကိုယ့်မိဘတွေလည်း သားသမီးထောက်ပံ့မှုမယူဘဲ နေလာခဲ့ရတယ်မဟုတ်လား။

ဒေါ်မြင့်တို့လင်မယားလည်း ဘယ်သားသမီးကိုမှ အားမကိုးတော့ဘဲ ကိုယ့်ဘဝကိုယ် ရုန်းကန်ရဦးမယ်။ အိမ်ကိုရောင်းလို့ ပိုတဲ့ငွေနဲ့ အိမ်ငှားနေပြီး ဝမ်းရေးအတွက် နောက်ဆုံး ဒေါ်မြင့် မုန့်လုပ်ရောင်းကာ နေထိုင်ခဲ့ရသည်။

သားသမီးတွေကို လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ခဲ့ပြီး ကိုယ့်မိဘကိုတော့ နေထိုင်မကောင်းဖြစ်လည်း ဆေးကုပေးရမှန်းမသိဘူး။ လုပ်ကိုင်ရှာဖွေလို့ရတာမှန်သမျှ ကိုယ့်သားသမီးအတွက်ပဲ စဉ်းစားပြီး မိဘအတွက်ကိုတော့ မပါခဲ့ဘူးလေ။

အမေဆိုတာ သားသမီးတွေရဲ့ ခိုကိုးအားထားရာဖြစ်သလို သားသမီးတွေဆိုတာဟာလည်း အမေ့ရဲ့ ခိုကိုးအားထားရာ ဖြစ်နိုင်ပါစေလို့ နောင်တများစွာနဲ့ ဆုတောင်းနေမိသည်။

**မိုးနှင်းဝေ**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



□

ကျွန်မသည် မေလတ်ဟန်အမည်ဖြင့် ကလောင်တစ်ချောင်းအဖြစ် စာလောကထဲ ရောက်မှန်းမသိ ရောက်နေရလေ၏။

မွေးရာပါ အနုသယက စာပေဝါသနာဟု အရင်းခံလေသည် အမှန်ပင်။ သို့သော် ကွာဟခဲ့လေသော အချိန်ကာလတွေက ကျွန်မကို စာပေနှင့် ရင်းနှီးခွင့်မရခဲ့။ ကျောင်းဆရာမအဖြစ် အနယ်နယ်အရပ်ရပ် ခရီးခြေဆန့်ရသည်။ ကျောင်းဆရာမဘဝ ရန်ကုန်ပြန်ရောက်တော့လည်း ဝါသနာတူ အယူဖြောင့်သည့် အပေါင်းအသင်းနှင့် မတွေ့ဖြစ်ခဲ့။

သို့သော် စာပေလောကမှာ ကျွန်မထက် ရှေးဦးရောက်ရှိကျင်လည်နေသည့် ကျွန်မ၏ ကလောမြို့မှာ ကျောင်းနေခဲ့စဉ်က အတန်းဖော်ဘေးချင်းယှဉ်ထိုင်ခဲ့ရသည့် ခနုမလေးဟု ကျွန်မ သတ်မှတ်ခေါ်ခဲ့သူနှင့် ရင်သပ်အံ့သြ တွေ့ဆုံနှောခဲ့ရသည်မှာ ဘယ်သောအခါမှ မမေ့ခဲ့သော ဆူငယ်ချင်း ဌေးဌေးနွယ် ဖြစ်လေသည်။ သူနှင့် ပြန်တွေ့တော့ ကျွန်မ၏ စာပေစိတ် အိပ်ပျော်နေခဲ့သမျှ နိုးထရှင်သန်တစ်ကျော့ပြန်ရလေ၏။ သူ့ကလောင်မည်ကို စာနျော်နှာပြင်တွေပေါ်မှာ တွေ့မြင်ဖတ်ရှုရသော်လည်း သူမှန်းမသိခဲ့။

ငယ်ဘဝ တက်ကြွရှင်သန်းနှင်းဆွတ်ပန်းတွေလိုအချိန်က မလှိုင်းပြားဆိုသည့် ကဗျာရှင်က ယနေ့ ရသဝတ္ထုရေးဆရာမဖြစ်နေသည်တဲ့။

ထိုစဉ်က ကျွန်မနှင့် ဌေးဌေးနွယ် အတန်းဖော် စာသင်ဖက်ဖြစ်ရုံမက ကဗျာရေးကြဖို့လည်း သွေးစည်းကြသည့် အချိန်တွေများကြ၏။

အထက(၁)ကျောင်းရှေ့တွင် ရဲစခန်း စာတိုက်တို့က တည်ရှိသည်ဖြစ်၍ စာတိုက်သို့ ကဗျာပို့ကြရသည်မှာ အိမ်ဦးကြမ်းပြင် ဖြစ်နေလေသည်။

ဌေးဌေးနွယ်က တောင်ပေါ်ထင်ရှူးတောမှနေ၍ သူမရောက်ဖူးသော မြေပြန့်ဒေသက ပင်လယ်ပြင် အလှလှိုင်းပြာပြာလေးတွေ လူ့လွှန့်ထနေသည်ကို စိတ်ကူးယဉ်ပြီး မလှိုင်းပြာဟု သဘာဝမကျသော ကလောင်အမည်ကိုယူထားခဲ့သလို ကျွန်မကလည်း ပိတောက်တွေပွင့်သည့် ရန်ကုန်မြေပြန့်အနံ့ နေထိုင်ရင်းမှ ခနုမြေမှ သမုဒ္ဒေအဖြစ် တောင်ပေါ်ရောက်ရှိခဲ့လေရာ တောပန်းဘုရင်အလှသဇင်ကို နှစ်သက်မြတ်နိုးမိ၍ သဇင်မြင့်ဟူသော ကလောင်မည်ဖြင့် တိုင်းရင်းမေကဗျာဥယျာဉ်နန်းမှာ ကဗျာပန်းကလေးများ ဖြစ်ခဲ့ရပါသည်။

ငယ်ဘဝကတော့ ရရှိခဲ့သည့် အခြေအနေ အခွင့်ကောင်းအဖြစ် အထင်ရောက်ကျေနပ်ခဲ့ရလေ၏။

အဖေက မီးရထားဌာနဆေးဝါးကျွမ်းကျင်ဝန်ထမ်းအဖြစ် မီးရထားဆေးရုံ၌ တာဝန်ထမ်းဆောင်၍ အနယ်နယ်အရပ်ရပ် တာဝန်ထမ်းဆောင်ရ၏။

ထို့ကြောင့်ပင်လျှင် ကချင်မြေ မိုးညှင်းမြို့မှ လွှမ်းယောင်သန်းသည့် ရှမ်းတောင်တန်းပေါ် ပထမဦးဆုံးတည်ရှိနေသည့် တောင်ရိုးပလောင်–ခနုဒေသခံတွေ ကျက်စားသည့် ကလောမြို့

**ရှေးဟောင်း**
**အမွေအနှစ်များနှင့်**
**ခနုမြေဖြစ်သည့်**
**ကလောမြို့ကား**
**တောင်များဝန်းရံမှုအလယ်မှာ**
**တည်ရှိသည်။ ထိုစဉ်က**
**ရေပတ်လည်ဝန်းရံလျက်ရှိသော**
**ကုန်းမြေကို**
**ကျွန်းဟုခေါ်သည်။**
**တောင်ပတ်လည်**
**တည်ရှိသော မြို့ကို**
**ကလောဟုခေါ်သည်ဟု**
**ကျွန်မတို့ နောက်ပြောင်**
**အော်ဟစ်ခဲ့ရဖူးသည်**

...

ကလေးကို အဖေပြောင်းလာရသည်။

ခနုမြေဆိုသော်လည်း အလွန်ဘိုဆန်သည့် မြို့ဖြစ်သည်။ အလှအပဂုဏ်တွေပေါသည့် မြို့ကလေးအား ဖွေသခံ လူတိုင်းရင်းသားအပါအဝင် ညီ

www.burmeseclassic.com

www.burmeseclassic.com



နောင်တိုင်းရင်းသားတွေ၏ သာသနာထွန်းကားရာလည်းဖြစ်၍ တောင်ကုန်းပေါ်က ဘုရားများ၊ မှိုင်းလုံးတောင်စေတီမြို့အထွက်(အင်းပြင်တောင်ကြီးက) ခြေသေ့နှစ်ကောင် တောင်ပေါ်က ရွှေစာရီစေတီမြင့်က ရွာအပေါ်ဖက် စကြာတောစေတီ အိုးစည်တော်စေတီ ပင်မကုန်းတော်စေတီ(ယခုနီးဘုရား)စသည်တို့အဖြစ် အနော်ရထာ၊ အလောင်းစည်သူတို့ တည်ထားကိုးကွယ်သည့် ဥမင်လှိုဏ်ဂူဘုရားများ ...

ရှေးဟောင်းအမွေအနှစ်များနှင့် ဓနမြေဖြစ်သည့် ကလောမြို့ကားတောင်များ ဝန်းရံမှုအလယ်မှာ တည်ရှိသည်။ ထိုစဉ်က ရေပတ်လည်ဝန်းရံလျက်ရှိသော ကုန်းမြေကို ကျွန်းဟုခေါ်သည်။ တောင်ပတ်လည်တည်ရှိသော မြို့ကို ကလောဟု ခေါ်သည်ဟု ကျွန်မတို့ နောက်ပြောင်အော်ဟစ်ခဲ့ရဖူးသည်။

မီးရထားဆေးရုံက မီးရထားရုံနှင့် မီးရထားဘူတာ၏ အထက်မြေလှေကားအထစ်နှစ်ရာမျှ တက်ရသည့် ထင်းရှူးပင်ရိပ်များအကြားမှာ တည်ရှိ၏။ ထိုကုန်းမြေပေါ်၌ သံလမ်းအင်ဂျင်နီယာ(လမ်းဗိုလ်)များ မီးရထားညွှန်ရိပ်သာများနှင့်အတူ ဝန်ထမ်းအိမ်ရာများလည်း ခြံကျယ်ဝန်းကြီးများနှင့် တည်ရှိလေသည်။

ထို့ကြောင့် ကျွန်မကတောင်ကုန်းမြင့်ကြီးပေါ်တွင် အဆင်းအတက်လုပ်ရင်း တောင်အောက်ရှိ အစိုးရအထက်တန်းကျောင်းသို့ နေ့စဉ်အသွားရောအပြန်ပါ မော်ပမ်းလျှစွာ ရှိနေပါသည်။ တောင်ပေါ်ထင်းရှူးသစ်ငုတ်အပိုင်းကြီးက လူနှစ်ဦးကျောပေးထိုင်၍ရသဖြင့် အစဉ်အမြဲ နားလေ့ရှိရာ တောတောင်ထင်းရှူးပင်ယူကလစ်တွေကိုဖြတ်၍ တိုက်ခတ်လာသည့် လေပြေညှင်းတွေက လေသန့်လေကောင်းအဖြစ် အားသစ်လောင်းပေးပြန်သဖြင့် အမောပြေ၍ ကြည်နူးကျေနပ်ရလေသည်။

မီးရထားကုန်းဟုခေါ်သည့် ကျွန်မတို့နေအိမ်ရပ်ဝန်းမှ ဆင်းလျှင်လည်း ရထားလမ်းအလုပ်သမား ဝန်ထမ်းများခြံနှင့် ဝန်းနှင့်ရှိပြီး ရှေ့မှ မီးရထားသံလမ်း။ ထိုသံလမ်းများ၏ဘေးတွင် ဘူတာရုံရှိ၏။

ဘူတာရုံမှ မြို့ထဲသွားမည့် တံတားတံနှစ်ခုရှိလေသည်။ အကြောင်းမှာ အားကောင်းမောင်းသန် စီးဆင်းမြန်သော ကလောချောင်းကြီးက ဘူတာမီးရထားလမ်းအပေါ် ရပ်ကွက်တောင်ကုန်းကို ခြားထား၍ ဖြစ်သည်။

ချောင်းနံဘေးအိမ်တွေရှေ့မှာ ကတ္တရာလမ်းမှ ဈေးသို့ တန်းရောက်သလို လမ်း၏တစ်ဖက်တွင် ဘောလုံးကွင်း (ယခု ဥပဒေရုံး၊ တရားရုံး၊ လဝကရုံး)များ ပြောင်းလဲတည်ရှိနေရာ ထိုနံဘေးတွင် ယခုတိုင် ပညာရောင်ရှိန်လင်းလက်ထိန်နေသော အထက (၁)ကျောင်းကြီး တည်ရှိပေသည်။

ထိုကျောင်းကြီးတွင် ကျွန်မတို့ မောင်နှမသုံးယောက် အစ်ကိုခင်မောင်ဟန်၊ ကျွန်မ ခင်မေလတ်၊ ညီမလေး ခင်ဌေးဝင်းတို့ ပညာသင်နို့သောက်စို့ခဲ့ရပေသည်။

ကျွန်မက အမြဲအားငယ်နေတတ်သည့် အကျင့်ရှိသူဖြစ်သော်လည်း ကျွန်မနှင့် ခုံချင်းယှဉ် တစ်တန်းအတူထိုင်စာသင်ရသည့် အတန်းဖော်သူငယ်ချင်းတစ်စုကြောင့် အားမာန်သစ်တွေတိုးကာ တက်ကြွပျော်ရွှင်ခဲ့ရပေသည်။ သူတို့တွေ ... သူတို့တွေ ..။

ဌေးဌေးနွယ် - ယခု စာရေးဆရာမနွယ်(ကလော) သမဝါယမဦးစီးဌာန(အငြိမ်းစား)၊ နွယ်နီရှိန်-မွန်ပြည်နယ် သမဝါယမဦးစီးဌာန(အငြိမ်းစား) နှင့်တော့ လူချင်းပြန်မဆုံဖြစ်ခဲ့။ သို့



သော် သတင်းစာမှ သူမမိခင် ဒေါ်ထူးရွှေ(သူနာပြုဆရာမကြီး)နာရေးတွင် သူ့အမည်နှင့် (မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ သမဦးစီးဌာန)ပါရှိ၍ မှတ်သားလိုက်ရခြင်းဖြစ်သည်။

မအေးသိန်းနှင့် ခင်ဝင်းမြင့်တို့ကတော့ ဘယ်ဆီဘယ်ဝယ်မသိလေပြီ။

ခုချိန်မှာတော့ ဆံပင်ဖြူအရောင်ဆိုးတွေနှင့် အဘွားကြီးတွေ အနေအထား၊ တမ်းတလွမ်းမော မြို့ကလောမှာ ကျောင်းသူဘဝ ကျင်လည်ရစဉ်က အတွေ့အကြုံလေးတွေကိုသာ မှန်း... နေမိရုံသာ။

ထိုခေတ်က ကင်းတော်ကော်မောင်မယ်တွေထဲ ပါဝင်ခဲ့ဖူးသည့် လွတ်လ...

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်မတို့ အ.ထ.က(၁) ကျောင်းသူကျောင်းသားများ စာမေးပွဲနောက်ဆုံးရက်ဖြေပြီးတိုင်း မှိုင်းလုံးတော်စေတီရှိရာ တောင်ပေါ်ပြေးတက်ကြသည်။ ဆူညံလှုပ်ရှားပျော်ပါး ပြေးကစားကြရင်း မောပန်းရမှန်းမသိတော့ . . .**

ရေး ပြေး ခုန် ပစ်တွေကျင်းပသည့် ကစားကွင်းမှာ တာဝန်ကျကြသည် များ။ ညဖက် မီးပုံပွဲတွင်–

ရှာငယ်ဇနပုဒ်–မီးကလေး မှိတ်တုတ် ကျွဲနွားခွေးဆိတ် မည်သံ၊ ဟိုနေရာမှာ ဝုတ်၊ သည်နေရာလည်း ဝုတ် ဝုတ် ဝုတ် ဝုတ် ဟု လက်ခုပ်တီးကြရသည်။ ရေးတေးတေးနှင့်ပြန်မြင်နေရ၏။

ထိုခေတ်က ဆိုဗီယက်ဝန်ကြီးချုပ်များ မြန်မာပြည်လေ့လာရေးရောက်လာကြတော့ အင်းလေးဒေသထိ ခရီးဆန့်ကြသည့်လေယာဉ်က ဟဲဟိုးလေဆိပ် (ကလောမြို့)နယ်တွင် တည်ရှိ၍ ကျွန်မတို့ ကလောမြို့ ကျောင်းပေါင်းစုံကလည်း ကြိုဆိုရေးပါဝင်ပေရာ ကျွန်မနှင့် ဌေးဌေးနွယ် ပန်းစည်းဆက်ကြရသည်။

မှိုင်းလုံးတောင်–တောင်မင်းကြီးတောင်၊ ပင်မကုန်းတောင်(နီးဘုရား) အိုးစည်တောင်(မြင်းကရွာ) ထိုစဉ်က တောင်တွေ အမည်ကို မှတ်သားမိလေသည်။ ကျွန်မတို့ အ.ထ.က(၁) ကျောင်းသူကျောင်းသားများ စာမေးပွဲနောက်ဆုံးရက်ဖြေပြီးတိုင်း မှိုင်းလုံးတော်စေတီရှိရာ တောင်ပေါ်ပြေးတက်ကြသည့် ဆူညံလှုပ်ရှားပျော်ပါး ပြေးကစားကြရင်း မောပန်းရမှန်းမသိတော့ တောင်က တော်တော်မြင့်သည်။

တောင်ပေါ်က ဘုရားရှေ့ခုံတန်းပေါ်တွင် အမှတ်တရစာတမ်းများ၊ လိပ်စာများ ရေးသားကြနှင့် ယနေ့တိုင် မမေ့နိုင်ပါ။

စနေ၊ တနင်္ဂနွေ နှစ်ဖက်သူငယ်ချင်းတို့၏ မိဘများ သမီးတို့အလိုကျ နှစ်အိမ်တစ်အိမ် ထမင်းစားဖိတ်၍ တွေ့ဆုံချစ်ကြည်ရင်းနှီး ထမင်းလက်ဆုံစားသောက်ကြသည်။

ကျွန်မ အမေက ရန်ကုန်လက်ရာတွေ အစွမ်းပြသလို ဌေးဌေးနွယ်တို့အိမ်ရောက်တော့ (ပဲပြင်းစေ့နှင့် သခွားသီးဆေးခါးဟင်းရည်)ပဲပုပ်ကြော် ဂျူးမြစ်သုပ်၊ ငါးကြော်ပြီး ခရမ်းချဉ်သီးနှင့်နှပ်၊ မုန်ညင်းချဉ်နှင့် ဝက်သားကြော် ဓနုရိုးရာအစားအစာများ အနံ့အရသာတစ်မျိုးခံစားရင်း ခံတွင်းမြိန်ရသည်ကို စာရေးရင်း တံတွေးမြိုချမိလေတော့သည်။

အတိတ်ငယ်ဘဝ လွမ်းတမဆုံးရှိနေတုန်း ကျွန်မတို့ နေပြည်တော်တစ်ကုန်းက စာမေးပွဲသွားရောက်ကြတော့ ကလောမြို့ထိသွားဖို့ အစီအစဉ်တွေ ဆွဲခဲ့ကြသည်။

ကျွန်မချွေးမက နေပြည်တော် (လူမှုဝန်ထမ်းဦးစီးဌာန)မှာ တာဝန်ထမ်းဆောင်၍ ခရီးတစ်ထောက် နားစဉ် ဌေးဌေးနွယ်ကို လာရောက်တွေ့သော လဝကဦးစီးအရာရှိတစ်ဦးကို သိခွင့်ရလေရာ ဌေးဌေးနွယ်က–

''ဒါလေ . . . ငါတို့ကျောင်းက ဆရာ ဦးသန့်ဇင်၊ ဆရာမဒေါ်လှမြင့်တို့ရဲ့ သားလေးတဲ့''

ဩော် . . . ကြုံရလေတယ်၊ ထိုဆရာနှင့် ဆရာမတို့မင်္ဂလာဆောင်တော့ အ.ထ.ကကျောင်း၏ ခန်းမမှာ ဖြစ်သည်။ ထိုစဉ်က ကျွန်မနှင့် ဌေးဌေးနွယ်က သတို့သမီးအရံတွေ ယခုအခါ ကွယ်လွန်ကုန်ကြပြီတဲ့။

ခုတော့ ဌေးဌေးနွယ် အမှုဆောင်လုပ်နေသည့် ဓနုဓမ္မာရုံမှာ ဘာသာရေးပွဲများ၊ ပြည်ထောင်စုပွဲများမှာ လိုက်ပါမွေ့လျော်နေတတ်လေပြီ။ ဓနုတိုင်းရင်းသားတို့ ရိုးရာအစားအစာများအပြင် ရိုးရာယဉ်ကျေးမှု၊ စည်းလုံးညီညွတ်မှုများ၊ ဖော်ရွေချစ်ခင်တတ်မှုများက ဆွဲဆောင်မှုရှိလေတိုင်း ငယ်ဘဝက အတိတ်မြေ ပုံရိပ်တွေကို တမြှေမြှေ တငွေ့ငွေ့ ကြည်မွေ့ဖြေသိမ့်ရလေသည်။

ထိုစဉ်ငယ်ဘဝက ကလောမြို့နယ်၏ ကျေးရွာတစ်ခုဖြစ်သော မြို့နှင့် (၅)မိုင်အကွာက ကြေးကုန်းရွာတွင် သင်္ကြန်နှစ်ဆန်းတစ်ရက်နေ့တိုင်း ကျင်းပသည့် ရိုးရာတာတက်ပွဲကို ၇ ကြိမ်တိုင်တိုင် သွားရောက်ခဲ့သည်။ ထိုအိမ်တွေမှာ စားခဲ့ရသည့် ငါးရံ့ခြောက်၊ မျှစ်ချဉ်အနှစ်နှင့်ဟင်း၊ သင်းဝင်ဆိုသည့်အပွင့်မည်းမည်းလေးတွေ ကြော်ထားသည့် ဆိမ့်သက်သက်အရသာတွေကို ပြန်ပြီးစားချင်သလို။ ဆွမ်းအုပ်ကန်တော့ပွဲ၊ တံခွန်ကုက္ကားတွေ သယ်ဆောင်ပြီး ဓနုအိုးစည်ဗုံမောင်းတွေနှင့် လှည့်လည်ပွဲမှာ တောင်ရိုးဓနုမအကတွေကို ရန်ကုန်မြို့က ဓနုဓမ္မာရုံပြည်ထောင်စု နေ့ အခါးရည်ရိုးရာ ကောက်ညှင်းမုန့်တွေစားရင်း မြစ်တွေကြည့်ရှုခဲ့ရသည်မှာ ကျေနပ်နှစ်သက်ဖွယ်ဖြစ်သည်။ သို့ဖြင့် ကလောမြေမှ ငယ်ဘဝကို အောက်မေ့စိတ်ဖြေရပါတော့သည်။

**မေထက်ဟန်**

www.burmeseclassic.com



# ချိုမြနွယ်
## ဓနုသွေးနှောသူပါ



အစ်မ,မနွယ်(ကလော)က စာပေပွဲ၊ အလှူပွဲများရှိလျှင် ကျွန်မကို အမှတ်တရ ဖုန်းဆက်ခေါ်တတ်သည်။ အစ်မသည် စာပေသမားများအပေါ် အလွန်သံယောဇဉ်ကြီးသည်။ သူဖိတ်သည့် ပွဲတိုင်းမရောက်ဖြစ်သော်လည်း ရွှေတိဂုံစေတီတော်ကြီးအရှေ့မုခ် အဆင်း ကြားတောရလမ်းရှိ ဓနုဓမ္မာရုံမှာကျင်းပသည့် "ဓနုတိုင်းရင်းသားရိုးရာအခါးရည်(ရေနွေးကြမ်း)သောက်ပွဲ"သို့ ရောက်ဖြစ်သည်။

ဓမ္မာရုံကြီးပေါ်ရောက်သည်နှင့် အမျိုးသားအများစုမှာ ဓနုတိုင်းရင်းသားဝတ်စုံ ပင်နီဘောင်းဘီ၊ အင်္ကျီများဝတ်ဆင်ကြပြီး အမျိုးသမီးများမှာလည်း ဓနုတိုင်းရင်းသူဝတ်စုံများ၊ ခေါင်းစည်းပုဝါအမည်းကလေးများဖြင့် တောက်ပနေသည်။ အိုးစည်သံ၊ မောင်းသံ၊ လင်ကွင်းသံများကြားမှာ ငြိမ့်ငြိမ့်ညောင်းညောင်း ကနေကြသည်များကိုကြည့်ရင်း ကျွန်မတို့ကိုယ်တိုင်ပင် လှုပ်လှုပ်ယိမ်းယိမ်းဖြစ်လာကြသည်။

BURMESE CLASSIC

ညှော်ခံကျွေးမွေးသော စားပွဲများတွင် ပူပူနွေးနွေး တို့ဟူးကြော်၊ ပဲကြော်၊ အာလူးကြော်၊ မျှစ်ကြော်များကိုတွေ့လျှင် ဟန်မဆောင်နိုင်ခဲ့။ ဂျုံးဖုံးနှင့် ပဲပုပ်ဟင်း၊ ခရမ်းချဉ်သီးပန်ထွေဖျော်တို့ဖြင့် ထမင်းစားရသည်မှာလည်း အလွန်မြိန်သည်။ ကျွန်မ ပဲပုပ်ကို အလွန်ကြိုက်သည်။ ရှမ်းပြည်နယ် ကလောဈေးမှာရောင်းသော တောင်သူပဲပုပ် ဝိုင်းဝိုင်းသေးသေးလေးများကို မီးကင်ကာထောင်းစားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com





**ပင်းတယမြို့ရှိ ရေကန်ကြီးနှင့် ညောင်ချဉ်ပင်ကြီးများရှခင်းကို မြင်ရသောအခါ ငယ်စဉ်ရောက်ဖူးခဲ့သည့်အချိန်က တွေ့ထိခံစားခဲ့ဖူးသော ပင်းတယမြို့၏ ပတ်ဝန်းကျင်ဒေသအလှနှင့် ရွှေဥမင်လိုဏ်တော်မြတ်ကို သတိတရ . . .**

BURMESE CLASSIC

ထမင်းပူပူ ပဲပုပ်ကင်ထောင်းကို နှမ်းဆီဆမ်းကာ နံနက်စာအဖြစ် မညည်းမငြေ့ ကျွန်မစားနိုင်သည်။ ပဲလွန်းစေ့ဖြင့်ချက်သော ဆေးခါးဟင်းကိုလည်း အလွန်ကြိုက်သည်။ သောက်စက ခါးသော်လည်း တဖြည်းဖြည်းခံတွင်းမှာ ချိုလာတတ်သည်။

ကျွန်မကို မိဘနှစ်ပါးက ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့တွင် မွေးဖွားခဲ့သည်။ အမေ့အပြောအရ (ကျွန်မလည်း ရေးရေးကလေးမှတ်မိနေသေးသည်) သုံးလေးနှစ်သမီးကကလော၊ အောင်ပန်းဒေသတစ်ပိုက်က ဘုရားပွဲများ၊ အလှူပွဲများတွင် ထမင်းကျွေးသောမဏ္ဍပ်များ၌ ဝါးလုံးရှည်များဖြင့် ခုံတန်းရှည်များခင်းထားသော ထမင်းစားမြေစိုက်စင်ကလေးများပေါ်တွင် တက်၍မှောက်ကာ ပဲလွန်းဆေးခါးဟင်းခွန်းကန်ကို မျက်နှာအပ်၍ သောက်တတ်သည်ဟု ဆိုပါသည်။ တက်သားနီချက်၊ ဆေးခါးဟင်းနှင့် ဂျုံးမြစ်ပဲပုပ်ထောင်းတို့သည် အတွဲအဖက်အစပ်အဟပ်ညီလှသည်။

ငယ်ငယ်က အမေ့ဖက်က အဘွားဒေါ်တင့်သည် (ယခုနေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်းထောင့်ကန်)၌နေသည်။ အဘွားအိမ်သို့ တစ်နှစ်ကို သုံးလေးခါရောက်သည်။ အဘွားအိမ်ရောက်လျှင် အဘွားအိမ်မှာ ဝမ်းစာစပါးများကို ဖျာကြမ်းများခင်းကာ နေလှမ်းထားသည်နှင့် မကြာခဏကြုံရသည်။ ဖြန့်ထားသော စပါးများပေါ်တွင် အဘွားက ပဲပုပ်ပြားများကိုပါတင်၍ လှမ်းတတ်သည်။ ထိုလှမ်းထားသော ပဲပုပ်များကို ဘယ်ချုပ်ပြီးတစ်ချပ် ကောက်၍ ကျွန်မက သားရေစာစားသလို စားတတ်သည်။ အဘွားက–

"အေးပေါ့ . . ရှမ်းမတို့ကတော့ ပဲပုပ်များတွေ့ရင်" ဟု အော်တတ်သည်။

"တစိမ်းတွေတွေ့ရင် ဘွားအေက မကျွေးမမွေးဘူး ထင်ကြတော့မယ်" ဟုလည်း ဆိုတတ်သည်။

တကယ်တော့ ကျွန်မ၏ အဘေး၊ အမေ့အဖေဘက်က အဘိုးဦးရွှေသီး(အဘိုးဦးကျင်၏ အဖေ)သည် ပင်းတယဇာတိဖြစ်သည်။ ကုန်ကူးသန်းရင်း ပျဉ်းမနားမြို့နယ်၊ ဆိတ်နံ့တုံးရွာ(ယခုနေပြည်တော်)၌ အိမ်ထောင်ကျကာ အဘိုးဦးဘိုးကျင်အပါအဝင် သားခုနစ်ဦးနှင့် သမီးတစ်ဦး ပွားစီးခဲ့သည်ဟု ဆိုပါသည်။ ထို့ကြောင့်ပင် အမေတို့မောင်နှမအားလုံးမှာ ဖြူဖြူမြင့်မြင့်နှင့် မျက်လုံး၊ မျက်ခုံးအလွန်လှကြသည်။ အမေက သူ့ကိုယ်သူ ရှမ်းသွေးပါသည်ဟု ဂုဏ်ယူတတ်သလို ကျွန်မကလည်း ဓနုတိုင်းရင်းသားဓမ္မာရုံသို့ အစည်းအဝေးပွဲ၊ အလှူပွဲတိုင်းသွားကာ ကိုယ့်ကိုယ်ကိုယ် ဓနုသွေးပါသည်ဟု ယုံကြည်မိသည်။

ကျွန်မတို့ မြန်မာစာပေပြန့်ပွားရေးအသင်းဝင်များသည် အစ်မ,မန္တယ်ဖိတ်တိုင်း ဓနုဓမ္မာရုံသို့ ရောက်၍မှုမက အသင်း၏ လစဉ်ပုံမှန်အစည်းအဝေးများ၊ အသင်း၏အထူးအစည်းအဝေးများကို ဓနုဓမ္မာရုံမှာပင်ကျင်းပရန် တစ်ညီတစ်ညွတ်တည်းဆန္ဒပြုကြ၍ လစဉ်ရောက်ခဲ့ရသည်။ သို့ဖြင့် ဓနုဓမ္မာရုံသည် ကျွန်မတို့အသင်းအတွက် ပတိရူပဒေသဖြစ်ခဲ့သည်။

တလောက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပင်းတယဒေသအကြောင်းရိုက်ပြသော ရုပ်မြင်သံကြားအစီအစဉ်တွင် ပင်းတယမြို့ရှိ ရေကန်ကြီးနှင့် ညောင်ချဉ်ပင်ကြီးများရှခင်းကို မြင်ရသောအခါ ငယ်စဉ်ရောက်ဖူးခဲ့သည့်အချိန်က တွေ့ထိခံစားခဲ့ဖူးသော ပင်းတယမြို့၏ ပတ်ဝန်းကျင်ဒေသအလှနှင့် ရွှေဥမင်လိုဏ်ဂူတော်မြတ်ကို သတိတရဖြစ်ရသည်။

ကျွန်မတို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံစုစည်းနေထိုင်ရာနိုင်ငံဖြစ်ရာ လူမျိုးတစ်မျိုးနှင့်တစ်မျိုး သွေးနှောကာ ပေါင်းဖွားလာကြသူများတွင် ကျွန်မတို့လည်း ပါဝင်သည်။ လူမျိုးစုတစ်စုနှင့်တစ်စုလည်း အနေအထိုင်မဝေးကြ၊ ယဉ်ကျေးမှုလည်း မကွာခြားကြ။ ဘာသာအယူဝါဒလည်း တူညီကြသူများပါသည်။ ရေမြေတောတောင် အလှမ်းမကွာလှဘဲ စားသောက်နေထိုင်မှုဓလေ့များလည်း မတူကွဲပြားမှု မကြီးမားလှပေ။

သို့ဖြစ်ရာ အဘေးဦးရွှေသီး၏မြစ် ကျွန်မသည်လည်း ကိုယ့်ကိုယ်ကိုယ် ဓနုတိုင်းရင်းသား သွေးနှောသူပါဟု ဆိုလျှင် ကျွန်မ . . မမှားနိုင်ပါ။

ဖြိုးနွယ်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားအများအပြားတို့သည် ရှေးမဆွကပင် အတွေးအခေါ် အယူအဆများ နောင်လာနောင်သားများ မှတ်သားလိုက်နာကြရန် နည်းနာနိသျှ ဆိုဆုံးမလမ်းညွှန်ချက်များတို့ကို သက်ဆင့်ကမ်း အမွေပေးခဲ့ကြပါသည်။

ထိုသို့ ညွှန်ကြားပြသ အမွေပေးခဲ့ရာတွင်လည်း ထင်သာမြင်သာအောင် ဖြစ်ပျက်ပြောင်းလဲနေသော လောကသဘာဝတရားနှင့် အတွေ့အကြုံတို့ကို ပေါင်းစပ်ပြီး ငယ်သူများကို လမ်းညွှန်ပေးခဲ့ကြသည်။ အချိန်တိုအတွင်း နားလည်တတ်သိစေရန် ကျစ်လျစ်သည့် စကားလုံးများ၊ စကားရပ်များအဖြစ် လမ်းညွှန်ခဲ့ကြပါသည်။ ဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင်လည်း စံပြုပုံနှိုင်း၍ အသုံးပြုခဲ့ကြသည်။ လူမှုရေးဆိုင်ရာ ဇွဲ လုံ့လ၊ ဝီရိယဆိုင်ရာ၊ ပေါင်းသင်းဆက်ဆံမှု၊ ကျေးဇူးသိတတ်မှု၊ စာပေရှာဖွေလေ့လာမှုများ ရှိလာစေရန် ပုံဆောင်ဆုံးမခဲ့ကြသည်။

ထို့ကြောင့် စကားအရာတွင် တိုတိုကျဉ်းကျဉ်း လိုရင်းရောက်အောင် ပုံဆောင်ကာ ကျစ်လျစ်သောစာများကို ''စကားပုံ''ဟူ၍ တင်စားခေါ်ဝေါ်လာခဲ့ကြပါသည်။ အကြောင်းအရာတစ်ခုကို ပြောဆိုရေးသားရာတွင် စကားတိုတို ထိမိစေရန် အသုံးပြုသည့်စကားရပ်များပင် ဖြစ်ပါသည်။

ကမ္ဘာနိုင်ငံအသီးသီးမှလည်း ရိုးရာစကားပုံများကိုလည်း တွေ့ရသည်။ ဘုရားရှင်လက်ထက်မှ ငါးရာ့ငါးဆယ်နိပါတ်တော်လာစကားပုံများ၊ မြန်မာစကားပုံများ၊ တိုင်းရင်းသားစကားပုံများတို့ကိုလည်း တွေ့ရှိနိုင်ပါသည်။ ထိုတိုင်းရင်းသားစကားပုံများထဲမှ ရှမ်းပြည်နယ်တွင်နေထိုင်ကြသော ဓနုတိုင်းရင်းသားတို့၏ စကားပုံများကို တင်ပြလိုပါသည်။

ဓနုတိုင်းရင်းသားတို့၏ လုပ်ရင်းကိုင်ရင်း၊ သွားရင်းလာရင်း၊ အတွေ့အကြုံတို့ကိုဖလှယ်ရင်း ပေါ်ထွက်လာရသော ဓနုရိုးရာစကားပုံများဖြစ်ပါသည်။

**ကျည်တောက်ကွဲ ရေဝင်**

ကျည်တောက်ဟူသည်မှာ ဝါးတစ်လုံးတွင် ဝါးအဆစ်များရှိပါသည်။ ထိုအဆစ်များတစ်ခုနှင့်တစ်ခု ခြားသွားသည့်နေရာတွင် အခေါင်းပေါက်ရှိပါသည်။ ထိုအခေါင်းပေါက်ထိပ်နှစ်ဖက်စလုံးကို ဝါးဆစ်က သဘာဝအတိုင်းပိတ်ထားပါသည်။ ထိုပိတ်ထားသည့် ဝါးအခေါင်းပေါက်ထဲသို့ ရေမဝင်နိုင်အောင် သဘာဝက ဖန်တီးထားသည်။ သို့သော် အကြောင်းတစ်ခုခုကြောင့် ကွဲသွားပါက ထိုအကွဲမှနေ၍ ရေဝင်နိုင်သည်။

ထို့အတူ မိသားစုအချင်းချင်းသော်လည်းကောင်း၊ မိတ်ဆွေအချင်းချင်းသော်လည်းကောင်း၊ လူမျိုးအချင်းချင်းသော်လည်းကောင်း၊ တိုင်းပြည်အချင်းချင်းသော်လည်းကောင်း စည်းလုံးညီညွတ်မှုရှိပါက အကွဲမရှိသော ဝါးခေါင်းထဲသို့ အပြင်မှရေမဝင်နိုင်သကဲ့သို့ မည်သည့်အန္တရာယ်မှ ကျရောက်နှောက်ယှက်ခြင်းမပြုနိုင်ပါပေ။ အချင်းချင်း ညီညွတ်မှုမရှိဘဲ စိတ်သဘောထားချင်းကွဲနေပါက ပြင်ပမှအမှောင့်ပယောဂရန်သူများဝင်လာနိုင်သဖြင့် အချင်းချင်း စည်းလုံးမှု၊ သင့်မြတ်မှု၊ ချစ်ခင်မှုရှိစေရန် စကားပုံက ပြဆိုပါသည်။

**ကျည်ပျောက်ထဲ နေပျောက်ထိုး**

အထက်ပါ စကားပုံနှင့်အဓိပ္ပာယ်ဖွင့်ဆိုချက် တူညီပါသည်။

**ကျိုးနား သီချင်းငြီး**

ကျိုးကန်းမှာ တိရစ္ဆာန်ဖြစ်သဖြင့် အော်လျှင် ''အ အ အာ အား''ဟူ၍သာ အော်တတ်ပါသည်။ ကျိုးကန်းအနီးအပါးတွင် အလွန်သာယာနာပျော်ဖွယ်ရာသီချင်းများကို ဆိုခြင်း၊ ငြီးခြင်းပြုသော်လည်း ''အ အ အာ အား''သာ အော်မည်နေမည်။ ထို့အတူ အချို့သောသူများသည် အသိပညာ၊ အတတ်ပညာ မည်မျှပြောဆိုသင်ပြပေးစေကာမူတန်ဖိုးထားလေးစားရမည်ကို မသိကြပေ။ တန်ဖိုးရှိသောပညာ၊ အဖိုးတန်စကားပြောကြားသည့် ပုဂ္ဂိုလ်၊ ပညာတတ်ပုဂ္ဂိုလ်၊ ပညာရှိ ပညာရှင်များ ပတ်ဝန်းကျင်တွင်နေထိုင်၊ ရောက်ရှိနေသည့်အခါ ဆုံးမစကား၊ ပညာပေးစကားများ ပြောဆိုသော်လည်း ပေါ့ပေါ့တန်တန်နှင့် မသိလိုက်မသိဖာသာ လျစ်လျူရှုကာ ပြောစကားမှာ အချည်းနှီးသာဖြစ်သွားသည်ကို ဆိုလိုပါသည်။

**ကျူးမြစ်လို မကွာ၊ ကြက်သွန်မှာလို စည်းလုံး**

ရှမ်းပြည်ဒေသများတွင် ပေါက်ရောက်သော ကျူးမြစ်(ကျူးမြစ်)၏

www.burmeseclassic.com

www.burmeseclassic.com



အမြစ်များသည် ပင်စည်အခေါင်းမှနေ၍ အမြစ်များ အကြားမလပ် ထွက်ရှိခြင်း မရှိဘဲ တစ်ပင်ချင်းစီကဲ့သို့ ထွက်နေသည်။ အလွယ်တင် တစ်ပင်ခြင်းဆွဲပြုတ်၍ရသည်။ ကြက်သွန်ဖြူအတက် အမွှာများကမူ အတော်အတန် ဆွဲခွာ၍မရပါ။ ထို့ကြောင့် စည်းလုံးမှုအင်အားကောင်းနေလျှင် အန္တရာယ်မှ ကာကွယ်နိုင်ပြီး ကျူးမြစ်ကဲ့သို့ပင်စည်အခေါင်းမှတစ်ပင်ခြင်းထွက်ရှိခြင်းဖြစ်ရာ မိသားစုစည်းလုံးမှုရှိသလိုနှင့် တာထွက်ကတည်းက ကြဲနေပြီ။ တစ်ယောက်ယောက်က အမြစ်သေးတစ်ချောင်းချင်း ဆွဲဖြုတ်လိုက်ပါက တဖြည်းဖြည်း ပြုတ်သွားနိုင်သကဲ့သို့ မိသားစု၊ မိတ်ဆွေအပေါင်းအသင်း။ အိမ်နီးချင်းများ မကွဲမကွာ နေထိုင်တတ်ကြရန် စကားပုံက ပြဆိုပါသည်။

**ချင်းတက်စပ်သီး။ တစ်ဉာဏ်တည်း**

ရှမ်းပြည်မှထွက်သော ချင်းတက်၏အရသာမှာ ပူသည်၊ စပ်သည်။ စပ်သီးဆိုသည်မှာ ရှမ်းပြည်ဒေသ,သဘာဝအရ စားလိုက်လျှင်စပ်သောကြောင့် စပ်သီးဟုခေါ်ပါသည်။ အမှန်မှာ မြေပြန့်မှအခေါ် ငြုပ်သီးဖြစ်ပါသည်။ ဂျင်းတက်နှင့် ငြုပ်သီး(စပ်သီး)သည်ပူသည် စပ်သည်။ ၎င်းတို့နှစ်ခုပေါင်းလျှင် ပိုစပ်သည်ကို အချင်းချင်း အလေ့အထတူသည့်အတွက် အပြုအမူ ဓလေ့စရိုက်များသည်လည်း တူညီကြမည်သေချာသည်။ ထို့ကြောင့် တကြိတ်တည်း၊ တဉာဏ်သာ ပေါင်းဖော်တတ်ကြကြောင်း ပြဆိုပါသည်။

**စပါးလှမ်း ဖျာကြမ်းမေ့**

အဓိကသက်ဆိုင်သော အလုပ်လုပ်ရန်အလို့ငှာ မမေ့မလျော့သင့်သော ပစ္စည်းဖြစ်သော ဖျာကြမ်းမရှိခြင်းဖြင့် စပါးကို လှမ်းနိုင်မည်မဟုတ်ကြောင်း ပြဆိုပါသည်။

**စက်မရခင် အညှပ်သင်**

မိမိရည်မှန်းထားသည့်ကိစ္စရပ်များ လိုချင်လျှင်ဖြစ်စေ၊ ရလိုလျှင်ဖြစ်စေ ရည်မှည်းထားသည့် ရည်မှန်းချက်မှန်သမျှ အောင်မြင်နိုင်မည့်နည်းလမ်းများကို ကြိုတင်လေ့လာ ကြံစည်ခြင်းအားဖြင့် လုပ်ငန်းကျွမ်းကျင်လာသည့်အခါ ဦးတည်ရာကို အောင်မြင်ပြီးမြောက်စေနိုင်ပါသည်။ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သင့်ကြောင်း နားလည်သဘောပေါက်စေပါသည်။

**စပ်သီးထဲ ပိုးလောက်၊ စပ်မှာ မကြောက်**

မြေပြန့်ဒေသတွင် ငြုပ်သီးဟုခေါ်သောအသီးကို ရှမ်းပြည်နယ်တွင် ထိုအသီးကိုစားလျှင် စပ်သဖြင့် စပ်သီးဟု အရသာကို မှတည်ခေါ်ကြသည်။ ၎င်းစပ်သီးထဲမှ ပိုးလောက်ကောင်များ တစ်ခါတစ်ရံ ရှိနေတတ်ကြသည်။ မည်မျှပင်စပ်နေစေကာမူ ထိုစပ်သီးတွင်ရှိနေသော ပိုးလောက်သည် ထိုစပ်သီးကိုပင် စားသောက်ပြီးနေရသည်။ အသက်ရှင်နေထိုင်ရသည်။ ထို့အတူပင် လူလိမ္မာ၊ လူမိုက်များသည်လည်း မိမိပတ်ဝန်းကျင်၏ ဓလေ့စရိုက်များဖြင့် နေထိုင်သွားကြသည်။ 'လူမိုက်သားရမ်းကား၊ လူလိမ္မာသားယဉ်ကျေး၊ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး' စသည့် စကားပုံများနှင့် ဆင်တူသော စကားပုံပင် ဖြစ်ပါသည်။

**စောစောသွား နောက်ကျပြန်**

လုပ်စရာရှိသောကိစ္စများကိုအချိန်မီပြီးစီးအောင် စောစောကြိုတင်လုပ်သင့်ကြောင်း၊ အချိန်ရသေးသည့်အလျောက်လည်း ရနိုင်သလောက်လုပ်ကိုင်သင့်ကြောင်း။ ထိုသို့ ဆောင်ရွက်ပါက လုပ်ငန်းများ အချိန်စော၍ ပြီးစီးစေခြင်းဖြင့် ရရှိလာမည့်ရလာဒ်များသည် အောင်မြင်မှုများသာ ဖြစ်ဖြစ်နိုင်ကြောင်းကို မပျင်းမရိ လုံ့လဝီရိယရှိစွာ ကြိုးစားလုပ်ဆောင်သွားရန် လမ်းညွှန်ထားသော စကားပုံဖြစ်ပါသည်။

**တတ်မှုမကြွား။ ကြွားမှုမတတ်**

ကျွမ်းကျင်စွာတတ်မြောက်ထားသူသည် မိမိ၏စွမ်းရည်သတ္တိကို ယုံကြည်စိတ်ချသည့်အတွက် ထုတ်ဖော်၍ မိမိတတ်ကြောင်း မကြွားဝါတတ်ကြပါ။ ထုတ်ဖော်ဝင့်ကြွားသူမှာ မိမိတတ်ကျွမ်းသည့်အကြောင်းကို မသိသူများအား အာဝဇန်းသန်သန် ပြောဆိုနေခြင်းဖြစ်ရာ အခက်အခဲတစ်စုံတစ်ရာ ရှိလာသည့်အခါတွင် အောင်မြင်စွာ ရင်ဆိုင်ဆောင်ရွက်၊ ဖြေရှင်းပေးနိုင်စွမ်းရှိသူမဟုတ်ကြောင်းကို "လူပြောမသန် လူသန်မပြော" "ပြောသူမရဲ ရဲသူမပြော" စသည့် စကားရပ်များနှင့်တူညီပါသည်။

**တောင်တက်ချင်း တောင်မွေးမြင်**

တောင်အမြင့်သို့ တက်ရောက်လိုသောအခါများတွင် မြင့်လျှင်မြင့်သလောက် တောင်မွေးကိုရှာဖွေပြုလုပ်၍ တက်ရောက်ကြသည်။ ထိုနည်းတူပင် လူ့သဘာဝတွင်လည်း အထက်ဆုံးသို့ ရောက်ချင်ကြပါသည်။ ထိုသို့ တက်ရောက်ရန်အတွက် သက်ဆိုင်ရာ ပညာလုပ်ငန်းနှင့်သက်ဆိုင်သော ကိစ္စရပ်များကို ကျွမ်းကျင်သည်ထက် ကျွမ်းကျင်အောင် လေ့လာလိုက်စား၊ ဆည်းပူးထားဖို့ရန်လိုအပ်ကြောင်း နှိုးဆော်ထားသောစကားပုံ ဖြစ်ပါသည်။

**ထွေးပြီးကွမ်းသွေး။ မျိုပြီးဝေး**

ရှေးအခါ ဓနုအမျိုးများသည်

www.burmeseclassic.com

www.burmeseclassic.com





ကွမ်းများစားလေ့ရှိသကဲ့သို့ ပါးစောင်များတွင်လည်း အမြဲတမ်း ငုံထားလေ့ရှိကြပါသည်။ ကွမ်းကြိုက်သောလူမျိုးများဖြစ်ပါသည်။ ယခုအခါတွင် အနည်းအကျဉ်းသာ စားလေ့စားထရှိတော့သည်။ ရှေးလူတို့ ကွမ်းစားရာတွင် ကွမ်းသွေးကို ထွေးလေ့ထွေးထရှိသည်။ ပရမ်းပတာမထွေးတတ်ကြ။ ထွေးခံဟုခေါ်သော ခွက်တစ်ခုတွင်သာ ထွေးကြသည်။ ထိုထွေးပြီးသား ကွမ်းသွေးများကို မည်သူမျှမမျိုကြကြောင်း။ ထို့အတူ စကားပြောရာတွင်လည်း အချက်ကျကျ မှန်မှန်ကန်ကန် ဆက်ဆံပြောဆိုတတ်ကြသည်။ ထိုမှန်ကန်တိကျသော ပြောဆိုမှုများ မှားယွင်းသွားသည်။ အမှားများပြောဆိုသည်ဟု ပြန်လည်တောင်းပန်ခွင့်လွှတ်ပေးရန် မည်သည့်အခါမျှ မပြောကြကြောင်းကို ဖော်ပြသည့်စကားပုံတစ်ရပ် ဖြစ်ပါသည်။

**နေဝင်ခါ တောခုတ်၊ မိုးချုပ်ခါ ယာသွား**

အချိန်လွန်၊ အချိန်နှောင်းသည့်အခါတွင်မှ အလုပ်လုပ်ဆောင်ခြင်းကို ဆိုလိုသည်။ နေဝင်သည့်အချိန်မှ တောကို ခုတ်ထွင်ပါက မှောင်မှောင်ထဲတွင် လုပ်ငန်းကို ဘယ်လိုလုပ်မည်နည်း။ ထို့အတူ မိုးစုန်းစုန်းချုပ်ပြီးမှ ယာသို့သွား၍ ထွန်ယက်နေပါကလည်း မည်သို့မှ လုပ်ဆောင်နိုင်မည်မဟုတ်။ အချိန်နှောင်းမှ လုပ်ဆောင်ခြင်းသည် လူပျင်းတို့၏ လုံ့လသာလျှင် ဖြစ်၍ မလုပ်အပ်သည်ကို လုပ်ဆောင်ခြင်းသည် အပျင်းကြီးသူများသာလျှင်ဖြစ်ကြောင်း စကားပုံက ပြဆိုပါသည်။

**နေမထွက်ခင် ယာဝင်၊ အိမ်ပြန်တော့ နေဝင်**

အလုပ်လုပ်ရာတွင် ဖင့်နွဲ့မှုမရှိဘဲ စောစီးစွာဆောင်ရွက်ပြီးစီးထားရန် လိုပါသည်။ ထို့ကြောင့် အလုပ်ရှိသည့် ယာတောခွင်သို့ နေမထွက်ခင် စောစီးစွာသွား၍ အလုပ်လုပ်ရန်လိုအပ်သည်။ နေ့လယ်ပိုင်းတွင် ပူပြင်းသောဒဏ်ကို ရှောင်ရှား၍ နားနေချိန်များ ရရှိနိုင်သည်။ နေအေးသောအချိန်တွင် လုပ်ငန်းပြန်လည်လုပ်ဆောင်ပြီး အလင်းရောင်ရရှိနေသေးသည့် နေဝင်ချိန်တိုင်အောင်လုပ်ကိုင်ပါက လုပ်ငန်းခွင်လုပ်ရမည့်ရက်များထက် စောစီးစွာပြီးစီးနိုင်ကြောင်းကို ဖော်ညွှန်းသောစကားပုံဖြစ်ပါသည်။

**စည်းဝါးမှာ ထုံးကာ၊ သမီးသားမှာ ဆုံးမ**

ဂီတအနုပညာနှင့်ပတ်သက်၍ တီးမှုတ်ကြတော့မည်ဆိုလျှင် ဂီတ၏ စည်းမျဉ်းစည်းကမ်း၊ နာရီပါဒ စသည်များကို သတ်မှတ်ထားရှိကြပါသည်။ ထိုဓလေ့ထုံးစံများကို သင်ယူကာစမှာပင် သိရှိစေရန် အရေးကြီးကြောင်း ပြဆိုပါသည်။

ထို့အတူ သားသမီးများကိုလည်း ငယ်စဉ်အခါမှစ၍ လိမ္မာစေလိုသော စေတနာဖြင့် ဆုံးမသင့်ပါသည်။ ငယ်စဉ်ကပင် ဆုံးမသွန်သင်ခဲ့လျှင် လိမ္မာယဉ်ကျေးသော သားသမီးကောင်းများ ဖြစ်မည်။ ကြီးသည့်အခါမှ ဆုံးမပါက ဆုံးမရခက်ခဲပြီး မိဘများ စိတ်ဆင်းရဲပါလိမ့်မည်။ ထို့ကြောင့် နှီးစဖြာသကဲ့သို့ သားသမီးများအား ငယ်စဉ်ကစတင်၍ ဆုံးမသင့်ကြောင်းဖော်ပြသော စကားပုံပင် ဖြစ်ပါသည်။

**ကြယ်ရှေ့ လမ်းပြ၊ နွားရှေ့က သွား**

မိမိသွားစေ၊ ရောက်စေလိုသော အရပ်သို့ နွားကိုဦးတည်ပေးလိုက်ပါက တန်းတန်းမတ်မတ်ပင်သွားသည်။ ကမူကသင်းရှိကလည်း နင်း၍ ကျော်၍ သွားတတ်သည်။ ကောင်းကင်မှကြယ်များသည်လည်း ၎င်းတို့ဦးတည်ရာဘက်သို့ တစိုက်မတ်မတ် ခရီးဆက်နေကြသည်။ ဤသို့ ဦးတည်ရာခရီးစဉ်ကို မှန်မှန်လျှောက်လှမ်းနေသူများအား ရှေ့မှတား၍ ဤလမ်းမှ ဤသို့ ဟိုသို့ ဖြောင့်ဖြောင့်သွား၊ ချိုးကွေ့ စသည်များ ပြောကြားနေပါက မိမိ၏စကားသည် အရာရောက်မည်မဟုတ်။ လိုက်နာမည်လည်းမဟုတ်ပါ။ ''နွားရှေ့ထွန်ကျူး၊ မိကျောင်းမင်းရေကင်းပြ''သည့်စကားကဲ့သို့ပင် ဖြစ်နေမည်ကို ပြဆိုသော စကားပင်ဖြစ်ပါသည်။

**ပဲပုပ်ကောင်းအောချင် ညက်ညက်ထောင်း၊ ပြားပြားဖိ**

ရှမ်းပြည်တွင်ထွက်ရှိသော ပဲပုပ်များမှာ စား၍အလွန်ကောင်းကြပါသည်။ စား၍ကောင်းစေရန်လည်း ပြုပြင်တတ်ကြပါသည်။ အပုပ်ခံ၍ အမှုန့်များဖြစ်ပေါ်နေသော ပဲပုပ်ကို ညက်နေအောင် ထောင်းရမည်။ ထောင်းပြီးပဲပုတ်များကို အနေတော်လုံးထား၊ ပဲပုပ်ပြားရွက်တစ်ရွက်ကို အောက်မှာခင်း၊ လုံးထားသော ပဲပုပ်ကိုတင်၊ အရွက်ကိုထပ်မံအုပ်၍ အပေါ်မှပြားနေအောင်ဖိပေးပြီးအခြောက်လှမ်းရပါသည်။ ထောင်းရာတွင် အစေ့ကလည်း သိပ်မညက်၊ ပြားစေရန်လည်း မဖိပါက ကိုင်တွယ်ရာတွင် ကျိုးကြေနိုင်သည်။ အချပ်ကောင်းလည်း မရနိုင်ပေ။

ထို့အတူ လိမ္မာရေးခြားရှိစေရန် မိဘများက ရိုက်နှက်ဆုံးမတတ်ကြသည်။ ထိုသို့ဆုံးမသည်မှာ ဘဝတစ်သက်တာလုံးကောင်းမွန်စေရန် ဆုံးမထားခြင်းဖြစ်သည်။ ''အိုးကောင်းရန် နာနာရိုက်မှ အိုးကောင်းရသော စကားပုံနှင့်တူပါသည်။

**မိုးကျမှ ပလစ်ဖုတ်**

ရှမ်းပြည် ဓနုတို့ဒေသတွင် နွေရာသီသို့ရောက်ပြီဆိုလျှင် တောင်ယာ

www.burmeseclassic.com

www.burmeseclassic.com



လယ်လုပ်ပြီးစီးပြီဖြစ်သဖြင့် ရိုးပြတ်များ၊ ပေါင်းမြက်များ စသည်တို့ကို ရှင်းလင်းထားပြီး ခြောက်သောအမှိုက်သရိုက်အချို့ကို အပေါ်ယံတူးဆွထားသော မြေများဖြင့် အစုလိုက် အစုလိုက် ကွင်းတစ်ခုလုံး စုပုံထားလိုက်သည်။ ထိုစုပုံထားသော မြေကြီးပုံကလေးများကို မီးရှို့ပေးခြင်းကို ပလစ်ဖုတ်(ပရစ်ဖုတ်)သည်ဟု ပြောကြသည်။ မီးကျွမ်းပြီးသောမြေကြီးများကို ကွင်းတစ်ခုလုံး ဖြန့်ထားပြီး အာလူးစိုက်ပျိုးရန်အတွက် လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ထိုပလစ်ဖုတ်သည့်ကိစ္စကို မိုးကျရောက်သောအခါမှ လုပ်ဆောင်မည်ဆိုပါက အချိန်နှောင်းနေပြီဖြစ်သည်။ မိုးရေများကြောင့် မြေပြင်တစ်ခုလုံးလည်း စိုစွတ်နေပြီဖြစ်သည်။ မည်သို့မျှလုပ်ဆောင်၍ မရနိုင်တော့ပါ။ အချိန်နှောင်းမှ လုပ်ဆောင်ခြင်းသည် လုပ်ငန်းခွင်အတွက် အချည်းနှီးဖြစ်သည်။ ''မိုးလွန်မှထွန်ချ'' ဆိုသည့်စကားပုံနှင့် အလားသဏ္ဌာန်တူပါသည်။

**မိုးရွာမှ ဆန်ပလာ**

ဆန်ပလာ(ဆန်ပြာ)သောအလုပ်သည် မိုးမရွာခင်လုပ်ရသည့်အလုပ်တစ်ခုဖြစ်သည်။ သိလည်းသိထားသင့်သည်။ အချိန်လွန်ကာလ မိုးရွာသည့်အခါမှ ဆန်ပြာနေမည်ဆိုလျှင် ပစ္စည်းလည်းရှုံး၊ လုပ်အားလည်းအလဟဿ၊ အချည်းနှီးဖြစ်သည့်အတွက် အထက်ပါစကားပုံနှင့် အလားသဏ္ဌာန်တူပါသည်။

**လူပုံတောင်းထမ်း၊ မိနီဖန်းရွက်**

လူပုံနှင့်မိနီဟူသောစကားရပ်သည် ဓနုတိုင်းရင်းသားများ၏ အရွယ်လတ် လူငယ်မောင်မယ်များကို ခေါ်ဆိုသောစကားဖြစ်သည်။ ဓနုလူငယ်များ တစ်အိုးတစ်အိမ်ထူထောင်မည့်အချိန်၊ ထူထောင်ပြီးကာလတွင် လူကြီးသူမများက ဆိုဆုံးမကြသည့်အခါ ယောကျ်ားဖြစ်သူက တစ်တောင်းထမ်းလျှင် မိန်းကလေးဖြစ်သူက တစ်ဖန်းရွက်ပြီး လုပ်ကိုင်စားသောက်သည့် ဓလေ့စရိုက်များကို ဖော်ကျူးသော ''မောင်တစ်ထမ်း မယ်တစ်ရွက်''စကားပုံနှင့် ဆင်တူပါသည်။

**ဝါတော့တစ်ပုပ်၊ လုပ်တော့ တစ်မုတ်**

ဓနုတိုင်းရင်းသားများ စကားပြောဆိုရာတွင် ရောက်တတ်ရာရာ ပြော၍ ကြွားဝါကြသည်ကို ဝါသည်ဟု ပြောကြသည်။ တစ်ပုပ်ဟူသည်မှာ ရိတ်သိမ်းချွေလှေ့နေလှမ်းပြီး စပါးများကိုထည့်ရန်အတွက် နှီးကြောအလုံးကိုဖြာ၍ ရက်လုပ်ထားသောခြင်းကြီးကို အတွင်းအပြင် နွားချေးဖြင့် မံ(သုတ်လိမ်း)၍ အခြောက်ခံထားသောခြင်းကို ပုပ်ဟုခေါ်ပါသည်။ တစ်မုတ်ဟူသည်မှာ အုန်းခွံကို ချောအောင်ပြုလုပ်ပြီး လက်ကိုင်ရိုးတန်ရှည်ဖြင့်ပြုလုပ်ထားသည့် အုန်းမှုတ်ခွက်ကို (မုတ်)ဟု ခေါ်လေ့ရှိသည်။ တစ်မုတ်၊ နှစ်မုတ် စသည်ဖြင့် ခေါ်သည်။

စကားပြောဆိုကြရာတွင် လွန်ကဲစွာ အဖြိုင်အဆိုင်ပြောရာမှ မိုးလောက်ကဲသော စကားများလည်းပါသွားမည်ဖြစ်သည်။ ထိုသို့ မိုးလားကဲလားပြောဆိုပြီးခဲ့သော်လည်း လုပ်ဆောင်နေသည့်အလုပ်မှာ အနည်းငယ်သာ တစ်မုတ်လောက်သာရှိကြောင်း များများပြောပြီး နည်းနည်းလုပ်သည့်အကြောင်းကို တင်စားပြောဆိုသော စကားပုံဖြစ်ပါသည်။

**အညာတုတ်ခိုင်၊ အသီးဖြိုင်**

ဖခင်၏မေတ္တာကို ဖော်ညွှန်းသော စကားပုံဖြစ်သည်။ အသီးများ ဖွံ့ထွားခြင်း၊ လှပခြင်းများဖြစ်စေရန်မှာ အသီးအညှာပေါ်တွင် မူတည်ပါသည်။ အသီးအညှာ(ဓနုအခေါ်–အညာ)ကောင်းလျှင် နိုင်ခံ့လျှင်ပုပ်ခြင်း၊ ကြွေကျခြင်းများလည်း နည်းနိုင်သမျှ နည်းပါးပါသည်။

ဖခင်ကောင်းတို့မည်သည် အိမ်ထောင်ဦးစီးလည်းဖြစ်သဖြင့် အိမ်ထောင်စုအား ရိုးသားကြိုးစားရှာဖွေကျွေးမွေးခြင်းအားဖြင့် သားသမီးများ လိမ္မာရေးခြားရှိပြီး သားသမီးတို့၏ အနာဂတ်လျှောက်ရမည့်လမ်းတို့ သာသာယာယာ၊ ဖြိုင်ဖြိုင်ဆိုင်ဆိုင်လျှောက်လှမ်းနိုင်ကြောင်းကို ဖော်ညွှန်းသော စကားပုံဖြစ်ပါသည်။

**အသီးလည်းရှုံး အပင်လည်း တူး**

အသီးခူးရုံတင်ခူးစားပါက အသီးသီးလာမည့်ကာလတစ်လျှောက်လုံး စားနေရမည်ဖြစ်သည်။ အသီးစားနေရသည်ကို ကျေနပ်ရောင့်ရဲမှုကို မထိန်းသိမ်းနိုင်ဘဲ အပင်ကိုပါ တူးလိုက်ပါက အမြဲတမ်းရရှိနေသည့်အသီးများ မရရှိတော့ဘဲ လက်လွှတ်ဆုံးရှုံးသွားမည်ဖြစ်သည်။ ''အိမ်မွေးကျက်၊ တစ်မနက်နှင့်ရိုက်ချက်''ဟူသော စကားပုံနှင့် လားသဏ္ဌာန်တူပါသည်။

**နိဂုံး**

တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် မိမိတို့ရပ်ရွာတွင် နေထိုင်သွားလာ လုပ်ကိုင် စားသောက် ကြသည့် လူမှုဝတ္တရားနှင့် ဓလေ့စရိုက်များမှနေ၍ ၎င်းတို့တင်ပြလိုသော အကြောင်းအရာ အချက်အလက်များကို လေ့လာမှတ်သားထားကြသည့် ယဉ်ကျေးမှုပြယုဂ်များပင် ဖြစ်ကြောင်းကို တင်ပြအပ်ပါသည်။

ကံညွန့်လှိုင်(ဒေါင်ကြီး)

www.burmeseclassic.com

www.burmeseclassic.com

# တစ်ရောင်တည်း ခြယ်ခဲ့ပါသည်...

မြမြစန်း(ရန်ကုန်တက္ကသိုလ်)




**လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်တွင် အတူလက်တွဲကာ တစ်စိတ်တည်း တစ်ဝမ်းတည်း အရောင်အသွေးမခွဲ၊ အသွေးအရောင်တစ်မျိုးတည်း ခြယ်မှုန်းထားသော တူညီသောစိတ်အစဉ်တွင် ပျော်ဝင်ကာ အနစ်ကျုကျုချစ်ခဲ့ပါကြောင်း ...**

၁၈၈၆ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်သို့ ကျရောက်သည့်နောက် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် သူ့ကျွန်မခံလိုစိတ်ဖြင့် နယ်ချဲ့ကို သက်ဆိုင်ရာဒေသအသီးသီးမှလည်းကောင်း၊ နီးစပ်ရာဒေသအသီးသီးမှ အလျဉ်းသင့်သလို ပူးပေါင်း၍လည်းကောင်း ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့ဆန့်ကျင်ရေး ပြုလုပ်ခဲ့ကြသည်။

ထို့အတူပင် ရှမ်းမြေလတ်အနောက်ပိုင်းနယ်မြေ–တစ်မြေတည်းနေတစ်ရေတည်းသောက်ကာ မျိုးနွယ်စုတစ်ခုတည်းမှဆင်းသက်လာသော ပင်းတယ–ချေးလှ၊ ကျုံးနယ်များမှ တိုင်းရင်းသားသား တောင်ရိုး၊ ရှမ်း၊ ပအိုဝ်– မျိုးချစ်တို့သည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ နယ်ချဲ့ကိုတော်လှန်ရမည်ဟူသော တူညီသောဦးတည်ချက်၊ လွတ်လပ်ရေးရရန်ဟူသော တစ်ရောင်တည်းခြယ်သော နိုင်ငံချစ်စိတ်ဓာတ်တို့ဖြင့် အရှိန်အဟုန် မပျက်တာဝန်သိစိတ်၊ တာဝန်ယူစိတ် တို့ဖြင့် ကြိုးပမ်းလာခဲ့ရာ ဂျပန်ခေတ် (၁၉၄၂–၄၅) ကာလအတွင်းတွင်လည်း လက်မနေးခဲ့ပါ။ အပြေးပါဝင်လှုပ်ရှားခဲ့ပြန်ပါသည်။

ဂျပန်ခေတ်တွင်–''အရှေ့အာရှတိုက်လူငယ်များ အစည်းအရုံး (East Asia Youth League)ကို ၁၉၄၂ ခုနှစ် ဖွန်လ ၂၈ ရက်တွင် အမှတ်(၁)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ရန်ကုန်မြို့တွင် ဖွဲ့စည်းခဲ့သည်။ အစည်းအရုံး၏ဥက္ကဋ္ဌမှာ ပုဂံဦးဘဂျမ်းဖြစ်သည်။ အစည်းအရုံး၏ ရည်ရွယ်ချက်မှာ တိုင်းရင်းသားလူငယ်မောင်မယ်များ ဗလငါးတန်ပြည့်ဝရေးအတွက် လေ့ကျင့်ပြုစုပေးရန် လူငယ်တို့၏စွမ်းရည်နှင့်အားကို ပြည်သူ့အကျိုးအတွက်အသုံးချရန်နှင့် အရှေ့တောင်အာရှနိုင်ငံများ၏ အကျိုးတူလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးကို ထောက်ခံအားပေးရန်တို့ ဖြစ်သည်။

အစည်းအရုံးမှကြီးမှူး၍ ဝါသင်ကျောင်းနှင့် စာဖတ်ခန်းများ ဖွင့်လှစ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ဟောပြောပွဲနှင့် စကားရည်လုပွဲများ ကျင်းပခြင်း၊ ကာယဗလအတွက် ကာယလေ့ကျင့်ခန်း၊ ဗန်တိုဗန်ရှည် ကျွမ်းဘားအပါအဝင် ကစားခုန်စားအမျိုးမျိုးနှင့် စစ်ပညာ သင်ကြားပေးခြင်း၊ စစ်ဘေးဒုက္ခသည် ကူညီမှုအပါအဝင်လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သူနာပြု မီးသတ်နှင့် စစ်သားစုဆောင်းမှုတွင် ပါဝင်ကူညီခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ အာရှလူငယ်အစည်းအရုံးကို ဒေါက်တာဘမော်က အားပေးသကဲ့သို့ ဂျပန်တပ်မတော်ကလည်း မိမိတို့ စစ်အောင်နိုင်ရေးအတွင်း အသုံးချရမည်ဖြစ်၍ အားပေးခဲ့သည်။ သို့ဖြစ်၍ စစ်အတွင်းမှာပင် အစည်းအရုံးခွဲပေါင်း(၁၄၂)၊ အသင်းသား(၁၂၀၀၀)ကျော်ခန့်၊ အမျိုးသမီး(၃၀၀၀)ရှိသော လူငယ်မောင်မယ်များကို စည်းရုံးနိုင်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးကြီး ပေါ်ပေါက်လာသောအခါ အစည်းအရုံးဝင်များသည် ဖက်ဆစ်တော်လှန်ရေးတွင် စည်းရုံးရေး၊ ဆက်သွယ်ရေးနှင့် တိုက်ခိုက်ရေးတာဝန်များတွင် ကျရာတာဝန်ထမ်းဆောင်ခဲ့ကြသည်။

အလားတူစွာပင် ရှမ်းပြည်နယ်လူငယ်များ နိုင်ငံရေး၊ လွတ်လပ်ရေးအတွက် နိုင်ငံရေးနိုးကြားမှုရှိစေရန် ၁၉၃၈ ခုနှစ်ကပင် စတင်ကာ ဦးတင်ဋေနှင့် ဦးဘမောင်တို့ ဦးဆောင်၍ ညောင်ရွှေ၌ အလင်းရောင်စာကြည့်တိုက်အသင်းကို တည်ထောင်ခဲ့သည်။ နောက်ပိုင်းတွင် တောင်ကြီး၊ ကလော၊ ပင်းတယ၊ ဟိုပုံး၊ လွိုင်လင်၊ ပင်လုံ၊ မိုးနဲ၊ အင်းလေးအထိ အလားတူ စာကြည့်တိုက်အသင်းများ ပေါ်ထွက်လာခဲ့သည်။ ဂျပန်ခေတ်တွင် ဦးတင်ဋေ၊ ဦးဘဇံနှင့် ဦးဘမောင်တို့ ဦးစီး၍ အလင်းရောင်စာကြည့်တိုက်အသင်းကို တောင်ကြီးမြို့၌ ၁၉၄၃ ခုနှစ်၊ ဧပြီ ၁၃ ရက်နေ့တွင် ပြန်လည်တည်ထောင်ခဲ့သည်။

၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလ(၁) ရက်နေ့တွင် တောင်ကြီးမြို့၌ ဦးတင်ဋေ၊ ဦးဘဇံ၊ ဦးခွန်စော၊ ဦးစံဖေ၊ ဦးဘမောင်နှင့် ဦးရွှေအုန်းတို့က ဦးဆောင်၍ "အာရှလူငယ်အစည်းအရုံး"ကို တည်ထောင်ခဲ့ကြသည်။ အလင်းရောင်စာကြည့်တိုက်အသင်းဝင် လူငယ်အများအပြား အာရှလူငယ်ခေါင်းဆောင်များ ဖြစ်လာကြကာ ထိုမှတစ်ဆင့် အာရှလူငယ်ခေါင်းဆောင်များသည် ရှမ်းပြည်နယ်၊ ပထမဆုံး နိုင်ငံရေးအဖွဲ့ (ရပလ)အဖွဲ့ကြီး၏ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ ဖြစ်လာကြသည်။

ပင်းတယမြို့နယ်တွင် အာရှလူငယ်အစည်းအရုံး ပေါ်ပေါက်လာစေရန် ဦးစွာ စည်းရုံးလှုပ်ရှားခဲ့သူမှာ ဓနုအမျိုးသား ဦးခွန်စောပင်ဖြစ်သည်။ အစည်းအရုံးတည်နေရာမှာ ပင်းတယမြို့၊ ဈေးတန်းရပ်၊ ဦးချစ်တင်နေအိမ်ဖြစ်သည်။ အာရှလူငယ်အစည်းအရုံး၏ ပင်းတယမြို့နယ်ဥက္ကဋ္ဌမှာ ဦးခွန်စောပင်ဖြစ်ပြီး ထိုစဉ်က ပြည်နယ်အဆင့်အထိတာဝန်ယူခဲ့သည်။

အာရှလူငယ် အစည်းအရုံးဝင်များသည် နောင်အခါ ပဒေသရာဇ်ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် နိုင်ငံတော်လွတ်လပ်ရေးအတွက် အမြုတေများဖြစ်ကြကာ ဖက်ဆစ်တော်လှန်ရေးနှင့် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတစ်လျှောက် ဆက်လက်အကျိုးဆောင်ပါဝင်ခဲ့ကြကြောင်း တွေ့နိုင်ပါသည်။ ဦးမောင်ကျော်(ပင်းတယမြို့၊ ဆူးဗိုလ်ကုန်းရပ်)သည် ဖက်ဆစ်တော်လှန်ရေးအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး တော်လှန်ရေးတွင် ဗိုလ်အဆင့်ထိ ထမ်းဆောင်ခဲ့သည်။ ဦးထွန်းရင်(ပင်းတယ၊ ရှမ်းရပ်)သည် တော်လှန်ရေးတပ်ဖွဲ့သို့ ဝင်ရောက်ကာ ရပ်စောက်၊ ပင်းတယ၊ ပွေးလှ၊ ကျုံး၊ ရွာငံ၊ ရေဦးတစ်ဝိုက်ရှိ ဖက်ဆစ်ဂျပန်များကို တိုက်ခိုက်ခဲ့ပြီး လွတ်လပ်ရေးရပြီးသောအခါ မြို့မတိုက်သူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ပင်းတယမြို့ ရှမ်းရပ်မှ ဦးတင်မောင်သည် တော်လှန်ရေးတပ်သို့ဝင်ကာ ဆေးတပ်တွင် အမှုထမ်းခဲ့သည်။ ပင်းတယမြို့၊ ဆူးဗိုလ်ကုန်းရပ်မှ ဦးဘိုးစိန်လှသည် အာရှလူငယ်အစည်းအရုံးပြန်ကြားရေးမှူး တာဝန်ထမ်းဆောင်ခဲ့သူ ကျောင်းဆရာတစ်ဦးဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းမှုနှင့် နိုင်ငံရေးလှုပ်ရှားမှုတိုင်းတွင် ဦးခွန်စောနှင့် လက်တွဲဆောင်ရွက်ခဲ့သည်။

ပင်းတယမြို့၊ ဆူးဗိုလ်ကုန်းရပ်မှ ဒေါ်ခင်မေသည် ဦးဘိုးစိန်လှ၏ဇနီးဖြစ်ပြီး အာရှလူငယ်အစည်းအရုံးဝင်တစ်ဦးလည်း ဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးလှုပ်ရှားမှု လွတ်လပ်ရေးကြိုးပမ်းမှုများတွင် ခင်ပွန်းနှင့်အတူ လက်တွဲလှုပ်ရှား ဆောင်ရွက်ခဲ့သည်။ ဒေါ်ခင်မေ၏ညီမဖြစ်သူ ပင်းတယမြို့၊ ဆူးဗိုလ်ကုန်းရပ်တွင်နေထိုင်သူ ဒေါ်အေးကြည်သည်လည်း အာရှလူငယ်အစည်းအရုံးဝင်တစ်ဦး ဖြစ်ပြီး နယ်ချဲ့ဆန့်ကျင်ရေး ပဒေသရာဇ် ဆန့်ကျင်ရေးတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

ရေဦးမြို့မှ ဦးစောလွင်သည် ဗိုလ်မှူးကြီးဗထူးဦးဆောင်သော တော်လှန်ရေး ရဲဘော်များနှင့် ဆက်သွယ်ကာ ရွာငံ၊ ရေဦး၊ မြို့ကြီးများနှင့် မြိုင်ကျေးရွာတစ်ဝိုက်ရှိ ဂျပန်များကို တိုက်ခိုက်ခဲ့သူဖြစ်သည်။ ဦးစုရ၊ ဦးစံလှ၊ ဦးသန်းတင်၊ ဦးခန့်ကြီးနှင့် မြိုင်ကျေးရွာအုပ်စုမှ ဦးဌေးတို့လည်း ဦးစောလွင်နှင့်အတူ တော်လှန်ရေးတွင် ပါဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးဗထူးမှာ ရှာင်မြို့နယ်မှ အောင်ပန်းသို့ဆက်လက်ချီတက်စဉ် မီးမလောင်စခန်းမှ တယ်လုစခန်းအရောက် ငှက်ဖျားရောဂါဖြင့် ကျဆုံးခဲ့သည်။ အာရှလူငယ်အစည်းအရုံးဝင်များဖြစ်ကြသော ပင်းတယမြို့၊ ဆူးဗိုလ်ကုန်းရပ်မှ ဦးကံထူး၊ ဦးကျော်စိန်၊ ဦးဘသင်းတို့ကလည်း လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပါဝင်ခဲ့ကြပါသည်။

ပင်လုံစာချုပ် လက်မှတ်ရေးထိုးရာတွင် ကိုယ်စားလှယ်တော်များအနက် ဓနုအမျိုးသားဦးခွန်စောသည် ရှမ်းကော်မတီမှ ပင်းတယလူထုကိုယ်စားလှယ်တစ်ဦးအဖြစ် လက်မှတ်ရေးထိုးခဲ့ပါသည်။ ဦးခွန်စောသည် အာရှလူငယ်အစည်းအရုံးကို တောင်ကြီးမြို့တွင် စတင်တည်ထောင်ပေးသူများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်တစ်လျှောက်တွင် ပင်းတယမှ ဓနုအမျိုးသား ဦးခွန်စောနှင့်တကွ ဓနုမျိုးချစ် အမျိုးသားအမျိုးသမီးများသည် မြန်မာပြည်မ၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်တွင် အတူလက်တွဲကာ တစ်စိတ်တည်း တစ်ခမ်းတည်း အရောင်အသွေးမခွဲ၊ အသွေးအရောင်တစ်မျိုးတည်း ခြယ်မှုန်းထားသော တူညီသော စိတ်အစဉ်တွင် ပျော်ဝင်ကာ အနှစ်ကျကျ ချစ်ခဲ့ပါကြောင်း ဖော်ပြပါက သမိုင်းကြောင်းက "တစ်ရောင်တည်းခြယ်ခဲ့ပါပြီ"ဟု ပြောနေသယောင် ရင်ထဲ အသည်းထဲတွင် စွဲရစ်ထင်နေလျက်။

ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အနေဝေးကြသော်လည်း အသည်းနှလုံးချင်း နီးနေကြပါစို့။

မြမြခန်း(ရန်ကုန်တက္ကသိုလ်)

## ပဟေဠိအဖြေ

ယင်းတိုက်ပင်စောင့်သောရုက္ခစိုးနတ်ကြီးသည် ညောင်ပင်ငယ်ပေါက်လာသည်ကို သိလည်းသိသည်။ မြင်လည်းမြင်သည်။ ဒါကိုပင် "သစ်ပင်ကလေးပဲ" ဟု မသိကျိုးကျွံပြု၍ သတိလက်လွတ်နေခဲ့၏။ ထိုအချိန်ကတည်းကပင် ထိုညောင်ပင်ပေါက်ကို အမြစ်ပါမကျန် ရှင်းလင်းသုတ်သင်ပစ်ရမည်ဖြစ်၏။ ဤသို့ပြုခဲ့ပါက ညောင်ပင်လည်းပျောက်၊ ရုက္ခစိုးငယ်လည်းရောက်လာမည်မဟုတ်ပေ။ လျစ်လျူရှုနေခဲ့သော ညောင်ပင်ငယ်က ကြီးထွားလာသောအခါ ရုက္ခစိုးငယ်က နေခွင့်တောင်း၏။ ဒါကိုလည်း ရုက္ခစိုးကြီးက တားဆီးပိတ်ပင်မှုမပြုဘဲ နေထိုင်ခွင့်ပြုခဲ့၏။ ထိုညောင်ပင်ငယ်ကို နှုတ်မပစ်သော ပျက်ကွက်မှုကအစ ရုက္ခစိုးငယ်ကို နေခွင့်ပြုခဲ့သော ယင်းတိုက်ပင်စောင့် နတ်ရုက္ခစိုးကြီး၏ ပေါ့ဆမှုက သိသာထင်ရှားလှ၏။

ဤသို့သော ပေါ့ဆမှု၊ လျစ်လျူရှုမှုတို့က ယင်းတိုက်ပင်ရုက္ခစိုးကြီး၏ ဘုံဗိမာန်ကို ပျက်စီးစေခဲ့သည်။ အမှိုက်ကစ ပြာသဒ်မီးလောင်ဆိုတာလို မိမိနေထိုင်သည့် ပြာသဒ်မီးမလောင်ဖို့အတွက် အမှိုက်ကို ရှင်းထုတ်ပစ်ရမည့်တာဝန်သည် ပြာသဒ်နေသူ၏ အလုပ်ပင်ဖြစ်၏။ ယင်းတိုက်ပင် ရုက္ခစိုးကြီးသည် သူလုပ်ရမည့်အလုပ်တာဝန်ကို သတိလက်လွတ်နေခြင်း၊ လျစ်လျူရှုနေခြင်းနှင့် ပေါ့ဆစွာနေခြင်းတို့ကြောင့် သူနေထိုင်ရာဘုံဗိမာန်သည် မဖြစ်သင့်ဘဲ ပျက်စီးဆုံးရှုံးမှုအဖြစ်သို့ ရောက်ခဲ့ရသည်။ ထိုပျက်စီးဆုံးရှုံးမှုသည် ညောင်ပင်စောင့် နတ်ရုက္ခစိုးငယ်နှင့် ဘာမျှမသက်ဆိုင်။ ယင်းတိုက်ပင်စောင့် နတ်ရုက္ခစိုးကြီးအနေဖြင့် ညောင်ပင်ကြီးမှခွာ၍ တစ်နေရာသို့ပြောင်းစေ။ ညောင်ပင်စောင့် နတ်ရုက္ခစိုးငယ်အား သူပိုင်ဆိုင်သည့် ညောင်ပင်ကြီး၌ပင် ဆက်လက်နေထိုင်စေရန် သီလ၊ သမာဓိ၊ ပညာတို့ဖြင့် ပြည့်စုံသော ရှာလူကြီးက အမိန့်ချမှတ်ဆုံးဖြတ်ခဲ့လေသတည်း။

ဤသာဓကကို ပမာပြု၍ စာဖတ်ပရိသတ်များ သတိရှိစေချင်ပါသည်။ မိမိ၏ ပေါ့ဆမှု၊ သတိလက်လွတ်ဖြစ်မှု၊ လျစ်လျူရှုမှုတို့က တစ်နေ့တစ်ချိန်တွင် မိမိ၏ အကျိုးစီးပွားနှင့် ပိုင်ဆိုင်မှုတို့ကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးတတ်ပါသည်။ မြွေပွေးကို ငယ်သည်ဟု ခါးပိုက်ဆောင်ထဲ မထားသင့်သလို၊ ပြာသဒ်ကို စွဲလောင်စေသည့် အမှိုက်စကိုလည်း ရှင်းလင်းသုတ်သင်ဖယ်ရှားဖို့ လိုပါ၏။ ဒါကြောင့် အသေးအဖွဲကလေးပဲဟုဆိုပြီး အရာရာမှာ ပေါ့ပေါ့ဆဆမနေမိဖို့အတွက် အသိတရားများကို ဆင့်ပွားပေးဖို့အပ်ပါတော့သည်။

စုံထောက်မောင်ရွှေခဲ
(ဝန်ခံချက်)
ဒေါက်တာထင်အောင်၏
မြန်မာ့တရားဥပဒေစာအုပ်မှ
ဖွင့်ဆိုချက်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



□

နေရောင်က ခေါင်းရင်းပြတင်းတံခါးက နေတော်တော်မြှပ်နေပြီ။ တိုင်မှာကပ်ထားတဲ့နာရီကိုကြည့်တော့ ဆယ့်တစ်နာရီခွဲတော့မည်။ ဒီအချိန်ထိ ဒေါ်ရီဝင်းအနားမှာ ရေသန့်ဘူးနဲ့ ရေခွက်ကလွဲပြီး ဘာမှမရှိ။

ဆာလောင်မှုကြောင့် ခေါင်းတွေလည်း မူးနောက်နေပြီ။ တစ်အိမ်လုံး နာရီသံကလွဲပြီး တိတ်ဆိတ်မှုက ဒေါ်ရီဝင်းတစ်ယောက်တည်း ကျန်ခဲ့တာသေချာသည်။

ခုတင်ဘေးက တုတ်ကောက်ကိုဆွဲထောက်ပြီး လမ်းထိပ်က မုန့်ဆိုင်နားရောက်အောင် ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ သူများဆယ်လမ်းလျှောက်မှ သူမ တစ်လှမ်းလှမ်းနိုင်ရုံသာ သွားနိုင်သည်။

"ရီရီ ... ဘာလို့ တစ်ယောက်တည်း ထွက်လာတာလဲ ..၊ ကလေးတစ်ယောက် လွှတ်လိုက်ရော့ပေါ့ .."

"ဘယ်သူမှမရှိဘူး ..၊ မုန့်တစ်ပွဲပြင် ..ပြင်ပေး ..ပါ .."

တခြားလူတွေနဲ့ဝေးရာစားပွဲမှာ ထိုင်လိုက်သည်။ ရေမွှေးနံ့တွေနဲ့ အမြဲမွှေးကြိုင်နေတတ်တဲ့ ဒေါ်ရီဝင်းကိုယ်က ချွေးနံ့ချဉ်စူးစူးနဲ့ သေးစော်နံနေတာကြောင့် စားလက်စလူတွေက နှာခေါင်းရှုံ့ကာ ထသွားကြသည်။

ညကဝတ်ထားတဲ့ အဝတ်အစားကလည်း ကြေမွတွန့်ကြေပြီး မျက်နှာက အဆီတဝင်းဝင်းနဲ့ ဒေါ်ရီဝင်းမှ ဟုတ်ပါလေစလို့ ကြည့်သွားကြတာကို သိပေမယ့် ခေါင်းငုံ့ပြီး မုန့်သာပြီးအောင်စားနေသည်။

အနားကပ်ပြုစုပေးဖို့ခေါ်ထားတဲ့ ကောင်မလေး ရွာပြန်သွားကတည်းက ခုလို ညစ်ပတ်ပတ်နေရတာ အကျင့်ဖြစ်နေပြီ။ သမီးနှစ်ယောက် သားတစ်ယောက် မွေးထားပေမယ့် အလုပ်များနေသလိုလို၊ ဟိုအကြောင်းပြ ဒီအကြောင်းပြကာ အနားကပ်ဖို့နေနေသာသာ အခန်းဝမှာတောင် ခဏသာ လာရပ်ကြည့်ကြသည်။

ဒေါ်ရီဝင်းရဲ့ ချစ်လှစွာသော ယောက်ျားကတော့ အငယ်ဆုံးသားလေးမွေးပြီးကတည်းက အိမ်ကထွက်သွားပြီး သူမ ခုလိုလေဖြတ်သွားတဲ့အချိန်မှာ မိန်းမငယ်တစ်ယောက်ကို လက်ဆွဲပြီး အိမ်ပေါ်ပြန်တက်လာခဲ့သည်။

စကားကလည်းမပီ၊ မတ်တတ်တောင်ရပ်ဖို့အားမရှိတဲ့ သူမအတွက် ယောက်ျားနဲ့နောက်မိန်းမက ဘယ်လိုအချိုးပဲဖြစ်ဖြစ် ကြည့်နေရုံသာ တတ်နိုင်သည်။ သားသမီးတွေကလည်း မွေးထားပေမယ့်လည်း ရောဂါသည်အမေရင်းထက် အစစအရာရာကူညီလုပ်ကိုင်ပေးတတ်တဲ့ မိထွေးကို ပိုခင်ကြသည်။

"အမေ့ကို အောက်ထပ်က စတိုခန်းထဲ နေရာပြင်ပေးလိုက် လှလှ၊ အန်တီလှိုင်ကတော့ ဖေဖေနဲ့ ဒီအိပ်ခန်းမှာ နေပေါ့ ..၊ ဒီကျွန်းခုတင်ကတော့ ဒီအတိုင်းထား ..၊ အိပ်ရာခင်းနဲ့စောင်ကတော့ အသစ်ဝယ်ရမယ်၊ ဘာနံ့တွေမှန်းကို မသိဘူး ..နံတယ်"

သမီးအကြီးရဲ့စကားကြောင့် ဒေါ်ရီဝင်း မျက်ရည်ကျနေပေမယ့် ကျန်တဲ့သမီးတွေကလည်း ဘာမှမပြောကြဘဲ ငြိမ်နေကြသည်။ အသက်ရှင်လျက်နဲ့ သေလူတစ်ယောက်လို ဆက်ဆံနေမယ့်အစား တကယ်သာသေပစ်လိုက်ချင်သည်။

မျက်နှာတွေကို သေချာလိုက်ကြည့်ရင်း ငါ ပြုစုစောင့်ရှောက်ခဲ့တဲ့ ကလေးတွေမှဟုတ်ရဲ့လား သံသယဝင်စရာကောင်းသည်။ သားသမီးအရင်းတွေကတောင် ဂရုမစိုက်ချင်တော့ အိမ်မှာလုပ်တဲ့ အိမ်ဖော်တွေကလည်း ဒေါ်ရီဝင်းထက် ကြူလှိုင်ဆိုတဲ့ နာမည်ကြီးလိုက်တာနဲ့ အပြေးအလွှား နာမည်ကောင်းယူလုပ်ပေးချင်ကြသည်။

"ရေ ..ရေ သောက်ချင်တယ်"

"လုပ်ပြန်ပြီ ...ခုနတင် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထားတယ်လေ ..၊ ကျွန်မမှာ တစ်နေ့ တစ်နေ့ ချိုးကျုံးလိုက်၊ သေးဝတ်လျှော်လိုက်နဲ့ ကိုယ့်ဟာကိုယ်လည်း မလုပ်နိုင်ဘဲနဲ့ တစ်ချိန်လုံးတောင်းနေတာပဲ အရမ်းဆာမှတိုက်မယ် ..''

တစ်နေ့တစ်နေ့ ..သူ့ဘေးမှာ အဝတ်လဲ၊ ထမင်းကျွေးတဲ့ လှလှကလည်း တစ်ခါတစ်ခါ စိတ်မရှည်ဘဲ ပြောသမျှကို သည်းခံနေရသည်။ အရင်အကျင့်တိုင်းဆို ဒီဟာတွေက သူ့ဖြေဖဝါးအောက်ပြားပြားမှောက်နေအောင်ကို ဩဇာညောင်းခဲ့တဲ့အချိန်တွေသာ ပြန်လှည့်လိုက်ပြလိုက်ချင်သည်။

ခြေလက်တွေသာ ပြန်လှုပ်နိုင်လို့ကတော့ ဒင်းကို အရင်ကိုင်ဆောင့်ပစ်မှာ သေချာသည်။ အခုတော့ ရေခွက်ကိုတောင် ကိုင်သောက်နိုင်ဖို့ မနည်းဘဝမို့ သူမလုပ်ပေးသမျှကိုသာ ငြိမ်ခံနေရသည်။

ဆရာဝန်ကိုနှစ်လတစ်ခါလောက် အိမ်ပင့်ပြီး ဆေးကုပေးနေတာကိုပဲ ကျေးဇူးတင်ရမည်။ နှစ်ထပ်တိုက်ကြီးမှာ ဖိမ်ခံပစ္စည်းအပြည့်အစုံ လက်ဝတ်ရတနာတွေဆိုတာ မီးခံသေတ္တာထဲ အပြည့်ဖြစ်အောင် ဒေါ်ရီဝင်းရှာဖွေခဲ့တဲ့ အရာအားလုံးက သူမနဲ့ဘာမှမဆိုင်အောင် ဝေးကွာခဲ့ပြီ ...။

ဆီးမနိုင်ဝမ်းမနိုင်တဲ့လူနာဆိုတဲ့ အကြောင်းပြချက်နဲ့ ခေတ်ပေါ်အင်္ကျီလှလှလေးတွေသာဝတ်တတ်တဲ့ ဒေါ်ရီဝင်းကိုယ်ပေါ်မှာ ပုံပျက်ပန်းပျက်အရောင်မွဲမွဲဂါဝန်အင်္ကျီပွပွကြီးတွေ ဝတ်ရမယ်လို့ အိပ်မက်တောင် မမက်ခဲ့ပါဘူး။

''ရီရီ ..နင် ..ရီဝင်းမဟုတ်လား ..''

ရင်းနှီးတဲ့အသံနဲ့အတူ မွှေးကြိုင်နေလှတဲ့ ရေမွှေးနံ့ကြောင့် ဒေါ်ရီဝင်းခေါင်းမော့ကြည့်လိုက်သည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့် ..၊ ပြင်ထားတဲ့



ဒီအခန်းမှာရှိတဲ့
ပုတီးလေးရဲ့
နောက်ကြောင်းရာဇဝင်ကို
ဒေါ်ရီဝင်းတစ်ယောက်
သေချာသိသလို
ဒီရာဇဝင်ရဲ့
အစိကဇာတ်ဆောင်က
သူမကိုယ်တိုင်
ဖြစ်နေလို့ပါပဲ
...

အပြင် အဆင်ကြောင့် ဘယ်သူမှန်း မသိဖူးသလိုလို၊ မမြင်ဖူးသလိုလို ဖြစ်နေသည်။

''ဘယ်လိုဖြစ်တာလဲဟယ် .. ငါ နင် လေဖြတ်သွားတာတော့ သိလိုက်တယ်၊ ဒီလောက်ဆိုးမယ်မထင်ဘူး ..၊ အခု နင့်သမီးမင်္ဂလာဆောင်က ပြန်လာတာ ...၊ ကြူလှိုင်ကတော့ ပြင်ထားလိုက်တာများ မင်းသမီးရှုံးတယ်ဟာ ..နင်ကတော့''

''ဘာ ..ဘာ ..ဘာပြော ..''

လက်ထဲရောက်လာတဲ့ မင်္ဂလာဖိတ်စာပန်းရောင်လေးကို မျက်ရည်တွေကြားမှ ဖတ်လိုက်စဉ် အမေနေရာမှာ ဒေါ်ရီဝင်းအစား ဒေါ်ကြူလှိုင်ဆိုတဲ့ နာမည်ကိုကြည့်ရင်း ဝမ်းနည်းမှုက ထိန်းမရအောင် ငိုပစ်လိုက်သည်။

''ငါ ဖိတ်စာရကတည်းက အံ့ဩနေတာ၊ ထင်တဲ့အတိုင်းပါပဲလား ရီရီရယ် ..၊ ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်က အရိပ်လိုလိုက်တတ်တယ်၊ တူသော အကျိုးပေးတတ်တယ်လို့ ..၊ တစ်ချိန်က ပြောတုန်းကမှာ နင်မှနားမထောင်ခဲ့တာ ..''

ဘေးက ပြောနေတဲ့စကားတွေက ရီဝင်းနားထဲ တစ်ခုမှမဝင်တော့၊ ဒီဘဝဒီအခြေအနေနဲ့ သူမနေသင့်တဲ့နေရာ၊ နေသင့်တဲ့နေရာကို ကွဲပြားစွာသိသွားခဲ့ပြီး လေးတွဲ့သောခြေလှမ်းတွေက နေရာတစ်ခုဆီကို ရောက်အောင် သွားခဲ့သည်။

''ဒကာမကို ဦးဖင်း ...မြင်ဖူးသလိုပဲ''

www.burmeseclassic.com

www.burmeseclassic.com



ရိပ်သာကျောင်းအဝင်ဝတွင် နှုတ်ဆက်လိုက်တဲ့ဦးဖင်းကို လက်အုပ်မိုးမြှီးရင်း မျက်ရည်က တန်းကျလာသည်။ ဘယ်သူဘယ်ဝါလို့ ထုတ်ပြောချင်ပေမယ့် တကယ်တမ်း ပါးစပ်ကပြောမထွက်ခဲ့လောက်အောင် တစ်ချိန်က ဦးဖင်းအပေါ်လုပ်ခဲ့တဲ့ ဒေါ်ရီဝင်းရဲ့ အပြစ်တွေက အတော်များခဲ့တာကို။

"ရိပ်သာမှာ တပည့် ... တော် .. ခဏခိုဝင်ချင်လို့ပါဘုရား"

"ရပါတယ် ..၊ ဦးဖင်းတို့ရိပ်သာမှာ ဒကာမကြီးတို့လို အကူအညီလိုနေထိုင်လိုသူတွေအတွက် ... ဟိုဘက်လေးထပ်ဆောင်မှာ စာရင်းသွားပေးလိုက်ပါ ..."

"ကျေး ... ကျေးဇူးတင်ပါတယ်ဘုရား"

ဒေါ်ရီဝင်းလို ဒုက္ခရောက်နေတဲ့သူတွေများလွန်းတယ်ပြောရမလားပဲ လေးထပ်အဆောင်မှာတောင် နေရာပြည့်နေသည်။ ဒါပေမဲ့ စာရေးကောင်မလေးရဲ့သနားမှုကြောင့် အခန်းကျဉ်းကျဉ်းလေးတစ်ခုတော့ နေထိုင်ခွင့်ရခဲ့သည်။

"လာ .. အန်တီ .. အခုလောလောဆယ်တော့ အဘွားနေခဲ့တဲ့အခန်းမှာ အရင်နေလိုက်ပါ"

လေးတွဲတဲ့ ခန္ဓာကိုယ်ကြီးကို နည်းအားယူပြီး အခန်းထောင့်ကို အရင်ရှင်းလိုက်စဉ် တိုင်ကြားလေးထဲမှာ ညှပ်ထားတဲ့ အထုတ်လေးတစ်ခုထွက်ကျလာသည်။ ပန်းနုရောင်ပုဝါစလေးတစ်ခုအတွင်းမှာရှိတဲ့ ပုတီးလေးကြောင့် သိဒေါက်သားပုတီးလေးကို အမြဲစိတ်ထဲတွဲအမေကို အရင်ဆုံးသတိရမိသွားသည်။

နောက်ထပ်ထွက်ကျလာတာကတော့ ဓာတ်ပုံလေးတစ်ပုံ၊ သိမ်းထားတာအတော်ကြာနေပြီဖြစ်တဲ့ ဒီပုံလေးကိုကြည့်ပြီး ဒေါ်ရီဝင်း ကမ္ဘာကြီးချာချာလည်သလို ဖြစ်သွားသည်။

"ဒါ ... ဒါ ... အ .. မေ .. အမေ"

ဖြစ်ရလေအမေရယ် ဒီမိသားစုသုံးယောက်ရိုက်ထားတဲ့ ဓာတ်ပုံလေးကို ယူသွားတာတောင် မသိခဲ့ပါလား။ ဒါဆို ဒီအခန်းမှာရှိတဲ့ ပုတီးလေးရဲ့နောက်ကြောင်းရာဇဝင်ကို .. ဒေါ်ရီဝင်းတစ်ယောက် သေချာသိသလို ဒီရာဇဝင်ရဲ့ အဓိကဇာတ်ဆောင်က သူမကိုယ်တိုင်ဖြစ်နေလို့ပါပဲ။

+++

အစိုးရအရာရှိတစ်ဦးဖြစ်တဲ့ ဦးကောင်းကျော်နဲ့ ဒေါ်နွယ်ဝင်းတို့ရဲ့ တစ်ဦးတည်းသောသမီးဖြစ်တဲ့ ရီဝင်းရဲ့ဘဝမှာလိုတရဖြစ်ခဲ့သည်။ ဦးကောင်းကျော်က ခေတ်ဆန်သလောက် အနေအေးပြီးရိုးအတဲ့ဒေါ်နွယ်ဝင်းကတော့ ဘုရားတရားနဲ့ အိမ်မှုကိစ္စကလွဲရင် ဘာမှမသိတာကြောင့် အိမ်မှာသာနေတာများသည်။

သမီးလေးမွေးလာလို့ .. အဖော်ရပြီဆိုပြီးဝမ်းသာခဲ့ပေမယ့် တကယ်တမ်းကျတော့ ဒေါ်နွယ်ဝင်းထင်သလို အမေအပေါ် ချစ်ခင်တွယ်တာတဲ့ သမီးမဟုတ်ခဲ့။ အမေကို တုံးလွန်းအလွန်းသည်ဟုဆိုကာ ဘယ်ကိစ္စမဆို အပြစ်တင်ပြောဆိုတတ်တဲ့ ရီဝင်းကို ဒေါ်နွယ်ဝင်းအပြစ်မတင်ဘဲ "သမီးစိတ်ချမ်းသာရင်ပြီးတာပဲ" ဆိုတဲ့စကားသာဆိုသည်။ အမေကို လူကြားထဲမှာလည်း ခေါ်ပြောနှုတ်ဆက်ရမှာ အမေလို့ပြောရမှာ ရှက်သည်။

"ရီဝင်း နင့်အမေမပါဘူးလား"

"အမေ အိမ်မှာမအားဘူး"

"ဒါဆို ဟိုအဒေါ်ကြီးက ဘယ်သူလဲ"

"ငါ့အဒေါ်လေ"

အမေ့အပေါ် ပြောချင်တိုင်းပြောတာကို ငယ်တုန်းက အပြစ်မဟုတ်ပေမယ့် အရွယ်တဖြည်းဖြည်းကြီးလာ

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ရိဝင်းအကျင့်က ပိုဆိုးလာသည်။ အပေါင်းအသင်းတွေကလည်းများတော့ ပိုက်ဆံသုံးစွဲတာလည်းများပြီး လူကြီးတွေအပေါ် ခပ်ရိုင်းရိုင်းပြော၊ ဆင်းရဲတဲ့ သူတွေအပေါ်လည်း နိုင်ထက်စီးနင်း လုပ်တတ်သည်။

"အမေပြောတာနဲ့ ‥ ကျွန်မက လူဆိုးမကျနေတာပဲ၊ ဒီလိုလူတွေက စကားအသုံးအနှုန်း ယဉ်ကျေးနေလို့ မရဘူး၊ နားမလည်ရင်လည်း မကြားချင်ယောင်ဆောင်နေပေါ့ အမေရယ်၊ ကိုယ့်အလုပ်ကိုယ်လုပ်စမ်းပါ ‥"

တစ်နေ့တော့ ဒေါ်နွယ်ဝင်း ရုတ်တရက် သွေးတိုးပြီး လေဖြတ်သွားသည်။ စကားလည်း မပြောနိုင်။ လမ်းလည်းမလျှောက်နိုင်တဲ့ အမေနားကို သူနာပြုတစ်ယောက် ခေါ်ထားပေးပြီး ရိဝင်း အနားတောင်မကပ်ခဲ့။

လူနာစော်နံတယ်ဆိုပြီး အခန်းရှေ့ကတောင် ဖြတ်မသွားတဲ့အတွက် သမီးမျက်နှာမမြင်ရသလို ယောကျ်ားကလည်း အလုပ်အကြောင်းပြကာ ဒေါ်နွယ်ဝင်း နေမကောင်းတဲ့အချိန်ကစပြီး ခရီးထွက်သွားခဲ့သည်။

အမေအပေါ်သာဂရုမစိုက်ပေမယ့် မိန်းမငယ်ငယ်လေးယူပြီး အိမ်ပေါ်တက်လာတဲ့အဖေကို ဝမ်းသာစွာနဲ့ ဆီးကြိုတဲ့ ရိဝင်းကို ဘေးပတ်ဝန်းကျင်က "အမေအပေါ် မပြစ်မှားနဲ့ ‥၊ တစ်နေ့ ‥ ဒုက္ခရောက်လိမ့်မယ်"ဆိုတဲ့ စကားကို ဂရုမစိုက်တဲ့အပြင်–

"အမေ ‥‥ အဖေမိန်းမယူတာ အပြစ်တင်စရာမလိုပါဘူး၊ လေဖြတ်နေတဲ့ မိန်းမနား ‥ ဘယ်ယောကျ်ားမှ ကပ်ချင်မှာမဟုတ်တာ၊ ကိုယ့်ရောဂါ ကိုယ်ပဲ ပျောက်အောင် အရင်ကြိုးစားလိုက်ပါဦး ‥၊ အခု ကျွန်မ ဝေယျာဝစ္စတွေကို အဖေ့မိန်းမလိုက်လုပ်ပေးနေလို့ တော်သေးတယ်"



နေမကောင်းတဲ့လူနာနားမှာ လာပြောသွားတဲ့ ရိဝင်းစကားတွေက ဘေးလူကြားရင် ရင်နာစရာ၊ စိတ်ဆိုးစရာဖြစ်ပေမယ့် ဒေါ်နွယ်ဝင်းကတော့ ဘာမှမပြောဘဲ ငြိမ်နားထောင်ရင်း လက်တစ်ဖက်က ပုတီးစိတ်မပျက်–

"ရီလေး ‥ အခုတလော ကိုကြီးက ခါးနာနေတယ်၊ အဲဒါ မသဲတို့အပေါ် ထပ်ပြောင်းရင်ကောင်းမလားလို့ ‥၊ အပေါ်ထပ်မှာနေတဲ့ လူမမာကို ‥‥"

"ဂိုထောင်ထဲရွှေ့လိုက်ပေါ့ ‥‥၊ အပေါ်ထပ်မှာ လူနာနေခိုင်းတာ လာဘ်လည်းပိတ်တယ်၊ ပြီးတော့ ‥‥ သူ့စရိတ်တွေက တစ်လတစ်လ နည်းတာမဟုတ်ဘူး၊ နာ့စ်လည်း ဒီလကစပြီး မခေါ်တော့ဘူး"

နောက်တစ်နေ့မှာတော့ အိမ်ရဲ့ ဘေးဂိုထောင်က အခန်းထဲကို ဒေါ်နွယ်ဝင်းပြောင်းနေခဲ့ရသည်။ ဘေးပတ်ဝန်းကျင်ရဲ့ အပြောအဆိုခံရမှာလည်းမလိုလားတဲ့အတွက် ဒေါ်နွယ်ဝင်းဆီ လူနာသတင်းလာမေးတဲ့သူတိုင်းကို ဘယ်သူမှ အတွေ့မခံခဲ့။

ငယ်ငယ်က မျက်နှာတစ်ချက်မညိုးအောင် စောင့်ရှောက်လာခဲ့တဲ့ အမေအပေါ် အပြစ်တစ်ခုခုကို စိတ်ဆိုးပြီးပြန်လာတိုင်း အိမ်မှာရှိတဲ့အမေကို ရန်လုပ်တတ်သည်။ ရိဝင်း ဘယ်လိုဆိုးဆိုး အပြောအဆို ဘယ်လောက်ကြမ်းတမ်းပါစေ မေတ္တာမပျက်ဘဲ ဒေါ်နွယ်ဝင်း ဘာမှအပြစ်မပြောခဲ့ပါ။ ဒါပေမဲ့ မိဘရဲ့မေတ္တာအတိုင်း သူမသာ ဒီအိမ်မှာဆက်နေရင် ရိဝင်းရဲ့အပြစ်တွေ ကြီးမားမှာစိုးတာကြောင့် ခြေထောက်တွေထောက်လို့ရပ်လို့ရတဲ့ အချိန်မှာ ဒေါ်နွယ်ဝင်း ဆုံးဖြတ်ထားသည့်အတိုင်း ဘယ်သူမှမသိအောင် အဝတ်ထုတ်ဆွဲထွက်သွားတော့သည်။

"နင့်အမေ လူမမာကြီး ‥‥၊ ဘယ်ထွက်သွားပြန်ပြီလဲ၊ ဘေးကမြင်ရင် ‥ ငါတို့ပဲ မကောင်းပြောခံရမှာ လိုက်ရှာကြဦး ‥‥ သေလည်း အိမ်ထဲမှာပဲ သေပစေ"

"တော်သေးတာပေါ့ ‥ ဘုရားတော်က မင်္ဂလာဆောင်ခါနီး အချိန်ကိုက်ထွက်သွားတာ၊ မဟုတ်ရင် ဆေးရုံသွားပို့ထားရမှာ ‥‥၊ ဒီအိမ်ထက်ပိုကောင်းတဲ့နေရာ သူ့အားကိုးစရာလူရှိလို့ သွားတာနေမှာ ‥‥၊ ဟိုတလောက လူမမာလာမေးတဲ့ ဘကြီးနဲ့တောင် ကင်းရဲ့လားမသိဘူး၊ ကိုအောင့်ကို ‥ အမေက ဒီလိုရောဂါသည်လို့ ပြောစရာမလိုတော့ဘူးပေါ့။ အမေ့နာမည်နေရာမှာ မသဲ့ကို ထည့်ထားတယ်"

လက်သည်းနီဆိုးမပျက် ပြောနေတဲ့ ရိဝင်းပုံစံက အမေနဲ့ပတ်သက်ပြောတာမဟုတ်ဘဲ တခြားလူအကြောင်းကို ပြောသလို ခပ်ပေါ့ပေါ့အမူအရာဖြင့် ပြောလိုက်တာကြောင့် ဦးကောင်းကျော် အံ့သြသွားသည်။ အိမ်မှာသာ ကျော်ယူတဲ့မိန်းမနဲ့ သူ့ကို လက်ထပ်ထားပေမယ့် ရိဝင်းနဲ့ပတ်သက်ပြီး ကောင်းတယ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



တယ် အဖေတစ်ယောက်အနေနဲ့ ဆုံးမပိုင်ခွင့်မရှိတာ တော်တော်ကြာပြီ။

သူမ မှန်တယ်ထင်ရင် နောက်မဆုတ်ဘဲ လုပ်ချင်ရာလုပ်တတ်သည်။ ခုလည်း သူ့ထက်အများကြီးငယ်ပြီး ပတ်ဝန်းကျင်မှာ နာမည်ပျက်ရှိတဲ့ ကောင်လေးနဲ့ယူမယ်ဆိုတော့ ဘယ်သူမှ မတားရ။ ဒီကိစ္စနဲ့ပတ်သက်ပြီး နည်းနည်းများပြောမိရင်

**ပိတောက်ပုတီးကလေးကတော့ ဒေါ်ရိဝင်းနေသွားတဲ့ အခန်းထဲမှာ ချိတ်ဆွဲထားသည်။ ဒီပုတီးကို မြင်တဲ့သူတိုင်း သံဝေဂယူစရာ အမှတ်ရစရာအဖြစ် ဆရာတော်ဘုရား ကိုယ်တိုင်က ပိတောက်ပုတီး ရာဇဝင်လေးကို တစ်ဆင့်စကား တစ်ဆင့် ပြောပေးကြဖို့ ...**

“အိမ်ပေါ်မှာ ဆက်နေချင်သေးရင် ကျွန်မပြောသလိုနေပါ အဖေ ..၊ ခုချိန်မှာ အဖေဆုံးမဖို့ အခွင့်အရေးမရှိတော့ဘူးဆိုတာ သိထားပေးပါ ..”

ဒီလိုသမီးမျိုးကို ယုံကြည်မှုမထားသင့်ဘူး။ လက်ဦးမှုကြိုယူသင့်တယ်လို့ ပြောတဲ့ သဲသဲစကားက တော်တော်မှန်နေပြီ။

တကယ်တမ်း ဦးကောင်းကျော် တွေးထားတာထက် လက်တွေ့မှာ ရိဝင်းက ငွေဆယ်သိန်းပေးပြီး သူတို့ လင်မယားကို အိမ်ပေါ်က ဆင်းခိုင်းလိုက်သည်။ လူကြီးတွေမရှိဘဲ သူမသဘောအတိုင်း ယောကျ်ားငယ်ငယ်လေးယူပြီး ရိဝင်း စီးပွားတွေတက်ကာ တိုက်တွေပြင်ဆောက်၊ ကားတွေတစ်စီးပြီးတစ်စီးနဲ့ အောင်မြင်ချမ်းသာမှုက ဘယ်လောက်ကြာရှည်မလဲဆိုတာ အချိန်က အဆုံးအဖြတ်ပေးခဲ့တာ သိပ်မကြာလိုက်ပါ။

+++

ပြီးခဲ့တဲ့အကြောင်းအရာတွေကို ပြန်စဉ်းစားရင်း ရိဝင်းရင်ထဲက စူးခနဲအောင့်လာသည်။ နဂိုက နှလုံးရောဂါအခံရှိတဲ့အပြင် ဆေးလည်းမရှိ။ တစ်နေ့တစ်နေ့ အခန်းထဲက မထွက်ဘဲ အစားလည်း ပုံမှန်မစားဖြစ်။

တစ်ချိန်တုန်းက ရောဂါသည်အမေ အိမ်ကထွက်သွားတုန်း ဝမ်းသာမိပြီး လိုက်မရှာခဲ့သလို အခုလည်း သူမသားသမီးတွေ လိုက်ရှာမယ်၊ စိတ်ပူလိမ့်မယ်လို့ မမျှော်လင့်ပါ။

ဒီနေ့ညမှာတော့ ရင်ထဲမှာ ပို၍စူးအောင့်လာသည်။ မျက်လုံးထဲမှာလည်း ဘာမှသဲကွဲစွာမမြင်ရတော့ပါ။ ခဏအိပ်မယ်လို့ ငြိမ်သက်စွာ လှဲအိပ်မိတော့သည်။

နောက်တစ်နေ့မနက် ဒေါ်ရိဝင်းကို ဘုရားလည်းဝတ်မတက်၊ ဓမ္မာရုံဘက်ကိုလည်းရောက်မလာတာကြောင့် စာရေးမလေးကို သွားကြည့်ခိုင်းချိန်မှာ အသက်မဲ့သောရုပ်အလောင်းက တောင့်တင်းပြီး ခပ်ကွေးကွေးလေး စောင်းအိပ်နေသလို အနေအထားအတိုင်းပဲ တွေ့လိုက်ရသည်။

လက်မှာတော့ ပိတောက်ပုတီးလေးကတော့ ပြုတ်မကျအောင် ဆုတ်လျက်သား။ ဒေါ်ရိဝင်း အိမ်ကိုသိတဲ့ ဦးဖင်းက သွားအကြောင်းကြားပေမဲ့ အလှူငွေထည့်ကာ-

“ဦးဖင်းတို့ ...ကောင်းသလိုသာ ကြည့်စီစဉ်ပေးပါ”ဆိုပြီး အလုပ်အကြောင်းပြကာ ခဏသာ လာကြည့်ကြသည်။

သင်္ဂြိုဟ်ပြီးသည်အထိ နောက်တစ်ခေါက်ထပ်မလာကြသော သားသမီးတွေကို ဆွမ်းသွပ်မှ ပြန်တွေ့ရချိန်မှာ တခြားယောဂီတွေကတော့-

“ဒီလိုသားသမီးမျိုး ရှိသေးပါလား ..၊ ဒါကလည်း သူလုပ်ခဲ့တဲ့ ကံအတိုင်း အစဉ်အဆက်ပြန်ပြီးအကျိုးခံစားရတာ ..၊ ဒီကလေးတွေလည်း ဒီလိုမျိုး ပြန်လည်ခံရဦးမှာ သေချာတယ် ..”လို့ အားမနာတမ်း ပြောကြသည်။

ပိတောက်ပုတီးကလေးကတော့ ဒေါ်ရိဝင်းနေသွားတဲ့အခန်းထဲမှာ ချိတ်ဆွဲထားသည်။ ဒီပုတီးကို မြင်တဲ့သူတိုင်း သံဝေဂယူစရာ အမှတ်ရစရာအဖြစ် ဆရာတော်ဘုရားကိုယ်တိုင်က ပိတောက်ပုတီးရာဇဝင်လေးကို တစ်ဆင့်စကားတစ်ဆင့်ပြောပေးကြဖို့ မှာထားသည်။

ခင်ပွန်းကြီးဆယ်ပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ မိဘတွေကို ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် မပြစ်မှားကြဖို့ ဒီပိတောက်ပုတီးရာဇဝင်လေးကို ရေးလိုက်ပါရစေ ...။ ။

ထိုက်သင်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



အဖို့တော့ ခွေးဆိုးလို့ ပြောမှာပါပဲ။

စောနောင်ရာ မင်းသခင် မြင့်ဌေးအားကိုးနဲ့ မိုက်တွင်းနက်နေပါလား။ ငွေအသပြာရှိသူဆိုတာ အရာအားလုံးကို ရုတ်တရက် ကျော်ဖြတ်နိုင်တယ်ဆိုတဲ့ အာရုပ်လူမျိုးရဲ့စကားပုံကိုတော့ ငါက အကြွင်းမဲ့ယုံကြည်ရမှာပဲ။

ထားရီနဲ့ငါနဲ့ မြွေမသေ၊ ဒုတ်မကျိုးဖြစ်အောင် ဖန်တီးခဲ့တာလည်း မင်းရဲ့လောပန်လောင်း မြင့်ဌေးပါပဲကွာ။

ဟိုးအရင်တုန်းက ပြောခဲ့ဆိုခဲ့ခါတည်သမားကို ရစရာမရှိအောင် ဖန်တီးခဲ့တာလည်း မြင့်ဌေးပါပဲကွာ။ မင်းကို မြင့်ဌေးဆိုတဲ့ကောင်က အရက်လေးနှုတ်ခမ်းဆွတ်ပေးလိုက်ရင် လူတကာနဲ့ပြောတဲ့ စကားလုံးတွေက ရောမကျောက်တုံးကြီးရေပြင်ပေါ်ကျလိုက်သလိုပဲ။ ဘာတဲ့။

ခါတည်၊ မြွေဖမ်း၊ လူသရမ်းများဆိုတာ ဘယ်တော့မှ ချမ်းသာသုခမရဘူးတဲ့။ တယ်ဆိုတဲ့စာပါလား စောနောင်ရာ။ အေးလေ ငွေကိုသာ တန်ဖိုးထားပြီး သုတမကြွယ်ဝလို့ပြောတဲ့ စကားတွေကိုတော့ သာမြတ်တို့ဘဝမှာ ခံခဲ့ရပေါင်းများပါပြီ။

အခုလည်း မနေ့ညက အင်တာနက်မှာ ခါခရူးကို တင်လိုက်တော့ တရုတ်က တစ်ဆယ့်ရှစ်သိန်းပေးတယ်လေ။ သည်လို ခါမျိုး ငါးကောင်ရမယ်ဆိုရင် ကားလိုချင်ကားဝယ်ပေးမယ်တဲ့။ ဒီလိုတုံ့ပြန်လိုက်တာ ညတွင်းချင်းတစ်ရွာလုံး သိကုန်ရော။

ဘယ်သူတွေ ဘယ်လိုသိသိ ..။ မြင့်ဌေးဆိုတဲ့ကောင်က ထားရီသိမှာ အကြောက်ဆုံး။ ထားရီကလည်း အင်တာနက်အမြဲကြည့်နေသူ။ သည်တော့ ထားရီကို မျက်စိအောက် အပျောက်မခံဘဲ တစ်ဖက်သတ်ချစ်နေသူဆိုတော့ ခါတည်စားတဲ့ သာမြတ်နဲ့ အေးသည်

"စောနောင် ... စောနောင်"

သာမြတ် ပါးစပ်မှရေရွတ်မိသည်။ ဒင်း သခင်အားရ ကျွန်ပါးဝဖြစ်နေမှုကို။ အေးလေ မင်းဘက်က စဉ်းစားရင်တော့ မှန်တာပေါ့။ အိမ်မှာ မွေးထားတဲ့ခွေးဆိုတာမျိုးက လူလာရင် ဟောင်မှာပဲလေ။ သခင်အတွက်တော့ ဒီခွေးက ခွေးကောင်းပေါ့။ အဟောင်ခံရတဲ့သူ

**အပေ**

**အမွှေပေးခဲ့သည့်**

**ခါတည်တတ်သည့်**

**အချိန်မှစလို့**

**ခါကို**

**တစ်ကြိမ်တစ်ခါမျှ**

**သတ်ဖြတ်ခဲ့ဖူးခြင်းမရှိပါ။**

**ဤမှန်သော**

**သစ္စာစကားကြောင့်**

...

"ဟော ... သာမြတ်ကြီးပါလား၊ တောထဲဆင်းပြီပေါ့၊ နောက်ဆိုရင် ခွေးဘီလူးနဲ့၊ ရေ့ခန်းမှာလည်း ကြင်ရာတော်ကွမ်းနောင်ကိုင်လေးနဲ့ပေါ့ ..."

လူသူမသိအောင် စောစောထွက်လာပါမှ စောနောင်နှင့် ရွာအပြင် ပက်ပင်းတွေ့သည်။ စောနောင်စကားက ကလိသလို ရိသလိုနှင့်။ သို့နှင့် ခါခြင်းကို အသာချရင်း–

"နေပါဦး ... စောနောင်ရ၊ ကြင်ယာတော်ဆိုတာက ..."

"မမထားရီကိုပြောတာလေ ... သူဌေးရ ..."

သာမြတ်ဘာမျှဆက်မပြောတော့။ ခါခြင်းထမ်းပြီး ဒုဋ္ဌဝတီအရှေ့တောင်ကြောသို့ ထွက်ခဲ့သည်။ နယားတောနှင့် ပဒေါမြက်တောအကြားမှ နှင်းရည်တွေက အရှေ့နေရောင်ကြောင့်ထင့်။ အရည်ပျော် ငိုနေကြလေရဲ့။

+++

www.burmeseclassic.com



ထက်ဝေးအောင် ဖန်တီးဖို့ လမ်းစရှာမှာပဲလေ။

+ + +

"ခါတစ်ကောင် ၁၀ သိန်းဆိုတာ မြင့်ဆွေတို့ဘဝမှာ ကေတီဘီ တစ်ညစာပဲရှိသတဲ့"လေ။

ရှေးတုန်းက ငွေများ တရားနိုင်ဆိုတာ အခုတော့ ဒီလိုမဟုတ်တော့ဘူး။ ပြောင်းသွားပြီ။

"ဘယ်လိုပြောင်းသွားလဲ ... ကိုမြင့်ဆွေ"

"ဒီဘက်ခေတ်ကျတော့ ငွေနည်းလျှင် တရားရှုံးသတဲ့ .."လေ။

မိုးသည်းတဲ့ ညကြီးမင်းကြီး ပြဿဒါး ခါကို ခိုးယူသွားကြပြီး ရွာအပြင်မှာတရုတ်က ဆိုင်ကယ်နဲ့ အပြေးအလွှားဝယ်ယူသွားတာ သက်သေနိုင်လုံနေလျက် ရွာလူကြီးက မြင့်ဆွေ



ဩဇာကို မလွန်ဆန်နိုင်ခဲ့။

ဘာမဟုတ်တဲ့ ထားရီနဲ့စံခ ငှက်ပျောတောမှာ ချိန်းတွေ့ပြီးအပြန်ကျတော့ သူခိုး .. သူခိုးဆိုပြီးအော်တာနဲ့ အိမ်ကို တန်းတန်းမတ်မတ် ပြန်ပြေးခဲ့ရပြီး ညှော်စာရင်းစစ်လိုစစ်၊ ခြိမ်းလားခြောက်လား၊ ဟောက်လားသလား မမေးနဲ့။

"လျှော ..."

"ဘုတ် ..."

ကျလာတဲ့အသီးကိုကြည့်တော့ သရွတ်သီးမှည့်သည် အနံ့ကြောင့် သရွတ်ပင်အောက်မှာ ဖြုတ်တွေက တရှန်းရှန်း။ ဂနိုင်စပ်ရောက်လာပြီမို့ မက်တွေက လက်မောင်းကို ထိုးစိုက်သေးသည်။

ဒေါသနှင့် လျှောက်လှမ်းခဲ့သည်မို့ သရွတ်သီးမှည့်က အတွေးစကို ပြတ်တောက်လိုက်သည်။ ပုဖင်းရင်ကွဲသံက တောလုံးတောင်အနံ့။ ဘိုတုတ်ငှက်အော်သံ၊ ပုရစ်သံ၊ နံ့ကောင်သံများလည်း ညံစီလာသည်။ ခြောက်ဖက်ခဲစပ်ဆီမှ ရေကြက်အုပ်စုက ဆူညံနေလေရဲ့။ ခြေမျက်ကျော်လွန်အောင် ထူထပ်နေသော သစ်ရွက်ခြောက်များက ခရီးလမ်းကြောင်းကို ဖင့်နွှဲ့စေသည်တော့အမှန်။ ခရီးလျှောက်လိုက်ပါမှ သာမြတ်နှာခေါင်းထဲ သီးမွှေးနံ့သင်းပျံ့လာသည်။ ပတ်ဝန်းကျင်ကိုမျက်စိကစားကြည့်တော့ တတိုင်းမွှေးပန်းခြုံအနားရောက်လာသည်။ တတိုင်းမွှေးပန်းခြုံရှိလျှင် အနီးအနား ကတွတ်ပင်ရှိရမည်။ ကတွတ်သီးမှည့် ထားရီကြိုက်သည်။

တောထဲရှိသည့် နရွဲသီး၊ ကတွတ်သီး၊ ဒေါက်ရပ်သီးမှည့်ဆိုရင် ထားရီအလွန့်အလွန်စားသည်။ တစ်ခါတုန်းကလည်း ကြို့သီးမှာလို့ရအောင် ရှာဖွေပေးခဲ့သည်။ ကြို့နှင့် ကတီသီးက အချိုနှင့်အချဉ်ဖြစ်ပြီး ကတီသီးက ပဲပုပ်ထောင်း၊ ငရုတ်သီးစပ်စပ်၊ နံနံပင်အကြီးစားထည့်သုပ်စားလျှင် အရသာအလွန်ရှိပြီး၊ ရေနွေးခါးခါးပူပူနှင့်ဆိုလျှင် ထမင်းအလွတ်စားသည်။

တတိုင်းမွှေးပင်ရှိသည့် နေရာတစ်ဝိုက် ထူးခြားသည့် ခါတွေ့နိုင်ကြောင်း အဘရှိစဉ် ပြောပြခဲ့ဖူး၍ ခါခြင်းကို ခအောင်းပင်တွင် ချိတ်ရင်းခါစည်းချသည်။

+ + +

"တတက်ခါခါ ... တက်ခါခါ .. ခါခရူး"သံကို ကြားလိုက်ရသည်။ လှည့်ကြည့်ရင်း ခါးကိုစန့်ကာ ပြုံးလိုက်သည်။

"အီ ... အီ"

"အီ ..."

အသံကြားရာ တောနေကြ ချုံအောက်ငုံ့ကြည့်တော့ ငုံးနှစ်ကောင်အီနေကြသည်။ ရုတ်ချည်းဆိုသလို သာမြတ် ရွာက ထားရီကို ပြေးသတိရသည်။

"ထားရီရယ် ... ကိုသာမြတ်လေ ... ထူးခြားတဲ့ ခါငါးကောင်ကို တစ်လအတွင်းရအောင်ရှာပြီး မြင့်ဆွေနဲ့အပြိုင် ... ကားဖြူဖြူလှလှလေး စီးနိုင်အောင် ကြိုးစားပါ့မယ်ကွာ၊ ခါတည်ရင်းခုန်နေတဲ့ သာမြတ် နှလုံးသားတွေကို ... ဝေါဟာရအဖြစ် ဘာသာပြန်တတ်မယ်ဆိုရင်တော့ .. ထားရီကို ... ချစ်တယ် ... ချစ်တယ်လို့ ပြောနေတဲ့ စကားလုံးတွေပဲ ဖြစ်မှာပါကွာ .."

+ + +

"တတက်ခါခါ ... ခါ .. ခရူး"

www.burmeseclassic.com

www.burmeseclassic.com



**ခါတွန်သံကြောင့် သတိဝင်ကာ ခေါင်းထောင်ကြည့်သည်။ မိမိနှင့် ကိုက် ၁၀၀ ပတ်လည် မီးများ ရှေ့ဆက် မလောင်ကျွမ်းတော့ ...**

ခအောင်းပင်ရိပ် အမောဖြေရင်း ခွန်းဆင့်တွန်ကျူးနေသည့် ခါကို မော့ကြည့်သည်။ ခြင်းထဲတွင်တော့ ခါက ထချောက်ချောက် လှည့်ပတ်တွန်ကျူးနေသည်ကို မြင်တွေ့လိုက်ရသည်။

"ထန် ... ထန် ..."

အပေါ်မော့ကြည့်တော့ ငှက်ခါးများ ပျံ့ဝဲလာသည်ကို သာမြတ် မြင်မိပြန်သည်။

"ဟင် ... ဒါ .. ဒါဆို တောမီးလောင်လာပြီ ထင်တယ်"

အတွေးဖြင့် မတ်တပ်ရပ်ကြည့်သည်။ သာမြတ်ထင်သည့်အတိုင်း တောမီးလောင်ကျွမ်းလာသည်။ ဆောင်းအကုန် နွေအကူးသည် လေရူးက မွှေနှောက်ပြန်ပြီ။ လေးဘက်လေးတန် မီးခိုးငွေ့များကြောင့်ထင့်။ နေရောင်ပင် နီကျင်ကျင် အရောင်ပြောင်းလာသည်။

အနောက်တောင်လေနှင့်အတူ မီးညွှန့်များက ပင်ဖျားထက်ဆီသို့ လှိုင်းလုံးကြီးပမာ ဖြတ်ကျော်လောင်ကျွမ်းလာသည်။ မြောက်ပြန်လေအရှေ့တွင်လည်း မီးညွှန့်များနှင့်အတူ သစ်ရွက်ခြောက်များ ဝဲပျံလာသည်။ ငှက်ခါတစ်အုပ်လည်း မီးလောင်ရာရှောင်ကွင်းသည့် သတ္တဝါများကို ကောင်းကင်၌ ဖမ်းစားနေကြပြီ။

သာမြတ် ခါခြင်းကိုပြေးဆွဲသည်။ မီးဘေးမှ လွတ်အောင်ရှောင်ရမည်။ အရှေ့ဘက်တောင်ကြောမှ အောက်ဘက်ဆင်းလိုက်သည်။

"အမယ်လေး ..."

သစ်ရွက်ခြောက်များနှင့် တောင်ခြေသို့ ဒလိမ့်ခေါက်ကွေးလိမ့်ကျသည်။ ပြန်အထတွင် ရှေ့မှ မီးများလောင်ကျွမ်းလာသည်။ တောင်ဘက်သို့ ဆက်တက်သည်။ ရှေ့တွင် မီးများ လောင်ကျွမ်းနေဆဲ၊ တစ်ချက် ... တစ်ချက် လေဖွေအရှေ့တွင် မီးခိုးများက အသက်ရှူပင်မဝနိုင်။

"တတက်ခါခါ ... တီး ... တက်ခါခါ ..."

"တီး ... တက်ခါးခါး၊ တီး .. တက်ခါးခါး"

"တောက် ..."

သာမြတ် တောက်ခေါက်သည်။ လေးဘက်လေးတန် မီးလောင်ကျွမ်းနေပါလျက် ခြင်းထဲ ခါက အလွန်အကျိုးတွန်ကျူးနေသဖြင့် ဒေါသထွက်လာသည်။

"ဘုရား ... ဘုရား"

သာမြတ် ဘုရားတသည်။ မီးဝိုင်းခံနေရသဖြင့် ပြေးလမ်းမရှိတော့။

"ကျွန်တော်သည် ခါတည်ပြီးမှ ထမင်းစားရသောသူဖြစ်အောင်၊ အဖေအမွေပေးခဲ့သည့် ခါတည်တတ်သည့် အချိန်မှစလို့ ခါကို တစ်ကြိမ်တစ်ခါမျှ သတ်ဖြတ်ခဲ့ဖူးခြင်းမရှိပါ။ ဤမှန်သော သစ္စာစကားကြောင့် အသက်ချမ်းသာ၍ မီးဘေးမှလွတ်ကင်းရပါလို၏။

ထိုသို့ သစ္စာပြုချိန်တွင် မီးများသည် ဝိုင်းရံတောက်လောင်ပြီး သာမြတ်ခေါင်းထဲ "မိုက်ခနဲ"ခံစားလိုက်ရသည်။

+ + +

"တတီးခါခါ ... တက် .. တီးတီးခါခါ"

"တီး ... တီးခါခါ"

အချိန် မည်မျှကြာသည် မသိတော့။ ခါတွန်သံကြောင့် သတိဝင်ကာ ခေါင်းထောင်ကြည့်သည်။ မိမိနှင့် ကိုက် ၁၀၀ ပတ်လည် မီးများ ရှေ့ဆက်မလောင်ကျွမ်းတော့ သာမြတ် အတွေးတစ်ချက်ဝင်လာသည်။ လက်ဖျစ်တီးလိုက်သည်။

အစကထဲက ထင်မြင်ခဲ့သော ခါရူး ခါအမျိုးအစားမဟုတ်၊ မီးကွင်းခါဖြစ်မှန်း မီးလောင်မှ သိရှိလိုက်ရသည်။ ခါခြင်းထမ်းပြီး ရွာသို့ သုတ်ခြေတင်တော့၏။ မီးကွင်းခါကို သိန်းလေးဆယ်ဖြင့် ရောင်းမည်။

"မြင့်ဌေး ... မင်းနဲ့ငါ ဒီ အချစ်စစ်ပွဲမှာ အနိုင်ရဖို့ လက်တကမ်းသာ လိုတော့သည်။


စိတ်ရှိလက်ရှိ သာမြတ် ကြုံးဝါးလိုက်သည်။ မီးကွင်းခါကတော့ တွန်ကျူးနေဆဲ၊ တွန်နေဆဲပင်။

**ကျော်လွင်(နောင်ချို)**

www.burmeseclassic.com


www.burmeseclassic.com





# စိုးညွန့် (MEIS)

# ကျွန်တော်နှင့် တောင်ကြီးအသင်း(ရန်ကုန်)


128

ရန်ကုန်မြို့၊ တောင်ကြီးအသင်း

ရှမ်းပြည်နယ်နေ့ကို ဂုဏ်ပြုသည့် မိတ်ဆုံလက်ဘက်ရည်ပွဲ

၁၉၈၆ ခုနှစ် ရှမ်းပြည်နယ်နေ့ကို ဂုဏ်ပြုလျက် ရန်ကုန်မြို့၊ တောင်ကြီးအသင်းက ကြီးမှူးကျင်းပမည့် မိတ်ဆုံလက်ဘက်ရည်ပွဲသို့ ရန်ကုန်ရောက် ရှမ်းပြည်နယ်မှ တိုင်းရင်းသားတိုင်း ပါဝင်ဂုဏ်ပြုကြပြီး ချစ်ကြည်ရင်းနှီးစွာဖြင့် ကြွရောက်ကြစေလိုပါသည်။

အစီအစဉ်

နေ့ရက် — ၁၉၈၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်၊ သောကြာနေ့ (ရှမ်းပြည်နယ်နေ့)

အချိန် — မွန်းလွဲ ၂ နာရီတိတိ

နေရာ — ကရဝိတ်ဟိုတယ်၊ ဗဟိုအနန်းမဆောင်၊ ရန်ကုန်

မှတ်ချက်။ ဤလက်မှတ်တစ်စောင်လျှင် ထစ်ဦးသတ်မှတ်ပါသည်။

ဓနုတိုင်းရင်းသားမိသားစုအသင်း တရားဝင်ဖွဲ့စည်းခွင့်ရရှိပြီး တစ်နှစ်ကျော်လောက်ကြာတော့ အသင်းအခမ်းအနားတစ်ခုတွင် ညီအစ်ကိုကဲ့သို့ ခင်မင်သော တောင်ကြီးသား သူငယ်ချင်းတစ်ဦးက ''တောင်ကြီးအသင်း''ဖွဲ့ရင်ကောင်းမလားလို့ သာမန်အားဖြင့် မေးခဲ့ဖူးပါသည်။ ဘာမှတော့ ပြန်မဖြေလိုက်ပါ။ ဒီလိုနှင့် နောက်သုံးလေးလလောက်ကြာတော့ တောင်ကြီးအသင်းဖွဲ့ဖို့ကိစ္စ ဆွေးနွေးလို၍ ဆွေးနွေးပွဲသို့ကြွရောက်ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ခြင်းခံခဲ့ရပါသည်။

၁၉၈၃ ခုနှစ် စောစောပိုင်းကာလလောက်တွင် ဗိုလ်တထောင်မြို့နယ်၊ လမ်း(၅၀) ကျွန်တော်အမှတ်မမှားလျှင် ဒေါက်တာစဝ်စိုင်းလုံ၏ နေအိမ်၌ တောင်ကြီးအသင်းဖွဲ့စည်းရန် ဆွေးနွေးကြရာ တက်ရောက်ကြသူ ၃/၄၀ ခန့်ရှိပါသည်။ ယင်းဆွေးနွေးပွဲတွင် ကျွန်တော်က ဓနုတိုင်းရင်းသားမိသားစုအသင်း (ရန်ကုန်)၏ ဥက္ကဋ္ဌဖြစ်ကြောင်းနှင့် အသင်းတစ်သင်းဖွဲ့စည်းခွင့်ရရှိရေးတွင် မိမိအတွေ့အကြုံအရ အသင်း၏တည်နေရာကို ပထမစဉ်းစားရန်လိုပါကြောင်း၊ ထိုသို့စဉ်းစားရာတွင် အသင်းတည်နေရာအောက်ခြေရပ်ကွက်ကောင်စီကို ပိုင်နိုင်မှသာ အသင်းဖွဲ့စည်းခွင့်ပြုရေးထောက်ခံချက်ကို သေသေချာချာပြည့်ပြည့်ဝဝနိုင်နိုင်မာမာထောက်ခံပေးမည်ဖြစ်၍ အသင်းဖွဲ့စည်းရရန် အခွင့်သာမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ရန်ကုန်မြို့၊ တောင်ကြီးအသင်းဖွဲ့စည်းခွင့်လျှောက်ထားရန် အပြီးသတ်အစည်းအဝေးကို ရွှေတိဂုံဘုရား တောင်ဘက်မုခ်ဦးရှိ ကျောက်စိမ်းဓမ္မာရုံ၌ ဦးရွှေအုန်း၊ ဦးမျိုးမြင့်၊ ဦးကိုကိုကြီးနှင့် ဒေါက်တာစဝ်စိုင်းလုံတို့က ဦးဆောင်ဆွေးနွေးခဲ့ရာ စိတ်ဝင်စားသူ လေးငါးဆယ်ခန့်တက်ရောက်၍ စိတ်အားထက်သန်စွာ အကြံပြုဆွေးနွေးညှိနှိုင်းကြပါသည်။ ဆွေးနွေးညှိနှိုင်းချက်အရ ရန်ကုန်မြို့၊ တောင်ကြီးအသင်း တရားဝင်ဖွဲ့စည်းခွင့်ရရှိရေးကို ဦးဆောင်ဆွေးနွေးခဲ့သူများက ဆက်လက်ဆောင်ရွက်ခဲ့ကြပါသည်။ သို့ဖြင့် ရန်ကုန်မြို့တောင်ကြီး အသင်းကို ၁၉၈၅ ခုနှစ်တွင် တရားဝင် ဖွဲ့စည်းခွင့်ရရှိခဲ့သည်။ ဖွဲ့စည်းခွင့်ရရှိ သောအခါ အသင်းအမှုဆောင်ရွေး ကောက်ပွဲကို ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့တက် ရောက်ရန် ဖိတ်ကြားခံရသော်လည်း အခမ်းအနားသို့တက်ရောက်ရန် ချီတုံ ချတုံဖြစ်နေခဲ့ပါသည်။ သို့သော်လည်း အစည်းအဝေးကျင်းပသောနေ့တွင် အဝတ်အစားများလဲလှယ်ဝတ်ဆင်ကာ နေအိမ်မှထွက်လာပြီးနောက် အချိန် စောနေသေးသဖြင့် ရွှေတိဂုံဘုရားပေါ် သို့ တက်ရောက်ဘုရားဝတ်ပြုခဲ့ပါသည်။ ရုံးအလုပ်များ မအားလပ်သကဲ့သို့

www.burmeseclassic.com



နေတိုင်းရင်းသားမိသားစုအသင်းတွင်လည်း ဥက္ကဋ္ဌတာဝန်ယူထားသဖြင့် တောင်ကြီးအသင်းတွင် သာမန်အသင်းသားတစ်ဦးအနေဖြင့် ကျရာတာဝန်ထမ်းဆောင်ခြင်းက ပို၍သင့်တော်မည်ဟု ဆုံးဖြတ်ကာ အစည်းအဝေးမတက်ရောက်တော့ဘဲ ဘုရားမှနေအိမ်သို့ တိုက်ရိုက်ပြန်လာခဲ့ပါသည်။ အခမ်းအနားသို့ မိမိတက်ရောက်ခဲ့သော်လည်း ဦးသန်းလွင်(ယခု ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)၏ တွဲဘက်အတွင်းရေးမှူး)က အဆိုတင်သွင်းခဲ့ပြီး အစည်းအဝေးက မိမိအား အသင်းစာရင်းစစ်အဖြစ် ရွေးချယ်တာဝန်ပေးအပ်ခဲ့ပါသည်။

အသင်းတရားဝင်ဖွဲ့စည်းခွင့်ရရှိပြီး အမှုဆောင်များရွေးချယ်ပြီးနောက် ၇–၂–၈၆ နေ့တွင်ကျရောက်သည့် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ကရဝိတ်ဟိုတယ်၊ အကြီးစားခန်းမဆောင်၌ ကျင်းပခဲ့ရာ ဥက္ကဋ္ဌက ရှမ်းပြည်နယ်နေ့အကြောင်း ဟောပြော၍ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ရှမ်းအိုးစည်အတီးအမှုတ်၊ ကိန္နရီကိန္နရာအက၊ တိုးနယားအကတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ပါသည်။

(ဖိတ်စာ)ထိုစဉ်က အမှုဆောင်အဖွဲ့တွင် ပါဝင်ခဲ့ကြသော ပုဂ္ဂိုလ်များမှာ မိမိမှတ်သားမိသမျှ အောက်ပါအတိုင်းဖြစ်ပါသည်။

ဦးရွှေအုန်း(ဥက္ကဋ္ဌ)
ဦးစောစိန်မြ(ဒု–ဥက္ကဋ္ဌ)
ဦးကိုကိုကြီး(အတွင်းရေးမှူး)
ဒေါ်မေသန်းလွင်(တွဲဘက်အတွင်းရေးမှူး)
ဦးဖြူ(ဘဏ္ဍာရေးမှူး)
ဦးစိုးညွန့်(စာရင်းစစ်)
ဦးမျိုးမြင့်(ပြန်ကြားရေးမှူး)
ဒေါက်တာစပ်စိုင်းလုံ(အမှုဆောင်)
ဦးသိန်းအောင်(အမှုဆောင်)
ဒေါ်သန်းယဉ်(အမှုဆောင်)
ဒေါ်ညွန့်ညွန့်(အမှုဆောင်)

၁၉၈၆ ခုနှစ်တွင်ပင် နိုင်ငံတော်က ကျင်းပသော အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့၊ ကန်ကြီးကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသနှင့် မိုးမိတ်မြို့၊ ရွှေကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဓမ္မနန္ဒဆရာတော်နှစ်ပါးတို့က "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော် ဆက်ကပ်အလှူခံရရှိတော်မူခဲ့ကြပါသည်။ ရန်ကုန်မြို့တောင်ကြီးအသင်းက ထိုဆရာတော်နှစ်ပါးအား ရွှေတိဂုံဘုရားတောင်ဘက်ရှိ အကောက်ခွန်ဓမ္မာရုံတွင် ချီးကျူးပူဇော်ပွဲကျင်းပခဲ့ရာ ထိုအခမ်းအနား၌ မိမိက ညောင်ရွှေမြို့၊ ကန်ကြီးပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ၏ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ခွင့်ရရှိခဲ့ပါသည်။

၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလအထိ ရန်ကုန်မြို့၊ တောင်ကြီးအသင်းတွင် အသင်းဝင်အဖြစ် သာမန်အသင်းသား ၁၇၉ ဦးနှင့် ရာသက်ပန်အသင်းသား ၈၇ ဦး၊ စုစုပေါင်း ၂၆၆ ဦးရှိပါသည်။ ၁၉၈၆ ခုနှစ်အတွက် သင်းလုံးကျွတ်အစည်းအဝေးကို ၂၅–၁–၈၇ ရက်၊ တနင်္ဂနွေနေ့တွင် အကောက်ခွန်ဓမ္မာရုံ၌ (မိမိအမှတ်မမှားလျှင်) ကျင်းပသည့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ခဲ့ရာ မိမိမှာ အသင်းစာရင်းစစ်အဖြစ် ဆက်လက်တာဝန်ပေးအပ်ခံခဲ့ရပါသည်။ ဘဏ္ဍာရေးမှူးအဖြစ် ဒေါ်ရွှေပုက ရွေးချယ်ခံခဲ့ရပါသည်။

၁၉၈၇ ခုနှစ်တွင် တိုင်းနှင့်ပြည်နယ် ဘတ်စကတ်ဘောပြိုင်ပွဲ ပထမရရှိ၍လည်းကောင်း၊ တိုင်းနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲတွင် ပထမရရှိ၍လည်းကောင်း၊ ဂုဏ်ပြုဆုပေးပွဲ၊ ညစာစားပွဲများကို ပြုလုပ်ဂုဏ်ပြုခဲ့ကြပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဦးစီးဖွင့်လှစ်သည့် ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းတိုက်ဆောက်လုပ်လှူဒါန်းစဉ် စာသင်သားသံဃာတော်များ သီတင်းသုံးနေထိုင်ရန် ဝိဟာရာလယကျောင်းဆောင်များ ဆောက်လုပ်ရာတွင် အသင်းမှ အလှူငွေကောက်ခံ၍ ထည့်ဝင်လှူဒါန်းခဲ့ပါသည်။ အလှူငွေကောက်ခံစုဆောင်းနေစဉ် နိုင်ငံတော်က ဒုတိယအကြိမ် တရားမဝင်ငွေကြေးအဖြစ် ကြေညာခဲ့ရာ အမှုဆောင်များလက်ဝယ်ကောက်ခံရရှိထားသော အလှူငွေများအနက် အချို့မှာ တရားမဝင်ငွေများ ဖြစ်သွားခဲ့ပါသည်။ ကံကောင်းထောက်မသဖြင့် မိမိကောက်ခံရငွေများမှ တစ်ပြားတစ်ချပ်မှမပါခဲ့သည်မှာလည်း ယနေ့တိုင် အမှတ်ရနေပါသေးသည်။

၁၉၈၇ ခုနှစ်အတွင်းမှာပင် အသင်းမှ ကမ္ဘောဇမဂ္ဂဇင်းအုပ်ရေ ၃၀၀၀ နှင့် ပြက္ခဒိန်စောင်ရေ ၅၀၀၀ တို့ကို ထုတ်ဝေခဲ့ပြီး သာစုကန်သို့ ပျော်ပွဲစားခရီးစဉ်တစ်ခုကိုလည်း စီစဉ်နိုင်ခဲ့ပါသည်။ အသင်းသားများ၏ နာရေးကိစ္စရပ်များတွင် အသင်းကထည့်ဝင်မည့် ငွေကြေးထောက်ပံ့မှုအကူအညီများပံ့ပိုးရန် အောက်ပါအတိုင်း အုပ်စုခွဲ၍ သတ်မှတ်ခဲ့ပါသည်။

**(က)အသင်းသားကိုယ်တိုင်**

သတင်းစာ(၂)စောင်၊ မော်တော်ယာဉ်(၁)စီးနှင့် ပန်းခွေ(၁)ခွေ။

**(ခ)အသင်းဝင်မိသားစု**

(အဖေ၊ အမေ၊ သားသမီးအရင်း)

သတင်းစာ(၂)စောင်၊ မော်တော်ယာဉ်(၁)စီး။

**(ဂ)အသင်းသားဆွေမျိုး**

သတင်းစာ(၁)စောင်

**(ဃ)အာဂန္တု(အခြားပုဂ္ဂိုလ်)**

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာ(၁)စောင်

မှတ်ချက်။ ။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်(၁)ဦး စုစုပေါင်း(၃)ဦးတို့က ညှိနှိုင်း၍ သင့်တော်သလိုဆောင်ရွက်ရန်။ သတင်းစာနှစ်စောင်နှင့် မော်တော်ယာဉ်တစ်စီးထက်မပိုရ။

အသင်း၏ ငွေလက်ကျန်များကို နိုင်ငံတော်ဘဏ်တွင်အပ်နှံရန် ဆုံးဖြတ်ချက်အရ မြန်မာ့စီးပွားရေးဘဏ်တွင် ဘဏ်စာရင်းဖွင့် အပ်နှံခဲ့ပါသည်။ ဘဏ်စာရင်းအမှတ်မှာ SS 14732 Dt 12-1-87 ဖြစ်ပါသည်။ ၁၉၈၇ ခုနှစ်၊ အသင်းသက်တမ်းအတွင်း ရွေးချယ်တင်မြှောက်ခြင်းခံရသော အမှုဆောင်များမှာ မိမိမှတ်သားမိသမျှ အောက်ပါအတိုင်းဖြစ်ပါသည်။

ဦးထွန်းလွင်(ဥက္ကဋ္ဌ)
ဦးစောစိန်မြ(ဒု-ဥက္ကဋ္ဌ)
ဦးစိုင်းအိုက်ပေါင်(အတွင်းရေးမှူး)
ဦးကျော်ဝင်း(တွဲဖက်/အတွင်းရေးမှူး)
ဒေါ်ရွှေပု(ဘဏ္ဍာရေးမှူး)
ဦးစိုးညွန့်(စာရင်းစစ်)
ဦးခိုင်သက်ဝင်း(သက်သာချောင်ချိရေးမှူး)
ဒေါ်ညွန့်ညွန့်(တွဲဖက်/သက်သာချောင်ချိရေးမှူး)
ဦးမျိုးမြင့်(ပြန်ကြားရေးမှူး)
ဦးလှစိန်(တွဲဖက်/ပြန်ကြားရေးမှူး)
ဦးသိန်းအောင်(စည်းရုံးရေးမှူး)
ဒေါ်ဖြူဖြူ(တွဲဖက်/စည်းရုံးရေးမှူး)
ဦးဖေထွန်း(အဖွဲ့ဝင်)
ဒေါ်ခင်မေသိန်း(အဖွဲ့ဝင်)
ဦးခင်မောင်လေး(အဖွဲ့ဝင်)
ဦးစိုင်းခမ်းမိုင်(အဖွဲ့ဝင်)
ဦးမောင်မောင်(အဖွဲ့ဝင်)
ဦးသိန်းလွင်(အဖွဲ့ဝင်)
ဒေါ်မေခိုင်ထွန်း(အဖွဲ့ဝင်)
ဦးထူးယီ(အဖွဲ့ဝင်)
ဒေါ်မေသန်းလွင်(အဖွဲ့ဝင်)
ဒေါ်သန်းယဉ်(အဖွဲ့ဝင်)
ဦးထွန်းအောင်(အဖွဲ့ဝင်)
ဦးတင်ညွန့်(အဖွဲ့ဝင်)

၁၃-၁၂-၈၇ နေ့ အသင်းဝင်ဦးရေမှာ ၃၈၆ ဦးထိ တိုးတက်လာခဲ့ပါသည်။ ယခုနှစ်သက်တမ်းအတွင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ရှမ်းပြည်နယ်နေ့၊ တိုင်းနှင့်ပြည်နယ်(၂၄)ကြိမ်မြောက် ဘတ်စကတ်ဘောပြိုင်ပွဲဂုဏ်ပြုပွဲများကိုလည်းပြုလုပ်ခဲ့ပါသည်။

ဤအသင်း၏ ၁၉၈၇ ခုနှစ်၊ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ၁၉၈၈ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့ပါသည်။ ၁၉၈၈ ခုနှစ်အသင်းသက်တမ်းအတွက် အရွေးချယ်ခံရသော အမှုဆောင်များမှာ ဦးထွန်းလွင်(ဥက္ကဋ္ဌ)၊ ဦးခင်မောင်လေး(ပြန်ကြားရေးမှူး)၊ ဒေါ်ရွှေပု(ဘဏ္ဍာရေးမှူး)၊ ဦးစိုးညွန့်(စာရင်းစစ်)တို့ဖြစ်ပြီး အမှုဆောင်များမှာ ၁၉၈၇ ခုနှစ်က ရွေးချယ်ခံခဲ့ရသော အမှုဆောင်များစုဖြစ်ပါသည်။

၁၉၈၈ ခုနှစ် အရေးအခင်းကာလ မတိုင်မီတွင် အသင်းက ရှမ်းပြည်နယ်နေ့အခမ်းအနား၊ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး(၃)ပါး ပူဇော်ပွဲများကို ကျင်းပနိုင်ခဲ့ပါသည်။ အရေးအခင်းကာလနောက်ပိုင်းတွင်မူ အခြေအနေအရ အသင်းလှုပ်ရှားမှုများ ရပ်ဆိုင်းသွားခဲ့ပါသည်။ အသင်းလှုပ်ရှားမှုများဆောင်ရွက်နိုင်ခဲ့သော်လည်း အသင်းသားများ၏ နာရေးကိစ္စများတွင်မူ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ အသင်းသက်တမ်းတိုးမြှင့်ခြင်းကိစ္စကို အချိန်မီစဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သောကြောင့် အသင်းသက်တမ်းဆက် လက်တည်မြဲနေပါသည်။

အသင်းလှုပ်ရှားမှုတို့ ရပ်ဆိုင်းနေခဲ့ရာမှ ၂၀-၁၂-၉၂ နေ့တွင် အမှုဆောင်အစည်းအဝေးကို ပြန်လည်ခေါ် ယူ၍ အသင်းလှုပ်ရှားပြုလုပ်နိုင်ရန် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခဲ့ကြပြီး သင်းလုံးကျွတ်အစည်းအဝေးကို ၁၉၉၃ ခု ဇန်နဝါရီလ ၃၁ ရက်တွင် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးဓမ္မာရုံ၌ သတ်မှတ်၍ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ပါသည်။

အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အမှန်တကယ် ကျင်းပဖြစ်သောနေ့မှာ ၂၈-၂-၉၃ နေ့ ၁၀ နာရီဖြစ်၍ ကျင်းပသောနေရာမှာ မူလသတ်မှတ်ထားသော ကျားကူးဓမ္မာရုံပင်ဖြစ်ပါသည်။ အမှုဆောင်သစ်ရွေးကောက်ခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးလေးသန့်၊ အတွင်းရေးမှူးအဖြစ် ဦးခွန်ကျော်၊ ဘဏ္ဍာရေးမှူးအဖြစ် ဒေါ်စင်သီတာထွေး၊ စာရင်းစစ်မှာ ကျွန်တော်နှင့် အခြားအမှုဆောင်ဟောင်းများအပြင် လူငယ်လူသစ်များပါ ပါဝင်အရွေးခံခဲ့ကြပါသည်။ အသင်း၏အမည်ကိုလည်း 'ရန်ကုန်မြို့တောင်ကြီးအသင်း'အမည်မှ 'တောင်ကြီးအသင်း(ရန်ကုန်)'သို့ ပြောင်းလဲသွားခဲ့ပါသည်။ နောက်ပိုင်းတွင် ကျွန်တော်မှာ ကိုယ်ရေးကိုယ်တာကိစ္စများဖြင့် အခြားမြို့များသို့ ရက်ရှည်ခရီးလွန်နေသဖြင့် အသင်းနှင့်ကင်းကွာသွားခဲ့ပါသည်။ သို့သော်လည်း အသင်းအမှုဆောင်များက ကျွန်တော့်ကို အသင်းစတင်ဖွဲ့စည်းစဉ်ကပါ အသင်း၌ပါဝင်လှုပ်ရှားခဲ့သူဖြစ်၍ အသင်းတွင် နာယကအဖြစ် ရွေးချယ်တာဝန်ပေးထားသဖြင့် အသင်း၌ ယနေ့တိုင် ဆက်လက်ပါဝင် လျှက်ရှိပါသည်။

စိုးညွန့်(MEIS

www.burmeseclassic.com



# ချမ်းသာချင်သလား . . ဆင်းရဲချင်သလား

သည်းခံ အမှန်လုပ် မုချချမ်းသာသည်။
သည်းမခံ အမှန်မလုပ် မုချဆင်းရဲသည်။

တောင်ပုလုဆရာတော်ကြီး

စိတ်ကောင်းထားဖို့
အရေးကြီးသည်

စိတ်ပုပ်
နှုတ်ပုပ်
အလုပ်ပုပ်လျှင်
အများမုန်း၍
ဆင်းရဲသည်။

စိတ်ဖြူ
နှုတ်ဖြူ
အလုပ်ဖြူလျှင်
အများချစ်၍
ချမ်းသာသည်။

စိတ်ဆိုး
နှုတ်ဆိုး
အလုပ်ဆိုးလျှင်
အများမုန်း၍
ဆင်းရဲသည်။

စိတ်ကောင်း
နှုတ်ကောင်း
အလုပ်ကောင်းလျှင်
အများချစ်၍
ချမ်းသာသည်။

ချမ်းမြေ့ဆရာတော်ကြီး

## ချမ်းသာချင်သလား . . ဆင်းရဲချင်သလား

စိုးညွှန့်
ဥက္ကဋ္ဌ
ဓနုတိုင်းရင်းသားမိသားစုအသင်း
(ရန်ကုန်)

www.burmeseclassic.com

www.burmeseclassic.com





# မြင့်မြင့်ဒွေး(ရှာငံ)

# ဓနုအိုးစယ် နှင့် ဓနုဗျော်

သွားရေးလာရေးက အရင်ကနှင့်မတူတော့။ ရှမ်းပြည် တောင်ပိုင်းနှင့်ရန်ကုန်သို့ လမ်းများတိုးချဲ့ဖောက်လုပ်လာခြင်း၊ ရှမ်းပြည်မြို့အချို့တွင် အသွားလမ်းအပြန်လမ်း နှစ်လမ်းဖောက်လုပ်ထားကြပြီး အချို့မြို့များတွင် သွားလမ်းပြန်လမ်းအလယ်တွင် ရောင်စုံဖူးပွင့်နေသော အလှပန်းများစိုက်ပျိုးထားကြသဖြင့် ယခင့်ယခင်ကထက် မြို့ကျက်သရေအလွန်ပင် ခံ့ညားတင့်တယ်နေပါသည်။

ရန်ကုန်မှ ညကားစီး အောင်ပန်းသို့ မနက် ၄ နာရီရောက်သည်။ အောင်ပန်းလမ်းဆုံမှာ ဆင်းလိုက်သည်။ ကားကတောင်ကြီးသို့ ဆက်ထွက်မည်။ ယခင်က တောင်ကြီးသို့ တိုက်ရိုက်ဆက်ထွက်သော်လည်း ယခုတော့ ထိုသို့မဟုတ်၊ ညောင်ရွှေသို့ဝင်ပေးသည်။ ညောင်ရွှေအင်းလေးခရီးသည် လိုက်ပါခဲ့ပါက ပို၍သေချာစွာဝင်ပေးသည်။ မပါလျှင် တောင်ကြီးသို့တောက်လျှောက်တက်သွားသည်။ မည်သို့ဆိုစေ အလွန်အဆင်ပြေသောခရီးစဉ်ဖြစ်ခဲ့သည်။

ရှာငံသို့သွားရန် ပင်းတယသွားသောလမ်းဆုံတွင်ဆင်းရသည်။ ရှာငံသို့သွားမည့်ကားက ၈ နာရီလောက်မှထွက်မည်။ တစ်ခုသတိပြုမိသည်က ထိုလမ်းဆုံမှာ ခရီးသည်နားခိုရာနေရာတစ်ခုရှိသင့်သည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုလမ်းဆုံနေရာလေးမှာ မြောက်ဘက်ကိုသွားလျှင် ပင်းတယသို့လည်းကောင်း၊ ရှာငံသို့လည်းကောင်းသွားနိုင်ပြီး တောင်ဘက်သွားလျှင် လွိုင်ကော်အထိသွားနိုင်သောလမ်းဖြစ်သည်။ လွိုင်ကော်လမ်းတစ်လျှောက်တွင် ပင်လောင်း၊ တီကျစ်၊ မိုးဗြဲစသည်သို့သွားနိုင်သည်။ သို့သော် ခရီးသည်ရပ်နားရန်နေရာတစ်ခုတော့လိုနေသည်။ ကားများက အနည်းဆုံး ၈ နာရီမှ စထွက်သည်။

စာရေးသူက သွားနေကျလမ်းဖြစ်သဖြင့် စိုးရိမ်စရာမရှိ၊ ပင်းတယသွားလမ်းပေါ်ရှိပြီး သိပ်မဝေးလှသော ညီမဖြစ်သူ၏ ရွှေပြည်တန်ချင်းပွဲရုံသို့ ခရီးတထောက်နားပြီးမှ ရှာငံသို့သွားရသည်။ ရှာငံတွင် ဆောင်ရွက်စရာရှိသည်များ ဆောင်ရွက်ပြီးစီးသည်။

အောင်ပန်းတွင် ခဏဝင်နားသည်။ အောင်ပန်းဈေးနေ့ဖြစ်သည်နှင့် ပွဲရုံတွင် ဧည့်သည်များရောက်နေသည်။ ပစ္စည်းများနေရာချပြီးနောက် ညီမဖြစ်သူက လှမ်းခေါ်၍ ဧည့်သည်တစ်ဦးနှင့် မိတ်ဖွဲ့ပေးသည်။ ထိုဧည့်သည်မှာ အောင်ပန်းမြောက်ဘက်ရှိ ဟင်းခါးပင်ရွာမှ ဆရာကျော်ဝေ၊ ဦးကျော်ဖြစ်သည်။ အသက် ၆၅ နှစ်ကျော်လောက်ရှိမည်။

www.burmeseclassic.com

www.burmeseclassic.com



**မယ်ပဒါနှင့် မောင်ဒါသ၏ တောတွင်းအလှအပကို ချစ်ခရီးစတင်စဉ် အရာရာသည် ချစ်ကြည်နူးစရာများကို ဖွဲ့ဆိုထားသည်မှာလည်း ဓနုမော်စာဆိုအကျော်အမော်များ ရှိခဲ့ကြောင်း၊ ဓနုမော်ကိုလည်း ဖော်ထုတ်စေလိုသည့်. . .**

ဦးကျော်၏ ပြောပြချက်အရ ဓနုလူငယ်များသည် ယခုအခါတွင် အိုးစည်တီးခတ်ရာတွင် စနစ်သိပ်မကျတော့ကြောင်း၊ နည်းစနစ်ဖြင့်တီးခတ်သူ နည်းပါးနေပြီဖြစ်ကြောင်း၊ အချို့တီးနေကြသည်။ မောင်းနှင့်ဝါးလက်ခုပ်ပင်မညီဘဲ တစ်ယောက်တစ်ပေါက်တီးကြပါက နားထဲသို့ ကန့်လန့်တိုက်သကဲ့သို့ ဖြစ်သွားကြောင်း၊ ဝါးနှင့်မောင်းသည် အဓိကဖြစ်ကြောင်း၊ အိုးစည်ကိုလည်း အကြမ်းအားဖြင့် စတင်သည်၊ ခေါ်ပုံခေါ်နည်းမှတီးရကြောင်း၊ အဆုံးပိုဒ်တီးရာတွင်လည်း အိုးစည်ကပင်အချက်ပြကြောင်းနှင့် အလျူတွင်တီးပုံ၊ မီးဆူခံတီးပုံ၊ ပြေးပြေးတီးပုံ၊ မြူးမြူးသွက်သွက်တီးပုံတို့ကိုတော့ ပြပါသည်။ လက်ဖြင့်လည်း တီးပြပါသည်။ သူကိုယ်တိုင်လည်း တတ်ကျွမ်းကြောင်းပြောသည်။ သင်လိုသူရှိကလည်း သင်ပေးနိုင်ကြောင်းပြောပြခဲ့ပါသည်။ ဓနုအိုးစည်တီးနည်းကိုလည်းဖော်ထုတ်သင်ကြားနိုင်လျှင် ဖော်ထုတ်ခြင်းဖြင့် ဓနုရိုးရာထိန်းသိမ်းနိုင်လျှင် ကောင်းလေစွဟု တွေးမိရင်း ရန်ကုန်ဓနုတိုင်းရင်းသားအမှုဆောင်များကိုတင်ပြမည်ဟု အားခဲထားလိုက်သည်။

တစ်ဖန် မော်အေးသည်ဟု သိရသည်။ ဓနုမော်ဆိုသည်လည်းရှိသေးကြောင်း ပြောပြသည်။ မြေပြန့်မှ ကွက်စိပ်ဆရာစာဟောသည်နှင့် သဏ္ဌာန်တူသည်။ တစ်ခါဖူးမျှ မတွေ့ဖူးပါ။ ကြားသာကြားဖူးခဲ့သည်။ ရှေးဗုဒ္ဓဝင်အကြောင်း၊ ဘုရား၊ ရာဇဝင်၊ သမိုင်း၊ ဒဏ္ဍာရီ စသည်များနှင့် ဓနုရိုးရာမောင်ဘွဲ့ မယ်ဘွဲ့များ၊ လူမှုရေး၊ စိုက်ပျိုးရေး၊ တောင်ယာ၊ တောခုတ် စသည့် ဟောပြောရသည့်မော်များအကြောင်း ပြောပြသည်။ ဟောလည်းဟောပြသည်။ မှတ်မိသမျှ တစိတ်တစ်ဒေသကို တင်ပြပါသည်။

"သူဌေးကြီးဟာ သမီးကံယုံမယ်ငမုံကို ဆိုလာပြန် နှင့်မှာခွေးမ နှင့်အတာကို ရှက်ပါလ ရှက်လှလေခြင်း ကြည့်ပြင်းလှတယ် သမီးငယ်မှာ့ ခရာကျယ်၊ ဆင်းရဲလူညစ် ငါ့အိမ်တွင်းမှာ ကျွန်လာဖြစ် နှစ်သက်ကြည်ညို သဘောတူလို့ လင်ကိုလို . . လင်ကိုလို"

"မယ်မုံခန်း"မှ တစိပ်တဒေသ နားထောင်၍ကောင်းလှပါသည်။

"မာတဲ့သမီး တို့ဖမွေးတယ်၊ ချစ်မငြီး သမီးပြေးခါ မိုးကောင်းထောင်မှာ (၇)နှစ် (၈)နှစ်ကြာ အစာဖွဲ့နယ်စားလေတယ်။ အဝတ်ဖွဲ့နယ် ဝတ်လေတယ်၊ အလုပ်ဖွဲ့နယ် လုပ်လေတယ်၊ အေးသင်မှာ အေးကျေးဖူးရှင်နှင့်ဘခင်လေး၊ ယောကျ်ားမူကား ထင်းကိုပေါက်လို့ မင်းခြောက်သူပေးစားတယ်လေး၊ ငါ့မှာမူကား မိန်းမသား၊ ချထုပိန်းငင်ယက္ကန်းစင် ဆန့်ပွဲထောင်းလို့ မောင်းပုဲ့ကိုနင်း သူများစေရင် ငါမငြင်း . ."

ဖခင်၏ မေတ္တာတရား၊ သမီးငယ်မှဖြစ်ပုံအကြောင်းစုံတို့ကို ထန်ကရိုင်း၊ မာန်အပြည့်နှင့် သီဆိုပြသွားသည်။

"ခေါ်ကာလ မယ်ပဒါနှင့်မောင်ဒါသ ရောက်လေချက်ချင်းသတ်မှန်ဂနိုင်တွင်း တောင်ဆင်းတောင်တက် သွားမပြောင်လို့ ကျောက်ရုပ်ရက် သရက်ပိုးစေ့ သစ်ပင်ထက်မှာ ပန်းချင်းဝေ၊ သပြေကြက်မောက် ပင်လုံနီလို့ ပန်းချီတောက် ပိတောက်ပွင့်ဖြူ အနံ့မွှေးတယ် ပန်ပြည်စုံးပွင့်ဖြူမိုးနီသစ်ပင်ထက်မှာ ပန်းခက်စီတလီထူးဆန်း ဂနိုင်ဝမှာ လေအေးလာရင် အနံ့သိုးတစ်မျိုးပန်းသေး၊ ပန်းမြတ်လေး . ."


မယ်ပဒါနှင့် မောင်ဒါသ၏ တောတွင်းအလှအပကို ချစ်ခရီးစတင်စဉ် အရာရာသည် ချစ်ကြည်နူးစရာများကို ဖွဲ့ဆိုထားသည်မှာလည်း ဓနုမော် စာဆိုအကျော်အမော်များရှိခဲ့ကြောင်း၊ ဓနုမော်ကိုလည်း ဖော်ထုတ်စေလိုသည့်ဆန္ဒပြင်းပြလှပါသည်။ ထို့ကြောင့်လည်း ရန်ကုန်သို့ အမြန်ပြန်ခဲ့ရပါတော့သည်။

မြင့်မြင့်ကျူ(ရှာင်)

www.burmeseclassic.com

www.burmeseclassic.com





# တပေါင်းပွဲကို လှည်းနှင့်ဆို

**ဝွတို** ။ "အရီး ‥ အရီး၊ ဦးမင်း ဆိုလား …"

**အရီး** ။ "အိုင်ပေါ်မှာ ‥ နီးဖြာနေတယ်၊ တက်သွားလေ ‥" ဝွတိုသည် အိုင်ပေါ်သို့တက်သွားပြီး နီးဖြာနေသော ဦးသာလုံးဘေးတွင် ထိုင်၍–

**ဝွတို** ။ "ဦးမင်း ‥ ဦးမင်း ဖပဲ့က ပွဲလိုက်ခြင်လို့ လဲအားသေးလား မေးခိုင်းလိုက်တယ် …"

**ဦးသာလုံး** ။ "နင့်ဖပဲ့ တယောက်ထဲ မဟုတ်လား ‥၊ အားပါး အချဲစဲတော့ ရဝူးနော လဲခပေးမရတယ်၊ တစိမ်းတွေမ မဟုတ်တာ၊ တို့ခွေ့စီးကြတာ ပေါ့ဂါလဲ … အဖော်ရဲပ့ါ …"

**ဝွတို** ။ "ဦးမင်းကတော့ … လုပ်ပြီ၊ အချင်းချင်းပဲ လဲခပေးဖို့ လိုသေးလား …"

**ဦးသာလုံး** ။ "အရွဲ့တပဲ့ ပြောတာပါကွယ် …၊ ညခင်းစာ မင်း စောစော စားပြီး စောစောလာခဲ့လို့ပြော …"

**ဝွတို** ။ "ဟုတ်ကဲ့ … ဦးမင်း", ဝွတိုသည် ပြောပြောဆိုဆိုနှင့် အိမ်ပေါ်မှ ဒုန်းစိုင်းပြေးဆင်းသွားတော့၏။

+++

**ဝွတို** ။ "အမေမေ့ … ညခင်းစာ မင်းစောစောစားပြီးလာခဲ့ဖို့ ဦးမင်း မှာလိုက်တယ်၊ ဖပဲ့လဲ လိုက်လို့ရတယ်တဲ့၊ မင်းစောစောစားရအောင် ဒါမပွဲကို စောစောသွားရမှာ"

**ဝွတိုအမေ** ။ "မင်း စားဖို့ ‥ အစောဆိုသေးတယ်၊ မင်းမစားခင် နင်းခေါင်းဖိုနေတယ်၊ ခေါင်းအရင်သွားရိတ်ဦး၊ ပိုက်ဆံငါးမူး ငါ့ခေါင်းအုန်းအောက်က ယူသွား၊ အဲလိုမ … နင်လလပပနှင့်ပွဲသွားရမှာ၊ ခေါင်းရိတ်ပြီးယင် ရေကန်မှာ တခါထဲရေချိုးလာခဲ့၊ ကလိုက်စေသွား၊ ကလိုက်စေလာ၊ ငါမမျော်ရစေနဲ့ ငါ မင်းချက်ထားမယ်"

+++

ညခင်းရောက်တော့ ဝွတိုအမေက ပဲတောင့်နှပ်စပ်သီးနှင့် ချမ်းချဉ်သီးထောင်းဖြင့် မင်းပွဲအဆင်သင့် ခူးခတ်ပြီး ဝွတိုကို အော်ခေါ်လိုက်ကာ–

"မင်း စားပွဲခုံပေါ်မှာ ‥ အဆင်သင့်ခူးပီးပီ၊ နင့်အဖသွားခေါ်၊ နင့်ညီမမိနီလဲခေါ်ခဲ့ဦး … မေ့မနေနဲ့"

မိသားစု ၄ ယောက် မင်းစားပွဲဝိုင်းထိုင်မိတော့ ဝွတိုက အမေအဖမင်းခွက်ထဲကို ပဲတောင့်နှပ်ဦးချထည့်ပေးပြီး ခြေမြန်လက်မြန်နှင့် ဟင်းကိုနိုပ်စားပြီး–

"အမေ့ဟင်းကလဲ ‥ ဆားပြယ်တာ၊ ဘာမအရသာရှိဝူး၊ အလားလားချမ်းချဉ်သီးထောင်းကလဲ စပ်သီးစပ်လိုက်တာ၊ ဆူးဆဲ ဆူးဆဲ"

**ဝွတိုအမေ** ။ "ဟဲ့ မိနီ မင်းစားလေ"

**မိနီ** ။ "စားခြင်ဝူး … ဟင်းပြယ်တယ်၊ စပ်သီးတောင့်လဲ စားနိုင်ဝူး ကိုရင်တောင် စပ်သီးစပ်လို့ အော်နေတာ …"

**ဝွတိုအမေ** ။ "နင်က ဟင်းပြယ်ရင် မင်းမစားတော့ဘူး၊ ရွက်ထဲက မင်းကိုဘဲကျူနေတယ်၊ အိုးကင်းထဲမှာ အကင်ပေါင်းလုံးဆိုတယ်၊ တစ်လုံးသွားယူစား"

မိနီကား အမဲကင်ပေါင်းလုံး

www.burmeseclassic.com



လုံးတောင် တဲ့ယူလာတာ အမေက ပြောတော့–

"ဟဲ့ ‥ မိနီ၊ တစ်လုံးဘဲယူစားကို ၃ လုံးတောင်မလား၊ လောဖကြီး လောအီးပါနေဦးမယ်၊ နင့်ဖဖို့ကော ကျန်သေးလား"

မိနီကား တစ်စုံတစ်ရာပြန်မပြော။ ကင်ပေါင်းလုံးနှင့် မင်းကိုသာ အားပါးတရ ငုံ့လွေးနေလေတော့၏။ ငွတိုက မင်းစားလက်ဆေး လက်သုတ်ပြီးတော့–

"အမေ ‥ အမေ ပေါနားမာ မင်းစားပီး စားဖို့ တညက်တလုံးချထားတာ မျော်ဂူးလော"

**ငွတိုအမေ**။ "မျော်တယ် ‥ စမွတွေ အစုံ့ထဲအုံနေလို့ ငါ ‥ ကောက်ပီးလောလိုက်ပီ"

**ငွတို** ။ "အမေတော့ ဒုက္ခပဲ၊ ဘို့က မင်းစားပီးစားဖို့ တပင်ခြိန်ထားတာ၊ ဒါဆို ‥‥ ဘာစားဖို့ဆိသေးလဲ"

**ငွတိုအမေ**။ "ပလိန်းထဲမာ ငပျောသီးတလုံးကျန်သေးတယ်၊ အေးသာကိုသာ နင့်တတ်တိုင်း ယူစားလိုက်တော့၊ အခွံလဲ ‥ သေသေချာချာနွှေးဦးနော်"

**ငွတို** ။ ဟုတ်ကဲ့အမေ။

ဦးသာလွန်းက ညခင်းတွင် လဲကို နွားကြောင်စွယ်နှင့်စပါယ်ဖြူ ၃ ကောင်ကို တပို့မာတက်ပီး လဲပေါ်တွင် ကော်ဇောခင်း အိပ်ယာခေါင်းအုန်းတွေ တင်ပြီးတော့ ဆွေမျိုးတအုတ် ဆူညံ ဆူညံနှင့် လဲစီး၍ တပေါင်းပွဲကျင်းသို့ သွားကြလေ၏။ ငွတိုတယောက်က တော့ ပျော်လွန်းလို့ လဲပေါ်မှာ ယောက် ယက်ခတ်ပြီး သူ ကျောင်းတွင်သင်ခဲ့ရ သော ကဗျာတပုဒ်ကို အောက်ပါ အတိုင်း ဖက်ဟစ်သီဆိုလိုက်။

"အမေဆိုဆဲ ‥‥ ဝါဆိုပွဲ လဲ လေးနှင့် သွားရအောင်၊ ကုက္ကိုပင် မြိုင်မြိုင်ခုတ် လဲလုပ်ပါ့မောင်၊ လဲလုပ် ယင်ကြာတော့မယ်၊ မဘုတ်ဆုံ တင်ခုံကြီး လဲလုပ်လို့စီး"

အသံဆုံးတာနှင့် တချက်ဘဲ "အင်း ဘသူအီးပွတ်တုံး၊ အီးစော်နံလိုက်တာ" မိနီက တစ်ယောက်ပီးတစ်ယောက် လက်ညှိုးထိုးလျက်

"ဘသူအီးပေါက် ‥ ငါအီးပေါက် ပေါက်တဲ့လူ မန်မန်ပြော ‥‥ ဘုန်းကြီး တရားဟော ‥ ဖွတ် ‥ ဘွတ် ‥ ဘူ" ဟုဆို၍ နောက်ဆုံး လက်ညှိုးထိုးခံရမှာ ငွတိုဖြစ်သောကြောင့် မိနီက–

"ကိုရင်ပေါက်တယ်"လို့ အော် ပြောလိုက်၏။

**ဦးသာလွန်း**။ "လဲနောက်လေးနေ တယ်၊ လဲဦးမော့နေတော့ နွားတွေ သွားခက်နေတယ်၊ အရီးက ‥ ဦးတိုး မန့်၊ လဲနောက်မာလူပဲသငယ်တွေ ပု လိုက်နေလား လဲကြည့်ဦး"

**အရီး** ။ "လဲနောက်မာပုံ တ ထောင်းထောင်းမို့ စာလူပဲမ ပုမလိုက် ဘူး၊ ဖပဲ့က ဦးနဲနဲတိုးပေးလိုက်လေ"

ငွတိုတစ်ယောက် လဲပေါ်ကနေ လဲမောင်းတုတ်ကိုမြှောက်၍ နွားတွေက လိုက်စေသွားအောင် အော်ကြိမ်းလိုက်ပုံ က "ကြောင်ခွယ် ‥ ကလိုက်စေသွား လေ၊ ငါတုတ်နှင့် နင့်ကိုဖိုလိုက်ရမလား၊ စပါယ်ဖြူလို သွက်သွက်သွားပါလား၊ နွားများက ဒုန်းစိုင်းခုန်ပေါက်သွားလေ ရာ မကြာခင် ပွဲခင်းသို့ရောက်သွားလေ တော့၏။

**ငွတို** ။ "ဦးမင်း ‥‥ လဲကိုဘယ် နားရပ်မာတုန်း"

**ဦးသာလွန်း**။ "တော်မော်ဘေးနား မာရပ် ‥ အေးနားကနေ ပွဲကြည့်မ လူမကွယ်လို့ ကောင်းကောင်းမျော်ရမာ"

ပွဲကျင်းတဲနောက်သို့ လှည်းကို နေရာတကျ ရပ်ပြီးတာနှင့် ငွတိုက မွဲလည်ဖို့ ပြင်လေတော့၏။

**ဖပဲ့** ။ "ငွတို ‥ ဘုရားစောင်း တန်ဦးက ခြသေ့်နကောင် ဖင်တုန်နေ တယ်တဲ့၊ လူတွေသွားကြည့်နေကြ တယ်၊ နင်လည်း သွားကြည့်ပါလား"

**ငွတို** ။ "ဖပဲ့ကလဲ ခြသေ့်ရုပ် ဘဲဟာ ဘယ်လိုလုပ်ပြီး ဖင်တုန်မာလဲ အလကား အရှဲ့တမဲ့ပြောတာဖြစ်မာ၊ ရယ်စရာကြီး ဟီး ဟီး"

**ဖပဲ့** ။ "မယုံယင် သွားကြည့် ပါလေ၊ လူတွေတော့ အုန်း အုန်း အုန်း အုန်းနင့် ကြည့်ဖို့သွားနေကြတယ် ‥ များကြီး ငါမျော်ခဲ့တယ်"

ငွတိုလဲ မယုံတယုံ နှင့် စောင်း တန်းဦးတွင်ရှိသော ခြသေ့်ရုပ် ၂ ကောင်ဆီသို့ ဒုန်းစိုင်းပြေးသွားလေ တော့၏။ တအောင့်ကြာတော့ ငွတိုတစ် ယောက် အမောတကောနှင့် ပြန် ရောက်လာပီး

"ဖလှကလည်း ‥ ဟုတ်လဲဟုတ် ပဲနင့်၊ ကျနော့်မာ ပြေးသွားပြေးပြန် မောလို့"

**ဖပဲ့** ။ "နင် သေချာကြည့်ခဲ့ လား၊ တကယ် ခြသေ့်ဖင်တုန်နေပါ တယ်"

**ငွတို** ။ "အလကားပြောတာ မဟုတ်ဘူး၊ သေချာအောင်လို့ ကျနော် လက်နှင့်တောင် ကိုင်ကြည့်ပါသေး တယ်၊ တုန်ပါဂူး"

**အရီး** ။ "ကိုရင်ကလဲ ခလေးကို မဟုတ်မဟုတ်တွေပြောနေတယ်"


**ဖပဲ့** ။ "ဘာ မဟုတ်ရမာလဲ၊ ပွဲခင်းထဲ လူတွေများလွန်းလို့ တတိုးထဲ တိုးကြလွန်းလို့ ဖုံမှုံ့တွေ တထောင်းထဲ ထနေတာ၊ ခြသေ့်နကောင်ပေါ် ဖုံမှုံ့တွေ တင်နေတာ အတိုင်းသား ‥‥၊ မျော် နေရတာ၊ ဒါကြောင့် ‥‥ ခြသေ့်န ကောင် ဖုံတင်ဆို ‥‥ ဖင်တုံတာပေါ့ ဟ"လို့ပြောလိုက်ရာ ဆွေမျိုးတသိတ် တဝါးဝါးနဲ့ ပွဲကျနေလေတော့သတည်း။

ဂျိုးကား-ပဏ္ဍုရ

www.burmeseclassic.com

www.burmeseclassic.com





# အောင်ကြိုင် (ဒု-ဥက္ကဋ္ဌ)

## နလုံးတုန်ရင်ခုန်ရသော ကြက်သားဆယ်ပိဿာနှင့် အာလူးခြောက်ပိဿာ

ဓနုအသင်းသားများနှင့် ဓနုကျောင်းသူ/သားများ ဖူးကြီးလှော်ကားရေလှောင်တာတာမံသို့ ပျော်ပွဲစားသွားရန် စည်းဝေးဆုံးဖြတ်ကြပါသည်။

အစားအသောက်ကိစ္စကို ကျွန်တော်တာဝန်ယူချက်ပြုတ်ပေးမည်ဟု ကတိပေးလိုက်ပါသည်။ အာလူးနှင့်ကြက်သားချက်ပြီး အုန်းထမင်းနှင့်လွေးရန်ဖြစ်ပါသည်။ "လွေး"သည် ဓနုအခေါ်အဝေါ်ဖြစ်၍ "လွေး"သည် မြန်မာစကားအရ စားသည်ဟု ဆိုလိုပါသည်။

၁၉၇၈-၇၉ ခုနှစ်အချိန်က ရန်ကုန်မြို့ပေါ်တွင် ကြက်သားတစ်ပိဿာ ၃၅/(သုံးဆယ့်နှစ်ကျပ်)ဈေးရှိပါသည်။ ကျွန်တော်ကြက်သားဝယ်ရန် ရန်ကုန်မြို့ပေါ်တွင်မဝယ်ဘဲ ရွာသာကြီးသားသတ်ရုံတွင် သွားဝယ်သည်။ ကြက်သားတစ်ပိဿာ ၂၉/(နှစ်ဆယ့်ကိုးကျပ်) ဆယ်ပိဿာဆိုတော့ ၂၉၀/(နှစ်ရာ့ကိုးဆယ်)၊ မြို့ပေါ်ဈေးနှင့် တစ်ပိဿာ ၃/(သုံးကျပ်)ကွာဆိုတော့ ဆယ်ပိဿာ ငွေ ၃၀/(သုံးဆယ်ကျပ်)သက်သာပါတယ်။ ကြက်တစ်ပိဿာပိုရတယ်ပြောရင်လည်း ရပါတယ်။

အဲဒီအချိန်က ငွေ ၃၀/ ကျပ်ဆိုလျှင် ဆီ ငါးပိဿာရနိုင်ပါတယ်။ လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ့်ငါးနှစ်ကျော်က ရန်ကုန်မြို့တွင် သုံးဘီးကားပြေးဆွဲလျက်ရှိသည်။ ကြက်သားဆယ်ပိဿာကို ကျွန်တော်တစ်ယောက်တည်း သုံးဘီးကားနှင့်လား ဘတ်စ်ကားနှင့်လား ဘယ်လိုသယ်လာသည်ကို မမှတ်မိတော့ပါ။ ကျွန်တော်က ကပ်စေးနည်းသူဆိုတော့ သုံးဘီးကားနှင့် မသယ်မှာ သေချာသလောက်ပါပဲ။

ရွာသာကြီးမှ မော်တင်လမ်းအမှတ် ၅၉၊ မြေညီထပ်သို့ သယ်ဆောင်ခဲ့ပါသည်။ ၎င်းမြေညီထပ်တွင် ချက်ပြုတ်ရပါမည်။ ကျွန်တော်နှင့် ကျောင်းသား

www.burmeseclassic.com



(၅)ယောက် သို့မဟုတ် (၆)ယောက်။ မပိုပါ။ တစ်ညလုံး မနားရဘဲ ချက်ပြုတ်ရသည်။ အကြောင်းရင်းကတော့ ရှင်းနေပါသည်။ ယခုအချိန်လို ကြက်သား ခုတ်ထစ်ပြီးသား၊ ကိုင်ပြီးသား မဟုတ်။ ကြက်သားအကောင်လိုက်ခုတ်ထစ်ဖူးသည့် အတွေ့အကြုံမရှိသေးသလောက်ပင်။ ချက်ပြုတ်ရေးစတင်သည့်အချိန်ကိုလည်း ကြည့်လိုက်ပါဦး။ ညနေ လေးနာရီခွဲ ‥ ငါးနာရီ။

အုန်းထမင်းချက်ရမည်ဖြစ်သဖြင့် အုန်းသီးခွဲသူခွဲ၊ အာလူးနွှာသူနွှာ၊ ကြက်သားကိုင်သူကကိုင်၊ ကျွန်တော်က တာဝန်ခံဆရာကြီးဆိုတော့ သူ့နေရာနှင့်သူ အကွက်စေ့အောင် တာဝန်ခွဲဝေပေးရပါသည်။ ကျောင်းသားများ အုန်းသီးခွဲခြင်း၊ အုန်းနို့ညှစ်ခြင်းကို ခြစ်သည်။ ညှစ်သည့်ဆိုင်မှာ ပြန်ရောက်ချိန်မှာတော့ ကြက်သားအိုးစတင်ချက်ပါပြီ။ ကြက်သားမနူးတနူးမှာ အာလူးရောပါသည်။ ကြက်သားနှင့်အာလူးကို တစ်ပြိုင်နက်ရောချက်ခြင်းမှာ အာလူးအနူးလွန်ပြီး ကျေသွားမည်စိုးရိမ်သဖြင့် အာလူးကို နောက်မှထည့်ခြင်းဖြစ်ပါသည်။ အာလူးနှင့်ကြက်သား အနေတော်တွင် မီးကိုနုတ်ထားပြီး နှပ်ထားလိုက်ပါသည်။

အုန်းထမင်းစချက်ပါပြီ။ တစ်ပြည်အိုးလေးလုံးနှင့် ထမင်းဖြူခြောက်ပြည်အိုးတစ်လုံးချက်ရပါသည်။ အုန်းထမင်းချက်ရသည်မှာ အင်မတန်ခက်ခဲကြောင်း အုန်းထမင်းချက်စားဖူးသူတိုင်း သိကြပါသည်။ အပေါ်က အုန်းဆီက အောက်သို့မဆင်းမီ မီးကို မချိန်တတ်ပါက အောက်ကတူး စသည်ဖြင့် အတော်ချက်ရခက်ပါသည်။

ကျွန်တော်၏ စိတ်သည် အမှတ် (၅၉)၊ မော်တင်လမ်း၊ မြေညီထပ်၊ ကြက်သားအာလူးဟင်းအိုး၊ အုန်းထမင်းတစ်ပြည်အိုးလေးလုံး၊ ထမင်းဖြူ ခြောက်ပြည်အိုးတစ်လုံး၊ ကျောင်းသား (၅)ယောက် သို့မဟုတ် (၆)ယောက်တို့၏ အဝန်းအဝိုင်းပတ်ဝန်းကျင်တွင်သာ တည်ရှိနေသည်။ စိတ်ပျံ့လွင့်မှုမရှိ၍ နှစ်ပေါင်း သုံးဆယ့်ငါးနှစ်ကြာသော်လည်း ပြည့်စုံစွာတင်ပြနိုင်ခြင်းဖြစ်ပါလိမ့်မည်။

သို့သော်လည်း ယခုစာရေးနေချိန်မှာတော့ အသက် ခုနစ်ဆယ့်ငါးနှစ်ကျော်ပြီဖြစ်၍ လုပ်ကိုင်နိုင်သည့် အင်အားကျဆင်းလာပါပြီ။ ခေတ်တိုင်းရင်းသားများအားလုံး၏ ကောင်းစားရေးကို ဆက်လက်လုပ်ဆောင်ကြမည့် ခေတ်လူငယ်မောင်မယ်များကို မျှော်ကိုးလျက် စောင့်စားလျက် အားကိုးလျက်ပါပဲ။

မနက် ငါးနာရီထိုးချိန်မှာ အားလုံးချက်ပြုတ်၍ပြီးပါပြီ။ မည်သူမှတော့ တစ်ရေးမှမအိပ်ရပါ။ မျက်နှာသစ်ကိုယ်လက်သန့်စင်ပြီး လက်ဘက်ရည်နှင့်နံပြားစားကြပါသည်။ မနက် ၆ နာရီခွဲတွင်



www.burmeseclassic.com



ကားရောက်လာပါသည်။ ကျောင်းသားအချို့ပါလာသည်။

ထိုအချိန်က ရန်ကုန်မြို့တွင် ပြေးဆွဲနေသောကားများမှာ ဒုတိယကမ္ဘာစစ်ပြီးချိန်က ကျန်ရှိခဲ့သည့် ချက်ပလက်ခေါင်းတိုများသာအများဆုံးတွေ့ရသည်။ ယင်းကားများမှာလည်း ယခု ၂၀၁၅ ခုနှစ်မတိုင်မီအချိန်လေးတွင် ပျောက်ကွယ်ပြောင်းလဲခဲ့သည်။ ၎င်းကားကိုနောက်ဆုံးအမည်တပ်ခေါ်လိုက်ကြတာကတော့ ဗိုက်ပူကားများဟူ၍ ဖြစ်ပါသည်။ ၎င်းဗိုက်ပူကားဖြင့် ဖူးကြီးလှော်ကားသို့ ပျော်ပွဲစားထွက်ခဲ့ခြင်းဖြစ်ပါသည်။

အားလုံး အသင်းသူအသင်းသားများနှင့် ကျောင်းသူ/ကျောင်းသား ငါးဆယ်ကျော်ခြောက်ဆယ်နီးပါး သွားကြပါသည်။ စုရပ်ကို မော်တင်၊ မြေနီကုန်း၊ သမိုင်းနှင့် အင်းစိန်တို့တွင် ထားရှိပေးပါသည်။ မော်တင်မှ မနက် ၇ နာရီတွင်ထွက်ပြီး လှော်ကားသို့ ကိုးနာရီခွဲဆယ်နာရီမတ်တင်းလောက် ရောက်ပါသည်။ လမ်းတလျှောက် ကားပေါ်မှာ ပျော်ပျော်ပါးပါး ကျောင်းစာအကြောင်းပြောသူပြော၊ သီချင်းဆိုသူဆို၊ ကျောင်းသားအချင်းချင်း နောက်ကြပြောင်ကြ၊ ကျောင်းသူနှင့်ကျောင်းသား နောက်ကျပြောင်ကျ တစ်သက်တာ မေ့မရနိုင်စရာတွေပါဘဲ။

စခန်းချမည့်နေရာရောက်ပါပြီ။ အားလုံးကားပေါ်မှ ဆင်းကြပြီ။ ထမင်းအိုးဟင်းအိုးတွေလည်း အောက်သို့ချပြီးပါပြီ။ ကြက်သားဆယ်ပိဿာ အာလူးခြောက်ပိဿာကိုချက်တဲ့ ဟင်းအိုးကတော်တော်ကြီးတယ်လေ။ ကျွန်တော်စိတ်ပူပြီး ဟင်းအိုးကို ဖွင့်လိုက်တဲ့အခါမှာတော့ ကျွန်တော် 'နှလုံးတုန် ရင်ခုန်ရပါတော့သည်' အကြောင်းက ဟင်းအိုးအမြုပ်တွေ တစီစီဖြစ်နေသောကြောင့်ဖြစ်ပါသည်။ ခနအသုံးနှင့်ပြောရမည်ဆိုပါက ဟင်းအိုးချဉ်သွားသည်။ မြန်မာအသုံးအနှုန်းအရတော့ ဟင်းအိုးသိုးသွားသည်ဟု ဆိုလိုပါသည်။ အမှန်မှာတော့ ကျွန်တော့်ကို ဘုရားမသည်။ ဟင်းအိုးသိုးခြင်းမဟုတ်၊ ချဉ်ခြင်းလည်းမဟုတ်။ ကားလှုပ်၍ အမြုပ်ထခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ စိတ်နှလုံးပြန်လည်၍ ပြုံးရပါတော့သည်။

လှော်ကားအပြန် ထောက်ကြံ့စစ်သချိုင်းတွင် ဓာတ်ပုံရိုက်ကြပါသည်။ ကျွန်တော့်တွင် ဓာတ်ပုံရှိပါသည်။ ကျွန်တော့်အိမ် အပြောင်းအရွှေ့ကြောင့် တင်ပြနိုင်ခြင်းမရှိပါ။ အကယ်၍များ ခနမဂ္ဂဇင်း ဒုတိယအကြိမ်ထုတ်နိုင်ပါကကြိမ်းသေဖော်ပြနိုင်အောင် ကြိုးစားပါမည်။

အသစ်စတင်ဖွဲ့စည်းခဲ့သည့်အချိန်မှယနေ့ထိ (၄၄)နှစ်ကျော်ကာလတစ်လျှောက် တာဝန်ထမ်းဆောင်နေတာကျွန်တော်တစ်ယောက်တည်းပါပဲ။ ကျန်းမာနေသမျှ တာဝန်ထမ်းဆောင်ရန်ဆန္ဒရှိပါသည်။ ခနလူမျိုးများအားလုံးနှင့် စာဖတ်ပရိသတ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေ။

လေးစားစွာဖြင့်
အောင်ကြိုင်(ဒု-ဥက္ကဌ)

ရှမ်းပြည်နယ်နေ့အကြို အလှူငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ (၃၀-၁-၂၀၁၆)







www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မဂ္ဂဇင်းဝတ္ထုရှည် တစ်ပုဒ်ကို အဆုံးသတ်ရေးပြီးပြီဖြစ်၍ စိတ်လက်ပေါ့ပါးနေပါတော့၏။ သို့ဖြစ်၍ တစ်လောက မောင်မောင်ကြီးဆိုသူ လူငယ်တစ်ဦးလာပေးသွားသော မှတ်တမ်းတစ်စောင် လက်ရေးမူကို ဖတ်ကြည့်နေမိပါတော့သည်။ မူလက ရိုးရိုးသာမန်ခရီးသွားမှတ်တမ်းဟု တွေးထင်ထားမိပါသော်လည်း စိတ်ဝင်စားဖွယ်အကြောင်းအရာကို ရေးသားထားခြင်းဖြစ်၍ လက်က မချတမ်းဖတ်နေမိပါတော့သည်။

"ကျွန်တော့်အဘိုး မှတ်တမ်းပါ၊ ဖြစ်နိုင်မယ်ဆိုလျှင် ဆရာဝတ္ထုလို ရေးပြီး တိုင်းပြည်ကို တင်ပြပေးပါ"

ထိုမှတ်တမ်းကိုပေးခဲ့စဉ်က မောင်မောင်ကြီးပြောခဲ့သော စကားဖြစ်သည်။ ကြားရစဉ်တုန်းကတော့ ဤမှတ်တမ်းကို ညွှန်းလှချေလားဟု စိတ်ထဲထင်နေမိ၏။ သူပြောဆိုပုံကို ကြည့်ပါက ဤအကြောင်းအရာအား တိုင်းပြည်ကို တင်ပြရမည်ဖြစ်သည်။ တိုင်းပြည်ကို တောင်တင်ပြရမှာဆိုတော့ ဘယ်လို အကြောင်းအရာများ ဖြစ်နေလို့လဲ။

ကျွန်တော်သည် ထိုမှတ်တမ်းကို စိတ်ဝင်စားစွာနှင့် ဖတ်၍ပြီးသွားပါတော့သည်။ သူညွှန်းသကဲ့သို့ တိုင်းပြည်သို့ တင်ပြနိုင်လောက်သည့်အကြောင်းအရာ ဟုတ်မဟုတ်တော့မသိပါ။ စိတ်ဝင်စားဖွယ်တော့ကောင်းလှပါသည်ဟု ပြောရပေါ်ပါသည်။ ကျွန်တော်လည်း ကျွန်တော် တတ်ကျွမ်းသောအနုပညာဖြင့် ရေးသားလိုက်ပါသည်။

မရေးသားမီ လူတွေ အသိများ၊ အမြင်များ၊ အကြားများ၊ လူမျိုးအရပ်ဒေသ ကွဲပြား၍ မတူညီကြသော စကားအသုံးအနှုန်းများပင်ဖြစ်၏။ ဥပမာ ကျွန်တော်လေ့လာဖူးသော ဗုဒ္ဓမိန့်ကြားတအားမြစ်ထားသော စကားရှိပါသည်။ ထိုစကားမှာ လူတို့ မစားကောင်းသော သတ္တဝါ(၁၀)မျိုး ဖြစ်သည်။ ထိုသတ္တဝါများမှာ လူ၊ မြင်း၊ ခွေး၊ မြွေ၊ ဆင်၊ ကျား စသော သတ္တဝါများအပြင် "အောင်း"ဟူသော သတ္တဝါတစ်မျိုးလည်းပါ၏။

ယခု မောင်မောင်ကြီး၏ အဘိုးဆိုသူ ဘိုးဘိုးကြည်သန့်၏မှတ်တမ်းတွင် ထူးဆန်းသော သတ္တဝါပါနေ၏။ ထိုသတ္တဝါ၏အမည်မှာ "ဝေါင်း"ဖြစ် သည်။ အောင်းဆိုသောအခေါ်အဝေါ်နှင့် ဝေါင်းဆိုသောအခေါ်အဝေါ်သည် စောစောက တင်ပြထားသလို အသိများ၊ အမှတ်များ၊ အကြားများနေ၍ ကွဲပြားနေရတာလား။ သို့မဟုတ် နေရာဒေသကွဲပြားနေ၍ အခေါ်အဝေါ်အသံထွက် လွဲမှားနေရတာလားဟု ယူဆဖွယ်ရှိသည်။

ထိုသို့ နေရာဒေသမတူ၊ လူမျိုးချင်းမတူခြင်းက အကြောင်းရင်းရှိပါသည်။ ခေတ်ကာလကလည်း လွတ်လပ်ရေးရပြီးကာလ၊ နေရာဒေသကလည်း ကချင်ပြည်နယ်မှာဆိုတော့ အောင်းဆိုသောသတ္တဝါကို ဝေါင်းဟူ၍ ခေါ်ဆိုတာလည်း ဖြစ်နိုင်သည်။

ထိုသို့ စားသုံးရန်မသင့်ဟု မြတ်စွာဘုရားတားမြစ်ထားသော အောင်းသတ္တဝါသည် မည်သို့ပုံသဏ္ဌာန်ရှိမည်ကို မသိနိုင်သကဲ့သို့ ဝေါင်းဆိုသည့် သတ္တဝါသည်လည်းမည်သည့်ပုံသဏ္ဌာန်ရှိနေသည်ကို မသိကြဘဲ ဖြစ်နေသည်။ ထိုသတ္တဝါများကို မည်သူမှ တပ်အပ်သေချာစွာ မသိကြသလို မြင်ခြင်းလည်း မရှိကြပါ။

ထိုသို့ ဂမ္ဘီရဆန်သော ဝေါင်းသတ္တဝါ(ဘိုးဘိုးကြည်သန့်အဆို)ကို ကိုယ်တွေ့မြင်တွေ့လို၍ ဤမှတ်တမ်းရှင်သည် ကချင်ပြည်နယ် ဖန်းမော်မြို့တွင် တောအုပ်အဖြစ်အမှုထမ်းနေစဉ် စုံစမ်းထားသည်မှာ–

+ + +

မြန်မာပြည် လွတ်လပ်ရေးရထားသည်မှာ မကြာမြင့်သော ကာလကပင်ဖြစ်သည်။ (၁၉၅၅)ခုနှစ်မတိုင်မီတွင် ကျွန်ုပ် မောင်ကြည်သန့်သည် တောအုပ်တာဝန် ထမ်းဆောင်ရန်အတွက် ဖန်းမော်ခရိုင်သို့ ရောက်ရှိလာပါသည်။ ဖန်းမော်ခရိုင်သည် ကျွန်း၊ ပျဉ်းကတိုး သစ်မာနှင့် အင်ကြင်းတို့ ပေါက်ရောက်

www.burmeseclassic.com

ရာဒေသဖြစ်ခြင်းကြောင့် နယ်မြေတစ်ခုလုံးသည် စိမ်းစိမ်းစိုစိုနှင့် ညို့ညို့မှိုင်းမှိုင်း အုပ်ဆိုင်းလျက် ရှိနေပါသည်။

ဗန်းမော်နယ်သည်သာမက ကချင်ပြည်နယ်တစ်ခွင်လုံးသည်လည်း ထိုနည်းအတိုင်း ညို့ညို့မှိုင်းမှိုင်းနှင့်အုပ်ဆိုင်းနေပါသည်။ ထိုတောကို မှီ၍ ကျား၊ ဆင်၊ မြွေ စသည်တို့လည်း ပေါများလှသည်။ ထို့ပြင် ထူးဆန်းရှားပါးလှသော တောတိရစ္ဆာန်များလည်းရှိပါသေးသည်။ ထို့ကြောင့်လည်း တောလိုက်မုဆိုးအများအပြား နေထိုင်ကျက်စားရာဒေသလည်း ဖြစ်သည်။

ထိုသို့များပြားရခြင်းအကြောင်းမှာ စစ်အတွင်းမှ ကြွင်းကျန်ရစ်သော လက်နက်မျိုးစုံကြောင့် ဖြစ်သည်။ တချို့ကလည်း အင်္ဂလိပ်လက်ကျန်လက်နက်များဖြစ်၍ တချို့ကလည်း ဂျပန်လက်ကျန်ပစ္စည်းများ ဖြစ်သည်။ တချို့လည်း ဒေသထွက် လက်ဖြစ် တူမီးသေနတ်၊ တောပုန်းသေနတ်တို့ ဖြစ်၏။ နိုင်ငံတော်မှလည်း လိုက်လံတားဆီးပိတ်ပင်ခြင်းမှာ မစွမ်းနိုင်သေးသော ကာလဖြစ်သည်။ ထို့ကြောင့် မုဆိုးလည်း ပေါများသလို တောကြောင်ဓားပြများလည်း ပေါများနေပါ၏။

ကျွန်ုပ်သည်လည်း သစ်တောဌာနခွင့်ပြုချက်ဖြင့် ကိုင်ဆောင်ထားသော အင်္ဂလန်လုပ် ဒဘယ်ပိုးခေါ် နှစ်လုံးပြူးသေနတ်တစ်လက်ရှိပါသည်။ ကျွန်ုပ်တို့ ဗန်းမော်မြို့ပေါ်တွင် လက်ရှိဝန်ထမ်း(၅)ဦးရှိသည်။ ကျန်အမှုထမ်းများကမူ နယ်ဌာနခွဲများတွင် ရှိနေကြသည်။ ထိုကျွန်ုပ်နှင့်အတူရှိနေသော ဝန်ထမ်းများတွင် 'ဂျော်ခေါင်'ခေါ်သော ကိုန်းဖောကချင်အမျိုးသားတစ်ဦးလည်း ပါသေးသည်။ သူကား သေနတ်မျိုးစုံလည်းကျွမ်းကျွမ်းကျင်ကျင်ပစ်ခတ်တတ်သည်။ တောလည်း ကျွမ်းသည်။ မုဆိုးသားလိုက်အတတ်လည်းတတ်သည်။ မကြာမကြာလည်း တောပစ်ထွက်တတ်သည်။ မကြာမကြာတောပစ် ထွက်တတ်တာကြောင့် သူ့အား ဂျော်ခေါင်ဟု ခေါ်ကြသည်။ အဓိပ္ပာယ်မှာ မုဆိုးဟု ကိုန်းဖောဘာသာစကားဖြင့် ခေါ်ခြင်းဖြစ်ကြောင်း နောင်တော့သိရပါ၏။

"ဂျော်ခေါင် ... မင်းက မုဆိုးကျော်ဆို ..."

ကျွန်ုပ်က သွေးတိုးစမ်းသည့်အနေနှင့် သူ့ကို တီးခေါက်ကြည့်မိသည်။ သူက ပြုံးဖြီးဖြီးလုပ်ရင်း ပြန်ဖြေလိုက်သည်။ သူ့အဖြေတွင် ကျွန်ုပ်၏ အမေးကိုအလေးမထားကြောင်းပါနေပါ၏။



"ဒီလိုပဲ ... ပြောကြတာပဲ ... ဆရာရယ် ..."

"မင်းအဖြေက ဟုတ်လျှင်လည်း ဟုတ်တယ်ပေါ့၊ မဟုတ်လျှင်လည်း မဟုတ်ဘူးပေါ့၊ ခုတော့ .. မင်းနှယ်ကွာ ..."

"ဩော် ... ဒီလိုဖြစ်နေတာလား၊ ခွင့်လွှတ်ပါ ဆရာ၊ ခုတလော ကျွန်တော့်အဖေ ထိပ်ကပ်နာကြောင့် လူနဲ့စိတ်မကပ်ဖြစ်နေတာပါ ဆရာ"

ကျွန်ုပ်သည် သူ့အဖေ ခံစားနေရ

**ခြေရာကိုကြည့်ပါလား၊**
**တခြားသတ္တဝါတွေနဲ့**
**ဆန့်ကျင်ဘက်ဖြစ်နေတယ်၊**
**ဒီခြေဖဝါးဟာ**
**နောက်ပြန်သွားနေတာ**
**မဟုတ်ဘူး၊**
**ရှေ့ကိုသွားနေတာ၊**
**ဘာလို့လဲဆိုတော့**
**ခြေဖဝါးဟာ**
**နောက်ကိုလှည့်ပြီး**
**ခြေဖနောင့်ဟာ**
**ရှေ့ကိုလှည့်နေလို့ပဲပေါ့။**
**ဒါကြောင့်လည်း လူတွေက**
**နာနာဘာဝကောင်၊**
**ကျွတ်ကောင်လို့**
...

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သော ဝေဒနာကို ကိုယ်ချင်းစာမိပါသည်။ ဝေဒနာကို ခံစားဖူးသူမှသာ သိရမည်ဖြစ်၏။ ညဘက် ပက်လက်လှန်အိပ်စက်သည့်အခါမှ ပိုသိရပါသည်။ ပက်လက်လှန် အိပ်စက်သောအခါ အသက်ရှူရတာ အကျပ်ဆုံး ဖြစ်သည်။ နှာခေါင်းထဲတွင် တစ်စုံတစ်ခု ပိတ်ဆို့ထားသလို ကျပ်နေပါ၏။ ကိုတိုး နှာဆေးရှူလို့လည်းမရ၊ ဘေးတစောင်း အိပ်၍လည်း မရ၊ ငုတ်တုတ်ထိုင်နေမှ နေသာသလိုရှိ၏။ သည်လို တစ်ညလုံး ငုတ်တုတ်ထိုင်နေရန်လည်း တာရှည် မလွယ်ပါ။

"တတ်ကျွမ်းနားလည်တဲ့သူရော မရှိကြဘူးလား"

"နားလည်တဲ့သူက ပြောတော့ ငေါင်းရိုးရှာခဲ့ပါတဲ့"

"ငေါင်းရိုး ဟုတ်လား၊ ဘယ်လို ငေါင်းရိုးလဲ ..."

အမှန်အတိုင်းဆိုရလျှင် ငေါင်းရိုးဆိုတာ ကျွန်ုပ် တစ်ခါဖူးမျှ မကြားဖူးပါ။ အသစ်အဆန်းဖြစ်နေပါ၏။ ငေါင်းရိုးဆိုတာ သစ်ဥသစ်မြစ်လား။ သတ္တဝါတွေ၏ကြွင်းကျန်သော အရိုးစုလား ..၊ ဘာမျှမသိပါ။ ထို့ကြောင့် အံ့အားသင့်ကာ ပြန်မေးလိုက်ခြင်းဖြစ်သည်။

"ငေါင်းဆိုတာ ... သတ္တဝါပါ ဆရာ၊ တောထဲမှာနေတယ် ..."

"ဘယ်လိုပုံသဏ္ဍာန်လဲကွ .."

"ဆရာ့အမေးကို ဖြေရမှာ ခက်ပါတယ်ဆရာ ..၊ ဥပမာ နဂါးကြီးတို့ ရေသူမတို့ ရေဆင်တို့ကို ဆရာ ကြားဖူးမှာပါ၊ ဒါပေမဲ့ ...သူတို့ကို ဆရာ တစ်ခါဖူးမှ မမြင်ဖူးဘူးမဟုတ်လား၊ အဲသလိုပေါ့ ... ဆရာရယ်"

ဤသို့ဆိုလျှင် ငေါင်းဆိုသော သတ္တဝါသည် တောထဲမှနေသည်။ ယနေ့ကာလမှာတော့ တွေ့ဖူး မြင်ဖူး ကြသူ မရှိတော့ဟု ဆိုကြ၏။ ယခင်ကာလတုန်းကတော့ တွေ့ဖူးမြင်ဖူးသူရှိခဲ့၏။ သူတို့က တစ်ဆင့်ပြောကြားတာကိုသာ ကြားဖူးသည်။ ကြားဖူးတာကို စိတ်ကူးနှင့်ပုံဖော်တာပဲရှိသည်။ နဂါးကြီးတို့ ရေသူမတို့ ရေဆင်တို့ကို ပုံဖော်သလိုရှိမည်ဟု ကျွန်ုပ်ယူဆပါသည်။

"တောထဲမှာ ...နေတယ်ဆိုတော့ မင်းလည်း မုဆိုးပဲ၊ လိုက်ရှာပါလား ..."

"ဟုတ်ပေသားပဲ"

သူ့အား အကြံပေးလိုက်သည်။ သူကလည်း လက်ခံသည်။ သူ လက်ခံခြင်းကြောင့် ကျွန်ုပ် ဝမ်းသာသွားမိပါသည်။ သူ့တောပစ်ထွက်ရာတွင် ကျွန်ုပ်လည်း ပါချင်၍ဖြစ်သည်။ သူ့ကဲ့သို့သော တောကျွမ်းသူ၊ သေနတ်ပစ်ကျွမ်းကျင်သူ မုဆိုးကျော်နှင့် အမဲလိုက်ရ၍ ကျွန်ုပ်အဖို့ အဖိုးတန်သော အတွေ့အကြုံများနှင့်တကွ မတွေ့မမြင်သေးသော ငေါင်းသတ္တဝါကို တွေ့ရမည်ဖြစ်သည်။ ကိုယ်တိုင်လည်း ဖမ်းယူချင်ပါသည်။

+++

သို့နှင့် ကျွန်ုပ်တို့သည် ငေါင်းသတ္တဝါတို့၏ ရုပ်ကြွင်းဖြစ်သော အရိုးစုများကို တွေ့ရှိရသည်ဆိုသော ဒိန်ဂါယန်ရွာကလေးဆီသို့ ခရီးထွက်လာကြသည်။ ထိုဒိန်ဂါယန်ရွာကလေးသည် မြစ်ကြီးနား–ဗန်းမော်သွား လမ်းမပေါ်တွင် ရှိပါသည်။ ထိုကားလမ်းမကြီး၏ အတွင်းဘက် ရှစ်မိုင်လောက်တွင် ရှိသော ရွာကလေး ဖြစ်သည်။ အိမ်ခြေစုအားဖြင့် (၁၀)အိမ်လောက်သာ ရှိသည်။

ထိုရွာကလေးတွင် 'ဝဂျစ်ခန်'ဆိုသော မုဆိုးရှိသည်။ သူသည် ဂျော်ခေါင်၏ သူငယ်ချင်းဖြစ်သည်။ သူ့လည်း ထို ငေါင်းသတ္တဝါကို ရှာဖွေနေသည်မှာ ကြာပြီဖြစ်သည်။ ကိုယ်တိုင်တော့ မမြင်ဖူးသေးပါ။ သို့သော် ငေါင်းသတ္တဝါ၏ သဲလွန်စကိုတော့ တွေ့ဖူးသည်ဟု ဆိုထား၏။ ထို့ကြောင့် ဝဂျစ်ခန်နှင့်တွေ့မှ အသေအချာသိရမည် ဖြစ်သည်။

ကျွန်ုပ်တို့သည် ခြေလျင်ခရီးဖြင့် ခပ်ပြင်းပြင်းလာလိုက်ရာ ညနေစောင်းတော့ ထိုရွာသို့ရောက်သည်။ သို့သော် ဝဂျစ်ခန်ကိုမူ မတွေ့ရပါ။ သူ့မိန်းမကို မေးကြည့်တော့ မိုးချုပ်မှ ပြန်လာမည်။ တောလိုက်သွားသည်ဟု ဖြေပါသည်။ သူ့မိန်းမပြောသည့်အတိုင်းပင် မီးခွက်မထွန်းမီ ပြန်ရောက်လာသည်။ တောဝက်တစ်ကောင်ကို ခြေလက်ကြိုးတုပ်ပြီး အဖော်နှင့်အတူ ထမ်းလာကြသည်။

သူတို့ သူငယ်ချင်းနှစ်ဦးတွေ့ဆုံသည်တွင် ဝမ်းသာအားရနှုတ်ဆက်ကြသည်။ ဝက်ကိုလည်း ဖျက်ကြသည်။ မနက်ဖြန် ဒေါဖုန်ယန်ဈေးနေ့တွင် သွားရောင်းကြမည်ဖြစ်၏။ ထို့ကြောင့် ရောင်းချရန် ဖယ်တန်ဖယ်ပြီး ကျန်တာကိုချက်ပြုတ်ရာ ကျွန်ုပ်တို့လည်း မြိန်မြိန်ယှက်ယှက် စားသောက်ကြလေတော့သည်။ စားသောက်ပြီးကာမှ အိမ်ရှေ့လသာသာအောက်တွင် ကျွန်ုပ်တို့လာရခြင်းအကြောင်းကို ပြောရပါတော့၏။

"အင်း ...ဒေါင်းရိုး၊ ငေါင်းရိုးကတော့ ထိပ်ကပ်နာတို့၊ တိမ်သလ္လာတို့အတွက် ဆေးဖော်ရာမှာ သိပ်အသုံးဝင်တာပေါ့ကွာ၊ ငါ့ကိုလည်း ...ဗိန္ဒောဆရာတစ်ယောက်က မှာထားတာမို့ လိုက်ရှာနေတာ ကြာပါပကော၊ ဒေါင်းရိုးကိုတော့ရပြီးပြီ။ ငေါင်းရိုးပဲ ကျန်တော့တယ်"

ဝဂျစ်ခန်က သူ၏ဆေးတံကို တစ်ဖွာနှစ်ဖွာ ရှိုက်ရှူရင်း ပြောလိုက်သည်။ ခုမှ ကျွန်ုပ်သိရသည်မှာ ငေါင်းရိုးသည် ထိပ်ကပ်နာဆေးဖော်ရုံတင်မက တိမ်သလ္လာဆေးဖော်စပ်ရာတွင်လည်း အသုံးဝင်နေခြင်းပင် ဖြစ်သည်။ ထို့ပြင် ငေါင်းရိုးသာမက ဒေါင်းရိုးပါ ပါသေးကြောင်း သိရသည်။ ထိုညက ခရီးပန်း

www.burmeseclassic.com

www.burmeseclassic.com



လာမှုကြောင့် ခပ်စောစောအိပ်လိုက်ကြသည်။

+++

နံနက် အရုဏ်တက်ချိန်မှာတော့ ကျွန်ုပ်တို့သုံးဦးသား တောကောင်အကြောင်း၊ သားကောင်အကြောင်း ပြောကြရင်း နေပူဆာလှုံနေကြသည်။ ထိုစဉ်မှာပင် မိန်းမကြီးတစ်ယောက်သည် ကျွန်ုပ်တို့ရှိရာသို့ သုတ်ပျာသုတ်ပျာနှင့် ဝင်ရောက်လာပါတော့သည်။ သူ့ကိုကြည့်ရသည်မှာ အရေးတကြီးနိုင်လှသည်ဟု မြင်မိပါသည်။ ဒါကို မြင်သိသော ဝဂျစ်ခန်က–

"ဘာဖြစ်တာလဲ ‥ ဒေါ်လုပေါင်ရယ် …"

ဒေါ်လုပေါင်က ဝဂျစ်ခန်အမေးကို ချက်ခင်းမဖြေအားသေးဘဲ ခေတ္တမျှအမောဖြေနေပါ၏။ ဝဂျစ်ခန်၏ပြောကားအရ နာချယ်ယန်ရွာမှ တောင်သူတစ်ဦးဖြစ်ကြောင်း သိရ၏။ ထိုနာချယ်ယန်ကလည်း ဝဂျစ်ခန်တို့နေထိုင်ရာ ရွာနှင့် နှစ်မိုင်လောက် ဝေးပါသည်။ ကြည့်ရသည်မှာ ဒေါ်လုပေါင်သည် ထိုခရီးကို မနားတမ်းခရီးနှင်လာပုံရသည်။

"ငါ့စိုက်ခင်းတွေ ပျက်စီးကုန်ပြီ၊ အဲဒါ …ဒီကောင်တွေကို နင်လာသတ်စမ်းပါ၊ သတ်ကို သတ်စမ်းပါ"

မောပန်းလာသည့်ကြားမှ ဒေါ်နှင့်မောနှင့် ပြောလာသည့်အတွက် စကားလုံးတွေက ရောထွေးနေတော့သည်။ သို့သော် သူ့မျက်နှာထား၊ စကားအသွားအလာကို ကြည့်ခြင်းအားဖြင့် သူ ဘာကိုဆိုလိုနေသည်ကို သိနိုင်ပါသည်။ ဝဂျစ်ခန်က အေးဆေးတည်ငြိမ်စွာဖြင့်–

"သတ်တာတော့ ဟုတ်ပါပြီ၊ ဘာကို သတ်ရမှာလဲ …"

"အခင်းဖျက်တဲ့ အကောင်တွေပေါ့ …"

"အေးလေ ‥ အဲဒီအကောင်က ဘာကောင်လဲ၊ ဝက်ဝံလား၊ တောဝက်လား၊ ပြောင်တွေလား၊ ဘာတွေလဲ၊ ဘယ်အချိန် လာဖျက်တာလဲ"

"ဟာ …ဒါတွေကို ငါမသိဘူး၊ လိုက်ကြည့်မှ သိလိမ့်မယ်"

ဒေါ်လုပေါင်က သူ့စကားကို လိပ်ပတ်လည်အောင် မဖြေရှင်းနိုင်သည့်အဆုံး၊ လိုက်ကြည့်ရန် ဂျော်ခေါင်က ကျွန်ုပ်ကို ကြည့်လိုက်သည်။ သူ့အကြည့်ကို ကျွန်ုပ်ကလည်း နားလည်သဘောပေါက်သည်။ သို့သော် အဓိကဖိတ်ခေါ်ခံရသူမှာ ဝဂျစ်ခန်ဖြစ်နေခြင်းကြောင့် သူ့ဆီက ထွက်ပေါ်လာမည့်စကားကို စောင့်ဆိုင်းနေမိပါသည်။ ခဏကြာတော့ ဝဂျစ်ခန်ထံမှ တုံ့ပြန်စကားသံကို ကြားလိုက်ရပါတော့သည်။ ကျွန်ုပ်တို့လည်း ဝမ်းသာသွားပါတော့သည်။

"လိုက်ကြည့်သပဆိုလည်း လိုက်တာပေါ့လေ …"

သို့နှင့် ကျွန်ုပ်တို့သည် နှစ်မိုင်ရှည်သောခရီးကို လျှောက်ရပြန်တော့သည်။ ရာသီဥတုက အေးမြမြရှိနေတာက တစ်ကြောင်း၊ လေးယောက်သားစကားတွေ လှိုင်ခဲ့တာက တစ်ကြောင်းကြောင့် မမောမပန်းရပါဘဲ ဒေါ်လုပေါင်တို့ရွာသို့ ရောက်ခဲ့ပါတော့သည်။ ရောက်သည်ဆိုလျှင်ပဲ ဒေါ်လုပေါင်သည် သူ့စိုက်ခင်းဆီသို့ ကျွန်ုပ်တို့အား ဦးဆောင်ကာ ခေါ်သွားပါတော့သည်။

ဒေါ်လုပေါင်၏ စိုက်ခင်းအကျယ်ကား (၅)ကေလောက် ရှိမည်။ ဖရုံနှင့် ပြောင်းဖူးတို့ကို စိုက်ထားသည်။ အသီးအနှံတွေလည်း အောင်မြင်နေကြသည်။ အသီးအနှံများကို ဆွတ်ခူး ရိတ်သိမ်းချိန် ကျရောက်နေပါပြီ။ ထိုအခါကျမှ အသီးအနှံများဖျက်ဆီးခြင်းခံနေရသည်။ နှမြောတော့ နှမြောစရာပင် ဖြစ်သည်။

"ဝဂျစ်ခန် ဖျက်သွားတဲ့ အခင်းတွေကို မြင်တယ်မဟုတ်လား"

ဝဂျစ်ခန်သည် မြေစာကျင်းအဖြစ်သို့ ရောက်နေပြီဖြစ်သော ဖရဲခင်းများ၊ ထောင်းထောင်းကြေ ကျိုးပျက်နေသော ပြောင်းခင်းများ၊ မွစာထနေသော မြေနေရာများ၊ ထိုမြေပေါ်တွင် ကျန်နေရစ်သောခြေရာများကို တွေ့ရသည်။ ခြေရာများကို အသေအချာကြည့်ပြီး အံ့အားသင့်စွာဖြင့် ဝဂျစ်ခန်ရေရွတ်လိုက်သည်။

"ဟာ …ဧကန္တ ‥ ဒါ ‥ ငေါင်းသတ္တဝါပဲ ဖြစ်လိမ့်မယ်"

ကျွန်ုပ်သည် ဝဂျစ်ခန်စကားကြောင့် အံ့အားသင့်သွားရသလို ဝမ်းသာခြင်းလည်း ဖြစ်မိပါသည်။ အံ့အားသင့်သွားရတာကတော့ ခက်ခက်ခဲခဲနှင့် တွေ့ရမည်ဟု မျှော်လင့်ထားသော သတ္တဝါကို အခက်အခဲမရှိတွေ့ရမည် ဖြစ်သောကြောင့် ဖြစ်သည်။ ဝမ်းသာသွားရတာကတော့ ကျွန်ုပ်တို့အတောင့်တဆုံး၊ အမြင်ချင်ဆုံး သတ္တဝါကို မျက်ဝါးထင်ထင်တွေ့မြင်ရတော့မည်ဟူသောကြောင့် ဖြစ်သည်။ သို့နှင့် ကျွန်ုပ်လည်း ခြေရာတွေကို ကြည့်လိုက်တော့ အံ့အားသင့်သွားပါတော့၏။

"ဟင် …ခြေရာတွေက တစ်မျိုးပါလား"

ကျွန်ုပ် ဝေခွဲခြင်းငှာ မစွမ်းနိုင်သောခြေရာများ ဖြစ်နေခြင်းကြောင့် ဝဂျစ်ခန်အား မှတ်ချက်တစ်ခုခုပေးရန် စကားဟလိုက်ပါတော့သည်။ ဝဂျစ်ခန်ကလည်း ခြေရာများကို စူးစူးစိုက်စိုက်ကြည့်ရင်း …

"ကျွန်တော် ကြားဖူး၊ သိထားဖူးသော စကားအတိုင်းဆိုလျှင်တော့ ငေါင်းသတ္တဝါဆိုတာ သေချာတယ်၊ ခြေရာကိုကြည့်ပါလား၊ တခြားသတ္တဝါတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်၊ ဒီခြေဖဝါးဟာ နောက်ပြန်သွားနေတာ မဟုတ်ဘူး၊ ရှေ့ကိုသွားနေတာ၊ ဘာလို့လဲဆို

www.burmeseclassic.com

www.burmeseclassic.com





တော့ ခြေဖဝါးဟာ နောက်ကို လှည့်ပြီး ခြေဖနောင့်ဟာ ရှေ့ကို လှည့်နေလို့ပါပဲ။ ဒါကြောင့်လည်း လူတွေက နာနာဘာဝ ကောင်၊ ကျတ်ကောင်လို့ ထင်နေရတာပဲ''

ဗဟုသုတအသစ်တွေ ကျွန်ုပ်ရလိုက်ပါတော့သည်။ ထူးဆန်းစွာ တည်ဆောက်ထားသော သူတို့ခန္ဓာကိုယ်သည် လူခန္ဓာကိုယ်နှင့် ဆန့်ကျင်စွာရှိနေပါတော့သည်။ ထူးခြားတာက သူတို့၏ခါးရိုးသည် တစ်ဖြောင့်တည်းရှိ၏။ ခါးဆစ်နှင့် ကျောရိုးဟူ၍ မရှိ။ ထို့ပြင် ပေါင်တံရိုးသည်လည်း ခြေကျင်း (ခြေမျက်စိ)ထိ တစ်ဖြောင့်တည်းရှိ၏။ ဒူးဆစ်ဟူ၍ မရှိပါ။ ပိုပြီး အံ့သြထူးဆန်းတာက ခြေတစ်ချောင်းသာရှိသော သတ္တဝါဖြစ်သည်။

ခြေတစ်ချောင်းသာရှိသော်လည်း သွားလာလှုပ်ရှားမှုမှာ လျင်မြန်လွန်းလှသည်။ လှစ်ခနဲ လှစ်ခနဲ ပျောက်ကွယ်သွားလေ့ရှိသည်။ ထို့ကြောင့် မြင်ဖူး၊ တွေ့ဖူးကြသူများက နာနာဘာဝလား၊ ကျတ်ကောင်လေလားဟု ထင်ကြသည်။ ဂဒူးဂနန်းလူမျိုးများကမူ သူတို့ကို 'ဗောက်ကွန်း–ခြေတစ်ချောင်းကောင်' ဟု ခေါ်ကြသည်။

သူတို့သည် သစ်ပင်တစ်ပင်၊ သစ်ကိုင်းတစ်ကိုင်းကို မှီလွဲပြီး သွားလေ့ရှိသည်။ သူတို့တွင် အတောင်မဟုတ်သော လက်နှစ်ဖက်ပါရှိသည်။ ညဘက်တွင် အိပ်လေ့ရှိသည်ဟု ဆိုကြ၏။ အိပ်လျှင်လည်း မတ်တတ်ကြီးရပ်လျက် သစ်ပင်ကိုမှီပြီး အိပ်တတ်သည်။ သူတို့သည် သစ်သီးသစ်ဖုတွေကိုသာ စားသုံးသည်။ သားစားသတ္တဝါတော့ မဟုတ်ပါ။

ဟိုးယခင်ကတော့ မြစ်ကြီးနားခရိုင်၊ ကောက်ကွေ့ချောင်းဖျားများသို့ရောက်သွားသော ဆင်ခေါင်း ဦးချင်းရစ်ဆင်ဆိုသူသည် ထိုငေါင်းသတ္တဝါကို ကိုယ်တိုင်တွေ့ဖူးသည်ဟု ဆိုပါသည်။ ထိုငေါင်းသတ္တဝါသည် နောက်စေ့တွင် အချွန်အတက်များ ပါရှိသည်။ အောက်ချင်းနှုတ်သီးကဲ့သို့ အမာကြီးဖြစ်နေသည်။ ထိုအချွန်အတက်ကြီးများဖြင့် လူတစ်ရပ်ခန့်မြင့်သော ကသစ်ပင်၊ အိုင်ပင်များကို ပေါက်ချိတ်ကာ အကြာကြီးရပ်နေလေ့ရှိသည်။ ထိုသို့ ခြေတစ်ချောင်းဖြင့် ပြေးလွှားနေသော ငေါင်းတစ်ကောင်ကို မြင်ဖူးသည်ဟု ဆို၏။

ဟုမ္မလင်းနယ်စပ်ဖြစ်သော နန့်တောရွာ၊ ဆင်လမောင်းရွာ၊ ကိုးထောင်ရွာအနီး တောကြီးအတွင်းမှာ ငေါင်းခြေရာတွေတွေ့၍ မုဆိုးများ ရှာဖူးကြသည်။ ဗန်းမောက်နယ် တောင်ချပ်ကြားတွင် ငေါင်းသေအရိုးများကိုလည်း တွေ့ဖူးသေးသည်။ အရိုးမှာ အလျားလိုက် (၁၀)တောင်ခန့်ရှိကြောင်း သိရ၏။ မျက်နှာမှာမူ ခပ်ကောက်ကောက်ဖြစ်ပြီး မိန်းမမျက်နှာနှင့် တူပါသည်။ ဆံပင်နှင့် အသံပြုလျှင် ငှက်သံပေါက်နေသည်။ ဤကား ဝဂျစ်ခန် ကြားသိထားသမျှ ငေါင်းသတ္တဝါ၏အကြောင်းခြင်းရာများပင် ဖြစ်၏။

''ကဲ ...ဂျော်ခေါင်ရေ ကနေ့ပဲ ငါတို့ ဖမ်းရအောင်၊ ကြိုးစားကြပါစို့''

မုဆိုးကြီး ဝဂျစ်ခန်က ဂျော်ခေါင်ကို တပ်လှန့်သည့်အနေနှင့် ပြောလိုက်သည်။ ဤစကားကို ကြားတော့ ဒေါ်လုပေါင်၏မျက်နှာသည် ဝင်းကြည်သွားပါတော့သည်။ သူ့ကို ဒုက္ခပေးသည့် သတ္တဝါ ဒုက္ခတောတိုးရတော့မည်ဟု တွေးထင်လိုက်၏။ ကျွန်ုပ်သည်လည်း သွေးကြွကာ နှစ်လုံးပြူးသေနတ်အား ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။

''ဆရာက ...သေနတ်နဲ့ ပစ်မှာပေါ့ ဟုတ်လား၊ ဖမ်းသွားမှာပေါ့

www.burmeseclassic.com

www.burmeseclassic.com



ဆရာရယ် ...၊ ဒီသတ္တဝါက ရှားပါး သတ္တဝါမို့ မပစ်ပါနဲ့ ..."

မုဆိုးကြီးဝဂျစ်ခန်သည် သေနတ်အားကိုးနှင့် ဖြောက်ကြွဖြောက်ကြွဖြစ်နေသော ကျွန်ုပ်အား တားမြစ်လိုက်သည်။ သူပြောတာ မှန်နေတာမို့ ကျွန်ုပ် အနည်းငယ်ရှက်မိပါသည်။ ထို့ကြောင့်သည်း ရှက်ကိုးရှက်ကန်းနှင့် ဆင်ခြေပေးမိတော့သည်။

"သေနတ်ကလွဲပြီး ...ဖမ်းစရာ ကိရိယာမှမပါတာဘဲ"

"ဆရာကလည်း ...ငေါင်း သတ္တဝါကို ဖမ်းတာ ထောင်ချောက်ဆင်တာတို့၊ ပိုက်ကွန်တို့၊ ကျင်းကတုတ်တို့ ဆိုတာမှမဟုတ်ဘဲ၊ ကျွန်တော် ဖမ်းနည်းကို ပြမယ်၊ ဒီမှာကြည့်"

ဝဂျစ်ခန်သည် စိုက်ခင်းဆီသို့ ငေါင်းသတ္တဝါဝင်နိုင်မည့် လမ်းဟူသမျှတွင် ငှက်ပျောရွက်တွေ ဖြန့်ခင်းထားလိုက်သည်။ အနီးအနားတွင် ငှက်ပျောတောများရှိနေခြင်းကြောင့် အဆင်ပြေသွားပါတော့သည်။ ခင်းထားသော ငှက်ပျောဖက်ပေါ်သို့ ငေါင်းသတ္တဝါ တက်နင်းမိလျှင် ခြေချော်၍ လဲကျသွားနိုင်သည်။ ငေါင်းသတ္တဝါ၏လဲအကျကို မုဆိုးတွေက ဖမ်းရန်အဆင်သင့်အနေအထားနှင့်ရှိနေရမည် ဖြစ်သည်။

ဝဂျစ်ခန်က ငှက်ပျောဖက်ကို ခင်းသည့်ခင်း၊ လုပ်နည်းကိုင်နည်းကိုလည်း လက်တွေ့သရုပ်ပြနေပါတော့သည်၊ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို သားကောင်အမျိုးအစားအလိုက် မုဆိုးများ နည်းအမျိုးမျိုးနှင့်ဖမ်းနေကြ၏။ နေရာတကာမှာ လက်နက်ချည်းအားမကိုးကြဘဲ ဉာဏ်ရှိသလို ဖမ်းနေကြ၏။ ထိုသို့ တွေးတောနေစဉ် အရှေ့ဘက်တောတန်းဆီမှ တောကြက်တစ်အုပ် ကြောက်လန့်သံနှင့် အော်ဟစ်ကာ ပျံတက်သွားသည်။ ကြောက်အားချက်နှင့်အတူ နားရွက်ထောင် အမြီးကလေးထောင်ပြီး ချုံအတွင်းမှ ယုန်ငယ်လေးလည်း ပြေးထွက်လာသည်။ မျောက်လေပွေသားအမိကလည်း ထင်းရှူးပင်ထိပ်ဖျားဆီသို့ ပြေးတက်သွားသည်။ တောခြေတစ်လျှောက်သည် လေပြင်းတိုက်ခတ်သွားသလို လှုပ်ခါသွားတော့၏။ ထိုအဖြစ်အပျက်များကို မျက်ဝါးထင်ထင် တွေ့ရပါသော်လည်း ဘာကြောင့် ဖြစ်ရသည်ကိုတော့ မသိရပါ။ ထို့ကြောင့် ကျွန်ုပ်က "တောခြောက်တာများလား"ဟု ရေရွတ်လိုက်မိသည်။

သည်လိုပါပဲ။ အကြောင်းအရာတစ်ခုခုကို ရေရေရာရာမသိခင်မှာတော့ ထိုသို့ မှတ်ချက်ချမိသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ဝဂျစ်ခန်က တစ်စုံတစ်ရာသော အကြောင်းရှိရမည်ဟုဆိုကာ ထိုတောတန်းဆီသို့ သွားကြည့်ပါတော့၏။ ရောက်တော့ လတ်လတ်ဆတ်ဆတ်ဖြစ်နေသေးသောခြေရာကို တွေ့ရသည်။ ခြေရာကိုကြည့်ပြီး မျက်စိလည်သွားနိုင်ပါ၏။ အရှေ့သို့ ပြေးသွားသည့်ခြေရာများ ဖြစ်နေပေမဲ့ အနောက်ဘက်သို့ မျက်နှာမူနေကြောင်း တွေ့ရသည်။ အဘယ့်ကြောင့်ဆိုသော် သတ္တဝါ၏ခြေဖဝါးသည် ရှေ့နောက်ပြောင်းပြန်ဖြစ်နေသောကြောင့် ဖြစ်သည်။

"ဒေါ်လုပေါင် ...စိုက်ခင်းထဲလာတဲ့အကောင်က ငေါင်းဖြစ်မှာပါပဲ၊ ကျွန်တော်တို့ကို တွေ့ပြီး လန့်ပြေးတာဖြစ်မှာပါ"

သို့နှင့် ကျွန်ုပ်တို့သည် ဒေါ်လုပေါင်စိုက်ခင်းထဲမှာပင် ထိုငေါင်းသတ္တဝါကို စောင့်ဖမ်းနေကြသည်။ ကျွန်ုပ်ကလည်း ငေါင်းသတ္တဝါနှင့် သိုးကာသီကာလေး လွဲသွားရ၍ ရင်ထဲ တနုံ့နုံ့ဖြစ်နေပါတော့၏။ အကယ်၍ တပ်အပ်သေချာစွာ တွေ့မြင်ရခြင်း၊ လက်ပူးလက်ကြပ်ဖမ်းမိခြင်းရှိခဲ့ပါမူ ငေါင်းဆိုသည့်သတ္တဝါသည် ရှားပါးသောတိရစ္ဆာန်တစ်ကောင်သာဖြစ်ပြီး တောနေ နာနာဘာဝ ကျတ်ကောင်မဟုတ်ကြောင်း သက်သေပြနိုင်မည်ဖြစ်၏။ ထိုသို့စောင့်ဖမ်းလိုသော်လည်း ငေါင်းသတ္တဝါသည် အကြောက်လွန်သွား၍လား၊ ဤဒေသသည် သူ့အတွက်ဘေးအန္တရာယ်များသည်ဟု ယူဆထား၍လားမသိ

**ဝဂျစ်ခန်တူးဖော်နေသည့် မြေပုံသည် တဖြည်းဖြည်းနက်လာပြီ ဖြစ်သည်။ တစ်ခါတစ်ခါ ပုပ်အဲ့အဲ့အနံ့တွေကိုပင် ရှူရှိုက်မိသည်။ ဤအခါ သူ ဝမ်းသာမိပါတော့သည်။ ငေါင်းသတ္တဝါထံမှရရှိသော အနံ့ပင်ဖြစ်၏။ ထို့ကြောင့် အားအင်ပြည့်ဝလာပြီး ...**

www.burmeseclassic.com

www.burmeseclassic.com



တောပြောင်းသွားပါတော့ ၏။

ကျွန်ုပ်တို့သည် ဒေါ်လုပေါင်စိုက်ခင်းတွင်း ရက်သတ္တပတ်တစ်ပတ်မျှ စောင့်နေပါသော်လည်း ပေါ်မလာသည့်အဆုံး ဗန်းမော်သို့ ပြန်လာခဲ့သည်။ ကနေ့ထက်တိုင် ထိုနေရာ၊ ထိုဒေသသို့ မရောက်ဖြစ်တော့ပါ။ အကြောင်းမှာ ကျွန်ုပ်တို့ပြန်ရောက်လာပြီး သုံးလလောက်ကြာတော့ မုဆိုးကြီးဝဂျစ်ခန်၏ အကြောင်းကို စိတ်မကောင်းစရာအဖြစ် ကြားလိုက်ရသည်။

မုဆိုးကြီးဝဂျစ်ခန်၏အကြောင်းကို ကြားလိုက်ရပြီး စိတ်ဓာတ်ကျကာ ဤမှတ်တမ်းကို ဆက်ပြီးမရေးတော့ရန် စိတ်ကူးပေါက်ခဲ့ပေမဲ့ ကျွန်ုပ် မောင်ကြည်သန့်၏ သမီးမှမွေးသော မြေးကလေးမောင်မောင်ကြီးကို အမှတ်ရလာ၍ ဆက်ရေးမိပါသည်။ သို့မှလည်း ငါတို့အဘိုးဟာ ထူးဆန်းရှားပါးသည့် သတ္တဝါကိုမတွေ့မမြင်လိုက်ရပေမဲ့ ငါတို့ကတော့ အဘိုးထက်သာအောင် တွေ့အောင်ရှာပြမည်ဟူသော စိတ်ထားမွေးမြူရန်ဖြစ်သည်။ ဝဂျစ်ခန်၏အကြောင်းမှာ ဤသို့ဖြစ်၏။

+ + +

ကဝါးပွန်ရွာတွင် ငေါင်းသတ္တဝါတစ်ကောင် ဖမ်းဆီးထားသည့်သတင်းကို ဝဂျစ်ခန် ကြားသိရသည်။ ထိုရွာသည် ဗိုင်းမော်မြို့နှင့် (၁၃)မိုင်ဝေးသည်။ ထိုနေရာမှ (၃)မိုင်ခန့် ကွာဝေးသောတောထဲမှ ဖမ်းမိခြင်းဖြစ်သည်။ မာခမ်းဆိုသောသူသည် အိမ်ဆောက်ရန် သစ်ရှာဖို့အတွက် ထိုတောထဲသို့ ရောက်ရှိခဲ့သည်။ သစ်ပင်ကို သပ်ရိုက်ပြီး အိမ်ပြန်လာခဲ့သည်။

နောက်တစ်နေ့ ထိုတောထဲသို့ ပြန်သွားရာ သပ်ကို ဆွဲနုတ်ပြီး ထိုအက်ကြောင်းထဲတွင် လက်ညပ်နေသော ငေါင်းတစ်ကောင်ကို တွေ့ရသည်။ နုတ်ရှမရခြင်းကြောင့် အော်ဟစ်နေပါသည်။ ထို့ကြောင့် မာခမ်းသည် အဖော်နှစ်ယောက်ကိုပြန်ခေါ်ပြီး ကြိုးတုပ်ကာ ရွာသို့ ဖမ်းခေါ်လာသည့်သတင်းပင်ဖြစ်သည်။

ထို့ကြောင့် ဝဂျစ်ခန်သည် မာခမ်းနေထိုင်ရာ ကဝါးပွန်ရွာသို့ လိုက်လာခဲ့သည်။ ဝဂျစ်ခန်သည် အလာကောင်းပေမဲ့ အခါနှောင်းသွားပြီဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မာခမ်းတို့ ရွာသားများသည် မြစ်ကြီးနား သစ်တောရုံးသို့ပို့ရန် စီစဉ်ထားစဉ် နောက်တစ်နေ့တွင်ပင် ထိုငေါင်းသတ္တဝါ သေဆုံးသွားသည်။ ခုဆိုလျှင် တစ်လကျော်နှစ်လနီးပါးရှိပြီဖြစ်သည်။

သို့နှင့် ဝဂျစ်ခန်သည် စိတ်ထဲက ကသိကအောက်နှင့် တော့လွဲလွဲနေသည့် ငေါင်းသတ္တဝါအကြောင်း စဉ်းစားနေမိ၏။ သူ နောက်ဆုံးပိတ်အနေနှင့် ငေါင်းသတ္တဝါပုံစံလေးကို ကြည့်ဖြစ်အောင်ကြည့်မည်။ အကယ်၍ ထို ငေါင်းသတ္တဝါ ရုပ်ပျက်ဆင်းပျက်သည့်အနေအထားသို့ ရောက်နေသည့်တိုင် အရိုးကိုယူမည့် ဗိန္ဓောဆရာလည်း ရှိနေတာကိုး။

ဝဂျစ်ခန်သည် မာခမ်းပြောလာသည့် ငေါင်းသတ္တဝါမြှုပ်နှံထားသည့် ကျွဲတညင်းပင်အောက်သို့ ရောက်လာသည်။ ပါလာသည့်ပစ္စည်းများကိုတညင်းပင်အောက်မှာစုပုံထားပြီး ပေါက်တူး၊ ငန်းပြားတို့နှင့် ငေါင်းသတ္တဝါမြေပုံကို ဖော်နေတော့သည်။ လေကလည်း တသုန်သုန်တိုက်ခတ်နေသည်။ ဝန်းကျင်ကလည်း တိတ်ဆိတ်နေသည်။ တကယ်လည်း ချောက်ချားစဖွယ်ဖြစ်၏။

ဝဂျစ်ခန်၏ဦးခေါင်းသည် မတ်လိုက်၊ ခါးကုန်းလိုက်နှင့် မောရမှန်းမသိ။ ဝဂျစ်ခန်တူးဖော်နေသည့် မြေပုံသည် တဖြည်းဖြည်းနက်လာပြီ ဖြစ်သည်။ တစ်ခါတစ်ခါ ပုပ်အဲ့အဲ့အနံ့တွေကိုပင် ရှူရှိုက်မိသည်။ ဤအခါ သူ ဝမ်းသာမိပါတော့သည်။ ငေါင်းသတ္တဝါ ထံမှရရှိသော အနံ့ပင်ဖြစ်၏။ ထို့ကြောင့် အားအင်ပြည့်ဝလာပြီး ဆက်လက်တူးနေပါတော့သည်။

စောစောက လေပြည်ကလည်း တသုန်သုန်တိုက်နေရာမှ ခပ်ကြမ်းကြမ်းလေး တိုက်လာသည်။ ငေါင်းသတ္တဝါကောင်နှင့် နီးနေပြီဖြစ်သောကြောင့် ပုပ်အဲ့အဲ့အနံ့တွေ လှိုင်နေပါ၏။ သူ ဝမ်းသာစိတ်နှင့် ပေါက်တူးကိုအချ ခေါင်းကိုလည်း အညွှတ်မှာ 'ဒိုင်း'ဟူသော သေနတ်သံနှင့်အတူ သူလည်း ငေါင်းသတ္တဝါနှင့်အတူ မျက်နှာချင်းအပ်မှောက်ကျသွားပါတော့၏။

သူသည် စောစောတုန်းက ကျွဲတညင်းပင်အောက်တွင် ပစ္စည်းများ ပုံထား၏။ ထိုပစ္စည်းများထဲတွင် သူ့လက်ကိုင် ရိုက်ဖယ်သေနတ်လည်း ပါ၏။ ကျည်လည်း အသင့်ထိုးထား၏။ ထိုစဉ် လေသည် တသုန်သုန်မြူးနေရာမှ ခပ်ကြမ်းကြမ်းတိုက်လိုက်၏။ သူသည် ဦးခေါင်းကို ညွှတ်ပြီး ပေါက်တူးအချမှာ သေနတ်လည်း လဲကျသွားသည်။ ထို့ကြောင့် ကျည်ဆန်က ဒိုင်းခနဲအသံနှင့်အတူထွက်ပေါ်လာပြီး သူ့ဦးခေါင်းထဲသို့ ဝင်ရောက်သွားသည်။

တစ်ဖန် ပြန်၍ အပြစ်ရှာလိုက်တော့ သေနတ်ထဲတွင် ကျည်ဆန်ထည့်ထားပြီး အမှူမဲ့အမှတ်မဲ့နှင့် ထားသည်။ ပြီးတော့ မောင်းထိန်းခလုတ်မပိတ်ထားခြင်းကြောင့် ကျည်ထွက်သွား ခြင်းဖြစ်၏။ ဒါကိုပင် အယူသီးသူများက ငေါင်းသတ္တဝါသည် နာနာဘာ (သို့မဟုတ်)ကျတ်တဲ့။ ဒါကြောင့် တွေ့ မလွယ်ပါဟု ပြောဆိုကြသည်။

မှုံ-သူ

www.burmeseclassic.com

www.burmeseclassic.com





# နိုင်ငံတော်သမ္မတ၏

## ပ ညာ သ င် ဆု ရ ရှိ သော

# မိနိုငယ်

ရေကြည်ရာ မြက်နုရာဒေသသို့ ပြောင်းရွှေ့ခြင်းဖြင့် အလုပ်လုပ်ကိုင်ကြခြင်း၊ ပညာသင်ကြားကြခြင်း စသည်အားလျော်စွာ ရောက်ရှိရာအရပ်တွင် လူငယ်များ ကြိုးစားလုပ်ကိုင်နေကြသည်များကို တွေ့မြင်နိုင်မိသည်။

ယခင် ဘိုးဘွားဘီဘင်လက်ထက်ကမူ များသောအားဖြင့် မိသားစုအလိုက် ပြောင်းရွှေ့လုပ်ကိုင်ကြရင်း ရောက်သည့်နေရာတွင် အခြေချနေထိုင်သွားကြပါသည်။ ထိုအချိန်က လူငယ်များသည် မိဘေးဖဘေးဖြင့် တနယ်တကျေးတွင် ပညာသင်ကြားကြသည်မှလွဲ၍ အလုပ်လုပ်ကိုင်ကြသည့်လူငယ်များ အတော်နည်းပါးခဲ့ပါသည်။

ခေတ်ရေစီးကြောင်းပြောင်းလဲလာသည်နှင့်အမျှ ကျောင်းတက်ပညာရှာရင်း အလုပ်အကိုင်လုပ်၊ အချို့အလုပ်အကိုင်လုပ်ရင်း ကျောင်းပညာရှာကြသူများ ရှိလာကြပါသည်။ မိမိနေထိုင်သောမြို့ရွာကိုစွန့်ခွာသွားကြသည်မှာ ထိုအချိန်က အာဂသတ္တိခဲများပင်ဖြစ်ပါသည်။

ယခုအခါတွင် ထိုသို့မဟုတ်တော့ပါ။ ကျွန်ုပ်တို့ နိုင်ငံတစ်နိုင်ငံသည်ပင် လျှင် အင်တာနက်မှကြည့်လျှင် ရွာကြီးတစ်ရွာဖြစ်နေပြီး ထို့အတူ လူငယ်လူရွယ်များသည်လည်း မိမိတိုင်းပြည်မှာသာမက နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့

**“**

**အခုလို ဆုရရှိခဲ့တာ**
**မိဘဆရာ၊ ဆရာမတွေရဲ့**
**ကျေးဇူးကြောင့်ပါ။ မိဘနှစ်ပါးကို**
**အမြဲဦးထိပ်ထားပြီး**
**မိဘဆရာများရဲ့သွန်သင်ဆုံးမ**
**သင်ပြမှုတွေကို အမြဲလိုက်နာရင်း**
**တစ်နေ့မှာ**
**လိုချင်တဲ့နေရာကိုရမှာပါ**

**”**

ပင် ခြေဆန့်ခရီးနှင်ရင်း၊ ပညာရှာရင်း အလုပ်လုပ်၊ အလုပ်လုပ်ရင်း ပညာသင်နေကြပါသည်။

အချို့ကလည်း အလုပ်ခွင်မှနေ၍ နိုင်ငံရပ်ခြားသို့ ပညာသင်သွားကြရသည်။ ပညာသင်ကျောင်းများမှနေ၍ နိုင်ငံရပ်ခြားသို့ ပညာသင်စေလွှတ်ခြင်းခံရသကဲ့သို့ ပညာတော်ပြီး အလုပ်ခွင်သို့ ဝင်ရောက်လုပ်ကိုင်နေသူများအားလည်း ပညာဆက်လက်ဆည်းပူးလိုကဆည်းပူးနိုင်ရန် အခွင့်အလမ်းများ ရရှိလာပါသည်။

တင်ပြလိုသည်မှာ ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတော်သမ္မတပညာသင်ဆုကို ချီးမြှင့်ပေးရန်အတွက် ၂၀၁၄ ခု၊ ဇူလိုင်လ(၂၈)ရက်မှာ ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုကို ဘွဲ့လွန်တန်းနှင့် ဘွဲ့ကြိုတန်းနှစ်မျိုးကို သတ်မှတ်ပြီးခေါ်ယူခြင်းဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုကို ဓနုတိုင်းရင်းသားလူငယ်တစ်ဦးဖြစ်သူ ပင်းတယမြို့ ထွက်နီရွာမှ မခင်နန္ဒာဝင်းက ရရှိခဲ့ပါသည်။ မခင်နန္ဒာဝင်း၏မိဘများမှာ ဦးတင်ဝင်း + ဒေါ်ညွန့်တင် ဖြစ်ပါသည်။ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် ကွန်ပျူတာဘာသာရပ်ဖြင့် ဘွဲ့ရရှိပြီး မဟာဘွဲ့ (Master) ကို ရန်ကုန်တွင်ရရှိခဲ့ပါသည်။ NGO တစ်ခုတွင် ကွန်ပျူတာဘာသာရပ်ဖြင့်ပင် အလုပ်ဝင်ရောက်လုပ်ကိုင်ရင်း နိုင်ငံတော်သမ္မတပညာသင်ဆုကို ချီးမြှင့်ခြင်းခံခဲ့ရပါသည်။

မခင်နန္ဒာဝင်း၏ ကြိုးစားမှုပုံရိပ်တစ်ခုကို လူငယ်များအတုယူနိုင်စေရန် “ရင်တွင်းဖြစ်စကား”ကို တင်ပြလိုက်ပါသည်။

“ကျွန်မ . . မာစတာဘွဲ့(Master) ရတော့ NGO တစ်ခုမှာ အလုပ်ဝင်ခဲ့ပါတယ်။ အလုပ်လုပ်ရင်းနဲ့ Scholarship ရအောင် အမြဲတမ်း အင်္ဂလိပ်စာကို အားတိုင်းလေ့လာခဲ့တယ်။ ဘယ်နေရာရောက်ရောက် ရည်မှန်းချက်ကို ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



အမြဲသိမ်းထားတယ်။ အခုလို ဆုရရှိခဲ့တာ မိဘဆရာ၊ ဆရာမတွေရဲ့ကျေးဇူးကြောင့်ပါ။ မိဘနှစ်ပါးကို အမြဲဦးထိပ်ထားပြီး မိဘဆရာများရဲ့သွန်သင်ဆုံးမသင်ပြမှုတွေကိုအမြဲလိုက်နာရင်း တစ်နေ့မှာ လိုချင်တဲ့နေရာကိုရမှာပါ။ သူငယ်ချင်းတွေဆီကလည်း ကောင်းတဲ့အကြံဉာဏ်တွေယူခဲ့ပါတယ်။ အတုယူကြိုးစားခဲ့ပါတယ်။

နေရာတိုင်းမှာ လိုချင်တဲ့အရာတွေနဲ့သာ ကြုံတွေ့ခဲ့ရတာမဟုတ်ဘဲ တချို့နေရာတွေမှာတော့ သင်ခန်းစာရခဲ့တဲ့အတွက် သမီးဘဝကို ရင့်ကျက်စေခဲ့တယ်။ အဓိကကျေးဇူးတင်ချင်တာက မွေးသမိခင်ကျေးဇူးကိုပါ။ ဒုတိယကျေးဇူးတင်ချင်တာကတော့ နောက်ကနေ တွန်းအားတွေပေးခဲ့တဲ့ အဖေဖြစ်ပါတယ်။ အဖေ့ခွန်အားကြောင့် အင်အားတွေရလာခဲ့တယ်။ မူလတန်းကနေ တက္ကသိုလ်အဆုံး သင်ကြားပြသတဲ့ဆရာ၊ ဆရာမတွေရဲ့ကျေးဇူးကြောင့်လည်း ပါပါတယ်။ အလုပ်ခွင်မှာ သင်ကြားပြသပေးခဲ့တဲ့ ဆရာများကြောင့်လည်း ခွန်အားတွေ ပိုမိုရရှိခဲ့ပါတယ်။

အလုပ်လုပ်ရင်းလည်း အမြဲ နားစွင့်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတမှ ပညာတော်သင်ဆုကြေညာခဲ့တော့ ကြိုးစားပြီး ဖြေဆိုခဲ့ပါတယ်။ နောက်ဆုံးတော့ တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်၊ ချန်ဆမြို့၊ ဟူနန်တက္ကသိုလ်မှာ ကွန်ပျူတာသိပ္ပံအထူးပြုနဲ့ ပါရဂူသင်တန်းတက်ရောက်ခွင့်ရခဲ့ပါတယ်။

Collage of Computer Science and electronic engineering Hluman University, Chaungsha City, fluman Province, China မှာ (၂)နှစ်တာကာလ ပညာသင်ယူနေပါတယ်။

ဓနုမ မိနီငယ် ခင်နန္ဒာဝင်းဟာ (၂၃–၈–၂၀၁၅)ရက်နေ့မှာ တရုတ်ပြည်ကို ပညာသင်ထွက်ခွာသွားပါပြီ။ ပညာသင်နှစ်က (၂)နှစ် ပညာသင်ကြားရမှာဖြစ်ပါသည်။ ဓနုမမိနီငယ် ခင်စန္ဒာဝင်းကို ဤစာစုဆောင်းပါးဖြင့် ချီးကျူးဂုဏ်ပြုလိုက်ပါသည်။

တွဲဘက်အတွင်းရေးမှူး(၁)၊ ဓနုမျှော်

---

## ဆေးဖက်ဝင်အပင်များ

ကြက်မောက်ဆူးပြန်ပင်

ကြက်မောက်ဆူးပြန်ပင်ကို အချို့က တောကြက်မောက်ပင်ဟု ခေါ်ဆိုကြ၏။ ၎င်းအပင်သည် ပင်ငယ်မျိုးဖြစ်၍ အမြင့်ပေ ၂ ပေမှ ၃ ပေထိသာရှိ၏။ ပင်စည်ရိုးမှထွက်သော ညှာတံတွင် ဆူးကလေးများပေါက်နေပြီး ထိလျှင် စူးကပ်၍ပါလာတတ်ကြ၏။ ကြက်မောက်ဆူးပြန်ပင်ကို အဖြူမျိုးနှင့် အနီမျိုး နှစ်မျိုးတွေ့ရှိရ၏။ တိုင်းရင်းသမားတော်များက စစ်စိန်ပင်ဟုခေါ်ပြီး တောင်သူဦးကြီးများက တောကြက်မောက်ပင်(သို့) ကျွဲနှာခေါင်းချိတ်ပင်ဟု ခေါ်ဆိုကြ၏။

ကြက်မောက်ဆူးပြန်အဖြူပင်၏ အကျိုးသွားအာနိသင်မှာ နှုတ်ကို မြိန်စေ၏။ ဝမ်းမီးကို တောက်စေ၏။ ဆီးဝမ်းကို မှန်ကန်စေ၏။ လေဒေါသနှင့် သလိပ်ဒေါသတို့ကို ငြိမ်းစေ၏။ လေထိုးလေအောင့်ရောဂါ၊ ဝမ်းဗိုက်တင်းသောရောဂါ၊ အော့အန်နာ၊ အရေပြားရောဂါ၊ ယားနာများ၊ နှလုံးတုန်၊ ရင်ခုန် နှလုံးအားနည်းရောဂါများပါ ပျောက်ကင်းစေ၏။ ကြက်မောက်ဆူးပြန်အနီ၏ ဂုဏ်သတ္တိအကျိုးသွားများမှာ လေ၊ သလိပ်ကိုကြေစေ၏။ ချောက်ကပ်စေ၏။ အသည်းရောင်အသားဝါရောဂါဖြစ်ပါက ကြက်မောက်ဆူးပြန်အနီပင် အခြောက်လှမ်းအမှုန့်ပြုပြီး အခြားတိုင်းရင်းဆေးမယ်များဖြင့် ရော၍သုံးကြ၏။ ၎င်းအပြင် ကြက်မောက်ဆူးပြန်ပင် ပဥ္စငါးပါးစလုံးရေဖြင့် (၃)ခွက်(၁)ခွက်တင်ကျို၍ တိုက်ပေးပါကလည်း အသည်းရောင်အသားဝါရောဂါပျောက်၏။ တိုင်းရင်းသမားတော်ကြီးများသည် ကြက်မောက်ဆူးပြန်ပင် အခြောက်လှမ်းပြာချပြီး ရက္ခမူဆားအဖြစ် ဆေးဖက်တွင် အသုံးပြုကြ၏။ မည်သည့်ဆေးဖုံတွင်မဆို ကြက်မောက်ဆူးပြန် ဆားအနည်းငယ်ထည့်၍ ဖော်စပ်ပါက ဆေးစွမ်းပို၍ ထက်၏။

ကြက်မောက်ဆူးပြန် ရက္ခမူဆားကို ရှေးခေတ်က ရန်ကင်းတောင်တွင် သီတင်းသုံးခဲ့သော "ရေငုံဆရာတော်" ကြီး လက်ကိုင်ထားသုံးစွဲခဲ့ပုံများကို ဖော်ပြရမည်ဆိုပါက

၁။ မျက်စိနာသော်၊ တိမ်သလ္လာဖွဲ့ခဲ့သော် ကဆော့မြစ်သွေးရည်တွင် ရက္ခမူဆားအနည်းငယ်ထည့်၍ မိန်းမဖြစ်သော် ယောက်ျားလေးစို့သော နို့ရည်ဖြင့်ခပ်၊ ယောက်ျားဖြစ်ခဲ့သော် မိန်းကလေးစို့သောနို့ရည်ရောထည့်ခပ်က ပျောက်၏။

၂။ ချောင်းဆိုးရင်ကြပ်၊ သလိပ်ကပ်ဖြစ်ခဲ့သော် ရက္ခမူဆား ၄ ပဲသားတွင် ရှောက်ရည်ဖြင့်ထည့်၍သောက်ကပျောက်၏။ နာတာရှည်ချောင်းဆိုးရောဂါများပါ ပျောက်၏။

၃။ ဝမ်းတွင်း၌ လေလုံးများထပါက သံပုရာရည်တွင် ရက္ခမူဆားအနည်းငယ်ထည့်၍လျက်ပေးပါက ပျောက်၏။

၄။ နှလုံးတုန်၊ ရင်ခုန်မူးဝေမောပန်းဖြစ်ပါက သွေးဆေးအအေး ၄ ပဲသား ရက္ခမူဆား ၁ ပဲသားရော၍ ကြံရည်တွင်ထည့်သောက်က ပျောက်ကင်းစေနိုင်၏။

ကြက်မောက်ဆူးပြန်ပင် ရက္ခမူဆားကို ဆောင်ထားခြင်းဖြင့် ကျန်းမာရေးအတွက် များစွာ အထောက်အကူပေးမည် ဖြစ်ပေသည်။

ဒေါက်တာသက်မွှေ့(ရွှေဆောင်တင်ရွှေ)

www.burmeseclassic.com

www.burmeseclassic.com



# မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါတယ်

# ခနုမငယ်...



မြန်မာအားကစား ကမ္ဘာကိုလွှမ်းအောင် ကြိုးပမ်းဆောင်ရွက်ကြရာမှာ မြန်မာအမျိုးသမီးဘောလုံးအသင်းလည်း အပါအဝင်ဖြစ်သည်။ အသင်းတွင် ပါဝင်ကစားကြသူများအနက်မှ ကျွန်မတို့ ခနုတိုင်းရင်းသူအကြောင်းကို အနည်းငယ်ဖော်ပြလိုသည်။

ကျွန်မတို့ မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းမှာ ဝင်ရောက်ကစားနေသည့် ခနုတိုင်းရင်းသူလေးအမည်မှာ မစုနန္ဒာလွင် ဖြစ်သည်။ သူ့ကို ဖေဖေ(ဦး)ခင်ဖော်ထွင်နှင့် မေမေ(ဒေါ်)တင်တင်နွဲ့တို့မှ ၁၉၉၆ ခု၊ ဖေဖော်ဝါရီလ ၇ ရက်၊ (မြောက်ပိုင်း)ခနုဒေသဖြစ်သော နောင်ချိုမြို့နယ်၊ တောင်ရှည်ကျေးရွာအုပ်စု၊ ဈေးကုန်းကျေးရွာတွင် မွေးဖွားသည်။

မွေးချင်းညီအစ်မ (၅)ယောက်ရှိသည့်အနက် တတိယမြောက်သမီးဖြစ်သည်။ သူသည် ငယ်စဉ်ကလေးဘဝမှာပင် ဘောလုံးကန်ခြင်းကို ဝါသနာပါခဲ့သည်။ ကျွန်မနှင့် ကျောင်းနေဖက်ဖြစ်သည်။ ယောက်ျားလေးပုံစံမျိုးနေတတ်ပြီး တတိယတန်း၊ စတုတ္ထတန်းကျောင်းတက်နေစဉ်ကာလမှာပင် ယောက်ျားများနှင့် ရင်ဘောင်တန်း ဘောလုံးကစားသည်။

ရုတ်တရက်မြင်ရသူများအဖို့ မိန်းကလေးဟုပင် မထင်မှတ်နိုင်၊ ယောက်ျားလေးဟုသာ ထင်မှတ်ရပြီး မူလတန်းအဆင့် ဘောလုံးပြိုင်ပွဲများတွင် ယောက်ျားအသင်းထဲသို့ ကျောင်းအုပ်ဆရာကြီးက ထည့်သွင်းကစားစေခဲ့သည်။

ကျွန်မတို့ တောင်ရှည်ကျေးရွာအုပ်စုသည် တောင်းခမ်း၊ မန်မော်၊ နားရှိုး၊ တီကျစ်၊ ဈေးကုန်း၊ မကျီးရည် စတဲ့ ကျေးရွာများနဲ့ ဖွဲ့စည်းထားသည့်အတွက် ကျေးရွာအုပ်စုကြီးဖြစ်သည်။ ထို့ကြောင့် တွဲဖက်အထကမှ ယခု အထကအဆင့်အထိ ရောက်ရှိပြီး နောင်ချိုမြို့နယ်အထက်တန်းကျောင်းများအနက် အောင်ချက်အကောင်းဆုံးအုပ်စု အထက်တန်းကျောင်းဖြစ်သည်။

ကျွန်မတို့ ခနုတိုင်းရင်းသူစုန္ဒာလွင် သတ္တမကျောင်းတက်နေစဉ်အတွင်း၌မှာပင် ပြည်နယ်အဆင့် စတင်အရွေးခံရသည်။ ထိုနှစ် ၂၀၀၈ မှာပင် U-13 မြန်မာ့လက်ရွေးစင်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့သို့ သွားရောက်ကစားခဲ့ရပြီး တတိယဆုနှင့် AFC ဂုဏ်ပြုလွှာရရှိခဲ့သည်။ နောက်တစ်နှစ် (200) U-14 ဖြင့် ဗီယက်နမ်နှင့်ပင် ထပ်မံယှဉ်ပြိုင်ကစားရပါသည်။

အာရှအဆင့် တတိယဆွတ်ခူးနိုင်ခဲ့ပြီး 2010 U-16 ဖြင့် ထိုင်းနိုင်ငံသို့ အသင်းခေါင်းဆောင်အဖြစ် ဦးဆောင်ကစားနိုင်ခဲ့သည်။ 2011 - U-19 ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ကစားခဲ့ပြီး 2012 - U-19 ထိုင်းနိုင်ငံ၌ အိမ်ရှင်ထိုင်းအသင်းကို အနိုင်ရပြီး အာရှခြေစစ်ပွဲကို ထိုက်ထိုက်တန်တန် အောင်မြင်ခဲ့ပါသည်။ မစုနန္ဒာလွင် ပါဝင်ကစား၍ အချိတ်အဆက်မိကြောင်း တက်လမ်းအားကစားဂျာနယ်မှ အကျယ်တဝင့်ရေးသားဖော်ပြခဲ့လေသည်။

ယခုအချိန်တွင် မစုနန္ဒာလွင် (၂၀၁၅)ပညာသင်နှစ် ဒသမတန်းဖြေဆိုရမည့်အချိန် နီးကပ်နေသဖြင့် စာကို ကြိုးစားကျက်မှတ်နေပါသည်။ ကျွန်မတို့ ဓနုတိုင်းရင်းသားအားလုံး၏ ဂုဏ်ကျက်သရေဆောင်နေသူဖြစ်၍ စာမေးပွဲအောင်မြင်ပါစေဆုတောင်းရင်း ဤစာစုဖြင့် ဂုဏ်ယူဝင့်ကြွားမှတ်တမ်းပြုလိုက်ရပေသည်။


ညိုပြာလွင်(ကျောက်တောရွာ)





www.burmeseclassic.com

www.burmeseclassic.com

# Outstanding features of the town, PINDAYA



They are nine in numbers and as follows:-

1. The highest pagoda in southern Shan State is in Pindaya and it is known as "Sytegyi". The height is about 295 feet and it is not gilded. It is painted white with time and it is visible from the distant. It is eighty years old. The foundation stone was laid in the year 1880. Because of the earthquake, it broke down and was reconstructed and repaired. It has 95 feet in diameters.

2. This is the only place where a lot of banyan trees are found around the lakes and every part of the township. They give cool shade and because of them the temperature is normal and water in the lake is not dried up quickly. The number of banyan tree is much more than that of any other place and no one can find such a large amount of banyan trees in anywhere except in Pindaya.

3. The Zawgyi river is very advantageous in the dried zone i.e. to say in the middle of Burma. The birth place

www.burmeseclassic.com

www.burmeseclassic.com


of the river is in this township. It is north of the town about four and half miles away and it starts from from tow hollows. At the bottom of the mountain and from here the birth place starts and runs to the north and then west and joins the Irrawaddy near the "MyitNge". In Kyaukse district most farmers depend upon this river, and because of this river they have chance to earn their living by growning paddy. thus, though the river is not much beneficial for the inhabitants in this township, but it plays an important part in the dried zone. Though there is river, there is no fishery ground. Only a few people catch fishes and sell them in the market. Thus a small amount of people earn their living by fishing in the river and lake.

4. There is a cave in the south-west of this township. It is well known all over Burma as "Shweoomin" and most people come here from every corner of the country. It is visited by thousands and thousands visitors every year. Different people come with different views. Some come just for curiosity and some for worshiping as pilgrimage. Some who come here were astonished and wondered. In the cave there a man can see or find countless pagodas, statues and images of all sizes. In this cave there a gain a man find wonderful things such as "kyauk-maung" that sounded as Going, a very small cave where holy men meditate and that is the only place where a man can find complete silence or calm, and no distrubance at all. thus the place is so calm and charming that the one who come just for as visit or on some other ground can hardly leave this place. They forget all the worries and completely forget what has troubled or disturbed him before he came there.

5. There is a lake just near the town, and in some other ways this adds the beauty to the cave and highest pagoda in Southern Shan State. Around this lake are banyan trees and somehow or other this attracts the human's hearts and supplies the visitor very cool shade. In this lake, the inhabitants wash and bathe. Besides this lake there are four or five lakes in this township. They also are important for the people near-by. They have to depend upon these lakes for drinking water and for bathing.

6. Some years ago the place was thickly populated. The population per square mile was much more than that of any other township near by.

7. This is the only place where almost every kinds of fruits and crops can be found such as oranges, mangoes, pineapple, pears, apple, grapes, jack fruit, onion, tomatoes and so on and so forth. This is the place where very fresh vegetable is available.

8. So unlike other township, there are a lot of monestries. This is the place where many monestries varying the size of the town can be found. In this town only there are altogether over fifty monestries. This is one of the outstanding feature of the town. Because of this it can be concluded that most of the inhabitants are religious and very pious. They earn their honest bread by honest work. Half of what they get wil be donated and the other half will be for their living. They may live from hand to mouth but they will not earn their bread by dishonest work.

9. The last outstanding feature is nothing but that there are many images or statues. This is the second place where anyone can find a lot of Buddha images. Thus this town can be called the "Second to Pagan". The images were made from stone, bronze wood and bumboo. There was a saying that in ancient time people from Pagan came and took or stole images from the cave. They came under ground way. So at present people put a big stone in the hole, which is in the cave from where they believed men from Pagan came in, and blocked the way so that no Buddha image or status was stolen any more. Thus this is the places where one can find a lot of Buddha images standing sitting and lying.

Reference:-

1. The area study of township by Maung Soe Nyunt presented in partial fulfillment of the requirements for the degree of Bachelor of Commerce, Institute of Eco-

www.burmeseclassic.com

www.burmeseclassic.com


nomic Rangoon.

**Proverb/ Words of wisdom**

- He who does not know what he does not know is fool, shun him.
- He who knows what he does not know is honest, help him.
- He who does not know what he knows is asleep, wake him up.
- He who knows what he knows is wise, honour or associate with him.

Discipline comes from the word "disciple".

D - Duty
I - Industrious
S - Social
C - Conduct
I - Intelligent
P - Politeness
L - Loyalty
E - Enthusiasm

SCOUT

S - Social
C - Conduct
O - Obedience
U - Unity
T - Truth

Proverbs/words of wisdom.
Practice makes man perfect.
Tip for tap is the law of nature.
Failure is the pillar of success.
Well begun is half done.
Slow and study wins the race.
A man of words and not deeds is like a garden full of weeds.
No pain no gain.
A stitch in time save time.
Whatever man they sow so they reap.
Forgiveness is ever nobler than revenge.
Once we loss lost forever is time.
Honesty is the best policy.
No man can serve two masters.
Too many cooks spoil the broth.
Early to bed and early to rise make man healthy, wealthy and wise.
Work while you work, play while you play that is the way to be cheerful and guy.
Waste not want not.
A little is better than none.
Time and tide waits for no man.
Make hay while the sun shines.
All that glitters is not gold.
A friend in need ins a friend indeed.
A rolling stone gathers no moss.
A bird in hand is worth two in the bush.
Guilty conscious pricks the mind.
Birds of the same feather flock together.
Unity is strength.
One for all and all for one.
Arise, awake or be forever fallen.
Hope for the best prepare for the word.
A little knowledge is dangerous.
when the cat is away the mice will play.
Failure is the pillar of success.
Hoste speeds slow.
Nothing venture nothing get.
Where there is a will there is a way.
There is sufficiency in the world for the men's need but not for the men's greed.

**Soe Nyunt (MEIS)**

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)

**စိုးညွန့် (MEIS)**

ပင်းတယမြို့နယ်၊ ကုန်သွယ်ရေးတွင်(၆)နှစ်တာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ကုန်သွယ်ရေးများကို ပြန်လည်ဖွဲ့စည်းခဲ့ရာတွင် ကျွန်တော့်အား မြန်မာ့ထုတ်ကုန်သွင်းကုန် ကော်ပိုရေးရှင်း ရန်ကုန်မြို့သို့ ပြောင်းရွှေ့တာဝန်ချထားခြင်း ခံခဲ့ရပါသည်။ ပင်းတယမြို့နယ်တွင် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မြို့နယ်အားကစားနှင့် လူမှုရေးအဖွဲ့များ ညကျောင်း စေတနာဆရာ၊ မြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းတို့တွင် ပါဝင်လှုပ်ရှား စေတနာ့ဝန်ထမ်းလူမှုရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပါသည်။ ရှမ်းပြည်နယ်တွင် မြို့နယ်ငွေစုငွေချေး သမဝါယမအသင်းပေါင်း (၄၀)ကျော်ရှိရာ လားရှိုးမြို့နယ်က ပထမနှင့် ပင်းတယမြို့နယ်က ဒုတိယ၊ နာမည်ကောင်း ရရှိခဲ့ပါသည်။

ကျွန်တော်သည် ရန်ကုန်မြို့သို့ ၁၉၇၆ ခု၊ ဒီဇင်ဘာ (၁၈)ရက်နေ့တွင် ရောက်ရှိ တာဝန်ထမ်းဆောင်ခဲ့ရာ မောင်ထော်လေးလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ မြန်မာ့ထုတ်ကုန်ကော်ပိုရေးရှင်းတွင် တာဝန်ကျခဲ့ပါသည်။ ရန်ကုန်မြို့သို့ရောက်ရှိပြီး တာဝန်ထမ်းဆောင်စဉ် ၁၉၇၇ ခု၊ အောက်တိုဘာလ (၉)ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ အင်းလေးဓမ္မာရုံ၌ ကျင်းပသော **ဓနုတိုင်းရင်းသားမိသားစုမိတ်ဆုံစားပွဲ** သို့ တက်ရောက်ခြင်းဖြင့် လူမှုရေးလုပ်ငန်းတွင် စတင်ပါဝင်လာပါသည်။ ထိုစဉ်က နာယကလူကြီးများမှာ (၁) ဦးဘမောင်/ညွှန်ကြားရေးမှူး–နိုင်ငံခြားရေးဝန်ကြီးဌာန၊ (၂) ဒေါက်တာစပ်မြမေ/ညွှန်ကြားရေးမှူး–ကျန်းမာရေးဦးစီးဌာနနှင့် (၃) ဦးဘသန်းဟက်/ပါမောက္ခ–ရန်ကုန်တက္ကသိုလ်တို့ ဖြစ်ကြပါသည်။ မိတ်ဆုံစားပွဲသို့ တက္ကသိုလ်ကျောင်းသူကျောင်းသား (၄၀)ခန့်နှင့် အကြောင်းကြောင်းကြောင့် ရန်ကုန်မြို့တွင် ရောက်ရှိနေထိုင်ကြသော ဓနုမိသားစုဝင် (၃၀)ခန့် တက်ရောက်ခဲ့ကြပါသည်။ တရားဝင်ဖွဲ့စည်းထားသော အသင်းမဟုတ်သော်လည်း ဓနုတို့၏ စိတ်ရင်းအတိုင်း ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်၊ ဖော်ဖော်ရွေရွေ၊ နွေးနွေးထွေးထွေး ဆုံးစည်းရခြင်း



၁၉၈၁ ခုနှစ် ဓနုတိုင်းရင်းသားမိသားစုအသင်း ညီဝါဒခံယူပွဲနှင့် မိတ်ဆုံစားပွဲတွင် ဓနုပန်းပွားအကပြဖြင့် ဖျော်ဖြေနေပုံ

www.burmeseclassic.com

www.burmeseclassic.com



မှာ ပျော်စရာကောင်း၍ အားတက်ဖွယ် ရာလည်း ဖြစ်ခဲ့ပါသည်။

၁၉၆၀ ခုနှစ် ကျွန်တော် တက္က သိုလ်တက်ရောက်နေစဉ်က "မြေလတ် (ရှမ်းပြည်) တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများအသင်း" ဖွဲ့စည်းရန် ဖြစ်မြောက်ရေးအဖွဲ့ ဖွဲ့စည်းဆောင် ရွက်ခဲ့ဖူးသော်လည်း ၁၉၆၂ ခုနှစ်၊ ဇူလိုင်(၇)ရက် အရေးအခင်းကြောင့် တရားဝင် ပီပီပြင်ပြင် အသင်းတစ် သင်းဖြစ်အောင် ဖွဲ့စည်းနိုင်ခြင်းမရှိခဲ့ပါ။ အလားတူပင် ဓနုတိုင်းရင်းသားမိသား စုအသင်းသည်လည်း ၁၉၈၁ ခုနှစ် အထိ တရားဝင်ဖွဲ့စည်းနိုင်ခဲ့ခြင်း မရှိ ဘဲ အခါအားလျော်စွာ သင့်တော်သော အိမ်၌ အစည်းအဝေးများ ကျင်းပခဲ့ပါ သည်။ ကျွန်တော့်အနေဖြင့်လည်း ရုံး အလုပ်များ များပြားလွန်းသဖြင့် ကိုယ် ထိလက်ရောက် စွမ်းစွမ်းတမံ ကူညီနိုင် သော အနေအထားမရှိခဲ့ပါ။ သို့သော် ကျွန်တော်နေထိုင်သော ၁၇/၁၉ မကြီး ကြီးလမ်း၊ စမ်းချောင်းအိမ်တွင်ကား တက္ကသိုလ်ကျောင်းသားများနှင့် စိတ် ဝင်စားသော ဓနု လူလတ်ပိုင်းမှပုဂ္ဂိုလ် များ (၂)လတစ်ကြိမ် (၃)လတစ်ကြိမ် တွေ့ဆုံမှုများ ရှိခဲ့ပါသည်။ ထိုသို့ တွေ့ ဆုံကြ၊ ဆွေးနွေးကြ၊ ပြောကြနှင့် တရင်းတနှီးဖြစ်လာခဲ့ရာ ဆွေးနွေးပွဲ တစ်ခုတွင် အဆင့်မြင့်ပညာဦးစီးဌာနမှ ဦးစိုးမြင့်က အသင်းမှာ အသင်းတည် ရာ နေရာမရှိသောကြောင့် တရားဝင် မှတ်ပုံတင်လျှောက်ထားရခြင်းမရှိသေး ကြောင်း မိမိအိမ်တွင် အသင်းတည်ရာ အဖြစ် ထားခွင့်ပြုပါက တရားဝင်အ သင်းမှတ်ပုံတင်လျှောက်ထားလိုကြောင်း ခွင့်တောင်းလာပါသည်။ မိမိမှာ အိမ် ငှားအနေဖြင့် နေထိုင်ခြင်းဖြစ်၍ အ သင်းတည်နေရာ ထားခွင့် ရှိ/မရှိ မသိ ပါကြောင်း၊ ထားခွင့်ရှိပါက မိမိအနေ ဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း အသုံး ပြုနိုင်ကြောင်း သဘောတူခွင့်ပြုခဲ့ပါ သည်။ နောက်တစ်ကြိမ် အစည်းအ ဝေးလုပ်သောအခါတွင် ဦးစိုးမြင့်ကပင် ၎င်းတို့အနေဖြင့် အသင်းမှတ်ပုံတင်ရရှိ ရေးဆောင်ရွက်ရန် အခက်အခဲဖြစ်နေ ပါကြောင်း မိမိအိမ်တွင် အသင်းတည် နေရာအဖြစ် အသုံးပြုခွင့်ပေးသကဲ့သို့ အသင်းမှတ်ပုံတင်ရရှိရေးကိုပါ စီမံ ဆောင်ရွက်ပေးစေလိုကြောင်း ထပ်မံ ဆွေးနွေးမေတ္တာရပ်ခံခဲ့ပါသည်။ မိမိအ နေဖြင့် ရုံးအလုပ်အလွန်များပါကြောင်း အသင်းတွင် ပါဝင်လှုပ်ရှားနိုင်ခြင်းမရှိ သော်လည်း ၎င်းတို့အနေဖြင့် အသင်း မှတ်ပုံတင်ရရှိရေး အခက်အခဲဖြစ်နေပါ က မှတ်ပုံတင်ရရှိအောင် ကြိုးစား ကြည့်မည်ဖြစ်ပါကြောင်း ပြန်လည်ပြော ကြားခဲ့ပါသည်။ ကာလအားဖြင့် ကျွန် တော် ရန်ကုန်ရောက်ရှိသည်မှာ (၄)နှစ် တာကြာမြင့်ခဲ့ပြီဖြစ်သော်လည်း တရား ဝင်အသင်းတစ်သင်း ဖြစ်မလာသေး ပါ။

ကျွန်တော်လည်း အသင်းကို တရားဝင်ရပ်တည်သော အသင်းတစ် သင်းဖြစ်ရေးကို လက်လှမ်းမီသမျှ စုံ စမ်းမေးမြန်းရင်း အသင်းမှတ်ပုံတင် ရရှိရေးအတွက် ၁၉၈၀ ခု၊ ဇွန်လ(၁၁) ရက်နေ့တွင် ကျွန်တော်နေထိုင်ရာ စမ်း ချောင်းမြို့နယ်၊ ကျွန်းတော(မြောက်) ရပ်ကွက်ရုံးတွင် လျှောက်လွှာတင်ခြင်း ကို စတင်ဆောင်ရွက်ခဲ့ပါသည်။

ထိုစဉ်က အသင်းနာယကများ အဖြစ် ဦးဘမောင်၊ ဦးဘသန်းဟက်နှင့် ဒေါက်တာစဝ်မြမေတို့ဖြစ်၍ အသင်း သား (၆၇)ယောက်ဖြင့် တရားဝင် အသင်းမှတ်ပုံတင်ရရှိရေးကို စတင် ဆောင်ရွက်ခဲ့ပါသည်။ ရပ်ကွက်တွင် လူမှုရေးကိစ္စများ၊ သမဝါယမအသင်း ကိစ္စ ပါတီကိစ္စရပ်များတွင် ကျွန်တော် ၏စိတ်ပါဝင်စားစွာ အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်မှုကြောင့် ရပ်ကွက် ကောင်စီဝင်များ၊ အောက်ခြေပါတီအဖွဲ့ အစည်းအဖွဲ့ဝင်များကလည်း တစ်ဖန် တစ်လှည့် ကျွန်တော့်အသင်း မှတ်ပုံ တင်ရရှိရေးကို ဝိုင်းဝန်းကူညီခဲ့ရာ ကောင်စီစာရေး ဦးအောင်မြင့်က ကိုယ် ထိလက်ရောက် ကူညီပေးခဲ့ပါသည်။ မြို့ နယ်ကောင်စီပိုင်းမှ ထောက်ခံပေးရန် အပိုင်းကိစ္စကို ၎င်းကိုယ်တိုင်က အား တက်သရော ကူညီပေးခဲ့ပါသည်။

မြန်မာ့ ထုတ်ကုန် သွင်းကုန် ကော်ပိုရေးရှင်းတွင် တာဝန်ထမ်း ဆောင်နေစဉ်ကာလတွင် ကော်ပိုရေး ရှင်းစီမံခန့်ခွဲရေးအဖွဲ့၏ အတွင်းရေး မှူးတာဝန် ထမ်းဆောင်ခဲ့ရရာ မိမိမှာ အစည်းအဝေးများ၊ ရုံးလုပ်ငန်းတာဝန် များဖြင့် မအားမလပ်ရသကဲ့သို့ ထိ တွေ့ဆက်ဆံရသော ပုဂ္ဂိုလ်များမှာ လည်း မိမိဌာနဝန်ထမ်းများသာမက အခြားသောဌာနဆိုင်ရာများမှ တာဝန် ရှိပုဂ္ဂိုလ်များနှင့် ထိတွေ့ဆက်ဆံရပါ သည်။ ထိုစဉ်က မိမိတို့ ကော်ပိုရေးရှင်း အနေဖြင့် အစိုးရဌာနများ ကုန်သွယ် ရေး ကော်ပိုရေးရှင်းများက ၎င်းတို့ ဌာနလုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်း များကို ပြည်ပသို့ တင်ပို့ရောင်းချလို လျှင်သော်လည်းကောင်း၊ ပြည်ပမှ ပစ္စည်းမှာယူတင်သွင်းလိုလျှင်လည်း ကောင်း၊ မြန်မာ့ထုတ်ကုန်သွင်းကုန် ကော်ပိုရေးရှင်းကပင် ကြားခံ ဆောင် ရွက်ပေးရသဖြင့် ပို့ကုန်အစည်းအဝေး/ သွင်းကုန်အစည်းအဝေးများ ကျင်းပ၍ သက်ဆိုင်ရာလုပ်ငန်းဌာန၏ ကိုယ်စား လှယ်များနှင့် ကုန်ပစ္စည်းရောင်းချခြင်း၊ မှာယူတင်သွင်းခြင်းတို့ကို ညှိနှိုင်း ဆောင်ရွက်ပေးရပါသည်။ ကျင်းပသော အစည်းအဝေးများသို့ ကုန်သွယ်ရေး ဦးစီးဌာန ကိုယ်စားလှယ်အဖြစ်(ဝယ်ယူ ရေးအစည်းအဝေး) ဒုတိယညွှန်ကြား

www.burmeseclassic.com

www.burmeseclassic.com





ဦးဘသန်းဟက်(နာယက-၁၉၈၃)



ဦးဘမောင်(နာယက-၁၉၈၃)

ရေးမှူး ဦးလှမောင်(စာရေးဆရာ–အောင်ချိန်ဘွား)က တက်ရောက်လေ့ရှိသဖြင့် မိမိနှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးခဲ့ပါသည်။ သဘောထားပြည့်ဝ၍ ဆက်ဆံရေးကောင်းမွန်ပြီး လူတစ်ဖက်သား၏ကိစ္စများအား လိုလိုလားလား ကူညီလိုသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဦးအုန်းကြည် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်လာသောအခါ ဦးလှမောင်သည် ဒုဝန်ကြီး၏ ကိုယ်ရေးအရာရှိ ဖြစ်လာခဲ့ပါသည်။ ဦးအုန်းကြည် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ ဝန်ကြီးအဖြစ် ပြောင်းရွှေ့သောအခါ ဦးလှမောင်သည်လည်း ပြည်ထဲရေးဝန်ကြီး ကိုယ်ရေးအရာရှိအဖြစ် လိုက်ပါသွားခဲ့ပါသည်။ ဤတွင် ကျွန်တော်သည် ခင်မင်ရင်းနှီးစွဲရှိပြီးဖြစ်သော ဦးလှမောင်အား "ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)"အမည်ဖြင့် အသင်းမှတ်ပုံတင်ခွင့်ရရှိရေး ပြည်ထဲရေးဝန်ကြီးဌာနသို့ လျှောက်ထားခဲ့ပါကြောင်းနှင့် ဖွဲ့စည်းခွင့်ရရှိရေး ကူညီပေးပါရန် မေတ္တာရပ်ခံခဲ့ပါသည်။ ၎င်းကလည်း လိုလိုလားလားပင် ကူညီဆောင်ရွက်ပေးခဲ့သည်။ သက်ဆိုင်ရာမှ အကြောင်းကြားချက်အရ မှတ်ပုံတင်ကြေး ၁၀/– ကို သတ်မှတ်ထားသောဘဏ်၌ ၎င်းတို့၏ဘဏ်စာရင်းတွင် ပေးသွင်းခဲ့ပါသည်။ သို့ဖြင့် ဤအသင်းသည် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန အဖွဲ့အစည်းများ စိစစ်မှတ်ပုံတင်ရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့၏ (၈–၂–၈၂)နေ့စွဲပါ ဖွဲ့စည်းခွင့်အမှတ် ၉၂/၈၂ ကို ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က ဥက္ကဋ္ဌ ကိုယ်စား လက်မှတ်ရေးထိုး၍ အဖွဲ့အစည်းမှတ်ပုံတင်သက်သေခံလက်မှတ်ကို ထုတ်ပေးခဲ့ပါသည်။

မှတ်ပုံတင် သက်သေခံလက်မှတ်ရရှိသောအခါ အသင်းဖွဲ့စည်းခြင်းကို ဆောင်ရွက်ခဲ့ရာ နာယကများအဖြစ်–

(၁) ဦးဘမောင်
ညွှန်ကြားရေးမှူး(အငြိမ်းစား)
သံရုံးများဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

(၂) ဒေါက်တာစဝ်မြမေ
ညွှန်ကြားရေးမှူး(အငြိမ်းစား)
ကျန်းမာရေးဦးစီးဌာန

(၃) ဦးဘသန်းဟက်
ပါမောက္ခ၊ ဘူမိဗေဒဌာန
ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ် ရန်ကုန်

**အသင်းအမှုဆောင်များအဖြစ်**

၁။ ဦးစိုးညွန့် (ဥက္ကဋ္ဌ)
မြန်မာ့ထုတ်ကုန်သွင်းကုန် ကော်ပိုရေးရှင်း။

၂။ ဒေါ်ခင်သိန်းမြင့် (ဒု–ဥက္ကဋ္ဌ)
စီးပွားရေးတက္ကသိုလ်။

၃။ ဒေါ်ခင်ချောမြင့် (စာရင်းစစ်)
ပညာရေးတက္ကသိုလ်

၄။ ဦးအောင်ကြိုင် (အတွင်းရေးမှူး)
အထက်တန်းပညာဦးစီးဌာန

၅။ ဦးဇော်ထွန်း
(တွဲဖက်အတွင်းရေးမှူး)
စက်မှုတက္ကသိုလ်ကျောင်းသား

၆။ ဦးချစ်စိန် (ဘဏ္ဍာရေးမှူး)
မြို့နယ် သမဝါယမအသင်း

၇။ ဦးကံညွန့် (ပြန်ကြားရေးမှူး)
အမှတ်(၂)၊ ဒေသကောလိပ်။

၈။ ဦးမောင်မောင်မြင့်
(တွဲဖက် ပြန်ကြားရေးမှူး)
အမှတ်(၂)၊ ဒေသကောလိပ်ကျောင်းသား။

၉။ ဦးစံမှင် (အဖွဲ့ဝင်)
ဆပ်ပြာစက်ရုံ အမှတ်(၂)

၁၀။ ဦးမြင့်ဦး (အဖွဲ့ဝင်)
ဆိုဗီယက်သံရုံး
(မောင်လင်းယုန် အေးပြည်)

၁၁။ ဦးကျော်လေး (အဖွဲ့ဝင်)

www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ရေး ကော်ပိုရေးရှင်း

၁၂။ ဒေါ်လေးညွန့်စိန် (အဖွဲ့ဝင်)

၁၃။ ဒေါ်စောမြွေးဝေ (ခ)
ဒေါ်စဝ်မြသိန်း (အဖွဲ့ဝင်)
အင်္ဂလိပ်စာဌာန
ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်

၁၄။ ဦးစံခိုင် (အဖွဲ့ဝင်)
ကုန်သည်

၁၅။ ဒေါ်နုနု (အဖွဲ့ဝင်)
တိမွေးကုကော်ပိုရေးရှင်း

၁၆။ ဦးစိုးညွန့် (အဖွဲ့ဝင်)
တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကု
တက္ကသိုလ်ကျောင်းသား။

တို့ကို ရွေးချယ်တာဝန်ပေးအပ် ဖွဲ့စည်းခဲ့ပါသည်။

ပြည်ထဲရေးနှင့် သာသနာရေးဦးစီးဌာန၏ အသင်းဖွဲ့စည်းခွင့်ရရှိပြီးနောက် အသင်းလုပ်ငန်းများကို ဖြည်းဖြည်းနှင့်မှန်မှန် ဆောင်ရွက်လာခဲ့ပါသည်။ ကျွန်တော့်မှာလည်း တစ်ဖက်က ရုံးအလုပ်မအားသည့်ကြားကပင် အသင်းကိစ္စများကို တတ်စွမ်းသမျှ ဦးဆောင်၍ အမှုဆောင်များနှင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ပါသည်။ ၁၉၈၇ ခုနှစ်ရောက်သောအခါတွင် ကျွန်တော်နေသော စမ်းချောင်းမြို့နယ်မှ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ သမိုင်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာ အသင်း၏တည်နေရာကိုလည်း မိမိနှင့် တစ်ပါတည်း ပြောင်းရွှေ့ခဲ့ပါသည်။ အသင်းသက်တမ်းကို (၂)နှစ်တစ်ကြိမ်သာ ခွင့်ပြုသဖြင့် (၂)နှစ်တစ်ကြိမ် သက်တမ်းတိုးဆောင်ရွက်ခဲ့ရာ သမိုင်းသို့ပြောင်းရွှေ့ပြီး (၁၉၈၇)ခု၊ နိုဝင်ဘာလမကုန်မီ သက်တမ်းတိုးလျှောက်ထားခဲ့ပါသည်။ အသင်းဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေစဉ် "ရန်ကုန်မြို့တောင်ကြီးအသင်း"တွင် (၁၉၈၅)ခုနှစ်၌ အသင်းစာရင်းစစ်အဖြစ် ရွေးချယ်တာဝန်ပေးခဲ့သဖြင့် အသင်းစာရင်းစစ်တာဝန်ကိုပါ ပူးတွဲထမ်းဆောင်ခဲ့ပါသည်။

(၁၉၈၈)ခုနှစ်၊ ဩဂုတ်လတွင် အရေးအခင်းပေါ်ပေါက်လာခဲ့ပြီးနောက် အသင်းနှစ်သင်းစလုံး၏ လှုပ်ရှားမှုမှာလည်း တိုင်းပြည်အခြေအနေအရ ရပ်ဆိုင်းသွားခဲ့ပါသည်။ အသင်းများမှ နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်သော အမှုဆောင်များကိုလည်း အမှုဆောင်အဖြစ်မှ နုတ်ထွက်စေရန် နိုင်ငံတော်မှ ညွှန်ကြားခဲ့သဖြင့် ဓနုအသင်း အမှုဆောင်များမှာ နိုင်ငံရေးတွင် ဝင်ရောက်ဆောင်ရွက်ကြသော အတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူးတို့က အမှုဆောင်တာဝန်မှ နုတ်ထွက်သွားခဲ့ကြပါသည်။ အခြေအနေအရ အသင်းနှစ်သင်းစလုံး အသင်းကိစ္စဆောင်ရွက်ခြင်းမှ ရပ်ဆိုင်းသွားခဲ့ကြပါသည်။ အသင်းလှုပ်ရှားမှုများ မရှိသော်လည်း မိမိအနေဖြင့် "စုံ"ကျသော ပြက္ခဒိန်နှစ်တွင် ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)၏ သက်တမ်းတိုး"မ"ကျသော ပြက္ခဒိန်နှစ်တွင် "ရန်ကုန်မြို့ တောင်ကြီးအသင်း"၏ သက်တမ်းတိုးခြင်းကို နှစ်စဉ် ၁၉၉၉–၂၀၀၀ ခုနှစ်အထိ တာဝန်ယူ၍ ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ကြောင့် အသင်းနှစ်သင်းစလုံးမှာသက်တမ်းပြတ်တောက်ခြင်းမရှိဆက်လက်ရပ်တည်နိုင်ခဲ့ပါသည်။

အသင်းတရားဝင် စတင်တည်ထောင်စဉ်မှ ယနေ့အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းများမှာ–

(က) အသင်းမိတ်ဆုံစားပွဲ
(ခ) တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားများ ဂုဏ်ပြုပွဲ
(ဂ) ကောက်သစ်စားပွဲ
(ဃ) တွံတေး၊ သာဓုကန်၊ ဖူးကြီးရေကာတာ၊ တညင် ကျိုက်ခေါက်–ပါဒကြီးဘုရားများသို့လေ့လာရေးပျော်ပွဲစားခရီးများထွက်ခြင်း။
(င) ရုံပုံငွေရှာဖွေရေး အရောင်းဆိုင်များဖွင့်ခြင်း
(စ) အသင်းသားများ၏ နာရေး သာရေးကိစ္စများ
(ဆ) ပြည်ထောင်စုနေ့ အခါးရည်ဝိုင်း
(ဇ) အမျိုးသားနေ့၊ ရှမ်းပြည်နယ်မှ ညီနောင်အသင်းများနှင့်တွေ့ဆုံပွဲ
(ဈ) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ
(ည) ဝါတွင်းကာလ သီလပေးတရားပွဲ
(ဋ) ဩဝါဒ ဆရာတော်များနှင့် အသင်းနာယကများထံမှ အမှုဆောင်များ ဩဝါဒခံယူပွဲ
(ဌ) ပြည်ပသို့ ကြွရောက် စာဝါလိုက်သော သံဃာတော်များ/လူပုဂ္ဂိုလ်များအား ဆေးရုံဆေးခန်းသို့ သွားရောက်၍ ကြည့်ရှုခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ သွေးလှူဒါန်းခြင်း၊ ဆေးဝါးအာဟာရ ထောက်ပံ့ခြင်း
(ဎ) အသင်းသားများ၏ နာရေးကိစ္စများတွင် အသင်းသူ အသင်းသားများကိုယ်တိုင် လိုက်ပါပို့ဆောင်ခြင်း၊ သွေးသောက်ဝတ်များထည့်ဝင်ခြင်း၊ သက်တော်ရှည်ရာဇဗြိုဟ်ဆရာတော် ဘုရားကြီး ဘဒ္ဒန္တဇယန္တ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရျာပနတွင် အလှူငွေလှူဒါန်းခြင်း၊ အသင်းသားအမှုဆောင်များ ကိုယ်တိုင်ကိုယ်ကျ ပံ့ပိုးကူညီဆောင်ရွက်ခြင်း
(ဏ) ရှမ်းပြည်နယ်နေ့တွင် ရန်ကုန်မြို့၌ ရှမ်းပြည်နယ်မှ အခြားသော ညီနောင်အသင်းများနှင့်ပူးပေါင်း၍ အကပဒေသာ ပြည်နယ်နေ့ အခမ်းအနားများကို တစ်စုတည်းစည်းတည်း ကျင်းပခြင်း

www.burmeseclassic.com

www.burmeseclassic.com



(တ) မနုတိုင်းရင်းသားဓမ္မာရုံ တစ် လုံး တည်ဆောက်ခြင်း

(ထ) အိန္ဒိယနိုင်ငံ၊ ရာဇဂြိုဟ်မြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်း တိုးချဲ့ဆောင် ဆောက်လုပ်ရာ၌ အခန်းတစ်ခန်းလှူဒါန်းခြင်း၊ တန်ဖိုး (US $ 2600 = ကျပ်ငွေ ၂၇၈၆၀၀၀/-)

(ဒ) နိုင်ငံတော်မှ ကြီးမှူးကျင်းပသော တိပိဋကဓရ စာဖြေသံဃာတော်များအား ပူဇော်ခြင်း- ဝေယျာဝစ္စ နဝကမ္မများ ဆက်ကပ်လှူဒါန်းခြင်း

(ဓ) ကမ္ဘောဇ တိပိဋကဓရ ဘဒ္ဒန္တ ဝိရိယနန္ဒ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပခြင်း

(န) ဓမ္မရုံဆောက်လုပ်လှူဒါန်းခြင်း (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ၂၀၁၅ ခုနှစ်တွင် လေးဆူဓာတ်စုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသက်နံး ကျပ်(၄၂)သိန်း တန်ဖိုးရှိ ရွှေပြား(၇)ချပ် ကပ်လှူပူဇော်ခြင်း

(ပ) ဗုဒ္ဓတက္ကသိုလ်တွင် ဓမ္မာစရိယ BA သင်တန်းတက်ရောက်နေသော သံဃာတော်တစ်ပါး နှလုံးရောဂါကြောင့် နှလုံးတွင် စက်တပ်ဆင်ရာတွင် အလှူငွေ(၇)သိန်း ထောက်ပံ့လှူဒါန်းခြင်း (ရန်ကုန်မြို့ရှိ မနုသံဃာတော်များ အဖွဲ့မှလည်း ကျပ်ငွေ(၃)သိန်းခွဲ သီးခြားလှူဒါန်းခြင်း ပြုခဲ့ပါသည်။)

(ဖ) ရန်ကုန်မြို့ရှိ ရှမ်းပြည်နယ်မှ ညီနောင်အသင်းများက ဖိတ်ကြားသော လူမှုရေး၊ သာရေး၊ နာရေး အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အလှူငွေများ ထည့်ဝင်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်း

(ဗ) ရန်ကုန်၊ မန္တလေးမြို့များတွင် ကျင်းပသော သာမဏေကျော် စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြသည့် ရှင်သာမဏေနှင့် စာသင်စာချ ကြီးကြပ်သံဃာတော်များ မနုတိုင်းရင်းသားဓမ္မာရုံတွင် သီတင်းသုံးနေစဉ် အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဖျော်ရည်များအား တာဝန်ယူဆက်ကပ်၍ ဝေယျာဝစ္စများ ကူညီဆောင်ရွက်ခြင်း

(ဘ) ရှမ်းပြည်နယ်ရှိ ဒေသအချို့နှင့် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသော ဒေသများသို့ ရေဘေး၊ လေဘေး၊ လျှင်ဘေးအတွက် အလှူငွေများ တက်စွမ်းနိုင်သမျှ ပါဝင်လှူဒါန်းခြင်း

(မ) ရန်ကုန်တိုင်းဒေသကြီး သံဃာ့နာယကနှစ်ပတ်လည်အစည်းအဝေး ပွဲများ၌ နဝကမ္မ ဝေယျာဝစ္စ အလှူငွေ ကျပ်(၂)သိန်းကို နှစ်စဉ် လှူဒါန်းခြင်း

(ယ) အသင်း စတင်တည်ထောင်စဉ်မှ ယနေ့အထိ အသင်းသားဦးရေ (၆၅၀)ကျော်ထိ တိုးမြှင့်လာပြီး ၎င်းတို့အနက် ရာသက်ပန်အသင်းသားဦးရေ (၃၀)ထိ စည်းရုံးနိုင်ခဲ့ခြင်း

(ရ) ပြက္ခဒိန်ပို့စကတ်များ ရိုက်နှိပ် ဖြန့်ဖြူးခြင်း။

(လ) မနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့တွင် တပေါင်းလပြည့် အဖိတ်နေ့၌ကျင်းပသော "မနုတိုင်းရင်းသားများ ဆုံစည်းရာနေ့"အခမ်းအနားနှင့် တောင်ကြီးမြို့တွင် ကျင်းပသော "မနုတိုင်းရင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအဖွဲ့ချုပ်" အစည်းအဝေးသို့ တက်ရောက်ခြင်း၊ အလှူငွေထည့်ဝင်ခြင်းနှင့် ရှမ်းပြည်အစိုးရက ချီးမြှင့်သော ကျပ်ငွေ(၅)သိန်းကို လက်ခံခြင်း။

မနုတိုင်းရင်းသားမိသားစုအသင်း (ရန်ကုန်)၏ အသင်းသက်တမ်းသည် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ကုန်ဆုံးသဖြင့် အသင်းသက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အချိန်မီ လျှောက်ထားခဲ့သော်လည်း အုပ်ချုပ်ရေးအကူးအပြောင်း အသင်းအဖွဲ့များဆိုင်ရာစည်းမျဉ်းဥပဒေသစ်များကြောင့် ယနေ့အထိ အကြောင်းပြန်ကြားချက်မရရှိခဲ့ပါ။ သက်တမ်းတိုးမြှင့်ပေးရန်ကိစ္စကို ဆက်လက်ဆောင်ရွက်ရဦးမည်သာ ဖြစ်ပါသည်။

ယခု စာရေးနေသည့်အချိန်အထိ အသင်း၏ဥက္ကဋ္ဌအဖြစ်ဖြင့် တာဝန်ထမ်းဆောင်ဆဲဖြစ်ပါသည်။

ကြည်နိုး(MEIS)




www.burmeseclassic.com

www.burmeseclassic.com



# ဓနုလူငယ်မောင်မယ်များ

## လှုပ်ရှားမှတ်တမ်းထား . . .



၁၃-၈-၂၀၁၅/၁၄-၈-၂၀၁၅

ဓနုလူငယ်ပရဟိတအဖွဲ့သည် ရန်ကုန်မြို့တွင်နေထိုင်ကြသော ဓနုတိုင်းရင်းသားများ၏ သင့်နိုးရာရာအိမ်များနှင့် အခြားအလှူ့အိမ်များသို့ ပန်းအနော်ရေဘေးဒုက္ခလှူဒါန်းရန်အတွက် အလှူငွေများကို အိုးစည်ဗုံမောင်းတီး၍ ကောက်ခံကြသည်။

၁၅-၈-၂၀၁၅

ဘုရင့်နောင်ပွဲရုံတန်းရှိ ဓနုကုန်သည်ကြီးများနှင့် သီရိမင်္ဂလာဈေးကုန်စိမ်းပွဲရုံတန်းရှိ ဓနုကုန်စိမ်းကုန်သည်



www.burmeseclassic.com

www.burmeseclassic.com





ကြီးဖြင့် ပန်းတနော်မြို့သို့ ရောက်ရှိ
ပါသည်။

ပန်းတနော်တွင် လှူဒါန်းမည့်ကိစ္စ ရပ်များ ခရီးစဉ်များကို တိုင်ပင်ကြပါ သည်။ နောက် ငွေသော်တာရွှေပန်းထိမ် ပိုင်ရှင် ဦးခင်အောင်၊ ဒေါ်ခင်မိမိအောင် သား ကိုရဲနိုင်စိုး(ခ)ကိုကျော်ခဲနှင့် မိသားစုဝင်များက ရေဘေးသင့်ရွာများ သို့ သွားရောက်လှူဒါန်းမည့် ဓနုလူငယ် မောင်မယ်များကို ထမင်း၊ ဟင်းစုံဖြင့် တည်ခင်းညွှန့်ခံကျွေးမွေးကြပါသည်။

များအား အလှူငွေကောက်ခံကြသည်။

၁၆-၈-၂၀၁၅


ပန်းတနော်မြို့ ရေဘေးဒုက္ခကူညီ ရန်အတွက် ဓနုဓမ္မာရုံတွင် ဓနုလူငယ် မောင်မယ်များစုစည်း၍ နံနက် ၈ နာရီ တွင် ဓနုဓမ္မာရုံမှ အမှတ်(၄၁)အထူးကား





တစ်ခါဖူးမျှ သိကျွမ်းခင်မင်ခဲ့ခြင်းမရှိ သော်လည်း စေတနာသဒ္ဓါတရားပြည့်စုံ စွာဖြင့် ကျွေးမွေးလှူဒါန်းသည်ကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ပန်းတနော်မှနေ၍ ကားဖြင့် မြစ် ဆိပ်သို့သွားကြသည်။ ထို့နောက် ရေ လွှမ်းဒေသများသို့ စက်လှေ(၃)စီးဖြင့် သွားရောက်ကြသည်။ ဘုန်းတော်ကြီး ကျောင်းများတွင် တည်းခိုနေသော ရွာ သူရွာသားများကို ဘုန်းတော်ကြီးကျောင်း မှတဆင့် လှူဒါန်းခဲ့ကြပါသည်။



၂၃-၁၁-၂၀၁၅

နံနက် ၈ နာရီ၊ ဓနုတိုင်းရင်းသား ဓမ္မာရုံတွင် ဓနုလူငယ်မောင်မယ်များ စုပေါင်း၍ ဓနုအိုးစည်ဗုံမောင်းများဖြင့် ဗဟန်း(၄)လမ်းရှိ ပအိုဝ်ဓမ္မာရုံသို့ သွား ရောက်ကြပါသည်။ ထို့နောက် ပအိုဝ် ဓမ္မာရုံအပေါ်ထပ်ရှိ ကျောင်းထိုင်းတု ရုပ် ပွားတော်အား ကထိန်ချာရွှေကြာကပ် သင်္ကန်းအား ဆွမ်းကပ်လှူဒါန်းပူဇော်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြပါသည်။

ထိုမှ ဓနုဓမ္မာရုံသို့ ပြန်လာခဲ့ကြသည်။ ဓနုဓမ္မာရုံအပေါ်ဆုံးထပ်တွင် သီတင်းသုံးနေသော ယွန်းဘုရားရုပ်ပွားတော်မြတ်အားလည်း ကထိန်လျာရွှေကြာကပ်သင်္ကန်းကို ဆက်ကပ်လှူဒါန်းပူဇော်သကဲ့သို့ ဓနုဓမ္မာရုံအလယ်ထပ်တွင် သီတင်းသုံးသည့် ဓမ္မစကြာရုပ်ပွားတော်မြတ်အား ကထိန်လျာရွှေကြာကပ်သင်္ကန်းကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြပါသည်။

ထိုနေ့နံနက် ၁၀ နာရီတွင် ပုဇွန်တော်ဘူတာလူကူးဂုံးကျော်တံတားကျောင်းလမ်းရှိ ကမ္ဘောဇမင်္ဂလာဝါဆိုကျောင်းမှ ကထိန်အလှူတော်မင်္ဂလာပြုလုပ်ပါသည်။ ဓနုလူငယ်မောင်မယ်များစုပေါင်း၍ ပဒေသာပင်များကို ဓနုအိုးစည်ဗုံမောင်းများဖြင့် ပုဇွန်တော်မြို့နယ်ကျောင်းလမ်းထိပ်မှနေ၍ ကမ္ဘောဇမင်္ဂလာဝါဆိုကျောင်းအထိ ကထိန်ပဒေသာပင်များ သယ်ဆောင်အလှူခံဝင်ကြပါသည်။ ကထိန်ပွဲလာသူ ပရိသတ်များကလည်း ဝမ်းမြောက်ဝမ်းသာကြိုဆိုကြပါသည်။ ကျောင်းဝင်းအတွင်းမှလည်း ဓနုအိုးစည်ဖြင့် ကြိုဆိုကြပြီး ဓနုအကများ၊ သိုင်းအကများဖြင့် ဓနုအိုးစည်ဝိုင်းများမှ အပြိုင်အဆိုင်၊ ပြိုင်ပြိုင်ဆိုင်ဆိုင်တီးခတ်ကခုန်ကြရာ ပရိသတ်များနှင့် မြင်ရသူအပေါင်းအားလုံး နှစ်ထောင်းအားရစွာဖြင့် လိုက်လံ့စွာအားပေးခဲ့ကြပါသည်။

၂၆-၁၁-၂၀၁၅

နှစ်စဉ်ကျင်းပမြဲဖြစ်သော မိုးကောင်းဆုတောင်းပြည့်စေတီတော်(၁၂၃)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စေတီတော်ပတ်ပတ်လည်တွင် ၂၆–၁၁–၂၀၁၅ နေ့တွင် ကျင်းပခဲ့ပါသည်။

မိုးကောင်းဘုရားဝင်းအတွင်းရှိ သာဓုဇနဟိတကာရီတန်ဆောင်းမှ ဆရာတော်ဦးအဂ္ဂ(ဆရာကြီးဦးအောင်စိုး)နှင့် တပည့်ဒကာများ ဖိတ်ကြားချက်အရ ဓနုလူငယ်များစုပေါင်း၍ ဓနုအိုးစည်၊ ဓနုအက၊ ဓနုသိုင်းအကများဖြင့် ဖျော်ဖြေခဲ့ကြပါသည်။ ပွဲတော်လာပရိသတ်များ၊ မိုးကောင်းစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ သာဓုဇနဟိတကာရီမိသားစုအဖွဲ့ဝင်များက ဆုများချီးမြှင့်ခဲ့ပါသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လှိုင်မြို့နယ်မှ ကရင်ဒုံးယိမ်းအကများဖြင့် ဖျော်ဖြေပါသည်။ ကရင်ဒုံးယိမ်းအဖွဲ့မှ တစ်လှည့်၊ ဓနုအိုးစည်ဝိုင်းမှ တစ်လှည့် စေတီတော်တွင် ဆွမ်းဆန်လှူဒါန်းမည့်ပရိသတ်များကို ဖျော်ဖြေခဲ့ကြပါသည်။

မိုးကောင်းဆုတောင်းပြည့်စေတီတော်(၁၂၃)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလှူဒါန်းပွဲတွင် ဩဝါဒစရိယဆရာတော်ကြီးများသီတင်းသုံးနေကြသော ရန်ကင်းမြို့နယ်မှ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်ကြီး(၁၁၉)ပါး၊ သီလရှင်ကြီး(၁၀)ပါးတို့ကို စေတီတော်ရင်ပြင်တစ်လျှောက် မြို့နယ်အဖွဲ့အစည်းအသီးသီးနှင့် ကြွလာသော ဧည့်ပရိသတ်များ လောင်းလှူကြပါသည်။

၁၇-၁၂-၂၀၁၅

တပ်မတော် အမှတ်(၂)စစ်ဆေးရုံတွင် ပင်းတယမြို့နယ်မှ ဆေးလာရောက်ကုသနေသော လူမမာအား ဓနုလူငယ်အဖွဲ့မှ B သွေးလေးလုံး လှူဒါန်းခဲ့ကြပါသည်။

၂၉-၁၂-၂၀၁၅

စစ်ကိုင်းတိုင်းမှ လေးလာရောက်ကုသနေသော လူနာအား အရေးပေါ် Aသွေးလိုအပ်နေသောကြောင့် ဓနုလူငယ်အဖွဲ့မှ ဓနုလူငယ်မောင်ကျော်သက်ဝင်းမှ အမျိုးသားသွေးလှူဘဏ်၌ အရေးပေါ် A သွေးကို လှူဒါန်းခဲ့ပါသည်။

ပဲခူးတိုင်းမှ ဆေးလာရောက်ကုသနေသော လူနာအား အရေးပေါ် B သွေးလိုအပ်နေသောကြောင့် ဓနုလူငယ်အဖွဲ့မှ ဓနုမိနိုင်ငယ် မသဇင်မင်းနိုင်က B သွေးကို လှူဒါန်းခဲ့ပါသည်။

၃၁-၁၂-၂၀၁၅

ဓနုလူငယ် သွေးလှူရှင်(၆)ဦးက လူမမာ(၃)ဦးအား သွေး(၆)ပုလင်း လှူဒါန်းခဲ့ပါသည်။

၈-၁-၂၀၁၆

ဓနုလူငယ် သွေးလှူရှင်များအဖွဲ့မှ ရန်ကုန်ဂဠုန်ဆေးရုံတွင် လှူဒါန်းခဲ့ပါသည်။

ဓနုလူငယ်သွေးလှူရှင်များအဖွဲ့တွင် တာဝန်ယူထားသော ဓနုလူငယ်များမှာ (၁) မဒီမွန်ထွဋ် (၂)ကိုကျော်သက်ဝင်း (၃) ကိုတင်မောင်ထူး တို့နှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကိုရှမ်းကြီး

www.burmeseclassic.com

www.burmeseclassic.com





# နှင်းမေဖူး
## အလွမ်းမပြေတဲ့ ဓနမြေ

ဘဝရဲ့ခါးသက်မှုတွေ၊ ဝေဖန်ကဲ့ရဲ့မှုတွေအားလုံးကို အံတုရင်ဆိုင်ပြီး လူအများရှေ့မှာ ရပ်တည်နိုင်အောင် အစွမ်းကုန် ကျွန်မ ကြိုးစားလိုက်မိသည်။ ဒါတွေက လူတွေ အထင်ကြီးအောင်လုပ်တာမဟုတ်သလို ခံပြင်းချက်နှင့်လုပ်ခဲ့တာလည်း မဟုတ်ခဲ့ပါ။ ကျွန်မကိုယ်တိုင် လိုလိုလားလား မျှော်လင့်ခဲ့တာ မဟုတ်ပါလား။

**အခန်း(၁)**

ပဥ္စမတန်းအခန်းမှ မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင် တည်နေရာတို့ကို ကလေးများအား အားပါးတရသင်ကြားပြီး နေ့လယ်စာစားရန် ထွက်လာသော ကျွန်မအား–

"လင်းရိပ်ချို ‥ ဒီနေ့ နင် ရာထူးတိုးနဲ့ ရှမ်းပြည်ကိုသွားရမှာ …"

"ဟင် …မိုး ‥ နင် ဘယ်ကကြားလာတာလဲ ဟုတ်ရောဟုတ်လို့ လား …"

"ဟုတ်လို့လည်း နင့်ကို လာပြောတာပေါ့ …၊ နင်ပဲ …ခဏ ခဏလာပြောနေတဲ့ ရှမ်းပြည်ကို ပြောင်းရမှာဆိုတော့ …ငါက ‥ ဝမ်းသာလို့ချက်ချင်းလာပြောပေးတာ ‥"

www.burmeseclassic.com





"အင်းပါ ‥ ကျေးဇူးတင်ပါတယ် မိုးရယ်၊ ငါ ‥ ဒီကလေးတွေ စာသင်လို့ ဝသေးဘူး၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့ လည်း မခွဲချင်သေးဘူး၊ ဒါပေမဲ့ … အိပ်မက်ထဲက ရှမ်းပြည်ကိုတော့ သွား ချင်တယ်ဟာ …"

သူငယ်ချင်းဖြစ်သူပြောပြသော စကားကြောင့် လင်းရိပ်ချိုဆိုသော ကျွန်မ အတိုင်းထက်အလွန် ပျော်လွန်း၍ မျက်ရည်စလေးတွေက ပါးပြင်ပေါ်သို့ စီးကျခဲ့သည်။ ဒါတွေက အိပ်မက် မက်နေတာတော့ မဟုတ်ပါဘူး။ အတွေး တစ်စက ဘယ်လောက်ကြာကြာ တွေး နေခဲ့သည်မသိပါ။ လက်ထဲမှာ မြေဖြူ တစ်ချောင်းကိုင်ပြီး ပြန်လာခဲ့တာ အိမ် ရောက်မှ ရပ်နိုင်ခဲ့သည်။

ကျွန်မဘဝမှာ တွယ်တာစရာဆို လို့ အမေတစ်ယောက်သာရှိသည်။ တစ်မြို့လုံးမှာ အချောဆုံး၊ အလှဆုံး ဆိုလည်း မှားမည်မဟုတ်ပါ။ ဘဝမှာ အဖေဆိုတာ အသံပဲကြားခဲ့ဖူးသည်။ ယခုအချိန်ထိ အဖေက ဘယ်လိုပုံစံလဲ သူမ မသိခဲ့ပါ။ ပတ်ဝန်းကျင်တချို့၏ ပြောစကားအရ မေမေက ကျွန်မကို အဖေမပေါ်ဘဲမွေးခဲ့တာ။ ပြီးတော့ အိမ် ထောင်ရှိမိသားစုကို ဖြိုခွဲလိုက်သည်ဆို သော စကားသံက ကျွန်မအသက် ၈ နှစ်မှစပြီး ကြားခဲ့သည်။ ကလေးဘဝ တုန်းက ဘာမှမသိနားမလည်ခဲ့ပေမဲ့ ကျွန်မ နားလည်တတ်စအရွယ်မှာ ရင်နှင့်မဆံ့အောင် ခံစားလိုက်ရသည်။

မိခင်အား မေးမြန်းမည်ပြန်လျှင် လည်း ဆုံးသွားပြီဟူသောစကားမှလွဲ၍ ဘာမှ ပို၍ ကြားမည်မဟုတ်သော ကြောင့် ဒီနေ့ထိ မမေးခဲ့ဘဲနေခဲ့သည်။

ကျွန်မ ပတ်ဝန်းကျင်ပြောစကား တွေအားလုံးကို ဂရုမစိုက်ဘဲ မေမေ၏ အလိုအရ ကျောင်းစာကို ကြိုးစားခဲ့ သည်။ ဒါကြောင့်လည်း တစ်မြို့နယ် လုံး၏ဂုဏ်ကို ဆောင်ခဲ့သည်။ တက္က သိုလ်ဝင်တန်းစာမေးပွဲကို ဘာသာစုံ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော်လည်း တစ်ချိန်က ဖတ်ခဲ့ဖူးသော ဆရာလယ် တွင်းသားစောချစ်၏ "ပန်းမြိုင်လယ်က ဥယျာဉ်မှူး"ဇာတ်ကောင် ကိုငြိမ်းချမ်း ကို လေးစားသလို သူ့ကဲ့သို့ ရပ်ရွာ အကျိုး အများအကျိုး သယ်ပိုးပြီး နောင်လူကြီးဖြစ်လာမည့်လူငယ်တွေကို စိတ်ဓာတ်၊ စည်းကမ်း၊ ပညာသင်ကြား ပေးသည့် အခြေခံပညာကျောင်းဆရာမ ဖြစ်လိုသည့်အတွက် ပညာရေးကောလိပ် တက်ဖို့ ကျွန်မကိုယ်တိုင် ရွေးချယ်ခဲ့ သည်။

ရှမ်းပြည်နယ်ကို တာဝန်နှင့်သွား ဖို့ပြောတော့ မေမေ မျက်ရည်ကျခဲ့ သည်။

"သမီးလေးရယ် … ဒီလောက် ဝေးတဲ့နေရာကို မသွားပါနဲ့လား"တဲ့၊ ပြီးတော့ အဲဒီဘက်က အေးချမ်းတာ မဟုတ်ဘူး၊ မဖြစ်ပါဘူး သမီးလေးရယ် မေမေ့မှာ တွယ်တာစရာဆိုလို့ သမီး တစ်ယောက်ပဲရှိတာပါ …"

ကျွန်မ မေမေ့ရင်ခွင်ထဲသို့ တိုး ဝင်၍–

"မေမေရယ် … သမီးအတွက် စိတ်မပူပါနဲ့နော် … အဆင်ပြေမှာပါ၊ သမီး … ကြားဖူးသလောက်တော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလို့ပဲ ကြား ထားတာပါ၊ ပြီးတော့ … အဖြူရောင် နယ်မြေလို့ သမီး စာအုပ်တစ်အုပ်မှာ သိပေမဲ့ ဖြေသိမ့်စကားပြောခဲ့သည်။

ကျွန်မဘဝမှာလည်း တွယ်စရာ ဆိုလို့ မေမေပဲရှိခဲ့တာကြောင့် ကျောင်း ပိတ်ရက်တွင် အားရင်အားသလို ပြန် လာဦးမည်ဖြစ်ကြောင်း၊ စာနှင့်တစ်မျိုး၊ ဖုန်းနှင့်တစ်လီ ဆက်သွယ်မှာဖြစ်တဲ့ အကြောင်းပြော၍ မေမေ့အား ကန် တော့ပြီး ထွက်ခဲ့သည်။

**အိပ်မက်လား။**
**ဒါမှမဟုတ်**
**စိတ်ကူးယဉ်ခဲ့တာလား။**
**သေချာတာတစ်ခုတော့**
**ဒါတွေအားလုံးက**
**စိတ်ကူးယဉ်ခဲ့တာမဟုတ်ခဲ့ပါ။**
**ကျွန်မအတွက်တော့**
**ခဏလေးရောက်ခဲ့ပေမဲ့**
**အလွမ်းမပြေတဲ့**
**…**

အမုန်တကယ် သွားရတော့မည် ဆိုပြန်လျှင်လည်း ကျွန်မ မေမေနှင့် ခဏခွဲရမည့်စိတ်ကို အားတင်းပြီး ထွက်ခဲ့သည်။

ဖျာပုံမှ ရန်ကုန်သို့ မနက်အစော ထွက်ခဲ့သည်။ ရန်ကုန်ရောက်တော့ မွန်းလွဲ ၂ နာရီရှိနေပြီဖြစ်သည်။ ပြီးမှ ရန်ကုန်ရှိ သူငယ်ချင်း၏အကူအညီဖြင့် တောင်ကြီးသို့သွားသောကားဖြင့် ညနေ ၅း၃၀ တွင် စတင်ထွက်ခဲ့သည်။ ကား ပေါ်ရောက်တဲ့အချိန်မှာ ကျွန်မရဲ့ရင်ခုန် သံတွေက စီးချက်ညီညီပင် ကျွန်မကိုယ် တိုင် ကြားနေရသည်။

မရောက်ဖူးတဲ့ဒေသကို သွား ရမည့်စိတ်က အအိပ်အရမ်းမက်တဲ့ ကျွန်မအား အိပ်မပျော်မဖြစ်ခဲ့ဘဲ ရှမ်း ပြည်ဆိုသောအသိဖြင့် စိတ်လှုပ်ရှားနေ မိသည်။

အချိန်တွေဘယ်လောက်ကြာကြာ

www.burmeseclassic.com

www.burmeseclassic.com



စီးလာခဲ့သည်မသိတော့ပါ။ လက်က နာရီကြည့်တော့ (၆)နာရီတောင် ရှိနေပြီဖြစ်သည်။ သူငယ်ချင်း၏ မှာလိုက်သောစကားအရ ကလောအလွန် တစ်ဘူတာဟုခေါ်သော အောင်ပန်းမြို့တွင် ကျွန်မဆင်းပြီး ခရီးဆက်ရန် စောင့်ခဲ့သည်။ ကျွန်မလက်ထဲမှ မြေပုံကို ကိုင်ပြီး–

"ဦးလေး ... ပင်းတယကို ဘယ်လိုသွားရမလဲရှင်"

ကျွန်မမေးလိုက်သောမေးခွန်းကို ဂိတ်ကဦးလေးက နားလည်ခဲ့ပေမဲ့ ဦးလေးပြောသော စကားက ဝဲလွန်းသောကြောင့် အတော်လေး အခက်ကြုံခဲ့ရသည်။ ကျွန်မ လာခဲ့တဲ့လမ်းတစ်လျှောက် တောင်ကုန်း၊ တောင်ဆင်းတွေနှင့် စိတ်လှုပ်ရှားဖွယ်ကောင်းသလိုပျော်စရာလည်းကောင်းသည်။ ထင်းရှူးတောတန်း၊ ချယ်ရီပန်းတန်းလေးတွေနှင့် လမ်းဘေးဝဲယာတွင် စိုက်ပျိုးထားသော စိုက်ခင်းများက တောင်တန်းများကို ဆေးခြယ်ထားသကဲ့သို့ ဖြစ်နေပုံက ကျွန်မကားစီးလာတဲ့ ငြီးငွေ့မှုကို ချက်ချင်းဆိုသလို ဖျောက်ဖျက်ပစ်လိုက်သည်။

ကျွန်မတာဝန်ကျသောရွာကလေးကို ရောက်ရှိသွားချိန်တွင် ရွာသူရွာသားများ၏ ဖော်ရွေမှုကို ရွာအဝင်မှာပင် တွေ့လိုက်ရသည်။

ကျွန်မကို ဖျာပုံကလာတဲ့အကြောင်းနှင့် ရှမ်းပြည်ကို မရောက်ဘူးကြောင်းကိုသိတော့ ကျောင်းသားမိဘအချို့၏ အားပေးစကားဆိုကြတာကို ခုထိ ကျွန်မ ကြားယောင်နေပါသေးသည်။ ကျွန်မကို မိသားစုဝင်တစ်ယောက်လို သဘောထားပြီး လိုအပ်သည့်အရာများကို အားမနာဘဲ ပြောနိုင်ကြောင်းနှင့် အတန်းထဲရှိ ကျောင်းသားများကို ကိုယ့်တူကိုယ့်မောင်ကဲ့သို့ သဘောထားပြီး ဆုံးမပေးရန် တောင်းဆိုခဲ့သည်။ ဒါတွေက ကျွန်မအတွက် အားတစ်ခုဖြစ်စေသလို သင်ကြားရေးတွင်လည်း အကောင်းဆုံးလုပ်နိုင်လိမ့်မည်ဟု ယုံကြည်မှုတိုးခဲ့ရသည်။

ကျွန်မ စရောက်သွားတဲ့အချိန်က ပထမဆုံး အတန်းထဲစဝင်ပြီး စာတစ်ကြောင်းကို ကျောက်သင်ပုန်းမှာ ရေးလိုက်သည်။ ပြီးမှ အတန်းထဲမှကျောင်းသားများကို နှုတ်ဆက်လိုက်သည်။ ဆရာမအသစ်ဆိုပြီး အထင်သေးမည်စိုး၍ ခပ်တည်တည်ဖြင့်ပင် ဒီစာ ကြောင်းကို အကျယ်အော်ဆိုဟု ပြောလိုက်ရာ စကားဆုံးသည်နှင့်ပင် ကလေးများအားလုံးမှ ပွင့်လင်းစွာပင် ရေးထားသောစာကြောင်းကိုမဟုတ်ဘဲ "အကျယ်ကြီး ... အကျယ်ကြီး"ဟူ၍ ပင် အော်လိုက်သောကလေးများအား ကျွန်မကြည့်ပြီး ငိုအားထက် ရယ်အားသန်ခဲ့ရပြန်သည်။

ဒီလိုနဲ့ပဲ ဒီရွာကလေးကို ကျွန်မ ရောက်လာခဲ့သည်မှာ ဘာလိုလိုနှင့် တစ်လတောင်ပြည့်နေပြီ ဖြစ်သည်။ ကျွန်မ မေမေ့ဆီဖုန်းဆက်၍ "မေမေ ထင်သလိုမဟုတ်ပါဘူး၊ အရမ်းအေးချမ်းတာပဲ မေမေရယ် ...၊ ဖြစ်နိုင်ရင် မေမေ့ကို လိုက်လာစေချင်ပါတယ်၊ သမီး ... ဒီမှာ အပြီးသာနေလိုက်ချင်တယ်"

ဒီစကားတွေကို မေမေကြားတော့ မေမေ့ရဲ့အသံတွေကို သူမ ကြားခဲ့ရသည်။ ဒေသ၏ထုံးတမ်းစဉ်လာအရ ညတွေဆို ကျွန်မအိမ်ကို အလည်လာကြသည်။ သူတို့ပြောပြသော ပင်းတယ၏အထင်ကရပြယုဂ်ဖြစ်သော ပုန်းတလုတ်ကန်နှင့် ရွှေဥမင်သဘာဝလိုဏ်ဂူသမိုင်း၊ မိန်းမရဲသခင်တောင်ရာဇဝင်တွေကို စကားဝဲဝဲနှင့်ပြောပြရာ အာရုံစိုက်၍ နားထောင်ရပြန်သည်။ ထို့အပြင် နှစ်စဉ်ပွဲများဖြစ်သော ရိုးရာတက်ပွဲ၊ ဓနုဆိုစည်းရာနေ့ကျင်းပသော တပေါင်းပွဲ၊ သီတင်းကျွတ်လပြည့်မှ တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့အထိ ရွာစဉ်လှည့်၍ ကျင်းပသော မီးထွန်းပွဲ စသည်တို့ကို စုံစုံလင်လင် ရှင်းပြသောကြောင့် ဒေသန္တရဗဟုသုတလည်း ရပြန်သည်။ ထိုသို့သော ချစ်စဖွယ်ဓလေ့များကြောင့်လည်း ကျွန်မ ရောက်ရှိရာ ဓနုမြေကို ပို၍ သံယောဇဉ်ရှိလာခဲ့သည်။ ဒီဒေသ၏ထူးခြားချက် မှာ ငါးရက်တစ်ဈေးဖြစ်သည်။

ကျောင်းပိတ်ရက်တွေဆိုရင် ရှမ်းပြည်နယ်မှာရှိသော အထင်ကရနေရာပေါင်းစုံကို ကျွန်မ ရောက်ဖြစ်ခဲ့သည်။ ရှမ်းပြည်အစားအသောက်ကို ကျွန်မ အရမ်းကြိုက်ခဲ့သည်။

ကျွန်မရဲ့ပျော်ရွှင်မှုက ရေရှည်မခံလိုက်တော့ပါ။ မထင်မှတ်ဘဲ ဒီဒေသကလေးကနေ ကျွန်မ ပြောင်းရမယ်လို့ တစ်ခါမှ မတွေးခဲ့ဖူးပါ။ မဖြစ်မနေပြောင်းရမဲ့ ကျွန်မ ငြင်းဆန်၍ မရနိုင်ခဲ့ပါ။ ကံတရားက ဒီလောက်လေး နေခွင့်ပေးခဲ့တာကို အားမရနိုင်သလို မကျေမနပ်ဖြစ်ခဲ့ရသည်။ ဒီဒေသကနေပြောင်းရွှေ့ရမဲ့ ကျွန်မရဲ့စိတ်က ရှမ်းပြည်ကို စရောက်သောစိတ်လိုမဟုတ်တော့သလို "ထွက်သွားရမဲ့စိတ်"ကို စိုးရွံ့ထိတ်လန့်မှုက လွှမ်းမိုးနေခဲ့သည်။

ကျွန်မ ခဏ ခဏ စိတ်ကူးယဉ်ခဲ့တဲ့နေရာလေးကနေ မခွဲခွာချင်ခဲ့ပေမဲ့ ခွဲခွာရမည့်စိတ်တွေကြောင့် ကျွန်မ ပါးပြင်ပေါ်သို့ မျက်ရည်စများစီးကျလာခဲ့သည်။ ဒါတွေက အိပ်မက်လား။ ဒါမှမဟုတ် စိတ်ကူးယဉ်ခဲ့တာလား။ သေချာတာတစ်ခုတော့ ဒါတွေအားလုံးက စိတ်ကူးယဉ်ခဲ့တာမဟုတ်ခဲ့ပါ။ ကျွန်မအတွက်တော့ ခဏလေးရောက်ခဲ့ပေမဲ့ အလွမ်းမပြေတဲ့ ဓနုမြေကလေးပါရှင်။

နန်းမေမွှေး


ဟန်သီဇင်
မမေ့နိုင်သော
စနေမြေမှအမှတ်တရ

www.burmeseclassic.com



ရှမ်းပြည်နယ်တောင်ပိုင်းသည် ကျွန်မနှင့်မစိမ်းခဲ့ပါ။ တောင်ကြီး၊ အင်းလေးသည် ၁၉၆၃ ခုနှစ်ကစ၍ ယနေ့တိုင် ဇာတိမြေပမာဖြစ်ခဲ့သည်။ လျှုစရာရှိလျှင် တောင်ပေါ်တက်လာပြီး လှူဖြစ်တာများသည်။

သူငယ်ချင်းမိတ်ဆွေများထဲတွင် ရှမ်း၊ ပအိုဝ့်၊ အင်းသား၊ ပလောင်၊ ခနုတိုင်းရင်းသားများစွာရှိခဲ့သည်။ သို့သော် ကလောမြေဇာတိ ဒေါ်ဌေးဌေးနွယ်(ခေါ်)စာရေးဆရာမ မနွယ်(ကလော)သည် ကျွန်မထက် (၁၀)နှစ်ခန့်ကြီးသော်လည်း စာပေနယ်လှုပ်ရှားသူချင်းတူ၍ ရေးကထက်ပို၍ချစ်ခင်ကြသည်။

မမနွယ်သည် ခနုတိုင်းရင်းသူဖြစ်သည်။ ပွင့်လင်းရိုးသားသည်။ ဟန်ဆောင်ခြင်းမရှိ။ အပေးအကမ်းရက်ရောသည်။ ကူညီရိုင်းပင်းတတ်သည်။ တစ်ခါတစ်ရံ မမနွယ်နှင့် လမ်းသွားရင်း ခနုအမျိုးချင်းဆုံတွေ့စဉ် နှုတ်ဆက်စကားပြောသောစကားဝါကျအချို့က မြန်မာ့နားတွင် နားမဝိုဖြစ်ခဲ့ရသည်။

ပြီးမှ မမနွယ်က ဘာသာပြန်ပြလေမှ ရယ်မိတော့သည်။ ခနုတိုင်းရင်းသားတစ်ယောက်နှင့်တွေ့စဉ် ..

"ဟဲ့ .. နင်နဲငါနဲ့ ညားပြီးပြီလေ။ အခု ပြန်ညားပြန်ပြီ" ဆိုတာမျိုး။ မြန်မာ့အတွေးက ညားဆိုတာနှင့် အကြင်လင်မယားဟု အဓိပ္ပာယ်သွားမြင်သည်။ ခနုစကား 'ညားပြီး'တာက တွေ့ပြီးပြီ၊ အခုပြန်တွေ့ပြန်ပြီဟု ဆိုလိုခြင်းဖြစ်တော့သည်။

ကျွန်မက တောင်ပေါ်ဒေသဆို မြတ်နိုးရင်းစွဲရှိသူမို့ မမနွယ်ရှိရာ ကလောမြေသို့ရောက်ခဲ့စဉ်က မမေ့နိုင်သော အဖြစ်က ရှိနေခဲ့သည်။ ခနုလူမျိုးတို့က ရှေးနှစ်ထောင်ချီကတည်းက ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုရှိခဲ့သည့် လူမျိုးစုဖြစ်ခဲ့ခြင်းကြောင့် ကျွန်မက ပိုစိတ်ဝင်စားခဲ့သည်။

ညသည်ရောက်လာလျှင် ညဝတ်ကျေတတ်သည့်ခလေ့အရ မမနွယ်က–

"ဒီနေ့ ကလောဈေးနေ့ ဈေးသွားသုံးမလို့၊ ညီမလေး စားချင်တာရှိ .. ပြောနော်"

"ရတယ် မမနွယ်၊ မမတို့ရဲ့ ခနုတိုင်းရင်းသားအစားအစာပဲ စားချင်တယ်"

"အေး .. ဒါဆို .. ညီမကို အရသာအရှိဆုံး စားစရာကျွေးမယ်"

ကျွန်မလည်း စိတ်ဝင်စားရင်း ဈေးသို့ အတူလိုက်ပါခဲ့သည်။ ဈေးတစ်နေရာမှာ ဖက်ခင်း၍ ချောမွေ့နေသော မြေစိုင်လုံးအနည်းငယ်ချထားသည်။ တစ်ဖက်မှာ ဝါဖျော့ဖျော့ ပိုးတီးလုံးကွေးကွေးအချို့ ပုံထားသည်။

မမနွယ်က မြေစိုင်ခဲအား ခနုလို ဈေးမေးနေသည်။ ဈေးရောင်းသူက ပြန်ဖြေသည်။ ကျွန်မက သူတို့စကားကို နားမလည်သူမို့ သူတို့မျက်နှာ တစ်လှည့်စီကြည့်ရင်း နားထောင်နေမိသည်။ ပြီးတော့ မမနွယ်က ဈေးခြင်းကမ်းပေးသည်။ ဟိုက မြေစိုင်ခဲ ထည့်ပေးသည်။ ပိုက်ဆံလှမ်းပေးရင်း ခြင်းပြန်ယူပြီး ထွက်လာတော့သည်။ ပြီးတော့ ဆူးပုပ်ရွက်နုနုပုံရောင်းတာတွေ့၍ တစ်ပုံဝယ်သည်။ ဈေးတန်းဆက်လျှောက်ပြီး အခြားလိုအပ်တာများ ဝယ်ကာပြန်လာခဲ့ကြသည်။

အိမ်ရောက်တာနှင့် ကျွန်မက အခါးရည်ငှဲ့ကာ အားရပါးရသောက်ပြီး အမောဖြေမိသည်။ မီးဖိုထဲမှာ ဈေးခြင်းချပြီး ချက်ပြုတ်ပြင်ဆင်ရန်လုပ်နေသော မမနွယ်ထံသွားပြီး စိတ်ထဲမှာ အောင့်ထားသမျှ မနေနိုင်တော့ ...

"မမနွယ် .. အဲဒီမြေစိုင်ခဲလုံးကြီးကို ဘာဖြစ်လို့ ပိုက်ဆံအများကြီးပေးဝယ်ရတာလဲ။ ဆေးဖော်မလို့လား"

"အယ် .. အဲဒါ .. ညီမကိုကျွေးဖို့ဝယ်တာ .. ဒီမှာကြည့်"

ပြောပြောဆိုဆို မြေစိုင်ခဲလုံးကြီးကို ခွဲပြလိုက်စဉ် ဖြူဖြူဖွေးဖွေးကွေးကွေး ပိုးတုံးလုံးကောင် ထွက်ကျလာသည်။

"အဲဒါ .. ဘယ်လိုလုပ်စားရမလဲ"

ကျွန်မက မျက်နှာမဲ့ပြီး ကြောက်ရွံ့စွာမေးရာ .. မမနွယ်က ပေါ့ပေါ့ပါးပါးရယ်မောရင်း ..

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အီကုတ်လို့ ခေါ်တယ်။ မြေတွင်းထဲမှာ အိပ် ...နေတာ။ သူ့ကို ဆီပူပူမှာကြော်ပြီး ဆူးပုပ်ညွန့်အုပ်ပြီး ရင် ...းလို့ရပြီ"

ပြောလည်းပြော ‥လက်ကလည်း အီကုတ်ကြော်ရန် ...င်ဆင်နေသည်။ ခဏအကြာ ဆီပူပူမှာ အီကုတ်ထည့်ကြော် ...တော့သည်။ အနံ့က မွှေးတက်လာသည်။ အားလုံးကြော်ပြီးမှ ...ူးပုပ်ညွန့်လေးများအုပ်လိုက်သောအခါ မွှေးပျံ့သောရနံ့က ...မ်းဗိုက်ထဲမှာ တဂွီဂွီအသံမြည်စေတော့သည်။

အခြားဟင်းများချက်ပြုတ်ပြီးမှာတော့ ထမင်းဝိုင်းပြင် ...ာ ထမင်းစားကြသည်။ အီကုတ်ကြော်မွှေးမွှေးအား ခပ် ...ည့်ပေးသော မမနွယ်အား ‥

"ဒီကောင်တွေက ဈေးကြီးတယ်နော်။ အားနာစရာ ...တော့ ဖြစ်ကုန်ပြီ"

ဟု ကျွန်မက ပြောမိရာ ‥မမနွယ်က ဂုဏ်ယူသော ...မျိုးဖြင့်–

"အီကုတ်က ဓနကျေးလက်အစားအစာလေ။ သူက ...ကောင်ရေများများမရတတ်ဘူး။ ရှားပါးစားစရာပေါ့။ ကြိုက် ...ေးခေါ်ပြီး ရောင်းတာ။ ကြိုက်ရင်ဝယ်ပေါ့။ သူ့ရဲ့ အညှီ ...တ်ကို ဆူးပုပ်ညွန့်နဲ့အုပ်လိုက်မှ အဆင်ပြေတာ၊ အနံ့ ...ရသာနဲ့ ပြည့်စုံစေတာလေ"

ဟု မမနွယ်က ပြောပြတာနားထောင်ရင်း အီကုတ် ...ကြော်အရသာတွေ့နေသော ကျွန်မပန်းကန်ထဲကိုခပ်ထည့် ...းရင်း စာပေသမားပီပီ ‥

"အီကုတ်တူးတဲ့ ရှေးခေတ်ဓနုကဗျာလေးတောင်ရှိသေး"

"ဒါဆို ကဗျာရွတ်ပြပါလား မမနွယ်"

ချိုချိုစိမ့်စိမ့် အီကုတ်အရသာခံစားရင်း အီကုတ်ကဗျာ ...ား နားစွင့်နေလိုက်သည်။

"အီကုတ်ကို တူးမတော်တယ်၊ တရွှင်းဆွချ် အသာမ ...ပါ့ ‥ဆွေအီကုတ် ‥အီကုတ်ကို ဆူးပုပ်ရော့ မချို"

ဓနုသံဝဲဝဲနှင့် နားထောင်ချင်စဖွယ်ဆိုပြနေပေမယ့် နား ...လည်ပြန်။ သဘောပေါက်သည့် မမနွယ်ကပင် ‥

"အီကုတ်မြေစာလုံးကို အတူးမတော်ရင် သံတူရင်း ...သွားတတ်တယ်။ ဒါကြောင့် ဂရုစိုက်ပြီး တူးကြရတယ်။ ...ာက်ပြီး အီကုတ်ကို ဆူးပုပ်နဲ့ရောမှ ပြီးပြည့်စုံတဲ့ ဟင်း ...စ်ခွက်ဖြစ်စေတာမို့ သိကြားမင်းတောင် မနေနိုင်တဲ့ ရှေး ...ဗျာရှိသေးတယ်"

"မြေနန်းစံ ဆွေအီကုတ်၊ ဆူးပုပ်နဲ့ရော၊ သိကြားမင်း ...နေနိန် စွန်းကိန်လို့ဆင်း"

"ဆွေ"ဆိုတာ ဓနုလို "ရွှေ"လို့ ခေါ်တာ။ ရွှေအီကုတ်



လို့ တင်စားလိုက်တာ။ ဆူးပုပ်ရောလိုက်တဲ့ အနံ့အရသာက ပြီးပြည့်စုံတဲ့ ရသာရနံ့ဖြစ်ပေါ်စေတော့ သိကြားမင်းတောင် မနေနိုင်လောက်အောင် ဖွန်းကိုင်(စွန်းကိုင်)ပြီး ဆင်းလာရတဲ့ အထိ အီကုတ်ဟင်းရနံ့က ဆွဲဆောင်မှုကို တင်စားထားတာလေ။

ထမင်းလည်းစား၊ ကဗျာလည်း နားထောင်ရင်း အီကုတ်ကြော်အဆီတက်၊ ထမင်းဆိပ်ရှာတက်၊ ကျွန်မမျက်လုံးများ ဆင်းကာ သမ်းဝေလာတော့သည်။ ထမင်းဝိုင်းပင် ဝိုင်းကူ မသိမ်းနိုင်တော့။

"မမနွယ်ရေ ‥ညီမတော့ အိပ်ငိုက်လာပြီ။ မရတော့ဘူး"

တောင်ပေါ်ရာသီဥတုက အေးမြမြ၊ အီကုတ်နှင့်ဆူးပုပ်က အစွမ်းပြလေပြီ။ မည်မျှအချိန်ကြာအောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်မသိ၊ ကလောမြို့ ဘုရားဖူးခြင်း အစီအစဉ်ရွှေ့လိုက်ရတော့သည်။

ဓနုမြေရောက် မမေ့နိုင်သောအမှတ်တရဖြစ်တော့သည်။

ဟန်သီဇင်

www.burmeseclassic.com

www.burmeseclassic.com



# ရင်ကိုသက်

## ရေမွှေးမှောက်ကျတဲ့

## မွှေ့ယာ



ဒီနှစ် . . . ကြက်သွန်ဖြူနှင့်ဂျင်း အထွက်ကောင်းတာကြောင့် တောင်သူ ကိုရိုး ပျော်မဆုံးနိုင် ဖြစ်နေသည်။ တောင်ယာခင်းထဲက အပင်တွေကို ကြည့်လိုက် ဂိုထောင်ထဲရောက်နေတဲ့ အိတ်တွေကို ကြည့်လိုက်နဲ့ ပျော်နေတဲ့ မိန်းမဖြစ်သူ မကြည်မှာလည်း အငယ်ဆုံးသားလေး ရှင်ပြုပေးဖို့တွေးရင်း အစီအစဉ်တွေ ဆွဲနေပြန်သည်။

"မိန်းမရေ ဒီတစ်ခေါက်မြို့ကို ငါကိုယ်တိုင်တက်မယ်ကွာ"

"ကျွန်မလည်း အဲဒါပြောမလို့ဘဲ ပွဲရုံက ဒေါ်ပန်းလှက လည်း မလာတာကြာလို့ လူကြုံမှာနေတာ၊ ဒီလို သီးနှံကောင်းတဲ့အချိန် တော့်မျက်နှာထွက်ပြလိုက်ဦး၊ ပြီးတော့ လိုအပ်တာတွေလည်း ဝယ်ခဲ့လေ၊ သားအလှူအတွက် အခုတည်းက ကြိုစုရမယ်"

မိဘတွေလက်ထက်တည်းကရှိတဲ့ ယာခင်းထဲမှာ ကြက်သွန်ဖြူစိုက်၊ ဂျင်းစိုက်တဲ့အလုပ်ကလွဲရင် တခြားဘာအလုပ်မှလည်လည်ဝယ်ဝယ်မလုပ်တတ်တဲ့ ကိုရိုးအတွက် ခုလိုသီးနှံအထွက်ကောင်းတာ ကြုံခဲ့သည်။ အရင်တုန်းကတော့ ကားသမားနဲ့သာ ပစ္စည်းပို့၊ ငွေရှင်းခဲ့တာကြောင့် ကိုရိုး မြို့ကိုမရောက်တာအတော်ကြာပြီ၊ သွားမယ်လို့ အားခဲထားပေမဲ့ တကယ်တမ်း မြို့သွားမယ့်မနက်ရောက်တော့ ကိုရိုးစိတ်ထဲကြောက်နေသည်။ မိန်းမ,မရခင် လွန်ခဲ့တဲ့ဆယ်နှစ်ကျော်လောက်က မြို့ကို အဖေနဲ့အတူလိုက်သွားရင်း မျက်စိလည်လမ်းမှားပြီး တစ်ညလုံး ယောင်လည်လည်နဲ့ အဖမ်းခံရဖူးသည်။ အဲဒီတည်းက မြို့ဆို ဘယ်လောက်အရေးကြီးတဲ့ကိစ္စ ဖြစ်နေပါစေ မိန်းမကိုပဲသွားခိုင်းသည်။

"ကိုရိုး . . . ရှင် ဘာတွေစဉ်းစားနေတာလဲ၊ ဟိုမှာ ကားသမားရောက် နေပြီ သွားတော့လေ"

www.burmeseclassic.com

www.burmeseclassic.com





"ဩော် ...မကြည် မင်းပဲသွားပါလားကွာ၊ ငါက ဒေါ်ပန်းလှအိမ်ကို တစ်ခေါက်သွားရင် ဆယ်နှစ်မသွားဖြစ်သွားနော်"

"ဘာဖြစ်နေပြန်ပြီလဲ၊ သွားမှာသာ သွားပါ၊ ကျွန်မ ကားသမားမှာ လိုက်ပါတယ်၊ ဒေါ်ပန်းလှတို့ အိမ်နဲ့ဈေးမှာ ရပ်ပေးမှာပါ ကိုရိုး ဘာမှမကြောက်နဲ့ စိတ်ကို အေးအေးထားသွား"

မကြည်စကားကြောင့် ကိုရိုး အဝတ်ထုတ်ဆွဲကာ ကားပေါ်တက်လာခဲ့သည်။ မြို့ရောက်တာနဲ့ လိုအပ်တာတွေကို ဈေးမှာ အရင်ဝယ်နေတာကြောင့် ပွဲရုံရောက်တော့ ညနေစောင်းနေပြီ။

"ဟော ...ကိုရိုးကြီးကိုယ်တိုင်လိုက်လာတာပါလား လာ..လာ မတွေ့တာ တော်တော်ကြာနေပြီ၊ နေကောင်းတယ်မို့လား"

"ကောင်းပါတယ် ..ဒေါ်ပန်းလှရယ်၊ ဒီတစ်ခေါက် ဝယ်စရာနည်းနည်းများလို့ ကိုယ်တိုင်လာခဲ့တာ"

"ကောင်းတယ် ...အပြင်မှာ အရမ်းအေးနေတာ မပြန်ပါနဲ့၊ ဒီမှာတစ်ညတော့အိပ်ပေါ့၊ ဘာမှအားမနာနဲ့"

ဒေါ်ပန်းလှကလည်း မပြန်ဖို့ ပြောသလို ကားသမားကလည်း ကုန်တွေချတာမပြီးလို့ သူလည်း တစ်ညအိပ်ဖို့ခေါင်းညိတ်လိုက်သည်။ ညနေစာစားပြီးနောက် အိမ်ရှေ့မှာ မီးဖိုပြီး ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ဖုတ်ကို အခါးရည်သောက်ရင်း ဒေါ်ပန်းလှသားတွေနဲ့ စပ်မိစပ်ရာစကားတွေ ပြောကြသည်။

အခါးရည်သောက်လိုက် ကောက်ညှင်းပေါင်းစားလိုက်နဲ့ အတော်ညဉ့်နက်မှ အိပ်ယာဝင်ဖြစ်သည်။ ညဉ့်နက်လာတာနှင့် အအေးဓာတ်က အတော်ကဲလာသည်။

နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးက အပေါ်ထပ် ညှော်သည်နေတဲ့အခန်းမှာ အိပ်ယာဘေးက မီးဖိုအနွေးဓာတ်နှင့် အတူ ဂွမ်းစောင်ထူထူခြုံရင်း ကိုရိုး အိပ်ပျော်သွားတော့သည်။

ရေနွေးငွေ့တွေတထောင်းထောင်းထနေတဲ့ ရေပူစမ်းကန်ကြီးကို မြင်လိုက်တာနဲ့ ကိုရိုး ဝမ်းသာအားရ ရေချိုးလိုက်တော့သည်။ နွေးမယ်ထင်ထားပေမဲ့ တကယ်တမ်း တော်တော်အေးတာကြောင့် ကိုရိုး လန့်နိုးလာခဲ့သည်။

"ကိုရိုး နိုးပြီလား"

"ဟုတ် ...ဟုတ်"

"ဒါဆိုလည်း ဆင်းလာခဲ့လေ၊ ကျွန်မ ထမင်းကြော်ထားတယ်"

"ကျွန်တော် ပြန်အိပ်လိုက်ဦးမယ်၊ အိပ်ရေးမဝသေးလို့ပါ"

မနက်ခြောက်နာရီကျော်သာ ရှိသေးတာမို့ ကိုရိုး အိပ်ရာထဲကမထွက်သေးဘဲ ပြန်ငြိမ်နေလိုက်သည်။ ဘာလုပ်ရမှန်းမသိ အတော်စိတ်ညစ်နေတဲ့ ကိုရိုးတစ်ယောက် ဆောင်းတွင်းကြီးမှာ ချွေးစေးပြန်နေသည်။

အရင်လာတုန်းက မနက်လေးနာရီဆိုရင် သူထက်အရင်နိုးနေတတ်တဲ့ ကိုရိုးတစ်ယောက် နေများမကောင်းလို့များလား။ ဆယ်နာရီထိုးတဲ့အထိ အိပ်ရာထဲကမထွက် ဆင်းမလာသေးတာကြောင့် ဒေါ်ပန်းလှအိမ်ပေါ်တက်ခဲ့သည်။

"ကိုရိုး ...မထသေးဘူးလား၊ ကားသမားလာတော့မယ်"

"ဒေါ်ပန်းလှ ကျွန်တော့်ကို အခု လက်ရှိခြုံထားတဲ့ ဂွမ်းစောင်လေးရောင်းလိုက်ပါလားဗျာ"

"ဩော် ...ဒီစောင်တွေက ဧည့်သည်အတွက်ထားတာတွေပါ"

"သိပါတယ်ဗျာ ...၊ ဒါပေမဲ့ ကျွန်တော်ဒီစောင်ပဲ သဘောကျတယ် ရောင်းပါဗျာ"

"မရောင်းပါဘူး ကိုရိုးရယ်၊ အဲဟောင်းကြီးကိုး ကျွန်မဈေးက ဒီထက်ကောင်းတာ အပြန်လက်ဆောင်ဝယ်ပေးပါမယ်၊ အခု ဈေးခဏသွားလိုက်ဦးမယ်"

ဒေါ်ပန်းလှ ဈေးကပြန်လာတော့ ကိုရိုးမတွေ့တာနှင့် ကိုရိုး ပြန်သွားပြီဆိုတာ သိလိုက်ပြီး သူခြုံထားတဲ့စောင်ကို နေပူထုတ်လှန်းလိုက်ရင်း ပြုံးလိုက်မိသည်။ အပြင်က ပြန်လာတဲ့သားနှစ်ယောက်က စောင်လှန်းနေတဲ့အမေကို မြင်တော့–

"အမေ ...ကိုရိုး မနက်က ဘာလို့ သူခြုံတဲ့စောင်ကို တောင်းဝယ်နေတာတုန်း"

"သူ့စောင်ထဲမှာ ရေမွှေးပုလင်းမှောက်ကျသွားလို့ပေါ့ သားရယ်"

"ဘယ်လောက်ကောင်းတဲ့ ရေမွှေးမို့လို့လဲဗျ"

"သိချင်ရင် သွားမွှေးကြည့်ပေါ့ ဟိုဘက်မှာ စောင်လှမ်းထားတယ်"

နေရာတကာ စပ်စုချင်တဲ့သားနှစ်ယောက်က အပြေးအလွှားသွားရင်း ခြံထဲမှာလှမ်းထားတဲ့ စောင်နားရောက်သည်နှင့် ကိုရိုး မှောက်ကျသွားတဲ့ ရေမွှေး သို့မဟုတ် သေးနံ့ပြင်းပြင်းက နှာခေါင်းထဲကို တိုးဝင်လာသည်။

"အမေရယ် ...ကိုရိုးရေမွှေးက ပြင်းလှချည်လားဗျ"


"အမလေးဗျာ ...၊ ကိုရိုး ရေမွှေးက နှာခေါင်းထဲစွဲပြီး ခေါင်းတောင်ကိုက်ပါတယ်၊ ညက အမေ တညင်းသီးနဲ့ တို့စရာတွေ ကျွေးထားတာပဲ အနံ့က တော်တော်ပြင်းပြီးတော့'ထွီ' လွှန်ခဲ့တဲ့ ဆယ်နှစ်တုန်းကလည်း ကိုရိုးက ဒီလိုပဲ ရေမွှေးမှောက်ကျဖူးတာကို အမေပြောပြခဲ့ဖူးတာ သတိရလိုက်သည်။

စင်ကိုသင်

www.burmeseclassic.com

www.burmeseclassic.com





# မြနှောင်းညို

## သတိရအောက်မေ့ခြင်း တစ်စုံတစ်ရာ

ကျွန်မ၏ အမျိုးသားမှတ်ပုံတင် အမှတ်သည် MMN 540539 ဖြစ်ပါသည်။ ၁၉၆၂ ခုနှစ်က ကျွန်မ၏ဖခင် (ထိုစဉ်က ဗိုလ်ကြီး)တင်ဝင်းညိုသည် မော်လမြိုင်မြို့အရှေ့တောင်ပိုင်းစစ်ဌာနချုပ်တွင် တာဝန်ထမ်းဆောင်ရန် ရွှေ့ပြောင်းရပြီး ကျွန်မတို့မောင်နှမတွေကလည်း ဖေဖေ၊ မေမေတို့နှင့်အတူ မော်လမြိုင်တွင်နေခိုက်ဖြစ်သည့်အတွက် မှတ်ပုံတင်အမှတ်အသားအားလုံး မော်လမြိုင်မှ ရရှိခဲ့ပါသည်။ ထိုမှတ်ပုံတင်တွင် ကျွန်မ၏ လူမျိုး/ဘာသာသည် မြန်မာရှမ်းဖြစ်ခဲ့သည်ဟု ထင်ပါသည်။

၁၉၇၂ ဝန်းကျင်တုန်းက အဲသည်မှတ်ပုံတင်ကတ်ပြားလေး ပျောက်ဆုံးသွားပါသည်။ စိတ်ထင်ကတော့ ကမ္ဘာအေးဘုရားလမ်းအတိုင်းမောင်းနှင်သောဘတ်စ်ကားတစ်စီးပေါ်မှ အဆင်းတွင် ကျွန်မ၏ လက်ကိုင်ခြင်းထဲမှ ပိုက်ဆံအိတ်ကလေးအလစ်သုတ်ခံလိုက်ရပြီး ပိုက်ဆံကျပ်နှစ်ဆယ်နှင့်အတူ လိုက်ပါပြားကလေးပါသွားသည်ဟု ယူဆမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်ထိုအခါက ကျပ်နှစ်ဆယ်ဆိုသည်မှာ ဗိုလ်ချုပ်အောင်ဆန်းပုံပါ တစ်ဆယ်ကျပ်တန် ငွေစက္ကူနှစ်ရွက်ဖြစ်ပြီး ရွှေတစ်ကျပ်သားကို ငွေလေးရာကျပ်ပေါက်ပါသည်။ ကျွန်မ ငိုပွဲဆင်ခဲ့ရပါသည်။

မကြာမီမှာပင် ‥ ကျွန်မသည် ကျန်းမာရေးဝန်ကြီးဌာနတွင် အလုပ်တာဝန်ထမ်းရွက်လျက်ရှိသော ဆရာဝန်တစ်ဦးဖြစ်သည့် ခင်ပွန်း၊ သားသမီးများနှင့်အတူ သထုံမြို့သို့ ပြောင်းရွှေ့ခဲ့ရပါသည်။ ထိုအချိန်က အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် ယခုဗိုလ်ချုပ်တင့်ဆွေ(ငြိမ်း)မှာ တိုင်းမှူးတာဝန်ထမ်းဆောင်နေပါသည်။ အန်ကယ်တင့်ဆွေနှင့် အန်တီစန်းတို့ထံ အလည်အပတ်သွားရင်း ကျွန်မ၏ မှတ်ပုံတင်ပျောက်ဆုံးနေသည့်အကြောင်း အကူအညီတောင်းခံခဲ့ပါသည်။ အသစ်တဖန်ရရှိလာသော မှတ်ပုံတင်ကတ်ကို ကျေးဇူးတင်စွာဖြင့် လက်ခံရရှိပြန်ပါသည်။ ဆေးကျောင်းမှ ခွင့်တင်ပြီး ၉ နှစ်အကြာတွင် ကျွန်မသည် တတိယနှစ်(ဆေး)ကို ပြန်လည်တက်ရောက်သင်ကြားခွင့်ရရှိခဲ့ပါသည်။ ထို့နောက် တဖန် ၁၉၈၂ ခုနှစ်တွင် ဆရာဝန်အဖြစ် ဘွဲ့ရရှိခဲ့ခြင်းဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်တစ်ခုပြောင်းလဲကိုင်ဆောင်ရန်အကြောင်း ဖန်လာခဲ့ပါသည်။ ကျွန်မ၏အသက်မှာ ၃၃ နှစ်ရှိနေပါပြီ။ အစိုးရအလုပ်ရှိမှသာ နိုင်ငံခြားသို့ ပညာသင်စေလွှတ်သောခေတ်ဖြစ်သည့်အလျောက် အသက် ၃၅ နှစ်ကျော်လျှင် ဘွဲ့လွန်ရရှိမှာ မဟုတ်တော့ပါ။

လူဖြစ်လာကတည်းက ရိုးဖြောင့်မှန်ကန်သောကျွန်မသည် အစိုးရအလုပ်ရပြီး နိုင်ငံခြားသို့ ဘွဲ့လွန်သွားယူနိုင်အောင် ကလိမ်ကကျစ်မလုပ်စဖူး လုပ်မိပါတော့သည်။

ကျွန်မနေထိုင်ရာ အင်းစိန်မြို့နယ် လဝကလူဝင်မှုကြီးကြပ်ရေးရုံးတွင် မှတ်ပုံတင်ပျောက်ဆုံးကြောင်းတင်ပြပြီး အသစ်လျှောက်ထားခဲ့ပါသည်။

ထိုစဉ်က ကျွန်မ၏ လူမှုဆက်ဆံရေးကောင်းမွန်သောကြောင့် ကျွန်မထံမှ အချက်အလက်များကို လဝကသည် ယုံကြည်စွာလက်ခံကာ မွေးသက္ကရာဇ်အမှန် ၁၉၄၉ ခုနှစ်၊ တော်သလင်းလ ၄ ရက် (၄-၉-၁၉၄၉)အစား (၄-၉-၁၉၅၃) ဟု ပြောင်းလဲကိုင်ဆောင်နိုင်ခဲ့ပါသည်။

ထိုမှတ်ပုံတင်ကိုပြသပြီး နိုင်ငံကူးလက်မှတ်ကို လျှောက်ထားရရှိခဲ့ဖူးပါသည်။ အခန့်မသင့်သောအခါတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသက်ထွဋ်၏လက်ထက်၌ အိမ်ထောင်စုစာရင်းများ၊ မှတ်ပုံတင်နံပါတ်များနှင့် နိုင်ငံကူးလက်မှတ်နံပါတ်များကို တိုက်ဆိုင်ကြည့်သည့်အခါသမယသို့ ရောက်ရှိခဲ့ပါတော့သည်။ ကျွန်မ၏ ချို့ယွင်းချက်မှာ အိမ်ထောင်စုစာရင်းတွင် ကျွန်မ၏အသက်ကို မပြုပြင်ထားမိခဲ့ပါ။ အိမ်ထောင်စုစာရင်းနှင့် အမျိုးသားမှတ်ပုံတင်ကတ်ပြားလေးကိုင်ဆောင်ပြီး မင်းကြီးလမ်း (ယခုဗဟိုလမ်းဘေးမှ အင်းစိန်မြို့နယ်ဦးစီးရုံးများရှိရာ) သို့ ရောက်ခဲ့ရပါတော့၏။ ကျွန်မ၏အသက်သည် မော်လမြိုင်လဝကရုံးမှတ်တမ်းများတွင်သာရှိလိမ့်မည်ဟု ထင်မှတ်ခဲ့စေကာမူ တကယ်တော့ အင်းစိန်လဝကရုံးမှတ်တမ်းတွင် ကူးယူမှတ်ထားပြီးသား ဖြစ်နေပါသည်။

ထိုမျှမက ထပ်မံတိုးချဲ့လိုက်သောနိုင်ငံသားစိစစ်ရေးကတ်ပြားတွင် တစ်ခြမ်းက ကျွန်မ၏ ဓာတ်ပုံ၊ အမျိုးသားမှတ်ပုံတင်နံပါတ် MMN 540539 ဖြစ်ပြီး နောက်တစ်ခြမ်းက ၁၂/အစန(နိုင်)၁၄၂၁၁၇ တို့ ဖြစ်ပါသည်။ နှစ်ပေါင်းများစွာအလွတ်မရခဲ့သော နိုင်ငံသားစိစစ်ရေးနံပါတ်ကို ယခုတော့ လက်တန်းထမင်းစားရေသောက်ရွတ်ဆိုနိုင်ပါပြီ။

“ဟုတ်လား ‥ ကျွန်မက ဓနုလူမျိုးလား၊ ကျွန်မရဲ့ အဖေက ဗမာလေ။ ကျွန်မရဲ့ အမေက ရှမ်းကြီးမျိုးနွယ်တဲ့။ အဲဒါဆို ကျွန်မက ရှမ်းဗမာပေါ့။ ဒါမှမဟုတ် ဗမာရှမ်းပေါ့ မဟုတ်ဘူးလား”

ကျွန်မ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(အမျိုးသားမှတ်ပုံတင်)တွင် လူမျိုး/ဘာသာဆိုရာ၌ ဓနု/ဗုဒ္ဓ ဟု ရေးဖြည့်ထားပါသည်။ တစ်သက်လုံးက ကျွန်မကိုကျွန်မ မြန်မာရှမ်းဟု ထင်မှတ်လာခဲ့သည်။

တကယ်တော့ အဖေဦးတင်ဝင်းညိုက မြန်မာဓနုဖြစ်ပါသည်။ မင်းမှုထမ်းဖြစ်စေ၊ စီးပွားရေး၊ စိုက်ပျိုးရေးစသည်ဖြင့် လုပ်ကိုင်စားသောက်ရင်း ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေရာသစ်ရှာဖွေရင်းမှ ရှမ်းပြည်ဘက်ရောက်လာသော မြန်မာတွေဖြစ်စေ၊ အိမ်ထောင်ရက်သားကျပြီး အခြေချနေထိုင်လာကြရာ အနေကြာသောအခါ ဓနုလူမျိုးအမည်ခေါ်တွင်သတ်မှတ်လာကြပါသည်။ ထို့ကြောင့်လျှင် အဖေဘက်မှ မြန်မာဓနုဟုသာ ယူမှတ်ရပါလိမ့်မည်။

ကျွန်မ၏မိခင် ဒေါ်ခင်ဌေးဖြူသည် ရှမ်းကြီးမျိုးနွယ်စုမှ ပေါက်ဖွားဆင်းသက်လာသူဖြစ်ပါသည်။ သို့ရာတွင် ဖခင်၏အမည်နှင့် အမျိုးအနွယ်ကိုသာ မှတ်ပုံတင်ကြရသည်ဖြစ်ရကား ကျွန်မသည်လည်း ရှမ်းမဟုတ်ဘဲ ဓနုလူမျိုးအဖြစ်သာ ရေးမှတ်ထားခြင်းခံရပါတော့၏။ မည်သို့ပင် ဖြစ်စေကာမူ ကျွန်မသည် မြန်မာနိုင်ငံသားစင်စစ်ဖြစ်သည်ကို ဂုဏ်ယူမဆုံးရှိနေပါတော့၏။

မြနှောင်းညို

www.burmeseclassic.com

www.burmeseclassic.com



# တို့ရင်ထဲက အမိဌာန်

ရေနံမြေမောင်မောင်ကြည်



စိမ်းစိုနုသစ်ဝေသော သစ်ပင်ပန်းမန်အုပ်ဆိုင်းဝန်းရံလျက် အလယ်တန်းကျောင်းကလေးသည် တည်ငြိမ်စွာ ရှိနေသည်။

နံနက်ခင်းတွင် နေခြည်သစ်က ထွန်းပနေသည်။ တစ်ခုသော သတ္တမတန်း အတန်းထဲတွင် ဖြစ်သည်။

"ကဲ ...ကလေးတို့ရေ ...သန်ဘက်ခါဆိုရင် ပြည်ထောင်စုနေ့ ကျရောက်တော့မယ်။ အဲ့ဒါ ဆရာတို့ အတန်းထဲမှာ အတန်းသားတွေပါတဲ့ ပြည်ထောင်စုနေ့ စုပေါင်းသရုပ်ဖော်ကပွဲလေးတစ်ခုလုပ်ရအောင်၊ ဆရာကြီး ကလည်း ခွင့်ပြုထားပါတယ်" ဟု ဆရာမက ပြောလိုက်သောအခါ ..

"ကောင်းပါတယ် ဆရာမ" ဟု အားလုံးက သံပြိုင်ဟစ်ကာ ထောက်ခံကြသည်။

"နောက်ပြီး တို့အတန်းထဲမှာ ပြည်ထောင်စုတိုင်းရင်းသားတွေ ဘယ်နှယောက်လောက်ရှိကြသလဲကွဲ့"

"လေးငါးရှစ်ယောက်လောက်ရှိပါတယ်" ဟု ပြန်ပြောကြသည်။

"ဘရန်က ကချင်၊ နော်လေးက ကရင်ပါ၊ ချင်းစပေါင်းက ချင်းပါ၊ နန်းနွယ်က ရှမ်းမလေးပါ ဆရာမ၊ နောက်ပြီး .."

"ဟုတ်လား ..ဒါဆို အတော်စုံနေပြီပဲ။ ဒါနဲ့ မင်းကကော မောင်အောင်ကျော်"

"ကျွန်တော်က ရခိုင်ပါ ဆရာမ" ဟု မောင်အောင်ကျော်က ပြန်ပြောသည်။

"ကဲ ..ဒါဆို သီပ်အဆင်ပြေတာပေါ့ကွယ်၊ ကျန်တဲ့သူတွေလည်း ပါရမယ်"

ထိုနေ့က အားလုံးပျော်ရွှင်သွားကြလေသည်။

ထို့နောက် သူတို့အတန်းသားများသည် ခုံများကို စီကြသည်။ ကန့်လန့်ကာများ ငှားရမ်းတပ်ဆင်ကြသည်။

ပြည်ထောင်စုနေ့တွင် ဖြစ်သည်။

ဆရာမက ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းပြသည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။ အမိမြန်မာပြည်ပင်တည်း။

ထို့နောက် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားဝတ်စုံများကို ဝတ်ဆင်ပြီး ကျောင်းသူ၊ ကျောင်းသားလေးများ ထွက်လာ ကြ၏။

ပြည်ထောင်စုအလံတော်ကိုင်ထားသော အမိမြန်မာပြည်ကို တိုင်းရင်းသူ၊ တိုင်းရင်းသားများက ဝိုင်းပတ်ခြံရံထားလိုက်ကြသည်။

"တို့တိုင်းရင်းသားတွေ ××× ပြည်ထောင်စုအခွန့်ရှည်ရေး ××× အတူလက်တွဲကာ ××× နယ်ချဲ့ရန် တိုက်ဖျက်မလေ ××× သွေးစည်းကြဖို့မသွေ ×××"

တိုင်းရင်းသားတေးသံများ လွင့်ပျံလာသည်။

ထိုစဉ် အစွယ်ပြူးပြူးနှင့် နယ်ချဲ့ဘီလူးကြီးပေါ်လာ ပြီး အမိမြန်မာပြည်ကိုဖမ်းရန် ကြိုးစားသည်။

သို့သော် တိုင်းရင်းသားများက တွန်းလှန်ဖယ်ရှားကာ နယ်ချဲ့ဘီလူးကို အနိုင်တိုက်နိုင်လိုက်လေသည်။

ပြည်ထောင်စုသားများ၏ အမိမြန်မာပြည်အလံသည် လေတွင် တလွင့်လွင့်နှင့် ..။

ထို့နောက်တွင် ကချင်တိုင်းရင်းသားလေး ဘာရန်ထွက်လာ၍ ကချင်ဓားသိုင်းအကကို ကလေသည်။

ပြီးလျှင် ဥမ္မာက ကယားဝတ်စုံနှင့် ထွက်လာသည်။ ထို့နောက် ကရင်တိုင်းရင်းသားဝတ်စုံနှင့်၊ ချင်းတိုင်းရင်းသားဝတ်စုံနှင့်၊ မွန်တိုင်းရင်းသားဝတ်စုံနှင့် မြန်မာဝတ်စုံနှင့်၊ ရခိုင်တိုင်းရင်းသားဝတ်စုံနှင့်၊ ရှမ်းတိုင်းရင်းသားဝတ်စုံနှင့် အသီးသီးထွက်လာကြသည်။

ပြည်ထောင်စုတိုင်းရင်းသူ၊ တိုင်းရင်းသား ကျောင်းသူကျောင်းသားလေးများသည် ချစ်ကြည်ရေးစိတ်ဓာတ်အပြည့်နှင့် ပျော်ရွှင်စွာကပြနေကြသည်ကို ကြည့်ရှုနေကြသည်ကို ကြည့်ရှုနေကြသော ကျောင်းသူ၊ ကျောင်းသားလေးများကလည်း လက်ခုပ်များတီးကာ အားပေးနေကြသည်။

မကြာမီ စင်ပေါ်မှ တိုင်းရင်းသူ၊ တိုင်းရင်းသားများသည် ကြည့်ရှုနေသူများကို ဦးညွတ်လိုက်သည်။ ပြီးလျှင် တော့ ...

"ပြည်ထောင်စုနေ့ တို့မမေ့ ..
ပြည်ထောင်စုအရေး တို့အရေး ..
ပြည်ထောင်စုဖျက်သူ တို့ရန်သူ ..
တိုင်းရင်းသားချစ်ကြည်ရေး အခွန့်ရှည်ပါစေ .."

ဟူသော ကြွေးကြော်သံများကို သံပြိုင်ဟစ်ကြွေးကြ ကာ သရုပ်ဖော်ကပွဲလေးကို အဆုံးသတ်လိုက်ကြလေသည်။

ရေနံမြေမောင်မောင်ကြည်

**ပင်လုံမြို့တွင်**
**ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ပုံများ၊**
**သူ့ကျွန်ဘဝမှ လွတ်မြောက်ရန်**
**တိုင်းရင်းသားအားလုံး**
**စည်းလုံးညီညွတ်စွာဖြင့်**
**တိုက်ပွဲဝင်ခဲ့ရပုံများ**
**ပြည်ထောင်စုကြီးအခွန့်ရှည်ရေးနှင့်**
**တိုင်းရင်းသားစည်းလုံးညီညွတ်မှု**
**လိုအပ်ကြောင်းများ . . .**

---


နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံမြို့တွင် ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ပုံများ၊ သူ့ကျွန်ဘဝမှ လွတ်မြောက်ရန် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် တိုက်ပွဲဝင်ခဲ့ရပုံများ ပြည်ထောင်စုကြီး အခွန့်ရှည်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု လိုအပ်ကြောင်းများ၊ မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ ဥမကွဲသိုက်မပျက် အတူလက်တွဲရမည့်အကြောင်းများနှင့် ငြိမ်းချမ်းလှပ်ရေးကိုထိန်းသိမ်းရန် တာဝန်ရှိကြောင်းများကို ပြောပြလေသည်။

ပြီးလျှင် ကန့်လန့်ကာကို မတင်လိုက်သည်။ ကျောင်းသူလေး ခင်ဝတ်မှုန် ပြည်ထောင်စုအလံတော်ကို ကိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံပန်းလှလှလေးတွေ ဖူးပွင့်
ကြတယ်။

လိပ်ပြာလေးတွေ ပျံသန်းနေကြ
တယ်။

လသာတယ်။ လမိုက်ညမှာ ကြယ်
တွေကြည့်ရင်း ကြည်နူးတယ်။

အဲဒီလို ...။

လောကသဘာဝအလှတရားတွေ
ကို ခံစားတတ်တဲ့အတွက် ကျော်နီ့ရင်
ထဲမှာ အချစ်ဆိုတာရှိတယ်။

တိရစ္ဆာန်တွေရဲ့လောကမှာ အဲဒီ
အလှအပတွေမခံစားတဲ့အတွက်'အချစ်'
ဆိုတာ မရှိဘူး။

ကိုယ်ချစ်နေရတဲ့ချစ်သူကို တစ်
ခြားသူယူဆောင်သွားခဲ့ရင်ဖြင့် အချစ်
ဆိုတာ ခွင့်လွှတ်ခြင်းပဲတဲ့။

ဒါမျိုး ...။

ကျော်နီဆိုတဲ့ကောင်က လက်မခံ
ဘူး။

ဘာဖြစ်လို့လဲသိလား။ ရင်နာနာ
နဲ့ ခွင့်လွှတ်ရမှာမို့ ကျော်နီ ရင်မနာချင်
ဘူး စိမ်း။

"စိမ်း ...လက်ကို လွှတ်ပါ ကျော်နီရယ်"

စိမ်းမျက်နှာပြင်လှမ်းကြည့်တော့ ဒုဋ္ဌဝတီကျောက်ဒရန်းကို ငေးငေးငူငူကြည့်လို့၊ ကျော်နီစကားကို အလေးထားဟန်မတူဟု ကျော်နီယူဆလိုက်သည်။ အိုမင်းရင့်ရော်စပြုပြီဖြစ်သည့် ဆောင်းသရုပ်ကို မြောက်ပြန်လေက တစ်ချက်တစ်ချက် ဖော်ဆောင်နေလေရဲ့။ ကျော်နီ့ရင်သည် ကြမ်းတမ်းသော ဒုဋ္ဌဝတီရေစီးနှင့်အပြိုင် စီးဆင်းနေတယ်။

"စိမ်း ...၊ မင်း ...ဒီ သစ်ပွဲစားနဲ့ မယူရဘူး၊ လက်မထပ်ရဘူး"

"ကျော်နီ ...၊ နင့်စကားတွေ ရှိင်းလာပြီနော်"

"ကျော်နီလေ ...စိမ်းကို မချစ်တတ်ချစ်တတ်နဲ့ချစ်၊ မလွမ်းတတ်လွမ်းတတ်နဲ့လွမ်း။ နင် ..နယ်ပြောင်းသွားတော့လည်း ကျော်နီမှာ ဆွေးရ၊

အဲဒီလို အချစ်ကို သံယောဇဉ်ပျိုးမိခဲ့သူမို့ ...နင့်ကို မိုးမဆုံး မြေမဆုံး၊ အိုကွာ ...စကြာဝဠာတစ်ခုလုံးမှာ ကျော်နီမုန်းမေ့လို့မရတာက 'စိမ်းလွမ်းညို'ဆိုတဲ့ အသည်းဖြူမလေး တစ်ယောက်လို့ ထင်ခဲ့တာ၊

ခုတော့ ...ကျော်နီ့ ဘဝမှာ မဟာအမှားကြီး မှားခဲ့ပြီပေါ့"

ဒုဋ္ဌဝတီမြစ်ရေနှင့်အပြိုင် ကျော်နီရင်ခုန်သံတို့က ဝုန်းဒိုင်းကျဲနေသလို၊ ခံစားမှုအကုန် ဖွင့်ဟပြောမိသည်။ စိမ်းလွမ်းညို အံကြိတ်သည်ကို ကျော်နီ သတိထားမိ၏။

"ကျော်နီ ...စိမ်းလက်ကို လွှတ်နော်၊ မလွှတ်ရင် ဒီကျောက်ဒရန်းကနေ မြစ်ထဲ ခုန်ချမိလိမ့်မယ်"

"အဲဒီလို ...ခြောက်ကပ်ကပ် စိုန်ခေါ်မှုတွေနဲ့ ကျော်နီကိုမပြောနဲ့၊ ကျော်နီ. ...မျက်နှာမြင်နေရရင် မျက်တောင်မခတ်ချင်ဘူးဆို၊ မျက်စိတမှိတ်လျှပ်တစ်ပြက်အတွင်းမှာ ကျော်နီနဲ့ ဝေးသွားမှာစိုးလို့ဆို ...၊

ဘာတဲ့ ...အနာမျိုးဆိုတာလဲ တစ်ရာပဲတဲ့၊ အချစ်မျိုးဆိုတာလဲ တစ်ရာပဲတဲ့၊ အဲဒါတွေ ...ရင်ထဲမှာ လူးလားခေါက်ပြန်နဲ့ ဖြစ်နေတဲ့အကြားမှာ ချစ်ရတဲ့ အဆွေးကြောင့် တစ်သက်လုံး ခံရတတ်တယ်ဆိုတဲ့ ...'အာရပ်' လူမျိုးများ စကားပုံရှိတယ်ဆို ...၊ ငယ်ကချစ် အနှစ်တရာ မမေ့သာဆိုတာတွေရော ...၊ စိမ်းပြောခဲ့တာ မေ့ပြီလား။

စိမ်းပဲ ပြောတာလေ ..၊ ကျော်နီကို အလွမ်းမပြေလို့ ကျောင်းကို သွားနေကျခရီးတစ်ထောက်မှာ ခရေပန်းအကြွေတွေ ရွေးသီကောက်ရင်း အချစ်အလွမ်းစိတ်ကို ဖြေသိမ့်ခဲ့တယ်ဆို ..၊ ရင်မှာဗလောင်ဆူနေလို့ စမ်းရေသောက်တာတောင်မှ မအေးမြနိုင်ဘူးဆို။

စမ်းရေအေးတွေ ..အေးမည့်နေရာ၊ ပန်းကြွေတွေ ...မွှေးမည့်နေရာကို မရေရာတဲ့ စိမ်းကမ္ဘာကနေ ရင်ကိုတက်ခုန် ရွှက်ကုန်ဖွင့်လို့ နေခဲ့ရတဲ့ရက်ပေါင်းလည်း မနည်းတော့ဘူးဆို ..."

ကျော်နီ့ရင်ထဲ ခံစားမှုကို စိမ်းကို ခရားရေလွှတ် ပြောမိသည်။ သို့သော် ချစ်ရပါသောစိမ်းက စိတ်မဝင်စား။ ဒေါသများ ပြင်းထန်လာပြီး လက်ကို လွှတ်ပေးဖို့ အတင်းရုန်းသည်။ စိမ်းလွမ်းညိုမျက်နှာကို အသေအချာ ကျော်နီ စိုက်ကြည့်သည်။ ဒုဋ္ဌဝတီလေနုအေးက နှင်းငွေ့သယ်ဆောင်ပြီး ချစ်သူနှစ်ဦးကို အေးမြစေနိုင်သော်လည်း ကျော်နီ ရင်ထဲ မအေးမြနိုင်သလို၊ စိမ်းလွမ်းညိုရင်ထဲလည်း အေးမြနိုင်စွမ်းရှိမည် မဟုတ်ဟု ကျော်နီတွေးသည်။

"ကျော်နီ ...နင့်စကားကို ငါ နားမထောင်နိုင်ဘူး၊ ငါ့ကို လွှတ် ..."

www.burmeseclassic.com

www.burmeseclassic.com



အတင်းရုန်းနေသော ချစ်သူကို ကြည့်ပြီး ကျော်နီ လွှတ်ပေးလိုက်သည်။ ဒုဋ္ဌဝတီကျောက်ဒရန်းမှ စိမ်းလွမ်းညို အောက်သို့ ခုန်ချလိုက်တော့သည်။

✦ ✦ ✦

ရုတ်ချည်းဆိုသလို ကျော်နီ ဘာမျှလုပ်ကိုင်လို့မရတော့ဘဲ မထူးတော့ဘူးဆိုပြီး ကိုယ့်စိတ်ကိုဆုံးဖြတ်ကာ ချစ်ရပါသော စိမ်းလွမ်းညိုနှင့်အတူ ဒုဋ္ဌဝတီမြစ်ထဲသို့ အမြင့်ပေလေးထောင်ကျော်ဟုယူဆရသောနေရာမှ အောက်သို့ ခုန်ချလိုက်တော့သည်။

"အား"

ကျော်နီ အသည်း အေးခနဲ ခံစားလိုက်ရသည်။ ဒုဋ္ဌဝတီမြစ်ထဲသို့ တလိမ့်ခေါက်ကွေး လိမ့်ဆင်းနေပါ၏။

"စိမ်းရေ ... စိမ်း"

စိမ်းလွမ်းညို ကြားမည်မထင်ပါ။ ကျော်နီ အားရှိပါးရှိ အော်ခေါ်မိသည်။ တလိမ့်ခေါက်ကွေးကျရင်း ခေါင်းနှင့်ကျောက်ဆောင်တိုက်သည်။

"အံမယ်လေး ... အား"

"သားရေ ... သား၊ ဟဲ့ .. သား"

နားထဲ ခေါ်သံလိုလိုကြားသည်။ ဦးခေါင်းဒဏ်ရာကို လက်ဖြင့် စမ်းကြည့်သည်။

"သား ... ကျော်နီ"

"ခင်ဗျာ ... အမေ ... အမေ"

"ငါ့သား .. ကယောင်ကတမ်းနဲ့ အိပ်မက် မက်နေပြီထင်တယ် ..."

အမေ လှုပ်နှိုးမှ အိပ်မက်မက်နေမှန်း သတိရတော့သည်။

✦ ✦ ✦

မနေ့က ယာတောသွား၊ မြေပဲခင်းအခြေအနေကြည့်ရင်း ဒုဋ္ဌဝတီ မြောင်ရှိုးရေဆိပ်သို့ ဆင်းခဲ့သည်။ ဒုဋ္ဌဝတီသည် သံစဉ်မဲ့တီးလုံးတို့ဖြင့် ဖျော်ဖြေရေးအစီအစဉ်ပြုနေမြဲ။



ကျော်နီ ကမ်းစပ်အထိ ဆင်းလိုက်တော့ မြင်ကွင်းက တစ်သက်မမေ့ရက်စရာ။ ငြားခါစ ရေတွင်းကြီးရွာက စိန်မောင်တို့လင်မယား။ ချစ်နေလိုက်ကြတာ တန်ခူးနီးပြီမို့ တစ်ဦးနှင့်တစ်ဦး ငါးဖမ်းရင်း၊ ရေချိုးရင်း ရေပက်ကစားနေကြသည်။ သူတို့ဇနီးမောင်နှံသည် တကယ့်ကို ချစ်နေလိုက်ကြတဲ့အဖြစ်။

သူတို့ကိုကြည့်ပြီး ကျော်နီ အားကျသည်။ စိမ်းကို တမ်းတမ်းတတ၊ စွဲစွဲမက်မက် သတိရသည်။ ရပ်စောက်ကျောက်ဂူတန်ခိုးကြီးဘုရားပွဲ၊ အတူသွားအတူလာလို့ ပုခုံးဖက်၊ ချစ်စကားလှလှပြောခဲ့တဲ့နေ့ရက်တွေ စဉ်းစားမိပြန်တော့ စိမ်းကို ဘယ်တော့မှမမေ့။ မေ့၍လည်းမရ။ စိန်မောင်တို့အတွဲကို အားကျပြီး ယာတောတိုက်သို့ အပြန်ခရီး၊ မောမောနှင့် အောက်ဖက်ကို လှမ်းကြည့်လိုက်တော့ ဒုဋ္ဌဝတီလေနုအေးက ကမူးရှူးထိုး။ နွေအကြို ဥဩငှက်တို့က ကျော်နီ့ရင်ထဲ ခံစားရမှုကို သိနေသလားထင့်၊ ဒေါနှင့်မောနှင့်။ ကမ်းစပ်မော့ကြည့်တော့ ညောင်ဆိမ့်ပင်မှာ ပျားကြီးအုံက လေးဆယ်ကျော်မျှရှိမည်။

ဒုဋ္ဌဝတီသည် ဟစ်ဟော့တွေဆို သည်။

ကြမ်းတမ်းသော တီးလုံးတို့ဖြင့် ခြိမ်းခြောက်သည်။ နုပျိုလန်းဆန်းခြင်းကိုလည်း စိတ်မဝင်စား။ အိုမင်းရင့်ရော် ခြင်းကိုလည်း ဂရုမပြု။

ဒုဋ္ဌဝတီ အတိတ်ကို လေ့လာ တော့။

ထန်းတစ်ပင်၊ မော်မာ၊ နောင်ပိန် ပုံပို၊ မဲပုတ်၊ နောင်လင်၊ ရွှေသွန်း မန်ကျီးရော၊ ရှမ်း/တောင်၊ ကျောက်ဂူ ကျောက်မီးခတ်၊ ရပ်စောက်၊ ဖက်ရင် ကုန်း၊ ရေတွင်းကြီး၊ ညောင်ထောက် မယ်ဟုန်၊ သုန်ဖာ၊ ဘန်ဘုံ အစရှိ ကျေးရွာပေါင်း ၅၀ ကျော်တို့က ဒုဋ္ဌ ဝတီကို ကျောထောက်နောက်ခံပြု၊ ဒုဋ္ဌ ဝတီရင်ငွေ့ကို ခိုလှုံနေကြပြီကော။ နှ ပရိစ္ဆေဒတလည်း များခဲ့ပါပြီလေ။

မိုးကာလများ ရောက်ခဲ့လျှ ချောင်းပေါင်းများစွာသော မိုးရေများ သယ်ဆောင်ရင်း ထိုမိုးရေချောင်းပေါင် တို့၏ သွေးစည်းညီညွတ်သော အသ သဏ္ဌာန်ဆောင်စေသည်။ ၎င်းသည် ဒုဋ္ဌဝတီ၏ ပြည်ထောင်စုစိတ်ဓာတ်။

သည်သို့သော စိတ်ဓာတ်များဖြ

www.burmeseclassic.com

www.burmeseclassic.com



သူသားတို့၏ အသက်အိုးအိမ် စည်းစိမ်များကို ဖန်တီးခဲ့ပေ၏။ အတွေးတစ်ပိုင်းတစ်စဖြင့် ကျော်နီ တောင်ပေါ်ဆက်တက်သည်။ စိန်မောင်တို့ လင်မယားအကြောင်း စဉ်းစားမိပြန်သည်။ သူတို့လင်မယားထက်သာသော ချိန်တင်တို့ ကြီးပွားသောလင်မယားကို တွေးမိပြန်သည်။

ချိန်တင်တို့လင်မယားက တစ်မျိုး။ ငါးကို အချဉ်လုပ်ရောင်းသည်။ ထောင်းခမ်းရွာသားချိန်တင်က ကျောက်ထုက ဖကြီးမင်းညိုတပည့် ဖြစ်သည်။ ငါးနှင့်ပတ်သက်လို့ ဖကြီးမင်းညို အကျွမ်းကျင်ဆုံးအဖြစ် ဆရာတစ်ဆူတင်ထိုက်ပါပဲ။

ခရီးရောက်မဆိုက် မကွေးတိုင်း၊ ချောက်မြို့၊ ကျောက်လုံးကြီးရေဆိပ်ရောက်သွားသည် ဆို၏။ မိန်းမတစ်ယောက် အူယားဖားယားပြေးလွှားတာကိုတွေ့တော့ မေးမြန်းကြည့်ရာ မိန်းမအမည်မှာ ဒေါ်အေးကြည်ဖြစ်ပြီး သူ့ယောက်ျားဖြစ်သူ ကိုညွန့်ဝေဆိုသူမှာ ကျောက်လုံးကြီးရေဆိပ် ရေချိုးရင်း ပေါ်မလာတော့ဟု ပြောသည်ဆို၏။

သည်တော့ ...။

ဖကြီးမင်းညို မနေသာတော့။ ရေထဲခုန်ချပြီး မအေးကြည်ယောက်ျားကို ရေငုတ်ရှာဖွေပေးရာ တစ်နာရီအကြာ ကျောက်တုံးအကြားအလောင်းသမ်း၍ ရေပေါ်ပြန်တက်ခဲ့သည် ဆို၏။ မအေးကြည် ဝမ်းနည်းပက်လက်ညွန့်ဝေ အလောင်းဖက်ငိုကြွေးခဲ့သည်ဟု ကျော်နီ ကြားဖူးနားဝ ရှိခဲ့သည်။

ထို့အပြင် ...။

ရပ်ကွက်အတွင်းရှိ ခင်ဦး၊ တင်ညွန့်အောင် စတဲ့ တံငါသမားအုပ်စုကို ငါးကြောင်းကျဉ်း ဖမ်းနည်းအကြောင်း ပြောပြ၊ လက်တွေ့သင်ကြားပေးခဲ့ သည် ပြောသည်။ ဦးစွာပထမ ရောဝတီမြစ်

**တပေါင်းလပြည့်နံနက်**
**အိမ်ရှေ့သို့**
**စောစီးစွာကြွလာသော**
**ရဟန္တာကို**
**ဆွမ်းဆပ်ကပ်လှူဒါန်းမိပါက**
**ဆွမ်းလောင်းသော**
**ပုဂ္ဂိုလ်တို့၏**
**အလိုဆန္ဒပြည့်ဝသည်ဟု**

...

ပြင်ကိုကြည့်ပြီး ရေပလုံစီသောနေရာကိုပြသ၊ ငါးမျှားချိတ်ချခိုင်း၊ နာရီပိုင်းအတွင်း နိုင်ငံခြားသို့ရောင်းဖို့ သုံးပိဿာကျော် ငါးကြောင်းကျဉ်းရသည် ပြော၏။

ဒါ့အပြင် ...။ ဖကြီးမင်းထွေးက စိတ်မကောင်းစရာလည်း ပြောပြခဲ့သည်ဆို၏။ ဖကြီးပြောသည့်စကားတွင် ငါးကြောင်းကျဉ်းသည် လွန်စွာမှ သစ္စာရှိသည်ပြော၏။ ရေအောက်၌ သဲကျင်းလုပ်၍ အမနှင့်နေထိုင်ပြီး မျိုးဆက်ပွားသည်။ နေ့ခင်းဘက် အစာရှာထွက်ချိန် အမက မျှားချိတ်မိပါက နောက်တစ်နေ့ အထီးက အသေခံမျှားချိတ်အမိခံရသော၊ သစ္စာရှိသော ငါးများဖြစ်ကြောင်း၊ ဤသို့ သစ္စာတရားကိုတန်ဖိုးထားတတ်ကြသော တိရစ္ဆာန်ငါးကိုမှ လူတို့က ကြံကြံဖန်ဖန် ရှာဖွေလုပ်ကိုင်တတ်ကြကြောင်း ဖကြီးမင်းညို ပြောပြသောစကားများကို ကြားခဲ့ဖူးသည်။

သို့ဖြင့် ...။

ကျော်နီ ဤသို့တွေး၏။ အခုလည်း ကြည့် ..။

ဒုဋ္ဌဝတီက ရေပြန်ငါး ...။

ရှမ်းပြည်နယ် ဘုရားသမိုင်းများတွင် တပေါင်းလပြည့်သည် ရဟန္တာများ ဆွမ်းခံကြွကြသည်ဟု အယုံအကြည်ရှိကြသည်။ အမှန်တကယ် ကြွရောက်ကောင်း ကြွကြပေလိမ့်မည်ဟု ကျော်နီယုံကြည်၏။ တပေါင်းလပြည့်နံနက် အိမ်ရှေ့သို့ စောစီးစွာကြွလာသော ရဟန္တာကို ဆွမ်းဆပ်ကပ်လှူဒါန်းမိပါက ဆွမ်းလောင်းသောပုဂ္ဂိုလ်တို့၏ အလိုဆန္ဒပြည့်ဝသည်ဟု ကျော်နီတို့ သက်ကြီးစကား သက်ငယ်ကြားကာ သိခဲ့ရပါသည်။

ဒုဋ္ဌဝတီစုန်ရေနှင့်အတူ ရှမ်းစော်ဘွားသမီး တည်ထားကိုးကွယ်ခဲ့သည့် ရွှေစာဂုံဘုရားဖူးမျှော်ရန် ရေပြန်ငါးများ ဆင်းလာချိန်ဖြစ်သည်။ ထိုရေပြန်ငါးတို့သည် တပေါင်းနီးလျှင်ဖြင့် ရွှေစာရံဘုရားဖူးမျှော်ရန်အတွက် ဒုဋ္ဌဝတီမြစ်ဖျားရာမှ ရေစုန်မျှောဆင်းလာပြီး ဘုရားဖူးလာရောက်ကြသည်။ နှစ်စဉ် တပေါင်းလပြည့်နီးချိန် ဤသို့သာလျှင် လာရောက်မြဲဖြစ်ကြောင်း၊ ဒုဋ္ဌဝတီကို ကျောထောက်နောက်ခံပြုပြီး တံငါလုပ်စားနေကြသော သူအချို့ သိထားနှင့်ကြသည်။

တပေါင်းလပြည့်ကျော်သည်နှင့် တစ်ပြိုင်နက် ရေပြန်ငါးများ မိမိနေရပ်သို့ ပြန်တက်ကြသည်။ ဤတွင် ကျောက်တုံးကျောက်ဆောင်များကို ခုန်ပျံကျော်လွှား ကျော်တက်လာသည့် ငါးများကို စကော၊ စကား၊ ပိုက်ကွန်တို့ဖြင့် ကျောက်တုံးအကွယ်ချရင်း စောင့်ဖမ်းရုံသာ။

ဖကြီးမင်းညိုပြောစကားကို ခေါ်လေးအနက်ထားပြီး ကျော်နီ စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



တွေးတောမိပြန်သည်။ ရောဝတီမြစ်ကြောင်းတွင် သစ္စာရှိသောငါးကြောင်းကျဉ်း။

ဒုဋ္ဌဝတီတွင် ဘုရားဖူးအပြန် ရေပြန်ငါး။

"ဟဲ့ ... သား၊ အိပ်ယာထတော့လေ၊ ယာတောတိုက်ကို စောစောသွားမှ"

ကျော်နီ အိပ်ရာမှ လူးလဲထသည်။ အမေ နှိုးလိုက်ပါမှ ညကမက်ခဲ့သည့် အိပ်မက်နှင့် မပျော်တစ်ဝက် ပျော်တစ်ဝက်။

အိပ်မက် အတွေးစ။

+++

ဖက်ရင်းကုန်းရောက်လုလုတွင် ကျောင်းသားတစ်ဦးစ၊ နှစ်ဦးစတွေ့သည်။ ယာတောတိုက်သို့ တိုက်ရိုက်မသွားဘဲ စိမ်းလွှမ်းညိုရှိရာ ကျောင်းတော်ဆီသို့ ဆိုင်ကယ်ကို အရှိန်မြှင့်မောင်းသည်။



မျက်စိထဲတွင် စိမ်းလွှမ်းညိုမျက်ဝန်းကို မြင်ယောင်နေဆဲ။ ထဘီအစိမ်းရောင်နှင့် အင်္ကျီအဖြူရင်ဖုံးနှင့် လက်ဆွဲခြင်းကိုင်လို့။ သည်အချိန် စိမ်းလွှမ်းညို ကျောင်းကိုရောက်နေပြီထင့်။ ကျော်နီ ရွာလမ်းကြားကို ချိုးကွေ့သည်။ အကြော်သည် ကိုရင်အေးက လက်ပြတားသဖြင့် ဆိုင်ကယ်ရပ်လိုက်သည်။

"ညက ... ဆရာ့ခေါင်းကို ဆင်နင်းတယ်လို့ အိပ်မက် မမက်ဘူးလား"

"မမက်ပါဘူး ... ဘာဖြစ်လို့",

"ဆရာမ စိမ်းလွှမ်းညိုနဲ့ .. ဟိုသစ်ပွဲစားအောင်အောင်ဆိုတဲ့ ကောင်နဲ့ သန်ဘက်ခါ မင်္ဂလာဆောင်ဖို့"

"ဘာကွ"

+++

စာသင်ကျောင်းဆီသို့ ဆိုင်ကယ်ကိုချိုးကွေ့သည်။ ကျော်နီ့ ရင်သည် တဒိတ်ဒိတ်ခုန်နေဆဲ။ နှလုံးခုန်သံ မြန်နေဆဲ။ ရင်ထဲ ဗလောင်ဆူလာသည်။

"ရက်စက်လိုက်တာ စိမ်းရယ်"

နူတ်မှ ရေရွတ်ရင်း ကျောင်းရှေ့သို့ ရောက်သည်။ ချစ်ရပါသောစိမ်းနှင့် ပက်ပင်းတွေ့ရပါ၏။ ဆိုင်ကယ်ပေါ်မှဆင်းပြီး စိမ်းကိုပြေးဖက်သည်။

"ကျော်နီ့နောက်ကို အခု ချက်ချင်း လိုက်ခဲ့ရမယ်"

"မလိုက်နိုင်ဘူး ကျော်နီ၊ နင့်ကိုလည်း ငါမချစ်တော့ဘူး၊ သန်ဘက်ခါ ငါ .. မင်္ဂလာဆောင်တော့မယ်"

ကျောင်းသားများ လွယ်အိတ်များ ပစ်ချ၍ ကျော်နီ့အနား ဝိုင်းလာကြသည်ကို ကျော်နီ သတိပြုမိ၏။ ထိုစဉ် ရွာထဲမှ လူကြီးသုံးလေးဦး ကျောင်းဝင်းထဲဝင်လာသဖြင့် ဆိုင်ကယ်စီး၍ ထွက်ခဲ့ပြန်သည်။ ဦးခေါင်းသည် ချားရဟတ်ပမာ လည်နေတော့သည်။

+++

ချက်အရက်ပြင်းပြင်း သောက်သည်။ ဘဝတစ်ခုလုံး ပျက်စီးဆုံးရှုံးသွားပြီဟု ကျော်နီထင်သည်။

ရင်နာသည်ဆိုတာ ဒါလား။

နာကျင်ကြေကွဲခြင်းဆိုတာ ဒါမျိုးလား။

ငယ်ကအချစ် အနှစ်တစ်ရာ ..

အနှစ်တစ်ရာ ဘယ်မလဲ။

ပိုက်ဆံချမ်းသာရင် အချစ်ကို ဝယ်ယူရမတဲ့လား။ သောင်စဉ်ရေမရအတွေးစများက အရက်နှင့်အတူ လွှမ်းမိုးရှုပ်ထွေးလာသည်။ ဒေါသအရှိန်သည် ကျော်နီ့ရင်ထဲ အစိုင်အခဲများစွာဖြင့်။

"ကိုကျော်နီ ... ကိုကျော်နီ"

ခေါ်သံကြားသဖြင့် အိပ်ချင်မူးတူး ကျော်နီ ထကြည့်သည်။ လူသူ မသဲကွဲ ညက အရက်ရှိန်ကလည်း မသေ။ ဒယ် ဒယိုင်ဖြင့် တဲအပြင်ဘက် ထွက်ကြည့်သည်။

"ဆရာမ စိမ်းလွှမ်းညိုရဲ့မိဘတွေ ရွာလူကြီးတွေ မကြာခင်လာလိမ့်မယ် ဒီနေ့ ... စိမ်းလွှမ်းညို မင်္ဂလာဆော ရမှာတဲ့၊ သူယူတဲ့ ယောကျ်ားက ဒုဋ္ဌဝတီ တကြောရှိတဲ့ သံမလန်းကိစ္စ၊ ပြီးတော့ တရုတ်ကလာတဲ့ စိတ်ကြွဆေးပြားတွေ နဲ့ပတ်သက်ပြီး .. ရဲက ... မနေ့ညက ဖမ်းဆီးလိုက်ပြီတဲ့လေ"

"ဟင် ..."

ကျော်နီ ကြည်နူးဝမ်းသာ ဖြစ်သည်တော့အမှန်ဖြစ်သည်။

နေဝင်းချိုချစ်ပိုင

www.burmeseclassic.com

www.burmeseclassic.com



# ခင်မမလေး (ကလော)

## ထာဝရလမင်းလေး



www.burmeseclassic.com

www.burmeseclassic.com



□

ကောင်းကင်ကြီးတစ်ခုလုံး သာယာနေပါတယ်။ အပြာရောင်မိုးကောင်းကင်မှာတော့ မိုးတိမ်ညိုတွေ ကင်းစင်နေတာကြောင့် ဆောင်းရာသီပန်းချီကားလေးတစ်ချပ်လို ဖြူဖွေးတဲ့တိမ်စုစုလေးတွေသာ ဟိုမှာတစ်စု ဒီမှာတစ်စုနဲ့ တွေ့နေရပါပြီ။

ခပ်ဝေးဝေးမှာမြင်နေရတဲ့ လက်ပံပင်အုပ်အုပ်ကြီးပေါ်မှာလည်း ဖျိုင်းဖြူဖြူလေးတွေက နားလိုက်ပျံလိုက်–

မသဲဖြူလယ်ကွင်းစိမ်းစိမ်းတွေရဲ့ မလှမ်းမကမ်းရေနည်းသွားတဲ့ချောင်းထဲ ငါးဖမ်းနေတဲ့လူတွေအပြန်ကို စောင့်နေမိသည်။

"အပြန်ကျရင် ....ဟင်းစားရအောင် နည်းနည်းပေးခဲ့မယ်၊ စောင့်နေကြားလား"

"အင်း ...စောင့်မယ်၊ စောင့်မယ်၊ ဒါပေမဲ့ ...အိမ်ကလူကိုတော့ မပြောပါနဲ့နော်၊ သူက ကျုပ်ကို ဒီလိုသူများပေးတဲ့ ဟင်းစားတွေ ယူတာ မကြိုက်ဘူး"

"အမယ် ...သူက ဘာကောင်မို့လို့လဲ၊ မာနကြီးရအောင် နင့်ကို ...လောက်လောက်ငငပေးနိုင်လို့လား"

မသဲဖြူ ဘာမှမပြောဘဲ ငြိမ်နေဖြစ်ပေမဲ့ စိတ်ထဲကတော့လင်ယောက်ျားကို တောင်းပန်နေပါသည်။

ညနေစောင်းလို့ အလုပ်ကပြန်လာတိုင်း ယောက်ျားဖြစ်သူကိုမြိုး ရလာသမျှငွေကို တစ်ပြားမကျန် အပ်တတ်သူ ဖြစ်သည်။

အလုပ်ကပြန်လာတိုင်းလည်း တစ်နေကုန် ဘယ်လောက်ပင်ပန်းပါစေ မညည်းညူတတ်သလိုအစားအသောက်လည်း ဇနီးဖြစ်သူ ချက်ကျွေးသမျှ အကောင်းအဆိုးမပြောတတ်သူပါ။

ဒါကြောင့်လည်း မသဲဖြူက ယောက်ျားကို ဟင်းကောင်းလည်းချက်ကျွေးချင်သည်။ ငွေကုန်လည်း သက်သာချင်သည်။

ခုလို ငါးဖမ်းဖားဖမ်းသူတွေ ဟင်းစားပေးခဲ့တာကို သူက အလကားယူတာမျိုးမဟုတ်ဘဲ ကွမ်းဖိုးဆေးလိပ်ဖိုး ပြန်ပေးတတ်တာပဲ။

သူမအတွက်တော့ ငွေပိုငွေကျန်လေးနည်းနည်းပဲတွက်တွက် ဒီနှစ်ဆောင်းဦးလောက်မှာ မွေးဖွားတော့မည့်ကလေးအတွက် စုဗူးလေး လုပ်ထားတာမို့ စုဗူးလေးထဲငွေပိုလေးတွေထည့်ပြီးတိုင်း ဖြစ်ပေါ်လာတတ်တဲ့ ဝမ်းသာကြည်နူးပီတိဖြစ်မှုတွေက ဘယ်အရာနှင့်မျှ တိုင်းတာ၍မရနိုင်ပါ။

ခုချိန်မှာ သူတစ်ယောက်ထဲ ဒီအိမ်လေးထဲမှာနေရပေမဲ့ မကြာခင်ကာလမှာ လူ့လောကထဲရောက်လာတော့မယ့် သားလေးလား၊ သမီးလေးလား မသိသေးတဲ့ ဝဝကစ်ကစ်နဲ့ ကလေးလေးကို မြင်ယောင်နေမိသည်။

"အမလေးတော် ...ဘာတွေ ဒီလောက်တွေးပြီး ပြုံးနေတာလဲ၊ ကြီးတော်ရောက်နေတာတောင် ...မမြင်လောက်အောင်ပါလား"

"သတိမထားမိလို့ပါ ကြီးတော်ရယ် ...၊ ထမင်းချိုင့်လာယူတာလား အသင့်ဖြစ်နေပါပြီ"

"အေး ...အေး ပေး ထမင်းချိုင့်ဘာမှာဦးမလဲ၊ ညည်းယောက်ျားကတော့ အိမ်အလုပ်တွေ လျှောက်လုပ်မနေနဲ့တဲ့၊ လိုအပ်တာတွေ သူ ပြန်လာမှ အကုန်လုပ်ပေးမယ်မှာလိုက်တယ်"

"ရပါတယ် ကြီးတော်ရယ် ..၊ သူပြန်လာရင် ဘာမှလုပ်စရာမရှိတော့ပါဘူး။ အဝတ်ဟောင်းတွေ ချောင်းစပ်မှာ သွားလျှော်ခဲ့ပြီးပါပြီ"

"အောင်မယ်လေး ...နင့်ယောက်ျားသိရင်တော့ ဆူတော့မယ်၊ သူက ...နင်တစ်ယောက်ထဲ ချောင်းထဲဆင်း အဝတ်လျှော်တာ မကြိုက်ဘူးဟဲ့ ..."

"ရေကျနေပါပြီ ကြီးတော်ရဲ့၊ ရေက ပေါင်လည်လောက်ပဲ ရှိတော့တာ"

"အေးလေ ..ကိုယ့်ယောက်ျား

www.burmeseclassic.com

www.burmeseclassic.com



ကို ရှင်းနိုင်ရင်ပြီးတာပါပဲ၊ ငါတို့ကတော့ မှာတဲ့အတိုင်းပြောရတာ ..ကဲ ..ငါ သွားပြီ''

မသဲဖြူပေးလိုက်တဲ့ ထမင်းချိုင့် ယူပြီး ခြံဝရောက်မှ နောက်ပြန်လှည့် ကာ–

''ဟဲ့ ...ချောင်းထဲက ငါးလာ ပေးလို့ အရှင်တွေပါလာရင် မသတ်နဲ့ နော် ...ကြားလား''

''စိတ်ချပါ ကြီးတော်ရဲ့''

ဘာပဲဖြစ်ဖြစ် ကြီးတော်အတွက် က ဒီတူမသားသမီးဖြစ်နေတာကြောင့် အိမ်ထောင်ကျလို့ အိမ်ခွဲပေးထားတာ တောင် ဝေးဝေးမနေနိုင်းရက်ပါ။

ဆယ်နှစ်သမီးအရွယ်မှာပင် မိဘ များဆုံးပါးခဲ့၍ မိဘမဲ့အဖြစ် အိမ်ကို ရောက်လာခဲ့သည်။ ကြီးတော် ဒေါ်ထွေး စိန်အနေနှင့် လက်ခံခဲ့ရသော်လည်း သူတို့လင်မယားမှာ စီးပွားရေးချို့တဲ့သူ များဖြစ်၍ ပါးစပ်တစ်ပေါက်အတွက် ခက်ခဲလှသည်။

ဒါပေမဲ့ ကြာတော့လည်း သား သမီးတစ်ဦးမှ မထွန်းကားတဲ့ သူတို့ ဘဝမှာ ကိုယ့်တူမလေးကိုပဲ သားသမီး အဖြစ် သံယောဇဉ်ဖြစ်ခဲ့ရသည်မို့ သမီး အဖြစ် မွေးစားရန် ဆုံးဖြတ်ခဲ့ကြသည်။

မသဲဖြူရောက်ကာစက စကား သိပ်မပြော။ အကြောင်းမရှိလျှင် အခန်း ထောင့်တစ်နေရာတွင် ငုတ်တုတ် ထိုင် နေတတ်သည်။

ဒေါ်ထွေးစိန်မနေနိုင်ပါ။ သူတွေ့ ဖူးမြင်ဖူးသော မိခင်နှင့်သမီးတွေရဲ့စိတ် ထားတွေကို လေ့လာပြီး ပထမဆုံး မသဲဖြူကို ခေါင်းဖြီးပေးပြီး ရင်းနှီးမှု စတင်ယူခဲ့ရသည်။

ဦးလေးအရင်းက ခပ်စိမ်းစိမ်း ဆက်ဆံတာကြောင့် ကြီးတော်ကိုပါ ကြောက်သလိုဖြစ်နေသော မသဲဖြူ။ သူမရဲ့ခေါင်းကို ကြင်နာစွာဖြင့် ဖြီးသင် ပေးနေသော ကြီးတော်ကို အစက မယုံ နိုင်သလိုဖြစ်နေမိသည်။

နေ့လယ်နေ့ခင်းတွင်လည်း သူမ နံဘေးတွင် အနားယူရင်း ဒေါ်ထွေးစိန် သူ့ရဲ့ငယ်ငယ်ဘဝအကြောင်းတွေကို စီ ကာပတ်ကုံး ပြန်ပြောပြတတ်သလို ညဘက် လသာချိန်တွေမှာလည်း ကွပ် ပျစ်ကလေးပေါ် ရေနွေးကြမ်းသောက် ရင်း 'မထွေးလေးနှင့် စုန်းမကြီး' ပုံပြင် ကို ပြောပြဖြစ်သည်။

တဖြည်းဖြည်းနှင့် အထီးကျန် သလိုဖြစ်နေသော မသဲဖြူဘဝတွင် အမေဟု နှုတ်ကဖွင့်ဟမခေါ်ဖြစ်သော် လည်း အမေရင်းကဲ့သို့ တွယ်တာလာ ပြီး နင်းနှိပ်ပေး ဝတ်ကြီးဝတ်ငယ်ပြုစု ပေးနှင့် ဖြစ်လာသည်။

ဒေါ်ထွေးစိန်ဖက်က မိခင်စိတ် ထားပြီဆိုတော့ မသဲဖြူအနေနှင့် သား သမီးစိတ်ဝင်လာတာ ထူးဆန်းသည့် ကိစ္စတော့မဟုတ်ပါ။

မေတ္တာဆိုသည်မှာ အသွားအပြန် ရှိသည်ဟု နှစ်ဦးစလုံးက ခံယူထားကြ သည်။

✦✦✦

မသဲဖြူ အသက်တစ်ဆယ့်ကိုး နှစ်မှာ ကြီးတော်ဒေါ်ထွေးစိန်က သူ့ ဦးလေးနှင့် အလုပ်အတူလုပ်သော ကို မြစိုးဆိုသူနှင့် အိမ်ထောင်ပြုဖို့ တိုက် တွန်းခဲ့သည်။

အမှန်ပြောလျှင်တော့ သူမအိမ် ထောင်မပြုချင်သေးပါ။ သို့သော်လည်း အိမ်ထောင်ပြုဖို့ အကြောင်းပြချက်တွေ ပြောပြတော့လည်း ကြီးတော်ဟာ အဒေါ်တစ်ယောက်သာမဟုတ်ဘဲ မိခင် ရင်းတစ်ယောက်ရဲ့စိတ်ထားနဲ့ တိုက် တွန်းခြင်းပါလားဆိုသည့်အတွေးကြောင့် ခေါင်းညိမ့်မိသည်။

''သဲဖြူ ...ကြီးတော်က ဒီအိမ် မှာ သမီးကို မထားချင်လို့မဟုတ်ဘူး နော်၊ မိန်းမတိုင်းဟာ ...မိခင်မဖြစ် နိုင်ဘူးဆိုပေမဲ့လည်း မိခင်မဟုတ်လည်း မိခင်စိတ်ရှိသူတွေ အများကြီးရှိမှာပါ၊ ကြီးတော် အသက်ကြီးလာပြီ၊ သမီး သဲဖြူအရွယ်ရောက်လာလည်း ညည်း ဦးလေးကတော့ အသောက်အစား မလျှော့ဘူး။ ဒီတော့ ..ကြီးတော်တို့ လင်မယား တရားစခန်းလို ရိပ်သာလို နေရာမျိုးတွေ သွားချင်ပြီ၊ ဒါကြောင့် သမီးအတွက် စိတ်မပူရအောင် အိမ် ထောင်ပြုခိုင်းတာပါ၊ ဒါ ..ကြီးတော်ရဲ့ ဆန္ဒပဲသမီး''

ခုတော့ မသဲဖြူဘဝ အိုးအိမ်ထူ ခဲ့ပြီမို့ သားလား၊ သမီးလား ရောက် လာပေတော့မည်။ ''အမေ''လို့ အားရ အောင်မခေါ်ခဲ့ရသော မိဘမဲ့ဘဝကို ကျော်ဖြတ်လာတာဖြစ်တာကြောင့် ''အမေ''လို့ခေါ်သံလေး ကြားရတော့ မည်။

အမေဖြစ်လာရင် ဘာတွေလို အပ်မလဲ။ တချို့ကလည်း အနှီးလေး တွေစုဆောင်းလျှော်ဖွတ်ထားတဲ့။

မိခင်ဖြစ်သူက နို့တိုက်တဲ့အခါ ကြည်လင်အပြစ်ကင်းစင်တဲ့ မျက်လုံး လေးတွေနဲ့ မော့ကြည့်နေတတ်တဲ့ ကလေးလေးတွေမြင်ရတိုင်း မိခင်ဖြစ် သူက ထမင်းခွံ့ကျွေးတဲ့အခါ ဝမ်းသာ အားရ ပါးစပ်လေးဟ တခစ်ခစ်ရယ် မောနေတတ်တဲ့ ကလေးလေးတွေ မြင် ရတိုင်း ဝမ်းထဲမှာ လွယ်ထားတဲ့ ကလေးလေးကို စိတ်မှန်းနှင့် ''ကလေး ရေ ...အမေလည်း သားလေးပဲရရ၊ သမီးလေးပဲရရ၊ အမေ့ရင်ကဖြစ်တဲ့ နို့ ချိုလေးတိုက်မယ်၊ အဖေရှာဖွေပေးတဲ့ ငွေနဲ့ စားချင်တာလေးတွေ ဝယ်ကျွေး မယ်သိလား''

သားဦး အရှုးဆိုတာ တကယ် တော့ ကလေးရှုးတာမဟုတ်ဘဲ မိခင် လောင်းတွေ အမေတွေ ရူးကြတာများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မလား။

"နို့စို့ကလေးဆိုတာ ... မိခင်စားတာတွေအားလုံး ... ကလေးဝမ်းထဲရောက်ကြတာ၊ ငရုတ်သီးတွေစားတော့ ကလေးဗိုက်နာပြီပေါ့၊ မစားပါနဲ့ပြောလည်း ပြောလို့ရတဲ့အမေက ရှားတယ်တော့"တဲ့။

မသဲနု ကြားသိရသမျှ စိတ်ထဲက မှတ်ထားရင်း မေ့သွားမလားစိုးရိမ်စိတ်ကြောင့် ဗလာစာအုပ်လေးတစ်အုပ် ယောကျ်ားကို ဝယ်ခိုင်းသည်။

"ဘာလုပ်ဖို့လဲ သဲနုရဲ့၊ စာရင်းမှတ်ဖို့လား"

"ဝယ်မှာသာ ဝယ်ပေးစမ်းပါရှင်၊ ကျွန်မ သုံးစရာရှိလို့ပါ၊ စာအုပ်နဲ့မှတ်ထားမှဖြစ်မယ့်အကြောင်းတွေ ရှိတယ်ရှင့် ..."

"ကိုယ်ဝန်က တဖြည်းဖြည်း ရင့်လာပြီ၊ မိုးကုန်လောက်မှာ မွေးမှာတဲ့"

သူရေးမှတ်ထားတဲ့ စာအုပ်လေးမှာလဲ အကြောင်းအရာတွေ စာလုံးတွေက တဖြည်းဖြည်းနဲ့ပြည့်လာပြီ။ လေးငါးတန်းလောက်သာ ကျောင်းနေခဲ့ရသော်လည်း သပ်ရပ်သောလက်ရေးလေးနှင့် မတည့်သောအစားအစာများ၊ စားသင့်သောအစားအစာများ ကလေးနေထိုင်မကောင်းလျှင် ဘာလုပ်သင့်သလဲ စတာတွေ ရေးမှတ်ထားတာကို ဖတ်ကြည့်ရင်း ကိုမြစိုး သဘောကျစွာ ရယ်မောမိသည်။

"ငါ့မိန်းမက ပညာမတတ်လို့သာပေါ့၊ ဒီလိုမှမဟုတ်ရင် ... သားသမီးစောင့်ရှောက်နည်းတွေများ ရေးဦးမလားပဲ"တဲ့။

+++

ဒီနှစ်ဆောင်းဦးမှာ မသဲဖြူသားလေးတစ်ယောက်ကို ကောင်းမွန်လွယ်ကူစွာ မွေးဖွားခဲ့ပါတယ်။

သားဦးလေးလည်းဖြစ်၊ ယောကျ်ားလေးလည်းဖြစ်တာကြောင့် အားလုံးက ဝိုင်းပြီးချစ်ကြ၊ အလိုလိုက်ကြနှင့် လမ်းမလျှောက်တတ်သေးတဲ့အရွယ်မှာတောင် ချစ်ကြသူတွေက ချီပိုးကာ ခေါ်သွားတတ်ကြသည်။

"ဟဲ့ ... ကလေးကို သူများထိန်းပေးထားတုန်း လုပ်စရာရှိတာလုပ်လေ၊ လျှော်စရာဖွပ်စရာ မရှိဘူးလား"

"အဲဒါတွေကို နောက်မှလုပ်တော့မယ်၊ ခုတော့ ... သားလေးနောက်ကို လိုက်သွားလိုက်ဦးမယ်၊ သားလေးက နို့ဆာရင် အရမ်းကိုတတ်တာ"

အကြောင်းပြချက်ကောင်းကောင်းနှင့် ပုဆိုးလေးခေါင်းပေါင်းပြီး သူ့သားလေးချီပြီး ခေါ်သွားသူနောက် ကောက်ကောက်ပါအောင်လိုက်သွားတော့သည်။

ကလေးက ချစ်စရာကောင်းတော့ တစ်ယောက်ပြီးတစ်ယောက် ပွေ့ချီခေါ်သွားတိုင်း မသဲဖြူလည်း တစ်အိမ်ပြီး တစ်အိမ်လိုက်ရသည်။

နောက်ဆုံး ကလေးအိပ်ပျော်သွားမှ တောင်းပန်ခေါ်ပြီး ပြန်ခဲ့ရတာ။ ဒါတောင် သူတို့အိမ်မှာသိပ်ခဲ့ပါလို့ အလိုက်မသိပြောတဲ့သူက ရှိသေးသည်။

ညနေစောင်း ကိုမြစိုး အလုပ်က ပြန်လာတဲ့အခါ သူမသားလေးနှင့် ဘယ်အိမ်တွေရောက်ခဲ့ကြောင်း အိမ်မှာအလုပ်လုပ်ရတာထက် သားလေးနောက်လိုက်နေရချိန်က ပိုများနေကြောင်း ညည်းမိတဲ့အခါ–

"စိတ်ရှည်ရှည်ထားပါ ... မိန်းမရယ်၊ ဒီတစ်ရွာလုံးကလည်း ငါ့ဆွေမျိုးတွေဆိုတော့ .. သားလေးကိုချစ်တော့ ခေါ်ချင်ကြမှာပေါ့၊ သည်းခံပြီး ကလေးကိုခေါ်တာ ခွင့်လွှတ်လိုက်ပါကွာ ..."

"ဟင့်အင်း ... အဲဒါတော့မဖြစ်ဘူး၊ ကျွန်မသားလေး မျက်နှာမြင်နေရမှ စားဖြောင့်အိပ်ဖြောင့်မှာ ..."

မသဲဖြူ သူ့ဘဝငယ်ငယ်ကတည်းက မိခင်ရဲ့ချစ်ခင်ယုယခြင်းမခံရတော့ သားလေးအပေါ် အစွမ်းရှိသလောက် ဖြည့်ဆည်းစောင့်ရှောက်ပေးဖို့ ဆုံးဖြတ်ပြီးသားလေ။

ဒီတော့ မသဲဖြူနေ့ဘက်တွေ အလုပ်လုပ်နေတဲ့အခါ အနားမှာရှိနေတဲ့ သားလေးကို ယောကျ်ားဖြစ်သူဘက်က အမျိုးတွေ ဘယ်သူမှလာမခေါ်ကြပါစေနဲ့လို့ ဆုတောင်းမိသည်။ သို့မဟုတ်ပါက အဝတ်လေးခေါင်းပေါ်တင်ပြီး သားလေးနောက်လိုက်ရလို့ ဘာအလုပ်မှ မပြီးတော့ပါ။

တစ်ခါတစ်ရံမှာတော့ ကြီးတော်က မနေနိုင်စွာ အိမ်အလုပ်များ လုပ်ကိုင်ပေးသွားသည်။

+++

သားလေးက တဖြည်းဖြည်းနှင့် လမ်းလျှောက်တတ်စအရွယ်သို့ ရောက်လာပြီ။ ဆောင်းကုန်ပြီး နွေဘက်ရောက်လာပြီမို့ ရွာထဲ ဟိုအိမ်သည်အိမ်တွေသွားရင်း နေပူမိပြီး ဖျားမှာကို စိုးရိမ်စွာ ဘာလုပ်ရမလဲ ညဖက်စဉ်းစားရင်း အိပ်မပျော်နိုင်။

နောက်ဆုံးတော့ အိမ်ရှေ့ဘက်ရှိ မန်ကျည်းပင်အို အရိပ်ကောင်းကောင်းကို မြေသလင်းပြောင်အောင် တံမြက်စည်းလှည်းသည်။

ပြီးတော့မှ ရွာထဲက ကလေးတစ်ယောက်စ နှစ်ယောက်စကို လာကစားစေသည်။ အရိပ်ကကောင်း၊ မြေသလင်းပြောင်နေတော့ ကလေးတစ်ယောက် နှစ်ယောက်က စလာတာ သုံးလေးငါးယောက် တဖြည်းဖြည်းနှင့် ကလေးတစ်အုပ်ကြီးဖြစ်လာလျက် တစ်ခါတစ်ရံ မသဲဖြူက မုန့်ပဲသရေစာလေးတွေပါ ကျွေးတတ်တော့ အိမ်ရှေ့မှာ ဖန်ခုန်၊ ထုပ်စည်းတိုး။ လိပ်ခွံ့ကြက် စတဲ့ကစားနည်းစုံစွာ ဆူညံဖွဲ ရှိနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





နေ့လယ်နေ့ခင်း သားလေး တစ်ရေးလောက် အနားယူအိပ်စက်ခွင့်ရအောင် ကလေးတွေ ဆူညံအော်ဟစ်သံတွေကြားမှ လန့်မနိုးရလေအောင် ပုခက်ကို မပြတ်လွှဲပေးရင်းက မသဲဖြူမှာ အိမ်တိုင်ကိုမှီပြီး တစ်ရေးအိပ်ရသည်။

"ကလေးတွေ ဒီလောက်ဆူညံနေတာ .. နေ့လယ်နေ့ခင်း တစ်ရေးတစ်မောတောင် ကောင်းကောင်းမအိပ်ရဘူး။ နောက်နေ့တွေ ... လာမဆော့စေနဲ့တော့ လာရင် မောင်းထုတ်မယ်"

"မလုပ်ပါနဲ့ ကြီးတော်ရယ် ..၊ သူတို့ ဒီမှာဆော့နေတော့ သူတို့မိဘတွေလည်း စိတ်အေးရတယ်၊ ကလေးတွေတောင် ဒီမှာဆော့နေတော့ ကျွန်မသားလေးကိုလည်း ဟိုအိမ်ဒီအိမ်ခေါ်သွားတော့ဘူးပေါ့"

သားလေး မျက်စိအောက်မှာရှိနေဖို့ မသဲဖြူ အိမ်ရှေ့တလင်းပြင်မှာ ကလေးတစ်အုပ်ကြီး ဆော့ကြ၊ ဆူကြ၊ ရန်ဖြစ်ကြတာကို ဒိုင်ခံဖြေရှင်းပေးသည်။

**သူ ဘယ်လောက်**
**နေမကောင်းဖြစ်နေပါစေ၊**
**သားလေးကိုချစ်ဖို့**
**ဂရုစိုက်ဖို့ကိုတော့**
**မမေ့ဘူး..၊**
**ငယ်ကတည်းက**
**မိဘမဲ့ပြီး**
**မိဘမေတ္တာ**
**ငတ်ခဲ့တော့**
**...**



ကလေးတွေကြားထဲ လမ်းလျှောက်တက်ခါစ သားလေးဝင်ဆော့ရင်း ထိမိခိုက်မိမှာ ချော်လဲပြီး အနာတရဖြစ်မှာကို စိုးရိမ်ပြီး သူပါရောပြီး သားနောက်လိုက်နေရတာမို့ နားရသည်မရှိ။

တစ်နေ့ ကံဆိုးဖို့ ဖန်လာတဲ့ အကြောင်းလေးက နံနက်ဆယ်နာရီလောက်မှာ စခဲ့သည်။

အလုပ်သွားတဲ့ယောက်ျားဖြစ်သူအတွက် ထမင်းချိုင့်ချက်ပြုတ်ပြင်ဆင်နေတာကြောင့် သားလေး အိမ်ပေါ်က ဆင်းသွားတာကို မသိလိုက်။ မကျည်းပင်အောက်မှာဆော့နေတဲ့ ဘေးအိမ်က ကလေးနှစ်ယောက်ဆီသွားခြင်း ဖြစ်သည်။

"ဟဲ့ .. သဲဖြူ၊ နင့်ကလေး လာခေါ်ထားစမ်း၊ မကျည်းကိုင်းတွေက ဆွေးနေတာ၊ ငါတောင် မနည်းထိန်းပြီး ခူးနေရတာ"

ဘယ်အချိန်ကတည်းက လာရောက်နေမှန်းမသိသော မဒေါင်းညို အသံကြားရသည်။ ဒီပင်ကို မန်ကျည်းရွက်နုတက်ခူးရဲတာ မဒေါင်းညိုတစ်ယောက်သာရှိသည်။ မကျည်းကိုင်းက နိမ့်သည်ဟုထင်ရသော်လည်း မော့ကြည့်ပါက အတော်မြင့်သည်။

သားလေးကလည်း ကြည့်လိုက်တော့ ဘယ်အချိန်က မကျည်းပင်အောက်ရောက်နေမှန်းမသိ။

"သဲဖြူရေ .. နင့်သား မြန်မြန်လာခေါ်ပါဟဲ့၊ ငါ့မကျည်းကိုင်းကျိုးတော့မယ်"

တကယ်တော့ သစ်ကိုင်းပေါ်မှာ ခြေဖော့ရပ်ပြီး ပင်စည်နှင့်အကိုင်းများရှိ မန်ကျည်းရွက်နုတွေ ခူးနေရာမှ အပင်အောက်ကို တလှုပ်လှုပ်လျှောက်လာတဲ့ မသဲဖြူသားလေးကြောင့် စိုးရိမ်တကြီးအော်ပြီး ခြေထောက်ကို ရွှေ့လိုက်မိသည်။

www.burmeseclassic.com



"'ဂျွတ်'ဆိုသောအသံ ကြားရသည်။ မသဲဖြူစိုးရိမ်တကြီး ပြေးထွက်လာတာမြင်ရသည်။

"အမလေး ‥ ကျွန်မသားလေးပေါ်ကို သစ်ကိုင်းကျတော့မယ်၊ လုပ်ကြပါဦး"

ဝုန်းကနဲ သစ်ကိုင်းကျိုးကျသံ၊ မဒေါင်းညို နဲ့ မသဲဖြူအော်သံတွေ၊ ကလေးငိုသံတွေက တခဏခြင်း ဆူညံသွားတော့သည်။

+ + +

တကယ်တော့ ကျိုးကျသော သစ်ကိုင်းက အမြင့်ကြီးမဟုတ်။ ကလေးနှင့်မသဲဖြူပေါ် တည့်တည့်ကျတာလည်းမဟုတ်။ ကိုင်းဖျားတွေနှင့်ခတ်မိပြီး မသဲဖြူသာ နဖူးကွဲပြီး သွေးထွက်ကာ ဒဏ်ရာအနည်းငယ်ရသွားခြင်းဖြစ်သည်။

သို့သော်လည်း–

"သားေလးအပေါ် သစ်ကိုင်း ကျိုးကျပြီ"ဟူသော အသိက သူ့စိတ်ထဲစွဲသွားသည်။

"အမလေး ‥‥ လုပ်ကြပါဦး၊ ကျွန်မ သေလို့မဖြစ်ဘူး၊ ကျွန်မသားလေးကို ဘယ်သူစောင့်ရှောက်မှာလဲ၊ လုပ်ကြပါ ‥‥ ကယ်ကြပါ"

"ဟဲ့ ‥‥ ဟဲ့ ‥ သတိထား သဲဖြူ သတိထားပါအေ"

ကြီးတော်ရင်ခွင်ထဲ အတန်ကြာအောင်မေ့သွားရာမှ ဆတ်ကနဲထထိုင်လိုက်ပြီး ဘေးမှာငိုနေသည့်သားလေးကို ကောက်ပွေ့လိုက်သည်။

"သွားကြ ‥ သွားကြ ‥‥ အားလုံးသွားကြ၊ နင်တို့ကြောင့် ငါ့သားလေး သေတော့မလို့၊ နည်းနည်းပဲလိုတော့တာ၊ တစ်ယောက်မှမလာကြနဲ့ သွား"

"ဟဲ့ ‥‥ သဲဖြူ ဒီလိုမပြောရဘူးလေ၊ လာ ‥‥ ကြီးတော် ဆေးထည့်ပေးမယ်၊ တော်ကြာ သွေးမတိတ်ရင် မကောင်းဘူး"

ညနေဘက် ကိုမြစိုး အလုပ်က ပြန်လာတော့ ကြီးတော်က သေချာရှင်းပြသည်။ မသဲဖြူကိုလည်း တစ်ယောက်ထဲလွှတ်မလားဘဲ စောင့်ကြည့်ဦးလို့မှာသွားတာကြောင့် မိန်းမကို မျက်ခြေမပြတ်ရဲပါ။

ဒါပေမဲ့လည်း မသဲဖြူကတော့ ပုံမှန်သွားလာ ချက်ပြုတ်နေတာပါပဲ။

ကလေးဝေယျာဝစ္စနှင့်ပတ်သက်လာရင်တော့ ဘယ်သူ့ကိုမှ စိတ်မချ။ အရင်ကလို ရွာထဲကိုသွားလည်ဖို့ နေနေသာသာ။ အိမ်ရှေ့ကို တောင် ကလေးတွေလာကစားတာကို မကြိုက်တော့ပါ။

ဒီထက် သတိထားမိစရာဖြစ်လာတာက အလုပ်ကို ထမင်းချိုင့်ထည့်ပေးလိုက်တိုင်း ဟင်းမေ့တဲ့အခါမေ့၊ ထမင်းမေ့တဲ့အခါမေ့နှင့် ထမင်းနှင့် ဟင်းအကုန်ပြည့်စုံသော်လည်း ဟင်းကတော့ အဆီအငေါ်မတည့်တော့ပါ။ ငံချင်သည့်အခါငံ၊ ပေါ့ချင်သည့်အခါ ပေါ့။ အိမ်ပြန်ရောက်လို့ မေးကြည့်တိုင်း

"သားလေးကို ‥‥ မျက်စိအောက်က အပျောက်ခံလို့မဖြစ်ဘူး၊ ဟိုမန်ကျည်းကိုင်းပေါ်က ဒေါင်းညို ကျွန်မသားလေးကို သေကြောင်းကြံနေတာ" တဲ့။

မသဲဖြူ စိတ်နောက်သွားပြီဆိုတဲ့ သတင်းက တစ်ဆင့်စကား တစ်ဆင့်နားနှင့် ဖုံးရင်းအုပ်ရင်းနှင့် တစ်ရွာလုံးသိကုန်ကြပြီ။

ယခင်က ဝင်ထွက်သွားလာနေကျ လူတွေကလည်း ဟိုတုန်းကလို သိပ်ကြည်ကြည်ဖြူဖြူမရှိကြတော့။ ကလေးကိုတော့ ချစ်ခင်ကြလို့ မကြာခဏ လာခေါ်ကြသည်။

သို့သော် မသဲဖြူကတော့ အရင်ကလို သူ့သားလေးကို ဘယ်သူနဲ့ဖြစ်ဖြစ် လက်လွှတ်ထည့်ပေးတာမျိုး မရှိတော့ပါ။

"သဲဖြူရယ် ‥‥ ညည်းက သိပ်နေကောင်းတာမဟုတ်ဘူး၊ တစ်ခါတလေ ကလေးကို ငါတို့နဲ့ စိတ်ချလက်ချထားခဲ့ပါဟဲ့"

"ကျွန်မ ‥‥ နေမကောင်းဘူးလို့ ဘယ်သူပြောတာလဲ ‥‥၊ နေကောင်းကောင်း ‥‥ မကောင်းကောင်း သားလေးတစ်ယောက်ကိုတော့ သေချာထိန်းနိုင်ပါတယ်"

"နင့်သားလေးကို နို့ဖြတ်လိုက်ပါ တော့ ‥‥၊ နေမကောင်းတော့ ဆေးကရာစားပြီး နို့တိုက်ရင် ကလေးဗိုက်နာပြီး ဝမ်းသွားလိမ့်မယ်"

"ဒါဆိုရင်လည်း ‥‥ ကျွန်မ ထမင်းအဖြူတစ်မျိုးပဲ စားတော့မယ်၊ ဟင်းမစားတော့ဘူး"

သားလေးကို နို့မတိုက်လို့ကတော့ ဘယ်လိုမှမဖြစ်။ သူတို့ပြောသလို တစ်ခါတစ်ခါ စိတ်လွှတ်ပြီး အပူအစပ်တွေ၊ မတည့်တာတွေ စားမိတယ်ဆိုရင် မသဲဖြူ ထမင်းဖြူသပ်သပ် စားတော့မည်။

တကယ်လည်း ထမင်းဖြူကို ဆီ ဆမ်းစားသည့် မသဲဖြူကိုကြည့်ပြီး ကိုမြစိုး မျက်ရည်ဝဲမိသည်။

"သားသမီးကို ဒီလောက်ချစ် တတ်တဲ့ငါ့မိန်းမမှာမှ ဒီလိုဖြစ်ရတယ်လို့ ကွာ၊ စိတ်မကောင်းလိုက်တာ မိန်း ရယ် ‥‥၊ ငါတို့ ဘယ်လိုလုပ်ပေး မလဲ ‥‥"

"တစ်ခုတော့ရှိတယ် ‥‥၊ သူ ဘယ်လောက်နေမကောင်းဖြစ်နေပါစေ သားလေးကိုချစ်ဖို့ ‥‥ ဂရုစိုက်ဖို့ တော့ မမေ့ဘူး ‥‥၊ ငယ်ကတည်း မိဘမဲ့ပြီး မိဘမေတ္တာငတ်ခဲ့တော့ တစ် ဦးတည်းရှိတဲ့သားအပေး ချမ်းစိုးမိ တတ် ချစ်တတ်တဲ့စိတ်က ဖိစီးမှုတွေ

www.burmeseclassic.com

www.burmeseclassic.com





**မသဲဖြူဘေးမှာ စိုးရိမ်သောကတွေနဲ့ မှောင်မိုက်နေတဲ့ လူအားလုံးရဲ့ နှလုံးအိမ်ဟာ မသဲဖြူရဲ့ စကားလေးတစ်ခွန်းက ...**

...နေသလားတောင် ထင်ရတယ်''

+++

အနောက်တောင်ဘက်က မိုး...တိမ်ညိုတွေ ပြိုဆင်းပြီး သည်း...ည်းမဲမဲရွာတဲ့မိုးဟာ ရွာဘေးက...ချောင်းမှာ ပြည့်လုနီးပါး ဖြစ်နေသည်။

ညနေစောင်းချိန်မှာတော့ ချောင်း...စွာစီးနေပြီး ကလေးတွေ ချောင်း...မှာ ရေဆင်းကူးလိုက် ကစားလိုက်နဲ့...နေကြဆဲ–

ထိုအချိန် ‘ဝုန်း’ခနဲဆိုသည့်အသံနှင့်အတူ မသဲဖြူချောင်းထဲ ခုန်ဆင်းသွားသည်။ အားလုံး အံ့ဩနေကြပြီးမှ–

“လုပ်ကြပါဦး ... ကယ်ကြပါဦး၊ သဲဖြူ ... ရေ .. ကျွမ်းကျွမ်းကျင်ကျင် ကူးတတ်တာမဟုတ်ဘူး ... အမြန်ဆယ်ကြပါဦး”

“‘ဟာ ... ရေလည်းမကူးတတ်ဘဲနဲ့ ဒီကလေးမ ဘာလုပ်တာတုန်း၊ ရေဆင်းချိုးတယ်ပြောရအောင်လည်း အဝတ်အစားမလဲဘဲနဲ့ ခုန်ဆင်းသွားတာ”

“ဟဲ့ ... စကားများမနေနဲ့လေ၊ ရေက အောက်ဘက်စီးနေတာ ...၊ တော်ကြာ အောက်ဘက်မျောသွားမယ်၊ ချောင်းထဲ အမြန်ဆင်းဆယ်ကြဟေ့”

တစ်ဆင့်စကား တစ်ဆင့်ကြား ပြီး ချောင်းကမ်းပါးပြည့် လုနီးပါး လူတွေရောက်လာကြသည်။ ရေကူးကျွမ်းကျင်သူနှစ်ယောက် ရေထဲအမြန်ခုန်ဆင်းသွားကြပြီး မသဲဖြူကို အမြန်ဆယ်ယူတွဲခေါ်ကာ ကမ်းပေါ်တက်လာကြသည်။ မသဲဖြူကတော့ ကမ်းပေါ်ရောက်သည်အထိ သတိမေ့နေဆဲ။

“ဟဲ့ ... ခုနတုန်းက နောက်တစ်ယောက်က ဘယ်သူလဲ”

“မသိဘူး ... ကလေးလေး တစ်ယောက် အပေါ်ဘက်ကရွာက မျောလာတာ၊ အသက်တော့မရှိတော့ဘူး၊ အဲဒါ ...သူသားထင်ပြီး လိုက်ဆယ်တယ် ထင်တာပဲ”

မသဲဖြူ အိမ်ရောက်သည်ထိ သတိပြန်မရသေး။ ကြီးတော်က သူ့ရင်ကိုထုပြီး အော်ငိုသည်။

“သဲဖြူ ... သမီး၊ ညည်းသေလို့မဖြစ်ဘူးနော်၊ ညည်းသားလေး .. နေမကောင်းလို့ ဆေးတိုက်ပြီး သိပ်ထားတာ၊ နိုးနေမှာစိုးလို့ ချောင်းကို ရေချိုးလိုက်သွားတယ်လို့ အလွယ်တကူ ပြောလိုက်မိတာ ငါ့အမှားပါ အီး ဟီး ဟီး”

ကြီးတော်ရဲ့ ငိုပြီးပြောတာတွေကြောင့် အားလုံးသဘောပေါက်သွားပြီ။ ဒါကြောင့် မသဲဖြူ ချောင်းစပ်မှာ ဟိုကြည့်ဒီကြည့် လုပ်နေရာမှ ရေထဲခုန်ချသွားတာဖြစ်မည်။

ကလေးက နိုးလာပြီဖြစ်လို့ သူ့အမေကိုကြည့်ပြီး ငိုနေသည်။

“မငိုပါနဲ့သား ...၊ အမေက နေမကောင်းဘူး .. တိတ် ... တိတ်”

“ငိုပါစေဟ .. ကလေးငိုသံကြားရမှ သူ့အမေ သတိပြန်လည်လာမှာ သား ငိုစမ်း အားရပါးရငိုလိုက်စမ်း”

ဦးလေးဖြစ်သူက မသဲဖြူအကြောင်း သိသူမို့ ကလေး၏တင်ပါးကို ဖြန်းကနဲ ခပ်စပ်စပ်ကလေး ရိုက်လိုက်သည်နှင့် ကလေးက စူးဝါးစွာ လန့်ငိုသည်။

ခဏအကြာ မသဲဖြူ သတိရလာပြီး မျက်လုံးကို ဖြည်းဖြည်း ဖွင့်ကြည့်လျက်–

“ကိုမြစိုး ... ကိုမြစိုး၊ ကျွန်မသားလေး မန်ကျည်းကိုင်းအဖျားနှင့် ခတ်မိပြီး နာသွားသေးလား”တဲ့။

စောစောက မသဲဖြူဘေးမှာ စိုးရိမ်သောကတွေနဲ့ မှောင်မိုက်နေတဲ့လူအားလုံးရဲ့နှလုံးအိမ်ဟာ မသဲဖြူရဲ့ စကားလေးတစ်ခွန်းက “လမင်းလေးတစ်စင်း”ဖန်ဆင်းပေးလိုက်သလိုပါပဲ။

အမေ့မေတ္တာဆိုတာ သားသမီးတွေရဲ့အပေါ်မှာ လကွယ်ရက်၊ လဆန်းရက် ဘယ်တော့မှမရှိတဲ့ “ထာဝရလမင်းလေး’ပါပဲ။


ခုတော့လည်း မသဲဖြူတို့မိသားစုလေးမှာ ‘ထာဝရလမင်းလေးက’ထိန်ထိန်သာနေပါပြီ။

**ခင်မမလင်း(ကထော)**

www.burmeseclassic.com

www.burmeseclassic.com





# အုန်းကျော် ([illegible] ပြ-ငြိမ်း)

## ဘယ်ပန်းချီရေးလို့မမီနိုင်တဲ့ တက္ကသိုလ်ကျောင်းသားဘဝ

ပန်းချီ မင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၁ ခုနှစ်၊ ဇွန်လ တက္ကသိုလ်များစာသင်နှစ်သစ်အဖွင့်တွင် (၅)နှစ်သင်ပညာရေးတက္ကသိုလ်ကျောင်းသားသစ်ဘဝဖြင့် တက္ကသိုလ်အသီးသီးဆိုင်ရာပွဲများ ကျင်းပကြ၏။ တချို့ပွဲကို တက္ကသိုလ်များ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီမှ ဦးဆောင်ကျင်းပပေး၏။ ဗဟိုကော်မတီတွင် ဆရာဦးတင်ဝေ(ရှမ်းပြည်)နာယက၊ ဆရာဦးစိုးမြင့်–ဥက္ကဋ္ဌ၊ နောက်ပိုင်းတွင် ဆရာဦးသာဦး(ညောင်ရွှေ)ဥက္ကဋ္ဌ ဖြစ်လာသည်။

ထိုအချိန်က ရန်ကုန်ရှိတက္ကသိုလ်ပေါင်းစုံသည် နယ်အသီးသီးမှလာသော တိုင်းရင်းသား ကျောင်းသား/သူများ တက်ရောက်ခွင့်ရခဲ့ကြသည်။ ထိုကပွဲများသည် ဘာသာရပ်အလိုက်တနင်္ဂနွေအဝတ်စဉ်ရှိ၏။

၁၉၅၁ ခုနှစ်နောက်ပိုင်းဟု ထင်လိုက်သည်။ တောင်ကြီးကောလိပ်တွင် ဓနုတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဖွဲ့ပြီးကြောင်း ကြားသိရသဖြင့် ရန်ကုန်တွင်မရှိသေးသော ဓနုတိုင်းရင်းသားအသင်းလေးရှိရင်ကောင်းမှာဟု အိပ်မက်ကြသည်။ အဓိကဦးဆောင်သူမှာ အ. ဆ. ညမှ စာရေးကြီးဦးစိုးမြင့်(မြင်းကျဒိုး)ဖြစ်ပါသည်။

ထိုအချိန်က ရန်ကုန်တွင် ဓနုတိုင်းရင်းသားဦးရေနည်းသေးသည်။ သို့ဖြင့် အင်းစိန်လမ်း ဆင်ရေတွင်းမှတ်တိုင်အနီးရှိ ဦးစိုးမြင့်အိမ်ခန်းငယ်လေးတွင် ကျွန်တော်တို့ အကြိမ်ကြိမ်ဆုံတွေ့ပြီး အသင်းဖွဲ့နိုင်ရေး ဟန်ပြင်ခဲ့ကြသည်။

၁၉၅၂ ခုနှစ် စာသင်နှစ်အစပိုင်းတွင် ဦးစိုးမြင့်အိမ်၌တွေ့ဆုံကြပြီး နာယကဦးမြင့်ဦး(စာရေးဆရာမောင်လင်းယုန်–ရှမ်းပြည်)၊ ဥက္ကဋ္ဌ ဦးစိုးမြင့်(အ. ဆ. ည)၊ ဒု–ဥက္ကဋ္ဌဦးကိုကိုကြီး(ကုန်းလမ်းပို့ဆောင်ရေး)၊ အတွင်းရေးမှူးအုန်းကျော်(ပညာရေး)၊ ဒုအတွင်းရေးမှူးမောင်စိုး(ဝ/သ)၊ ဘဏ္ဍာရေးမှူးကိုအောင်ကြိုင်(အ. ဆ. ည)၊ အဖွဲ့ဝင်များ(အသေးစိတ်မမှတ်မိတော့ပါ) မသန်းညို၊ မခင်ထူး(စီးပွားရေး)၊ တင်ဟိန်း(တိမွေးကု)၊ ဖိုးသာအောင်(ဝ/သ)၊ စိုးညွန့်(တိမွေးကု)၊ စိုးငွေ(စီးပွားရေး)၊ စိုးမြင့်(သိပ္ပံချုန်)၊ ကျော်တင့်၊ ကျော်စိုး (RIT)၊ ခင်မောင်ဝင်း(ဝ/သ)၊ တက္ကသိုလ်ဒေါ်မြင့်ကြည်(နောင်ချို)စသည်တို့ ဖြစ်သည်။

မှတ်ပုံတင်အမှတ်ရသည့် အသင်းကြီးမဖွဲ့နိုင်သေးပါ။ ကျောင်းသားကိုအခြေခံသော ဓနုတိုင်းရင်းသားအသင်းပုံစံပေါ်ယုံသာရှိသည်။ ရန်ကုန်ရောက်ဓနုအသင်းဖွဲ့ပြီးသည်နှင့် တက္ကသိုလ်များတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီသို့ အကြောင်းကြားစာပို့ရပါသည်။ ဗဟိုသို့ အကြောင်းကြားစာပို့ပြီးနောက် ကျွန်တော်တို့အသင်းသည် တက္ကသိုလ်များရှိ စာရင်းဝင်တိုင်းရင်းသားအသင်းဖြစ်လာခဲ့သည်။ ထိုအခါ ပွဲတော်များတွင် အကများပါဝင်တင်ပြခွင့်ရလာပါသည်။ တိုင်းရင်းသားပွဲတော်ညများ၏ ကောင်းကင်ယံတွင် ဓနုအိုးစည်သံများ သိမ့်သိမ့်တုန်မြည်ဟိန်းခွင့်ရခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် ဓနုတိုင်းရင်းသားအသင်း သင်းလုံးကျွတ်ပထမအကြိမ်တွေ့ဆုံပွဲကို အင်းလေးဓမ္မာရုံတွင် ကျင်းပနိုင်ခဲ့ပြီး ရန်ကုန်ရောက်ဓနုတိုင်းရင်းသားစုံညီစွာ တက်ရောက်ဆုံတွေ့ခွင့်ရခဲ့ပါသည်။ ရပ်မိရပ်ဖသဖွယ်ဖြစ်သော သံအမတ်ဟောင်းကြီး ဦးဘမောင်၊ ဆရာကြီးဒေါက်တာဘသန်းဟက်၊ ထိုအချိန်က ဗဟိုကော်မတီဝင်ဦးနေအောင်တို့ တက်ရောက်ခဲ့သည်။ (မှတ်မိသမျှ)ထိုပွဲတွင် မိသားစုအစုံအလင် တွေ့ဆုံရသဖြင့် အလွန်ပျော်ခဲ့ကြပါသည်။

တစ်ဆက်တည်းပင် သာဓုကန်သို့မိတ်ဆုံခရီးထွက်၍ သာဓုကန်ဘုရားရင်ပြင်တွင် သာယာသောရာသီဥတုအကူအညီဖြင့် ပျော်ခဲ့ကြပါသည်။ ကျွန်တော်တို့အသင်း တစ်နှစ်ပြီးတစ်နှစ်ဖွံ့ဖြိုးလာပြီး ယနေ့အချိန်ထိ ရှင်သန်ခဲ့သည်။ နောက်ပိုင်းတွင် တက္ကသိုလ်များ နှစ်နှင့်ချီ၍ ပိတ်သွားခဲ့သည်။

ပြီးနောက် ကျွန်တော့်ခေါင်းစဉ်အရ တင်ပြလိုသည်မှာ ၁၉၅၂ ခုနှစ်ဝန်းကျင်ခေတ် ဓနုကျောင်းသားများနှင့် ဘယ်ပန်းချီရေးမမီရုပ်ရှင်ဇာတ်လမ်းကိစ္စဖြစ်သည်။

ဆရာသန်းထွန်းရေးသည့် ဘယ်ပန်းချီရေးလို့မမီဝတ္ထုထွက်ပြီး အလွန်အောင်မြင်ခဲ့သည်။ ထိုဝတ္ထုကို ရွှေမဝဦးကျော်မှ ရုပ်ရှင်ရိုက်မည်ကြားသော

www.burmeseclassic.com





အခါ ဝတ္ထုကို ရှာဖတ်မိကြပါသည်။ ဝတ္ထု ဇာတ်လမ်းနှင့်အရေးအဖွဲ့အလွန်ကောင်း သည်။

ထိုခေတ်က ရုပ်ရှင်ရိုက်ဝတ္ထုဇာတ် လမ်းအတော်များများ ရှမ်းရိုးမဒေသ နောက်ခံဇာတ်လမ်းသာ များပါသည်။ လူဆိုးခန်းဆိုလျှင် ရှမ်းဘောင်းဘီဝတ် များ အများဆုံးကြည့်ရဖူးသည်။ ဆိုင်ရာ ဒေသနေပြည်သူများသည် လူဆိုးများ ဟု ထင်ရဖွယ်ဖြစ်ပါသည်။ ယခုတင်ပြ သည့်ဇာတ်လမ်းတွင်လည်း အဓိက ဇာတ်ဆောင် ကျောင်းဒကာဦးစိတ္တ (ကျောင်းစိတ္တ)သည် ရှမ်းပြည်တစ်နေရာ ဓနုတိုင်းရင်းသားအများဆုံးနေသည့် ရွာသားတစ်ဦးဖြစ်ပါသည်။

ရွာရှိ စိတ်ရောဂါသည်တစ်ဦး ကိုယ်ဝန်ပေါ်ရာ ရွာအုပ်ချုပ်ရေးမှ ဦး ဆောင်၍ ကိုယ်ဝန်တာဝန်ရှိသူကို ရှာ တော့မည်။ "အယ်ရိုး"သည် သူ့အဖေ၏ တာဝန်ဖြစ်ကြောင်းသိပြီး သူ့အဖေ ဂုဏ် ညှိုးမည်စိုးသဖြင့် သားဖြစ်သူက ဝင် နာမည်ခံသည့် ရင်နင့်ဖွယ်ဇာတ်လမ်း။

ဝတ္ထုရေးဆရာ၏ ရည်ရွယ်ချက် မှာ ဖခင်၏ဂုဏ်သိက္ခာမညှိုးနွမ်းစေရန် သားဖြစ်သူက ကြားဝင်ခံသည့် ရေဆန် မေတ္တာဘွဲ့ဇာတ်၊ ဘယ်ပန်းချီရေးမမှီ နိုင်သော သားအယ်ရိုး၏ မေတ္တာကို ဖွဲ့ ထားပြီး အလွန်ကောင်းပါသည်။

သို့သော် သမိုင်းတလျောက်လုံး မျက်နှာငယ်ခဲ့ကြသော တောင်ပေါ်ဒေသ နေ တိုင်းရင်းသားရှုထောင့်မှကြည့်ပါက ထိုစာ၏ နောက်ခံအရပ်ဒေသတွင် နေ ထိုင်သူ တိုင်းရင်းသားများမှာ လူ့ကျင့် ဝတ်ပျက်နေသူများဟု ထင်စရာဖြစ်ပါ သည်။

အဆိုပါကိစ္စကို ရုပ်ရှင်ရိုက်တော့ မည့် ဒါရိုက်တာဦးကျော်ဆီ ကျွန်တော် တို့သွားတွေ့ပြီး အကျိုးအကြောင်းပြော ပါသည်။ အဆိုပါဒေသနှင့် တိုင်းရင်း သားနောက်ခံပြီး မရိုက်ပေးရန် ဖြစ် သည်။

ရှုမဝဦးကျော်အတွက် ရုပ်ရှင်ရိုက် ရန်အသင့်ဖြစ်နေပါပြီ။ ရှမ်းပြည်နယ် ယဉ်ကျေးမှုဌာနခွင့်ပြုချက်တစ်ခုသာ လိုသောအချိန်ဖြစ်ပါသည်။ ရှုမဝဦးကျော် အလွန်ပညာရှိ၍ ကျွန်တော်တို့ကို အလွန်ကောင်းမွန်စွာ ဆက်ဆံပြောဆို ပါသည်။ သူ့ဦးတည်ချက်ဖြစ်သော ရေဆန်မေတ္တာ၏အလှကို အကြိမ်ကြိမ် ရှင်းပြပါသည်။ ကျွန်တော်တို့ကလည်း အနူးအညွတ်တောင်းပန်တောင်းဆိုပါ သည်။ ရှုမဝဦးကျော်နှင့် သွားတွေ့ခဲ့သူ များမှာ စီးပွားရေးတက္ကသိုလ်မှ နှစ်ကြီး သမားကိုဖြူ(တောင်ကြီး)၊ ကျွန်တော် အုန်းကျော်၊ ကိုမောင်စိုး(ဝ/သ)တက္ကသိုလ် ဖြစ်ပါသည်။

ရှုမဝဦးကျော်၏သား မောင်ဆွေ တင့်သည် ထိုအချိန်က ၃၀ ကျော် အရွယ်ဟုထင်ပါသည်။ ကျွန်တော်တို့ သုံးလေးခေါက် သွားလာဝင်ထွက်နေ သည်ကို ရှုမဝပင်တိုင်ပန်းချီဆရာ မောင်မောင်တိုးအပါအဝင် ဆရာမောင် ဆွေတင့်က သိရှိစာနာဟန်ပေးကြပါ သည်။

အပြီးသတ်တွင် ဆရာမောင်ဆွေ တင့်က သူ့အဖေအား "ဒီကျောင်းသား လေးတွေ ဒီလောက်ဆန္ဒရှိနေရင်လည်း နေရာပြောင်းပေးလိုက်ပါ အဖေရယ်" ဟူ၍ ဝင်ပြောပေးရာ ဆရာကျော်တစ် ချက်တည်း ငေးသွားပါသည်။ နောက်မှ သိရသည်မှာ ထိုဇာတ်လမ်းကို အခြား ဒေသတွင် သွားရိုက်ပြီး အလွန်အောင် မြင်ကြောင်း သိရပါသည်။

ဘယ်ပန်းချီရေးမမှီ ဆိုသော စကားရပ်ကို ရှေးစာတစ်ခုတွင် တွေ့ဖူး ပါ၏။ ဘယ်မှာဟု မမှတ်မိတော့။ မည် သို့ဆိုစေ စာရေးဆရာ ဆရာသိန်းသန်း ထွန်းအတွက် ထာဝရစိမ်းစိုဝတ္ထု၊ ရှုမဝ ဦးကျော်အတွက် အလွန်အောင်မြင်သည့် ရုပ်ရှင်၊ ကျွန်တော်တို့တစ်သိုက်အတွက် လည်း ပန်းချီရေးမမီအောင်ပင် ကြည်နူး ခဲ့ရသောစကားရပ်ပင် ဖြစ်ပါတော့သည်။

ဥသြတို့အကြိမ်ကြိမ်တွန်၊ ရုပ်ခန္ဓာ အိုနွဲ့ခဲ့ပြီလေ။ လွန်ခဲ့သော ရာစုနှစ်ဝက် နီး၏။ ပျိုမြစ်သော တက္ကသိုလ်ဝန်းကျင် နှင့် လုပ်ဖော်ကိုက်ဖက်၊ ရှန်းဖော်ရှန်း ဖက်၊ ပျော်ဖော်ပျော်ဖက် နှောင်းအိပ်မက် တို့ကား "ရှမ်းရိုးမ နွေဦး"ကဲ့သို့ပင် စိမ်းသစ်ဝင်းပနေဆဲ၊ တွေးမိတိုင်း ရှိုင် ခုန်ဆဲပါလေ။

အုန်းကျော်(ဒေ·ထ·မြ-ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com



# မနုတိုင်းရင်းသားများအတွက် ဂုဏ်တက်စရာဖြစ်ခဲ့ရသော သဘာဝကပေးသည့် ရှေးဟောင်းအမွေအနှစ်များ

မြမဥ္ဇူဝေ(ကျုံမငေး)

ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ပြည်နယ်နှင့် တိုင်းဒေသကြီး(၁၄)ခုတွင် ပြည်နယ်ဧရိယာကျယ်ပြန့်၍ ကျယ်ဝန်းသော ပြည်နယ်ကြီးဖြစ်ပါသည်။ မြေပြန့်တောင်တန်း၊ ချိုင့်ဝှမ်းများလည်းပေါများပါသည်။ ခရီးလမ်းသွားလာမှုလွယ်ကူချောမွေ့သောကြောင့် စီးပွားရေးကောင်းမွန်သည့်ပြည်နယ်ဟုလည်း ဆိုနိုင်ပါသည်။

ရှမ်းပြည်နယ်နှင့် နယ်နိမိတ်ထိစပ်မှုများမှာ ပြည်နယ်သည် မြန်မာနိုင်ငံ၏အရှေ့အလယ်ပိုင်းတွင် တည်ရှိပြီး တရုတ်၊ လာအို၊ ထိုင်း စသော နိုင်ငံရပ်ခြားတိုင်းပြည်သုံးခုနှင့် ထိစပ်နေပါသည်။ ပြည်နယ်၏မြောက်ဘက်တွင် "ကချင်"ပြည်နယ်၊ တောင်ဘက်တွင် "ကယား"ပြည်နယ်နှင့် "ကရင်"ပြည်နယ်၊ အနောက်ဘက်တွင်မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်အားဖြင့် ထိစပ်နေပါသည်။

ပြည်နယ်တစ်ခုလုံးအကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း(၆၀၁၅၅)မိုင်ကျယ်ဝန်းပြီး ပင်လယ်ရေမျက်နှာပြင်ထက်ပေပေါင်း သုံးထောင်ခန့်မြင့်သောမြေပြင်တွင် တည်ရှိနေပါသည်။


မှီတင်းနေထိုင်ကြသော လူမျိုးစုများမှာ ရှမ်းလူမျိုးများဖြစ်ပြီး အများစုမှာ ရှမ်းမျိုးနွယ်စုဝင် ဓနု၊ တောင်ရိုးအင်းသားများ ဖြစ်ကြပါသည်။ တိုင်းရင်းသား ဗမာ၊ မွန်၊ ရခိုင်၊ ကရင်၊ ကချင်၊ ချင်း၊ မျိုးနွယ်စုများလည်း နေ



www.burmeseclassic.com

www.burmeseclassic.com





ထိုင်ကြပါသည်။

"တစ်မူးရလို့ တစ်ပဲလှူ ...တို့ ရှမ်းတောင်သူ"ဆိုသောစကားနှင့် ညီစွာ ဘာသာတရားကို အလေးထားကြသူများဖြစ်သည့် ရှမ်းမျိုးနွယ်စုများသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများ ဖြစ်ပါသည်။ ရှေးဘိုးဘွားစဉ်ဆက် ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ခဲ့ကြသောကြောင့် ရှေးဟောင်းအမွေအနှစ် ဘုရားစေတီများစွာနှင့် သာသနာရောင်ဝါ ထွန်းလင်းဖြာသော ပြည်နယ်ကြီးဖြစ်ပါသည်။

ပြည်တွင်းဘုရားဖူးများသာမက နိုင်ငံရပ်ခြားဘာသာခြားများလည်း ရှိသေစွာ လာရောက်လေ့လာနေသော မွေတော်ကက္ကူ ဘုရားသည် အလွန်ရှေးကျပြီး ရှေးအခါက များလှစွာသော စေတီများကို "တောင်သူကွမ်းညှပ် တဖြတ်ဖြတ်"ဆိုသော စာချိုးနှင့် ဘုရားစေတီအဆူပေါင်း(၇၆၂၃)ဆူ ရှိခဲ့ဖူးသည်ဟု ဒေသခံများဆိုစကားအရ မှတ်သားခဲ့ရသော်လည်း ယခုအခါ အဆူရေပေါင်း နှစ်ထောင်ကျော်သာရှိပါသည်။

ပြည်နယ်အတွင်းမှ မျိုးနွယ်စုအများဆုံး "ဓနု"မျိုးနွယ်စုများသည် ယခုအခါ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရင်းသားများနှင့် နယ်မြေဖြစ်ခဲ့ပြီး ရှေးဟောင်းအမွေအနှစ် သဘာဝဖြစ်တည်မှုများကြောင့် မြန်မာပြည်တွင်းသာမက ကမ္ဘာအရပ်ရပ်သို့ပင် ထိုးဖောက်ဂုဏ်တက်ခဲ့ရပြီ ဖြစ်ပါသည်။ ထို့ကြောင့် "ဓနု"မျိုးနွယ်စု သွေးချင်းများ၏ ဂုဏ်ကျက်သရေဆောင် သဘာဝဖြစ်စဉ်များနှင့် တည်ရှိနေမှုကို လေ့လာမိခဲ့ပါသည်။

### ရှေးဟောင်းသဘာဝဂူ (သို့မဟုတ်) ကျောက်ခေတ်ပြဒါးလင်းဂူ

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်"ဓနု"တိုင်းရင်းသားတို့စံပျော်နိုင်သည့် ရှေးဟောင်းအမွေခံ သဘာဝအမွေအနှစ်များ အလွန်ပေါများပါသည်။

ယခုအခါ နိုင်ငံတော်အတွင်း သဘာဝမှဖြစ်တည်နေသောရှေးဟောင်းအမွေအနှစ်များရှိသော အရပ်ဒေသများကို "ရှေးဟောင်းအမွေအနှစ်များရှိသောဇုန်"အဖြစ် သတ်မှတ်ပေးခဲ့ပြီး ကာကွယ်စောင့်ရှောက် ထိန်းသိမ်းကြရန် သတိလည်းပေးထားပြီး ဖြစ်သည်။

ရှေးဟောင်း၊ သဘာဝကျောက်ဂူကြီးကို ပြဒါးလင်းဂူဟုခေါ်ခဲ့ပြီး အမှတ်(၁)၊ အမှတ်(၂)ဟု ခွဲထားပါသည်။ ရှေးလွန်ခဲ့သော နှစ်သန်းပေါင်းများစွာက လူသားများ နေထိုင်ကြမှာ ဖြစ်သော်လည်း တဖြေးဖြေး ထုံးကျောက်များ ဖုံးခဲ့သောကြောင့် လူများ စွန့်ခွာခဲ့သည်ဟုလည်း ယူဆကြပါသည်။

ရွာငံမြို့နယ်၊ အနောက်ဘက် နမ့်ထိပ်တောင်ပိုင်း၊ ညောင်ကြပ်ကျေးရွာနှင့် အရှေ့မြောက်ဘက်(၄)မိုင်ခန့်အကွာ၊ ရှမ်းကုန်းပြင်မြင့်၏အနောက်ခြမ်း၊ တောင်စွယ်အခြေပိုင်းတွင် တည်ရှိနေသောကြောင့် သွားကြမည်ဆိုလျှင်–

– ပထမလမ်းကြောင်းသည် မိတ္ထီလာ–သာစည်–တောင်ကြီး ပြည်ထောင်စုကားလမ်းမှ အောင်ပန်းမြို့သို့ဝင်ကာ အနောက်ဘက်သို့ လမ်းခွဲပြီး ရွာငံ၊ မြို့ကြီး–ဟန်မြင့်မိုရ် ကားလမ်းအတိုင်း ရွာငံမြို့ကိုကျော်ဖြတ်၍ ထိုမှတစ်ဆင့် မျှားကလေး–လယ်ကိုင်း–ရေဘုတ်လမ်းမှ ခြေလျှင်ခရီးဖြင့် တစ်နာရီခွဲခန့်ခရီး။

– ဒုတိယလမ်းကြောင်းသည် မြစ်သား–ကူမဲ ကားလမ်းမှ ကင်းတားဆည်အားဖြတ်ကျော်ပြီး တစ်ဖက်လမ်းမှ ခြေကျင်ခရီး တစ်နာရီခန့်ခရီး။

– တတိယလမ်းကြောင်းသည် မန္တလေး–ကျောက်ဆည်–ဟန်မြင့်မိုရ်–ရွာငံလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် လာရောက်ပြီး ရွာငံမှ မျှားကလေး–လယ်ကိုင်း–ရေဘုတ်မှ ပထမလမ်းကြောင်းအတိုင်း ခရီးနှင်နိုင်ပါသည်။

### ကျောက်ကမ်းပါးနံရံပေါ်မှ သဘာဝပန်းချီလက်ရာသဏ္ဍာန်တစ်ခု တွေ့ရှိခြင်း

"ဓနု"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေအတွင်း ထူးခြားသော နံရံဆေးရေးပန်းချီလက်ရာတစ်ခုကို တွေ့ရှိခဲ့ပါသည်။ ထိုနေရာမှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်၊ ပြဒါးလင်းဂူသို့ မရောက်ခင်(၄)မိုင်ခန့်အလိုတွင် ကျောက်ကမ်းပါးတစ်ခုပေါ်၌တွေ့ရခြင်းဖြစ်သည်။

ကျောက်နံရံကျောက်သားမှာ ရာသီဉတုဒဏ်ကြောင့် အပေါ်လွှာများ တဖြည်းဖြည်းပဲ့ကျသွားပြီး အောက်ခံအရောင်ပါကျောက်သားတွင် ယခုရှုခင်းပုံပေါ်နေခြင်း ဖြစ်သည်။ သဘာဝ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဖြစ်ပေါ်နေသည်မှာ အမှန်ဖြစ်ကြောင်း ဒေသခံ''ခနု''စာပေနှင့် ယဉ်ကျေးမှုအသင်းမှ လက်ခံကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှလည်း သဘာဝအတိုင်း တည်ရှိဖြစ်ပေါ်နေခြင်း ဖြစ်သည်ဟု ဆိုပါသည်။

### မြခနောက်ကျောက်မိုးပြင်မှ သဘာဝနံရံဆေးရေးပန်းချီများ

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်၊ ကမ်းပါးနီကျေးရွာ၏ မြောက်ဘက်(၃)မိုင်ခန့်အကွာ ပဲဒွေးတောင်ပေါ်တွင်၊ ဒေသအခေါ်''မြခနောက်''(ခေါ်) မြခနောက်ကျောက်မိုးပြင်တွင် သဘာဝနံရံဆေးရေးပန်းချီလက်ရာများကို ဒေသခံများမှ တွေ့ရှိခဲ့၏။

ထိုကျောက်ကမ်းပါးတည်ရှိရာ နေရာဝန်းကျင်သည် လူများနေထိုင်ရန် ကောင်းမွန်သော အနေအထားမရှိ၊ သဘာဝပတ်ဝန်းကျင်အနေအထားအရလည်း လူများမနေထိုင်နိုင်သော နေရာဖြစ်သည့်အတွက် သဘာဝအတိုင်း ဖြစ်ပေါ်နေသော ပန်းချီလက်ရာများအဖြစ် လက်ခံခဲ့ကြ၏။

### ရှေးဟောင်းအမွေအနှစ် မြသပိတ်ရေပြာအိုင်

ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိနေသော ''ရေပြာအိုင်''ကို ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်နှင့် (၇)မိုင်ခန့်အကွာရှိ တောကျယ်လေးရွာတွင် တည်ရှိနေပါသည်။ ယခုအခါ တောကျယ်လေးရွာ၏ ဆရာတော်နှင့် မြို့နယ်အတွင်းမှ တာဝန်ရှိကြသူများမှ ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။ ယခုအခါ လာရောက်လေ့လာကြသူများနှင့်လည်း စည်ကားနေပါသည်။

''ခနု''တိုင်းရင်းသားတို့အတွက် တန်ဖိုးမဖြတ်နိုင်သော ရေပြာအိုင်သည် အိုင်အတွင်းရှိ ရေများမှာ မြသပိတ်အရောင်ကြည်လင်စိမ်းပြာသောအရောင်ဖြစ်၍ ဒေသခံများက ''မြသပိတ်ရေပြာအိုင်''ဟုခေါ်ကြပါသည်။ ရှေးယခင်နှစ်ပေါင်းများစွာကပင် ရှိနေခဲ့သော်လည်း လူသိထင်ရှားဖြစ်ခဲ့ရသည်မှာ မကြာသေးသော ကာလကပင်ဖြစ်၏။ သို့သော် လာရောက် လေ့လာနေသူများနှင့် အလွန်စည်ကားနေပါသည်။

ရှေးဟောင်း သဘာဝအမွေအနှစ်ဖြစ်သည်ဟု လက်ခံခဲ့ကြပြီး တန်ဖိုးမဖြတ်နိုင်၍ ထိန်းသိမ်းနေသည့် မြသပိတ်ရေပြာအိုင်သည် သဘာဝအမွေအနှစ်အမှန်ဖြစ်ပြီး နှစ်ကာလမည်မျှ ရှည်ကြာခဲ့ပြီကို မသိနိုင်သည့် ဤရေပြာအိုင်သည် ရှေးဟောင်းအမွေအနှစ်ဖြစ်ကြောင်း လက်ခံခဲ့ကြခြင်းဖြစ်၏။ ထို့အပြင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့မှ ထိန်းသိမ်းသင့်ကြောင်း လေ့လာသူများမှ ယူဆခဲ့ကြပါသည်။

ဒေသဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ရှေးဟောင်းသုတေသနဌာနသို့ တရားဝင်စာတင်ထားကြောင်းကိုလည်း ''ခနု''စာပေနှင့် ယဉ်ကျေးမှုအသင်း(ရွာငံ)မှ ကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့ပါသည်။ ထို့အပြင် ခနုတိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်အဖြစ် စာရင်းဝင်ထိန်းသိမ်းစောင့်ရှောက်ရန် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများတွင် တာဝန်ရှိသည်ဟုလည်း ကြားသိခဲ့ရပါသည်။

အချုပ်အားဖြင့် ရွာငံမြို့နယ်နှင့် အနီးဝန်းကျင်၌ သဘာဝအမွေအနှစ်၊ ရှေးဟောင်းအမွေခံများသည် ဂုဏ်ယူဝံ့ကြွားစရာကောင်းလှသည့် အမွေအနှစ်များ ဖြစ်ပါသည်။ ထို့ထက်မကသော ရှေးကျ၍ ထူးခြားသည့် ဖြစ်တည်မှုများသည် ရှိနေဦးမှာဟု ထင်မိပါသည်။ ထို့ကြောင့် ထိန်းသိမ်းစောင့်ရှောက်သင့်သော သဘာဝအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်စေခြင်း ဖြစ်ပါသည်။

ဒေသခံ''ခနု''တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့၏ယဉ်ကျေးမှုအမွေအနှစ်များကို စောင့်ရှောက်နေကြသူများဖြစ်သည်နှင့် ''ခနု''တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ပြခန်းအဖြစ် ပြသနိုင်ရန် ကြိုးစားနေကြကြောင်း ခနုစာပေနှင့် ယဉ်ကျေးမှု



မြသပိတ်ရေပြာအိုင်

www.burmeseclassic.com






အသင်း ရှာင်မှ သိရှိခဲ့ရပါသည်။

ယခုအခါ ဖော်ပြခဲ့ပြီးသော ရှေးဟောင်း သဘာဝတည်ရှိနေမှုများ ဖြစ်သော ...

- ရှေးဟောင်းကျောက်ခေတ် ပြဒါးလင်းဂူ။
- ကျောက်ကမ်းပါးနံရံပန်းချီများ။
- မြခနောက်ကျောက်မိုးပြင် နံရံဆေးရေးပန်းချီများ။
- ရှေးဟောင်း မြသပိတ်ရေပြာအိုင်။

များသည် ဓနုတိုင်းရင်းသားများအတွက် ဂုဏ်တက်စရာ ရှေးဟောင်းအမွေအနှစ်များဖြစ်၍ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့်အတူ ယှဉ်တွဲတည်ရှိနေသည့်အတွက် ပို၍ပင် ဂုဏ်တက်စရာဖြစ်လာစေရန် ''ယဉ်ကျေးမှုအမွေအနှစ်ပြခန်း''ကို ဖွင့်လှစ်နိုင်ရန် စီစဉ်နေရုံမက မဖြစ်မနေ ဆောင်ရွက်သင့်ပါသည်။

ခရီးသွားဧည့်သည်များအနေဖြင့်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဓနုဇိုင်းရင်းသားတို့၏ သဘာဝကပေးသော ရှေးဟောင်းအမွေအနှစ်များသည် တောင်ကြီးခရိုင်၊ ရှာင်မြို့နယ်အတွင်း နှင့် မနီးမဝေးသောဒေသများတွင် တည် ရှိနေသောကြောင့် သွားလာမှုအဆင် ပြေပါသည်။ ရှာင်မြို့နယ်သို့ ရောက် သည်နှင့် ဖော်ပြခဲ့ပြီးသော သဘာ အမွေအနှစ်များရှိရာသို့ သွားရောက်ရန် လွယ်ကူနေပြီဖြစ်ပါသည်။ သို့ပါ၍ တစ်ခါတစ်ခေါက် အရောက်သွားစေ ချင်ပါသည်။

မြမဥ္ဇူဝေ(ကျုံမငေ

နောင်ချိုကျော်လွင်

၏

ရှေးဟောင်းပုဂံမြေမှ ရှင်အရဟံသိမ်ကို တူးဖော်ခြင်း (ဒုတိယအကြိမ်)

ဓနု မသိသေးသော ဓနု (ပထမအကြိမ်)

ကြာမီထွက်မည်

www.burmeseclassic.com

www.burmeseclassic.com



## ဓလေ့

မောမြေမြင့်ရဲ့ တောင်တန်းမှာ
ရွှေဓနုတို့နေကြတာ။

လက်ဖက် လိမ္မော် သစ်တော်ခင်းကား
သူတို့လက်ငုတ် လက်ရင်းများ။

ပဲပုပ် ကြက်သွန် ရှောက်တွေတော့
တောင်ယာလုပ်ရင်း စိုက်သေးသပေါ့။

လှေကားထစ်ခွင် စိုက်ခင်းနား
ပန်းဖြစ်ထွန်းစေသား

စိမ့်စမ်းရေတံခွန် ...ဓနုမြေ
ရပ်ဝေးညှို့သည့် အပန်းဖြေ

မီးခိုးမဲ့စက်ရုံများ ဝိသေသပြုထင်ရှား
နိုင်ငံစီးပွား ပြည့်အင်အား

စီးပွားရှာသမျှ ဒါနပေးပေ
အိုးစည်မောင်းသံ တဝေဝေ

ညီနောင်ဆွေသဟာ စုံလင်တော့
သာသနာ့အမွေခံကြပေါ့

တရားသံတွေ လွှမ်းပျံ့ဘိ
မြင့်မားသီခေါင် တောင်ထိပ်ထိ။

ရွှေယဉ်နု


www.burmeseclassic.com

www.burmeseclassic.com




## ခါးကိုင်းကာ
## နားပင်ထိုင်းသော်လည်း

အဖြေတွက်လျှင်ဖြင့်
သေဘက်ကိုတဲ့ နီးခဲ့ပြီ ..
သီလ ဘာဝနာ စီးကာဖြန်းပါလို့
လျှုဒါန်းကာ သံသရာအရေးကိုလာ့
တွေးခဲ့ပေါ့အတည်။

ကရွတ်ခွေ သံသရာအတွင်းရယ်က
လွတ်ကင်းအောင် ငါကြံဆောင်လို့
နိဗ္ဗူသောင် ခေမာကမ်းဆီသို့
မှန်းရွယ်လို့ ဦးတည်
ရှင်ကြည်တဲ့ စိတ်ထား။

ခန္ဓာမှာ ချူကာဟိုင်းပါလို့
ခါးကိုင်းကာ နားပင်ထိုင်းသော်လည်း
စိတ်ပိုင်းကာ ဘာဝနာတင်လို့
အချိန်တိုင်းပင် ငါဆင်ခြင်ခဲ့
မုချပင် ငါသေရမည်ဟု
ကောင်းမှုမျိုးစေ့သာ သေရွာနယ်သို့
ရိက္ခာသဖွယ် ...
လိုက်ပါမယ် သိကာထားတာမို့
များအောင်ကွယ် ငါစိုက်ပျိုးတယ်
(ကွယ် ...) ကြိုးကုတ်တအား။ ။



မောင်နွယ်မင်း(မုံရွာ)

## ဓနုမ



လွင်အုံး(ကောင်းဘို)

အငြိုးမချန်
အမျိုးမှန်
အဖိုးတန်စွ
ဓနုမ။

ဒေါ်မထူ
မနောဖြူလှ
ဓနုမ။

ကြိုးကြိုးစားစား
ရှိုးမများ
ရိုးသားထကြွ
ဓနုမ။

အတွင်းပြင်ပ
အချင်းယှဉ်မရ
အဆင်းယဉ်စ
ဓနုမ။

အတန်းအစား
မခွဲခြား
တန်းပြားမျှတ
ဓနုမ။

အကျော်ဒေးယျ
တော်လေးဝ
မျှော်ငေးမဝ
ဓနုမ။ ။

www.burmeseclassic.com

www.burmeseclassic.com



## အေးချမ်းနိုင်စေ ချစ်မေမေ



ချွေးတွေတရွှဲရွှဲ နေပူထဲ
မောလဲမမောနိုင် ဖွဲ့ခိုင်ခိုင်။

တစ်ကိုယ်လုံးစိုရွှဲ မိုးရေထဲ
မောလဲမမောနိုင် ဖွဲ့ခိုင်ခိုင်။

ခိုက်ခိုက်တုန်သဲ ဆောင်းနှင်းဖွဲ
မောလဲမမောနိုင် ဖွဲ့ခိုင်ခိုင်။

မိုးသဲ နှင်းဖွဲ နေပူထဲလည်း
အားခဲမာန်တင်း ချစ်ချင်းသရုပ်
တစ်လုတ်ဝမ်းစာ ငြိမ်းစေတာရှင့်
သားစာ သမီးစာ မြေးလည်းပါသေး
သားကမွေးတဲ့မြေး အမေ့သွေးပေါ့
သမီးကမွေးတဲ့မြေး အမေ့သွေးပေါ့
ပိုက်ထွေးယုယ ချစ်မဝနိုင်
ဒီဘဝ ဒီခန္ဓာ သံသရာမှာ
လူးလာစုန်ဆန် အားတင်းပြန်ရှင့်
နိဗ္ဗာန်ဆိုဝေး ဥပုသ်လေးတောင်
စောင့်ရေးမလွယ် ဒုက္ခနယ်မှာ ဝဲလည်နေသရွေ့
အားလုံးမေ့ရှင့်
ဘယ်နေ့ချိန်ခါ လွတ်မြောက်ရာလိမ့်
သစ္စာမသိ လမ်းပျောက်ဘိသို့
ကပ်ငြိအဝိဇ္ဇာ ဒီသံသရာမှ
ဘယ်ခါလွတ်မြောက်နိုင်မည်နည်း။

လွတ်ရာလွတ်ကြောင်း နည်းကောင်းလမ်းမှန်
နေသိမှန်ရေး စိတ်ကြိုတွေးဆ
ဆုမွန်သသည် ငြိမ်းချမ်းဘဝရပါစေ။

ဝေမိုးလွင်(ကျောက်မဲ)

## ချိုးဖြူမြူးပျံ့ အောင်ပွဲခံ

ရန်စစ်ခင်း
မှားယွင်းမှုကြာခဲ့တယ်။

အနိုင်အရှုံး
မဆုံးသံသရာလည်လို့
ဖန်ခါခါ မိုက်မှောင်တွင်း
တက်ဆင်းလို့ရယ်။

ငြိမ်းချမ်းရေးအသိကြွယ်
ဖလှယ်ကြ ညီနောင်များ။

အတွေးသန့်ကြည်
ဖွဲ့ညီညီ လမ်းသစ်တည်လို့
နွဲ့ရည်တူကောင်းမွေဆက်ရအောင်
လက်ကမ်းလာညီနောင်ဖွားတွေကြောင့်
ကြားရသူ ပီတိလွှမ်းပါရဲ့
အကြင်နာမေတ္တာလမ်းပေမို့
ချမ်းမြေ့တကား။

မင်းနိုင်လေး(လမ်းမတော်)

(တစ်နိုင်ငံလုံး
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်မှုများသို့
ဂုဏ်ပြုလျက်…)



www.burmeseclassic.com



# ဒုဋ္ဌဝတီ

မနေ့ကစီး
ဒီကနေ့စီး
မနက်ဖြန်စီး
စီးနေဦးမည်၊ မြေပြန့်ဆီသို့
ရှည်းပြည်အဖိုးတန် မြစ်နဒီ။


နွေလည်းမခမ်း
မိုးလည်းမခမ်း
ဆောင်းလည်းမခမ်း၊ အမြဲတမ်းရေ
ရှည်းပြည်လည်ဆွဲ မြစ်နဒီ။

ကမ်းဘေးဝဲယာ
မြေသြဇာကျွေး၊ ရေဝေပေးလျက်
ကျေးရှုပြုသည်၊ မိတ်ဆွေပီသ
ရှည်းပြည်အကျိုး သယ်ပိုးမြစ်နဒီ။

စပါးလယ်ကွင်း စိုက်ခင်းတွေဖန်
သီးနှံတွေပေါ် လိမ္မော်ရှောက်ချို
ပင်ပျိုစိမ်းလန်း၊ မောတောင်တန်းဝယ်
ရှမ်းပြည်ကျက်သရေ မြစ်နဒီ။

မြွေတစ်ကောင်လို
တောတောင်ကိုပတ် လှိုမြောင်ဖြတ်ကျော်
စုတ်ထပ်ပန်းချီ၊ ဆေးမမီသို့
ရှည်းပြည်အလှ မြစ်နဒီ။

အင်္ဂလိပ်နယ်ချဲ့၊ မောင်းထုတ်ခဲ့ရာ
ဖက်ဆစ်ဂျပန်၊ တွန်းတော်လှန်ရာ
ပဒေသရာဇ်စနစ်၊ ချေမှုန်းပစ်ရာ
ပါဝင်ကူညီ၊ သဘောညီခဲ့
ရှမ်းပြည်သားကောင်း မြစ်နဒီ။



အလင်းဖြာဝေ
ရေအရင်းအမြစ်၊ သီပွံ့ခေတ်လွန်
လျှပ်စစ်ထုတ်ခဲ့၊ ၂၄ နာရီ
ရှည်းပြည်ဂုဏ်ရောင် မြစ်နဒီ။

သမိုင်းကြောင်းနှင့်
ဝင့်ကြွားအမည်၊ တေးကိုသီရင်း
ရှမ်းပြည်အသည်းနှလုံး မြစ်နဒီ။

မောမြေအလှ
ပန်းရလျက်
ဒုဋ္ဌဝတီ၊ ရေညီကွဲ့
မြန်ပြည်ပိုင်တဲ့ မြစ်တစ်စင်း။

မောင်ချိုးမြူ(သီပေါ)

www.burmeseclassic.com

www.burmeseclassic.com



# အကျိုးဆောင်ရှေ့နေဆိုသည်မှာ ...

ဘသက်ဆွေ



"ဒီလိုကွ မောင်ဆွေရ"

ဤသို့လျှင် စာရေးဆရာကြီး ဆရာသင့်တော်က သူ့စကားကို စပါတော့သည်။ "မင်းက နှစ်ပေါင်းအစိတ်လောက် မှုခင်းစုံမဂ္ဂဇင်းမှာ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်လာတဲ့သူဆိုတော့ တစ်ခေတ်တစ်ခါက တရားခွင်ရောက် မှုခင်းဖြစ်ရပ်လေး ပြောပြချင်သကွာ .."

"တစ်ခေတ်တစ်ခါကဆိုတာ ဘယ်ခေတ်ကို ဆိုလိုတာလဲ ဆရာ"

"ဟို .. ဟို .. ဒါပေမဲ့ ခေတ်ပေါ်မှာ မူတည်တာမဟုတ်ဘူးကွ။ လူပုဂ္ဂိုလ်ပေါ်မှာ မူတည်တာ"

"ဟုတ်ကဲ့ .. ပြောပြပါ ဆရာ"

"ရှေ့နေနဲ့ တရားသူကြီးရဲ့ ကိစ္စပါ။ နာမည်တွေကတော့ မေ့ထားကွာ။ ငါ အဓိကထားချင်သူကတော့ ရှေ့နေဆိုတဲ့ အကျိုးဆောင်အကြောင်းပေါ့ကွာ"

"ဟုတ်လား .. ဆရာ၊ ကျွန်တော်စိတ်ဝင်စားပါတယ်"

"တို့မြန်မာလူမျိုးတွေက ရှေ့နေရှေ့ရပ်ဆိုရင် သိပ်မကြည်ချင်ကြဘူးကွ။ သူ့အမှုနိုင်ဖို့ ဗလောင်းဗလဲလုပ်တတ်၊ ပြောတတ်လွန်းလို့ပါ။ အာဏာရှင်ခေတ်ဆိုတော့ တရားသူကြီးကိုလည်း သိပ်မယုံချင်ကြဘူး။ 'ဥပဒေက မည်သို့ပင်ဆိုစေကာ'ဆိုတဲ့ ပေတံကြီးနဲ့ အပြစ်ပေးတတ်လွန်းလို့ပါ"

"အဲဒီတုန်းက အမှုက ဘာအမှုမို့လို့လဲ ဆရာ"

"ခိုးမှုပါကွာ"

ဆရာသင့်တော်က ဆက်ပြော‚ပြန်သည်။

"အဲဒီအမှုကို ပုဒ်မ ၃၇၈ နဲ့ တရားရုံးတင် စစ်ဆေးသကွ။ အမှုကလည်း ထင်ရှားပါတယ်လေ"

"ဒါဆို ပြီးပြီပေါ့ ဆရာ"

"ဟင့်အင်း .. မပြီးဘူးကွ။ နားထောင်"

ဆရာက ဆက်၍ရှင်းပြသည်။ ရှေ့နေဆိုတဲ့ငနဲ့ လျှောက်ထားပုံက သူ့အမှုသည်ဟာ အိမ်ထဲဝင်ပြီးခိုးခဲ့တာမဟုတ်ဘူး။ ပွင့်နေတဲ့ ပြတင်းပေါက်ကနေပြီး လက်လှမ်းမီရာပစ္စည်းတွေကို ညာဘက်လက်နဲ့သာ ယူတာပါတဲ့။ သူ့ခန္ဓာကိုယ်ကြီး အိမ်ထဲမရောက်တဲ့အတွက် ခိုးမှုမမြောက်ပါဘူးတဲ့။ အဲလိုရှေ့နေဆိုတဲ့ ငနဲက လျှောက်ထားတယ်လေ။ တကယ်လို့အပြစ်ပေးရင်တောင် သူ့ရဲ့ ညာလက်ကိုသာ အပြစ်ပေးသင့်ပါသတဲ့ကွ"

"တကယ့်ရှေ့နေပါပဲ ဆရာ"

"အေး .. အဲဒီမှာပဲ တရားသူကြီးဆိုတဲ့ ပုဂ္ဂိုလ်ကြီးကလည်း ရှေ့နေရဲ့ စကားနဲ့ အပြစ်ဒဏ်ချလိုက်သကွ"

"ဘယ်လိုအပြစ်ဒဏ်လဲ ဆရာ"

ကျွန်တော်က စိတ်အလောကြီးစွာ မေးဖြစ်သွားသည်။

တရားသူကြီးက အောင်နိုင်သူအပြုံးနဲ့ အမိန့်ချလိုက်တာကတော့ ..

"ဟုတ်ပြီ .. အကျိုးတော်ဆောင်ရှေ့နေကြီး လျှောက်ထားတဲ့အတိုင်းပါပဲ။ သူ့ကိုတော့ အပြစ်မပေးတော့ပါဘူး။ အဲ .. သူ့ညာဘက်လက်ကိုသာ ထောင်ဒဏ်တစ်နှစ်အပြစ်ချလိုက်တယ်။ သူ့ခန္ဓာကိုယ်ကတော့ သူ့သဘောဆန္ဒအတိုင်း၊ နေချင်နေခဲ့၊ မနေချင်လည်း လိုက်သွားပေါ့" တဲ့။

"ဟာ .. ဘယ်လိုဟာကြီးလဲ ဆရာ၊ ဘယ်လိုနားလည်ရမှာလဲ .. ပြောပါဦး ဆရာ၊ ဘာဖြစ်ကုန်သလဲ လို့"

ကျွန်တော် အလွန်စိတ်စောမိသည်။

"ဟဲ .. ဟဲ"

ဆရာသင့်တော်က မြိန့်မြိန့်ကြီးပြုံးရင်း ပြောပြသည်။

"ရှေ့နေက ကောင်းပါပြီ။ တရားသူကြီးအမိန့်အတိုင်း ဒီလူရဲ့ ညာဘက်ကို ထားခဲ့ပါမယ်" ဆိုပြီး တရားခံရဲ့ ညာဘက်လက်အတုကြီးကိုဖြုတ် တရားသူကြီးရဲ့ စားပွဲခုံပေါ်တင်ပြီး သူနဲ့ တရားခံတို့ တရားခွင်က ထွက်သွားကြပါလေကောကွာ"

"ဟာ .. ဘယ်လိုဖြစ်ကုန်တာ လဲ ဆရာ"

"အေး .. အဖြစ်ကတော့ အဲဒါပဲ။ အကျိုးဆောင်ရှေ့နေဆိုတဲ့ ငနဲတွေကို နည်းနည်းလေးမှ အထင်မသေးလေနဲ့ မောင်ဆွေရေ"

ဤသို့လျှင် ဆရာသင့်တော်က မှတ်ချက်ချပါ၏။

ဘသက်ဆွေ

www.burmeseclassic.com

www.burmeseclassic.com





# ဒေါက်တာမိုးမြင့်ထူး (ဓနုမြေလတ်)

# စင်တင်စုံတွဲရိုးရာအကဖြစ်ပေါ်လာပုံ
# နှင့်
# ဓနုတို့၏ ပထမဆုံးသောဝတ်စုံ

၁၉၇၁ ခုနှစ်၊ စင်တင်ဘာလမှာ မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်ကို စတင်တက်ရောက်ခွင့်ရရှိခဲ့ပါသည်။ ရှမ်းပြည်နယ်မှ ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်ယူကြတဲ့ ကျောင်းသူ/သားများက တောင်ကြီးနဲ့လားရှိုးကောလိပ်မှာ (၂)နှစ်တက်ကြရပြီး ကျန်တဲ့ (၂)နှစ်ကိုတော့ မန္တလေး၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှာ တက်ကြရပါသည်။ ဆေးတက္ကသိုလ်ဝင်ခွင့်ရတဲ့သူများကလည်း မန္တလေးမှာဘဲ တက်ကြရတဲ့အတွက် မန္တလေးတက္ကသိုလ်(၃)ခုမှာ 'ဓနု'အပါအဝင် ရှမ်းပြည်နယ်က ကျောင်းသူ/သားအတော်များပါသည်။ ရှမ်းပြည်နယ်နေ့၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲကိုလည်း စုပေါင်းလုပ်ဆောင်ကြပြီး ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာပဒေသာကပွဲမှာလည်း ရိုးရာအကများနဲ့ ပါဝင်ဆင်နွှဲကြပါသည်။

၁၉၇၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်ည ရှမ်းပြည်နယ်နေ့ အကြိုအခမ်းအနားမှာ ရှမ်း၊ ပအိုဝ်၊ တအောင်းအကများနှင့် အင်းတိုင်းရင်းသားများ၏ တိုက်ရောအစီအစဉ်တင်ဆက်ခဲ့ကြပြီး ဓနုအစီအစဉ်ပါဝင်နိုင်ခဲ့ခြင်းမရှိပါ။ အခြားတိုင်းရင်းသားများအလယ်မှာ မျက်နှာငယ်တယ်လို့ ခံစားမိခဲ့ကြပါသည်။ ဓနုကျောင်းသူ/သား ၃၀–၄၀ ခန့်လည်းရှိလေတော့ တို့တစ်ခု လုပ်ကြမှဖြစ်မယ်လို့ ဆွေးနွေးပြောဆိုမိကြပါသည်။ တောင်ရိုး ကျောင်းသူ/သား ၄–၅ ဦးလည်းရှိပါသည်။ ဖေဖော်ဝါရီလ ၁၁ ရက်ညမှာကျင်းပမည့် မန္တလေးတက္ကသိုလ်များရဲ့ ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာပဒေသာကပွဲမှာ ပါဝင် တင်ဆက်ကြဖို့ ဆုံးဖြတ်ခဲ့ကြပါသည်။

တင်ဆက်ကြမည့်အကကို စဉ်းစားကြတော့ ခေါင်း ခြောက်ကြရပါသည်။ ယခင်က ဓနုအိုးစည်နှင့်အတူ ဝိုင်းက ကြသည်များ၊ သိုင်းအက(ဘန်–ခတ်)များသာလျှင် မြင်ဘူး ကြည့်ဘူးခဲ့ပြီး ကျား/မစုံတွဲဖြင့် စနစ်တကျစတင်ကပြခဲ့သည် များ မရှိခဲ့ဖူးပါ။ ဒေသမှာကနေကျ ဓနုအိုးစည်ဝိုင်းနှင့်အ ကတဲ့လက်ကွက်များ၊ တောင်ရိုးအမျိုးသမီးများတန်းစီ၍ လ မြောက်လက်လှည့်ကကွက်များကို အခြေခံပြီးကကြဖို့ စဉ်း မိကြပါသည်။ တစ်ကြိမ်မှမကဖူးသည့်အကဖြစ်၍လည်း စာစုပေါင်းလေ့ကျင့်ရမည့် ကကွက်များကို ညပိုင်းအကတို

www.burmeseclassic.com



ပြီး အပြန် အဆောင်မှာ ပြန်လည်ညှိနှိုင်းကကြည့်ရပါမည်။ နောက်ရက်လေ့ကျင့်ရမည့် ကကွက်များမရှိပါ။ ကျားကစားသည့် ခုံအား ရွေ့ချပြီး အဖြူတုံးများက ကျောင်းသူ၊ အမည်းတုံးများက ကျောင်းသားအမှတ်ထားလို့ အကွက်များရွှေ့ကြည့်၊ လက်တွေ့ကကြည့်နဲ့ (၄)ညဖြင့် အကလေ့ကျင့်ခဲ့ရပါသည်။

အတီးကိစ္စစဉ်းစားကြသည့်အခါ ဓနုအိုးစည်နှင့်ကရလျှင် ညည်းဝါးအနည်းငယ်မြန်သဖြင့် ကရသည်မှာ အနည်းငယ်ခက်နိုင်သဖြင့် ရိုးရာလောင်းလစ်ဆိုင်းဖြင့် ကကြရန် ဆုံးဖြတ်ကြပါသည်။ လောင်းလစ်လို့ခေါ်တဲ့ ဝါးပုလွေအရှည်အား အလယ်မှ အပေါက်ဖောက်ကာ မှုတ်ရပြီး ပုလွေအစွန်တစ်ဖက်ထိပ်တွင် လက်ညှိုးဖြင့် အဖွင့်အပိတ်လုပ်လျှင် သာယာသည့် လေသံထွက်ပါသည်။ လင်ကွင်းသေးနှင့် ဝါးလက်ခုတ်ဖြင့် ဝင်တီးခတ်သည့်တီးဝိုင်းကို လောင်းလစ်ဆိုင်းလို့ခေါ်ပြီး အကအမည်ကိုလည်း လောင်းလစ်ဆိုင်းအကလို့ဘဲ အမည်ပေးခဲ့ကြပါသည်။

အဓိကပြဿနာမှာ 'ဓနု'ဝတ်စုံပင်။ အမျိုးသားများအတွက် ပြဿနာမရှိ။ ဒေသမှာ ဝတ်ဆင်လေ့ရှိတဲ့ ပင်နီရောင်ချိုးဘောင်းဘီပွ၊ တိုက်ပုံနှင့် ရှပ်အင်္ကျီအဖြူရောင်ဝတ်ဆင်ပြီး အဖြူကြားမျက်နှာသုတ်ပုဝါပေါင်းလိုက်ရုံပင်။ အမျိုးသမီးဝတ်စုံသတ်မှတ်ချက်က မရှိသေး။ ဓနုနဲ့နီးစပ်တဲ့ တောင်ရိုးဝတ်စုံသင်တိုင်းကို အသုံးပြုဖို့ဘဲ ဆုံးဖြတ်ကြရပါတော့သည်။ တောင်ရိုးသင်တိုင်းအား အပေါ်အတွင်းပိုင်း၌ အမျိုးသမီးဝတ်အင်္ကျီလက်ရှည်အဖြူရောင်ဝတ်ဆင်ပြီး အောက်ပိုင်းမှာ အမည်းရောင်ထဘီဝတ်ဆင်ကာ တောင်ရိုးခေါင်းပေါင်းပေါင်းခဲ့ကြပါသည်။ ဓနုအကနှင့် တောင်ရိုးအကရောစပ်ထား၍လည်းကောင်း၊ ဓနု(ကျား)ဝတ်စုံနှင့် တောင်ရိုး(မ)ဝတ်စုံပေါင်းစပ်ထား၍လည်းကောင်း ဓနုတောင်ရိုးတိုင်းရင်းသားများ၏ လောင်းလစ်ဆိုင်းအကဟု အမည်ပေးခဲ့ကြပါသည်။ ပို၍ ကိုယ်စားပြုခြင်းကိုပေါ်လွင်စေရန် အကအဖွဲ့ဝင် အမျိုးသားဦးရေတစ်ဝက် အမည်းရောင်တောင်ရိုးဝတ်စုံကို ဝတ်ဆင်ခဲ့ကြပါသည်။ လိုအပ်သည့် တောင်ရိုးသင်တိုင်းများကို ဦးသက်ထွန်း(ကိုငယ်)က ဘော်ဆိုင်းသို့ ပြန်၍ငှားရမ်းခဲ့ပါသည်။

၁၉၇၂ ခုနှစ်၊* ဖေဖော်ဝါရီလ ၁၁ ရက်ညမှာ ကျင်းပခဲ့သည့် မန္တလေးတက္ကသိုလ်များ၊ ပြည်ထောင်စုနေ့တိုင်းရင်းသားရိုးရာ ပဒေသာကပွဲညတွင် ဓနု–တောင်ရိုး တိုင်းရင်းသားများသည် လောင်းလစ်ဆိုင်းအကအား အခြားတိုင်းရင်းသားများနှင့်အတူတကွ ဂုဏ်ယူဝင့်ကြွားစွာ တင်ဆက်ကပြနိုင်ခဲ့ပါပြီ။ ဓနုနှင့်တောင်ရိုးတိုင်းရင်းသား ကျောင်းသူ/သားများ၏ ပေါင်းစည်းညီညွတ်မှုဖြင့် ပထမဆုံးသော ဓနုတောင်ရိုး ကျား/မ စုံတွဲစင်တင်အကဟု ယူဆရမည်ထင်ပါသည်။ ဓနုလူမျိုးများအတွက် သတ်မှတ်ဝတ်စုံလိုအပ်နေပြီကို ပထမဆုံးမီးမောင်းထိုးပြလိုက်ခြင်းပင်။



၁၉၇၂ ခုနှစ် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာပဒေသာကပွဲတွင်တွေ့ရသည့် တောင်ရိုးဓနုရိုးရာ အကအဖွဲ့ဝင်များ(မန္တလေးတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com





၁၉၇၃ ခုနှစ်၊ ရှမ်းပြည်နယ်နေ့ကပွဲတွင် တင်ဆက်ခဲ့သော တောင်ရိုး-ဓနု လောင်းလစ်ဆိုင်းအက

ငှင်းအကတွင် ပါဝင်တီးမှုတ်၊ ကပြစီမံခဲ့ကြသည့် ကျောင်းသူ/သားများအား မှတ်မိသမျှ ဖော်ပြလိုက်ပါသည်။ ကိုသက်ထွန်း(ကိုငယ်၊ ဘော်ဆိုင်း)၊ ကိုမြမောင်(ပင်းတယ)၊ ကိုအုန်းခိုင်(ကလော/အင်းပြင်)၊ ကိုဘတ်(အမည်ရင်းမမှတ်မိ ကလော)၊ ကိုလှဘော်(အောင်ပန်း)၊ ကိုသန်းဋ္ဌေး(အောင်ပန်း)၊ မအေမီ(အောင်ပန်း)၊ မမြင့်(ပျဉ်းမနား)နှင့် ကိုမောင်မောင်မြင့် (စာရေးသူ၊ အောင်ပန်း) (နာမည်မမှတ်မိသူများအား အနူးအညွတ်တောင်းပန်အပ်ပါသည်။ သိရှိသူများက ဖြည့်စွက်ပေးကြရန်ဖြစ်ပါသည်။)တို့ ဖြစ်ပါသည်။

၁၉၇၂ ခုနှစ် ကျောင်းပိတ်ရက်များတွင် ကျောင်းသူ/သားများကတဆင့် ဓနု–တောင်ရိုးအက၊ ဓနုဝတ်စုံကိစ္စများက ဓနု–တောင်ရိုးတို့၏ မြေလတ်ဒေသတွင် သတင်းပျံ့နှံ့ခဲ့ပါသည်။ ကျောင်းသူ/သားများအချင်းချင်းလည်း ဓနုဝတ်စုံဖော်ထုတ်ရန် မိမိတို့ဒေသရှိ မှိုအို၊ ဖအိုများထံမှ ဩဝါဒအကြံဉာဏ်ရယူရန် ဒေသရိုးရာဝတ်ဆင်မှုများအား ဖော်ထုတ်စဆောင်းကြရန် လက်ဆင့်ကမ်းညှိနှိုင်းပြောဆိုဆောင်ရွက်မှု များ စတင်ပြုလုပ်ခဲ့ကြပါသည်။

၁၉၇၃ ခုနှစ်တွင် ပင်းတယမှ ကိုသန့်ဇင်၊ ကိုကျော်လွင်ထူးနှင့် အခြား ဓနုကျောင်းသူ/သားများ ထပ်မံရောက်ရှိလာခဲ့ကြပါသည်။ ယခုနှစ် ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့များတွင်မူ ယခင်နှစ်ကဲ့သို့ပ မပူပင်ရဘဲ လောင်းလစ်ဆိုင်းအကကို ပြန်လည်တင်ဆက်ကပြခဲ့ကြပါသည်။ ဝတ်စုံအနေဖြင့်မူ အမျိုးသားအားလုံး ပင်နီဝတ်စုံနှင့် ခေါင်းပေါင်းအဖြူကို ဝတ်ဆင်ကြပြီး အမျိုးသမီးများကလည်း ယခင်နှစ်ကဲ့သို့ပင် ဝတ်ဆင်ခဲ့ကြပါသည်။ သင်တိုင်းအပေါ်အတွင်းပိုင်းတွင် အင်္ကျီအဖြူဝတ်ဆင်ခြင်းမပြုပါ။

၁၉၇၃ ခုနှစ်တွင်မူ မန္တလေးတက္ကသိုလ်သာမက အခြားမြို့တက္ကသိုလ်မှ ဓနုကျောင်းသူ/သားများလည်း ဓနု–တောင် လောင်းလစ်ဆိုင်းအကကို ပြန်လည်သင်ကြားကပြမှုရှိလာ ပါသည်။ ဓနုဝတ်စုံတီထွင်ဖော်ထုတ်သတ်မှတ်ရေးကိစ္စ လည်း ကျယ်ကျယ်ပျံ့ပျံ့ မိုမိုအလေးထားဆောင်ရွက်လာကြ သည်။ ၁၉၇၃ ခုနှစ်နွေရာသီကျောင်းပိတ်ရက်များတွင် ပင်းတ မှ ကျောင်းသူ/သားများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဓနုတိ ရင်းသားများ ရှေးကဝတ်ဆင်ခဲ့သည့်ဝတ်စုံများကို ရှာဖွေ ထုတ်နိုင်ခဲ့ကြပါသည်။ အခြားမြို့မှ ဓနုကျောင်းသူ/သား ညှိနှိုင်း၍ ဓနုဝတ်စုံအား ညှိနှိုင်းသတ်မှတ်နိုင်ခဲ့ကြပါသည်

အမျိုးသားဝတ်စုံမှာ ပင်နီရောင်ရှမ်းဘောင်းဘီ၊ တိုက် အဖြူရောင်ရှပ်အင်္ကျီနှင့် မျက်နှာသုတ်ပုဝါခေါင်းပေါင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်မနုမိသားစုဝင် မနုတက္ကသိုလ်ကျောင်းသား/သူများအား ၁၉၇၅-၇၆ ဝန်းကျင်ခန့်က မနုဝတ်စုံဖြင့် မြင်တွေ့ရစဉ်

အမျိုးသမီးဝတ်စုံမှာ ရှေ့ဖက်၌ အမည်းရောင်အစင်း(၂)ခုပါသည့် အဖြူရောင်ခါးတင်လက်ရှည်အင်္ကျီနှင့် အနီရောင်အပြားကြီး(၂)ရစ်နှင့် ၎င်း(၂)ရစ်ကြားနှင့် အရစ်အပေါ်အောက်တွင် အနီရောင်အပြားသေးများ(အရစ်ဦးရေမမှတ်မိတော့ပါ)ပါရှိသော အမည်းရောင်ထဘီအား သတ်မှတ်နိုင်ခဲ့ပါသည်။ အမျိုးသမီးခေါင်းပေါင်းအားလည်း အမည်းရောင်ခေါင်းပေါင်းအား ရိုးရိုးအပြားလိုက်ပတ်တင်ပေါင်းရန် သတ်မှတ်ခဲ့သော်လည်း အချို့က မလိုက်နာသဘောမတူကြသေးပါ။ အချို့နေရာများတွင်မူ ပေါင်းကြပါသည်။

၁၉၇၄ ခုနှစ်၊ မန္တလေးတက္ကသိုလ်များ ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့ကပွဲများတွင်မူ ပထမဆုံးသော မနုဝတ်စုံဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ကပြတင်ဆက်နိုင်ခဲ့ကြပါပြီ။ တောင်းလစ်ဆိုင်းအကမဟုတ်တော့ဘဲ ပွဲစံပယ်ဆိုင်းအကကို မနုအိုးစည်၊ မနုသံချပ်တို့ဖြင့် မြူးကြွစွာတင်ဆက်ကပြနိုင်ခဲ့ပါသည်။

မနုဝတ်စုံစတင်ပေါ်ပေါက်ပြီး နှစ်ပေါင်း(၄၀)ကျော်ယနေ့ အမျိုးသမီးဝတ်စုံအရောင်အသွေးများက စုံလင်လှသည်။ ပုံများကလည်း အမျိုးမျိုးပင်။ အမျိုးသမီးခေါင်းပေါင်းပင်မူ မျိုးကွဲနေသေးသည်။ အမျိုးသားခေါင်းပေါင်းကိုလည်း အစသယ်ချ/ညာချ ရှိနေသေးသည်။ ခေတ်အလိုက်ပြောင်းလဲမှုများ မှီးရာမပျက်သာလုပ်ဆောင်ကြပါစေကြောင်း ပန်ကြားလိုပါသည်။ မနုစံပြုအမျိုးသားဝတ်စုံအားလည်း သတ်မှတ်ဖို့လိုအပ်လာပါပြီ။ အားလုံးလက်ခံနိုင်သော ပုံစံဖြစ်ဖို့တော့ လိုအပ်ပါသည်။ ညှိနှိုင်းအတည်ပြုပေးကြပါရပါမည်။

မန္တလေးတက္ကသိုလ်များ၊ မနုကျောင်းသူ/သားများ၏ ၁၉၇၂ ခုနှစ်ကစခဲ့သော မနုတိုင်းရင်းသားများ၏ ပထမဆုံး ကျား/မစုံတွဲ စင်တင်အကနှင့် ၁၉၇၂ ခုနှစ်မှပင် အစပြုခဲ့သော်လည်း ၁၉၇၃-၇၄ ခုနှစ်တွင်မှ အတည်ပြုနိုင်ခဲ့သည့် ပထမဆုံးသော မနုဝတ်စုံဖော်ထုတ်ခဲ့ခြင်းတို့သည်ကား မနုအမျိုးသားများအတွက် သမိုင်းမှတ်တမ်းတစ်ခုဟု ယူဆ၍ နှောင်းခေတ်မနုတိုင်းရင်းသားများ သိရှိရန် ဤစာစုကို ဂုဏ်ယူစွာဖြင့် မှတ်တမ်းပြုပါသည်။

(၁) ၁၉၇၀ ခန့်က ရန်ကုန်မြို့တွင် ကျင်းပသည့် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာပဒေသာကပွဲ၌ တောင်ရိုးဝတ်စုံဖြင့် တောင်ရိုးအကတင်ဆက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။ မနုအိုးစည်ဝိုင်းနှင့် မနုရိုးရာအကလည်း တင်ပြခြင်း ရှိကောင်းရှိခဲ့ပါလိမ့်မည်။ ယခု မိမိတင်ပြမှုမှာ မနု ကျား/မစုံတွဲစင်တင်အကကို ဆိုလိုခြင်းဖြစ်ပါသည်။

(၂) ၁၉၇၀ ဝန်းကျင်ခန့်ကပင် တောင်ကြီးတက္ကသိုလ်မနုမိသားစုများက မနုအမျိုးသမီးဝတ်စုံအား ထဘီအနက်ပေါ်တွင် အနီအရစ်(၃)ရစ်သတ်မှတ်၍ စတင်ဝတ်ဆင်ခဲ့ကြသော်လည်း ကျယ်ကျယ်ပြန့်ပြန့်ဝတ်ဆင်ခဲ့ကြခြင်းမရှိကြောင်း သိရှိရပါသည်။


(၃) မနုစာပေ၊ ယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းချုပ်က မြို့နယ်အသင်းများနှင့် ညှိနှိုင်း၍ မနုကျား/မဝတ်စုံအား တပြေးညီဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ အကြံပြုညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဒေါက်တာ[illegible]မြင့်ထူး

www.burmeseclassic.com

www.burmeseclassic.com





# သက်ခိုင် (ပြင်ဦးလွင်)

## ကျွန်တော် သိသော ဓနုတိုင်းရင်းသားများ

**စကားပြောဆိုပုံကို လုံးဝနားလည်ခြင်းမရှိတော့ဘဲ စကားအလွန်ဝဲသော၊ မြန်မာစကားပြောသော၊ ရင်းနှီးဖော်ရွေတတ်သော၊ အလှူအတန်းရက်ရောသော လူမျိုးတစ်မျိုးအဖြစ် ထူးဆန်းစွာ . . .**

ပြင်ဦးလွင်မြို့တွင် မွေးဖွားကြီးပြင်းခဲ့သည့်အတွက် ဓနုတိုင်းရင်းသားများနှင့် မစိမ်းလှပေ။ ငယ်ရွယ်စဉ်ကျောင်းတက်ပညာသင်ကြားနေသည့်အချိန်၌ စာသင်ခန်းထဲတွင် ဓနုတိုင်းရင်းသားကျောင်းနေဖက်သူငယ်ချင်းများရှိခဲ့ဖူးသည်။ သို့သော် ထိုဓနုသူငယ်ချင်းများကို မြန်မာစကားအနည်းငယ်ဝဲသော ရှမ်း၊ ကချင်တိုင်းရင်းသားများနည်းတူ သဘောထားကာ အမှုမဲ့အမှတ်မဲ့ အတူနေထိုင်သွားလာ လှုပ်ရှားခဲ့ကြသည်။

စာရေးသူ ပညာရေးဌာနအလုပ်မှထွက်ပြီး ကိုယ်ပိုင်ဘော်ဒါဆောင်တစ်ခုကို တည်ထောင်ဖွင့်လှစ်သင်ကြားခဲ့သည့်အခါတွင်လည်း ဓနုတိုင်းရင်း သားကျောင်းသားကျောင်းသူများနှင့် ပိုမိုနီးစပ်ရင်းနှီးခွင့်ရခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် နောင်ချိုမြို့နယ်တွင်းမှ ဓနုကျောင်းသားကျောင်းသူအများအပြားနှစ်စဉ်ဘော်ဒါဆောင်သို့ လာရောက်၍ပညာသင်ကြားကြသောကြောင့်ပင်။

ထိုအချိန်ကာလ၌လည်း မြန်မာစကားအလွန်ဝဲသော ဓနုများ၊ ရိုးသားကြိုးစားဖြောင့်မတ်သောဓနုများ၊ လိမ္မာယဉ်ကျေးသော ဓနုများအဖြစ်သာ သမန်ကာလျှံကာ ရင်းနှီးသိကျွမ်းချစ်ခင်ခွင့်ရရှိခဲ့ပြီး ထိုထက်ပို၍ မထူးခြားခဲ့ပေ။ နွေရာသီကျောင်းပိတ်ရက်များတွင်လည်းကောင်း၊ အခါကြီးရက်ကြီးပွဲလမ်းသဘင်များတွင်လည်းကောင်း ဓနုတိုင်းရင်းသားကျေးရွာများသို့ ရောက်ရှိ လည်ပတ်ခွင့်ရသောအခါ အသက်အရွယ်ကြီး ဓနုများ၏ စကားပြောဆိုပုံကို လုံးဝနားလည်ခြင်းမရှိတော့ဘဲ စကားအလွန်ဝဲသော၊ မြန်မာစကားပြောသော၊ ရင်းနှီးဖော်ရွေတတ်သော၊ အလှူအတန်းရက်ရောသော လူမျိုးတစ်မျိုးအဖြစ် ထူးဆန်းစွာ

www.burmeseclassic.com

လေ့လာ မှတ်သားခဲ့ရသည်။ ရှမ်းနှင့် ဗမာပေါင်းစပ်ထားသည့် တိုင်းရင်းသား လူမျိုးအဖြစ် ယေဘုယျသိရှိထားသည် မှလွဲ၍ ထဲထဲဝင်ဝင် သိရှိခဲ့ခြင်းမရှိခဲ့ပေ။

ထိုမှတစ်ဆင့် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ဓနုတိုင်းရင်းသားများအကြောင်း ပြောဆိုကြားနာရေးသားခွင့် ရရှိလာသောအခါ သိသင့်သိထိုက်သည်များကို သိလာရသည်။ မသိသေးသည်တို့ကိုလည်း ကြိုးစားရှာဖွေ လေ့လာခဲ့ရသည်။ မြန်မာ့စွယ်စုံကျမ်း "မစ္စတာ အက်ဖ်အိပ်ချ်ဂျိုင်းက ဓနုတိုင်းရင်းသားတို့သည် ဟံသာဝတီ တောင်ဘက်မှ လာရောက်နေထိုင်ကြသော မြန်မာအုပ်စုတစ်ခုမှ ပေါက်ဖွားလာသူများဖြစ်သည်"ဟု ဆိုထားသည်။ ထို့အတူ "ဆာဂျေအေစကော့က ဓနုအများဆုံးနေထိုင်ရာအရပ်မှာ ရှေးအခါက ရှမ်းနှင့်မြန်မာတို့ ကုန်ရောင်းကုန်ဝယ်ပြုကြရာ ဒေသများဖြစ်သောကြောင့် ဓနုတိုင်းရင်းသားတို့သည် ရှမ်းနှင့်မြန်မာတို့မှနွယ်၍ ဆင်းသက်လာကြသူများဖြစ်သည်"ဟုဆိုပြန်သည်။ ဤအဆိုမှာ ယခုလက်ရှိ ဓနုတိုင်းရင်းသားတို့ ပြောဆိုလေ့ရှိသော ဓနုဆိုသည်မှာ ရှမ်းနှင့်မြန်မာ ပေါင်းစပ်ထားခြင်းဖြစ်သည်ဟု အယူအဆနှင့် အနီးစပ်ဆုံးလည်း ကိုက်ညီနေပေသည်။ သို့သော်လည်း ကေန်အမှန်ဟု ဆိုလိုခြင်းမဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် "မစ္စတာ စီအီးဘရောင်းက ဓနုတို့သည် ကရင်တောင်သူလူမျိုးများမှ ဆင်းသက်လာကြသူများဖြစ်သည်"ဟု ဆိုထားခြင်းကြောင့်တည်း။

ထို့အတူ ဒေါက်တာကျော်သက် ရေးသားထားသော ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းစာအုပ်တွင် ဓနုလူမျိုးတို့သည် မြန်မာနှင့် အခြားအုပ်စုများအပါအဝင် အရှေ့တိဗက်တိုဘာ'

> ဓနုတိုင်းရင်းသားတို့နှင့်
> ပတ်သက်၍
> ပဋိပက္ခများ၊
> အရေးအခင်းများ
> ကြီးမားကျယ်ပြန့်သော
> ပြဿနာများဟူ၍
> မတွေ့ရှိရဘဲ ရိုးသားသော၊
> ကြိုးစားသော၊
> ရင်းနှီးဖော်ရွေသော၊
> ဘာသာတရား
> ကိုင်းရှိုင်းသော၊
> အလှူအတန်း
> ရက်ရောသော
> လူမျိုးတစ်မျိုးအဖြစ်
> အမြဲတွေ့ရှိနေရ
> သည်မှာ. . .

မင်းလူမျိုးစုတွင် ပါဝင်၍ တောင်ရိုးအင်းသား၊ ရခိုင်၊ ထားဝယ်၊ ရဘိန်း၊ ယောတို့နှင့်အတူ တိုင်းရင်းသားလူမျိုးတစ်မျိုး ဖြစ်နေပြန်သည်။

တစ်ဖန် တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့များ (ရှမ်း)စာအုပ်တွင် ဓနုတို့သည် 'ပရက်'ဆိုသောအနွယ်မှ ဆင်းသက်လာပြီး မွန်တို့နှင့်နီးစပ်သည်ဟု ဖော်ပြထားသော်လည်း ထပ်မံ၍ ဓနုတို့သည် မြန်မာအနွယ်များသာ ဖြစ်သည်။ ရှမ်းပြည်နယ်တွင် အနေကြာသောကြောင့် အချို့ကိစ္စများတွင် ရှမ်းဓလေ့များပါဝင်နေကြောင်းကို အပြောနှင့်သော်လည်းကောင်း၊ အလုပ်နှင့်သော်လည်းကောင်း၊ အပြုအမူနှင့်သော်လည်းကောင်း ဖော်ပြကြသည်။ တချို့ ဓနုအမျိုးသားများကလည်း မိမိတို့သည် မြန်မာဘုရင်၏ "လေး"သည်တော် အဆက်အနွယ်များဟု လည်းကောင်း၊ မြန်မာဘုရင်က ရှမ်းပြည်နယ်သို့ခန့်အပ်စေလွှတ်ထားသော ရွှေခွန်မှူး၊ ငွေခွန်မှူး၊ မြို့စားမင်းတို့နှင့် ရှမ်းအမျိုးသားတို့ သွေးစပ်ပြီး ဆင်းသက်ပေါက်ဖွားလာသော အနွယ်များဟုလည်း ဖော်ပြထားသေးသည်။

ထိုသို့ ထိုသို့ ဓနုတိုင်းရင်းသားတို့နှင့်ပတ်သက်၍ သည်ထက်မက အချက်အလက်အထောက်အထားပေါင်း ပြည့်စုံစွာဖြင့် သမိုင်းပညာရှင်များ၊ သုတေသီများမှ ရေးသားဖော်ညွှန်းထားကြရာ ဓနုတိုင်းရင်းသားတို့သည် ယခုမှ ပေါ်ပေါက်လာကြခြင်းမဟုတ်။ ရှေးပဝေဏီကတည်းက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် ခိုင်ခိုင်မာမာ ရှည်ရှည်ကြာကြာ ရပ်တည်နေထိုင်ခဲ့ကြသည်မှာ အသေအချာပင်ဖြစ်နေပေပြီ။

မည်သို့ဆိုစေ ဓနုတိုင်းရင်းသားတို့နှင့်ပတ်သက်၍ ပဋိပက္ခများ၊ အရေးအခင်းများ ကြီးမားကျယ်ပြန့်သော ပြဿနာများဟူ၍ မတွေ့ရှိရဘဲ ရိုးသားသော၊ ကြိုးစားသော၊ ရင်းနှီးဖော်ရွေသော၊ ဘာသာတရားကိုင်းရှိုင်းသော၊ အလှူအတန်းရက်ရောသော လူမျိုးတစ်မျိုးအဖြစ် အမြဲတွေ့ရှိနေရသည်မှာ ဝမ်းမြောက်ဂုဏ်ယူစရာပင်ဖြစ်ပေတော့သည်။

**သက်နိုင်(မြို့ထွင်)**

www.burmeseclassic.com

www.burmeseclassic.com





# နန်းချမ်းမြေ့

## ဝနရိုးရာ မုန့်တစ်ပွဲ

ကလေးတို့ရေ . . .။

ဟိုး . . . ရှေးရှေးတုန်းက ဒီကမ္ဘာမြေကြီးမှာ နေမင်းကြီးရယ်၊ ကမ္ဘာကြီးရယ်၊ ဖိုးလမင်းကြီးရယ်လို့ ရှိကြသတဲ့ကွယ်။ နေမင်းကြီးကတော့ ဖိုးလမင်းရဲ့ ဖခင်ကြီးဖြစ်ပြီး မိခင်ကြီးကတော့ အခုတို့ နေထိုင်ကြတဲ့ကမ္ဘာကြီး ဖြစ်ပါတယ်။

နေမင်းကြီးကတော့ သူ့တန်ဖိုးအရှိန်အဝါနဲ့ လောကကြီးကို နေ့ဘက်မှာ အလင်းရောင်ပေးသတဲ့။ ပြီးတော့ လောကတစ်စုလုံးကို အပူဓာတ်ကိုလည်း ပေးသတဲ့ကွယ်။ ဒါကြောင့်လည်း မနက်နေထွက်လာရင် အလင်းရောင်တဖြည်းဖြည်း ရလာပြီးတဲ့နောက် လောကဓာတ်ကြီးတစ်ခုလုံးကို အလင်းရောင်နဲ့ ညနေ နေဝင်တဲ့အထိ ဖြန့်ဝေပေးနေတာပေါ့ကွယ်။ လောကဓာတ်ကြီးတစ်ခုလုံးကို အလင်းရောင်နဲ့ အပူဓာတ်တွေပေးနေတယ်ဆိုတော့လည်း သူ့တန်ခိုးအရှိန်အဝါဟာ အားလုံးအပေါ် လွှမ်းမိုးထားနိုင်ခဲ့တဲ့သူ ဖြစ်ပါတယ်။

မိခင် ကမ္ဘာမြေကြီးကတော့ သစ်ပင်တောတောင်တွေ ရေချောင်း၊ ရေကန်တွေ မြစ်တွေ၊ သမုဒ္ဒရာ၊ ပင်လယ်တွေနဲ့ နောင်တစ်ချိန် လူသားတွေ စိုက်ပျိုးစားနိုင်ဖို့ လယ်ယာမြေတွေကို ဖန်တီးထားပြီးတဲ့နောက် အပင်အကြီးအသေး၊ သစ်ဥသစ်ဖုတွေ၊ ဝါးအမျိုးမျိုးတွေကို ဖန်တီးထားခဲ့ပါတယ်။

ဒီလိုနဲ့ ဖခင်နေမင်းကြီးနဲ့ မိခင်ကမ္ဘာမြေကြီးဟာ အေးအတူပူအမျှ နေထိုင်လာကြပြီး မနက်လင်းရင် နေမင်းကြီးက သူ့အလုပ်ဖြစ်တဲ့ အလင်းဓာတ်နဲ့အပူဓာတ်တွေ ပေးဆောင်သလိုပဲ မိခင်ဖြစ်တဲ့ ကမ္ဘာမြေဟာလည်း အပင်အသေးအကြီး စသည်တို့ကို ဖြစ်ထွန်းပေါက်ရောက်စေခဲ့တယ်။

တဖြည်းဖြည်းနဲ့ သားလေးတစ်ယောက် ဖွားမြင်လာပါတော့တယ်။ သားလေးရဲ့အမည်ကတော့ ဖိုးလမင်းတဲ့။ ဖိုးလမင်းရဲ့ အသားအရည်လေးကတော့ အားလုံးသိကြတဲ့အတိုင်း ဝါဝါဝင်းဝင်းနဲ့ ချစ်ဖို့အလွန်ကောင်းတော့ အဖေရော အမေရောက သိပ်ချစ်ကြတဲ့ သားကလေးပေါ့။

သားလေးဖိုးလမင်းက ပြေးလိုက်လွှားလိုက် ဆော့ကစားလိုက်နဲ့ အဖေပြန်လာတဲ့ညပိုင်းမှာ အဖေနဲ့အတူနေပြီး မနက်ရောက်လို့ ဖခင်အလုပ်သွားတဲ့အချိန်မှာ မိခင်နဲ့အတူနေပြီး မိခင်ကြီးရဲ့အစားအစာကိုစားရင်း အေးအေးချမ်းချမ်းနဲ့ အတူနေထိုင်လာကြတယ်။ နောက်တော့ မိခင်ဖန်ဆင်းစိုက်ပျိုးပေးထားတဲ့ အပင်ငယ်လေးတွေနဲ့ ဆော့ကစားရင်း သူတို့ဟာ သူငယ်ချင်းတွေ ဖြစ်လာခဲ့တယ်။

ကလေးတို့ဘာသာဘာဝအတိုင်း ဆော့ကြတယ်၊ ရိုးရိုးသားသား ဆော့ရာကနေ ကမ်းကုန်အောင် ဆော့လာကြတယ်။ ဘေးပတ်ဝန်းကျင်က အပင်ကြီးတွေကို ထိခိုက်ပျက်စီးလာတယ်။ မကျေနပ်ချက်တွေက များလာတော့ မိခင်ကမ္ဘာမြေကို လာတိုင်ကြတာပေါ့။ မိခင်ကြီးကလည်း ဆုံးမပါတယ်၊ ဆုံးမတုန်းခဏပဲလိုက်နာတယ်။ ထပ်တလဲလဲ လုပ်နေပြန်ရော။ ဒါကို ဖခင်နေမင်းကြီးဆီ ဒီသတင်းရောက်သွားတာပေါ့ကွယ်။

ဖခင်ကြီးက စိတ်ဆိုးပါတော့တယ်။ ဒါပေမဲ့ စိတ်ဆိုးဟန်မပြဘူး။ ဒါကြောင့် စဉ်းစားတယ်။ သားဖြစ်သူအရွယ်ရောက်လာပြီဆိုတော့ ပညာသင်ပေးမှဖြစ်မယ်ဆိုပြီး ဖခင်ကြီးရဲ့ပညာတွေကို သင်ပေးပါတယ်။ ပတ်ဝန်းကျင်နဲ့သင့်မြတ်အောင် နေထိုင်တတ်ပြီး အကူအညီလိုတဲ့သူတွေကို အကူအညီပေးရမယ်။ ပြီးတော့ အပူဓာတ်၊ အအေးဓာတ်၊ အလင်းဓာတ်တွေ ပေးပုံပေးနည်းတွေ၊ ကောင်းကင်မှာ နေနည်းထိုင်နည်းတွေကို သင်ကြားပေးတယ်။ အပေါင်းအသင်းတွေနဲ့ အဆော့မက်နေတော့ ဖခင်သင်ပေးတဲ့ ပညာရပ်အားလုံး မတတ်မြောက်ခဲ့ဘူး။

လောကကြီးကို အလင်းဓာတ်ပေးတဲ့ပညာက သိပ်မရဘူး။ အပူဓာတ်ပေးတဲ့ပညာကတော့ အခက်ဆုံးလိုဖြစ်နေတယ်။ သူအထူးချွန်ဆုံးကတော့ အအေးဓာတ်ပေးနည်းက အထူးချွန်ဆုံးပေါ့။ အလင်းဓာတ်က အားနည်းတယ်လေ။

ဒီလိုနဲ့ ဖိုးလမင်းလေး အရွယ်ရောက်လာတော့တယ်။ တစ်ချိန်မှာ လောကကြီးကိုအုပ်ချုပ်တဲ့ နတ်ဘုံရဲ့ဘုရင်ဖြစ်တဲ့ သိကြားမင်းက လောကကြီးတစ်ခုလုံးမှာ ညအချိန်ဆိုရင် မှောင်

www.burmeseclassic.com



မိုက်နေတယ်။ ဘာမှမမြင်ရဘူး။ တပည့်သားချင်းထဲက တစ်ဦးကိုနိုင်းလိုက်ဖို့ ညွှန်ကြားလာပါတယ်။

ဒါကြောင့် ဖခင်ဖြစ်သူက သားဖြစ်သူကို တာဝန်ထမ်းဆောင်ဖို့ ပြောတယ်။ သားဖြစ်သူကလည်း ဖခင်ကြီးကို ချစ်ကြောက်ရိုသေတော့ လုပ်ပါ့မယ်ဆိုပြီး ကတိပေးတယ်။ သူတတ်ကျွမ်းတဲ့ပညာနဲ့ အလုပ်လုပ်ရမယ်ဆိုတော့ ပျော်တာပေါ့။ ဖခင်ကြီးကလည်း သားကို စည်းကမ်းချက်တွေပေးတယ်။ လပြည့်တဲ့နေ့မှာ ပြည့်ပြည့်ဝဝ အလင်းရောင်များများပေးဖို့ လပြည့်ပြီးလို့ နောက်ရက်တွေကြရင် တဖြေးဖြေးနဲ့ နောက်ကျလို့ရတဲ့အကြောင်း လကွယ်နေ့မှာတော့ နားတဲ့ရက်ပေါ့။ လကွယ်ပြီးတာနဲ့ စောပြီးတော့ အလုပ်ဆင်းရမဲ့အကြောင်း၊ အဲဒီစောဆင်းတဲ့နေ့တွေမှာ အဖေ့ရဲ့အပူဓာတ်ပေးနည်းတွေ သင်ရမဲ့အကြောင်း အားလပ်တဲ့အချိန်မှာ လေ့ကျင့်ရမဲ့အကြောင်းတွေကို စည်းကမ်းချမှတ်ပေးပါတယ်။

အဲဒီအချိန်ကစပြီး လပြည့်လကွယ်နေ့ လဆန်းလဆုတ်နေ့တွေ ဖြစ်ပေါ်လာတယ်။ လကွယ်နေ့ အနားယူပြီးတဲ့ နေ့တစ်နေ့ (၈)ရက်နေ့လောက်အထိ ဖခင်ကြီးက အပူဓာတ်ပေးပုံတွေကို သင်ပေးပါတယ်။ ဖခင်သင်စဉ်ခဏတော့ တတ်သလိုပဲ၊ လေ့ကျင့်ချိန်နည်းတော့ မကျွမ်းကျင်ဘူးဖြစ်နေတယ်။ အဖေနဲ့ဝေးနေတဲ့အချိန်မှာတော့ ကစားမက်နေတာကြောင့် လေ့ကျင့်ချိန်နည်းတာပေါ့။

သိပ်မကြာခင်မှာဘဲ ထပ်ပြီးတော့ အမိန့်ရောက်လာပြန်တယ်။ ညအချိန် တာဝန်ထမ်းဆောင်ခြင်းအပေါ် တာဝန်ကျေပွန်ကြောင်း၊ တာဝန်ကျေပွန်သည့်အတွက် ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း၊ ထပ်ပြီးတော့ လောကကြီး တစ်ဖက်ခြမ်းကိုလည်း ညအချိန်မှာ အအေးဓာတ်နဲ့ အလင်းဓာတ်တွေပေးဖို့ တာဝန်ပေးလာပြန်ပါတယ်။ ဒါကြောင့် အချိန်ပိုတွေလည်း တာဝန်ထမ်းဆောင်နေရတဲ့ ဖိုးလမင်းဟာ မအားလပ်တော့ ဖခင်ဖြစ်သူရဲ့အပူဓာတ်ပေးနည်းတွေ ပြည့်ပြည့်ဝဝမရတော့ဘူးပေါ့။ တစ်ခါတစ်ရံတော့လည်း ညအချိန်မှာအပူဓာတ် လွှတ်ကြည့်ပါသေးတယ်။ ခဏတဖြုတ်လောက်သာရတယ်။ ညနက်လာတာနဲ့ အပူစွမ်းအားက လျော့နည်းလာရတယ်။

"ဘယ်တတ်နိုင်မလဲလေ . . သူ့ကုသိုလ်ပဲပေါ့လို့"ဖခင်ကြီးက တွေးမိတယ်။ ခုလည်း လောကကြီးကို ကောင်းကျိုးပြုနေပြီပဲလို့ ဖြေသိမ့်လိုက်ရတယ်။ အဲဒီအချိန်ကစပြီး ဖိုးလမင်းက ကောင်းကင်မှာ အအေးဓာတ်နဲ့ အလင်းရောင်ကို ပေးနိုင်သလောက် ပေးခဲ့တာပေါ့ကွယ်။ တစ်ခါတစ်ရံလည်း အပူဓာတ်တွေကို ထုတ်ပေးခဲ့ပါတယ်။

ပြောဖို့တစ်ခုကျန်သေးတာကတော့ ဖိုးလမင်းကို တာဝန်ထပ်ပေးတဲ့အခါမှာ ဖိုးလမင်းကို ဂုဏ်ပြုတဲ့အနေနဲ့ ဂုဏ်ပြုခြင်းကို မှတ်မှတ်ရရဖြစ်စေချင်တော့ သူငယ်ချင်းတွေက စုပြီးတိုင်ပင်ကြရင်း လက်တွေ့လုပ်ဆောင်ပါတော့တယ်။ သူငယ်ချင်းတွေက အပင်တွေဆိုတော့ အပင်နဲ့ပတ်သက်တာတွေ ယူဆောင်လာကြတယ်။

စပါးပင်က စပါးတွေယူလာပြီး ထောင်းတယ်။ အားလုံးက ဝိုင်းလုပ်ကြတယ်။ စပါးလုံးရွေးတာတို့၊ ပြာတာတို့၊ ပြန်ထောင်းတာတို့ လုပ်ကြတယ်။

ထောင်းပြီးတဲ့ဆုံနဲ့ ကျည်ပွေ့ကိုတော့ ဖိုးလမင်းကို အမှတ်တရပေးလိုက်ကြတယ်။ ဒါကြောင့် ခုထက်ထိ ဖိုးလမင်းက အများမြင်သာအောင် ဆုံထောင်းနေတဲ့ရုပ်ပုံလေးကို ဖိုးလမင်းဆီမှာပေါ်နေတာပေါ့။

နောက်ရက်မှာတော့ ထမင်းချက်ကြတယ်။ အာလူးပင်က အာလူးတွေယူလာတယ်။ ပြုတ်ပြီး အခွံနွှာတယ်။ ခပ်စီးစီးလေးဖြစ်အောင်ထောင်းပြီးချက်ထားတဲ့ ထမင်းနဲ့နယ်တယ်။ ခရမ်းချဉ်ပင်ကလည်း ခရမ်းချဉ်သီးတွေ ယူလာတယ်။ ချက်ပြီးတော့ ထမင်းနဲ့ရောနယ်တယ်။ ပြီးတော့ အလုံးတွေလုံးကြတယ်။

ဆန်လုံးဆီကြော်တယ်။ တို့ဖူးခေါက်ကြော်တယ်။ ပြုပ်သီးကြော်တယ် စတဲ့ နှမ်းတွေကအစ အကူအညီပေးကြတယ်။ ကြက်သွန်ဖြူနီတွေကြော်ကြတယ်။ မုန်ညင်းတွေ၊ မုန်လာဥတွေ အချဉ်လုပ်ကြတယ်။ ဂျူးမြစ်ပင်ကလည်း ဂျူးမြစ်တွေ ရေသန့်အောင် ဆေးထားကြတယ်။ ငှက်ပျောပင်က ငှက်ပျောဖူးကိုလည်း မြေပဲထောင်းပြီး အစုံဆုတ်ထားကြတယ်။ ငှက်ပျောရွက်ကိုတော့ ပန်းကန်ရဲ့အောက်က ခင်းထားကြတယ်။

အားလုံး သူငယ်ချင်းတွေစုံပြီဆိုတော့ အာလူးထမင်းလုံးထားတာကို ဖွန်းကလေးနဲ့ အသာဖိလိုက်တဲ့အခါ ပြားသွားတယ်။ ဖိုးလမင်းနဲ့ တစ်ပုံစံတည်းတူသွားတယ်။ လက်ခုပ်တီးလိုက်ကြတာ တော်တော်နဲ့ မရပ်တော့ဘူး။ နောက် အာလူးထမင်းနယ်(သို့) ခရမ်းချဉ်သီးပါလို့ အာလူးထမင်းချဉ်ကို တို့ဖူးကြော်၊ ဆန်လုံးဆီကြော်၊ ပြုပ်သီးကြော်၊ ဂျူးမြစ်၊ မုန်ညင်းချဉ်တို့ကို ငှက်ပျောဖူးသုတ်နဲ့ စားလိုက်ကြတာ ပျော်ပျော်ပါးပါးပဲ။

အဲဒီအချိန်ကစပြီးတော့ ဓနုစပ်မြေတစ်ခွင်မှာ အာလူးထမင်းနယ် (သို့) အာလူးထမင်းချဉ်ဆိုတာ ဖိုးလမင်းကို ဂုဏ်ပြုတဲ့အနေနဲ့ပေါ်လာခဲ့ပါတော့တယ်။

ကဲ . . ပုံပြင်လေးကတော့ ဒီမှာပဲကွယ် . . အားလုံးပြုံးပျော်နိုင်ကြပါစေ။

နန်းချမ်းမြ

www.burmeseclassic.com

www.burmeseclassic.com



# ချစ်ကြည်စရာကောင်းလှသည့် မနုတို့အကြောင်း

ပန်းမြိုင်လယ်စိန်ဝင်း

ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံသည် ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးပေါင်း (၁၃၅)မျိုးဖြင့် ဖွဲ့စည်းတည်ထောင်ထားသောနိုင်ငံဖြစ်သည်။ ထို(၁၃၅)မျိုးကို ခွဲခြမ်းစိတ်ဖြာကြည့်ပါလျှင် ချင်း(၅၃)မျိုး၊ ကချင်(၁၂)မျိုး၊ ကယား(၉)မျိုး၊ ကရင်(၁၁)မျိုး၊ မွန်(၁)မျိုး၊ ဗမာ(၉)မျိုး၊ ရခိုင်(၇)မျိုး၊ ရှမ်း(၃၃)မျိုးရှိသည်ဟု မှတ်သားထားမိပါသည်။ တစ်ဖန်(၁၀၁)ပါးသော လူမျိုးများဟူသော အဆိုတစ်ခုကိုလည်း သိရပြန်ပါသည်။ ထို(၁၀၁)ပါးသော လူမျိုးဟူသည်ကို လင်္ကာဖြင့် စပ်ဆိုထားသည်ကိုလည်း မှတ်သားရပါသည်။

''ကုလား ၆၀ ရှမ်း ၃၀ ဗမာ သတ္တ မွန်လေး၀'' ဟု ဆိုပါသည်။

မည်သို့ပင်ဆိုစေ မူလအခြေအမြစ် ချင်းတူရာ နီးစပ်ရာတို့ကို စုပေါင်း၍ ခွဲခြားကြည့်ပါလျှင်(၁)မွန်-ခမာအနွယ်၊ (၂)တိဗက်-မြန်မာအနွယ်၊ (၃)ထိုင်း-တရုတ်အနွယ်ဟူ၍ တွေ့ရပေမည်။

မွန်-ခမာအနွယ်ဝင်များမှာ မွန်၊ ဝ၊ ပလောင်စသော တိုင်းရင်းသားလူမျိုးတို့ဖြစ်ပါသည်။ တိဗက်-မြန်မာအနွယ်များမှာ ဗမာ၊ မရူး၊ အဇီး၊ လရှီ၊ ကတူး၊ ကနန်း၊ မနု၊ တောင်ရိုး၊ ရခိုင်၊ အင်းသား၊ ထားဝယ်၊ မြိတ်၊ ယော၊ တောင်သား၊ ကချင်၊ ချင်း၊ လူရှိုင်း၊ နာဂစသည့် လူမျိုးများဖြစ်ကြပေသည်။ ထိုင်း-တရုတ်အနွယ်ဝင်များမှာ ရှမ်း၊ ဂုံ၊ ခန္တီးရှမ်း၊ ကရင်၊ ကယား၊ ပအိုဝ်းစသည့် လူမျိုးများဖြစ်ကြသည်။

ထိုသို့သော လူမျိုးပေါင်း(၁၃၅)မျိုးအနက် အဓိကထားတင်ပြလိုသည်မှာ ချစ်ခင်စရာကောင်းသော 'မနု'လူမျိုးတို့အကြောင်းပင်ဖြစ်ပါသည်။ မနုလူမျိုးတို့သည် တိဗက်-မြန်မာအနွယ်ဝင် မြန်မာအုပ်စုတွင်ပါဝင်သော လူမျိုးတစ်မျိုးဖြစ်သည်။ ရှမ်းပြည်နယ်နှင့် မြန်မာပြည်မကြီးအကြား၌ နေထိုင်ကြသည်။

သက်ကြီးစကား သက်ငယ်ကြားစကားအရ အချို့သော ဒေသခံများက ပုဂံခေတ်ဘုရင်များသည် မြေပြန့်ကျောက်ဆည်မြစ်သားမှတဆင့် ယခုမြေလတ်ပိုင်းအနောက်ဘက် တောင်တန်းလွင်ပြင်များဆီသို့ တောကစားထွက်လေ့ရှိကြသည်။ ဘုရင်များထိုသို့ တောကစားထွက်သည့်အခါတိုင်း နောက်တော်ပါးမှ လေးမြားကိုင်စစ်သည်တော်များ လိုက်ပါလာကြရသည်။ ဘုရင်တောကစားပြီး၍ နေပြည်တော်သို့ပြန်သည့်အခါ စစ်သည်တော်အချို့သည် သားကောင်ပေါများသော ဤတောတန်းတစ်ခွင်လွင်ပြင်တွင် ဘုရင့်ထံခွင့်ပန်ပြီး ချန်နေရစ်ခဲ့ကြသည်။ ထိုစစ်သည်တော်တို့ ကိုင်ဆောင်သော 'လေး'နှင့် ယင်းတို့ကျွမ်းကျင်သည့် လေးအတတ်ပညာမှာ ပါဠိဘာသာအရ 'မနု'ဟု ခေါ်ရာမှ ထိုလူမျိုး လေးသည်တော်များက ဆင်းသက်ပေါက်ဖွားလာသူများကို 'မနု'ဟု ခေါ်ကြောင်း ပြောစမှတ်ပြုကြပေသည်။ အချို့ကလည်း အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်လာစဉ်အချိန်က ဘုရင့်အမှုတော်ထမ်းသည့် လေးသည်တော်များ ဤနယ်မြေအတွင်း ချန်နေရစ်ခဲ့သည်မှအစပြု၍ ၎င်းတို့မှ နွယ်လာသူများကို 'မနု'လူမျိုးခေါ်ကြောင်း ဆိုစမှတ်ပြုကြလေသည်။

ဒေသနေ မနုတိုင်းရင်းသားအများစုကမူ မိမိတို့သည် မြန်မာအနွယ်များသာဖြစ်ကြသည်။ မြေလတ်ပိုင်းတောင်ပေါ်ဒေသ ရှမ်းပြည်တွင် နေထိုင်သူများဖြစ်ခြင်းကြောင့် နီးစပ်ရာ အပြုအမူ ဓလေ့ထုံးစံများ ရောယှက်နေခြင်းဖြစ်သည်ဟု ပြောကြသည်။ အခေါ်အဝေါ်နှင့်ပတ်သက်၍ မနုတို့က သူတို့ကိုယ်သူတို့ 'မနု၊ ဒနု' ဟု အသံထွက်မပြောကြဘဲ မနုစကားသံဝဲဝဲဖြင့် 'ထနု၊ ထနု' ဟု ခေါ်ကြောင်း ရှင်းပြကြသည်ကိုလည်း လေ့လာရပါသည်။

ကျွန်တော်တို့ မြေပြန့်သားများက မိဘနှစ်ပါးအား 'အမေ၊ အဖေ' ဟူသော အသုံးအနှုန်းကို မနုတို့က တို့မေ၊ တို့ဖ

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အများဆိုင်နာမ်(ဗဟုဝုစ်)အသုံး မျိုးဖြင့် ခေါ်ကြပေသည်။ တို့ဆိုသည်မှာ အများအတွက်ပါရည်ရွယ်၍ခေါ်ကြောင်း နှင့် ဓနုတို့၏ မိသားစုအနေအထားမှာ မိသားစုစိတ်ဓာတ်ရှိနေသည်ဆိုခြင်းကို ပေါ်လွင်စေခြင်းဖြစ်ကြောင်း လေ့လာသိ ရှိရပေသည်။ ဓနုစကားဖြင့် အဘိုးကို 'ဖအို'၊ အဘွားကို 'မို့အို'ဟူ၍လည်း ကောင်း၊ မိခင်ဖခင်ဖြစ်သူတို့၏ အစ်ကို ဖြစ်သူကို 'ဖကြီး'၊ အစ်မဖြစ်သူကို 'မယ်ကြီး'ဟူ၍လည်းကောင်း၊ ဖခင်ဖြစ် သူ၏ ညီဖြစ်သူကို 'ဖပဲ့' လူငယ် ယောကျ်ားလေးကို 'လူပဲ့''လူပဲ့ဆငယ်' ဟူ၍လည်းကောင်း ခေါ်ကြသည်ကို လေ့လာရပါသည်။

ဓနုစကားနှင့်မြန်မာစကားသည် ထူးထူးခြားခြား ကွဲပြားသည်ဟုတော့ မဆိုသာပါ။ ဒေသအရပ်ကွာခြားခြင်း ကြောင့် အနည်းငယ်ခြားနားသည်ဟု ဆိုရပါမည်။ ဓနုတို့က မေးခွန်းစကား မျိုးကို 'လော'ထည့်သုံးကြသည်။ ဥပမာ 'ဘယ်သူလဲ'ကို 'ဘယ်သူလော'၊ 'ဘယ် သွားမလဲ'ကို 'ဘယ်သွားမလော'ဟု ပြောကြသည်။ ဓနုလူမျိုးတို့အချင်းချင်း ပြောဆိုကြသော မေးခွန်းစကားများတွင် ဘယ်ဆိုသောနေရာတွင် 'ဟယ်'ကို သုံး လေ့ရှိကြသည်။ ဓနုနှင့် မြန်မာစကား အချို့ ကွဲပြားပုံကို အနည်းငယ် ဖော်ပြ ပါမည်။

| ဓနု | မြန်မာ |
|---|---|
| ဟယ်သူလော | ဘယ်သူလဲ |
| ဟယ်သွားမလို့လော | ဘယ်သွားမလို့လဲ |
| ဖလူ | ဘယ်သူ |
| ဖလူပြောတုံး | ဘယ်သူပြောလဲ |
| နင်ဖလူ့သားတုံး | နင်ဘယ်သူ့သားလဲ |
| ဘဇာ | ဘာ |
| ဘဇာတုံး | ဘာလဲ |
| နမယ်နမာ | တော်စွရော်စွာ |
| နမော်နမဲ့ | သတိမရှိပေါ့လျော့ |
| တက်ကော်ကာလံ | ကလန်ကဆန် |
| စေ့စေ့စပ်စပ် | သေသေချာချာ |
| တုံ့ပယ်ပြန် | နွေချင်းပြန် ခေါက်တုံ့ခေါက်ပြန် |
| စလိုစလာ | လိုရမယ်ရ |
| စိတ်မနွေး | စိတ်လက်မအေး |
| စိတ်ပီးကိုယ်ပိုင် | စိတ်တိုလက်ရ |
| စိတ်တခြား၊ ကိုယ်တစ်ပါး | စိတ်တစ်ခြား၊ရုပ်တစ်ခြား (စိတ်သွားတိုင်းကိုယ်မပါ) |
| နောက်နက်ခတ်သည် | ရှုပ်ပွေသည် |
| ကဲသည် | ဝီရိယကောင်းသည် |
| ဝမ်းတောင့်ဝမ်းနည်း | ကြေကွဲဝမ်းနည်း |
| မြော်သည်(သူ့ကိုမြော်ဖူးလား) | မြင်သည်(သူ့ကိုမြင်ဖူးလား) |
| လူးသည် | ပေကျံသည် ရောနယ်သည် |
| တောင်အုပ် | တောင်ပိုင်းရပ်ကွက် |

စသည်ဖြင့် စကားအသုံးအနှုန်း ကွဲပြားသည်ကို လေ့လာသိရှိရပါသည်။

+++

ဓနုအပျိုလူပျိုလောကတွင် တစ်ဦး နှင့်တစ်ဦး စောင်းချိတ်ထေ့ငေါ့ကြသည့် သံပေါက်သံချပ်မျိုးလည်း ရှိပါသည်။ မည်သို့ပင်ထေ့ငေါ့စေကာမူ စိတ်မဆိုး ကြဘဲ သဘောထားကြီးကြခြင်းသည် ထူးခြားမှုတစ်ခုပင်ဖြစ်ပါသည်။ စည်းလုံး ညီညွတ်ခြင်းချစ်ကြည်ခြင်းကို အခြေခံ သည့် ဓနုထုံးစံတစ်ခုမှာလည်း မင်္ဂလာ ဆောင်ပြီးစ ဇနီးမောင်နှံတို့မှာ ချို့တဲ့ နွမ်းပါးသူများဖြစ်နေလျှင် တစ်ရွာလုံး က ဝါး၊ သက်ကယ်၊ နှီး၊ တိုင်၊ ထရံ စသည်တို့ကို သယ်ပိုးယူဆောင်လာကြ ပြီး တစ်ယောက်တစ်လက်စုပေါင်းအား ဖြင့် အိုးအိမ်သစ်ဆောက်လုပ်ပေးကြ သည်။ ထို့အပြင် အိုး၊ ခွက်၊ ပန်းကန် စသည့် အိမ်ထောင်သစ်တစ်ခုတွင် လို အပ်သည့်ပစ္စည်းမှန်သမျှကိုလည်း ဝိုင်း ဝန်းပံ့ပိုး ကူညီလေ့ရှိကြပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းကို ဓနုစကားဖြင့် 'လက် စားချိုသည်'ဟု ပြောစမှတ်ရှိကြပေ သည်။

အိမ်ထောင်ရှင်ဖြစ်ကာစ ဇနီး မောင်နှံအတွက် ရပ်ရွာက ဝိုင်းဝန်း ဆောက်လုပ်ပေးသည့်အိမ်ကိုလည်း အိမ်တက်မင်္ဂလာပြုလေ့ရှိပေသည်။ ဓနု တို့ အိမ်တက်မင်္ဂလာပြုပုံမှာ ရွာတွင် အသက်အကြီးဆုံး ရွာလူကြီးတစ်ဦးက ဘုရားရုပ်ပွားတော်တစ်ဆူကို ပင့်ဆောင် ကိုင်လျက် ရှေ့ဆုံးမှဦးဆောင်၍ အိမ် ပေါ်သို့တက်ရသည်။ ထိုရွာလူကြီးနောက် မှ ပန်းအိုးကိုင်၊ ထိုနောက်မှ ဆွမ်းတော် ပွဲကိုင်နှင့် ထိုသူနောက်မှ စပါးပြည့် ထည့်ထားသော အိုး၊ ဆန်ပြည့်အိုး၊ ရေ ပြည့်အိုး ကိုင်ဆောင်သူများလိုက်ပါ လာကြလျက် ယင်းတို့နောက်မှ အိမ် ထောင်ရှင်ဖြစ်ကာစ ဇနီးမောင်နှံအတွဲ

www.burmeseclassic.com

www.burmeseclassic.com



က အိပ်ရာ၊ ခေါင်းအုံး၊ စောင်၊ မျက်နှာသုတ်ပုဝါအစုံကို ကိုယ်တိုင်သယ်ဆောင်ထမ်းပိုးကာ လိုက်ပါလာကြရလေသည်။ ထို့နောက်မှ အိမ်နီးချင်းများက အစီအစဉ်အတိုင်း လိုက်ပါလာကြပြီး အိမ်ပေါ်သို့ တက်ကြရသည်။ အိမ်သစ်ပေါ်သို့ လူစုံရောက်သည်နှင့် ဦးဆောင်သူလူကြီးက ဆော်ဩ၍ အသင့်ပင့်ဖိတ်ထားသော ဘုန်းတော်ကြီးထံမှ ငါးပါးသီလခံယူကြပြီး ပရိတ်တရားတော် နာကြားကြလေသည်။ လေးစားချစ်ကြည်ဖွယ်ကောင်းသော ဓလေ့တစ်ရပ်ပင် ဖြစ်ပါပေသည်။

လက်စားချေခြင်းကိုစွသည် အိမ်ထောင်ရေးတွင်သာမဟုတ်ပေ။ ရှင်ပြုမင်္ဂလာပွဲ၊ ဘာသာရေးပွဲများနှင့် တာတက်ပွဲများတွင်လည်း တစ်ရပ်နှင့်တစ်ရပ် တစ်ရွာနှင့်တစ်ရွာ လူအား၊ လုပ်အား၊ လှူဖွယ်တန်းဖွယ်များဖြင့် ဝိုင်းဝန်းကူညီလက်စားချေလေ့ရှိကြပေသည်။

လူ့လောက ‥ လူ့သဘာဝအရ အသွားအပြန်ဟူသည် ရှိတတ်ကြရပါသည်။ ဤတစ်ကြိမ်ဤတစ်ခါ ဤရပ်ဤရွာမှ လူအားဖြင့် အခါအခွင့်သင့်လင် လူအား၊ လုပ်အား၊ ငွေအား၊ ပစ္စည်းအားဖြင့် ပြန်လည်ကူညီသည့် အလေ့ထကောင်းများမှာ ဓနုတို့တွင် ရှိနေပါသည်။ ထိုသို့ တုံ့ပြန်ကူညီခြင်းကိုမူ 'လက်စားဆပ်သည်'ဟု ဆိုပါသည်။

မင်္ဂလာဦးဝါးအိမ်မှ တစ်ဆင့်တက်၍ သစ်သားအိမ်ဆောက်မည့်အချိန်ရောက်သောအခါ၌လည်း ရွာမှလူများက ကြည့်မနေကြပါ။ တိုင်သယ်လာခြင်း၊ ပျဉ်ယူလာခြင်း၊ ဝါးထရံရက်လုပ်လာခြင်း၊ လွှ၊ တူ၊ ဆောက် စသည့် အိမ်ဆောက်လက်နက်ကိရိယာကိုယ်စီယူလာကြပြီး အိမ်တစ်လုံးပြီးသည်အထိ ဝိုင်းဝန်းလုပ်ဆောင် ဆောက်လုပ်ပေးကြပြန်ပါသည်။ တစ်ခုထူးခြားသည်မှာ ဓနုတို့ဓလေ့ထုံးစံအရ ဝိုင်းဝန်းကူညီပံ့ပိုးဆောက်လုပ်ပေးထားသောအိမ်ကို အိမ်ရှင်ဇနီးမောင်နှံက အကြောင်းအကျိုးမခိုင်လုံဘဲနှင့် လက်ဆင့်ကမ်းရောင်းစားပစ်မည်ဆိုပါက တစ်ရွာလုံးက သပိတ်မှောက်ကာ ဘယ်ရေးဘယ်ကိစ္စကြုံသော်မှ နောက်တစ်ခါ ဝိုင်းဝန်းကူညီခြင်းမပြုကြတော့ကြောင်း သိရပေသည်။ ဖြစ်လွယ်ပျက်လွယ် မဖြစ်စေရအောင် ထိန်းကွပ်ထားခြင်းဖြစ်ဟန်တူပါသည်။

ချစ်စရာကောင်းသည့် ဓနုတို့တွင် ရိုးရာဓလေ့ဖြစ်သော ဓနုပြောနှင့် ဓနုအိုးစည်တို့ ရှိပါသည်။ ဓနုပြောမှာ တီးကွက်ပေါင်း (၁၂)ခန်းရှိပေသည်။ (၁)ပတ်ပျိုး၊ (၂)စားတော်တိုက်၊ (၃)အငြိမ့်ခံ၊ (၄)နတ်ပင့်၊ (၅)နတ်ပို့၊ (၆)ဘီလူးထွက်၊ (၇)မျောက်ထွက်၊ (၈)ဇော်ဂျီထွက်၊ (၉)နဂါးထွက်၊ (၁၀)မြင်းထွက်၊ (၁၁)ဝန်ထွက်၊ (၁၂)မင်းထွတ် တို့ ဖြစ်သည်ဟု လေ့လာရပါသည်။

ဓနုပြောဖြစ်ပေါ်လာပုံသမိုင်းကြောင်းကိုလည်း အကျဉ်းမျှ ဖော်ပြလိုပါသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလ ဘော်၊ ရွှေဦး(ယခုရွာငံမြို့နယ်)တွင် ငွေခွန်မှူးများ အုပ်ချုပ်နေစဉ်ကာလက ရွှေဦးနှင့် နှစ်မိုင်ခန့်ဝေးသည့် ကျောက်ပိစပ်ရွာ၌ တိုက်သူကြီးဦးညိုအုန်းဆိုသူရှိသည်။ ဦးညိုအုန်းသည် ထိုရွာမှ နဲ့ဆရာ ဦးကြာတုတ်၊ နဲ့၊ ဗုံ၊ အစုံရသော ဦးကြုတ်ဆိုသူတို့နှင့်အတူ ဒေသအခေါ် စည်ပြော တစ်နည်းအားဖြင့် မင်္ဂလာပြောတီးဝိုင်းတစ်ခုတည်ထောင်၍ ခေါင်းဆောင်တီးခဲ့လေသည်။ ထိုအချိန်မှစ၍ 'ဓနုပြောအစ ကျောက်ပိစပ်ရွာ ဦးညိုအုန်းက' ဟု ပြောစမှတ်ရှိခဲ့ပေသည်။ အရိုးကို အရွက်မဖုံးစေချင်သော ဓနုအမျိုးသားပြောဆရာကြီးက ယနေ့တိုင် အစဉ်အဆက် ဆက်လက်ထိန်းသိမ်း၍ တီးမှုတ်လျက်ရှိနေကြပေသည်။

ကြားဖူးသော ဓနုပြောနတ်ပင့်
သီချင်းတစ်ပုဒ်ကို အလျဉ်းသင့်၍ ဖော်ပြ
လိုပါသည်။ ပြောနှင့်တွဲဖက်၍ အငြိမ့်က
သည့်ဝိုင်းမျိုး၌ ဆိုတီးရသော ပြော
သီချင်းဖြစ်ဟန်တူသည်ဟု ဆိုပါသည်။

"ပုပ္ပါး xxx တောင်တော်ရွှေပုပ္ပါး
ပုပ္ပါးရယ်သာ လာချင်ပါရဲ့လေး xxx
မလာသာလာသာနဲ့ လာရှာသလေး xxx
မလေးတို့မောင် ခင်လေးတို့မောင် xxx
ပန်းဝါရောင် ရွှေပုဆိုးနဲ့ မိုးကာစို့လေး
xxx စိုးပါနဲ့မေရယ် မိုးကြယ်မို့လား xxx
သည်တောင်ကို မောင်ဖြိုပါ့မယ် မြင်းမိုရ်
မို့လား xxx ညည်းဟိုကလာ ငါသည်က
သွား မရှောင်သာ အမြောင်ကြား ကျေ
ပက်ကော့ပက်ညား xxx တုသိတာသာ
မော နတ်လေး နတ်တို့လော xxx သာ
မော တုသိတာ နတ်လေးနတ်တို့ရွာ
xxx "

ဓနုပြော ၁၂ ခန်းမှ သီချင်းတစ်
ပုဒ်မှာ ဇော်ဂျီထွက်ဖြစ်ပါသည်။ ထို
သီချင်းမှာ အနောက်ကုန်းမြေကုန်းရွာ
မင်းလွန်းဖေတို့အဖွဲ့ သီဆိုကြသော
သီချင်းဖြစ်သည်ဟု သိရပါသည်။

"လွမ်းလေဖေယျာ ဟိုမြို့င်လယ်
မှာ သည်မြိုင်လယ်မှာ (စပယ်ကိုနှော်ဖူး
တဝယ်ခတယ်)တောလေးလေ နာဂနွား
ဒေါ်နက သင်းတယ်လေး xxx မန့်ဖူး
ထွေထွေစောလေးလေ စောဖေသာယာ
တောင်ဝေ့းမှာလ နှ(ပီယ)ဆေးရယ်ပါ
တစ်ရာကြိုက်တဲ့တောင်ဝေ့း xxx မ
မြေထူထွေ စောလေးလေ စောဖေသာ
ယာ ရဂုံမှာနော်ဖူး xxx လိုက်ဂူတွင်း
လ ဇော်မင်းငွဲ့ဝိဇ္ဇာ အလိုဗျာ ဆေးလုံး
လေးကြိတ်ရရှာ"

ငှင်းတို့မှာ ဓနုရိုးရာပြော တစ်စိတ်
တစ်ဒေသဖြစ်ပါသည်။

ဓနုရိုးရာဂီတဖြစ်သော ဓနုအိုးစည်
အကြောင်း အကျဉ်းချုပ် တင်ပြပါ

www.burmeseclassic.com

www.burmeseclassic.com



ည်။ ဓနုအိုးစည်၏ ပုံသဏ္ဌာန်မှာ အမြင့်နှစ်ပေနှင့်သုံးပေအကြား အချင်းအနံ တစ်ပေနှင့်နှစ်ပေကြားရှိသည့် သားရေဖြင့်ကျက်ထားသည့် သစ်သားတွင်းအိုးစည်ဖြစ်ပါသည်။ ဓနုအိုးစည်နှင့် အကြီးအသေးအရွယ်အမျိုးမျိုးပါဝင်သော မောင်းတစ်စုံ၊ ဝါးလက်ခုပ်သေးငါးခုနှင့် အချင်းတစ်ပေခန့်ရှိသည့် ကြေးလင်ကွင်းတစ်ခုတို့ဖြင့် ပေါင်းစပ်၍လိုက်ဖက်စွာတီးခတ်ရလေသည်။

ဓနုအိုးစည်ဝိုင်းနှင့်တွဲဖက်၍ လူကြီးလူငယ်၊ ယောကျ်ား မိန်းမအားလုံးပေါင်း၍ လက်ချိုးကကြရသော 'လက်ချိုး'အကနှင့် ဓားသိုင်း၊ တုတ်သိုင်း၊ လက်သိုင်းစသည့် ကကွက်များဖြင့် ကကြရသော 'သိုင်းကွက်'အကဟူ၍ အဓိက ကနည်းနှစ်မျိုးရှိပါသည်။ ယင်းသိုင်းကွက်ကကွက်အထဲမှ တောင်ယာပါးရိတ်သိမ်းချိန်၊ တောင်ယာစပါးပုတ်ချိန်တွင် ကလေ့ရှိသော 'ယာပုတ်ပွဲတော်အက' မီးလွှတ်ပွဲကျင်းပချိန်တွင် ကသော 'မီးလွှတ်ပွဲအက' ပန်းဖွားသိုင်းအက' ပွဲစံစယ်ဆိုင်းအက' 'လောင်လစ်ဆိုင်းအက'နှင့် တန်ခူးလနှစ်သစ်ကူးတာတက်ပွဲကျင်းပချိန်တွင်ကလေ့ရှိကြသော 'တာတက်ပွဲအက'ဟူ၍ အကအမျိုးမျိုးခွဲထားကြောင်း လေ့လာသိရှိရပါသည်။

ဓနုအိုးစည်တီးကွက်မှာ အကနှင့်အလိုက် နှစ်မျိုးရှိပါသည်။ ပထမတစ်မျိုးမှာ ဓနုလူကြီးလူငယ်၊ ယောကျ်ားမိန်းမစုပေါင်း၍ လက်ချိုးကကြရသောအကမျိုးတွင် အိုးစည်ကို ဖြည်းဖြည်းနှင့်မှန်မှန် ညင်သာစွာတီးခတ်ပေးလေ့ရှိသည်ဟု သိရပါသည်။ အကသွက်သွက်သိုင်းကွက်နှင့်ကရသော သိုင်းအကကိုမူ အိုးစည်ဝိုင်းက တီးကွက်သွက်သွက်ဆတ်ဆတ်နှင့် လိုက်ဖက်ညီအောင် အကနှင့်အတီးအလှရသပေါ်လွင်အောင် တီးခတ်ကြရပေသည်။

ဓနုတို့၏ ရိုးရာအစဉ်အလာနှင့် ယုံကြည်မှုကို လေ့လာကြည့်ပါလျှင် ဗုဒ္ဓဘာသာကိုးကွယ်မှုအပြင် ရိုးရာအစဉ်အလာယုံကြည်မှုသဘောဖြင့် သာသနာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်၊ ကျောင်းစောင့်နတ်နှင့် အချို့ရွာများတွင် အိမ်စောင့်နတ်များကို ကိုးကွယ်ထားလေ့ရှိကြပေသည်။ ထိုနတ်များကို ဥပုသ်သီတင်းနေ့များနှင့် အခါကြီးနေ့ရက်တို့တွင် ပူဇော်တင်မြှောက်လေ့ရှိကြောင်း သိရပါသည်။

ကလေးသူငယ်များ နေထိုင်မကောင်း၍ ထိတ်လန့်သည့်အခါတွင် လိပ်ပြာ'ဝိညာဉ်'ခေါ်ပေးခြင်း၊ လူကြီးများနေထိုင်မကောင်းဖြစ်သည့်အခါတွင် ခေါ်စာခွက်ပစ်ခြင်း၊ ဝါးနှီးတို့ဖြင့် စတိယက်လုပ်ထားသောခွက်တွင် ဖက်များခံ၍ သားစိမ်း၊ ငါးစိမ်းများထည့်ကာ ကျွေးမွေးလေ့ရှိခြင်း၊ လက်နက်တစ်ခုခုဖြင့် အနာတရဖြစ်ကာရုတ်တရက်သေဆုံးသူများ၊ မီးမဖွားနိုင်၍ သေဆုံးသူများအတွက် ''အစိမ်းခွင်းပေးသည်'ဟု ခေါ်သော ကုထုံးနည်းဖြင့် ပြုလုပ်ပေးခြင်း စသည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ယနေ့တိုင် ဓနုကျေးလက်တောရွာတချို့တွင်ရှိနေသေးကြောင်း သိရပါသည်။

ဓနုလူမျိုးများသည် ရွာအတွင်း လူတစ်ဦးတစ်ယောက် နေထိုင်မကောင်းဖြစ်လျှင် အားလုံးဝိုင်းဝန်းလာရောက်ကြည့်ရှုကြပြီး ဆေးညွှန်းပေးခြင်း၊ ဆေးပေးခြင်းများဖြင့် အချင်းချင်း မေတ္တာကရုဏာတရားဖြင့် ဝိုင်းဝန်းကူညီအားပေးလေ့ရှိကြသည်မှာလည်း ချစ်စရာကောင်းလှပါပေသည်။ ကျေးရွာအတွင်း လူတစ်ယောက်ယောက်သေဆုံးသွားလျှင် သူသေငါပို့၊ ငါသေ သူပို့ဟူသော ရှေးအစဉ်အလာကို လက်ကိုင်ပြု၍ အသုဘကိစ္စတွင်လည်း တစ်ရွာလုံး တစ်အိမ်မကျန် တတ်နိုင်သည့်လုပ်အားငွေအားဖြင့် ကူညီပေးလေ့ရှိကြသည်။ ကျန်ရစ်သည့် ရုပ်အလောင်းကို ချက်ချင်းရေချိုးပေး(သို့မဟုတ်)မျက်နှာသစ်ပေးပြီး အိမ်၏ အပြင်ခန်းအလောင်းယာယီပြင်သောနေရာ၌ ခုတင်ဖြင့် ပြင်ထားလေ့ရှိကြပေသည်။ အချို့မှာ သရဏဂုံအိမ်၌တင်၍ အချို့မှာ သချိုင်းတွင်တင်သည်ဟု သိရပါသည်။ သင်္ဂြိုလ်မည့်နေ့တွင် သေသူ၏အလောင်းကို နေအိမ်မှထုတ်သောအခါ အိမ်တံခါးပေါက်ပေါင်းမှ 'ဦးရေတိုင်'ကိုခေါင်းပြု၍ ခြေပိုင်းမှ ဦးစွာထုတ်ယူရသည်။

အလောင်းထုတ်ယူသွားစဉ် အချိန်တွင် ကျန်ရစ်သူမိသားစုများက ပြာ၊ တရော်၊ ကင်ပွန်းရည်တို့ဖြင့် အမင်္ဂလာကို ဆေးကြောသည့်သဘောဖြင့် တစ်အိမ်လုံးလိုက်လောင်းကြရသည်။ သေသူ၏ အလောင်းထုတ်ယူသွားသောအခါ လှေကားရင်း၌လည်း ရေအပြည့်ထည့်ထားသောရေအိုးဖြင့် လိပ်ပြာခွဲသည့်သဘော လောင်းချကြသည်။ အလောင်းကိုမူ ရွာလမ်းတစ်လျှောက် ထမ်းထုတ်သွားလေ့မရှိကြပေ။ မြေတူးရန်ပေါက်ပြားမှအစ ကန်တော့ပွဲအပါအဝင် အသုဘအသုံးအဆောင်မှန်သမျှကို အောက်ခံနိမ့်နိမ့်ချ၍ ကိုင်တွယ်ယူဆောင်သွားကြရသည်။ ရွာအပြင်ရောက်မှသာ ပခုံးပေါ်ထမ်း၍ သယ်ဆောင်ကြရသည်။ အလောင်းကိုလည်း အရှေ့အဆန်သို့ မယူကောင်း၊ အနောက်အစုန်သို့သာ ယူကြရသည်။ မြေမြှုပ်သင်္ဂြိုလ်ရာတွင် ဦးခေါင်းကို မြောက်ဘက်သို့ထား၍ မြှုပ်နှံလေ့ရှိကြသည်။

ဓနုကျေးရွာတစ်ရွာတွင် ဧည့်သည့်တစ်ဦး အလည်ရောက်လာခိုက်သေဆုံးလျှင် ဧည့်သည်သင်္ဂြိုလ်ရန် ဖိတ်မှတ်

www.burmeseclassic.com

www.burmeseclassic.com



ထားသည့်သင်္ချိုင်းမြေနေရာတွင်ညေ့်သည် လာသောလမ်းဘက်သို့ ခြေထောက်ထား၍ မြှုပ်နှံသင်္ဂြိုလ်လေ့ရှိကြသည်။ ညေ့်သည်ကို ရွာသင်္ချိုင်း၌ မြှုပ်လေ့မရှိပေ။ ထို့အတူ ရွာဘက်သို့ ခြေထောက်ထား၍ မြှုပ်လျှင်လည်း ရွာခိုက်တတ်သည်ဟူသော အယူရှိကြသည်ဟု ဆိုပါသည်။ လကွယ်နှင့် အခါကြီးနေ့ရက်နှင့် နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးရက်ဦး နှစ်ဆန်းတစ်ရက်နေ့နှင့်ကြုံပြီး သေဆုံးလျှင် နေ့ချင်းသင်္ဂြိုလ်ကြရသည်။

သေသူအတွက် ရက်လည်ဆွမ်းသွပ်တရားနာသောနေ့တွင် သုသာန်ရှိ သေသူ၏ ဝိညာဉ်ကို သစ်ရွက်သစ်ခက်ဖြင့် စတိရိုက်လျက် တရားနာလိုက်ပါရန် ဖိတ်ခေါ်၍ ဆွမ်းသွပ်တရားနာပြီး ကုသိုလ်အမျှပေးဝေလေ့ရှိကြသည်။ ပြီးစီးမှ သေသူ၏ ဝိညာဉ်ကို သုသာန်သို့ ပြန်ပို့လေ့ရှိကြသည်ကို လေ့လာသိရှိရပါသည်။ များသောအားဖြင့် မြန်မာတို့၏ အယူအဆအချို့နှင့် တူနေပါသည်။

အချုပ်အားဖြင့် ဆိုရပါလျှင် ဓနုတိုင်းရင်းသားများသည် ယဉ်ကျေးသိမ်မွေ့သောလူမျိုး၊ ရိုးသားဖော်ရွေသောလူမျိုး၊ ချစ်ခင်လေးစားစရာကောင်းသောလူမျိုးဖြစ်သည်မှာ ထင်ရှားနေပါပေသည်။ မလာလိုလျှင်သာ ခရီးဝေးနေပါမည်။ လာလိုလျှင် အနီးလေးဟု ဆိုရပါမည်။ တည်ငြိမ်အေးချမ်းသောခေတ်မီနိုင်ငံတော်သစ်တည်ဆောက်နေချိန်တွင် တိုင်းရင်းသားအားလုံးကလည်း တို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် ညီနောင်သွေးချင်း တိုင်းရင်းသားညီကိုနောင်ရင်းအားလုံး တိုးတက်သာယာရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတော့သည်။

**ကျမ်းကိုးစာရင်း**

**မြန်မာ့စွယ်စုံကျမ်း အတွဲ-၅**

**မောင်ပုဆိုးကြမ်း၏တိုင်းရင်းသားလူမျိုးများအဘိဓာန်**

**ဒါရိုက်တာမြင့်မောင်၏ ဓနုတောင်ရိုး**

**ပန်းမြိုင်လယ်စိန်ဝင်း**

## တိရစ္ဆာန်များမှ လူသားများအကျိုးပြုပုံ

ကြွေများသည် ခရုမျိုးနွယ်တွင် ပါဝင်ပြီး ခရုကဲ့သို့ သာမန်မျက်နှာဝမျိုးရှိ၏။ ကြီးပြင်းလာသောအခါ အခွံအချွန်ပိုင်းသည် အတွင်းဘက်သို့ လိပ်ဝင်သွားပြီးလျှင် မျက်နှာဝတွင် ခွေးသွားစိပ်ကဲ့သို့ အဖုအထစ်ကလေးများဖြစ်လာကြပေသည်။ ကြွေအရှင်ကို ရေလုပ်သားကြီးများသာလျှင် တွေ့မြင်ဖူးကြပြီး လူတိုင်း မတွေ့မြင်ဖူးပေ။ ကြွေအသေးနှင့် ကြွေပုတ်ခေါ် ကြွေအကြီးများသာလျှင် ဘယဆေးဆိုင်များတွင် မြင်တွေ့ဖူးကြသည်။ ကြွေအသေးများကို ဆေးဖော်စပ်ရာတွင် အသုံးပြုကြပြီး ကြွေအကြီးများကိုမူ စာရွက်စာတမ်းများဖိရာတွင် အသုံးပြုကြ၏။ ကြွေကို သက္ကတဘာသာအားဖြင့် ကပဒ္ဒိဝရ ဋိကာဟု ခေါ်၏။ ဟိန္ဒီဘာသာတွင် ကောဒိ ဟုခေါ်၏။ မြန်မာဝေါဟာရတွင် ကြွေဟုသာ ခေါ်ဆို၏။

ကြွေများသည် ပင်လယ်သမုဒ္ဒရာများအတွင်း ကျောက်ဆောင်များကြားနှင့် အောက်တို့တွင် အများဆုံးတွေ့ရှိရ၏။ မြန်မာပင်လယ်နှင့်အိန္ဒိယသမုဒ္ဒရာများတွင် တွေ့ရှိရပေသည်။

ကြွေများ၏အရောင်အဆင်းမှာ အဖြူ၊ အဝါ၊ အညို၊ အနက်နှင့် နီညိုရောင် အပြောက်အစက်များပါရှိသော ကြွေအမျိုးမျိုးကို တွေ့ရှိရ၏။ ကြွေများသည် ချော၊ မွတ်၊ ပြောင်လက်လျက်ရှိသောကြောင့် ကွဲ၊ နား၊ ဆင်၊ မြင်း စသည့် ကကြိုးတန်ဆာများတွင် တပ်ဆင် အသုံးပြုကြ၏။ ရှေးခေတ်က အချို့သောနိုင်ငံများတွင် ကြွေစေ့ကို ငွေကြေးကဲ့သို့ သုံးစွဲခဲ့ကြောင်း သိရှိရ၏။ အမျိုးသမီးများ၏ အဆင်တန်ဆာအဖြစ် ကြွေပုတီး၊ ကြွေလက်ကောက်၊ ဆွဲကြိုး၊ ဆံထိုး၊ ရင်ထိုး စသည်တို့ ပြုလုပ်ဝတ်ဆင်ကြ၏။

ကြွေ၏အကျိုးသွား ဂုဏ်သတ္တိများမှာ ကြွေသည် အေး၏။ မျက်စိကို အကျိုးပြု၏။ သုတ်ကို ပွားစေ၏။ ဝမ်းမီးကို တောက်စေ၏။ အစာမကြေ၊ လေထိုးလေအောင့်ရောဂါများ ပျောက်ကင်းစေ၏။ နားပြည်ယိုနာ၊ အနာမီးလျှံနာ၊ ဝမ်းချုပ်ရောဂါ၊ ရတ္တပိတ်နာနှင့် သလိပ်ကပ်ခြင်းတို့ကို ပျောက်ကင်းစေ၏။ ဆီးပူ၊ ဆီးနည်း၊ ဆီးအောင့်ပါက ကြွေမီးဖုတ်ပြာချပြီး ၂ ပဲသားကို ဖရုံ ရည်နို့သားဖြင့် သောက်ပေးခြင်းဖြင့် ပျောက်ကင်း၏။

နားပြည်ယိုပါက ကြွေပြာ ၂ ပဲသား ပင်လယ်ရေမြှုပ် ၂ ပဲသားရောပြီး ရေကျက်အေး ၂ ကျပ်သားတွင်ထည့်ပြီး နားအတွင်းခပ်ပေးက ပျောက်၏။ ချောင်းဆိုးရင်ကြပ်ဖြစ်ခဲ့သော် ကြွေပြာ ၂ ပဲသား တြိကတုတ် (၃)ပါး အမှုန့် ၂ ပဲသားရော၍ သံပုရာရည်နို့သားတွင် ထည့်ဖျော်သောက်က ပျောက်ကင်း၏။ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းကိုက်ရောဂါဖြစ်လျှင် ကြွေပြာ ၂ ပဲသား ခရုသင်းမှုန့် ၂ ပဲသား၊ တြိကတုတ်သုံးပါးမှုန့် ၂ ပဲသားရောပြီး ရေနွေးဖြင့်ဖျော်သောက်က ပျောက်၏။ ကြွေနှင့် သက်သော ဆေးနည်းများမှာ မြန်မာ့ဆေးကျမ်းမှ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

**ဒေါက်တာသက်ထွန်း (ရွှေဆောင်တင်အေး)**

www.burmeseclassic.com

www.burmeseclassic.com



# Extracts from Top Ten of Everything

## TOP 10 RELIGIOUS BELIEFS

| | RELIGION | FOLLOWERS |
|---|---|---|
| 1 | Christianity | 2,135,784,198 |
| 2 | Islam | 1,313,983,654 |
| 3 | Hinduism | 870,047,346 |
| 4 | Chinese folk religions | 404,922,244 |
| 5 | Buddhism | 378,809,103 |
| 6 | Ethnic religions | 256,340,652 |
| 7 | New religions | 108,131,713 |
| 8 | Sikhism | 25,373,879 |
| 9 | Judaism | 15,145,702 |
| 10 | Spiritists | 13,030,538 |

***Source : World Christian Database***

While some mainstream religious groups have experienced a decline in formal attendance, certain fringe religions have grown. Today, about one-third of the world's population are nominally (self-declared), if not practicing, Christians, and one-fifth are followers of Islam. At least 15 percent of the world's population profess no religious beliefs of any kind.

❑

## ထိပ်သီးဘာသာအယူဝါဒဆယ်ခု

| | ဘာသာ | ကိုးကွယ်သူများ |
|---|---|---|
| ၁ | ခရစ်ယာန်ဘာသာ | ၂,၁၃၅,၇၈၄,၁၉၈ |
| ၂ | အစ္စလမ်ဘာသာ | ၁,၃၁၃,၉၈၃,၆၅၄ |
| ၃ | ဟိန္ဒူအယူဝါဒ | ၈၇၀,၀၄၇,၃၄၆ |
| ၄ | တရုတ်ရိုးရာကိုးကွယ်ယုံကြည်မှု | ၄၀၄,၉၂၂,၂၄၄ |
| ၅ | ဗုဒ္ဓဘာသာ | ၃၇၈,၈၀၉,၁၀၃ |
| ၆ | လူမျိုးစုအလိုက်ကိုးကွယ်ယုံကြည်မှု | ၂၅၆,၃၄၀,၆၅၂ |
| ၇ | ဘာသာအယူဝါဒအသစ်များ | ၁၀၈,၁၃၁,၇၁၃ |
| ၈ | ဆစ်ခ်ဘာသာ | ၂၅,၃၇၃,၈၇၉ |
| ၉ | ဂျူးဘာသာ | ၁၅,၁၄၅,၇၀၂ |
| ၁၀ | နတ်(ဝိညာဉ်)ကိုးကွယ်မှု | ၁၃,၀၃၀,၅၃၈ |

***မှရင်းအထောက်အထား – ကမ္ဘာ့ခရစ်ယာန်ဒေတာဘေ့စ်***

ပင်မရေစီးကြောင်းမှာပါနေတဲ့ အချို့ဘာသာရေးအစုအဝေး တွေမှာအပေါ်ယံ အပြင်ပန်းအားဖြင့် ကိုးကွယ်သူတွေ လျော့ပါးကျဆင်းလာတာကို တွေ့ကြုံနေရရိုက်၊ အချို့ဘေးပန်းအစွန်အဖျားက ယုံကြည်မှုအယူဝါဒတွေဟာ ပိုမိုကြီးထွားဖြစ်ထွန်းလာနေကြပါတယ်။ ဒီနေ့ဒီအခါမှာ (ကိုယ်တိုင်ဖွင့်ဟကြေညာချက်အရ) (အခြား) အယူဝါဒတစ်ရပ်ရပ်ကိုသာ ကျင့်သုံးမနေဘူးဆိုရင် ကမ္ဘာ့လူဦးရေရဲ့သုံးပုံတစ်ပုံဟာ ခရစ်ယာန်ဘာသာကိုးကွယ်သူတွေဖြစ်ကြပါတယ်။ ငါးပုံတစ်ပုံဟာ အစ္စလမ်ဘာသာကိုးကွယ်သူတွေဖြစ်ကြပါတယ်။ (အနည်းဆုံး)ကမ္ဘာ့လူဦးရေရဲ့ (၁၅)ရာခိုင်နှုန်းကတော့ ဘယ်သာသာအယူဝါဒကိုမှ ယုံကြည်ကိုးကွယ်မှုမရှိဘူးလို့ ဖွင့်ဟကြေညာထားပါတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com



## TOP 10 LARGEST MUSLIM POPULATIONS

| | COUNTRY | MUSLIMS |
|---|---|---|
| 1 | Pakistan | 154,563,023 |
| 2 | India | 134,149,817 |
| 3 | Bangladesh | 132,868,312 |
| 4 | Indonesia | 121,606,358* |
| 5 | Turkey | 71,322,513 |
| 6 | Iran | 67,724,004 |
| 7 | Egypt | 63,503,397 |
| 8 | Nigeria | 54,665,801 |
| 9 | Algeria | 31,858,555 |
| 10 | Morocco | 31,000,895 |
| | USA | 4,657,005 |
| | World | 1,313,983,654 |

*An additinal 46 million people are considered Muslims by the Indonesian government but are more properly categorized as New Religionists (Islamisized syncretistic religions)

***Source : World Christian Database***

□

## အစ္စလမ်ဘာသာကိုးကွယ်သူဦးရေအများဆုံးထိပ်သီးဆယ်နိုင်ငံ

| | တိုင်းပြည် | မွတ်စလင်(အစ္စလမ်)ဘာသာဝင်များ |
|---|---|---|
| ၁ | ပါကစ္စတန် | ၁၅၄,၅၆၃,၀၂၃ |
| ၂ | အိန္ဒိယ | ၁၃၄,၁၄၉,၈၁၇ |
| ၃ | ဘင်္ဂလားဒေ့ရှ် | ၁၃၂,၈၆၈,၃၁၂ |
| ၄ | အင်ဒိုနီးရှား | ၁၂၁,၆၀၆,၃၅၈ |
| ၅ | တူရကီ | ၇၁,၃၂၂,၅၁၃ |
| ၆ | အီရန် | ၆၇,၇၂၄,၀၀၄ |
| ၇ | အီဂျစ် | ၆၃,၅၀၃,၃၉၇ |
| ၈ | နိုင်ဂျီးရီးယား | ၅၄,၆၆၅,၈၀၁ |
| ၉ | အယ်လ်ဂျီးရီးယား | ၃၁,၈၅၈,၅၅၅ |
| ၁၀ | မော်ရိုကို | ၃၁,၀၀၀,၈၉၅ |
| | အမေရိကန် | ၄,၆၅၇,၀၀၅ |
| | ကမ္ဘာတစ်ဝှမ်း | ၁,၃၁၃,၉၈၃,၆၅၄ |

*အင်ဒိုနီးရှားအစိုးရ၏အလိုအရ နောက်ထပ် လူ ၄၆ သန်းကိုလည်း မွတ်စလင်များဟု ယူဆရပါသည်။ သို့သော် လောလောဆယ် ကောက်ခံထားသော အစ္စလမ်ဘာသာ ကိုးကွယ်သူများစာရင်း အသစ်အတိုင်း ပိုမိုသင့်လျော်စွာ အမျိုးအစားခွဲခြား မှတ်တမ်းတင်ခြင်းဖြစ်ပါသည်။

***မူရင်းအထောက်အထား – ကမ္ဘာ့ခရစ်ယာန်ဒေတာဘေ့စ်***

□

www.burmeseclassic.com

www.burmeseclassic.com



## TOP 10 LARGEST ROMAN CATHOLIC POPULATIONS

| | COUNTRY | ROMAN CATHOLICS |
|---|---|---|
| 1 | Brazil | 155,929,000 |
| 2 | Mexico | 99,200,000 |
| 3 | Philippines | 68,252,000 |
| 4 | USA | 65,900,000 |
| 5 | Italy | 55,300,000 |
| 6 | France | 46,274,000 |
| 7 | Colombia | 42,200,000 |
| 8 | Spain | 38,473,000 |
| 9 | Poland | 35,300,000 |
| 10 | Argentina | 35,000,000 |
| | World | 1,118,991,707 |

*Source: World Christian Database*

□

## ရိုမန်ကက်သလစ်(ဘုရင်ဂျီ)ဘာသာကိုးကွယ်သူဦးရေ အများဆုံးထိပ်သီးဆယ်နိုင်ငံ

| | တိုင်းပြည် | ရိုမန်ကက်သလစ်ဘာသာဝင်များ |
|---|---|---|
| ၁ | ဘရာဇီး | ၁၅၅,၉၂၉,၀၀၀ |
| ၂ | မက္ကစီကို | ၉၉,၂၀၀,၀၀၀ |
| ၃ | ဖိလစ်ပိုင် | ၆၈,၂၅၂,၀၀၀ |
| ၄ | အမေရိကန်ပြည်ထောင်စု | ၆၅,၉၀၀,၀၀၀ |
| ၅ | အီတလီ | ၅၅,၃၀၀,၀၀၀ |
| ၆ | ပြင်သစ် | ၄၆,၂၇၄,၀၀၀ |
| ၇ | ကိုလံဘီယာ | ၄၂,၂၀၀,၀၀၀ |
| ၈ | စပိန် | ၃၈,၄၇၃,၀၀၀ |
| ၉ | ပိုလန် | ၃၅,၃၀၀,၀၀၀ |
| ၁၀ | အာဂျင်တီးနား | ၃၅,၀၀၀,၀၀၀ |
| | ကမ္ဘာတစ်ဝှမ်း | ၁,၁၁၈,၉၉၁,၇၀၇ |

**မှုရင်းအထောက်အထား** – *ကမ္ဘာခရစ်ယာန်ဒေတာဘေ့စ်*

□

www.burmeseclassic.com

www.burmeseclassic.com



## TOP 10 LARGEST JEWISH POPULATIONS

| | COUNTRY | JEWS |
|---|---|---|
| 1 | USA | 5,764,208 |
| 2 | Israel | 4,772,138 |
| 3 | France | 607,111 |
| 4 | Argentina | 520,130 |
| 5 | Palestine | 451,001 |
| 6 | Canada | 414,452 |
| 7 | Brazil | 383,837 |
| 8 | UK | 312,173 |
| 9 | Russia | 244,719 |
| 10 | Germany | 222,689 |
| | World | 15,145,702 |

***Source: World Christian Database***

The Diaspora, or scattering, of Jewish people has established Jewish communities in almost every country in the world. In 1939 the estimated total Jewish population was 17 million. Some six million fell victim to Nazi persecution, reducing the figure to about 11 million, since when it has grown to over 15 million.

□

## ဂျူးဘာသာကိုးကွယ်သူဦးရေအများဆုံးထိပ်သီးဆယ်နိုင်ငံ

| | တိုင်းပြည် | ဂျူးဘာသာဝင်များ |
|---|---|---|
| ၁ | အမေရိကန်ပြည်ထောင်စု | ၅,၇၆၄,၂၀၈ |
| ၂ | အစ္စရေး | ၄,၇၇၂,၁၃၈ |
| ၃ | ပြင်သစ် | ၆၀၇,၁၁၁ |
| ၄ | အာဂျင်တီးနား | ၅၂၀,၁၃၀ |
| ၅ | ပါလက်စတိုင်း | ၄၅၁,၀၀၁ |
| ၆ | ကနေဒါ | ၄၁၄,၄၅၂ |
| ၇ | ဘရာဇီး | ၃၈၃,၈၃၇ |
| ၈ | ဗြိတိန်နိုင်ငံ | ၃၁၂,၁၇၃ |
| ၉ | ရုရှား | ၂၄၄,၇၁၉ |
| ၁၀ | ဂျာမနီ | ၂၂၂,၆၈၉ |
| | ကမ္ဘာတစ်ဝှမ်း | ၁၅,၁၄၅,၇၀၂ |

***မှရင်းအထောက်အထား – ကမ္ဘာ့ခရစ်ယာန်ဒေတာဘေ့စ်***

နေရာအနှံ့ လူစုကွဲပြီးပြန့်ကျဲရောက်ရှိသွားတဲ့ ဂျူးလူမျိုးတွေဟာ ကမ္ဘာပေါ်ရှိ တိုင်းပြည်တိုင်းလိုလိုမှာ ဂျူးလူမျိုးအုပ်စုရပ်ကွက်ကလေးတွေ ထူထောင်ကြတယ်။ ၁၉၃၉ ခုနှစ်ကဆိုရင် ဂျူးလူဦးရေ ခန့်မှန်းခြေစုစုပေါင်း ၁၇ သန်း ရှိပါတယ်။ နာဇီတို့ရဲ့နှိပ်ကွပ်မှုကြောင့် ဂျူးလူမျိုး ၆ သန်းလောက်ဟာ သားကောင်ဖြစ်ခဲ့ရပါတယ်။ ၁၁ သန်းလောက်ကျန်ရှိပါတယ်။ အဲဒီအချိန်ကစပြီး (ယခုထိတော့) ၁၅ သန်းကျော်ကျော် ရှိပါတယ်။

□

www.burmeseclassic.com

www.burmeseclassic.com



## TOP 10 LARGEST HINDU POPULATIONS

| | COUNTRY | HINDUS |
|---|---|---|
| 1 | India | 810,387,411 |
| 2 | Nepal | 19,020,312 |
| 3 | Bangladesh | 17,029,336 |
| 4 | Indonesia | 7,632,941 |
| 5 | Sri Lanka | 2,173,114 |
| 6 | Pakistan | 2,100,342 |
| 7 | Malaysia | 1,855,194 |
| 8 | USA | 1,143,864 |
| 9 | South Africa | 1,078,667 |
| 10 | Myanmar | 1,006,804 |
| | World | 870,047,346 |

***Source: World Christian Database***

Hindus constitute some 74 percent of the population of India and 72 percent of that of Nepal, but only 11 percent of Bangladesh's population and as little as three percent of Indonesia's.

□

## ဟိန္ဒူဘာသာကိုးကွယ်သူဦးရေအများဆုံးထိပ်သီးဆယ်နိုင်ငံ

| | တိုင်းပြည် | ဟိန္ဒူဘာသာဝင်များ |
|---|---|---|
| ၁ | အိန္ဒိယ | ၈၁၀,၃၈၇,၄၁၁ |
| ၂ | နီပေါ | ၁၉,၀၂၀,၃၁၂ |
| ၃ | ဘင်္ဂလားဒေ့ရှ် | ၁၇,၀၂၉,၃၃၆ |
| ၄ | အင်ဒိုနီးရှား | ၇,၆၃၂,၉၄၁ |
| ၅ | သီရိလင်္ကာ | ၂,၁၇၃,၁၁၄ |
| ၆ | ပါကစ္စတန် | ၂,၁၀၀,၃၄၂ |
| ၇ | မလေးရှား | ၁,၈၅၅,၁၉၄ |
| ၈ | အမေရိကန်ပြည်ထောင်စု | ၁,၁၄၃,၈၆၄ |
| ၉ | တောင်အာဖရိက | ၁,၀၇၈,၆၆၇ |
| ၁၀ | မြန်မာ | ၁,၀၀၆,၈၀၄ |
| | ကမ္ဘာတစ်ဝှမ်း | ၈၇၀,၀၄၇,၃၄၆ |

***မှရင်းအထောက်အထား – ကမ္ဘာ့ခရစ်ယာန်ဒေတာဘေ့စ်***

ဟိန္ဒူတွေရဲ့အရေအတွက်ဟာ အိန္ဒိယနိုင်ငံမှာ လူဦးရေရဲ့ ၇၄ ရာနှုန်းပါဝင်ပြီး နီပေါမှာ ၇၂ ရာနှုန်းပါဝင်ပါတယ်။ ဘင်္ဂလားဒေ့ရှ်မှာ ၁၁ ရာနှုန်းသာရှိပြီး အင်ဒိုနီးရှားမှာတော့ (အနည်းငယ်မျှ) ၃ ရာနှုန်းသာရှိပါတယ်။

□

www.burmeseclassic.com

www.burmeseclassic.com



## TOP 10 LARGEST BUDDHIST POPULATIONS

| | COUNTRY | BUDDHISTS |
|---|---|---|
| 1 | China | 111,358,666 |
| 2 | Japan | 70,722,505 |
| 3 | Thailand | 53,294,170 |
| 4 | Vietnam | 40,780,825 |
| 5 | Myanmar | 37,151,956 |
| 6 | Sri Lanka | 13,234,600 |
| 7 | Cambodia | 12,697,958 |
| 8 | India | 7,596,701 |
| 9 | South Korea | 7,281,110 |
| 10 | Taiwan | 4,823,361 |
| | USA | 2,721,335 |
| | World | 378,809,103 |

***Source: World Christian Database***

Although India now features in 8th place among countries with high Buddhist populations, the religion originated there in the 6th century BC. Its espousal of peace and tolerant coexistence ensured its appeal and encouraged the spread of Buddhism throughout Asia and beyond.

□

## ဗုဒ္ဓဘာသာကိုးကွယ်သူအများဆုံးထိပ်သီးဆယ်နိုင်ငံ

| | တိုင်းပြည် | ဗုဒ္ဓဘာသာဝင်များ |
|---|---|---|
| ၁ | တရုတ် | ၁၁၁,၃၅၈,၆၆၆ |
| ၂ | ဂျပန် | ၇၀,၇၂၂,၅၀၅ |
| ၃ | ထိုင်းနိုင်ငံ | ၅၃,၂၉၄,၁၇၀ |
| ၄ | ဗီယက်နမ် | ၄၀,၇၈၀,၈၂၅ |
| ၅ | မြန်မာ | ၃၇,၁၅၁,၉၅၆ |
| ၆ | သီရိလင်္ကာ | ၁၃,၂၃၄,၆၀၀ |
| ၇ | ကမ္ဘောဒီးယား | ၁၂,၆၉၇,၉၅၈ |
| ၈ | အိန္ဒိယ | ၇,၅၉၆,၇၀၁ |
| ၉ | တောင်ကိုရီးယား | ၇,၂၈၁,၁၁၀ |
| ၁၀ | ထိုင်ဝမ် | ၄,၈၂၃,၃၆၁ |
| | အမေရိကန်ပြည်ထောင်စု | ၂,၇၂၁,၃၃၅ |
| | ကမ္ဘာတစ်ဝှမ်း | ၃၇၈,၈၀၉,၁၀၃ |

***မူရင်းအထောက်အထား – ကမ္ဘာ့ခရစ်ယာန်ဒေတာဘေ့စ်***

ယခုအခါ အိန္ဒိယနိုင်ငံသည် ဗုဒ္ဓဘာသာဝင်အများဆုံးရှိသည့်နိုင်ငံများအနက် အဆင့်(၈)နေရာသို့ရောက်နေသော်လည်း ဗုဒ္ဓသာသနာသည် ထိုနိုင်ငံတွင် ဘီစီ(၆)ရာစုက စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ မေတ္တာတရားနှင့် သည်းခံခြင်းခန္တီတရားတို့ ယှဉ်တွဲတည်ရှိသည့် အခြေခံ ထိုဘာသာတရားကို ပျံ့နှံ့အောင်တွန်းအားပေးသည်။ အာရှတိုက်တစ်ခွင်တစ်ပြင်နှင့် အာရှတိုက်ကိုကျော်လွန်၍ အခြားနေရာများထိ ဖော ပျံ့နှံ့ခဲ့သည်။

မောင်သိန်းထ

www.burmeseclassic.com

www.burmeseclassic.com



# မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်



ကိုလုံဆရာတော်အား ဦးထိပ်ထားပြီး ဆရာတော်၏ အပည့်သာဝက ဆရာတော်များဖြစ်ကြသည့် –

- အရှင်သာသန(မနောမယအလိုတော်ပြည့်ဥယျာဉ်တောရ)
- အရှင်ပညာ(ကိုလုံကျောင်း)
- အရှင်အဂ္ဂဝံသ
- အရှင်နန္ဒသီရိ

သီလရှင်ဆရာလေးများဖြစ်ကြသော ..

- ဒေါ်သီလနန္ဒီ
- ဒေါ်စန္ဒာသီရိ
- ဒေါ်နန္ဒထေရီ
- ဒေါ်နန္ဒစန္ဒစာရီတို့ကို ၁၃၇၇ ခု၊ နတ်တော်လအတွင်းက ဗုဒ္ဓဂါယာခရီးစဉ်ကို ချီးမြှင့်ပေးသော ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီးဒေါ်နန်းသန်းထွေးမိသားစုအား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါသည်။

**ကျော်နီ**

www.burmeseclassic.com

www.burmeseclassic.com




# ညီနောင်တိုင်းရင်းသားများနှင့် တွေ့ဆုံပွဲ



ရန်ကုန် ဓနုတိုင်းရင်းသားမိသားစုအသင်းနှင့် ရှမ်းပြည်နယ်မှ ရန်ကုန်ရောက် ညီနောင်တိုင်းရင်းသားလူမှုရေးအသင်းများ နှစ်စဉ်တွေ့ဆုံမိတ်ဆက်ညှိ့ခံကြရာ လေးကြိမ်မြောက် ကျင်းပနိုင်ခဲ့ပါသည်။

ထိုသို့ ကျင်းပရာတွင် ရှမ်းပြည်နယ်မှ ရန်ကုန်မြို့သို့ အများဆုံးလာရောက်နေထိုင်ကြသော တိုင်းရင်းသားများအချင်းချင်း သွေးစည်းညီညွတ်မှု၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျက်အောင်ထိန်းသိမ်းခြင်း၊ ရိုးရာဓလေ့ဝတ်စားဆင်ယင်မှု၊ ရိုးရာအက အတီးအမှုတ် စသည်တို့ကို ထိန်းသိမ်းသွားကြရန် ရည်ရွယ်ပါသည်။ တက်ရောက်လာကြသော ညီနောင်အသင်းများမှ အမှုဆောင်များအားလုံးကလည်း အကြံပြုခြင်း၊ ဆွေးနွေးခြင်းများပြောကြားကြပြီး နှစ်စဉ်တန်ဆောင်မုန်းလဆန်း(၁၀)ရက်နေ့တိုင်း ကျင်းပပြီး ၁၃၇၇ ခုနှစ်၊ အမျိုးသားနေ့အထိ (၄)နှစ်ဆက်တိုက် ကျင်းပနိုင်ခဲ့ပါသည်။

ဦးကံညွန့် (တွဲဖက်အတွင်းရေးမှူး-၁)







www.burmeseclassic.com

www.burmeseclassic.com





# ဗီယက်နမ်နိုင်ငံအနုပညာပွဲတော်သို့ တက်ရောက်ခဲ့ကြသည့် ရှမ်းပြည်နယ်ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆို

ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် အနုပညာပွဲတော် (THE PERFORMING ARTS FESTIVAL OF THE 4 COUNTRIES VIETNAM) သို့ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်) ဌာနမှူး(စီမံ/ဘဏ္ဍာ)ဦးသန့်ဇင်ဦး၊ ရှေးဟောင်းသုတေသနဌာန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နန်းလောင်ငင်တို့ ဦးစီးပြီး ရှမ်းပြည်နယ်ယဉ်ကျေးမှုအဖွဲ့(မြန်မာ့ရိုးရာယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)သည် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသော အနုပညာပွဲတော်သို့ တက်ရောက်ဖျော်ဖြေခဲ့ကြပါသည်။

အနုပညာပွဲတော်မှာ (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်မှ ဩဂုတ်လ ၁၈ ရက်နေ့အထိ) ကျင်းပခဲ့သည်။ ထိုသို့ ကျင်းပရာတွင် နိုင်ငံလေးနိုင်ငံမှ လာရောက်၍ ကပြယှဉ်ပြိုင်ခဲ့ကြပါသည်။ ထိုလေးနိုင်ငံမှာ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် အိမ်ရှင်ဗီယက်နမ်နိုင်ငံတို့ ဖြစ်ကြပါသည်။

ထိုသို့ သွားရောက်ယှဉ်ပြိုင်ကြရာ ရှမ်းပြည်နယ် ယဉ်ကျေးမှုအဖွဲ့မှ တိုင်းရင်းသားများ အကတစ်ဖွဲ့လျှင် (၄)မိနစ်စီ ပါဝင်ယှဉ်ပြိုင်ကပြခဲ့ကြပါသည်။ ထိုသို့ကပြရာတွင် တိုးနယားအကတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ပြီး "ထာဝရမနုအလှ" သီချင်းကို ညီညီထွေးမှ [illegible] ၍ မနုအိုးစည်ဖြင့် တီးခတ်ရာတွင် အကူအဖြစ် [illegible] ဝင်းနှင့် မချိုချိုဝင်းတို့မှ တေးသရုပ်ဆောင်ကပြခဲ့ကြရာ ငွေတံဆိပ်ဆုကို ရရှိခဲ့ပါသည်။ ရှမ်းပြည်နယ် "ဝ" တိုင်းရင်းသားများလည်း ဆုတံဆိပ်ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအဖွဲ့တွင် ရှမ်းပြည်နယ်အစား အဖွဲ့တွင် ပါဝင်သူဦးရေ (၃၀)ယောက် သွားရောက်ဖျော်ဖြေခဲ့ပါသည်။ ၂၀၁၃ ခု၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြပါသည်။

ဩဂုတ်လ ၂၁ ရက်၊ နေ့လယ် ၁၂ နာရီတွင် တောင်ကြီးမြို့နယ်၊ မြို့မရပ်၊ ကြားတောရလမ်း ဓနုတိုင်းရင်းသား ဓမ္မာရုံတွင် ရှမ်းပြည်နယ်ယဉ်ကျေးမှုအဖွဲ့တွင် လိုက်ပါကပြခဲ့သော တောင်ကြီးမြို့မှ ဓနုတိုင်းရင်းသား၊ တိုင်းရင်းသူများဖြစ်ကြသော မကြူကြူဝင်း(အကခေါင်းဆောင်) မောင် ညီညီထွေး၊ မချိုချိုဝင်းတို့သုံးဦးအား ဓနုတိုင်းရင်းသား မိသားစုအသင်း(ရန်ကုန်)မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များက ဂုဏ်ပြုအလံများနှင့် ဆုများကို လက်ဆောင် ချီးမြှင့်ပေးအပ်ခဲ့ကြပါသည်။

ကံညွန့်ကိုင် ([illegible])

www.burmeseclassic.com

www.burmeseclassic.com



# မဟာပဋ္ဌာန်းပူဇော်ပွဲနှင့် အောင်ပန်းဓနုမိနီငယ်များ



ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်ခြေတော်ရင်းရှိ ဓနုတိုင်းရင်းသားဓမ္မာရုံတွင် ၂၀၁၀ ခု၊ ဒီဇင်ဘာလ(၂၆)ရက်၊ တနင်္ဂနွေနေ့ မြန်မာသက္ကရာဇ် ၁၃၇၂ ခု၊ နတ်တော်လပြည့်ကျော်(၅)ရက်၊ နံနက်(၆)နာရီမှစ၍ ၃၀-၁၂-၂၀၁၀ ကြာသပတေးနေ့အထိ (၅)ရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းတော်မြတ်ကို ရွတ်ဖတ်ပူဇော်ကြပါသည်။

မဟာပဋ္ဌာန်းတော်မြတ်ရွတ်ဖတ်ပူဇော်ကြရာတွင် ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့မှ ဓနုတိုင်းရင်းသူဒေါ်ရွှေကြည်ဦးစီး၍ အောင်ပန်းဓနုတိုင်းရင်းသူ(၁၆)ဦးပါဝင်သော သုဓမ္မသီဂီအမျိုးသမီးဝတ်အသင်းက ဓနုတိုင်းရင်းသားဓမ္မာရုံအပေါ်ဆုံးထပ်ရှိ ပင်းတယအလယ်ဂူမှ လှူဒါန်းပူဇော်ထားသော နီးဘုရားတော်မြတ်ကြီး၏ ရှေ့တော်မှောက်တွင် (၅)ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြပါသည်။

**တွဲဖက်အတွင်းရေးမှူး(၁)**

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

# ၇ ရက်သားသမီး ဗေဒင်ဟောစာတမ်း

ဆရာကျော်ထွန်းလူ•••

**ဧပြီလ ၁၆ ရက်မှ မေလ ၁၅ ရက်အတွင်းမွေးဖွားသူများ**

ဖေဖော်ဝါရီ၊ မတ်လများတွင် မမျှော်လင့်ဘဲ ငွေကြေးဥစ္စာပစ္စည်းများ ရရှိမည်။ အလိုဆန္ဒပြည့်ဝသောလပိုင်းများဖြစ်ပြီး သားသမီးမိတ်ဆွေအပေါင်းအသင်းများထံမှ ကူညီပံ့ပိုးမှုများစွာရရှိမည်။ ပျိုရွယ်သူများအဖို့ချစ်သူနှင့် အပျော်ရွှင်ရဆုံးအချိန်များဖြစ်သည်။ အလုပ်အကိုင်လျှောက်လွှာတင်ထားသူများ ဩဂုတ်လနောက်ပိုင်း အလုပ်အကိုင်ရရှိမည်။

ယတြာ။ ။ ရေချမ်းစင်တွင် သောက်ရေအိုးလှူဒါန်းပါ။

**မေလ ၁၆ ရက်မှ ဇွန်လ ၁၅ ရက်အတွင်းမွေးဖွားသူများ**

တစ်နှစ်တာကာလအတွင်း လုပ်ကိုင်ဆောင်ရွက်မရသော စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများ၊ သင်္ကြန်ရက်နောက်မှ စတင်အဆင်ပြေချောမွေ့လာပါမည်။ သားသမီးရတနာများထွန်းကားပြီး အကျိုးပေးမှုကြုံတွေ့မည်။ ဝါဆို၊ တော်သလင်း၊ တပေါင်းလများတွင် (၂)နှစ်အတွင်း စီးပွားရေးကောင်းစေရန် လမ်းစများ ပေါ်ပေါက်လာမည်။

ယတြာ။ ။ မီးဖိုချောင်လျှပ်စစ်မီးအရောင်ပြောင်းတပ်ဆင်ပါ။

**ဇွန်လ ၁၆ ရက်မှ ဇူလိုင်လ ၁၅ ရက်အတွင်းမွေးဖွားသူများ**

ယာဉ်၊ စက်၊ ကားရရှိပြီး ခြံ၊ မြေ၊ တိုက်တာအဆောက်အဦများရရှိခြင်း၊ ဆောက်လုပ်ရခြင်းများ။ မကြာမီလပိုင်းအတွင်း ဆောင်ရွက်ရတတ်သည်။ ကံထရိုက်လိုင်စင်ရသူများ လုပ်ငန်းသစ်တိုးချဲ့လုပ်ကိုင်ရတတ်သည်။ ကျန်းမာရေးအတွက် အဆစ်အမြစ်ကိုက်ခဲခြင်းနှင့် ခါးနာသောဝေဒနာခံစားရတတ်သည်။

ယတြာ။ ။ စွယ်တော်ရွက်သုပ်ဖြင့် ဆွမ်းလှူဒါန်းပါ။

**ဇူလိုင်လ ၁၆ ရက်မှ ဩဂုတ်လ ၁၅ ရက်အတွင်းမွေးဖွားသူများ**

၂၀၁၆(တစ်နှစ်)အတွင်း သက်တမ်းတွင် မိမိအလိုအပ်ဆုံးမျှော်လင့်ထားရှိသော ကိစ္စအဝဝတို့ကို အောင်မြင်စွာလုပ်ကိုင်ခွင့်ရရှိမည်။ ရည်မှန်းထားရှိသော စီးပွားရေး၊ လူမှုရေးလုပ်ငန်းများအောင်မြင်မည်။ ကွဲကွာနေသော မိတ်ဟောင်းဆွေဟောင်း သံယောဇဉ်ဟောင်းများနှင့် ပြန်လည်ဆုံတွေ့ခွင့်ရရှိပြီး စီးပွားရေး၊ လူမှုရေးကိစ္စများ ပူးပေါင်းဆောင်ရွက်ခွင့်ရရှိမည်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများ လုပ်ငန်းဟောင်းများ ပြန်လည်တိုးချဲ့လုပ်ကိုင်ရန် နည်းလမ်းကောင်းရှာဖွေတွေ့ရှိမည်။

ယတြာ။ ။ အမှတ်မထင်တွေ့ရှိသော နွားတစ်ကောင်ကို အစာကျွေးပါ။

**ဩဂုတ်လ ၁၆ ရက်မှ စက်တင်ဘာလ ၁၅ ရက်အတွင်းမွေးဖွားသူများ**

မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်သည့် ခြံမြေတိုက်တာအဆောက်အဦနှင့်ပတ်သက်၍ စိတ်ဆင်းရဲမှုကြုံတွေ့နိုင်သည်။ သက်တမ်းတွင် မကိုင်တွယ်ဘူးသော ငွေကြေးများ အများအပြားဝင်ခြင်းထွက်ခြင်း တွေ့ကြုံမည်။ လိမ္မာပါးနပ်သောနည်းဖြင့် လုပ်ကိုင်တတ်ပါက မိမိအတွက်အကျိုးရှိမည်။ ငယ်ရွယ်သူများအဖို့ လွန်ခဲ့သောနှစ်က တွေ့ကြုံခဲ့သည့် နှလုံးသားရေးရာများ စိန်ခေါ်မှုကြုံတွေ့မည်။

ယတြာ။ ။ ယာယီကြွရောက်တော်မူလာကြသော သံဃာ(၂)ပါးအား ဆွမ်း၊ ဝတ္ထုတတ်စွမ်းသမျှဒါနပြုပါ။

www.burmeseclassic.com

www.burmeseclassic.com



**စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၅ ရက်အတွင်းမွေးဖွားသူများ**

လူအများ၏ ကြည်ညိုလေးစားမှုခံရခြင်း၊ ကျန်းမာရေးညံ့သူဖြစ်က ကျန်းမာရေးအထူးကောင်းခြင်း၊ အလုပ်လက်မဲ့ အလုပ်အကိုင်ရခြင်း၊ ကွဲကွာနေသော ဇနီး/ခင်ပွန်း မိမိထံပြန်လည်ရောက်ရှိတွေ့ဆုံရခြင်း ကြုံတွေ့မည်။ ကုမ္ပဏီလုပ်ငန်းပိုင်ရှင်ဖြစ်ပါက နိုင်ငံ(၂)နိုင်ငံနှင့် စီးပွားရေးလုပ်ငန်း(၂)မျိုး တိုးချဲ့လုပ်ကိုင်ခွင့်ရရှိမည်။ ခြံမြေတိုက်တာ အခန်းများ လွယ်လင့်တကူ ရရှိမည်။ ရင်ညွန့်အောင့်သောဝေဒနာ မကြာခဏကြုံတွေ့နိုင်သည်။

**အောက်တိုဘာလ ၁၆ ရက်မှ နိုဝင်ဘာ ၁၅ ရက်အတွင်းမွေးဖွားသူများ**

လက်လွန်ငွေကြေးများ အရှုံးပေါ်တတ်သည်။ မိမိပိုင်ဆိုင်မှုဥစ္စာများ အကြောင်းအမျိုးမျိုးကြောင့် ကုန်ဆုံးတတ်သည်။ လွဲမှားနေသည့် မိမိအတွေးအခေါ်အယူအဆသစ်များ နှစ်ကုန်ပိုင်းမှစတင်မှန်ကန်လာပြီး မကြုံဖူးခဲ့သော စီးပွားရေး၊ ငွေကြေးကိစ္စများ ထူးခြားစွာအောင်မြင်လာမည်။ အလုပ်အကိုင်ငွေကြေးကိစ္စများ မိမိထံရောက်ရှိလာမည်။ အရောင်းအဝယ်လုပ်ငန်းများ အကျိုးပေးပါမည်။

ယတြာ။ ။ ကျန်းမာရေးညံ့နေသူများကို ဓာတ်စာဒါနပြုပါ။

**နိုဝင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အတွင်းမွေးဖွားသူများ**

လူမှုရေးအပြောင်းအလဲများ များစွာတွေ့ကြုံရမည့်အချိန်ကာလများဖြစ်ပါသည်။ ဖြစ်ချင်တာကတစ်မျိုး၊ ဖြစ်လာတာတစ်မျိုး ကြုံတွေ့နေရသောကာလဖြစ်သည်။ ကျန်းမာရေးနှင့်သက်ဆိုင်သောပြဿနာများ မကြာခဏတွေ့ကြုံနေရပေဦးမည်။ မိမိထက် ငယ်သောဆွေမျိုးရင်းချာတို့၏ အတွင်းရေးကိစ္စများကို ကူညီဖြေရှင်းပေးနေရဦးမည်။ မမျှော်လင့်သောနေရာမှ မမျှော်လင့်သော ငွေကြေးဥစ္စာအမှန်တကယ်ရရှိပြီး အိမ်ထောင်မရှိသူများဖို့ အိမ်ထောင်ကျတတ်ပါသည်။

ယတြာ။ ။ ဒန့်သလွန်သီးဟင်းချက်၍ မွေးနေ့ရောက်တိုင်း ဒါနပြုပါ။

**ဒီဇင်ဘာ ၁၆ မှ ဇန်နဝါရီ ၁၅ ရက်အတွင်းမွေးဖွားသူများ**

အလုပ်အကိုင်ကောင်း တွေ့ရှိမည်။ နိုင်ငံတော်နှင့်ဆက်နွယ်လုပ်ငန်းများပြုလုပ်ထားရှိက လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိမည်။ ဝန်ထမ်းဖြစ်ပါက ရာထူးတက်ခြင်း၊ သင်တန်းတက်ရောက်ရခြင်း ကြုံတွေ့မည်။ ပြင်ပပုဂ္ဂိုလ်များ၊ နိုင်ငံတကာနှင့် လုပ်ကိုင်ဆောင်ရွက်မည့် အလုပ်အကိုင်ကောင်းရရှိမည့်အပြင် တိုးချဲ့စီးပွားရေးလုပ်ငန်းကောင်း ရရှိနိုင်သည်။

ယတြာ။ ။ နေအိမ်ဧည့်ခန်းတွင် ချိန်ခွင်ပုံပန်းချီကားချပ် ချိတ်ဆွဲထားပါ။

**ဇန်နဝါရီ ၁၆ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အတွင်းမွေးဖွားသူများ**

ထူးခြားသောပုဂ္ဂိုလ်များနှင့် တွေ့ဆုံခွင့်ရမည်။ (သို့မဟုတ်) အရိယာသံဃာနှစ်ပါး မိမိထံကြွရောက်လာမည်။ ထိုပုဂ္ဂိုလ်များကို တတ်စွမ်းသမျှလှူဒါန်းပြီး မိမိအလိုရှိရာ စိတ်၌ကြိတ်၍ဆုတောင်းပါ။ ဆန္ဒပြည့်ဝပါမည်။ စီးပွားရေးအလုပ်အကိုင်အပြောင်းအလဲနှစ်ဖြစ်သည်။ ပြောင်းလဲလိုက်သော စီးပွားရေးလုပ်ငန်းမှ အောင်မြင်မှုအမျိုးမျိုးရရှိမည်။

ယတြာ။ ။ သက်ရွယ်ကြီးသော ပုဂ္ဂိုလ်(၉)ဦးကို ထမင်းကျွေးပါ။

**ဖေဖော်ဝါရီ ၁၆ ရက်မှ မတ်လ ၁၅ ရက်အတွင်းမွေးဖွားသူများ**

ကျန်းမာရေးညံ့တတ်ပါသည်။ ကုမ္ပဏီလုပ်ငန်းလုပ်ကိုင်သူများ ရာနှုန်းပြည့်အောင်မြင်မည်။ ငွေကြေးအစုရှယ်ယာလုပ်ကိုင်သူဖြစ်က အမြတ်အစွန်းရရှိမည်။ ပျိုရွယ်သူဖြစ်ပါက မလွဲမသွေအိမ်ထောင်ကျမည်။ တစ်နှစ်အတွင်း အောင်မြင်ကျော်ကြားမှု အမျိုးမျိုးရရှိမည်။ မိမိပတ်ဝန်းကျင်၏ ဒုက္ခပေးမှု မကြာခဏကြုံတွေ့မည်။

ယတြာ။ ။ နှင်းဆီပန်း(အနီရောင်)မကြာခဏ လှူဒါန်းပေးပါ။

**မတ်လ ၁၆ ရက်မှ ဧပြီလ ၁၅ ရက်အတွင်းမွေးဖွားသူများ**

မိသားစုစီးပွားရေးအပြောင်းအလဲကာလဖြစ်သည်။ သားသမီးမိတ်ဆွေအပေါင်းအသင်းများမှ ပံ့ပိုးကူညီမှုရရှိမည်။ နိုင်ငံတကာနှင့်ဆောင်ရွက်ထားရှိသော စီးပွားရေးလုပ်ငန်းဖြစ်က ဝင်ငွေကောင်းရရှိမည်။ လှပသောပစ္စည်းနှင့် တန်ဖိုးကြီးပစ္စည်းများ မကြာခဏဝင်ရောက်နေသည်။ လူမှုကွန်ရက်တွင် အောင်မြင်မှုအမျိုးမျိုး များစွာကြုံတွေ့မည်။ ဂုဏ်ရှိဆန်သောခရီးများသို့ မကြာခဏသွားရောက်ပြီး ယင်းခရီး၏ ပံ့ပိုးမှုကြောင့် စီးပွား/လူမှုရေးများ ရာနှုန်းပြည့်အောင်မြင်မည်။

ယတြာ။ ။ ရွှေငါးနှစ်ကောင်ပုံကို သော့တွဲတွင် ချိတ်ဆောင်ပါ။

ဆရာထွန်းကျော်ရှု

www.burmeseclassic.com

www.burmeseclassic.com





ရာဇဗြိုလ်ဆရာတော်
ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထု





ရွှေတိဂုံ
ရွှေပြား
ရွှေသင်္ကန်းကပ်



သိဒ္ဓိလင်္ကာ
ပညာသင်သွား
ဦးပါမောက္ခအား
လှူဒါန်းထား





www.burmeseclassic.com

www.burmeseclassic.com









ရှမ်းပြည်နယ်နေ့ မီးကြာစံ







www.burmeseclassic.com

www.burmeseclassic.com






BURMESE CLASSIC
"ဗုဒ္ဓဟူးအနန်း" ရုပ်ရှင်နှင့် မနေလူငယ်



မီးဆုံ



မနေကိုယ်ပိုင်အုပ်ချုပ်ရေးဌေး

www.burmeseclassic.com

www.burmeseclassic.com







ပြည်ထောင်စုဝန်ကြီး ဦးဇော်အေးမောင်နှင့် ဓနုပြခန်း



အင်တာဗျူး



ဓနုပြခန်း



ပြခန်းဖွင့်စဉ်


www.burmeseclassic.com

www.burmeseclassic.com



ညီနောင်သားချင်း
မိတ်ဆွေရင်း





BURMESE CLASSIC

ဓမ္မာရုံဖွင့်ပွဲ

ဓနုအက သိုင်းအလှ





မီးကြာစံဝင် မတိုင်ခင်

www.burmeseclassic.com

www.burmeseclassic.com







ရှမ်းပြည်နယ်နေ့
အမျိုးသားကဇာတ်ရုံ

ရှမ်းပြည်နယ်နေ့ပွဲ







ရှမ်းပြည်နယ်နေ့ မီးကြာခံ



ရှမ်းပြည်နယ်နေ့
ပျော်တယ်ဟေ့••





ရှမ်းပြည်နယ်နေ့ ကကြဟေ့•••

အမျိုးသားကဇာတ်ရုံပေါ်မှ ဝနမ

www.burmeseclassic.com

www.burmeseclassic.com



အမွှေးနံ့သာ ပက်ဖြန်း



ဓမ္မာရုံ ပထမမြေညီထပ်



ဓမ္မာရုံ ရတနာအုတ်များ





ဓမ္မာရုံဆောက်လုပ်ပြီး



ဓမ္မာရုံ တတိယထပ်



ဓမ္မာရုံအတွင်းခန်း



ပြီးလုဆဲဓမ္မာရုံ

www.burmeseclassic.com

www.burmeseclassic.com





မူလအစ ကျောင်းသားဟောင်းများ



ကျောင်းသားဟောင်းများ၏
ဓနုအိုးစည်



မူလအစ နာယက
ဦးဘာသန်းဟက်
(ဒုပါမောက္ခချုပ်)
ဝိဇ္ဇာသိပ္ပံတက္ကသိုလ်

၈၂ ခုနှစ်အစပိုင်း အမှုဆောင်များ





ကျောင်းသားဟောင်းများ
ဓားသိုင်းလက်ရွေး



အသင်းမှတ်ပုံတင်မရမီက
ကျောင်းသားအတွင်းရေးမှူးချုပ်နှင့်အမှုဆောင်

www.burmeseclassic.com